
# တင့်တယ်

# ကမ္မံဖလ

ပဉ္စမအကြိမ်



## တင့်တယ် ၏ ကမ္ဘဖလ အပိုင်း (၁)

### ကမ္ဘဖလ နှင့် နှစ်လေးဆယ်ခရီး

" အင်း ... နှစ်ပေါင်း လေးဆယ်တောင်မှရှိသွားပြီးကိုး ... "

ကျွန်တော် က ဤကဲ့သို့ တွေးလိုက်မိသည်။ အမှတ်မထင်နေခဲ့သဖြင့် သည်အချက်ကို ကျွန်တော် ယောင်၍မျှပင် မတွေးခဲ့မိဘူးလေ၊ မှန်ပါ၏။ ကျွန်တော်၏ စာရေးသက် အချိန်တာသည် နှစ်ပေါင်းလေးဆယ်တင်းတင်း ပြည့်ရုံမျှသာမက စွန်းထွက်၍ပင် လာနေပြီဖြစ်သည်။

မိမိ၏ ကလောင်သက်တမ်းကို မိမိဤကဲ့သို့ ပြန်လည်မျှော်မှန်းကာ ကြည့်လိုက်မိသည်မှာကား အခြား ကြောင့် မဟုတ်၊ ထုတ်ဝေသူများက ကျွန်တော်ရေးခဲ့ဖူးသော "ကမ္ဘဖလ"ဝတ္ထုကို ပြန်လည်ရိုက်နှိပ်ထုတ်ဝေရန် ဆွေးနွေးခဲ့စဉ်က "ဆရာ စာစ ပြီးတော့ရေးတာ ဘယ်နှစ်ကလဲ"ဟုမေးကြသည်။ ကျွန်တော်က "အေးဗျ ... ကျွန်တော် စာစပြီးတော့ ရေးတာဟာ တစ်ဆယ့်နှစ်နှစ်သားလောက်ကတည်းကပါပဲ၊ အဲဒီတုန်းက ကျွန်တော်ဟာ အပြင်စာကို ဖတ်တဲ့ဝါသနာစပြီး စွဲနေပြီလေ... "ကြည်တော်မူ" မဂ္ဂဇင်းခေတ်ရဲ့နောက်ပိုင်း... "ဒဂုန်" မဂ္ဂဇင်းနဲ့ "ကဂိမျက်မှန်" မဂ္ဂဇင်း အပြိုင်အဆိုင်ကျဲနေကြတဲ့ ခေတ်တုန်းကပေါ့ အဲ... လေးငါးနှစ်လောက် အပြင်စာကို စွဲလာခဲ့တော့ ထုံးစံအတိုင်းပေါ့ဗျာ... တော်လွန်းအားကြီး၍ ကိုယ်တိုင်ရေးချင်တဲ့ စိတ်က ပေါ်ပေါက်လာစမြဲပေပဲ... ဟု ဖြေလိုက်မိသည်။

အမှန်အတိုင်း ခန့်မှန်းချက်ထုတ်ရပါလျှင် ကျွန်တော် စာတိုစာစကလေးများကို ရေးသားနေခဲ့သည်မှာကား ခုနစ်တန်းကျောင်းသားကလေး အရွယ်ကပင်ဖြစ်သည်။ သို့သော်ဘယ်စာပေတိုက်ကိုမှ ပို့ဖြစ်သည် ပို့ရစကောင်းမှန်းလည်းမသိ၊ ဆယ်ကျော်သက်အရွယ်၏ စိတ်ကစားခြင်းသက်သက်မျှသာဖြစ်ခဲ့၏။ စာရေးဆရာတစ်ယောက် ဖြစ်၍လာရန် စိတ်ကူးမျှမထည့်ခဲ့၊ စာရေးဆရာတစ်ယောက် ဖြစ်လာရန် ရည်ရွယ်ချက်လည်းမရှိ၊ ကြိုးလည်း မကြိုးစားခဲ့။

သို့သော် တစ်ခုတော့ရှိသည်။ ကျောင်းစာမှအပဖြစ်သော အပြင်စာတွေကို ကျွန်တော်သည် မြန်မာစာကို ကောင်းကောင်း ဖတ်တတ်သော အရွယ်လောက်ကစတင်၍ ကျွန်တော်ဖတ်သည်။ တဖြည်းဖြည်း စာဖတ်ကျင့်ရလာသည်။ နောက်ဆုံးတွင် ကောက်ရိုးမပေါက် မြက်မပေါက်ဟု ဆိုရမလောက်ပင် ပြုပ်သီး ကြက်သွန်ထုပ်သော စက္ကူပေါ်က စာများအထိ ဖတ်လာသည်။ ကျွန်တော် စာစွဲလာပြီဆိုပါစို့။ ဤအစိတ်အပိုင်းတွင် ကျွန်တော်သည် စာဖတ်ဝါသနာပါသူ ဒေါ်ကြီးတစ်ယောက်၏အိမ်တွင် ယာယီအားဖြင့်နေထိုင်ရန်အကြောင်းဖြစ်လာသည်။ ဒေါ်ကြီးသည် သင်္ဂြိုဟ်ကိုးပိုင်းကျွတ်သူဖြစ်သည်။ စာအလွန်ဖတ်သည်။ သူ့အိမ်တွင် စာနယ်ဇင်းတွေ တစ်ပြုံတစ်ခေါင်းကြီးရှိသည်။ ကျောင်းသားရွယ်ကျွန်တော်နှင့် အပြင်စာတို့ ထိတွေ့လာသည်။ နောက်ဆုံးကျ

တော့ ကျွန်တော်သည် ကျောင်းစာကြမ်းပိုးသာမက အပြင်စာကြမ်းပိုးပါဖြစ်လာသည်။ စာဆိုသည်မှာ တစာစာ နေရသည်ဟူ၍ အဆိုရှိသည်။ ကျောင်းစာနှင့် ပတ်သက်သော အဆိုဖြစ်သည်။ ကျွန်တော်၏အဖို့တွင်မူကား ဆိုခဲ့သည့်အတိုင်း ခုနစ်တန်းအရွယ် ကျောင်းသားကလေး ဘဝလောက်ဆီကပင်လျှင် ကျောင်းစာကို တစာစာ နေခဲ့သည်သာမက အပြင်စာကိုပါ တစာစာစတင်၍ နေလာခဲ့သည်။

ဖြစ်မြဲထုံးစံအတိုင်းပင် ကျွန်တော်အပြင်စာတွေကို အဖတ်များလာသောအခါ "စာဖတ်ဂါသနာထုံသည်" ဆိုသော အဆင့်သို့ ကူးပြောင်းမှန်းမသိ ကူးပြောင်းလာသည်။ အပြင်စာတွေကို ဖတ်သည်ထက် ဖတ်၍လာသောအခါ မိမိဖတ်သော အပြင်စာများတွေကို လက်တည့်စမ်းကာ ရေးကြည့်ချင်သော စိတ်ကလေးက အညွန့်တိုး၍ လာခဲ့လေသည်။

ထိုစိတ်ကလေးသည် ဘယ်အချိန်က ကျွန်တော့်တွင် တိတ်တိတ်ကလေးချောင်ခိုကာ ဂင်ရောက် ပုန်းအောင်း နေခဲ့သည်မသိပေ။ စာရေးရာ၌ သန္ဓေတည်ချိန်သည် အခြားသော သန္ဓေတည်ချိန်များ၏ နည်းတူပင်လျှင် နေ့ရက်နာရီအတိအကျ ပိုင်းခြားသတ်မှတ်ရန် အလွန်ခဲယဉ်းပါ၏။ တိုတိုကလေးပြောရလျှင် စာဖတ်လျှင် စွဲသောအခါနှင့် မရေးမနေနိုင်ဆိုပါက အမှန်နှင့်တော်တော်ကလေး နီးစပ်သည်ဟု ဆိုနိုင်မည်ထင်ပါ၏။

ကျွန်တော်သည် ကျောင်းသားကလေးဘဝက ကျောင်းသားကြီးဖြစ်လာသည်။ အလားတူစွာပင် တွေ့သမျှ စာတိုစာစ တွေကို ဖတ်နေရာက စာမှန်သမျှ ဖတ်စရာချည့်သာဖြစ်သည်ဟူသော အဆင့်ကို ရောက်လာသည်။ ဖတ်လွန်းအားကြီးတော့ ကိုယ်တိုင်ရေးကြည့်ချင်လာသည်။ ဤတွင် ကျွန်တော်သည် တောက်တိုမယ်ရစာ ကလေးတွေကို ရေးစပြုလာသည်။ ထိုအချိန်အခါက ကျောင်းသင်မြန်မာစာတွင် ကဗျာကိုပါသင်ရသဖြင့် မတောက်တစ်ခေါက် ကဗျာကလေးတွေကိုလည်း ဆင်ကန်းတောတိုး ရေးစပ်လာသည်။

ပြန်၍ တွေးမိသောအခါ၌ ရယ်ချင်သော စိတ်ကလေးပေါ်လာပြန်သည်။ မှတ်မိ၍နေပါသေးသည်။ ၁၉၃၀ ပြည့်နှစ်ဆီလောက် ဖြစ်မည်ထင်သည်။ အတိအကျတော့ မမှတ်မိ။ ကျွန်တော် အထက်တန်းကျောင်းသားဖြစ်၍ နေချိန်ဖြစ်သည်။ ကျောင်းစာသင်ခန်းများ၌ ပထမအစမ်း စာမေးပွဲ စစ်နေသည်။ ကျွန်တော်က စာဖြေကျောင်း သားဖြစ်သည်။ မြန်မာစာမေးခွန်းတွင် ဆရာက ကဗျာအခံတစ်ပိုဒ်ကို ကျောက်သင်ပုန်းကြီးပေါ်၌ ရေးပေးသည်။ အောက်ပါအတိုင်းဖြစ်၏။ ကွာတာလီ ဉာဏ်အဆီမည်မျှသို့ သည်ကမျှော်ပေ့ါ။

ကွာတာလီတက်(စ်)ခေါ် သုံးလတစ်ပတ် စာမေးပွဲတွင် တပည့်များ၌ ကဗျာ၏အဆီ ဉာဏ်ရည်မည်မျှရှိ သည်ကို ဆရာက စောင့်မျှော်နေပါပြီဟူသော အချက်ကို မြန်မာစာဆရာက ကဗျာအခံပိုဒ်မေးခွန်းကို ရေးသားကာ သင်ပုန်း၌တင်၍ပေးခြင်းဖြစ်၏။ ကျွန်တော်တို့တပည့်များက အအုပ်ပိုဒ်အဖြေကို ဖြည့်၍ ရေးရမည် ဖြစ်သည်။ ကျွန်တော်က စာတိုစာစ ပေါက်ကရများကို ဖတ်ထားသူဖြစ်သည်။ ကဗျာကိုလည်း သိပ်သိဟန်ကားမဟုတ်၊ တစ်ခုတော့သိသည်။ ကဗျာရေးလျှင် ကာရန်ပါရမည်ဆိုတာကိုတော့သိသည်။ ထို့ကြောင့် ဆရာ၏ အခံပိုဒ် က(ပေ့ါ)ဆိုသော စကားလုံးကို (အော့)ကာရန်နှင့် အအုပ်ပိုဒ်က အဆုံးသတ်ရမည်ဆိုတာကိုတော့သိသည်။

သို့နှင့် ကျွန်တော်က အအုပ်ပိုဒ်ကို အောက်ပါအတိုင်း ရေးလိုက်လေသည်။ စာမေးတဲ့ပွဲ - ဘာရေးမတဲ့လဲ - ရပ်စဲပါတော့ ...

အမှန်အတိုင်းပင်ဖြစ်ပါသည်။ ကျွန်တော် ကဗျာတွေ ဖတ်သော်လည်း ကဗျာကို (ကာရန်ပါသည်)ဆိုသော အချက်ကလွဲ၍ များများစားစားသိသူမဟုတ်၊ ထို့ကြောင့် ဆရာ၏ အခံပိုဒ်က (ပေ့ါ)ကို (တော့)နှင့် အအုပ် ပိုဒ်က အဆုံးသတ်ရမည်ကိုတော့ နားလည်ထားသည်။ ကျွန်တော်၏ အဖြေလွှာကို ကြည့်ကာ ဆရာက တဟဲးဟဲး ရယ်လေတော့သည်။ ပြီးမှ ဆရာက "မင်းကဗျာ မရေးတတ်တာနဲ့တော့ စာမေးပွဲကို ရပ်မထားပါစေနဲ့ကွာ" ဟု မှတ်ချက်ချလေသည်။ ပြီးမှ တပည့်များရေး၍ အဖြေပေးသင့်သော အအုပ်ပိုဒ်ကို သင်ပုန်းကြီးတွင် တင်ပေး၏။ မေး ... ကွာတာလီဥာဏ်အဆီမည်မျှသို့ သည်ကမျှော်ပေ့ါ။ ဖြေ ။ ။ ပဒုမံ ဥဒကံတိမ်အနက်ကို ချိန်စက် ပါတော့။ ကျွန်တော်သည် ကဗျာကို ကြောက်၍သွားလေသည်။ ဆရာ၏အမေးကို တပည့်ပြန်၍ဖြေ လေဟန် အခံပိုဒ်ကို ဆရာရေးပြသည်မှာကား ကြောက်စရာကောင်းလောက်အောင်ပင် တိကျပြည့်ဝလှပါပေသည်။

ကဗျာ ကို ကြောက်သွားကာ ကျွန်တော်သည် စကားပြေဘက်ကို ဦးလှည့်လာသည်။ ကျောင်းစာ မဟုတ်သော အပြင်စာတွေကို လက်တည့်စမ်းသည်။ စမ်းသည်ထက်စမ်း၍လာသည်။ ရေးမိသမျှ ရေးဖြစ်သမျှ တို့ကိုမူ မည်သူ့ကိုမျှမပြဘဲ ဖိုင်တွဲတစ်ခုနှင့် စုစည်းသိမ်းဆည်း၍ထား၏။ ကိုယ့်လက်ရာကို ကိုယ် တစ်ယောက်တည်း သာလျှင် ကျေနပ်နှစ်သက်၍ နေသောအဆင့်ဖြစ်ခဲ့လေသည်။

သို့နှင့် တက္ကသိုလ်သို့ရောက်လာ၏။ ရောက်သောခေတ်မှာကား နှစ်ပဲတန်ဝတ္ထုများ ခေတ်စားနေသော "ရွှင် ရွှင်ပျော်ပျော်" ခေတ်ဖြစ်ရာ ဝတ္ထုရေးချင်သောဉာဉ် က ပြန်လည်ထကြွကာ ရှပိုးထိုး၍လာပြန်လေသည်။ ထို့ ကြောင့် ဝတ္ထုတစ်ပုဒ်ရေး၍ ပို့ကြည့်၏။ ပထမဦးမစွံချေ။ အယ်ဒီတာအဖွဲ့က ပယ်ချခြင်းကို သုံးလေးကြိမ်ခံရ ပြီးမှ ဝတ္ထုတိုတစ်ပုဒ် အရွေးခံရ၏။ ပုံနှိပ်စာလုံးနှင့် ပြန်၍ဖတ်ရ၏။ ထို့နောက်တွင်မူကား ဝတ္ထုနှင့်အဆက် ပြတ်၍ သွားရပြန်လေသည်။ အကြောင်းမှာမူ ဝတ္ထုမှာ မသေမချင်း ရေးချင်သောအခါတွင် ကောက်၍ရနိုင်သည်ဖြစ် လျက် တက္ကသိုလ်ဘွဲ့မှာကား အချိန်ရှိခိုက်လုံ့လစိုက်မှ ကိုယ်ပိုင်ကိုယ်ဆိုင်ရရှိမည်ဖြစ်သည်ကို စဉ်းစားမိသော ကြောင့် ဖြစ်လေသည်။

တက္ကသိုလ်ဘွဲ့ရပြီးနောက် ကျောင်းဆရာဘဝသို့ရောက်၏။ ယင်းမှတစ်ဆင့် တက္ကသိုလ်တွင် ဉပဒေတန်း ဆက်၍တက်၏။ ဤကာလတစ်လျှောက်လုံးတွင် စာတိုစာစကလေးများကို အခါအခွင့်ကြုံတိုင်း ရေးသား၏။ သိမ်းဆည်းထား၏။ သို့သိမ်းဆည်းထားသော ဝတ္ထုတိုကလေးတစ်ပုဒ်ကို တက္ကသိုလ် ကျောင်းတိုက် မဂ္ဂဇင်း စာတည်းက ဖတ်မိကာယူ၍ တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း၌ သုံးလိုက်၏။ ယင်းဝတ္ထုတိုကလေး၏ အမည်မှာကား "သံသယ သံသရာ"ဖြစ်လေသည်။

စစ်ပြီးခေတ်၌ လခစားဝင်၍လုပ်၏။ လွတ်လပ်ရေးရအံ့ဆဲဆဲ အချိန်ကာလဖြစ်၏။ လုပ်ရသောအလုပ်မှာ ပြန်ကြားရေး ဌာနတွင် ဖြစ်သည်။ ထိုစဉ်က ပြန်ကြားရေးဌာန၏ ဦးစီးဦးကိုင်များက အများကြိုက် စာစောင် ကလေးတစ်ခုကို ထုတ်ဝေရန် စီစဉ်သည်။ သို့စီစဉ်ရာ၌ တာဝန်ထမ်းရလေရာ သီတာအေး ပုံနှိပ်စက်နှင့်

ဆက်သွယ်မိ၏။ သီတာအေးပုံနှိပ်တိုက်ပိုင်ရှင်သည် လစဉ် မဂ္ဂဇင်းတစ်အုပ်ကို ထုတ်ဝေရန် ကြံရွယ်နေခိုက် ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် စာရေးသူ၏ "သံသယသံသရာ"ကို ဖတ်ဖူးထားသောသူဖြစ်၏။ ထို့ကြောင့် စကားစပ်မိကြကာ လစဉ်မဂ္ဂဇင်း ထုတ်ဝေရေးတွင် ပါဝင်စိုင်းပြင်းပေးရလေသည်။ မဂ္ဂဇင်းထွက်လာသောအခါ တော်တော်ကလေး အပြင်စာ ရေးဖြစ်လာလေသည်။ ကလောင်အမည်ကိုလည်း စာဖတ်ပရိသတ်က လက်ခံစပြု၍လာသည်။

၁၉၄၈ ခုနှစ်၊ မြန်မာ့လွတ်လပ်ရေးရ၏။ မကြာမီပင် ကံပို့သဖြင့် နိုင်ငံခြားသို့ ရောက်သွားရလေသည်။ နိုင်ငံခြား တိုင်းတစ်ပါးသို့ ရောက်သွားရသောအခါ မိမိဌာနီ မြန်မာပြည်ကို ပြန်လည်တသအောက်မေ့သော စိတ်က မပြေမလည်နိုင်ဖြစ်ရ၏။ အထူးသဖြင့် ဗုဒ္ဓဘာသာပတ်ဝန်းကျင်ကင်းမဲ့သော ခရစ်ယာန်နိုင်ငံဖြစ်သ ဖြင့် ဗုဒ္ဓဘာသာ၏ အရိပ်ဆာယာကို တောင့်တမွတ်သိပ်လာရ၏။ ယင်းမှတစ်ဆင့် ဗုဒ္ဓဘာသာအခြေခံသော စာတစ်ပုဒ်ကို ရေးသားရန် ဆန္ဒဖြစ်ပေါ်လာရပေသည်။

ဆန္ဒရှိသည့် အတိုင်းပင် ဝတ္ထုလုံးချင်းတစ်ပုဒ်ကို ရေးသား၏။ ပြီးလျှင် မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ သီတာအေးပုံနှိပ်တိုက်သို့ ပို့လိုက်လေသည်။ ထိုစဉ်အခါက သီတာအေးပုံနှိပ်တိုက်သည် လုံးချင်းစာအုပ်များသာမက လစဉ်ထုတ်မဂ္ဂဇင်းပါ ထုတ်ဝေ၍ အင်အားအရှိန် အလွန်ကောင်းနေပြီဖြစ်လေသည်။

ဤနေရာတွင် ခပ်ဆန်းဆန်းကလေးတစ်ခု ကြုံရ၏။ နိုင်ငံခြားမှနေ၍ မြန်မာနိုင်ငံသို့ လုံးချင်းဝတ္ထုစာမူကို ပေးပို့စဉ် အခါက လန်ဒန်ကမ်းနားလမ်းစာတိုက်မှဖြစ်၏။ စာမူအထုပ်ကို မျက်နှာဖြူ စာတိုက်စာရေးမက အလေးချိန်၍ကြည့်ရာ မြန်မာအချိန် နှစ်ဆယ်သားအစိတ်သားလောက် ရှိနေ၏။ ထိုအခါ စာတိုက်စာရေးမ က လေကြောင်းစာအဖြစ်ဖြင့်ပို့လျှင် စရိတ်ပိုကုန်မည်။ ပါဆယ်ထုပ်အဖြစ်ဖြင့်ပို့လျှင် စရိတ်သက်သာမည် ဟု အကြံပေး၏။ ထို့ကြောင့် လေကြောင်းပါဆယ်ထုပ်အဖြစ်ဖြင့် ပို့ရလေသည်။

ဤတွင် ခပ်ဆန်းဆန်း ဖြစ်လာပြန်၏။ ဝတ္ထုစာမူ အထုပ်ကို "ပါဆယ်"ထုပ်အဖြစ် ပို့သောအခါ ပါဆယ်ထုပ်တွင်ပါသော ပစ္စည်း၏ တန်ဖိုးကို ဖော်ပြရ၏။ ထိုတန်ဖိုးအတိုင်း အာမခံလုပ်ရ၏။ သို့နှင့်စာမူအထုပ်သည် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ရောက်သွားလေသည်။

မြန်မာနိုင်ငံကို ရောက်သွားသောအခါ ရန်ကုန်စာတိုက်ကြီးက ပစ္စည်းတန်ဖိုး ဖော်ပြထားသော စာမူထုပ်ကို တန်ဖိုးသတ်မှတ်ထားသော "ဝင်ကုန်"အဖြစ်ဖြင့်အကောက်ခွန်တောင်းလေတော့သည်။ ပေးဆောင်ရသော အကောက်ခွန်မှာကားမများလှ၊ သို့သော် ခပ်ဆန်းဆန်းကလေးကားဖြစ်နေ၏။ မြန်မာစာရေး ဆရာတစ်ယောက်က မြန်မာဘာသာဖြင့် ရေးသားသော မြန်မာဇာတ်လမ်းသက်သက်ဖြစ်သည့် မြန်မာဝတ္ထုစာမူသည် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာရာ၌ မြန်မာစာပို့တိုက်ဌာနက "ဝင်ကုန်" အဖြစ်ဖြင့်ဆီးကြို၍ အကောက်ခွန် တောင်းခံယူခြင်းပင်ဖြစ်၏။ ထိုအဖြစ်မျိုးကားသာမန်အားဖြင့်ဆိုပါက ကြုံတောင့် ကြုံခဲဖြစ်သည်ဟုဆိုချင်ပေသည်။ ယင်းသည့် ဝတ္ထုမှာကား ဤ "ကမ္ဘဖလ" ဝတ္ထုပင်ဖြစ်သည်။

သီတာအေးပုံနှိပ်တိုက်က "ကမ္ဘဖလ"ကို ပထမအကြိမ် ထုတ်ဝေပြီးနောက် စာပေဗိမာန်ဆုအတွက် စဉ်းစား ခြင်းခံခဲ့ရဖူး၏။ သို့သော် မရခဲ့ချေ။

စာရေးသူကိုယ်တိုင်က"ကမ္ဘဖလ"သည် ဗုဒ္ဓဘာသာကိုအခြေခံထား၍ရေးသားသောဝတ္ထုဖြစ်သဖြင့် စာပေဗိမာန် ဆုကို ရကောင်းရနိုင်စရာရှိသည်ဟူ၍ မျှော်လင့်ခဲ့မိရိုးမှန်ကြောင်း ဝန်ခံရမည်။ သို့သော် ဤနေရာ၌လည်း ခပ်ဆန်းဆန်းပင် ကြုံရပြန်၏။ စာပေဗိမာန်ဆုအတွက် "ကမ္ဘဖလ" ကို စဉ်းစားရာတွင် ဗုဒ္ဓဘာသာဝင်တို့ ၏ ကံ-ကံ၏ အကျိုးယုံကြည်မှုအကြောင်းကိုအခြေခံထား၍ ရေးသားထားခါမှပင် ဝတ္ထုဇာတ်လမ်းထဲ၌ "လူသတ် သောအကြောင်းတွေများလွန်းသည်"ဟူသောအကြောင်းပြချက်ဖြင့် ဗုဒ္ဓဘာသာကိုတကယ်တန်း ကြည်ညိုလေး စားလွန်းလှပါသည်ဆိုသောဗုဒ္ဓဘာသာဝင်ဘုရားဒါယကာကျောင်းဒါယကာအကြီးအကဲတစ်ဦး၏ ရွေဘောတော် အတိုင်းပယ်ချခြင်းကိုခံခဲ့ပေသည်။ ယင်းသည်လည်း ခပ်ဆန်းဆန်းကလေး အချက်ပင်ဖြစ်သည်။

"ကမ္ဘဖလ"ကို သီတာအေးပုံနှိပ်တိုက်က ထုတ်ဝေပြီးနောက် နှစ်အတန်ငယ်ကြာသောအခါ "နှလုံးလှ" စာပေ တိုက်မှဒုတိယအကြိမ်ထပ်မံရိုက်နှိပ်ထုတ်ဝေခဲ့ပြန်လေသည်။ ယခုအခါတတိယအကြိမ်အားဖြင့် "အောင်ကျော် ဦး" စာပေတိုက်က ပုံနှိပ်ထုတ်ဝေပြန်သည်။ မိမိကိုယ်ပိုင်စာမူကို မိမိကိုယ်ပိုင် စာအုပ်ထုတ်ဝေရေး လုပ်ငန်းမရှိပါ ဘဲလျက်နှင့်တတိယအကြိမ်အထိပြန်လည်ထုတ်ဝေရခြင်းသည်လည်း ခပ်ဆန်းဆန်းပင်ဖြစ်ပေသည်။ အထက် ပါတို့သည်ကား စာပေလောကအတွင်းသို့ စာရေးသူရောက်ရှိလာရပုံ အကျဉ်းချုပ်နှင့် "ကမ္ဘဖလ" ၏ဖြစ်စဉ် အကျဉ်းချုပ်တို့ပင်ဖြစ်၏။
"ကမ္ဘဖလ"နှင့် ပတ်သက်၍ စာရေးသူရရှိအပ်သော သင်ခန်းစာတစ်ရပ်မှာကား... ပင်ကိုယ်ရေး စာမူတစ်ပုဒ် သည် ထိုက်သည့်အားလျော်စွာ သင့်တင့်သော၊ အရည်အသွေးပြည့်ဝသော စာမူသာဖြစ်ပါက တစ်ကြိမ်နှင့် တိမ်မြုပ်သွားသည်ဟုမရှိဘဲ အခိုက်အတန့်အားလျော်စွာ မည်သည့်ခေတ်တွင်မဆို ပြန်လည်ပေါ်ထွက် လာနိုင် စွမ်းရှိသည်ဟူသော သင်ခန်းစာပင်ဖြစ်ပါသည်။

စာပေဝန်ထမ်းတစ်ဦးအနေဖြင့် ရပ်တည်လာခဲ့သည်မှာ နှစ်ပေါင်းလေးဆယ်ကျော်ရှိခဲ့ပြီဖြစ်ပါသည်။ ရေးသား ခဲ့သော စာများမှာလည်း မှတ်မိသည့် အရေအတွက်သာ မမှတ်မိသည်တို့က ပိုမို၍ အရေအတွက် များပြားနေ ပြီဖြစ်ပါသည်။
ဤမျှအထိ ရေးသားလာခဲ့ရသော စာအမျိုးအမည်ပေါင်းများစွာတို့ အနက်တွင် ကိုယ့်စာကိုပြန်၍ တင်းပြည့် ကျပ်ပြည့် ကျေနပ်အားရသော (ယခုအထိ) တစ်ခုတည်းသော စာမူမှာကား "ကမ္ဘဖလ" ဝတ္ထုပင်ဖြစ်ပါ၏။ ကိုယ့်ငါးချဉ် ကိုယ်ချဉ်သည်ဟု ဆိုစရာဖြစ်စေကာမူ စာရေးသူ၏ အဖို့မှာ "ကမ္ဘဖလ"သည် အားရစရာ အကောင်းဆုံးပင်ကိုယ်ရေး ဝတ္ထုဟု ယူဆပါသည်။ စာဖတ်သူသည်လည်း "ကမ္ဘဖလ"ကိုဖတ်ပြီးသောအခါ၌ ကျေနပ်အားရလိမ့်မည်ဟု မျှော်လင့်ပါသည်။

**ဖတ်ပြီးတဲ့ သူတွေတော့ များမယ်ထင်တယ်.. စာအုပ်ကောင်းတအုပ် ဖြစ်တာရယ် အင်တာနက် မှာ မရှိသေးတာရယ်ကြောင့် တင်ပေးလိုက်ပါတယ်။**

ရွှေစင်ဦး

## တင့်တယ် ၏ ကမ္မဖလ အပိုင်း (၂)

### ကြိုးတိုက်ထဲကမှတ်တမ်း

ဤဝတ္ထုကို ရှုမဝဂကိုကျော်အတွက် အထူးတလည် ရည်ညွှန်း၍ရေးသား၏။ အကြောင်းမူကား ကံ-ကံ၏ အကျိုး ကို ဟောသော ဗုဒ္ဓဘာသာ တရားတော်ကို ကိုကျော်သည် တကယ်ယုံကြည်လေးစားသူဖြစ်လျက် သူ့မဂ္ဂဇင်း ထဲ၌ မိမိ မောင်မောင်တွေ မျိုးစုံပါသော်လည်း မဂ္ဂဇင်း ပထမမျက်နှာ၌ (ရတနာတြိ-နမာမိ) ဟူသော စာလုံးကလေးများကိုထည့်ရမှ ကျေနပ်သူမို့ပင် ဖြစ်ပေသည်။ ကျွန်တော်ကား ကိုကျော်နှင့် တွဲ၍ ရှုမဝ ၌ စာရေးနေစဉ်က ကံကိုမယုံသူဖြစ်သည်။ ဘီလပ်သို့ လာကာနီးခါမှ ကံတရား၏ အကျိုးကို ယုံ ကြည်စရာ အဖြစ်အပျက် တစ်ခု ကို သိရ၍ ယုံခဲ့၏။ ဘီလပ်သို့ရောက်ခါမှ ဗုဒ္ဓဘာသာကို နစ်နစ်ကာကာ ယုံ ကြည်စိတ် ပေါ်ခဲ့ပေရာ လူ၏အဖြစ်ကား ဆန်းလှပေသည်။ ထားတော့ ...။

ဤဝတ္ထု ကို ရေးသားရန် ဇာတ်ကြောင်း ကို ဘီလပ်သို့ မထွက်ခဲ့ခင်ကလေး၌ ကျွန်တော်ရ၏။ သို့ရသည်မှာ ၄၈ ခုနှစ်၊ နိုဝင်ဘာလဆန်းကပင်ဖြစ်ပေသည်။ ကျွန်တော် တစ်နေ့၌ အလကားနေရင်း ပျင်းရိနေစဉ် ရာဇ ဝတ်ဘက် ရာထူးကြီးတစ်ခု၌ ထမ်းရွက်နေသော ဦးလေးတော်တစ်ယောက်က "ညစာလာပြီးစားလှည့်၊ ပြီး တော့ ... ဝတ္ထုရေးဖို့ ဇာတ်လမ်းတစ်ခုလည်း ပေးမယ်၊ ဒီကနေ့ညနေလာခဲ့ ... " ဟု စာတိုကလေးတစ် စောင် လူလွှတ်၍ ပို့၏။ ပျင်းပျင်းရိရိနှင့်ပင် ဦးလေးထံရောက်ခဲ့၏။ ထမင်းစားပြီးသောအခါတွင် အကြောင်းကို သိနေသော ဦးလေးက... လူတိုင်း - ကံကိုမယုံတဲ့ကောင် ... ဟောဒါကို ဖတ်စမ်း" ဟု စက္ကူထပ်ကြီး တစ်ထပ်ကို ထိုးပေး၏။ ကျွန်ုပ်ဖတ်၍ကြည့်ရာတွင် အောက်ပါအတိုင်း တွေ့ရပေသည်။

*

ရယ်စရာ

ဟာ ... ဟား ... ဟား ... "

ကျွန်ုပ်သည် ဤကဲ့သို့ အော်ဟစ်၍ အားရပါးရရယ်လိုက်မိ၏။ ရယ်လိုက်မိသည်မှာ သာမန်သူလိုငါလို ရယ်မိ ခြင်းမျိုးမဟုတ်၊ အသည်းနလုံးကြားတွင် ယားကျိကျိနိုင်လှသဖြင့် မအောင့်နိုင် မအင်းနိုင်ဖြစ်လျက် တစ်ကိုယ်လုံး သွက်သွက်ခါသွားအောင် အူလှိုက်သည်းလှိုက် ရှေ့ငိုက်နောက်ငင် မျက်ရည်များပင် ထွက်လာအောင် ရယ်ပစ် လိုက်မိခြင်းဖြစ်၏။ မရယ်မိဘဲ မည်သို့ နေနိုင်ပါမည်နည်း ... ကျွန်ုပ် မရယ်ဘဲ မနေနိုင် တော့ ... ကျွန်ုပ်အား ထိုသို့အားရပါးရ ရယ်မိအောင် ဖန်တီးလိုက်သည်မှာကား၊ ကျွန်ုပ်အား ဆန်စက်ပိုင်ရှင် ဦးစိန်မောင် ကို သတ်ဖြတ်မှုဖြင့် ရုံးတင်စစ်ဆေးရာတွင် ဂျူရီလူကြီးတို့က အပြစ်ထင်ရှားသည်ဟု တညီတညွတ်တည်း ယူဆကြသဖြင့် စက်ရှင်တရားသူကြီးမင်းက ကျွန်ုပ်သူဌေးဦးကံကောင်း ကို "မသေမချင်း လည်ပင်း ၌ ကြိုးကွင်းတပ်၍သတ်စေ ... " ဟူသော သေစားသေစေ ကြိုးမိန့်ကို ပေးလိုက်သောကြောင့် ဖြစ်ပေသည်။

ကြိုးမိန့်ပေးခြင်းကို ခံရသည့်အခါ၌ ကျွန်ုပ်တွင် သေချင်ပတ်ကျိအူတက်မတတ်ရယ်ချင်မိသည်ဟု ယခု ရေးသားလိုက်သည့်အတွက် ကျွန်ုပ်ယခုရေးသားသော ဤအဖြစ်စဉ်မှတ်တမ်းကို ဖတ်ရှုရသူ၏အဖို့တွင်အတော်ကြီး ထူးဆန်းသွားပေလိမ့်မည်။ ကျွန်ုပ်အား ရူးသွပ်သော လူတစ်ယောက်ဟုလည်း ထင်ကောင်း ထင်ပေလိမ့်မည်။ သို့ထင်မိမည်ကား ဓမ္မတာပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ် သူဌေးဦးကံကောင်းအား တရားစီရင်ရာဖြစ်သော ရုံးခွင်၌ပင်လျှင် လာရောက်နားထောင်ကြသော သူတို့နှင့်တကွ ပုလိပ် အရာရှိကြီးငယ်၊ ရှေ့နေရှေ့ရပ်တို့အပြင် လူသတ်မှုပေါင်းများစွာတို့ကို စစ်ဆေးစီရင်ခဲ့ဖူးသူ စက်ရှင်တရားသူကြီးမင်း ကိုယ်တိုင်ကပင်လျှင် ကြိုးမိန့်အကျ၌ ကျွန်ုပ်ကျယ်လောင်စွာ အော်ဟစ်ရယ်မောလိုက်မိသောအခါတွင် ကျွန်ုပ်အား ... ကြောက်အားလန့်အား သွေးရူးသွေးတန်းဖြင့် ရူးသွပ်သွားလေပြီဟု အားလုံးက ထင်မှတ်ကြပေသည်။ စင်စစ်၌ကား ကျွန်ုပ်သည် ထိုသေစားသေစေ စီရင်ချက်အကျတွင် ကြောက်ရမှန်းလည်းမသိ၊ လန့်ရမှန်းလည်းမသိ၊ အူတက်မတတ်သော ရယ်ချင်လေတော့သည်။ "အော်ဖြစ်ရပလေ... ငါ့နယ်"ဟု တွေးကာ ထပ်၍ ထပ်၍သာရယ်မိ၏။ လူပြက်ကောင်းတစ်ယောက်၏ ပြက်လုံးကို နားထောင်ခဲ့ရာမှ ပွဲကအပြန် အိပ်ရာအဝင် တွင် ရယ်မိတတ်ကြသလို၊ ကျွန်ုပ်မှာလည်း ဖြစ်ရပုံတွေကိုသာ ကိုယ့်ဘာသာကိုယ် ကျိတ်၍တွေးရင်း အတောမသတ်နိုင်အောင် ရယ်နေမိ၏။ ကျွန်ုပ် ဤသို့ရယ်နေသောအခါ ရုံးခန်းကြီးတစ်ခုလုံး ကြက်သေသေ၍ ကြောင်တောင်ကြီးငေးကာ ကျွန်ုပ်အားမျက်လုံးအပြူးသား ပိုင်းကြည့်နေကြ၏။ ထို့နောက် မကြာမီပင် ပုလိပ်အရာရှိတို့က ကျွန်ုပ်အား တရားခံ ဂက်ခြံအတွင်းမှ တွဲထုတ်ကြပြီးလျှင် ရုံးလှေကားမှဆင်းခဲ့၍ ထောင်ကားအနက်ကြီး၌ တင်ကာ ထောင်ကြီးသို့ ခေါ်ဆောင်ခဲ့ကြပေသည်။

ပုလိပ်အရာရှိတို့သည် ကျွန်ုပ် ရုတ်တရက် ဦးနှောက်ပျက်၍ ရူးသွပ်သွားလေပြီဟု ထင်ကြ၏။ မထင်ဘဲလည်း နေနိုင်ကြမည်မဟုတ်၊ တရားခွင်မှအဆင်း ရုံးလှေကားတစ်လျှောက်လုံး၌ကျွန်ုပ်မှာ ဆက်တိုက်ကြီးသာလျှင် တဟားဟား ရယ်မောနေမိ၏။ ထောင်ကားပေါ်သို့ရောက်၍ ပုလိပ်အစောင့်နှစ်ယောက် ဘေးမှခြံရံကာ စီးနင်းလိုက်ပါရစဉ်၌လည်း ကျွန်ုပ်မှာ ရယ်မော၍ ကောင်းတုန်းပင် ... ထောင်ကြီးဘူးဂသို့ ရောက်ခါမှ အတန်က္ကာငြိမ်ဆည်နိုင်၏။ သို့သော်လည်း ပါးစပ်မှာ မပြုံးဘဲနေလို့ကိုမရ ထောင်ဘူးဂမှ ကြိုးတိုက်အထိ တပြုံးပြုံးဖြစ်ခါလိုက်ပါလာခဲ့၏။ ကြိုးတိုက်ထဲသို့ ရောက်သောအခါမှာမှ အပြုံးရပ်နိုင်လေတော့သည်။

ဤသို့ တပြုံးပြုံးနှင့် ကျွန်ုပ်တွင် ပျော်မဆုံးသည့် သဏ္ဌာန်ပေါ်ပေါက်နေသောကြောင့် ထောင်မှူးကလေးသည် ထောင်မှူးကြီးထံ အကြောင်းကြား၏။ ထောင်မှူးကြီးကား ဆရာဝန်ကြီးဖြစ်လေရာ ချက်ခြင်းပင် ကျွန်ုပ်အား စစ်ဆေးရန် ရောက်လာ၏။ ထောင်မှူးကြီး လာသောအခါ၊ ကျွန်ုပ်မှာ ပို၍ရယ်ချင်လာပြန်လေသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်ကား ရူးသူမဟုတ် ကိုယ့်အဖြစ်စဉ်ကို ကိုယ်တွေးကာသာလျှင် ရယ်ချင်နေမိသူ ဖြစ်လေရာ ရယ်မိလေလေ ထောင်အရာရှိတို့က ရူးသည်ဟုထင်လေလေ ဖြစ်နေသည်မှာ ပို၍ပို၍သာ ရယ်စရာကောင်းနေ၏။ သူတို့အထင်အမြင် ပါစင်အောင်လွဲနေကြပုံကို ကျွန်ုပ် ရယ်နေစဉ်ပင် ထောင်မှူးကြီး ရောက်လာပြီးလျှင် ကျွန်ုပ်၏ နလုံးသွေးခုန်ပုံကိုနားထောင်၏။ လက်ကိုကိုင်၍ သွေးတိုးစမ်း၏။ ဤအခိုက်တွင် ကျွန်ုပ်မှာ တခိခိ

ဖြစ်နေမိ၏။ ပြီးမှ ဣန္ဒြေကို အတန်ဆည်ရကာ ... "ထိုင်ပါခင်ဗျာ ... ကျွန်တော့် အတွက် မပူပါနဲ့ " ဟုပြောကာ နေရာပေးလိုက်ရ၏။

ထောင်မှူးကြီးသည် ကျွန်ုပ်အား ခပ်ကြောင်ကြောင် ကြည့်နေ၏။ အချိန်မှန်နေသော ကျွန်ုပ်၏ နလုံးခုန်သံနှင့် သွေးတိုးချက် တို့ကို မယုံနိုင်ဖြစ်နေဟန်တူ၏။ ကျွန်ုပ် ရူးနေပြီဟူသော သူ၏သံသယလည်း မပျောက်သေးပေ။ သို့နှင့် ထောင်မှူးကြီးက စကားစ၍ ပြောရင်းမေးခွန်းတွေ မသိမသာမေး၏။ စင်စစ်မှာ ကျွန်ုပ်၏ စိတ်မှုမှန် မမှန်ကို စစ်ဆေးခြင်းဖြစ်ပေသည်။ ကျွန်ုပ်လည်း သူ့မေးခွန်းများကို ဣန္ဒြေခိုင်မြဲစွာထားလျက် တည်တံ့စွာ ဖြေဆိုရင်း အာလာပသလ္လာပသဘော အတော်ကြာစကားပြောလိုက်မှ ထောင်မှူးလည်း ကျွန်ုပ် မရူးကြောင်းကို တထစ်ချယုံကြည်သွားပြီးလျှင် "ကဲ... ကျွန်တော်သွားအုံးမယ် ဦးကံကောင်း...၊ စိတ်မလျှော့ ပါနဲ့လေ ... အယူခံ ချက်ကချည့်ရက်ပေါင်းလေးဆယ်သတ်သတ်ရှိသေးတယ်။

အယူခံနေတုန်းအတွက် ရက်တွေလည်းတပြုံကြီး၊ ပြီးတော့ သမ္မတကြီးဆီကိုတောင် အသနားခံစာ တင်နိုင်သေး တာကပဲဗျာ၊ အာမလျှော့ပါနဲ့၊ ကျွန်တော် စွမ်းဆောင်နိုင်တဲ့ အကူအညီရှိရင်လည်း အားမနာပါနဲ့ ပြောပါနော်..." ဟု ပြော၏။ ကျွန်ုပ်လည်း ကျွန်ုပ် ယခုမှရောက်ရသော ကြိုးတိုက်ခန်းကိုကြည့်ကာ... "အခုတော့ ဘာအကူ အညီမှ မလိုသေးပါဘူး။ နောက်လိုတော့ ပြောပ့ါမယ်၊ ကျေးဇူးပါပဲ..။ ဂွတ်ဘိုင်... "ဟု ကိုယ့်အိမ်က ဧည့်သည် အပြန်တွင် ဗိုလ်ဆန်ဆန် နှုတ်ဆက်သလို နှုတ်ဆက်လိုက်ရ၏။

ထောင်အရာရှိတို့ ထွက်သွားကြ၍ ကျွန်ုပ်အား ထားသော ကြိုးတိုက်ခန်းတံခါး သော့ပိတ်သံများ ငြိမ်သက် သွားသော အခါတွင်မှ ကျွန်ုပ်သည် ကြိုးတိုက်ခန်းတွင်း၌ တစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီးလျှင် အခန်းသစ် ဖြစ်သော ကြိုးတိုက်ကိုလှည့်၍ ကြည့်ရင်း ... ကျွန်ုပ်၏ လည်ပင်း၌ ကြိုးကွင်းကြီးစွပ်မိနေသည့်အဖြစ်ကို တွေး မိကာ ကြက်သီးမွေးညင်းထလျက် ခေါင်းနပန်းကြီးသွားမိ၏။ သို့သော် ဖိန်းကနဲစိမ့်၍ ကြက်သီးထသွားကာ ကြိုးကွင်းကြီးကို မြင်ယောင်နေသည့်အထဲကပင် ကျွန်ုပ်၏ပါးစပ်မှ "ဟက် ..."ခနဲ ရယ်သံတစ်လုံး လွတ်ကျ သွားမိပြန်လေသည်။ "အော် ... ဖြစ်ရပုံများနယ်... "ဟု ကိုယ့်ဘာသာကိုယ် တီးတိုးပြောမိရင်း... တစ်ယောက် တည်း အခြောက်တိုက် ပြုံးမိပြန်လေသည်။ မပြုံးမိဘဲ နေနိုင်ပါရိုးလား ...

လောကကြီးသည် တကယ်ပင် ရယ်စရာကောင်း၏။ ကံတရားသည်လည်း အလွန်ပင် ရယ်စရာကောင်း၏။ လောကကြီးအတွင်း၌ ရောက်နေရသော ကျွန်ုပ်မှာ ကံတရား၏ လှည့်စားချက်ကို ခံရသောကြောင့် ကိုယ့်အဖြစ် ကို ကိုယ်တွေးမိတိုင်း ရယ်မိခြင်းဖြစ်ပေသည်။

ကျွန်ုပ်၏ လက်ရှိအခြေကို အနည်းငယ်ရှင်းပြဖို့ လိုပေလိမ့်ဦးမည်ထင်၏။ ကျွန်ုပ်ကား ငွေဆယ်သိန်းခန့် ချမ်းသာ လျက် သံလွင်မြစ်ပုမ်းတစ်လျှောက်၌ သာမက မြန်မာတစ်နိုင်ငံလုံး၌ပင် သူဌေးကြီး "ဦးကံကောင်း" ဟူ သော အမည်ဖြင့် ထင်ရှားကျော်စောသော ပုဂ္ဂိုလ်ဖြစ်ပေသည်။ သို့နေရာက ကျွန်ုပ်မှာ ဆန်စက်ပိုင်ရှင် ဦးစိန်မောင် ဆိုသူ သေဆုံးရသည့်အမှု၌ အခြောက်တိုက် တရားခံဘဝသို့ ရောက်ရပြီးလျှင် ယခုအခါ ကြိုးဒဏ်ကြီး

ချမှတ်ထားခြင်းကို ခံနေရပေပြီ။ စင်စစ်တွင် ကျွန်ုပ်သည် ဆန်စက်ပိုင်ရှင် ဦးစိန်မောင် ကို သတ်ခဲ့သူမဟုတ်ပေ။ ဤစကားသည် အမှန်ပင်ဖြစ်၏။ ဦးစိန်မောင်ကို ကျွန်ုပ် အကယ်တွင်ပင် မသတ်ဖြတ်ခဲ့ပါ။

သို့သော် ... ဦးစိန်မောင် သေဆုံးရသော အမှုတွင် ပတ်ဝန်းကျင် သက်သေအထောက်အထားအားလုံး တို့သည် ဦးစိန်မောင်အား ကျွန်ုပ်သတ်ပါသည်ဟူ၍ အခိုင်အလုံ သက်သေခံ၍နေကြ၏။ ပတ်ဝန်းကျင် အထောက်အထား သက်သေခံချက် အားလုံးတို့ အတိုင်းသာဆိုလျှင် ဦးစိန်မောင်အား ကျွန်တော်မသတ်လျှင် သိကြားဆင်း၍ သတ်သည်ဟုသာ ဆိုစရာဖြစ်နေ၏။ ထို့ကြောင့် စက်ရှင်တရားသူကြီးသည် အမှုခိုင်လုံလှသော ကြောင့် ကျွန်ုပ်အား လူသတ်မှုဖြင့် ကြိုးမိန့်ပေးရ၏။ အခြားလမ်းမရှိပေ၊ သက်သေ အထောက်အထားများ၏ ထွက်ချက် ပတ်ဝန်းကျင် အခြေအနေများအရဆိုလျှင် ဦးစိန်မောင်ကို ကျွန်ုပ်သတ် သည်မှာ လယ်ပြင်၌ ဆင်းသွားသကဲ့သို့ ထင်ရှားနေ၏။

သို့သော် ... ဦးစိန်မောင်ကို ကျွန်ုပ်သတ်ရန်လည်း စိတ်မကူး ... သတ်လည်း မသတ်ခဲ့ပေ။ မည်သို့ပင်ဖြစ်စေကာမူ၊ ကြိုးဒဏ်ခံနေရသော ကျွန်ုပ်မှာ ကြိုးဒဏ်ခံနေရသည်အမှန်သာဖြစ်၏။ ကြိုးဒဏ်ကြီးကိုခံ၍နေရသောကြောင့် ခါတိုင်း၌ ထောင်ကြီးချုပ် ရိုးရိုးအကျဉ်းသမားတန်းလျား၌ နေရရာက ယခုမူကား ... သေမင်းခံတွင်းသို့ ခြေတစ်ဖက်နင်းနေသူ တရားခံတို့ကိုထားရာ ကြိုးတိုက်အတွင်းသို့ပင် ရောက်နေပေပြီ၊ သို့သော် ... ကျွန်ုပ်ကား၊ ငွေဆယ်သိန်းခန့် ချမ်းသာကြွယ်ဝသော သူဌေးကြီးတစ်ဦးဖြစ်သဖြင့် အခြားလူသတ်မှုတရားခံတို့နှင့်ကား ကွာသည့်နေရာများ၌ အလွန်ကွာခြားနေပေ၏။ ကျွန်ုပ်၌ ငွေရှိ၏။ ထို့ပြင် ကျွန်ုပ်၌ အာဏာကြီးများကို လက်ကိုင်ရရှိထားသော မိတ်ဆွေကောင်းများလည်းရှိ၏။

ထိုငွေနှင့် အာဏာတို့၏ အထောက်အကူကြောင့် ကျွန်ုပ်မှာ လူသတ်မှုတရားခံဖြစ်ခဲ့ရလင့်ကစား ခေါင်းတုံးမရိတ်ခဲ့ရ၊ ထောင်ထမင်း ထောင်ဟင်း မစားခဲ့ရ၊ စီးကရက်နှင့် အရက်များပင် ရနိုင်ခဲ့လေသေးသည်။ သာမန်အကျဉ်း ထောင်ကြီးချုပ်မှ ကြိုးတိုက်သို့ ရွှေ့လာခဲ့ရသည်တွင်လည်း ကျွန်ုပ်၏ အခြေအနေမှာပို၍ ဆင်းရဲမသွားပေ။ ထောင်ချုပ် ရိုးရိုး၌ နေရသလိုပင် ချောင်လည်ပေသည်။ ကြိုးတိုက်တွင်း၌ပင် စာရေးစားပွဲ၊ စက္ကူ၊ ဖောင်တိန် အသင့်ရောက်နေသေး၏။

ဤကဲ့သို့ ငွေနှင့် အာဏာ၏ တန်ခိုးရှိန်စော်အာနုဘော်ကြောင့် ကျွန်ုပ်ဤမျှ သက်သာချောင်ချိစွာ ကြိုးတိုက်ထဲ၌ နေရသော်လည်း ကျွန်ုပ်မှာ စင်စစ်တွင် သေမင်းခံတွင်းသို့ ခြေတစ်ဖက်နင်းနေသူ လူသတ် တရားခံကြိုးကျပြီးသူသာ ဖြစ်ချေသည်။ ဤကြိုးဒဏ်ကြီး မကျရောက်စေရန် အမှုစစ်စဉ်က ကျွန်ုပ်သည် ငွေကိုရေလိုသုံး ၍ အကောင်းဆုံး ဂတ်လုံကြီးများဖြင့် ခုခံခဲ့၏။ ခပ်ရှင်းရှင်းရေးရလျှင် စက်ရှင် တရားသူကြီး ကိုပင် သိန်းဂဏန်းထိ ငွေလုံးပေါက်၍ သေဒဏ်အစား တစ်နည်းတစ်ဖုံ အခြားအပြစ်ဒဏ်ကို ချမှတ်စေရန် ကြိုးစား သွေးဆောင်ခဲ့သေး၏။

သို့ရာတွင် ပြစ်မှုမှာ သက်သေခံအထောက်အထား ပတ်ဝန်းကျင် အခြေအနေများအရဆိုလျှင် ဆန်စက်ပိုင်ရှင် ဦးစိန်မောင်ကို ကျွန်ုပ် သတ်ကြောင်း ထင်ရှားလွန်းမက ထင်ရှားနေသောကြောင့် တစ်ကြောင်း၊ တရားဌာန၏

ရိုးဖြောင့်မှန်ကန်မှုကို ကျွန်ုပ်၏ ငွေနှင့် အာဏာပိုင်မိတ်ဆွေများကပင် မထိုးဖောက်နိုင်ကြသောကြောင့် လည်းကောင်း၊ ကျွန်ုပ်၏ အသက်ကို ငွေနှင့်စက်၍ဂယ်ရန် ကြိုးစားစေခဲ့စေကာမူ အချီးနီးသာဖြစ်ရလေသည်။ အမှုသွားမှာ ဤမျှခိုင်လုံနေ၏။ သို့သော် ဦးစိန်မောင်ကိုကား ကျွန်ုပ် မသတ်ရိုးအမှန်ပင်ဖြစ်၏။

ကျွန်ုပ်တွင် ယခု အယူခံရက် လေးဆယ်ရှိ၏။ အယူခံနေစဉ်၌လည်း ရက်ပိုတွေ ထွက်လာဦးမည်ဖြစ်၏။ သို့သော် ကျွန်ုပ် ယခုကြိုးဒဏ်ခံရသောအမှုမှာ မည်သို့ အယူခံဝင်သော်လည်း အယူခံ အပယ်ခံရမည်မှာ သေချာ၏။ ကျွန်ုပ်၏ ဂတ်လုံများက အယူခံရန် အားတက်သရောပြောကြ၏။ အယူခံ ဝင်သော်လည်း အပယ်ခံရမည်ကို ကျွန်ုပ်သိသည့်နည်းတူ ကျွန်ုပ်၏ ဂတ်လုံများလည်း သိကြသည်။ သို့သော် ကျွန်ုပ် အား ရှိ စေရန်သာလျှင် ဂတ်လုံတို့က အယူခံဖို့ စိုင်းပြင်းစီစဉ်နေကြ၏။ အကြောင်းကား ထူးဖို့ပင်မရှိပေ။ အဘယ်ကြောင့်ဆိုသော် သက်သေခံ အထောက်အထားတို့ ခိုင်လုံလှပေသည်။ အယူခံ ကိုပယ်၍ အချခံရလျှင် သမ္မတထံ အသနားခံစာ တင်နိုင်သေး၏။

အသနားခံစာတင်သည့် ကိစ္စကားလွယ်သည့် ကိစ္စမဟုတ်ပေ။ စက်ရှင် တရားသူကြီး၏ စီရင်ချက်ကို တရားလွှတ်တော်ချုပ်ကပင် မပြင်မဆင်ဘဲ အယူခံပယ်ချထားသည့် အခြေကိုရောက်မှ အသနားခံစာဖြင့် အသက်ဘေး လွတ်ရသူတို့ကား တစ်ရာမှာ တစ်ယောက်ခန့်သာရှိပေမည်။ ကျွန်ုပ်ကားဘယ်နည်းနှင့်မျှ ထိုတစ်ယောက်မဖြစ်နိုင်။ အဘယ့်ကြောင့်ဆိုသော်အမှုသွားမှာဘယ်ဘက်ကပင်လှည့်၍ စဉ်းစားစေကာမူ သက်သေအထောက်အထား ပတ်ဝန်းကျင် အခြေအနေတို့အရ ဆိုလျှင် ကျွန်ုပ်သည် ဆန်စက်ပိုင်ရှင် ဦးစိန်မောင်အား ကြိုတင်ကြံစည်၍ သွေးအေးအေးနှင့် မသေမသအောင် သတ်ဖြတ်သည်ဟူသော အချက်မှာ အထင်းသားပေါ်နေ၏။ စင်စစ်၌ ကျွန်ုပ်သည် ဆန်စက်ပိုင်ရှင် ဦးစိန်မောင်ကို မသတ်ရိုးမှန်၏။ အမှုသွားအရ ဆိုလျှင်ကား ကျွန်ုပ်သတ်ကြောင်းမှာ မြေကြီးလက်ခတ်မလွဲ ဖြစ်နေ၏။ ထို့ကြောင့် အသနားခံစာတင်သော်လည်း တစ်လ လေးသီတင်းခန့်ပို၍ အသက်ရှည်ရမည်ကလွဲလျှင် ဘာမျှ အကျိုးထူးမည် မဟုတ်သည်ကို ကျွန်ုပ်ကောင်းစွာ ရိပ်မိထားပေသည်။

အခြားတစ်ချက်ကား ကျွန်ုပ်အား ကြိုးတိုက်တွင်း၌ပင် စားပွဲ ကုလားထိုင် ခုတင်တို့နှင့် ကြိုးစင်မတက်ရမီရက်များအတွင်း၌ ချောင်ချိစွာ အကျအန နေနိုင်စေသောငွေနှင့် အာဏာတို့၏ တန်ပြန်ဟပ်မှုပင်ဖြစ်၏။ ကျွန်ုပ်တရားခံဖြစ်ရသော ဆန်စက်ပိုင်ရှင် ဦးစိန်မောင် သတ်မှုမှာ နိုင်ငံရှိ သတင်းစာတိုက်ကပင် အကြီးအကျယ်ရေးသားနေကြပေရာ အမှုစစ်ဆေးသမျှကိုလည်း လုံးစေ့ပတ်စေ့ နေ့စဉ် ဖော်ပြနေကြ၏။ ထို့ ကြောင့် သက်သေထွက်ချက် ပတ်ဝန်းကျင် အထောက်အထားအားလုံးတို့အရ ဦးစိန်မောင်ကို ကျွန်ုပ် သတ်သည်ဟူသောအချက်မှာ တစ်နိုင်ငံလုံးသိ၍နေကြပေရာ အကယ်၍ ကျွန်ုပ်အား ကြိုးဒဏ်မပေးဘဲ အခြား အပြစ်ဒဏ်ကို ပေးလိုက်ပါက တရားဌာန၌ဂတိလိုက်စားမှုရှိသည်ဟု တစ်နိုင်ငံလုံးက ယူဆပေတော့မည်။ မယူဆစရာလည်း အကြောင်းမရှိ။

အဘယ်ကြောင့်ဆိုသော် ကျွနုပ်မှာ ငွေဆယ်သိန်းခန့် ချမ်းသာသူ လည်းဖြစ်နေပြန်၏။ အာဏာပိုင် မိတ်ဆွေများလည်း ရှိနေပြန်၏။ ဤမျှ ထင်ရှားသောအမှုတွင်မှ ကျွန်ုပ်အား သေဒဏ်မပေးလျှင် တရားဌာန ဖောက်ပြန်သည်ဟု တစ်နိုင်ငံလုံးက မထင်ဘဲ နေနိုင်ပါမည်လော။ ထို့ ကြောင့်ပင် ကျွန်ုပ်အား စစ်ဆေး အပြစ်ပေးရသော စက်ရှင် တရားသူကြီးမှာ အလွန်သတိကြီးစွာထားလျက် စစ်ဆေးခဲ့၏။ သက်သေထွက်ချက်တို့ကား နဲနဲလေးမျှပင် မလှုပ်သာအောင် ကျွန်ုပ်အား လူသတ်သမား အစစ် ဖြစ်ကြောင်း ကို အထောက်အထား ပြနေကြ၏။ ထို့ကြောင့် တော်တည့်မှန်ကန်လှသော တရားဌာနမှာ ကျွန်ုပ်အား သေဒဏ်မှလွဲ၍ အခြားအပြစ်ဒဏ် ပေးစရာလမ်း လုံးဝမရှိခဲ့ပေ။ အယူခံရာလည်းကောင်း၊ အသနား ခံစာတင်ရာ၌ လည်းကောင်း သေဒဏ်ထက် လျှော့၍ပေးလျှင် ဂတိလိုက်စားရာသို့ ရောက်သည်ဟု နိုင်ငံကထင်မြင်မည်မှာ မလွဲသောကြောင့် တရားလွှတ်တော်ချုပ်နှင့် အစိုးရအဖွဲ့ကလည်း ကျွန်ုပ်အား သေဒဏ်မှ အခြားအပြစ်ဒဏ်ကို ပြောင်းလွှဲပေးရန် အလွန်ခက်ခဲပေမည်။ ထို့ကြောင့် ကျွန်ုပ်မှာ ကြိုးစင်သို့သွားရန် လမ်းကြီးဖြောင့်နေ၏။ ငွေနှင့် အာဏာတို့၏ အထောက်အကူမှာ တစ်ဖက်ကကောင်းသော်လည်း တစ်ဖက်ကမူ ကျွန်ုပ်အား အပြစ်ဒဏ် မလျှော့နိုင်အောင် သက်ဆိုင်ရာတရားအာဏာပိုင်တို့အား တုပ်နှောင်ထားချေ သည်။

ထို့ကြောင့် ကျွန်ုပ်မှာ ကြိုးစင်၌ ကြိုးပေးခံရတော့မည်မှာကား သေချာ၏။ အနေးနှင့်အမြန်သာဖြစ်၏။ ဤသို့ကြိုးဒဏ်ကို ကေန်မလွဲခံရတော့မည်ဟု တိတိကျကျ စဉ်းစားလိုက်မိသောအခါ၌ ကျွန်ုပ်မှာ ရယ်မိပြန်လေသည်။ မရယ်မိဘဲ မနေနိုင်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်သည် ဆန်စက်ပိုင်ရှင် ဦးစိန်မောင်အား တကယ်ပင်မသတ်ခဲ့ပေ။

ဦးစိန်မောင်ကို မသတ်ပါဘဲနှင့် သက်သေ အထောက်အထားခိုင်လုံသောကြောင့် ကျွန်ုပ်ကြိုးဒဏ်ခံရဖို့ သေချာနေသည်ကို ကျွန်ုပ်၏ အဖို့၌ ရယ်စရာမဟုတ် ငိုစရာကြီးသာဖြစ်၍ နေသည်ဟု အများကပင် ဆိုကြပေလိမ့်မည်။ အပေါ်ယံကြောက ကြည့်လျှင်မူ အများယူဆသည့်အတိုင်း မှန်လှပေသည်။ သို့သော် ကျွန်ုပ်၏ အတွင်းရေးများကို သိကြပါလျှင်မူကား ဦးစိန်မောင်ကို ကျွန်ုပ်မသတ်ရပါဘဲလျက် အခြောက်တိုက် တရားခံဖြစ်ကာ ကျွန်ုပ် ကြိုးစင်၌ သေစားသေရတော့မည့်အရေးမှာ ကျွန်ုပ်၏ နည်းတူ ရယ်စရာအလွန်ကောင်း၍ နေသည်ကို တွေ့မြင်ကြရမည်ဖြစ်၏။

အဘယ့်ကြောင့်ဆိုသော် ...

ဦးစိန်မောင်အား ကျွန်ုပ်မသတ်ခဲ့။ သို့သော် ကျွန်ုပ်သည် အခြားလူခုနစ်ယောက်တို့၏ အသက်များကို ခုနစ်နေ့ခုနစ်နံစေ့အောင်ပင် သတ်ဖြတ်ခဲ့ဖူးသူဖြစ်၏။ ထိုလူခုနစ်ယောက်တို့၏ အသက်များကို သတ်ဖြတ် ရာ၌ကျွန်ုပ်သည် စစ်သားအဖြစ်၊ ဓားပြအဖြစ်မျိုးတို့ဖြင့် ရှူးခနဲ ဒိုင်းခနဲ သွေးဆူနေခိုက်တွင် သတ်ဖြတ်ခဲ့ ခြင်းလည်းမဟုတ်၊ မိမိ၏အသက်ကို ကာကွယ်ရန် သတ်ခဲ့ခြင်းလည်းမဟုတ်၊ သွေးအေးအေး ခေါင်းအေးအေး နှင့်လေးလေးမှန်မှန် ဆင်ကြံကြံ၍ ဉာဏ်နီရှိသမျှ အစွမ်းကုန်ထုတ်၍ အကြံအစွင့်ယူကာ ကြိုတင်၍ အသေးစိတ်စီစဉ်ပြီးမှ မသေသေအောင် သတ်ဖြတ်ခဲ့ခြင်းဖြစ်၏။ ကျွန်ုပ်၏ လက်ချက်ဖြင့် အသက်ခုနစ်ချောင်း လုံးဝ

ပျက်ပြုန်းကြရ၏။

သို့သော် ထိုလူခုနစ်ယောက်တို့အား ကျွန်ုပ် ကျနပိရိစွာ သတ်ဖြတ်ခဲ့ရာတွင် ကျွန်ုပ်မှာ ယခုကဲ့သို့ အခြောက်တိုက် ကြိုးဒဏ်ခံရဖို့ကိုထားတော့ … ကျွန်ုပ်အား သင်္ကာယနမကင်းခြင်း ခံရသည့်အဖြစ်မျိုးသို့ပင် မရောက်ခဲ့ … သင်္ကာယနမကင်းခြင်း ခံရသည့်အဖြစ်မျိုးကို ထားဦးတော့ … သင်္ကာယနမကင်း ဖြစ်ပေါ်စေမည့် လမ်းပင် မရှိခဲ့။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သတ်ခဲ့သော လူခုနစ်ယောက်တို့ အသတ်ခံရသည်ကို ပုလိပ်ဘက်မှ လူသတ်မှုဟူ၍ပင် လုံးဝမသိခဲ့ကြ။ သူတစ်ပါး၏ ပယောဂမပါဘဲ သေဆုံးကြသည်ဟုသာ ယူဆကြသဖြင့် (လူသတ်မှု) ဟူသော စကားလုံးကိုပင် တစ်ခါမျှ မကြားခဲ့ရပေ။ လူသတ်မှုမရှိပါက အသို့လျှင် သင်္ကာယန မကင်းသော ကိစ္စပေါ်နိုင်ပါဦးမည်နည်း။ ထို့ကြောင့် ပုလိပ်ဘက်မှ လူသတ်မှုဟူ၍ပင် လုံးဝမယူဆဘဲ နေကြ လောက်အောင် ပိပိရိရိ သေသေသပ်သပ်ဖြင့် လူခုနစ်ယောက် တို့၏ အသက်ဇီဝိန်ကို ချွေနိုင်ခဲ့သူ ကျွန်ုပ်မှာ ကျွန်ုပ်တကယ်ပင် မသတ်သော ဆန်စက်ပိုင်ရှင် ဦးစိန်မောင် သေရသည့် အမှုကျကာမှ ဘာမျှမဆိုင်ဘဲ အခြောက်တိုက် တရားခံဖြစ်ကာ ကြိုးဒဏ်ကြီးကို မလွတ်တမ်း ခံယူရတော့မည့် အခြေသို့ ရောက်နေရသည်မှာ ရယ်စရာမကောင်းလှပါလော။

ထို့ကြောင့် လောက၏ ရယ်စရာကောင်းပုံ၊ ကံကြမ္မာ၏ ရယ်စရာကောင်းလှပုံတို့ကို တွေးမိတိုင်း ကျွန်ုပ် ရယ်မိ၏။ ကျွန်ုပ် ရယ်မိသည်ကို အားလုံးကပင် ကျွန်ုပ်ရူးလေပြီဟုထင်ကြ၏။ စင်စစ်၌ကား ကျွန်ုပ် မရူး၊ လောကကြီးသာရူး၏။ ကံကြမ္မာသာလျှင်ရူး၏။ ထိုအကြောင်းများကို ထင်ရှားစိမ့်သောငှာ ကျွန်ုပ်သည် ကြိုးဒဏ်မခံရမီ ရက်များအတွင်း၌ ကျွန်ုပ်၏ အဖြစ်စဉ်ကို ဇာတ်ကြောင်းပြန်၍ မှတ်တမ်းတင်ခဲ့လိုပေသည်။ ကျွန်ုပ်အား ရယ်စရာကောင်းလှသောနည်းဖြင့် ကြိုးစင်သို့ အရောက်ပို့ခဲ့သော လောကနှင့် ကံကြမ္မာတို့ကို ကျွန်ုပ်သည် ဤအဖြစ်စဉ်မှတ်တမ်းဖြင့် သေရာက သရော်ခဲ့လိုပေသည်။ ကျွန်ုပ်၏ မှတ်တမ်းကို ဖတ်ရသော သူတိုင်းကလည်း လောကနှင့် ကံကြမ္မာတို့၏ ရယ်စရာကောင်းပုံကို ကျွန်ုပ်၏နည်းတူ သရော်ရယ်မောမိ ကြပေလိမ့်မည်။ ဤသည်ကား ကံကြမ္မာကို ကျွန်ုပ်လက်စားချေခဲ့ခြင်းဖြစ်၏။

သို့သော် တစ်ခုရှိသည်မှာ ကျွန်ုပ် ရေးသားနေသော အဖြစ်စဉ်မှတ်တမ်းသည် လူအများဖတ်ရသော အခြေသို့ရောက်လိုမှရောက်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်သည် ကြိုးစင်တက်ရ၍ လူ့ဘဝမှ ထွက်ခွာသွားရသောအခါတွင် ဤ မှတ်တမ်းကို ထောင်အရာရှိတို့နှင့် ပုလိပ်ဘက်က လက်ဦးဖတ်ကြရမည်ဖြစ် ရာ၊ လူထုမသိအောင် လျှို့ဝှက်ကောင်း လျှို့ဝှက်ထားကြပေလိမ့်မည်။ ထို့ကြောင့် ဤအဖြစ်စဉ်မှတ်တမ်း သည် လူထုထံသို့ ရောက်ကောင်းမှရောက်မည်ဖြစ်၏။ သို့ရာတွင် တစ်ခု စိတ်ချမ်းသာဖွယ်ရှိသည်ကား ဤ မှတ်တမ်းကို ဖတ်ရသောအရာရှိတို့ထံမှ တစ်ဆင့် တစ်ယောက်စကား တစ်ယောက်နားသို့ လွင့်ကာ ကျွန်ုပ် ၏ ဖြစ်စဉ်ကို တဖြည်းဖြည်း လူအများသိသာသော အခြေသို့ ရောက်နိုင်ခြင်းပင်ဖြစ်၏။ ယုတ်စွာ အဆုံး ကျွန်ုပ်အား သေဒဏ်စီရင်ချက်ချလိုက်သော စက်ရှင်တရားသူကြီးမင်းသည် ကျွန်ုပ် ဦးစိန်မောင်ကို မသတ်ရပါဘဲလျက်နှင့် သေဒဏ်ခံရသည့်အကြောင်းကို သိရပေချိမ့်မည်။ စက်ရှင်တရားသူကြီး တစ်ဦးတည်းသိရလျှင်ပင် ကံကြမ္မာ

အား ကျွန်ုပ်လက်စားချေမှုမှာ ပြီးမြောက်အောင်မြင်ပေမည်ဖြစ်၏။ ထို့ကြောင့် ဤအဖြစ်စဉ် မှတ်တမ်းကို ကျွန်ုပ်ရေးသား၍ ထားရစ်ခဲ့ပါမည်။

အခွင့်အလမ်းသင့်၍ ကျွန်ုပ်၏ ဤအဖြစ်စဉ်မှတ်တမ်းကို လူအများဖတ်ခွင့်ရကြပါမူကား အတိုင်းထက် အလွန် တံခွန်နှင့် ဘုရားဖြစ်ပေတော့မည်။ ထိုအခါမှ သေစားသေစေ စီရင်ချက် အကျတွင် ကျွန်ုပ်အဘယ့်ကြောင့် ဟက်ဟက်ပက်ပက် ရယ်မောမိသည်ကို တစ်နိုင်ငံလုံး သဘောပေါက်ကြပေလိမ့်မည်။

ကောင်းပြီ...။ ကျွန်ုပ်၏ ဖြစ်စဉ်မှတ်တမ်းကို အဘယ်မှ စ၍ ရေးရပါမည်နည်း။ ကံကြမ္မာ၏ ရယ်စရာ ကောင်းပုံကို အားရပါးရ သရော်နိုင်ရန်မှာ ကျွန်ုပ်၏ ငယ်စဉ်တောင်ကျေး ကလေးဘဝမှအစချီ၍ ရေးသားမှသာလျှင် ပြည့်ပြည့်စုံစုံ ရှိနိုင်မည်ဖြစ်၏။ ကျွန်ုပ်အား မွေးဖွားကြီးပြင်းလာရာ ပတ်ဝန်းကျင် အခြေအနေတို့ သည် ကျွန်ုပ်၏ အဖြေစ်စဉ်ကို အကြီးအကျယ် ပြုပြင်ဖန်တီးခဲ့ကြသည်ဖြစ်ပေရာ ကျွန်ုပ်အား မွေးဖွားသောအချိန်၌ ကျွန်ုပ်၏ မိဘများရောက်ရှိနေကြသော အခြေကိုလည်း ဖော်ပြရပေဦးမည်ဖြစ်၏။ ကျွန်ုပ်၏ မိဘများ ရောက်နေသော အခြေဖော်ရမည် ဆိုပြန်သောအခါ၌ ကျွန်ုပ်၏ အဘိုးဦးနကီ၏ အဖြစ်အပျက်များကိုလည်း ဖော်ပြဖို့လို၍လာ ပြန်ပေသည်။ အဘိုးဦးနကီ၏ အကြောင်းကို ဖော်ပြရေးသားရလျှင်ကား ... အထက်မြန်မာပြည်ကို သီပေါ ဘုရင်အုပ်ချုပ်နေသည့် ခေတ်အထိ နောက်ကြောင်း ပြန်ရပေလိမ့်မည်။ မြန်မာတို့ လုံးဝလွတ်လပ်ရေးကို ပြန်၍ ရကြသော လက်ရှိခေတ်အထိ နစ်ပေါင်းတစ်ရာခန့် ကာလကို စားမြုံ့ပြန်ကာ ရေးသားရမည်ဆိုခြင်းမှာ မလွယ် လှ ... ရေးသားရမည့် အကြောင်းတို့ကလည်း များပြားရှည်လျားလှပေသည်။ အော် ... ကြိုးမိန့်ကျသော ဤရက် ဤနေ့နှင့် ကြိုးဒဏ်ကို လက်တွေ့ခံရမည့်ရက်တို့ အတော်ကြီးဝေးကွာ၍ နေကြသေးသည်မှာ ကျွန်ုပ်၏ အဖို့တွင် ဤအစဉ် မှတ်တမ်းကို စိမ်ပြေနပြေ ရေးသားနိုင်ရန် အချိန်များစွာပင် ရစေလေသောကြောင့် တစ်နည်းတစ်ဖုံ အားဖြင့်ဆိုလျှင် ကျေနပ်ဖွယ်တစ်ရပ်ပင် ဖြစ်၍နေသေးယောင် တကား...။

ကလေးဘဝ

ကျွန်ုပ်၏ အဘိုးဦးနကီ သည် မွန်သွေးစစ်စစ်ဖြစ်လျက် မြန်မာနိုင်ငံကို အင်္ဂလိပ်တစ်ပိုင်း မြန်မာတစ်ပိုင်း အုပ်ချုပ်နေကြသော ခေတ်၌ တနင်္သာရီဒေသတွင် ဖွားမြင်ခဲ့၏။ ထိုစဉ်အခါကပင်လျှင် ကျွန်ုပ်၏ ဘီဘင်များမှာ အင်္ဂလိပ်မြန်မာစစ်ပွဲများကို ဖြစ်ပွားစေခဲ့သော ဘုံဘေဘားမားသစ်ကုမ္ပဏီနှင့် ဆက်ဆံလျက် သစ်လုပ်ငန်း ကို လုပ်ကိုင်နေကြသူများဖြစ်လေရာ ပစ္စည်းများစွာပင် ကြွယ်ဝ ချမ်းသာ ကြသော သူများဖြစ်ခဲ့ကြ၏။ ထို့ပြင် မင်းသစ်ဖြစ်သော အင်္ဂလိပ်တို့နှင့်လည်း ဂင်ဆန့်၊ သစ်လုပ်ငန်းရှင် ပီပီ တပည့်တပန်း ကလည်း တောင့်တင်း ပြန်လေရာ စကားအစွမ်းကုန် ဆိုရပါလျှင် ကျွန်ုပ်၏ ဘီဘင်များသည် အစိုးရ ရာထူးရာခံများထက်ပင်လျှင် ဘုန်းတန်ခိုးထက်မြက် စူးရှလျက် ဂုဏ်အင်ကြီးမားလေသေးသည်ဟု ဆိုရပေလိမ့်မည်။ ဤအချိန်က အင်္ဂလိပ်တို့သည်လည်း မြန်မာဘုရင်ထက် အုပ်ချုပ်ရေးတွင်ပို၍ ကောင်းမွန်ပါသည်ဟူသော ဂါဒကို ဖြန့်နိုင်သမျှ ဖြန့်၍ နေကြခိုက်ဖြစ်သောကြောင့် တနင်္သာရီအပိုင်ရှိ မွန်မြန်မာ တို့အား ကာသာအပေးကြီးပေးလျက်ရှိကြ သဖြင့် ထိုအခွင့်အရေးများကို လက်ကိုင်ရရှိသော ကျွန်ုပ် ၏ ဘီဘင်များသည် စီးပွားဥစ္စာအကြီးအကျယ်ဖြစ်

ထွန်းခဲ့ကြပေသည်။

ကျွန်ုပ်၏ အဘိုး ဦးနကီအား အင်္ဂလိပ် သက္ကရာဇ် ၁၈၆၀ ပြည့်နှစ်တွင် ဖွား၏။ မြန်မာတစ်နိုင်ငံလုံးကို အင်္ဂလိပ်တို့ သိမ်းယူ၍ သီပေါမင်းတရားအား ရတနာဂီရိသို့ ခေါ်ဆောင်ကြသောအခါတွင် ကျွန်ုပ်၏ အဘိုး ဦးနကီ မှာ အသက်နှစ်ဆယ် ကျော်လျက် အိမ်ထောင်များပင် ကျလျက်ရှိပေပြီ။

မိဘလက်ငုတ်ပစ္စည်းများကို တစ်ဦးတည်းသောသားအဖြစ်ဖြင့် တစ်ယောက်တည်း ဆက်ခံလိုက်ရသော ဦးနကီသည် ပင်ကိုယ်၌လည်း သစ်လုပ်ငန်းကို မိဘလက်ထက်ကထက်ပင် ပိုမို ချဲ့ထွင်ကာ လုပ်ကိုင်လာခဲ့ ၏။ တဖန် သစ်လုပ်ငန်းကို သာမက ပေါ်ဦးစဖြစ်သော သတ္တုတွင်းလုပ်ငန်းကိုလည်း စွက်ဖက်လုပ်ကိုင်ခဲ့ ပြန်၏။ ထိုသို့ လုပ်ကိုင်ခဲ့ခြင်းအားဖြင့် ဦးနကီမှာ ပစ္စည်းအင်အား ဆထက်ထမ်းပိုး တိုးတက်ကြီးထွားလာပြန်ပေရာ သစ်လိုင်စင် ရပါလျက်နှင့် ငွေရင်းမထုတ်နိုင်သော သစ်ကုန်သည်တို့အား ငွေရင်းထုတ်ပေးခြင်း၊ သတ္တုရှိသော မြေကိုပိုင်ပါလျက်နှင့် အရင်းငွေ မလုံလောက်သော သူဌေးကလေးများအား ငွေထုတ်ချေးငှား ခြင်း စသော ငွေချေးသည့်လုပ်ငန်းကိုပါ လုပ်ကိုင်ပါသဖြင့် ထိုစဉ်အခါက ကျွန်ုပ် အဘိုးဦးနကီမှာ အသက် ၃၀ ကျော် အရွယ် သာ ရှိသေးလျက်နှင့်ပင် တနင်္သာရီတစ်လွှား ၌ ဦးနကီဆိုလျှင် မသိသူရှားသလောက် ထွန်းပေါက်လျက် ကျော်စောကိတ္တိ အရှိကြီးရှိနေခဲ့ပေသည်။

ဦးနကီတွင် သားသမီးသုံးယောက် ထွန်းကားခဲ့၏။ အကြီးဆုံးသားဖြစ်သူ ဦးဩဘာကို ပါတော်မူခေတ်ထဲ၌ ဖွားမြင်၏။ သားအလတ်ဖြစ်သူ ဦးဒေါနကိုမူ အင်္ဂလိပ်သက္ကရာဇ် ၁၈၈၇ ခုနှစ်၌ ဖွား၏။ အထွေးဆုံးသမီးဖြစ် သော ဒေါ်စောလှကိုမူကား ၁၈၉၀ ပြည့်နှစ်တွင် ဖွားမြင်ခဲ့လေသည်။ ဦးနကီ၏ သမီးထွေး ဒေါ်စောလှဆိုသူ ကား အခြားမဟုတ် ကျွန်ုပ်တည်းဟူသော သူဌေးဦးကံကောင်း၏ မိခင်ပင်ဖြစ်ပေသည်။

ကျွန်ုပ်၏ အဖွားသည် သားသမီးသုံးယောက် ထွန်းကားပြီးသည့်နောက် သုံးနှစ်ခန့်အကြာတွင် အနိစ္စရောက် ခဲ့၏။ ထိုအခါ ကျွန်ုပ်၏ အဘိုးဦးနကီသည် နောက်ထပ်၍ အိမ်ထောင်ရက်သား မပြုတော့ဘဲ သားသမီးသုံး ယောက်တို့ကိုသာ စောင့်ရှောက် ထိန်းသိမ်းရင်း ကိုယ်ပိုင်လုပ်ငန်းကြီးများတွင် စိတ်အာရုံကို လုံးဝသွင်းကာ ကိုယ်အားစိတ်အား အလွန်ထက်သန်သော အရွယ်လည်း ဖြစ်သည့်အလျောက် ဖိဖိစီးစီးကြီး ပစ္စည်းရှာခဲ့၏။ သို့ဖြစ်သောကြောင့်လည်း လုပ်ငန်းကြီးများ၏ နယ်ပယ်မှာ ကျယ်ဝန်းသည်ထက် ကျယ်ဝန်းလာခဲ့ပေရာ တနင်္သာရီတစ်လွှား၌ ငွေလုံးကြေးလုံးနှင့် အလုပ်လုပ်သူမှန်သမျှတို့သည် ကျွန်ုပ်၏ အဘိုးဦးနကီနှင့် မကင်း နိုင်သောအခြေသို့ ဆိုက်ရောက်လာလျက် နောက်ဆုံးတွင် တနင်္သာရီနယ်၌ ရှိရှိသမျှသော သစ်လုပ်ငန်းရှင်၊ သတ္တုတွင်း လုပ်ငန်းရှင်တို့သည် ကျွန်ုပ်၏ အဘိုးအား ဘဏ်တိုက်ကြီးသဖွယ် သဘောထား အားကိုးကြ သောအဖြစ်သို့လည်း ရောက်လာ၏။ လာဘ်မြင်လှသော ဦးနကီလည်း အင်္ဂလိပ်တို့နှင့်အတူပါလာသော တရားဥပဒေများကို ဆည်းပူးကာ လုပ်ငန်းကြီးများကို ဆိုင်ရာ ဆိုင်ရာခွဲခြား၍ လီမိတက်ကုမ္ပဏီများဖွဲ့ခြင်း၊ ငွေချေးငွေယူ အလုပ်ကြီးကိုလည်း ဘဏ်အဖြစ်ဖြင့် ဖွဲ့စည်းလုပ်ကိုင်ခြင်း ပြုခဲ့သဖြင့် ပစ္စည်းထုထည်ကြီး မားများပြားသလောက် အခြေခံလည်း ခိုင်မာ၍လာခဲ့လေ၏။

ဤကဲ့သို့ မတောင့်မတ မကြောင့်မကြဖြင့် လောက၌ ပူပင်စရာလုံး၀ ကင်းရှင်းသော ဘ၀ဖြင့်သားသမီးသုံးယောက်ကို အုပ်ချုပ်ထိန်းသိမ်းကာ အလုပ်လုပ်၍ ကောင်းနေခိုက်တွင် ကျွန်ုပ်၏ အဘိုးမှာ စိတ်ထင့်စရာကိစ္စတစ်ခုကြုံ၍ လာခဲ့၏။ ထိုကိစ္စမှာကား သားအကြီးဆုံးဖြစ်သူ ဦးသြဘာသည် ဖခင် သူဌေးကြီး ဦးနကီ၏ ရိုက်ရာကို ဆက်ခံ၍ သူကိုယ်တိုင် နောက်တစ်နေ့တွင် သူဌေးကြီးတစ်ယောက်လုပ်ရန်ကို စိတ်ကူးဖို့ဝေးစွ အသက်၁၆ နှစ် သင်္ကန်းဆီး၍ပေးလိုက်သည့် အချိန်မှစ၍ သာသနာတော်မှ ထွက်မလာတော့သည့်အပြင် တစ်သက်လုံးပင် သင်္ကန်းနှင့် ပျော်ပါတော့မည်ဟု ဆုံးဖြတ်ကာ ဖခင်ဦးနကီထံ ပဋိဉာဉ်တက်ခွင့် တောင်းခြင်းပင်ဖြစ်၏။

သားအကြီးဆုံးအား မိမိ၏ အခြေရာကို နင်းလျက် သူဌေးကြီး လုပ်စေချင်နေသော ကျွန်ုပ်၏ အဘိုးမှာ ဦးသြဘာနှင့် ပတ်သက်၍ မိမိထားသမျှသော ရည်မှန်းချက် လွဲချော်ရသဖြင့် စိတ်အပျက်ကြီးပျက်သလို ရှိမိရပေ၏။ သို့သော် ဦးသြဘာမှ ရဟန်းဘောင်၌သာ ပျော်မွေ့လျက် သင်္ကန်းကို ဖွတ်အတင်း ချွတ်ခိုင်းရမည်ကလည်းမသင့်၊ ဖွတ်အတင်း လူထွက်ခိုင်းလျှင်လည်း ဦးသြဘာက ထွက်မည် မဟုတ်။ ထို့အပြင် ဦးသြဘာမှာ အကြီးဆုံးသားကြီး သြရသပင်ဖြစ်စေကာမူ ဖခင်၏ ကုန်သည်လုပ်ငန်း၌ စိတ်မပါ။ ဘာသာတရားကိုသာ စိတ်ဝင်စားလျက် ပင်ကိုယ်အားဖြင့်လည်း ဖခင်ကဲ့သို့ ကုန်သည်ဉာဏ်ရင့် သန်မှုမရှိ၊ အရောင်းအ၀ယ် ရေ့လာဘ်မြင်သူလည်း မဟုတ်လှသောကြောင့် ကျွန်ုပ်၏ အဘိုးဦးနကီသည် သားကြီး ဦးသြဘာ၏ အလိုဆန္ဒကို လိုက်လျောကာ ရဟန်း၀တ်နေခွင့် ပေးလိုက်ရလေသည်။ ထို့နောက် မူကား သားလတ်ဖြစ်သူ ဦးဒေါ်နအား မိမိပိုင် လုပ်ငန်းကြီးများ၌ အစစနားလည်ကျေပွန်အောင် တစ်စတစ်စ သင်ကြားပေးရင်း သမီးထွေးဒေါ်စောလှအား အရိပ်တကြည့်ကြည့် ထိန်းသိမ်းစောင့်ရှောက်ကာသာ နေထိုင်ခဲ့၏။

သို့နေခဲ့ရာတွင် သမီးထွေးကလေး မစောလှမှာ အပျိုအရွယ်သို့ရောက်ပြီဖြစ်သော်လည်း ဖခင်၏ ပစ္စည်းဂုဏ်အင်အထုအထည်ကြီးမားရသည့် အထဲတွင် ရုပ်ရည်ရူပကာယမှာလည်း များစွာပင် ချောမောတင့်တယ်ပြေပြစ်သူဖြစ်နေပြန်လေရာ တနင်္သာရီတိုင်းတစ်လျှောက်တွင် မစောလှ၏ အမည်မှာ လူတကာတို့၏ ပါးစပ်ဖျား၌သီး၍ ရပ်နီးရပ်ဝေး သတင်းမွှေးလျက်ရှိနေပေ၏။ ဦးနကီလည်း သမီးပျိုကလေး အချိန်အရွယ်ရောက်လာ သည်ကို သတိပြုမိသောအခါ၌ သင့်တင့်သော လူငယ်တစ်ဦးနှင့် အိမ်ထောင် ချထား၍ သားမက်ဖြစ်သူအား သားလတ် ဦးဒေါ်နနှင့် အတူ မိမိ၏လုပ်ငန်းကြီးကို တွဲဖက်ဦးစီးစေရသော် အလွန်ပင် သင့်မြတ်ပေလိမ့်မည်ဟု ရှေ့ရေးကို အမြဲမျှော်မှန်းနေခဲ့၏။

ဤသို့ မျှော်မှန်းနေခိုက်တွင် အခြားသော သစ်သူဌေး၊ သတ္တုတွင်း သူဌေးတို့၏ သားယောက်ျားကောင်းများစွာတို့ကလည်း မစောလှနှင့်လက်ဆက်နိုင်ရန် လာရောက်စေ့စပ်တောင်းဆိုလျက် ရှိကြပေရာ ဦးနကီမှာ သင့်တင့်လျောက်ပတ်သော သမက်လောင်း မြောက်များစွာပေါ် ထွက်နေကြသည့်အနက် အတော်ဆုံး သမက်လောင်းကို ရွေးချယ်ရာ၌ ရုတ်တရက် မဝေခွဲနိုင်ဘဲ ချီတုံချတုံ ဖြစ်နေရသောကြောင့် သမီး မစောလှသည် အသက်အရွယ် ငယ်နသေးသည့်အကြောင်း၊ သမီးအသက်ငယ်သေး၍ အတန်ကလေးကြာအောင် အရိပ်ကြည့်၍နေလိုသေးကြောင်း၊ သမီးကလည်း အိမ်ထောင်ရေးကို စိတ်ကူးမျှပင် မထည့်တတ်သေးသော ဤအရွယ်ကလေးတွင်

အိမ်ထောင်ချ၍ပေးလိုက်ရမည်မှာ သနားဖွယ်ဖြစ်ကြောင်းစသည်တို့ကိုသာ ဂုဏ်တယူယူပြောဆို၍ သမက်လောင်းတို့အား အကဲဖမ်းကာ သမက်စံရွေးလျက် နေခဲ့ပေသည်။ ဤသို့ သမီးထွေး ရွှေတုံးပုလဲကလေးအတွက် အလွန်ဂုဏ်တတ်ကာ ဖခင်ကြီး များစွာ မျက်နှာပွင့်လန်းနေသည့် အခိုက်တွင်မှ ကျွန်ုပ်၏ မိခင်လောင်းဖြစ်သော သမီးချော မစောလှသည် ကျွန်ုပ်၏ ဖခင်နှင့် ချစ်ကြိုးသွယ်မိကာ ခိုးရာလိုက်၍ ပြေးပါလေတော့သည်။

အဘယ်ကြောင့် သူဌေးသမီးက မိဘ၏ ဂုဏ်သရေကို မငဲ့ကွက်ဘဲ ခိုးရာလိုက်၍ ပြေးရပါသနည်းဟု မေးပါလျှင် ကျွန်ုပ်၏မိခင်သည် ကျွန်ုပ်၏ဖခင်နှင့်အကြောင်းဆက်၍ပေါင်းဖက်လိုပါက ခိုးရာလိုက်၍ပြေးသောနည်းတစ်နည်းသာရှိသဖြင့် ခိုးရာလိုက်၍ ပြေးရပေသည်ဟုသာ ဖြေဆိုရပါလိမ့်မည်။ အကြောင်းမူကား ကျွန်ုပ်၏ ဖခင်မှာ တောနယ် ဇာတ်အဖွဲ့ကလေးတစ်ခုမှ သဘင်သည်တစ်ဦးဖြစ်ပေသည်။ ထိုခေတ်အခါမှာ သဘင်သည်တို့ အလွန်တရာဂုဏ်ငယ်ကြသောခေတ်ဖြစ်၏။ မြန်မာဘုရင်ရှိစဉ်အခါကမူ ထင်ပေါ်လျှင်စင်တော်ကကောက်သောကြောင့် နန်းတွင်း၏ အချီးအမြှင့်ကို မြို့စားရွာစားအထိပင် အသနားခံကြရသည်။

အင်္ဂလိပ်တို့ အသားကျကျ အုပ်စိုးနိုင်ပြီဖြစ်သော ထိုခေတ်တွင်မူကား သဘင်သည်တို့မှာ ချီးမြှောက်မည့် သူမရှိတော့သည့်အလျောက် ဖက်ခွက်စားဟူသော အယူအဆဖြင့် လူတကာက သိမ်ဖျင်းသေးနုပ် လှသော အခြေ၌ရှိသူ ကျွန်ုပ်၏ဖခင်သည် ဂုဏ်ရှိန်ကြီးမားလှသော ကျွန်ုပ်၏မိခင်နှင့် အဆင့်အတန်းချင်း အလွန်ကွာခြား၍ နေသည့်အတိုင်း အဘယ်နည်းနှင့်မျှ တင့်တယ်စွာ တောင်းရမ်းလက်ထပ်နိုင်ခွင့်ကိုလည်း မမြင်သောကြောင့် ကျွန်ုပ်၏ မိခင်သည် ကျွန်ုပ်၏ ဖခင်နောက်သို့ ကောက်ကောက်ပါအောင် ခိုးရာခိုက်၍ ပြေးခြင်းဖြစ်ပေသည်။ ကျွန်ုပ်၏ မိခင်နှင့်ဖခင်တို့ချစ်ကြိုးသွယ်မိခဲ့ကြရာတွင် တစ်နည်းတစ်လမ်းအားဖြင့် ကျွန်ုပ်အဘိုးဦးနကီ၏ ပယောဂမကင်းဟု ဆိုစရာရှိ၏။ အဘယ့်ကြောင့် ဆိုသော် တနင်္သာရီတွင် ထိပ်သီးသူဌေးကြီးဖြစ်သူပီပီ အဘိုးသည် တစ်ခါ၌ထမင်းရည်ချောင်းစီးအလှူကြီးပေး၏။ လာသမျှ ပရိသတ်ကို ရွှေမှုးစေ့များကမ်းလှမ်း၏။ ခုနစ်ရက်တိုင်တိုင် ဇာတ်ပြိုင် ဆိုင်းပြိုင်များ အခြိမ့်ခြိမ့်ထည့်သွင်း၏။ ဤတွင် ဇာတ်သဘင်သည် ဆိုင်းပညာသည်တို့မှာ အဘိုး၏ အိမ်ကြီး၌ ချောင်လည်စွာ ဝင်ထွက်သွားလာခွင့်ရနေကြပေရာ ကျွန်ုပ်၏ မိခင်နှင့် ဖခင်တို့မှာလည်း မျက်စိချင်း ချိတ်မိရာက နောက်ဆုံး၌ ခိုးရာလိုက်သည်အထိ ဖြစ်ရလေသည်။

ထိုအခါက ကျွန်ုပ်၏ မိခင်မှာ ၁၉ နှစ်အရွယ်သာရှိသေး၏။ ထိုခေတ်က သဘောအရ ၁၉ နှစ်အရွယ်မှာ အိမ်ထောင်ရေးကို တွေးသည့်အရွယ်မျိုးမဟုတ်။ လှလှပပ ဂုတ်စားသွားလာနေဖို့ အရွယ်သာဖြစ်၏။ ထို့ကြောင့်လည်း သူဌေးပိုင်းမင်းပိုင်းမှလာ၍ စေ့စပ်သူများလှသော်လည်း ဦးနကီသည် သမီးငယ်သေးသည်ဟူသော အကြောင်းပြချက်ကို လှလှကြီးပြနိုင်ခဲ့လေသည်။ အရွယ်ငယ်သေးသည်လည်းမှန်၏။ တကယ့်ဂုဏ်ကြီးရှင် သတို့သားလောင်းတွေလည်း ပိုင်းပိုင်းလည်နေ၏။ မိမိတွင်လည်း လိုရာကို တ တိုင်းရလောက်အောင် အခြေရှိ၏။ ရုပ်ရည်အားဖြင့်လည်း အပြစ်ဆိုစရာမရှိ၊ ဖခင်ကြီးဆိုသည်မှာလည်း တနင်္သာရီတိုင်း တစ်တိုင်း လုံး၏ မျက်နှာဖုံးပုဂ္ဂိုလ်ကြီးဖြစ်နေ၏။ ဤမျှလောက် အဖက်ဖက်က ပြည့်စုံနေပါလျက်နှင့် ကျွန်ုပ်၏မိခင်သည် အခြေ

အနေချင်း ကွာခြားလှသော ကျွန်ုပ်ဖခင် သဘင်သည်နှင့်မှ မေတ္တာကူးယှက်မိခဲ့သည်မှာ (နဖူးစာ)ဟုပင် ဆိုရပေတော့မည် အထူးရေးဖွယ်မလိုတော့ ...။

**ဆက်ရန်**

## တင့်တယ် ၏ ကမ္မဖလ အပိုင်း (၃)

သို့သော်လည်း မည်သို့ပင်လျှင် နဖူးစာပါပဲ...ဟု ဆိုရစေကာမူ တနင်္သာရီတိုင်း၏ မျက်နှာဖုံး ထိပ်သီး သူဌေးကြီး၏ သမီးချောကလေးသည် ဘာမဟုတ်သော သဘင်သည် အနုတ်စုတ်ဂုတ်စုတ်နှင့် ခိုးရာလိုက်ပြေးသည် ဆိုသောကိစ္စမှာ တော်ရုံတန်ရုံဖြင့် ကြားရသူပင်လျှင် ကိုယ့်နားကိုယ် ယုံနိုင်မည် မဟုတ်၊ မိဘမောင်ဖွားအားလုံးတို့၏ မျက်နှာကို အကြီးအကျယ် အိုးမဲသုတ်လိုက်သော ကိစ္စကြီး ဖြစ်နေပေရာ ငါ့သမီးတော်လှဟု ချီးမွမ်းနေဆဲ ယောက်မကိုမြင်းစီး၍ ထွက်သည့်နှယ် ရှက်ဖွယ်ကြီးလိလိ ကြုံရသော ကျွန်ုပ်၏ အဘိုးဦးနကီတွင် မည်မျှ စိတ်ကိုထိခိုက်သွားသည်ဟူမူကား အသက်သွေးခဲပမာ အချိန်မလင့်စောင့်ကြပ်ထိန်းသိမ်း၍ ကြီးပမ်းနေသော လုပ်ငန်းခွင်တာဝန်ကြီးများကိုပင် မျက်နှာလွှဲခဲပစ် သားလတ်ဦးဒေါ်နနှင့် ထားပစ်ခဲ့ပြီးနောက် သုံးလကြာမျှ အထက်မြန်မာပြည်သို့ ဘုရားဖူးတက်၍ သွားသည်ကို ထောက်ဆကြည့်လျှင် သိကြပေလိမ့်မည်။

မစောလှ၏ အစ်ကိုကြီးဖြစ်သူ ဦးပဠင်း ဦးဩဘာပင်လျှင် လောကီနှင့်မဆိုင်သော ရဟန်းဘဝ၌ပင် ရှိနေလျက်နှင့် နမအတွက် ရှက်လှသောကြောင့် တနင်္သာရီမှ မန္တလေးသို့ စာသင်မည်ဟု အကြောင်းပြကာ ဖခင်ကြီး အထက်မြန်မာပြည်သို့ အတက်တွင် အတူလိုက်ပါ၍ အပြီးအပိုင် ပြောင်းရွှေ့ ထွက်ခွာသွားသည်အထိလည်း ဖြစ်ခဲ့၏။

အင်္ဂလိပ် သက္ကရာဇ် ၁၉၇၉ ခုနှစ်၌ ခိုးရာလိုက်ခဲ့သော ကျွန်ုပ်၏မိခင် ဒေါ်စောလှသည် ၁၉၁၈ ခုနှစ်ထဲသို့ ရောက်သောအခါ၌ ကျွန်ုပ်အား ဖွားမြင်ခဲ့လေသည်။ ဤအချိန်အထိ ကျွန်ုပ်၏ မိခင်မှာ ဇာတိရပ်ခွင်သို့ ပြန်၍ မဝင်ဝံ့သေး။ ကျွန်ုပ်၏ အဘိုး နှင့် ဦးလေးများတွင် မည်မျှ ရှက်နာကြီးကျ၍ နေသည်ဆိုလျှင် အိမ်၌ (မစောလှ) ဟူသောအမည်ကိုပင် မည်သူမျှ မပြောကြ။ ကျွန်ုပ်၏မိခင် ခိုးရာအလိုက်၌ ကျန်ရစ်ခဲ့သော အဝတ်အစားပစ္စည်း အသုံးအဆောင်မှန်သမျှတို့ကိုလည်း သင်္ချိုင်းတွင်သွား၍ မီးပုံရှို့ပစ်ကာ ကျွန်ုပ်၏ အဘိုး က သမီးမစောလှ သေလေပြီဟု ကြေညာ၏။

ထို့ကြောင့် ခိုးရာလိုက်ပြီးနောက် တစ်နှစ်ကျော် နှစ်နှစ်နီးပါးကြာခဲ့သည့်တိုင်အောင် ကျွန်ုပ်၏မိခင်မှာ မိဘရပ်ထံသို့ ပြန်ဝံ့ဖို့ဝေးစွ၊ နေအိမ်ဟူ၍ပင် အတည်တကျမရှိ၊ သဘင်သည် ဖြစ်သူ ခင်ပွန်း ဇာတ်က,ရာတွင်သာ တကောက်ကောက်လိုက်နေရရှာသည်။
ကျွန်ုပ်အားဖွားမြင်လာ၍ သားယောကျာ်းကလေးရသောအခါ၌ ကျွန်ုပ်၏မိခင်သည် များစွာ အားတက် သရော ဖြစ်လာရာ၏။ အဘယ်ကြောင့်ဆိုသော် အဘိုးဦးနကီသည် သားယောကျာ်းလေး များကို အလွန်မြတ်နိုးသော စိတ်ရှိသည်ကို ကျွန်ုပ်၏မိခင်အသိဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်အားဖွားမြင်၍ ယောကျာ်း ကလေးမှန်းသိသည်နှင့်

တစ်ပြိုင်နက် ကျွန်ုပ်၏မိခင်သည် "သူ့အဘိုးအေးကြီးများသိရင် ဘယ်လောက်များ ဝမ်းသာ လိုက်မလဲနော်" ဟု မီးကပ်ပေါ်မှ ဆိုမိရှာလေသည်။ သားယောက်ျားလေးကိုမြတ်နိုးသော ကျွန်ုပ်၏ အဘိုးသည် ယခုကဲ့သို့ မြေးဦး ယောက်ျားလေးရသောအခါ စိတ်ပြေလိမ့်မည်ဟု ကျွန်ုပ်၏မိခင်ထင်မှန်းကာ အားတက်မိရှာခြင်း ဖြစ်ပေသည်။ ဖခင်ကြီးအမျက်ပြေကာ မိဘရပ်ထံပြန်၍ကပ်ခွင့်ရပါက အစစအရာရာချောမော ပြေပြစ်နိုင်မည်ဖြစ်သောကြောင့် ကျွန်ုပ်အတွက် အားတက်ရှာသော မိခင်သည် ကျွန်ုပ်အား "မောင်ကံကောင်း"ဟု တနင်္လာသားပီပီ ကင်ပွန်း တပ်ခဲ့၏။

ထို့နောက်တွင် ကျွန်ုပ်၏မိခင်သည် ကျွန်ုပ်အား ဖွားမြင်ကြောင်းကို လူကြုံဖြင့် ဖခင်ဦးနကီထံသို့ သတင်းပို့ ခဲ့၏။ သို့သော် သတင်းကို လက်ခံပုံမှာ အခြေမလှခဲ့ပေ၊ အဘယ်ကြောင့်ဆိုသော် မြေးဦးကလေးရကြောင်း သတင်း ပို့သူ လူကြုံဧည့်သည်ကိုပင် ဦးနကီက ရိုက်မောင်းပုတ်မောင်း လုပ်မတတ် ဒေါသဖြင့် အော်ငေါက် နှင်ပစ် သည်ဟူသော သတင်းစကားကို ပြန်၍ကြားရသည်။ ထို့ကြောင့် ကျွန်ုပ် နှစ်နှစ်သား အရွယ်သို့ ရောက်သည် အထိ ကျွန်ုပ်၏မိခင်သည် မိဘရပ်ထံသို့ ပြန်ခွင့်မပေါ်ဘဲပင် ရှိနေသေးသည်။

တစ်နှစ်သားအရွယ် အခါလည်ကျော်ကျော်မှစ၍ ကျွန်ုပ်လူမှန်းသိတတ်သည်က နှစ်နှစ်သား ဖြစ်လာသည့် ကာလ အတွင်း၌ ဖြစ်ပျက်သမျှတို့ကို ကျွန်ုပ်ခပ်ရေးရေးသာ မှတ်မိပေတော့သည်။ ထိုအခါက ကျွန်ုပ်သည် ဖခင်ဖြစ်သူ ဇာတ်ကရာသို့ မိခင်နှင့်အတူ တကောက်ကောက်လိုက်ပါနေခဲ့ ရ၏။ ဇာတ်သေတ္တာများပေါ်၌ တက်၍ကစား၏။ ကာလိပ်ကြီးများကြား၌ တူတူပုန်း၏။ ပတ်မ၊ ခြောက်လုံး၊ ပုံ၊ ကြေးဝိုင်း၊ ဆိုင်းဝိုင်းများ အကြား သို့ဝင်၍ တီးခေါက်၏။ ညနေပိုင်း၌ ပွဲရုံအတွင်း ဖျာများ ခင်းပြီးသောအခါ ထိုကျယ်ပြန့်သော ဖျာခင်း များပေါ်၌ ပြေးလွှားကစားရသည်။ ဆိုင်သံတညံညံဆူနေသော ဇာတ်စင်နောက်၌ ထမင်းစား ရသည်။

ညပိုင်းသို့ရောက်သောအခါ ပုဏ္ဏားကွယ်တိုင်ဖုံးကား၏ နောက်ကွယ်မှနေ၍ ကျွန်ုပ်၏ ဖခင် သဘင်သည် ကပုံ ပြပုံများကို ချောင်းကြည့်ကာ ညတစ်ချက်တီး နှစ်ချက်တီးလောက်မှ စောင်ပုခက်နှင့် အိပ်ရသည်။ လေဆောင် သော လေပွေသည့်ပမာ ဇာတ်ရွှေ့ရာသို့ပါ၍ အိမ်ဆိုသည်မှာ ဘာမှန်းမျှ မသိသလောက် ရှိခဲ့လေသည်။ ရွာလယ်ရှင် မင်းကလေး၏ဘဝဖြင့် ဤသို့နေရရင်းကကြီးလျှင် ဇာတ်မင်းသား လုပ်မည်ဟုလည်း ကလေးစိတ် ဖြင့် ဖခင်ဖြစ်သူကို အားကျမိလေသည်။ မိခင်နှင့် ဖခင်တို့သည် ပိုက်ဆံနှင့် ပတ်သက်၍ မကြာခဏ စကား များကြသည်ကိုလည်း တွေ့ရရှသည်။ အဘယ်ပုံစ၍ အဘယ်ပုံ အဆုံးသတ်သည်ကိုကား မမှတ်မိပေ။ ဤ ကာလအတွင်းက အတိတ်ကားချပ်တို့သည် အချိန်ဝေးပြီဖြစ်သောကြောင့် ရေးရေးသာလျှင် ထင်လေတော့ သည်။

သို့သော် ကျွန်ုပ်၏ ကလေးစိတ်တွင် နှလုံးသားကို သံပူကပ်၍ တံဆိပ်နှိပ်လိုက်ဘိသကဲ့သို့ သေသည်အထိ ပျောက်နိုင်မည်မဟုတ်သော အဖြစ်အပျက်ကြီး သုံးရပ်တို့ကိုမူကား ကျွန်ုပ်သည် စိတ်ထဲ၌ သံမှိုဖြင့် စွဲနက် ထားသကဲ့သို့ တွေးလိုက်တိုင်း ကွက်ကွက်ကွင်းကွင်း ထင်းထင်းကြီး အမြဲ မှတ်မိနေ၏။ ထိုအဖြစ်အပျက်ကြီး သုံးရပ်တို့သည်ပင်လျှင် ကျွန်ုပ်၏ ထူးဆန်းလှသော ကံကြမ္မာကို ဖန်တီးရန် အုတ်မြစ်ချပေးခဲ့သည်ဟု

ဆိုနိုင်ပေသည်။ ထိုအဖြစ်အပျက် သုံးရပ်တို့က ကျွန်ုပ်စိတ်ကို မည်မျှပြုပြင် ဖန်တီးပစ်လိုက်သည်ကို ကျွန်ုပ်၏ အဖြစ်စဉ် မှတ်တမ်းကို ဖတ်ပြီးသောအခါမှသာ ပိုင်ပိုင်နိုင်နိုင် သိနိုင်ကြပေလိမ့်မည်။

ကလေးအရွယ် နုနယ်သော စိတ်သည် အလွန်သန့်ရှင်းကြည်လင်ဖြူစင်၏။ ထို့ကြောင့် သာမန်ထက်ပို၍ ထူးကဲသော အဖြစ်အပျက်သည်လည်းကောင်း၊ ဝမ်းသာဖွယ် အဖြစ်အပျက် သို့မဟုတ် ကြေကွဲဖွယ် အဖြစ်အပျက်တို့သည်လည်းကောင်း၊ ကလေး၏စိတ်၌ သည်းပွတ်ကို မင်ကြောင်ထိုးထားသည့်ပမာ စွဲမြဲ စေတတ်ပေသည်။ ထို့သို့ ခိုင်ခိုင်ကြီး စွဲမြဲသော အစွဲသည် နောက်ကြီးပြင်းလာသောအခါတိုင်အောင် လောကကို ဆင်ခြင်ရာ၌လည်းကောင်း၊ နေ့စဉ်အတွေ့ အကြုံများ၌လည်းကောင်း၊ သာမန်အမြင်ဖြင့် မမြင်တတ်စေဘဲ ထိုရှိရင်းစွဲဖြစ်သော အစွဲစိတ်၏ မှန်ပြောင်းထဲမှ ဖြတ်သန်း၍ မြင်ရသလိုသာ မြင်စေတတ်ပေသည်။ ငယ်စဉ်က စိတ်မူမမှန်ဘဲ ကြီးပြင်းလာခဲ့ရသူ မှန်သမျှတို့သည် စိတ်၌စွဲမြဲနေသော အစွဲကြောင့် ကြီးပြင်းလာသောအခါတွင် မည့်သည့်ကိစ္စမဆို မူမှန်အတိုင်း မြင်လေ့မရှိ။

အစွဲ၏ပယောဂ အမှောင့်ဖြင့် မူမမှန်သော အမြင်ကိုသာ မြင်တတ်၏။ ထို့ကြောင့် အတွေးအခေါ် အယူအဆတို့မှာလည်း သာမန်လူတို့၏ အတွေးအခေါ် အယူအဆနှင့်မတူ။ အကြံအစည် အလုပ်အကိုင် တို့မှာလည်း သာမန်အကြံအစည် အလုပ်အကိုင်မျိုးမဖြစ်။ ဝါးပင်ပျိုကို ငယ်စဉ်ကကောက်နိုင် ဖြောင့်နိုင်ဘိသကဲ့ သို့ ကလေးငယ်၏ စိတ်သည်လည်း ငယ်စဉ်ကကောက်လျှင် ကြီးသောအခါ ဖြောင့်၍မရအောင် ကောက်တတ်သည်။ ဖြောင့်၍မရအောင် ပုံပျက်လျက်နေသော စိတ်သည် ကြီးပြင်းလာသောအခါတွင် ပြန်၍ ဖြောင့်နိုင်ရန် ခဲယဉ်းလှပေ၏။ နုနယ်သိမ်မွေ့သော ကျွန်ုပ်၏ ကလေးစိတ်ကို ယခုရေးသားဖော်ပြမည့် အဖြစ်အပျက်ကြီး သုံးရပ်တို့က ဖြောင့်၍ မရနိုင်လောက်အောင် ထုနက်ကောက်ကွေးစေခဲ့၏။ ထို့ကြောင့်လည်း ယင်းသို့ အဖြစ်အပျက်ကြီး သုံးရပ်တို့ကို လောလောဆယ်၌ ဖြစ်ပွားနေသည့်ပမာ အမြဲစိတ်မှာမှတ်မိနေပေသည်။ မှတ်မိသေးသည်။ ပထမ အဖြစ်အပျက်ကြီးကို ကြုံရစဉ်က ကျွန်ုပ် အသက်သုံးနှစ်အရွယ်ခန့် ရှိပေပြီ၊ သုံးနှစ်သားအရွယ် ကလေးတို့၏ သဘာဝအတိုင်း ကျွန်ုပ်မှာ မြင်မြင်ကရာကို အထူးအဆန်းမှတ်ထင်လျက် မိဘများအား မေးခွန်းများ အဆက်မပြတ်မေးသော အရွယ်ဖြစ်ပေရာ တစ်ညတွင် စကြာရေချဇာတ်ကို ပြသည်နှင့် ကြုံ၏။ ကျွန်ုပ်လည်း ကျွန်ုပ်ဖခင်က စကြာမင်းကလေးသဏ္ဍာန် က ပြ၍ ဘိုဘိုးအောင်က ရေမှ ကယ်ဆယ်သော အခန်းကို ပုဏ္ဏားကွယ်တိုင်ဖုံးနောက်မှ ခါတိုင်းကဲ့သို့ ချောင်း၍ ကြည့်နေမိ၏။ ဇာတ်ဟန်အမူအရာအတိုင်း စကြာမင်းကလေးက ဘိုးဘိုးအောင်အား "ဘိုးဘိုး" ဟုခေါ်ပေရာ "ဘိုးဘိုး" ဟူသော စကားလုံးကို ကျွန်ုပ်၏မိခင်က ကျွန်ုပ်အထူးတလည် မှတ်မိသွား၏။ ထို့ကြောင့် ကျွန်ုပ်အား သိပ်သောအခါ၌ "မေမေ့သားမှာ ဘိုးဘိုးမရှိဘူးလားဟင်" ဟု ကလေးစိတ်ဖြင့် အမှတ်မထင် မေးမိ၏။

ဤသို့ မေးလိုက်သောအခါ ကျွန်ုပ်၏ မိခင်သည် ရှေးဖြစ်ဟောင်းများကို တွေးကာ မျက်ရည်ဖြိုင်ဖြိုင် ကျရှာပေသည်။ မျက်ရည်ကျရာက ငိုသံဖြင့် " သားမှာ ဘိုးဘိုးရှိပါသော်ကောကွယ်" ဟု တုန်တုန်ရီရီဖြေရှာ၏။ ထိုအခါ ကျွန်ုပ်က "ဒါဖြင့် ဘိုးဘိုးဘာပြုလို့ သားတို့ဆီကို မလာတာလဲဟင်" ဟု မေးလိုက်ပြန်ပေသည်။ ကျွန်ုပ်

၏ မိခင်သည် ဘာစိတ် ဘာလက်ပေါက် သည်မသိ၊ ကျွန်ုပ်အား ချော့၍ သိပ်ရင်း " သားရဲ့ ဘိုးဘိုး ဟာလေ သိပ်ပြီး ချမ်းသာတာပဲကွယ်၊ သိလားသားရဲ့၊ ရွှေမန်ကျည်းတောင့်တွေဆိုတာ စဉ့်အိုးနဲ့သုံးလုံးတောင်မှ ပဲ ရှိသကွဲ့။ ငွေဒင်္ဂါးတွေဆိုတာဟာလည်း တင်းတောင်းနဲ့ ခြင်ရသကွဲ့၊ စိန်တွေ၊ ကျောက်တွေဆိုတာကဖြင့် ကွယ် ကွမ်းအစ်ဖုံးကြီးနဲ့ တစ်လုံးပဲကွဲ့ သားရဲ့" ဟု စသည်ဖြင့် ကျွန်ုပ်အား ပုံကလေးတစ်ပုံပြော သလို ပြောပြ ရှာလေသည်။ ပုံနားထောင်သလို " အင်း" လိုက်၍ နားထောင်သူ ကျွန်ုပ်က " ဒါဖြင့် မေမေရယ် ဘိုးဘိုး တို့ဆီကို ကျွန်တော်တို့ သွားရအောင်နော် မေမေဟုတ်လား ဘိုးဘိုးက ကျွန်တော့်ကို ငွေဒင်္ဂါးတွေ ကစားဖို့ ပေးမှာပဲနော်" ဟု ပြောလိုက်ရာ ကျွန်ုပ်၏ မိခင်သည် မျက်ရည်လည်ရွဲနှင့် ကျွန်ုပ်၏ နဖူးကို နမ်းရာရင်း " အေးကွယ် ငါ့သား ကြီးပြင်းလာတော့ သွားတာပေါ့ သားက အခု ငယ်သေးတယ်။ ကဲကွယ် အိပ်.....အိပ်" ဟု ဆိုကာ ချော့မော့၍ သိပ်ရှာပေသည်။

ထိုနေ့မှစ၍ ကျွန်ုပ်တွင် " ဘိုးဘိုး" ဟူသော စကားတစ်လုံး တိုးလာ၏။ ညအိပ်ရာဝင်တွင် မိခင်အားပုံပြောရန် ပူဆာတိုင်း ရွှေယုန်ရွှေကျား၊ မယ်ထွေးတို့၏ ပုံများကို နားမထောင်ချင်တော့ဘဲ ဘိုးဘိုးပုံပြင် ကိုသာပူဆာတတ် သော အကျင့် ဖြစ်လာ၏။ ကျွန်ုပ်က ဤသို့ ပူဆာတိုင်း ကျွန်ုပ်၏ မိခင်သည် ဆေးလေးသော အသံဖြင့် သူ၏ ကြေကွဲဖွယ်ရာ အဖြစ်အပျက်ပုံ ကလေးတစ်ပုံပမာ စီကာပတ်ကုံး ဇာတ်လုံး ပေါ်အောင် ပြောပြတတ်ပေ သည်။ နောက်ဆုံး၌ ကျွန်ုပ်က "ဘိုးဘိုးဆီကိုသွားရအောင်"ဟု ပူဆာလျှင် မိခင်ကလည်း "အေးပါကွယ် ငါ့သား ကြီးပြင်းတော့ သွားတာပေါ့ အိပ်ကွယ်အိပ်"ဟု ချော့သိပ်ခြင်းဖြင့်သာ နိဂုံးချုပ်ရစမြဲဖြစ်၏။ တစ်လနစ်လ ခန့်ကြာသောအခါတွင် ကျွန်ုပ်၏ အဘိုးဦးနဂီ၏ မိတ်ဆွေရင်းချာ အဒေါ်ကြီး တစ်ဦးသည် ကျွန်ုပ်၏ မိခင်အား ပွဲကြည့်လာရင်း ဇာတ်ခုံအနောက်သို့ဝင်၍ တွေ့ဆုံလေသည်။ ထိုအဒေါ်ကြီးမှာ မိခင်၏ အဖြစ်ကို မြင်ရ သောအခါတွင် ရင်ထုမနာ ဖြစ်ရှာလျက် သူအပြန်တွင် ကျွန်ုပ်၏ မိခင်ကို အဘိုးတို့မြို့ကိုလိုက်ခဲ့ရန် စရိတ်ခံ ခေါ်ရာသည်။ ထို့အပြင် ကျွန်ုပ်၏ အဘိုးအား မြေးဦးယောကျ်ားကလေးဖြစ်သော ကျွန်ုပ်ကို ပြနိုင်စေရန်လည်း စီစဉ်ပေးမည်ဟု ပြောဆိုပေသည်။

ရရစားစား ဇာတ်သမား၏ မယားအဖြစ်ဖြင့်နေရသူ ကျွန်ုပ်မိခင်မှာ ဖခင်ရပ်ထံသို့ ပြန်လိုရာ၌ ဖခင်၏ အမျက်မပြေသေးသည်က တစ်ကြောင်း၊ ပြန်လောက်အောင် စရိတ်စက မရှိသောကြောင့် လည်းကောင်း၊ မပြန်ဖြစ်နိုင်ဘဲ ရှိရလေရာ ထိုကဲ့သို့ ကူညီစောင်မမည့်သူ ပေါ်ပေါက်လာသောအခါ ၌ ကျွန်ုပ်၏ ဖခင်ထံတွင် မိဘရပ်ထံသို့ ခေတ္တပြန်လိုကြောင်း ခွင့်တောင်း၏။ ကျွန်ုပ်၏ဖခင်ကား သဘင်သည်ပီပီ ပေါ့ပေါ့တန်တန်နေ သူဖြစ်ရာ ဘာမျှ မထူးခြားသလို ခွင့်ပေးလိုက်လေသည်။

ခရီးစ၍ ထွက်ရသောနေ့၌ကျွန်ုပ်အလွန်ပျော်ခဲ့၏။ "ဘိုးဘိုးဆီကို သွားတော့မယ်။ ဘိုးဘိုးဆီကို သွားတော့မယ်" ဟု သဘယ်သည်၏သားပီပီ သီချင်းကလေးလုပ်၍ပင် ဆိုမိပေသည်။ မကြာမီပင် ကျွန်ုပ်တို့ သားအမိသည် ခေါ်ဆောင်လာသူ အဒေါ်ကြီးနှင့်အတူ ဘိုးဘိုးရှိရာမြို့သို့ ရောက်ခဲ့ကြ၏။ ရောက်၍ အဒေါ်ကြီးအိမ်သို့ တက်မိ ကြသည်နှင့် တစ်ပြိုက်နက် ကျွန်ုပ်က "ဘိုးဘိုးက ဘယ်မှာလဲ... ဘိုးဘိုးဘယ်မှာလဲ" ဟု ပူပူဆာဆာမေး၏။

အားလုံးကပင် ကြင်နာစွာပြုံးကြလေသည်။ ထိုနောက် ကျွန်ုပ်၏မိခင်က " တွေ့ရမှာပေါ့သားရယ်.. မင်းဘိုးဘိုးနဲ့ တွေ့ရတော့မှာပါပဲကွယ်" ဟု နှစ်သိမ့်စကား ပြောရှာ၏။

နောက်တစ်နေ့သို့ရောက်သောအခါတွင် အဒေါ်ကြီးသည် ကျွန်ုပ်၏ အဘိုးဦးနကီအား နေ့လယ်ပိုင်း၌သွား၍ ဖိတ်ခေါ်ယူခဲ့၏။ အဒေါ်ကြီးအိမ်သို့ ကျွန်ုပ်အဘိုးရောက်လာသောအခါ ကျွန်ုပ်နှင့် ကျွန်ုပ်၏မိခင်တို့မှာ အိမ်တွင်း၌ နေကြရပေသည်။ ကြိုတင်စီစဉ်ထားသည့်အတိုင်း ကျွန်ုပ်၏ အဘိုးနှင့် အဒေါ်ကြီးတို့ စကားလက်ဆုံကျချိန်လောက်တွင် အဒေါ်ကြီးက "လူကလေးရေ.. လာပါအုံး" ဟု အသံပေးလိုက်၏။ ကျွန်ုပ်မှာလည်း မိခင်၏ ကြိုတင်သွန်သင်ထားချက်အတိုင်း အတွင်းခန်းမှ ဧည့်ခန်းသို့ ထွက်ခဲ့ရပေသည်။ ဧည့်ခန်းထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏ အဘိုးသည် ကျွန်ုပ်အားစေ့စေ့စပ်စပ်ကြည့်နေသည့်အတွက် မြေးအဘိုးတို့ လက်ဦးဆုံး အကြိမ် မျက်နှာချင်းဆိုင်မိကြလေတော့သည်။ ကျွန်ုပ်လည်း အဘိုးဖြစ်သူကိုကြည့်ရင်း အကဲခတ်နေမိ၏။

ကျွန်ုပ်လည်း အဘိုး ဦးနကီကား ရောင်ထုံးထုံး၍ ပန်းရောင်ခေါင်းပေါင်းကို စောင်း၍ ပေါင်းရစ်ထားပေသည်။ ကိုယ်ဟန်မှာ ပိန်ပိန်ပါးပါး အရပ်ရှည်၏။ အသားလတ်သည်။ နာခေါင်းလုံးသည်။ ကျွန်ုပ်ကို မြင်သည်နှင့် တစ်ပြိုင်နက် အဘိုးသည် အဒေါ်ကြီးဘက်သို့ လှည့်ကာ "ဘယ်ကကလေးလဲဗျ၊ အရပ်ထဲမှာ မမြင်ဘူးပါကလား"ဟု မေး၏။ ဤအခါတွင် ကျွန်ုပ်သည် လူကြီးများသင်၍ထားသည့်အတိုင်း "ဘိုးဘိုး"ဟု ခေါ်ရင်း ကျွန်ုပ်အား လှမ်း၍ ပွေ့ယူရင် "တော်တော်ထွားတဲ့ ကလေးပဲနော်.. နှုတ်ကလည်းသွက်ပါဘိသနဲ့ ဘယ်သူ့ကလေးတုန်း"ဟု ထပ်၍ မေးပြန်လေသည်။ ထိုအခါတွင် အဒေါ်ကြီးက ပြုံး၍ "သေသေချာချာ ကြည့်စမ်းပါအုံး ဦးနကီရဲ့၊ ဘယ်သူ့ကလေးထင်သလဲ"ဟု ပြောလိုက်ရာ ကျွန်ုပ်၏အဘိုးသည် ကျွန်ုပ်အား စေ့စေ့ ကြည့်ပြီး နောက် "ဟင့်အင်း...ကျုပ် ဒီကလေးကို အရပ်ထဲမှာ မမြင်မိပါဘူးဗျာ"ဟု ထပ်၍ပြောလေသည်။ သို့ပြော လိုက်သည်၌ အဒေါ်ကြီးက "ဦးနကီ ရုပ်ကို မဖမ်းမိရင်သာရှိမယ်၊ ဒီကလေးဟာ ဦးနကီရဲ့ မြေးဦး ယောက်ျား လေးလေ၊ မစောလှလည်း ဒီအိမ်မှာ အခုရောက်နေတယ်"ဟု ပြောလိုက်၏။ ချက်ခြင်းပင် ကျွန်ုပ်အား သူ့ပေါင်ပေါ်မှာ တွန်းဖယ်၍ချလိုက်၏။ ချက်ခြင်းပင် ထိုင်ရာမှ ပြန်နီးခနဲထလိုက်၏။ ချက်ခြင်းပင် "ထွီခနဲ" ထွေးခံထဲသို့ တံတွေး ထွေးလိုက်ပြီးနောက် ချက်ခြင်းပင် တုန်ရီသောဒေါသဖြင့် ခြေလှမ်းပြင်တော့၏။

ဤတွင် ကျွန်ုပ်မှာ ကြမ်းပြင်ပေါ်၌ တစောင်းကလေးလဲလျက် ငိုယိုနေမိပေသည်။ ဤအခိုက်တွင်ပင် ကျွန်ုပ်၏ မိခင်သည် အိမ်တွင်းခန်းမှ ပြေးထွက်လာကာ "ရက်စက်လှချည် လားဖေဖေရယ်..၊ ရက်စက်နိုင်ပါပေ့ ဖေဖေ ရဲ့"ဟု ငိုယိုရင်း အဘိုး၏ ခြေသလုံးကို ကျုံး၍ဖက်ရှာလေတော့သည်။ ကျွန်ုပ်၏အဘိုးကား နတ်ကျသကဲ့ သို့ တစ်ကိုယ်လုံးတုန်လျက်နေရင်း "ဖယ်...ဖယ်... ငါ့မထိနဲ့"ဟု ဒေါသကြီးစွာ ပြောရင်း သူ့ခြေထောက်ကို ဆောင့်၍ ရုန်း၏။ သို့သော် ကျွန်ုပ်၏မိခင်သည် မျက်ရည် တစ်ပေါက်ပေါက်ကျဆင်းရာက အဘိုး၏ ခြေသလုံး ကို သိမ်း၍သာဖက်ရှာရင်း "ဒါလောက် မရက်စက်ပါနဲ့ ဖေဖေရယ်... ကိုယ့်သွေးအရင်းပါဖေဖေ ရယ်"ဟု ပြောငို ငိုရှာလေသည်။ အဘိုး၏ ခြေဖမိုးကို နဖူးတင်ကာ ဆံပင်နှင့် ပွတ်ရင်း ရှိုက်ငင်နေရှာသည်။ အဘိုးသည် ခေတ္တမျှ တွေ၍နေ၏။

ပြီးသောအခါ ကျွန်ပ်မိခင်၏ ဆံပင်ဆွဲ၍ မျက်နှာကိုမော်စေပြီးလျှင် မိခင်၏မျက်နှာကို စေ့စေ့ကြီးပြီးနောက် တင်းမာသော မျက်နှာထား၊ ခက်ထန်သော အသံကြီးဖြင့် "ဟေ့.. သူငယ်မရဲ့၊ မင်းကငါ့ကို အဖေအဖေနဲ့ ခေါ်တာဟာ လူများနေပြီ ထင်တယ်ကွဲ့ မင်းအဖေဟာ ငါမဟုတ်ဘူး"ဟု ခါးခါးသီးသီး ပက်ပက်စက်စက်ကြီး ပြောကာ ခြေထောက်ကိုရုပ်သိမ်း၍ ဖိနပ်ချွတ်ရှိ ဖိနပ်ကိုပင်မစီးတော့ဘဲ အိမ်ပေါ်မှ အပြေးအလွှား ဆင်းသွား လေတော့သည်။ ကျွန်ပ်၏ မိခင်သည်။ ကြမ်းပေါ်၌ မှောက်လျက်သားငိုယို၍ ကျန်ရစ်၏။ ထို့နောက် ကုန်း၍ ထကာ ဆံပင်ဖိုးရိုးဖားရားနှင့် ကျွန်ပ်အားပြေး၍ပွေ့ယူရင်း "ကံဆိုးလှချည့်သားရယ်၊တို့သားအမိ ကံဆိုးလှ ချည်ရဲ့ကွဲ့"ဟု မချိတင်ကဲ ငိုရှာလေတော့သည်။ ကျွန်ပ်လည်း မိခင်နှင့်ရော၍ ငိုမိ၏။

ဤအဖြစ်အပျက်သည် ကျွန်ပ်၏ အသက်ဂိညာဉ်ကို ဓားနှင့်ထစ်၍ မှတ်သားထားသကဲ့ သို့ စွဲမြဲနေသည်မှာ မည်သည့် အခါမျှ မေ့ပျောက်နိုင်လိမ့်မည်မဟုတ်ပေ။ ထိုအဖြစ်အပျက် သည် ကျွန်ပ်အား ကျွန်ပ်၏အဘိုးကို မုန်းတီးစေရန် ဖန်တီးခဲ့၏။ အဘိုးနှင့် မတွေ့ရခင်က အဘိုးနှင့်တွေ့လျှင် အလွန်ပျော်စရာ ကောင်းပေလိမ့် မည်ဟု မိုးမမြင် လေမမြင်အတွေးနှင့် ကြည်နူးခဲ့သော ကျွန်ပ်၏ ကလေးအရွယ် နုနယ်လှသော စိတ်ကလေး မှာ အဘိုးနှင့် အထက်ပါအတိုင်း တွေ့လိုက်ရသောအခါ တစ်ခါတည်း ထက်ပိုင်းကျိုး၍ မိုးကြိုး စက်ကွင်း ထိခြင်းခံလိုက်ရဘိသကဲ့သို့ အညှိုအမည်းကြီး ဖျက်မရအောင် စွန်းကွက်၍ ထင်ကျန်ရစ်ပေ သည်။ အဘိုးအား အိပ်မက်မက်၍ ချစ်ခင်တွယ်တာခဲ့သော စိတ်မှာလည်း အဘိုးအားကြောက်ရွံ့ရွံ့ရှာ မုန်းတီးသောစိတ် အဖြစ်သို့ တစ်ခါတည်း ပြောင်းလဲ သွားခဲ့လေတော့သည်။

ကျွန်ပ်၏ စိတ်ကိုအထူးထိခိုက်စေခဲ့သော ဒုတိယအဖြစ်အပျက်မှာကား အဘိုး၏ရပ်ရွာမှ သားအမိ နှစ်ယောက် တို့ပြန်လာခဲ့ကြသောအခါတွင် ဖြစ်ပျက်ခဲ့၏။ ကျွန်ပ်၏မိခင်သည် အဘိုးထံမှတပ်လန်ကာ ခင်ပွန်း သဘင်သည် ရှိရာအရပ်သို့ ကျွန်ပ်အား ရင်ခွင်တွင်ပိုက်ကာ ငိုရှိုက်၍ ပြန်လာခဲ့ရသောအခါ၌ ပြန်အရောက်တွင် စိတ်မချမ်း သာစရာကိစ္စတစ်ခုကို ကြုံရပြန်လေသည်။ ကြုံရပုံမှာကား ကျွန်ပ်၏ ဖခင်သည် သဘင်သမားပီပီ စိတ်ပေါ့တန် သူဖြစ်ရာ ကျွန်ပ်၏ မိခင် တနင်္သာရီဘက် သွားနေခိုက်တွင် ဇာတ်ထဲ၌ပါသော ယိမ်းသမတစ်ဦးနှင့် ဖောက်လွဲ ဖောက်ပြန် ဖြစ်သည့် ကိစ္စပင် ဖြစ်၏။ သို့သော် အထင်အရှားကား မဟုတ်ပေ။ သို့တိုင်အောင် ထူးခြားချက် တစ်ချက် မှာကား ကျွန်ပ်၏ ဖခင်သည် ယခင်က ဆိုလျှင် ကျွန်ပ်တို့သားအမိကို သူ့ဇာတ်ကသွားလေရာသို့ တကောက် ကောက်အပါခေါ် လေ့ရှိပေသည်။

တနင်္သာရီဘက်မှ ကျွန်ပ်တို့ပြန်ရောက်လာသောအခါတွင်မူ ဖခင်သည် ကျွန်ပ်တို့ သားအမိအား မြို့စွန်၌ အိမ်ကလေးတစ်လုံးကို ငှားပေးထားပြီးလျှင် ဇာတ်ကရာသို့ မလိုက်စေတော့ဘဲ ဇာတ်ထွက်ရာမှနေ၍ ငွေကလေး ကြေးကလေးပို့ခြင်းပင်ဖြစ်၏။ ဖခင်ဖြစ်သူသည် ယိမ်းသမနှင့် အနေချောင်စေရန် ဤသို့စီမံ လိုက်သည်ကို ကျွန်ပ်၏ မိခင်မသိမဟုတ်ပေ။ သိရှာပေသည်။ သို့သော် အဘိုး ဦးနကီ၏ ရက်စက်စွာ စွန့်ပစ် ခြင်း ခံရသောဘဂသို့ ရောက်ရသောအခါတွင် မည်သည့် အဖြစ်ကမှ ဤ အဖြစ်ထက် ပို၍ဆိုးတော့မည် မဟုတ်ဟူသော စိတ်နှလုံးချုံးချုံးကျသည့် သဘောဖြင့် ကံစီမံရာ ကို ခါးစည်း၍ ခံရှာလေတော့ရာ ကျွန်ပ်တို့

သားအမိမှာ မြို့စွန်ရှိ တဲပုတ်သာသာ အိမ်ကလေး ၌ ခပ်ကုပ်ကုပ်ပင် ဇာတ်မြှုပ်၍ နေထိုင်ကြရပြန်လေသည်။ ပထမသုံးလေးလတွင်ကား ကျွန်ုပ်၏ ဖခင်သည် ဇာတ်က၍ ရသော ငွေကလေးများကို ရောက်လေရာမှ မှန်မှန် ကန်ကန်ပို့၏။ ကျွန်ုပ်၏ မိခင်လည်း ကျွန်ုပ်အား ကကြီးခခွေး အစ ဘုရားရှိခိုးအစ သင်ကြားပေးရင်း ဖြစ်ရာ ဘဝ၌ ဖြစ်အောင်နေရှာ၏။ သို့သော် ကျွန်ုပ်၏ဖခင် ဇာတ်ရောက်လေရာ၌ ယိမ်းသမနှင့် ဖြစ်ချင်တိုင်း ဖြစ်၍ နေသည်ကိုမူကား အတွင်းကြိတ်သာလျှင် ဆွေးမြေ့နေရှာသည်မှာ တစ်နေ့ထက်တစ်နေ့ ညှိုးငယ်သွားပုံက သက်သေခံ၍နေ၏။ အသက်အားဖြင့် ၂၃ နှစ်ခန့်မျှ သာရှိသေးသော ကျွန်ုပ်၏ မိခင်သည် အရိုးပေါ် အရေတင် လုခမန်းဖြစ်လျက် အမှုမဲ့ ကြည့်ပါက ပါရိုးငေါငေါ မေးရိုးပေါ်ပေါ်နှင့် အမယ်အိုသဖွယ် ထင်ရပေသည်။

အကယ်၍သာ ကျွန်ုပ်၏ အဘိုးသည် သနားညှာတာစိတ်ကလေး နမ်းစေ့ တစ်စေ့ခန့်ရှိပါက ကျွန်ုပ်၏ မိခင် မှာ လှလှပပ ဂုဏ်ဖြိုးဖြိုးနှင့် ဂုတ်စားဆင်ယင်ကာ နေရလိမ့်မည်ဟု ကြီးရင့်စဖြစ်သော ကျွန်ုပ်၏ စိတ်၌ တွေးမိသော အခါတွင် ရက်စက်လှသော အဘိုးကို ဒေါသ ဖြစ်မိ ပြန်လေသည်။

သို့နှင့်ပေ အိမ်ကုပ်ကလေး၌ သားအမိနှစ်ယောက် နေထိုင်ခဲ့မိကြသည်တွင် ကျွန်ုပ်၏ ဖခင်သည် ဗွေဆိုး ဖောက်လျက် ဇတ်က၍ရသော ငွေကလေးများကို ယိမ်းသမအားပုံ့ပိုးနေရသဖြင့် မိခင်ထံသို့ အပေးအကမ်း မမှန်တစ်ချက် မှန်တစ်ချက် ဖြစ်လာပြန်လေတော့သည်။ မူလမှန်မှန် ပေးစဉ်ကမှပင် သားအမိနှစ်ယောက် ခြစ်ခြစ်ခြုတ်ခြုတ် မနဲကြီးကြံဖန်၍ နေကြရပေရာ ယခုကဲ့သို့ ငွေအပေးထိုးထိုးထွန့်ထွန့် ဖြစ်လာသောအခါ၌ ကာ ကျွန်ုပ်တို့သားအမိမှာ ထမင်းငတ်မည့်ကိန်းကို ကြုံကြရတော့၏။ ထို့ကြောင့် ဖခင်သဘင်သည်၏ ပေးစာ ကမ်းစာကလေးများဖြင့် မလောက်မင မွဲတေစွာနေရသည်၌ မိခင်သည် သားအမိနှစ်ယောက် အသက် ဓာတ်မီး ကလေးမငြိမ်းအောင် မွေးမြူနိုင်စေခြင်းငှာ လမ်းဘေးသို့ထွက်၍ တောမှလာသော ဟင်းရွက်သည် ဈေးသည် တို့အား မုန့်ပျားသလက်လုပ်၍ ရောင်းကာ တစ်ဖက်တစ်လမ်း ကြိုးစားရရှာ ပြန်လေ တော့သည်။

(မွဲချင်တဲ့ခွေး ပြာပုံလူးလိုက်တာ ခုတော့ကြည့်ပါလား မင်းကတော် ကျွန်ပုံပေါက် ခွေးလောက်မှ မကောင်းတော့ ဘူး၊ ကျွန်စုတ်ပစ်တဲ့ သရက်စေ့ကမှ ပြောင်သေးတယ်...) စသည်ဖြင့် ကျွန်ုပ်၏မိခင်အား ဆိုချင်သူရှိလျှင် ဆိုနိုင် သောအခြေကို ဆိုက်ပေပြီ၊ ဆိုချင်သူရှိကဆိုနိုင်ပေ၏။ ဆယ်သက်ပြန်စား၍ မကုန်နိုင်သော ပစ္စည်းများကို မမက်မောဘဲ အချစ်ကိုသာပဓာနထားခဲ့မိသော ကျွန်ုပ်မိခင်သည်အမှားကြီးမှားမဲ့၏။ (မှားသည်)နှင့် (မိုက်သည်) မှာ တစ်ခြားစီ ဖြစ်ပေသည်။ မိခင်သည် မှား၏မမိုက်ပေ။ လောကတွင် မမှားသောသူ မည်သူရှိပါသနည်း။ အရှင့်အမာ ဘုရားလောင်းများပင် မှားခဲ့ကြ၍ ဂင်္ဂါတော် ၁၂ပါး စသည်တို့ ကျမ်းကို စကားတွင် အထင်အရှား ရှိသည် မဟုတ်ပါလော။ မိခင်မှား၏။

သူ့အမှားကိုလည်း သူသိ၏။ သို့သော် အမှားမှ ထွက်လာသော ဆိုးကျိုးဟူသမျှတို့ကိုအံကြိတ်၍ခံ၏။ ကြည်း၍ ခံ၏။ ခါးစည်း၍ ခံ၏။ မိခင်၏ ဗျတ္တိစိတ်ကို ကျွန်ုပ်တွေးမိတိုင်း အံ့သြမိပေသည်။ မိခင်သည်မှား၏။ မမိုက်။ မိုက်သည်ကား ကျွန်ုပ်၏ အဘိုးနှင့်ကျွန်ုပ်၏ ဦးလေးများသာ ဖြစ်ကြပေသည်။ မိခင်၏ အမှားမျိုးမှာ လူတကာ

တို့မှားနေကြသော အမှားမျိုးသာဖြစ်၏။ အဘိုး၏ စည်းစိမ်မှုမကသော ရွှေနန်းစည်းစိမ်ကိုပင် အချစ် အတွက် စွန့်လွှတ်သူ ဘုရင်ပေါင်းအမြောက်အမြားရှိ၏။

ဘုရားလောင်းကုသမင်းပင်လျှင် အချစ် အတွက် ရွှေနန်းကို ခွာ၍ အိုးဖုတ် ဖျာရက် ထမင်းချက် လုပ်ခဲ့၏။ နောက်အခါ ရွှေနန်းကို ပြန်စိုးစံ ရသည်ကို ဖယ်၍ထား... ဘုရားလောင်း ဘုရင်ရင့်မာကြီးကပင် ထမင်းချက် ခံတမ လုပ်ခဲ့သေးလျှင် ကျွန်ုပ်၏ မိခင်သည် မုန့်ပျားသလက် ရောင်းရသောအဖြစ်မျိုးကို ရောက်ခဲ့ရသည်မှာ မဆန်းလှ။ သို့သော် ဤအဖြစ်မျိုးမှ ကင်းလွတ်နိုင်စေရန် ကယ်ဆယ်နိုင်သော အစွမ်းလည်းရှိ၊ သမီးရင်း နှမရင်းချာ သွေးသားစစ်ဖြစ်နေသည်လည်း မှန်ပါလျက်နှင့် ကျွန်ုပ်၏ အဘိုးနှင့် ဦးလေးများက ယခု ကဲ့သို့ ရက်ရက်စက်စက် ကြည့်၍နေရက်ကြသည်မှာ ဉာတကာနံ ဘုရားဟောကို ဗီလာပြုလျက် အမိုက်ကြီး မိုက်ကြခြင်းသာ ဖြစ်သည်ဟု ကျွန်ုပ်ဆိုချင်တော့သည်။ ထားဦးတော့။ ဤသို့ ဆင်းရဲ ဒုက္ခ တွင်းဆုံးကျနေသော အခါ၌ ကျွန်ုပ်၏ ဂိုဉာဉ်တွင် ဒုတိယတစ်ထစ် သင်တုန်းဓားနှင့် ထစ်၍ မှတ်သား လိုက်သလို ဖြစ်ခဲ့ရသော ဒုတိယအကြောင်းကို ရေးရပေဦးမည်။

**ဆက်ရန်**

## [တင့်တယ် ၏ ကမ္မဖလ အပိုင်း (၄)]

မှတ်မိသေး၏။ မိုးတွေရွာသောနေ့တစ်နေ့၏ ညနေပိုင်းဖြစ်လေသည်။ ညစာထမင်းစားရန် အချိန်သို့ ရောက် လာသော အခါ ကျွန်ုပသည် မိုးရေထဲ၌လျှောက်၍ ပြေးလွှားကစားရာက ထမင်းဆာဆာနှင့် အိမ်ထဲ သို့ဝင်ခဲ့၏။ အဂတ်လဲပြီးနောက် "ထမင်းဆာတယ်မေမေ" ဟု မိခင်အား ပြောလိုက်၏။

မြေမီးဖိုကလေးအနီး၌ မှိုင်တွေချကာ စိတ်ပျက်လက်ပျက်ကြီး ထိုင်၍နေရှာသော မိခင်သည် ကျွန်ုပ်အား မျက်ရည်များ ဝဲလျက် ကြည့်ရှုပြီးနောက် သံပန်းကန်ပြား၌ နံနက်က ရောင်း၍မကုန်သော မုန့်ကလေး ကို ဆားလေး ဖြူး၍ "သားရယ် မေမေတို့မှာ ဒီညနေဆန်ကုန်နေတယ်ကွယ် ဒီမုန့်ကလေးတွေကိုပဲ စားနော်၊ မနက်ဖြန် မနက်တော့ မေမေဆန်ဂယ်ပြီး ထမင်းချက်ကျွေးမယ်ကွယ် ...ဟုတ်လား" ဟု ပြောရှာ၏။ ကျွန်ုပ်ကား ကလေးရွယ်သာဖြစ်သေးသောကြောင့် ထမင်းကိုသာ ပူဆာလေသည်။ ဤတွင် မိခင် မှာ မျက်ရည်ဖြိုင်ဖြိုင် မိုးနှင့်အပြိုင်ကျလျက် "နက်ဖြန် ကျတော့မှစားပါကွယ် သားရယ်ခုညတော့ ဒီမုန့်ကလေး ကိုပဲ စားပါကွယ်နော်။ မနက်ဖြန်ကျရင် ငါ့သားဖို့ ထမင်းတွေအများကြီး မေမေချက်ကျွေးပါ့မယ်ကွယ်" ဟု မချိတင်ကဲ ဆိုရှာပေသည်။

ကျွန်ုပ်ကား မိုက်သေးသော ၅နှစ်သားအရွယ်မျှသာ ရှိပေသေးသည်။ ထို့ကြောင့် "မုန့်မစားဘူးမေမေ၊ ထမင်း ပေးပါ၊ ထမင်းပေးပါ" ဟုပူဆာမိ၏။ ထိုအခတွင် မိခင်သည် သံပန်းကန်ပြားကို ကျွန်ုပ်၏ ရှေ့သို့ ထိုး ပေးရင်း "စားချင်စား မစားချင်နေ မင့်သဘောပဲ" ဟု ခပ်မာမာဆိုရှာ၏။ ဤမျှကိုယ်ဆင်းရဲ စိတ်ဆင်းရဲ နေရ ရှာသော မိခင်သည် ကျွန်ုပ်အား အသက်ဦး သည်းချာပမာ ချစ်ရှာသော်လည်း အသို့လျှင် စိတ်ရှည်နိုင်ရှာပါမည်နည်း။ ထိုသို့မိခင်က ခပ်ဆောင့်ဆောင့် ပြောလိုက်သောအခါ မိုက်မဲဆဲအရွယ်ဖြစ်သော ကျွန်ုပ်သည် သံပန်းကန် ပြား

ထဲမှ မုန့်တစ်ချပ်ကိုယူ၍ မိုးရေထဲသို့ လွှင့်ပစ်လိုက်ရင်း "မစားဘူး၊ မစားဘူး ... ထမင်း စားမယ်" ဟု စိတ်ကောက်ခါ ခြေဆောင့်၍ ငိုလိုက်ရာ ကျွန်ုပ်၏မိခင်သည် ဘာမပြော ညာမပြောနှင့် ကျွန်ုပ် အား တုန့်၍ ဆွဲလိုက်ပြီးလျှင် မီးဖိုမှသါးခြမ်းစတံညှပ်ဖြင့် တင်ပါးကို သုံးလေးချက် ခတ်ဆတ်ဆတ်ရိုက်ရင်း ပါးစပ် မှလည်း "ဟင်းအမိုက်အိုး ... အဖေသွေးပါလို့ မိုက်တာလား ... ဟင် .. ဒီမုန့်တွေကို ငါတောင် မစားရက်ဖူး အငတ်ခံ နေရတာ။ အခုမင်းက လွှင့်ပစ်တယ် ဟင် ... မုန့်ညက်နဲ့ ထန်းလျက်ရည်ဖျော်ပြီးသား ရှိပေမဲ့ နက်ဖြန်ကျရင် မုန့်တစ်ယှက်ကို ပိုက်ဆံတစ်ပြားလျော့မှာစိုးလို့ မုန့်အသစ်တောင် လုပ်မစားရက်ဖူး ဒါကိုမင်းက လွှင့်ပစ် တယ်ကဲ ပစ်အုံးပစ်အုံး"ဟု မခံမရပ်နိုင် ဆိုရှာပါသည်။

ကျွန်ုပ်လည်း ထွန့်ထွန့်လူးအောင် အော်ဟစ်၍ ငိုလေတော့သည်။ တင်ပါး၌ အရိုးရာများလည်း မိုးရေစိမ်ထား သော အသားပုံဖြစ်သဖြင့် ချက်ခြင်းဖောင်းကြွလာသည်ကို မြင်သည့်အခါ၌ မိခင်သည် ကျွန်ုပ်အား ရင်ခွင်၌ တင်းကျပ်စွာပွေ့ဖက်ပြီးလျှင် အပြန်ပြန် အလှန်လှန်နမ်းရှုံ့ရင် မချိမဆန့် အသံကြီးဖြင့် "ကံဆိုးလှချည့်ကလား သားရယ်... မေမေ မင့်ကိုမရိုက်စဖူး ရိုက်မိတာမှားပီကွယ်၊ ငါ့သားလေး အရိုးတွေတောင် ထင်ကုန်ပါပီသားလေး ရယ်၊ မေမေရင်ကွဲရချည်ရဲ့ကွယ်၊ ငါ့သားကို မောင်ကံကောင်းလို့ နာမည် ပေးထားတာနဲ့မှ မလိုက်ပါကလား ကွဲ့... သားရဲ့"ဟု လှိုက်လှိုက်လှဲလှဲ ချုံးပွဲချ၍ ငိုရှာလေတော့သည်။ မိခင်၏မျက်ရည်နှင့် ကျွန်ုပ်၏မျက်ရည် တို့သည် ပါးပြင်များအကြား၌ ရောစပ်နေကြ၏။ ထိုစဉ်တွင် အင်ဖက်သက်ကယ် ခေါင်မိုးပေါက်နေသည်က ကျဆင်းလာသော မိုးရေစက်တို့သည်လည်း ကျွန်ုပ်၏ မျက်ရည်များတွင် ဂင်ရောက်ရောနှောကြလေသေး သည်။

မိုးယိုလွတ်ရာသို့ မိခင်သည် ကျွန်ုပ်ကို ရင်ခွင်၌ပိုက်ရင်းက ဖင်ရွှေ့ဖင်ရွှေ့ကာ ဖယ်နေသည့်ခဏ၌ ကျွန်ုပ် တို့၏ အိမ်ပေါက်သို့ လူတက်လာသောခြေသံကို ကြားရ၏။ တက်လာသူမှာ ကျွန်ုပ်တို့၏ အိမ်ခေါင်းရင်းဘက်ရှိ အိမ်၌ နေထိုင်လျက်ရှိကြသော အထည်သည် လင်မယားအိမ်မှ ကူဖော်လောင်ဖက် အဒေါ်ကြီး တစ်ယောက် ဖြစ်ပေသည်။
စကားစပ်မိ၍ ကျွန်ုပ်၏မိခင် စိတ်ဓာတ်ကြီးရင့်ပုံကို ဖော်ပြရပေသီးမည်။ ကျွန်ုပ်၏ မိခင်သည် စိန်ပုံ ရွှေပုံပေါ် တွင် စံစား၍ ဂုဏ်အင်ကြီးမားစွာ နေထိုင်ရာက အချစ်အတွက် မျက်စေ့ကွယ်သကဲ့သို့ ဖြစ်ကာ ဖခင်၏ နောက်သို့ ကောက်ကောက်ပါအောင် ခိုးရာလိုက်ခဲ့ သည်တွင် ဝတ်နေကျ အိမ်တွင်းဝတ် လက်ဝတ် လက်စား ကလေးများကိုပင် ထားပစ်ခဲ့၏။ ပစ္စည်းများပါ၍လာပါက ကျွန်ုပ်၏ဖခင်အား တစ်နည်းတစ်ဖုံ ကျွန်ုပ်၏အဘိုးက ဥပဒေဘက်ကလိုက်၍ ရန်ရှာမည်စိုးသောကြောင့်ဖြစ်၏။ တစ်ဖန် ကျွန်ုပ်၏မိခင်သည် လက်ဝတ် လက်စားများ မှာ မိဘပစ္စည်းများသာဖြစ်လျက် မိမိအပိုင်ပစ္စည်းများ မဟုတ်သော ကြောင့် ခိုးရာလိုက်ခဲ့သည် ၌ ယူလာခဲ့ရန် မသင့်ဟုလည်းယူဆ၏။ ထို့ကြောင့် ခိုးရာလိုက်ခဲ့စဉ်က ကျွန်ုပ်၏ မိခင်တွင် မုန့်ဖိုးပေးသမျှကို စုဆောင်းထား သော ငွေကလေးအနည်းငယ်မျှနှင့်ကိုယ်ပေါ်တွင် ဝတ်ဆင် ထားသော အဝတ်လောက်သာ ပါခဲ့သူဖြစ်ပေသည်။ သို့ဖြစ်လေရာ သဘင်သမားလူပေါ့နှင့်ပေါင်းမိ၍ ဆင်းရဲမွဲတေဖွတ်ဘိုးအေဟု ခေါ်ရလုခမန်း ဘဂလမ်း ခရီးကြမ်းကြမ်းကို လျှောက်ခဲ့ရသည်၌ ဆိုခဲ့သည့်အတိုင်း တော်တစ်လှည့်ပြတ်တစ်လှည့် အခြေသို့ပင်

ရောက်ခဲ့၏။ သို့သော် ကျွန်ုပ်၏မိခင်မှာ အလွန်ကြွယ်ဝသောမျိုးရိုး၊ အလွန်စိတ်ထားခိုင်မာသောမျိုးရိုး၊ အလွန်ဖွဲ့ကြီးသောမျိုးရိုးမှ ဆင်းသက်လာခဲ့သူပီပီ၊ မည်မျှပင်အထိ ဒုက္ခရောက်၍နေရစေကာမူ သူတစ်ပါးထံမှ ပိုက်ဆံချေးငှားခြင်း၊ လက်ဝါးဖြန့်၍တောင်းခံခြင်းစသော အလုပ်မျိုးကိုမလုပ်ခဲ့ပေ။ စားစရာမရှိလျှင် ဖွတ်ငုတ်တုတ်ထိုင်၍ အငတ်ခံရာပေသည်။ သားဦးရင်နှစ်သည်းချာ ကျွန်ုပ်အား ကလေးရွယ် လူမမယ်ပင်ဖြစ်စေကာမူ ထမင်းချက်စရာ ဆန်မရှိသော ဤနေ့၌ မုန့်ပျား သလက် နှစ်ချပ်နှင့် ဂမ်းမီးကို ငြိမ်းစေသည်ကို ထောက်ပါက ကျွန်ုပ်၏မိခင် မည်မျှစိတ်ဓာတ် မြဲမြံလှသည်ကို သိနိုင်ပေလိမ့်မည်။

ထမင်းငတ်၍ သေသောမသာမရှိဟူ၍ စကားပုံထွန်းကားမော်ကွန်း ထိုးလောက်သော ဤနိုင်ငံ၌ ကျွန်ုပ်၏မိခင်သည် ကျွန်ုပ်မသိဘဲ ကြိတ်၍အငတ်ခံခဲ့သည့် အကြိမ်ပေါင်း မည်မျှရှိမည်ကိုကား မပြောတတ်တော့ပေ။ သို့သော်မိခင်၏ စိတ်ဓာတ်မှာအံ့အားသရဲ ကြံ့ကြံ့တောင့် ခဲလှသော စိတ်ဓာတ်ဖြစ်သည်ကို မူကား ဝန်ခံရချေမည်။ ဤသို့ဆင်းရဲခြင်းတည်းဟူသော ညွှန်ထဲ၌တိုး၍တိုး၍သာ နစ်နေရှာသော မိခင်၏ အဖြစ်ဆိုးကို အိမ်နီးနားချင်းတို့သည် အလွန်တရာ ကြင်နာကြပေသည်။ အထူးသဖြင့် ခေါင်းရင်းအိမ်၌ နေကြသော အထည်ကုန်သည်လင်မယားတို့သည် ကျွန်ုပ်တို့သားအမိအားများစွာပင် စောင့်ရှောက်ကူညီခဲ့ကြ၏။ ထိုအထည်သည် လင်မယားတို့သည်အမြဲသဖြင့်ကျွန်ုပ်တို့၏ မိးဖိုကလေးမှမီးခိုးလူမလူကို အမြဲအကဲခတ်ကြသည်။ မီးခိုးလူချိန် တန်ပါလျက်နှင့် မီးခိုးတက်သည်ကိုမမြင်ပါက ဆီဆန်ငပိစသည်တို့ကိုလာ၍ ပို့တတ်ကြပေသည်။ ဤအခါမျိုး၌ ကျွန်ုပ်၏မိခင်သည် သူတစ်ပါး၏ အစောင်အမကို ခံယူရသည်ကို ထမင်းအငတ်ခံ၍ နေရသည်ထက်ပင်ပို၍ စိတ်မချမ်းမသာရင်ထုမနာကြီးဖြစ်ရာကာ ယူလာသမျှ အစောင်အမတို့ကို ဖွတ် အတင်း ငြင်းဆန်တတ်ရာ၏။ အထည်သည်လင်မယားတို့ကား ပစ္စည်းများကို မီးဖိုတွင်၌ အတင်းထားပစ်ခဲ့ကြ ရသည်ချည်းဖြစ်၏။ ထိုပစ္စည်းများကိုကား ကလေးမငတ်စေရန် ကိုင်တွယ်ချက်ပြုတ် ရသောအခါ၌ မျိုးကြီးရိုးကြီးမှ ဆင်းသက်လာသူပီပီ မိခင်သည် လက်များပင် တုန်တုန်ရီရီဖြစ်လျက် ဒူးနှစ်လုံးကြား၌ မျက်ရည်ကျကာဒူးပေါ်တွင် မျက်ရည်သုတ်ရသည်ချည်းဖြစ်ခဲ့၏။

ထို့ကြောင့် အထည်သည်လင်မယားတို့မှာ တစ်ခါတစ်ခါတွင် အလှူကလာပို့သည် ဟုဆို၍ ချက်ပြုတ်ပြီးထမင်းဟင်း များကို အသင့်လာပို့ကြရ၏။ မိခင်မုန့်ပျားသလက် ရောင်း၍မကုန်သည်ကို ဈေးကွဲ၍ အထည်ဆိုင်မှအပြန်၌တွေ့တိုင်း အားလုံးသိမ်း၍ဝယ်ကာ နောက်တစ်နေ့ နံနက်ကျမှ ကျီးစာငှက်စာ ကျွေးပစ်ကြ၏။ ထိုလင်မယား၌ သားသမီး မထွန်းကားသေးမီ အချိန်ဖြစ်သဖြင့် နံနက်တိုင်း အထည်ဆိုင် မထွက်မီကလေးတွင် ကျီးကန်း ဆက်ရက် စာကလေးများကိုပင် သားသမီးသဖွယ်ခင်တွယ် ကျွေးမွေးကြသူတို့ ဖြစ်ပေသည်။ ဤအခါ၌ ကျွန်ုပ်၏ဖခင်မှာကား ဇာတ်ကရာတွင် ယိမ်းသမနှင့် စခန်းသွားလျက် မိုးတွင်းအချိန် ဇာတ်ခေါင်းကွဲချိန်၌သာ ရံဖန်ရံခါပေါ်လာတတ်၏။ အိမ်၌ခုနစ်ရက်ပြည့်အောင် နေသည်မရှိ။ ထို့ကြောင့် ကျွန်ုပ် မှာ ဖခင်ဖြစ်သူအား ဖခင်ဟုသဘောမထားမိ။ တစ်ခါတစ်ရံ ဆံမျှသာထင်မိပေသည်။ ကျွန်ုပ်၏ ဖခင် ကလည်း ကျွန်ုပ်အား ဂရုမစိုက်လှပေ။ မိခင်မှအပ ဂရုစိုက်ယုယချစ်ခင်သူတို့မှာ ခေါင်းရင်းအိမ်က အထည်သည် လင်မယားတို့သာ ဖြစ်လေသည်။

သို့ဖြစ်သောကြောင့် အထည်သည် လင်မယားအိမ်မှ ကူဖော်လောင်ဖက် အဒေါ်ကြီး အိမ်ပေါက် သို့ရောက်လာသောအခါတွင် ကျွန်ုပ်သည် မိခင်၏ရင်ခွင်ကြားမှ ခေါင်းထောင်၍ ကြည့်မိ၏။ သူတို့အိမ်က တစ်ယောက်ယောက်ပေါက်၍လာတိုင်း ကျွန်ုပ်တို့ဆီမှာ ဆီကလေးရွှဲရွှဲစားရသော အဖြစ်ကို ကလေးတို့၏ အမှတ်သညာ ဖြင့် ကျွန်ုပ်မှတ်မိနေပေသည်။

ကူဖော်လောင်ဖက် အဒေါ်ကြီးသည် မီးဖိုဆီသို့တစ်ချက်အကဲခတ်လိုက်၏။ သံပန်းကန်ပြားထဲ၌ မုန့်ပျားသလက်တစ်ချပ်ကိုဆားဖြူးထားသဖြင့် မိုးငွေ့နှင့် အရည်ပြန်ကာ စိုစိစိ ဖြစ် နေသည်ကိုမြင်သောအခါ ရုတ်တရက် ကွက်ခနဲမျက်နှာပျက်ရှာလေသည်။ သို့မျက်နှာပျက်သွာသည်ကို ကျွန်ုပ်၏ မိခင် ရိပ်ခနဲမြင်လိုက်သောအခါ မိခင်၏ဖြူလျော်လျော် မျက်နှာမှာ ဖြန်းကနဲသွေးတက်လာ၍ နီမြန်းသွားရှာ၏။ ထိုအခိုက်တွင် ဒေါ်ကြီးက- "ဘယ့်နယ်လဲ မောင်ကံကောင်း ငိုလှချည့်ကလားလာပါဦး . . ဒေါ်ဒေါ်ကြီးဆီကို . . " ဟုဆိုကာ ကျွန်ုပ်အား လက်ကမ်း၏။ ကျွန်ုပ်၏မိခင်လည်း သူ့လက်ကိုဖြေ၍ ပေးရာက ဆိုးလွန်းလို့ရှင် . . . ဆိုးလွန်းလို့"ဟု စကားပြောပြောရှာ၏။

ထိုအခါ ဘာမျှနားမလည်သော အရွယ်ပီပီ ကျွန်ုပ်က "မေမေကထမင်းမပေးဘူးတဲ့"ဟု ခပ်မဲ့မဲ့ဖြင့် အဒေါ်ကြီးကိုတိုင်တော သလိုပြောလိုက်ရာ အဒေါ်ကြီးလည်း မိခင်အနေမခက်စေရန် တဟားဟား တမင်ရယ် ရာက "မေမေက မပေးရင် ဒေါ်ဒေါ်ကြီးကပေးမှာပေါ့ကွယ် တိပ်ပါ၊ အမယ်လေးငါ့တူကြီး အလုပျက် နေပါသီးမယ် ခေါင်းမှာလည်း မိုးရေတွေစိုလို့ပါလား" ဟု ကျွန်တော့်ကို ချော့ချော့ မော့မော့ ပြောပါသည်။ ထို့နောက် ကျွန်ုပ်၏မိခင်အား နားနားသို့ကပ်၍ တစ်စုံတစ်ခုကို ပြောလိုက်ရာ ကျွန်ုပ်၏ မိခင်လည်း အံ့အားသင့်ဟန်နှင့် "ဟင်ဟုတ်လား ... ကျွန်မဖြင့် တစ်လလောက် လိုလိမ့်အုံးမယ်ထင်တာ၊ နေပါဦး၊ ကျွန်မ အဂတ်လဲ လိုက်အုံးမယ်..." ဟုဆို၍ အတွင်းခန်းသို့ ကပျာကသီဂင်သွားလေသည်။ ဤကား မိခင်ဝလေ့ဖြစ်၏။ အိမ်ထဲ၌ အဖာတစ်ရာအဂတ်များကို ဂတ်နေသော်လည်း ခြေရင်းခေါင်းရင်းအိမ်ကို ကူးမည်ဆိုလျှင် သန့်ပြန့်၍ အရောင်လွင်သေးသော အဂတ်ကလေးများကို လဲလှယ်တတ်သည်။ ယင်းသည်လည်း ငယ်စဉ် ခေတ်ကောင်း ရွှေထီးဆောင်းစဉ်ကပါလာသော ဓလေ့ပင်ဖြစ်ပေသည်။

ထိုနောက် ကျွန်ုပ်တို့သားအမိသည် အဒေါ်ကြီးနှင့်အတူ ခေါင်းရင်အိမ်သို့ ကူးခဲ့ကြ၏။ ရောက်သောအခါ မိခင်သည် အတွင်းခန်းတစ်ခုသို့ သုတ်သီးသုတ်ပြာ ဂင်သွား၏။ ကျွန်ုပ်ကားအဒေါ်ကြီးနှင့်အတူ မီးဖိုချောင်သို့ပါခဲ့လျက် မရိုက်စဖူး မိခင်၏အရိုက်ခံရသည် အထိ တောင့်တပူဆာမိသော ထမင်းပူပူကို အားရပါးရ စားရပေတော့သည်။ ထို့နောက် ဆယ်ရယ်ခန့်ကား ကျွနုပ်နှင့်မိခင်တို့သည် အိမ်သို့ပင် ပြန်မအိပ် ရတော့ဘဲ အထည်သည် လင်မယား၏အိမ်၌သာ စားကာသောက်ကာ နေကြရ၏။ အကြောင်းမှာမူ ကျွန်ုပ် လောက ၌ ပထမဦးဆုံးအကြိမ် မိခင်၏အရိုက်ကိုခံရသောနေ့က အထည်သည် ယောက်ျားကြီး၏ ဇနီးမှာ သားဦး သမီးဦး မိန်ကလေးတစ်ယောက်ကို ဖွားမြင်သောကြောင့် ကျွန်ုပ်၏မိခင်မှာ မုန့်ပျားသလက်ဆိုင် မထွက်ရဘဲ ဆယ်ရက်ခန့်စောင့်ရှောက်နေကြရသောကြောင့် ဖြစ်ပေသည်။

ကျွန်ုပ်၏မိခင် ကျွန်ုပ်အား မရိုက်စဖူး ရိုက်သောထိုနေ့ကို ကျွန်ုပ်မမေ့။ ကျွန်ုပ်ကြီးစင် ၌ အသက်သေ ရသည့်အခါမှ မေ့လေတော့မည်။ အဘယ်ကြောင့်ဆိုသော် မိခင်ကျွန်ုပ်အား ရိုက်မိရာသော အကြိမ်သည် ပထမအကြိမ်ဖြစ်သည်သာမက နောက်ဆုံးအကြိမ်လည်း ဖြစ်ပေ၏။ မိခင်သည် ကျွန်ုပ်အား ဒုတိယ အကြိမ် ရိုက်မိရန် အချိန်မရရှာတော့ပေ၊ အချိန်မရရှာသည့်အကြောင်းမှာကား ကျွန်ုပ်၏မိခင်သည် ကျွန်ုပ် အား ပထမအကြိမ်ရိုက်မိရှာသည့် နောက်တွင် ခြောက်လခန့်သာ သက်ဆိုးရှည် ရှာတော့ သော ကြောင့် ဖြစ်၏။ ယင်းသို့ သက်ဆိုးမရှည်ရှာသော မိခင်၏ယူကျုံးမရကျေကွဲဖွယ် အဖြစ်ဆိုးသည် ကျွန်ုပ်၏ ဂိညာဉ်ကို ပြတ်လုတဲကာဖြစ်အောင် ဓားနှင့်ထစ်လိုက်သော နောက်ဆုံးတတိယအထစ်ကြီးပင် ဖြစ်ပေ တော့သည်။

သေသေချာချာ မှတ်မိသေး၏။ ကျွန်ုပ်တို့နေထိုင်ရာမြို့ကလေးတွင် ဘုရားပွဲတော် လုပ်သောအခါ သမယ တွင်ဖြစ်၏။ ဘုရားပွဲတော်မှာ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပွဲတော်ဖြစ်ရာ တောမှ လယ်သမား ချောင်းသမား များ အလွန်ကျသော ပွဲတော်ဖြစ်၍ ဤပွဲတော်၌ ကျွန်ုပ်၏ ဖခင်သဘင်သည်၏ ဇာတ်ကိုရုံသွင်း၏။ ကျွန်ုပ်၏ မိခင်မှာကား. . . ပွဲရုံ၏ဘေးနားက လူရှင်းရာ လက်ပံပင်ကြီး၏အောက်တွင် လေးတိုင်စင်ကလေးထိုးကာ ငါးပေါင်းကြော်၍ ရောင်းရပေသည်။ ငါးပေါင်းကြော် ကြော်နိုင်လောက်သော ငွေအရင်းအနှီးမှာ မျက်နှာမြင်စဉ် က စောင့်ရှောက်ခဲ့သော ကျေးဇူးကြောင့် အထည်သည်လင်မယားတို့က ကျေးဇူးဆပ်သည့် သဘောဖြင့် ထုတ်၍ပေးကြသော ငွေရင်းကလေးဖြစ်လေသည်။

မိခင်လည်း မုန့်ပျားသလက်ရောင်းသည်ထက် အမြတ်အစွန်း ပို၍ထွက်သော ငါးပေါင်းကြော်လုပ်ငန်းကို လုပ်ချင်နေသည်မှာ ယခင်အတော်ကြာကပင်ဖြစ်ရာ ငွေရင်းကလေးထုတ်ပေးသော အခါ၌ သိန်းထီကြီး ပေါက်သလောက် ဂမ်းမြောက်ရှာသည်။ ငါးပေါင်းကြော်မှ နေ့စဉ်အမြတ်မှာ မုန့်ပျားသလက် ထက်များသဖြင့် ကျွန်ုပ်တို့သားအမိမှာ ယခင်ကကဲ့သို့ မငတ်ကြတော့ပေ။ အနည်းငယ် ချောင်လည် လာ၏။ မိခင်သည် အထည်သည်လင်မယားတို့ ထုတ်ပေးသော ငွေရင်းကလေးကိုပင် တစ်ဖဲ့ပြီးတစ်ဖဲ့ ဖဲ့ရွှဲ့ကာ ဆပ်နိုင်ခဲ့၏။ ဤသို့အခြေကလေးလူးသာလွန့်သာဖြစ်သော အချိန်၌ဆိုခဲ့သော ဘုရားပွဲတော်ချိန် ဆိုက်ရောက် လာပေရာ မိခင်သည် ဘုရားပွဲတော်ရက်အတွင်း၌ ငါးပေါင်းကြော်တွေ အများ ကြီးကြော်၍ ရောင်း လိုက်မည်။ အမြတ်တွေရလာသောအခါ အထည်သည် လင်မယားထံ ကျန်သမျှငွေရင်းကို ပြန် ဆပ်လိုက် မည်၊ သားအတွက် စွပ်ကျယ်ကလေး ရှပ်ကလေးဂယ်မည်၊ ဘုန်းကြီးတစ်ပါးလည်း ဆွမ်းလုပ်ကျွေးမည် စသည်ဖြင့် မျှော်လင့်ချက်တွေ အများကြီးထား ၍ ကြိုးစားပြင်ဆင်ထားရှာလေသည်။

သို့နှင့်ပွဲတော်ရက်သို့ရောက်လာ၏။ ရောက်လာသောအခါတွင် မိခင်၏ငါးပေါင်း ကြော်ဆိုင်မှာ ဇာတ်ရုံ၏နံဘေး မှောင်ရိပ် ခပ်ကျကျနေရာဖြစ်သောကြောင့် ချက်အရက် ပုလင်းခါးကြားထိုးကြသော သူများသည် မီးလင်းသော ဆိုင်များထက် ပို၍သဘောကျကြသဖြင့် ပွဲဦးမထွက်မီတွင် ဆိုင်မှာလူကြိတ်ကြိတ်တိုးလျက်ရှိ၏။ အရက်သမား တို့ဘ၀ ပိုက်ဆံကို နမြောဖို့စိတ်ကူးမျှပင်မထည့်အား၊ သူတို့ကို ရောင်းချရသဖြင့်လည်း ပွဲတော်ရက် သုံးရက်ခန့်နှင့်ပင် မိခင်သည် အထည်သည် လင်မယားအားပေးဆပ်ရန် ကျန်သေးသော ငွေကလေးများကို

အပြီးအပြေပေးဆပ်နိုင်ခဲ့၏။

ပွဲတော်ရက်မှာ လေးရက်ကျန်သေး လေရာငါးပေါင်းကြော်ဆိုင်ရှိ ဘူးသီး၊ ပဲသီး၊ ဒယ်အိုး၊ စားပွဲပိုင်း၊ ကျူဖျာ၊ လက်ဖက်ရည် ကရား၊ ပန်းကန်၊ သံခုံလှောက်၊ သံယောက်မ။ ကြေးဆန်ခါ၊ ဂေါ်စသည့် ပစ္စည်းများ ကိုယ်ပိုင် ဖြစ်နေလျက် တကယ့်ရက်ကောင်းဖြစ်သော ကျန်ပွဲတော်ရက်လေးရက်တွင် ကိုယ်ပိုင် အမြတ်အစွန်းတွေ ထွက်တော့မည်ကို အတတ်သိနေရသော ကျွန်ုပ်၏မိခင်သည် တွေးလုံး မျှော်လုံးကြီးတွေ အဘယ်မျှ မီးနိုးမဆုံး မိုးမဆုံးဖြစ်နေသည်ကို ငါးပေါင်းကြော်ဒယ်အိုး အောက်မှ ပြန်ဟပ်သည့် ပူပြင်း လှသော မီးရောင်တလျှပ်လျှပ်၌ ခပ်ပြုံးပြုံးမြင်ရသော မိခင်၏ သနားဖွယ် ကြည်ညိုဖွယ် မျက်နှာထားက ဖော်ပြနေပေတော့သည်။

သို့သော်...။ မိခင်၏ထိုကဲ့သို့ပြန်၍ ပြီးတတ်လာသော အခြေမှာကား..... အတော်ပင်မချိစရာ့ အခြေပင်ဖြစ်ပေ သေးသည်။ တကယ့်ထိပ်သီး မျက်နှာဖုံးသူဌေးကြီး၏ သမီးစင်လျက် ချက်အရက်ပုလင်းထောင်ကာ စကား တဖောင်ဖောင် အရက်နံ့တထောင်းထောင်းနေသည့်အကြားတွင် မီးပူခံညှော်ခံကာ ငါးပေါင်းကြော် ကြော်၍နေ ရပုံမှာ ယခုအခါ ကျွန်ုပ်ဤစာကို ရေးနေစဉ်၌ပင်လျှင် တွေးမိတိုင်း ရင်နာစရာကြီး ဖြစ်ခဲ့၏။

ထို့ထက် ယူကျုံးမရစရာ ကံကြမ္မာဖန်ပုံမှာကား ကျွန်ုပ်၏ဖခင်နှင့် ဖောက်ပြန်လျက်ရှိသော ယိမ်းသမသည် ဤ ပွဲတော်ရက်၌ ဇာတ်ကိုရုံသွင်းသောအခါတွင် ခေါင်းဆောင်မင်းသမီး ဘဂကိုရောက်နေခြင်း ဖြစ်၏။ ကျွန်ုပ်၏ မိခင်သည် ဇာတ်ရုံဘေး လက်ပံပင်အောက်ရှိ ငါးပေါင်းကြော်ဆိုင်၌ မင်းသမီး မင်းသား နစ်ပါးသွားချိန် လူအစဲ၌ ညဦးကရောင်းရသော ပိုက်ဆံကလေးများကို ရေတွက်နေရာပြီးလျှင် ကုလားစောင် အနွမ်းဖြင့် ခွေ၍သိပ်ထား သောကျွန်ုပ်အား မီးရောင်ဖြင့်ကြည့်ရင်း "သားရယ် မင်းထမင်းဂဂ စားရပ့ါတော့မယ်ကွယ်... နောက်ဆို မေမေ လေ မင့်ကိုမုန့်ပျားသလက် ဆားဖြူးပြီး မကျွေးရတော့ပါဘူးကွယ်"ဟု ပြုံးပြုံးကြီးပြောကာ နင်းပေါက်များ လက်ပံပင်ထက်မှ တစ်ဖျောက်ဖျောက်လေးတိုင်စဉ် အမိုးပေါ်သို့ကျခိုက်တွင် သားငယ်ကျွန်ုပ်ကို အိပ်ရာမှမနိုး အောင် ခပ်ဖွဖွကလေး နမ်းရှုံ့နေ သည့်ခဏ၌ ဇာတ်ရုံ အတွင်း ဓာတ်မီးတွေ ထိန်ထိန်လင်းနေသော ဇာတ်စင်မှ ကျွန်ုပ်၏ ဖခင်အသံက "ချစ်လိုက်ကြအုံးစို့ နမရေ"ဟု ဟစ်သည့်အသံနှင့် မင်းသမီးဖြစ်လာသော ယိမ်းသမက လည်း "ချစ်လိုက်ကြအုံးစို့မောင်ရေ"ဟု ပြန်၍ဟစ်သည့် အသံတို့သည် ဇာတ်ရုံအကာ ကျူထရံကိုဖောက်၍ မိခင်၏အနားသို့ ရောက်လာမည့်ပုံမှာ ကံကြမ္မာ၏ခွကျကျ ဖန်တီးတတ်သည့်သဘောကို ရယ်စရာဟု ဆိုရ မလား။ ငိုစရာ ဟု ဆိုရပေမည် လား။ ထားဦးတော့။ ကံကြမ္မာသည် ကျွန်ုပ်၏ မိခင်အား ဤမျှရယ်သွယ်သေး၍ သရော်ပြောင် လှောင်ရရုံနှင့် မကျေနပ်သေးပေ။ ကံဆိုးမိုးမှောင်ကျသော ကျွန်ုပ်၏မိခင်မှာ ယခုအခါတွင် ငွေရင်းကလေး ဘာကလေးနှင့် ကိုယ့် ခြေထောက်ဖြင့် ကိုယ်စုံရပ်နိုင်ကာစ ရှိသေးသည်မျှကိုပင် ကိုရွှေကံက မနာလိုဂန်တို ဖြစ်ပြန်ချေတော့သည်။ ကံတရားသည် လက်ပေး၍ သတ်တတ်သော လက်ပေ့သည်နှင့် အတော်ပင်တူ၏။ လက်ဦးဆုံး၌ ကျွန်ုပ်၏မိခင်သည် ဘုရားပွဲတော်အပြီးတွင် မုန့်ပျားသလက် ရောင်းချသော နေရာကလေး၌ ပြန်၍ ငါးပေါင်းကြော် ကြော်၍ရောင်းရန် စိတ်ကူးထား၏။ စိတ်ကူး၍မှ မဆုံးသေးမီ ဈေးထဲ၌ ရှိသမျှသော မုန့်ဟင်းခါးဆိုင် အသုတ်ဆိုင်များသို့ ပါးပေါင်းကြော် ပေးသွင်းနေကျ ဖြစ်သော ငါးပေါင်းကြော် သည် လက်ကားကြီးမှာ ပွဲတော်ရက်အတွင်း၌ ရုတ်တရက် လေရောဂါဖြင့် သေဆုံးသွားလေရာ ဇနီးဖြစ်သူ

ကလည်း တစ်ရွာသူဖြစ်သောကြောင့် ရပ်ရွာကိုပြန်မည်ဖြစ်သဖြင့် ငါးပေါင်းကြော်လက်ကားအလုပ်ကို ဖြုတ်ပစ်ရန် စီစဉ်နေ၏။ ဤတွင် ဘုရားပွဲတော်၌ ထွက်ကြသော ဆိုင်များမှာ လိုသလောက် ငါးပေါင်းကြော်မရသဖြင့် ကျွန်ုပ်၏မိခင်ထံသို့ ပြုံ၍လာကြလေတော့သည်။ မိခင်က မိမိကံထူးပုံကို ဂမ်းသာ၍ မဆုံးတော့ပြီ။ ဈေးအတွင်းက မုန့်ဟင်းခါးဆိုင်၊ လက်သုတ်ဆိုင် များကိုသာ လက်ကား အပိုင်စီး ရလျှင် (ငါ့ သားကိုအင်္ဂလိပ်စာ သင်မယ်၊ စစ်ကဲမြို့အုပ် အလုပ်ခိုင်းမယ်)စသည်ဖြင့် မိုးထိုးအောင် အားတက်မိရှာ၏။ ဤသို့ မျှော်လင့်ချက်တွေ ဂေလျှံ၍နေသည်ကို ကံတရားသည် ဘယ်ချောင်ကြားမှ ချောင်းကြည့်ကာ ပြုံးနေမည်မသိပေ။ ပွဲတော်ရက် အဆုံးဆုံး အစည်ဆုံးဖြစ်သော လဆန်း- ၄ရက်နေ့၌ ကျွန်ုပ်၏မိခင်မှာလက်တွင် ဓါးခုတ်မိလေတော့သည်။

မိခင်သည် ငါးပေါင်းကြော် ကြော်ရန် ထင်းစည်းများကိုလည်း ဂယ်ပါ၏။ သို့သော် တစ်ပြား သက်သာ သက်သာ၊ စေတော့ဟူသော သဘောဖြင့် လမ်းဘေး၌ ခြောက်သွေ့ကြွေကျနေသောအုန်းလက်ကြီး တစ်လက်ကို ညနေပိုင်း ဆိုင်ခင်းရန် အလာတွင် ကောက်ခဲ့ပေသည်။ ထိုအုန်းလက်ကို အခြားထင်းကောင်းများနှင့်ဖက်၍ မီးဆိုက်လျှင် ပိုက်ဆံပေး၍ဂယ်ရသော ထင်းကောင်းများ အကုန်သက်သာမည်ဟူသောသဘောဖြင့် အုန်းလက်ကို ထင်းဖြစ်အောင် ခုတ်ရင်း လက်ကိုခုတ်မိရှာခြင်း ဖြစ်၏။

ဓတ်ဒဏ်ရာမှာ အတော်ပင် ပြင်းထန်၏။ အရိုးသို့ပင်ထိ၏။ သို့သော် ငါးပေါင်းကြော် အလွန်အမင်း တွင်ကျယ်နေသော အချိန်ကောင်းတွင် ဖြစ်နေသောကြောင့် မိခင်သည် ဒဏ်ရာကိုပင် နားရမှန်းမသိသလောက်ဖြစ်လျက် သွေးဆေးနှင့်သာ သိပ်ပြီးလျှင် ငါးပေါင်း ကြော်ဒယ်အိုးထဲ၌ ထည့်ကာစ ငါးပေါင်းကြော်တို့မှ အမြှုပ်တဖွားဖွား ထ၍နေသည်ကို အမြှုပ်အဖြစ်ဖြင့်မမြင် ငွေဒင်္ဂါးတွေဟုသာမြင်လျက် တစ်ဈေးလုံး၏ ငါးပေါင်းကြော် လက်ကားကြီးဖြစ်လျှင်....ဟူသော စိတ်ကူးကိုသာ အတွင်းသား ယဉ်လျက်ရှိပေတော့ သည်။

သဲပုံစေတီကို ဒီရေတိုက်သောအခါ၌ပြိုက်ခနဲ ပြိုရသလို ကျွန်ုပ်၏မိခင် စိတ်ကူးယဉ်၍ ဆောက်နေရှာသော လေထဲက တိုက်အိမ်ကလေးမှာလည်း ပြားခနဲ ကျသွားရရှာ၏။ ပွဲတော်ရက်များအတွင်းတွင် ဓားဒဏ်ရာကို တော်ရုံသာဂရုစိုက်လျက် မီးပူခံကာ ညှော်ဂငကြီး ရှူခဲ့ရသော မိခင်သည် တော်တစ်လှည့် ပြတ်တစ်လှည့် ဘဂကံကြမ္မာ ချွတ်ယွင်း ခဲ့သည်ကြောင့် တစ်ကြောင်း၊ စိတ်နလုံး ချုံးချုံးကျ၍ မတ်တတ်နာ ဂေဒနာရှင်သဖွယ် စိတ်အားငယ်၍ သွေးအားပါငယ်သောကြောင့် တစ်ကြောင်း၊ ပွဲတော်ကြီးအပြီးသတ်၍ ရှေ့မျှော်လင့်ချက် နှင့် ဇော ကို အတန်ငယ်လျှော့လိုက်သည့်ခဏ၌ အနာဂင်ကာ ငန်းဖမ်းလျက် အိပ်ရာတွင် လဲရှာသောအခြေသို့ ရောက်ရှာလေတော့သည်။
သူ၏မျှော်လင့်ချက် အုတ်မြစ်ဖြစ်သော ငါးပေါင်းကြော် လက်ကားဘဂကို ငန်းဖမ်းရာမှ ယောင်ယမ်း ပြောဆိုရှာသည်ကို ယခုအထိကျွန်ုပ်၏နား၌ ကြား၌နေပေသေးသည်။

"ငါ့သားလေး....မုန့်ပျားသလက်ကို ထမင်းလုပ်ပြီး မစားရတော့ပါဘူးကွယ်....၊ မေမေတို့ ချမ်းသာပါတော့မယ်..... သားကို အင်္ဂလိပ်စာ သင်ပေးမယ်ဟုတ်လား" စသည်ဖြင့် ကယောင်ကတမ်း ပြောသံများကို

ကျွန်ုပ်နားလည်တတ်သော အရွယ်ဖြစ်သည့်အတိုင်း မချိမဆန့် ကြားခဲ့ရပေသည်။ ကံတရား၏ ပြောင်လှောင်ချက်ကား ပြင်းထန်လှတော့၏။

ဤကဲ့သို့ မိခင်အနားဂင်၍ ငန်းဖမ်းနေသောအခါ၌ အထည်သည် လင်မယားနှင့် ကူဖော်အဒေါ်ကြီးသည် နေ့ညမပြတ်လာ၍ စောင့်ရှောက်ရှာကြ၏။ ကျွန်ုပ်၏အဘိုးရှိရာသို့လည်း စာပေး၍တစ်မျိုး လူကြုံနှင့်တစ်ဖုံ အကြောင်းကြားကြ၏။ သို့ စကားပြန်ဖော်မရပေ။ မြန်မာဆေးအမျိုးမျိုးတို့ဖြင့် ကုသကြ၏။ ဒဏ်ရာကား ချဉ်ဆီ သို့ပင် ပေါက်သဖြင့် ဆေးမတိုးနိုင်ပေ။ နောက်ဆုံး၌ မိခင်သတိလစ်နေသောအခါတွင် ကုလားဆရာဂန်ကို ခေါ်ကြရ၏။ ဆရာဂန်မှာ ထိုခေတ်က ငွေများများပေးနိုင်မှ စိတ်လိုက်လက်ရကုသကြပေရာ ကျွန်ုပ်တို့ သားအမိ ကဲ့သို့သော မျက်နှာမွဲအား အဘယ်သို့လျှင် ဂရုတစိုက် ကုသပါမည်နည်း။

ကျေး ဖူးရှင်အထည်သည် လင်မယားတို့လည်း တတ်နိုင်သမျှ ငွေကြေး စိုက်ထုတ်၍ အကုန်ခံကြပါပေသည်။ သို့သော် ကုလားဆရာဂန် လိုသလောက်ကား မတတ်နိုင်ကြရှာ။ ထို့ကြောင့် ကျွန်ုပ်၏ အဘိုး ဦးနကီ နှင့် ကျွန်ုပ်၏ဦးလေး ဦးဒေါနထံသို့ (လူမလာလိုက နေပါ၊ စာရလျှင် ငွေထောက်ပါမှ မစောလှ အသက်ချမ်းသာမည်)ဟု လူတစ်ယောက်ကို စရိတ်ကုန် ခံကာလွှတ်ပေးလိုက်ကြပါ၏။ သို့သော် ထိုစာကို အပို့သွားသူကိုပင် လိုလိုချင်ချင် လက်ခံ၍ မတွေ့ကြဘဲ နောက်ဆုံးတွင်မှ စေတနာကာ ရွှေးမျှမပါ အရပ်ကပိုင်း၍ တိုက်တွန်းကြသဖြင့် ငွေတစ်ရာထုတ်၍ ပေးလိုက်ပေသည်။ သို့သော် ထိုငွေတစ်ရာ ကျွန်ုပ်တို့မြို့ကလေးသို့ ရောက်လာသောအခါ၌ ကျွန်ုပ်၏မိခင်မှာ သေငယ်ဇောဖြင့် မျော၍နေပါပြီ။ ငွေတစ်ရာကို ထားဘိဦး၊ အဘိုးဦးနကီ၏ စည်းစိမ်တစ်ခုလုံးကိုပုံ၍ပေးလျှင်ပင် ကျွန်ုပ်၏မိခင်အားသေမင်း၏လက်မှ ပြန်၍လုရန် ခဲယဉ်းပြီးဖြစ်ရကား အချိန်နှောင်းတော့ပြီ ဖြစ်၏။

ပွဲတော်ချိန်ပီပီ အခြားမြို့ကလေးသို့ ကူး၍ဇာတ်ကနေသော ကျွန်ုပ်၏ဖခင်လည်း မိခင် အသည်းအသန် ဖြစ်သော သတင်းကို နှစ်ကြိမ်ပို့မှ သုတ်သီးသုတ်ပြာ ပြန်၍လာ၏။ သို့ သော်သူသည်လည်း ရောက်ချိန် နှောင်း၍ နေလေပြီ....။

ကုလားဆရာဂန်သည် ငွေတစ်ရာကို လက်ခံ၍ အမျိုးမျိုးသော ကုနည်းများဖြင့် ကု၏။ ဤသို့ သောကုနည်းများ ဖြင့်သာ ခပ်စောစောက ကုသပါက ကျွနုပ်၏မိခင်မှာ ရေတိမ်တွင် နစ်ရှာ မည်မဟုတ်၊ ယခု မူကား ငွေတစ်ရာကို ရယူလိုသဖြင့် လွန်နေပြီသော ဝေဒနာရှင်ကို ဖွတ်ကုကာငွေလိမ်ယူသည်ဟုသာ ကျွန်ုပ်ယူဆမိပေတော့သည်။ ကျွန်ုပ်၏မိခင်သည် အနိစ္စမရောက်မီကလေး၌ သတိအနည်းငယ်လယ်၍ လာသေး၏။ သို့သတိလယ်၍ လာခြင်း မှာ နောက်ဆုံးမီးတောက်ပမာ မီးသေခါနီးတွင်ထ၍ တောက်သလို ဂိဉာဉ်အား ဟုတ်ခနဲ ပွင့်ကန်ခြင်း ဖြစ်၏။ သတိလယ်လာသည်နှင့် တစ်ပြိုင်နက်ပင် ယဲ့ယဲ့ကလေးဖြင့် "သား...သား လိမ်လိမ်မာမာ နေနော် မင်းကြီးရင် ရွှေမန်းကျည်းထောင့်တွေကို တောင်းနော် ဟုတ်လား...."ဟု အသံသဲ့သဲ့ ကလေး ဖြင့် ပြောရှာ၏။ ကျွန်ုပ်ကား ကလေးငယ်ပီပီ ငိုယိုဖို့သာ တတ်နိုင်လေတော့သည်။

မိခင်၏နောက်ဆုံးကားများကား အသည်းနလုံးတွင် ဆောက်နင့်ထွင်းသကဲ့သို့ စွဲမြဲသွားခဲ့၏။ မိခင်သည် ထိုည သန်းခေါင်ကျော်၌ ကံတရားက ဖွတ်ဆွဲ၍ခေါ်ကာ သေမင်း၏လက်သို့ အပ်ခြင်းကို မလွန်ဆန်သာဘဲ လိုက်ပါသွားရရှာ၏။ မိခင်၏ နောက်ဆုံးကြိုးပမ်းမှု ဖြစ်သော ငါးပေါင်းကြော် ကိရိယာ အားလုံးကို ရောင်း၍ အသုဘကိစ္စကို စီစဉ်လိုက်ကြရပေသည်။ ကံဆိုးလှရှာသူ မိခင် ရေတိမ်တွင်နစ်ရသော ဤအဖြစ်အပျက်သည်ကား တတိယအကြိမ် ကံတရားက ကျွန်ုပ်၏ နုနယ်သေးငွေး အရည်မတည် သေးသော ကလေးစိတ်ကို ကောက်ကွေးအောင် အဝမ္ဗ ဖန်တီးခဲ့သော အဖြစ်အပျက်ပင် ဖြစ်ချေတော့သည်။

**ဆက်ရန်**

## [တင့်တယ် ၏ ကမ္မဖလ အပိုင်း (၅)]

### ကျောင်းသားဘဝ

လောကအလယ်တွင် မျက်နှာငယ် တစ်ကောင်ကြွက်အဖြစ်ဖြင့် ငေါက်တက်တက် ကျန်ရစ် ခဲ့ရသော ဤ အချိန်တွင် ကျွန်ုပ်သည် အသက် ၆နှစ်ရွယ်မျှသာ ရှိလေသေးသည်။ ကျွန်ုပ်၏ ဖခင်မှာလည်း ကျွန်ုပ်၏ မိခင် သေဆုံးခါစ၌ ကျွန်ုပ်အား ဂရုစိုက်သယောင် ရှိသေး၏။ သို့သော် မကြာမီပင် သူနှင့် ဖောက်လွဲ ဖောက်ပြန် ဖြစ်နေခဲ့သော ယိမ်းသမကို ထင်ထင် ပေါ်ပေါ် ယူလိုက်တော့ပေရာ ကျွန်ုပ်မှာ ဖခင်ကိုလည်း ခိုကိုးရာမမြင်၊ ဆွေမျိုးညာတိ ကျိုကျို တက်ချမ်းသာသူတို့ ရှိပါလျက်နှင့်လည်း အဆက်အသွယ်ပြတ်ကင်း သားချင်း ပေါက်ဖော် တစ်အူတုံဆင်းလည်း ကင်းမဲ့လေရကား ကျွန်ုပ်မှာ မြန်မာခိုးကိုးရာမဲ့ ကလေးများ၏ ခိုလှုံရာ အရိပ်ဆာယာ ဖြစ်သော သာသနာ၏ မြထီးရွက်အောက်သို့ ဂင်ရောက်ခိုလှုံရပေတော့သည်။

ကျွန်ုပ်တို့ မြို့ကလေးရှိ ဘုန်းကြီးကျောင်း၌ ကျေးဇူးရှင် အထည်သည်လင်မယားတို့က ထာဂစဉ် ကျောင်းသား အဖြစ်ဖြင့် အပ်နှင်းပေးကြလေသည်။ ကျွန်ုပ်အား လက်ဦး၌ သူတို့ကပင် အပ်နှင်းပေးကြပေသည်။ ကျွန်ုပ်မှာလည်း ကလေးသူငယ်အရွယ်သာဖြစ်သောကြောင့် ကျေးဇူးရှင်များကိုပင် ဆက်လက်မှီခိုလိုသော စိတ်ရှိ၏။ ကျွန်ုပ်၏ ဖခင်ထံသို့ကား မိထွေးကို မသတီသဖြင့် လုံးဂမကပ်လိုခဲ့ပေ။

သို့ရာတွင် ကျေးဇူးရှင် အထည်သည် လင်မယားတို့သည် ကျွန်ုပ်၏ နောင်ရေးကို မျှော်မြင်ကြသဖြင့် ဘုန်းကြီး ကျောင်း၌ပင် စာသင်၍ နေစေသည်။ ကျွန်ုပ်အတွက် လိုသမျှသော ကျောက်သင်ပုန်း၊ ကျောက်တံ၊ သင်ပုန်း ကြီးစာအုပ်၊ အဂတ်အစား၊ ဖိနပ်၊ ခမောက်များပါမကျန် အားလုံးပင် ကျေးဇူးရှင်တို့က တာဂန်ယူကြပေသည်။ ကျေးဇူးရှင်များ၏ အိမ်၌ ကျွန်ုပ်မနေဖြစ်သည့်အကြောင်းတစ်ရပ်ကား သူတို့၌ မွေးဖွားစသမီးငယ်ကလေး ရှိနေ၏။ ထိုကလေးငယ်အား ကူဖော်အဒေါ်ကြီးက ကျေးဇူးရှင်များ ဈေးထွက်ချိန်တွင်ထိန်းသိမ်းရပေရာ၊ ကျွန်ုပ် ရှိနေလျှင် ကျွန်ုပ်အား သီးသန့် ဂရုစိုက်နိုင်မည်မဟုတ်။ ကျွန်ုပ်သာလျှင် ဟိုယောင်ယောင် သည် ယောင်ယောင် နှင့် ပညာစာပေမသင်ဘဲ စည်းလွတ် ဂါးလွတ် ဖြစ်နေမည်ကို စိုးကြသောကြောင့် အထိန်းအကွပ် အညှပ်ရှိရာ ဆရာတော်၏ ကျောင်းသို့ ပို့အပ်ကြခြင်း ဖြစ်၏။

အားလုံးသိကြသည့်အတိုင်း "ဘုန်းကြီးကျောင်းသား အကောင်းစား အင်္ဂလိပ်ကျောင်းသား သူတောင်းစား" စသည့်အားဖြင့် မခံချင်စိတ်ကြောင့် ဂုဏ်တုဂုဏ်ပြိုင် သူနိုင်ငါနိုင် ကျောင်းသားဘဝ အော်ကြ ဟစ်ကြ ရသည့် တိုင် ဘုန်းကြီးကျောင်းများ၌ ဘုန်းကြီး ကျောင်းသား စင်စစ်ဘဝဖြင့် နေဖူးသော သူတိုင်းပင်လျှင် ဘုန်းကြီး ကျောင်းသား ဆိုသည်မှာ တကယ်ပင် "ထမင်းသိုးစား ဟင်းသိုးစား" တို့ပင် ဖြစ်ကြပါပေသည်။ ထမင်းသိုး ဟင်းသိုးကို စားချက်ပင် ကျွန်ုပ်သည် ကြီးပြင်းလာခဲ့ရ၏။ အဘယ့်ကြောင့်ဆိုသော် နံနက်စောစောဆိုလျှင် ၄နာရီခွဲကထ၍ ကပျာကသီ မျက်နှာသစ်ပြီးလျှင် အုန်းမောင်းခေါက်ရ၏။

အုန်းမောင်ခေါက်ပြီးလျှင် ဘုရားဆောင်၌ရှိသော ကြေးစည်းများကိုရိုက်ကာ တစ်ကျောင်းလုံး ဂတ်တက်ကြရ ပေသည်။ နာရီဂက်ခန့် ဘုရားဂတ်တက်အပြီး၌ ကိုယ်တော်များ သင်္ကန်းရုံ၍နေကြစဉ် သပိတ်များကို အသင့်ပြင် ထားရ၏။ ထို့နောက် ကိုယ်တော်များတန်းစီ၍ ပဏ္ဍိပါတ်ဆွမ်းခံထွက်ရာ၌ ကျွန်ုပ်သည် ကြေးစည်ကလေးကို လက်ကကိုင်ကာ တဒူဝေဝေ ထုရင်း သင်္ကန်းတန်းကြီးရှေ့မှ ခပ်သုတ်သုတ်ပြေးလျက် နိဗ္ဗာန်ဆော်ရပေသည်။ မပြေးလျှင်မဖြစ်ပေ။ ကိုယ်တော်များမှာ ဆွမ်းလောင်းအိမ်မစောင့်ရအောင် အချိန်မီခြေလှမ်းကျဲကြီးများဖြင့် သုတ်ခြေ တင်ကြရပေရာ ကိုယ်တော်များ၏ ရှေ့မှ ပြေးမှလွှားမှ ကိုယ်တော်တို့နှင့် ရင်ပေါင်တန်းမိရုံရှိ၏။ ကျောင်းသို့ ပြန်ရောက်လျှင် အရုဏ်ဆွမ်းပြင်ဆင်ရ၏။ ကိုယ်တော်များ ဆွမ်းဘုဉ်းပေးပြီးသောအခါ ကျွန်ုပ်တို့ ကျောင်းသား များ မျှတခွဲဝေ၍ စားကြရ၏။ ပြီးလျှင် ပန်းကန် ခွက်ယောက်အိုးအင် ဆေးကြောကြပြီးနောက် စာအံကြရ ပေသည်။

စာအံ၍ ၁၁နာရီထိုးပြီဆိုလျှင် နေ့ဆွမ်းခံသော ကိုယ်တော်များ၏နောက်သို့ တံငါပိုက်သဖွယ်ရက်လုပ်ထားသော ကြိုးအိတ်ကလေးများအထဲ၌ အဖုံးအံကျပါသော သတ္တုခွက်ကလေးများကို ထည့်ကာ သင့်ရာ သင့်ရာသို့ လိုက်ကြရ ပြန်ပေသည်။ ၁၁နာရီသာသာ၌ ကျောင်းသို့ ပြန်ရောက်၏။ ရောက်သောအခါ မိမိလိုက်ရသော ကိုယ်တော်၏ သပိတ်ကို ဆွမ်းစားကျောင်းသို့ ပြေး၍ပို့ရ၏။ ထိုအချိန်တွင် ကိုယ်တော်သည် ကျောင်းရေတွင်း၌ ခြေဆေးမျက်နှာသစ်၍ နေလေသည်။ ဆွမ်းစားကျောင်းသို့ သပိတ်ပို့ ပြီးသောအခါ မိမိလိုက်ရသော ကိုယ်တော် ၏ မျက်နှာသုတ်ပဝါနှင့် ဖိနပ်ကို ကိုယ်တော်၏ အခန်းမှပြေးယူ၍ ပေးရ၏။ ဤတွင် ကိုယ်တော်သည် မျက်နှာ သုတ်၍ ဖိနပ်စီးကာ ဆွမ်းစားကျောင်းသို့ ကြွလေသည်။

ဤအခါတွင် ကျွန်ုပ်တို့ ဘုန်းကြီးကျောင်းသားများမှာ ဆွမ်းစားကျောင်း၌ စု၍ စားပွဲခင်း၊ ဆွမ်းပြင်၊ ဖျာခင်း အလုပ်ရှုပ်ကြပြန်၏။ ကိုယ်တော်များ ဘုဉ်းပေးကြသောအခါ၌ အနီးမှ ရှိသေစွာ ဒူးတုတ်၍ နေကြရ၏။ ကိုယ်တော်များ လိုရာကို ဖြည့်ရ၏။ ကိုယ်တော်တို့ ဆွမ်းဘုဉ်းပေးအပြီး၌ ဆွမ်းပွဲများကို ကြမ်းပြင် အနိမ့်ပိုင်း သို့ ရွှေ့ကာ အချိုပွဲကပ်ရ၏။ ကိုယ်တော်များ အချိုပွဲထိုင်နေကြစဉ် ကျွန်ုပ်တို့မှာ ဆွမ်းကျန် များကို စားကြရ၏။ သို့သော် ... ဆွမ်းကျန်အနက်မှ ကျောင်းသားညစာအတွက် ကြွေဇလုံကြီးများဖြင့် ဖယ်ထားရ၏။ ဟင်းကိုလည်း ညစာအတွက် လုံလောက်အောင် ကြည့်ဖယ်ထားရသေး၏။ ဤသို့ မနက်စာ ညစာ ဝေဖန်ဆုံးဖြတ် ပေးရသည့် တာဝန်မှာ ဆွမ်းစားကျောင်း ကိုယ်တော်၏ လက်ထောက် တပည့်ရင်း ကိုရင်ကြီး ဖြစ်လေသည်။

နေ့စာ ကျွန်ုပ်တို့ စားသောက်ပြီးချိန်နှင့် ကိုယ်တော်များ အချိုပွဲကျချိန်တို့မှာ အလောတော် ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့၏ထမင်းပွဲများကို  အချိုပွဲများနှင့်ရော၍ သိမ်းဆည်းဆေးကြောရပေသည်။ မွန်းတည့်ချိန်၌ အုန်းမောင်း ခေါက်ရပြန်၏။ မွန်းတည့်မှ နာရီပြန် တစ်ချက်အထိကား အားလပ်ချိန် ဖြစ်သည်။ ကျွန်ုပ်တို့ ကံချာတစ်တမ်း၊ တွင်းစိမ်းတမ်းကစား နည်းအမျိုးမျိုး ကစားရ၏။ သို့သော် ဆူဆူညံညံ မလုပ်ရ၊ ဤအချိန်ထိ ကိုယ်တော်ကြီးများ ကျိန်းကြသောအချိန် ဖြစ်၏။ တစ်ချက်တီးလျှင် ကြေးမောင်းကို ထန်းစေ့မှုတ်နှင့်ခေါက်၍ နာရီထိုးရ၏။ ထိုအချိန်မှစ၍ ညနေလေးနာရီအထိကား စာအံချိန် ဖြစ်လေသည်။

ကျွန်ုပ်နေရသောကျောင်း၌ ကျောင်းသား ၂၀ခန့် ရှိ၏။ ထို ၂၀ခန့်အနက် ဆယ်ယောက်လောက်မှာ သဒ္ဒါကြီး တက်နေကြ၏။ ကျန်ငါးယောက်မှာ သင်္ဂြိုဟ်တက်နေကြ၏။ ကျွန်ုပ်တို့အငယ်ဆုံး တစ်သိုက်မှာကား ကိုရင်ကြီး တစ်ပါး၏ ရှေ့မှောက်၌ (ကကြီးရေက ကကြီးရေချ ကာ ကကြီးရေ လုံးကြီးတင်ကိ) စသော စာလုံးပေါင်းတို့ကို အသံကုန်ဟစ်၍ နေရ၏။ (ကကြီးရေးချ ဂစွနစ်လုံးပေါက် ကား ဟူသော စာကြောင်းအဆုံးကို ရောက်လျှင် ကိုရင်ကြီးက သူ့လက်၌ကိုင်ထားသော ဝါးခြမ်းပြားကြီးဖြင့် ကြမ်းပြင်ကို ဘုန်းခနဲ ရိုက်၏။

ထိုဝါးခြမ်းပြားအသံကို နာခံ၍ (ကကြီးရေက)မှ (ကား)အထိ မိုးဦးက ဖားတွေလို သံပြိုင် ညီညီ အောက်ကြရ ပြန်ပေသည်။ ကျောင်း၏ အခြားနေရာများမှာ (အတ္ထောအက္ခရာသညာတော)နှင့် (သမမာသမ္ဗုဒ္ဓတုလံ သသဒ္ဓမ္မ ဂဏုတ္တမံ) ဟူသော အော်သံတို့သည်လည်း ဆူညံ နေပေသည်။ ကျောင်းအပေါ်ထပ်၌ ဆရာတော်ထံ အဌ ကထာဂီဘင်းစာဂါ လိုက်နေကြသော ကိုယ်တော်တို့၏ အသံများကား ဂါးလုံးခေါင်းအဂတွင် ပိတုန်းဂဲသလို တဒီးဒီး သာကြားရ၏။ စကားလုံးမသဲကွဲ။

ညနေသုံးနာရီခွဲလျှင် ကျောင်းဆင်း၏။ သို့သော် ကျောင်းဆင်းသည်ဟုမခေါ် စာအံဖြုတ်သည်ဟု ခေါ်ပေသည်။ သုံးနာရီခွဲမှ လေးနာရီခွဲအထိ ကစားချိန်ရ၏။ ၄နာရီခွဲသောအခါ ကိုယ်တော်ကြီးများ ရေချိုးသည်ကို လက်ဆွဲ ဘုံဘိုင်ဖြင့် တကြုတ်ကြုတ် ရေဆွဲပေးရခြင်း၊ ကျောင်းဝင်းကို တံမြက်သိမ်းခြင်း၊ ဘုရားပန်းအိုးများ ပန်းရေ လဲလှယ်ခြင်း၊ သောက်ရေအိုးများကို ရေဖြည့်ခြင်း၊ တစ်ခါတစ်ရံ၌ ကိုယ်တော်များ၏ သင်းပိုင်တို့ကို ဒလိမ်းထိုး ပေးရခြင်း စသည်တို့ဖြင့် အလုပ်ရှုပ်ကြပြန်၏။

သင်းပိုင်ဒလိမ်းထိုးသည်ဆိုခြင်းမှာ သင်းပိုင်ကို ရှစ်ချိုးခေါက်၍လိပ်ပြီးလျှင် ထိုအလိပ်ကို လက်ဆစ်မှ တထောင် ဆစ်အထိ လက်ဖြင့်ဖိကာ လှိမ့်၍ လျှော်ဖွပ်ရခြင်း ဖြစ်ပေသည်။ တစ်ခါတစ်ရံ၌ ကနတံများကို ကုဋီသံပုံးမှ ယူလာ၍ ဆေးကြောရခြင်း။ ကုဋီရှိ သန့်သက်ရေအိုးကို ရေဖြည့်၍ ဆေးသင့်က ဆေးကြောရခြင်း၊ ကျောင်းဝင်း ရှိ ပန်းပင်များကို မြေဆွ ရေလောင်းပေါင်းသင်ရခြင်း၊ ကြေးဆင်းတုကျောက်ဆင်းတုများကို အခါကြီး ရက်ကြီး နီးပါက တိုက်ချွတ်၍ ရေသပ္ပာယ်ရခြင်း စသည်အားဖြင့် ဘုန်းကြီးကျောင်းသား တို့၏ ညနေပိုင်းအလုပ်များမှာ မနည်းပါပေ။

ငါးနာရီခွဲ ခြောက်နာရီသို့ ရောက်လျှင် ကျောင်းသားများ ညစာ စားကြရပေသည်။ ဤအခါတွင်မှ (ထမင်းသိုး စား ဟင်းသိုးစား) ဟူသော ဘုန်းကြီးကျောင်းသား၏ သဘာဂပေါ်ပေါက် လာပေတော့သည်။ နံနက် ညစာ

အတွက် ဖယ်ထားခဲ့သော ဆွမ်းကျန်များမှာ သပိတ်ထဲသို့ အချို့က ဆွမ်းဟင်းများကိုပါ လောင်းထည့် သဖြင့် ဟင်းစ၊ ဟင်းနများမှ မလွတ်ကင်းနိုင်အောင် ရှိရပေရာ ပူပြင်းသော နွေရာသီလများ၌ ဟင်းစ၊ ပေကျံသော ဆွမ်းများမှာ ညနေပိုင်း သို့ ရောက်သောအခါ၌ သိုးနံ့ကလေးရှိသော အပိုင်းကို အသာအယာ ကြက်ယက်သလို ယက်ဖယ်၍ ထမင်းကောင်းကို ရှာ၍ စားကြရ၏။ သို့သော် အသို့လျှင် ထမင်းသိုးနှင့် ကင်းပါမည်နည်း။ ဟင်းများ မှာလည်း ထို့အတူပင် ဖြစ်၏။ တစ်ခါတစ်ရံ၌ ဟင်းရှိသမျှကို စုပေါင်း၍ ဟင်းလေးကြိုရ၏။ ထိုအခါမျိုးတွင် ဟင်းသိုးတစ်ခွက်ပါရှိပါက တစ်အိုးလုံး သိုးစော် ချဉ်ဖန့်ဖန့်နံ့တတ်၏။ သို့သော် ချေးမများနိုင်။ မိုတ်၍သာ မျိုရပေသည်။

ထမင်းစားပြီး၍ ပြီးသောအခါ၌ တာဂန်တစ်ခု ကျလာပြန်၏။ ထိုတာဂန်မှာ နက်ဖြန် အရုဏ်တက်အတွက် ဆွမ်းဟင်းအိုးကြီးအား လှူဒါန်းမည့်အိမ်သို့ လူတစ်ဖက်ခန့်ရှိသော သတ္တုအိုးကြီးကို သွား၍ပို့ရသော တာဂန် ဖြစ်လေသည်။ ထိုဆွမ်းဟင်းမှာ နက်ဖြန် အရုဏ်တက် ပိဏ္ဍပါတ်ဆွမ်းနှင့်စာရန် ဆွမ်းဟင်းဖြစ်လျက် မြို့ထဲ၌ အိမ်ပေါင်း ၃၀ပြည့်အောင် ဆရာတော် ကိုယ်တိုင်လိုက်၍ ဆွမ်းဟင်းဖိတ် ထားသော ဒါယကာများက လှူကြ ခြင်း ဖြစ်၏။ ယင်းသည် ဆွမ်းဟင်းအိုးကြီး အလှူဒါယကာစာရင်းကို ဘုန်းကြီးကျောင်းများတွင် လက်ရေး အလှဆုံး ကိုယ်တော်က မင်နီမင်ပြာနှင့် ကနုတ်ပန်းတွေပိုင်းကာ လှလှပပရေးလျက် တိုင်တစ်တိုင်တွင် မှန်ဘောင်သွင်းထားတတ်သည်ကို တွေ့ဖူးကြပေမည်။

ဤဆွမ်းဟင်းအိုးကြီးကို ပို့ရသောတာဂန်ကို ကျောင်းသားတိုင်း လုပ်ချင်ကြ၏။ အဘယ်ကြောင့်ဆိုသော် ဆွမ်းဟင်းအိုးကြီးကို သက်ဆိုင်ရာ ဒါယကာ၏ အိမ်သို့ ပို့ပြီးလျှင် မြို့ထဲ ညဈေးပိုင်း၌လည်းကောင်း၊ ပွဲလမ်း သဘင်ရှိလျှင်လည်းကောင်း၊ အချောင်လည်ပတ်ခွင့်ရ သောကြောင့် ဖြစ်ပေသည်။ သို့သော် ကျောင်းသို့ကား ၇နာရီခွဲအမီ ပြန်၍ ရောက်ရ၏။ ၇နာရီခွဲလျှင် ဘုရားဝတ်တက်ရပြန်ပေသည်။ ဤည ဘုရားဝတ်တက်ချိန်မှာ တစ်နာရီခွဲခန့်ကြာ၏။ ၉နာရီထိုးမှပြီး၏။ မေတ္တာပို့အမျှဝေ၍ အဆုံးတွင်မှ လူစုကွဲပေသည်။ ဤတွင် သက်ဆိုင် ရာကိုယ်တော်တို့အား အနင်းအနိုပ် တတောင်ကြိတ်စသော အလုပ်ကလေးတွေ ပေါ်သေး၏။ အချို့ကိုယ်တော် များကား လရောင်ကလေးအလာတွင် လရောင် ညဂါပဟုခေါ်သော နေ့ခင်းက အလွတ်ကျက်ထားသမျှကို အာဂုံ ရွတ်ကြလေသေးသည်။ ၁၁နာရီခန့်ရှိမှ အသံအားလုံး၊ ငြိမ်၍ နောက်တစ်နေ့ ၄နာရီခွဲ၌ထကာ အုန်းမောင်း ခေါက်ကြရပြန်သည်။

ဘုန်းကြီးကျောင်းသားဘဝကို ဤကဲ့သို့ အသေးစိတ်ရေးသားမိခြင်းမှာ ယခုခေတ်၌ ဘုန်းကြီး ကျောင်းသား ဘဝကို ကိုယ်ထိ လက်ရောက် သိသူနည်းပါးအံ့ ထင်သောကြောင့် ဖြစ်၏။ ကျွန်ုပ်၏ အဖြစ်စဉ်ကို အတိအကျ နားလည်နိုင်ရန်မှာ ဘုန်းကြီးကျောင်းသားဘဝကို အကြောင်းစုံသိထားပါမှ ပိုမို၍ သဘော ပေါက်နိုင်ပေလိမ့် မည်လည်းဖြစ်၏။ ထို့ကြောင့်ပင် အသေးစိတ်ရေးသားရပေသည်။ ထို့အပြင် ကျွန်ုပ်မှာ လူမှန်းသိတတ်ခါစ အရွယ်မှစ၍ ၁၆နှစ်သားအရွယ်အထိ ဘုန်းကြီးကျောင်း၌ ထမင်းသိုး ဟင်းသိုးကို စားရင်း ကြီးပြင်းခဲ့ရပေရာ ဘုန်းကြီးကျောင်း ပတ်ဂန်းကျင်သည်လည်း ကျွန်ုပ်၏ စိတ်ကို စိုးမိုးပြုပြင်ခဲ့လေသေးသည်။ သို့ပြုပြင်ခဲ့သဖြင့်

လည်း ကျွန်ုပ်၏ဖြစ်စဉ်မှာ သာမန်လူတစ်ဦး၏ အဖြစ်စဉ်နှင့်မတူဘဲ တစ်မျိုးတစ်ဖုံ ထူးခြားခဲ့ရ၏။ ထိုအကြောင်း ကြောင့်လည်း ဘုန်းကြီးကျောင်းပတ်ဂန်းကျင် သဘောအခြေအနေကို ရေးရ၏။

အထက်၌ ဖော်ပြခဲ့သော သာမန်ဘုန်းကြီးကျောင်းသားတစ်ယောက်၏ ဘဝကို သုံးသပ် ဆင်ခြင်လိုက်ပါက (၁)သူတ်စပါး ပေးလှူသမှုကိုမှီကာ အသက်ဓာတ်မီးကလေး မပျက် အောင် မွေးရခြင်း၊ (၂)ဆွေမတော် မျိုးမတော် သူစိမ်းတို့၏ အလယ်၌သာ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ကာ အလိုက်တသိနေတတ်အောင် နေရခြင်း၊ (၃)သူစိတ်းအလယ်၌ နေရသဖြင့် သွေးသားမတော်စပ်သောကြောင့် သံယောဇဉ်ကင်းမဲ့ခြင်း၊ (၅) ဘာသာတရား ကို သက်ဝင်ယုံကြည်ကာ ကိုင်းရှိုင်း သူတို့၏အဖို့၌ နိဗ္ဗာန်တံခါးကြီး ဟင်းလင်းပွင့်သကဲ့သို့ ဖြစ်နိုင် သော်လည်း အချို့သူတို့၏ အဖို့၌မူကား ဘာသာတရားနှင့် အလွန်နီးကပ်စွာ နေရ သောကြောင့် ဘာသာ တရားကို ဟုန်၍ သွားခြင်း စသော အချက်များကို တွေးမိကြမည် ထင်၏။ အခြားသူများ၏ အဖို့ ကိုကား ကျွန်ုပ်မသိ။ ကျွန်ုပ်အဖို့ သက်သက်၌မူကား အထက်ပါ အချက်ကြီးငါးချက်တို့သည် ကျွန်ုပ်၏ စိတ် ကို စိုးမိုး ဖန်းတီးခဲ့ကြပေသည်ဟု ပွင့်လင်းစွာ ဝန်ခံရစ်ခဲ့ရပေမည်။

သာသနာ၏ ထီးရိပ်ကို ခိုသူတိုင်း စိတ်နှလုံးအေးငြိမ်းချမ်းသာမှု စိတ္တသုခကို ရကြစမြဲ ဖြစ်၏။ ကျွန်ုပ်မူကား ဘုန်းကြီး ကျောင်းသား ဘဝဖြင့် ဘာသာတရားနှင့် ပို၍သာ ဝေးကွာခဲ့ရသည်ဟု ဆိုရပေတော့မည်။ အပြစ် ကား ဘာသာတရား၏ အပြစ်မဟုတ်၊ အခြားသူများနှင့်မတူ တစ်မူထူးခြားသော ကျွန်ုပ်၏ ဇာတိပဋိသန္ဓေ ထူးဆန်းမှု ၏ အပြစ်သာလျှင် ဖြစ်ကြောင်းကို ရိုးသားစွာ ဝန်ခံပါသည်။

ဘုန်းကြီးကျောင်းသားဘဝဖြင့် သူစိမ်းတို့အလယ်၌ နေခဲ့ရသည်တွင် ကျွန်ုပ်မှာ ထမင်းသိုး ဟင်းသိုးကို မရှောင်သာ ၍ စားရတိုင်း ကျွန်ုပ်၏ အတိတ်ကာလကို ပြန်၍ မြင်မိ၏။ မုန့်ပျားသလက် ဆားဖြူးကို စားရသည့် အတိတ်ကို မြင်၏။ ထမင်းဂဂ စားရခါနီးမှ ရေတိမ် နစ်ရရှာသော မိခင်၏အဖြစ်ကိုလည်း ရင်ထုမနာ မြင်မိ၏။ ကျွန်ုပ်၏ မိခင်အပေါ်၌ စိမ်းကားရက်စက်လှစွာသော အဘိုးဦးနကီနှင့် ဦးလေးဦးဒေါနတို့၏ အညှာတာ ကင်းမဲ့ ပုံကိုလည်း ထင်းထင်းကြီး မြင်မိ၏။ သို့ဖြစ်လေရာ မိမိ၌ ဆင်းရဲမွဲတေ ဖြစ်သလိုနေရ စားရလေလေ "ငါ့သား ကြီးပြင်းရင် မင့်ဘိုးဘိုးဆီကိုသွားပြီး ရွှေမန်းကျည်းတောင့်တွေကိုတောင်းနော် ..." ဟု လေသံယဲ့ယဲ့ကလေးဖြင့် နောက်ဆုံးစကား မှာကြားသွားသော မိခင်၏အမှာကိုလည်း ကြားယောင်လေလေ ဖြစ်လာ၏။ လူစိမ်းတို့၏ အလယ်၌ နေထိုင်ရခြင်းအားဖြင့် ကျွန်ုပ်မှာ ကျောင်းသားတို့၏ ဘဝကြီးနိုင် ငယ်ညှဉ်းဆဲလုပ်သမှုကို မနိုင်၍ ကြိတ်မှိတ်အောင့်အည်းကာ သည်းခံရခြင်းမျိုးဖြင့် သည်းခံတတ်လာ၏။ စော်ကားမှုကို အရေထူ၍ လာ၏။ ကျောင်းသားကြီးများက ကျွန်ုပ်အား အနိုင်ကျင့်ကာ ဖခင်၏သွေးပါသောကြောင့် "ဖက်ခွက်စား" စသည်အားဖြင့် မတရား ဆိုရက်ကြသည်ကို လက်ဦး၌ကား မခံမရပ် နိုင်ဖြစ်လျက် ဆဲသည့်အခါ ကလော်၍ပင် ဆဲမိပေသည်။ ဆဲလျှင် ကျောင်းသားကြီးများက ထိပ်ကို ခေါက်၏။ ပါးကိုလိမ်ဆွဲ၏။ ကိုရင်ကြီးကြားလျှင်လည်း ဝါးခြမ်းပြား ကြီးနှင့် ဆော်ပလော် တီးလေသေးသည်။

ထို့ကြောင့် တဖြည်းဖြည်းနှင့် ကျွန်ုပ်သည်စော်ကားမှုကို ကြိတ်၍ အံခဲကာ ခံတတ်လာ၏။ မျိုသိပ် လျှို့ဝှက်သောအတတ်ကို တက်လာခဲ့၏။ ရင်ထဲ၌ "အေးပေ့ါကွာ … မင်းတို့နိုင်တုန်းတော့ မိုးကောင်းလိုက် ကြအုံးပေ့ါ၊ ငါနိုင်တဲ့အကွက်ကိုနင်းမိရင်တော့ဖြင့် ခါးစည်းပြီးတော့သာ ခံကြပေတော့ကွာ"ဟု ရွက်အုပ်သီး အုံပုန်းကြိတ်၍ အမုန်းကြီး မုန်းသည့်အတိုင်း မျက်နှာတွင်ကား စိတ်ဆိုးသော အမူအရာစိုးစဉ်မျှ မပေါ်စေဘဲ ရယ်ကျဲကျဲနှင့်သွားကိုဖြီးရင်း "အစ်ကိုကလည်းဗျာ … ညီလေးကို ချစ်ရင် ဒီလိုမခေါ်ပါနဲ့ဗျာ" ဟု လေချိုသွေးကာ ပြောတတ်လာ၏။ လေချိုသွေးဖန် များသောအခါ သံတိုင် သံခဲမဟုတ်က ဘယ်သူမျှ မခံနိုင်ကြောင်းကို လက်တွေ့သိလာ၏။ သူတစ်ပါး၏ အလိုက်ကိုသိခြင်းအားဖြင့် ကိုယ်လိုရာသို့ ရောက်နိုင်ကြောင်းကို နားလည်လာ၏။ ထို့ကြောင့်ပင် နှစ်နှစ်ခန့်အတွင်း၌ ကျွန်ုပ်မှာ စော်ကား မော်ကားသူ ကျောင်းသားကြီးများကပင်လျှင် "ငကောင်း … ငကောင်း" နှင့် ခင်မင်ရင်းနှီးစွာခေါ်လျက် ညအချိန်ပွဲသို့ကျောင်းမှ ခိုးထွက်ကြလျှင်ပင် ကျောင်းဝင်း အမြင့်ကြီးကို ကျွန်တော့်အား ကျောပိုး၍ ထမ်းထွက်ကြသည်အထိ ဖြစ်ခဲ့ပေသည်။ သူတို့က ကျွန်ုပ်အပေါ်၌ သံယောဇဉ်ဖြစ်လာကြသော်လည်း ကျွန်ုပ်မှာကား အတွင်းကြိတ် မာနရှိသူ ဖြစ်ရာ သူတို့၏ အပေါ်၌ သံယောဇဉ်ဟူ၍ လုံးဝ မရှိပေ။ တစ်ခါတစ်ရံ တောကျောင်းများက ကထိန်ခင်းဖိတ်၍သွားရာ၌ အခြားကျောင်းသားများပါ၍ သွားလျှင် ကျွန်ုပ်အတွက် မုန့်ပွဲသွားရည်စာကလေးများကို မစားရက်မသောက်ရက် ယူလာတတ်ကြ၏။ ကျွန်ုပ်သွားရသော အခေါက်များတွင်ကား ကျွန်ုပ်မစားနိုင်၍ ကျန်သော မုန့်များကိုသာ သူတို့အားပေး၏။ ကျွန်ုပ်နှစ်သက်သော လမုန့်၊ အံစာမုန့်တို့ကိုမူ သင်းတို့ အရိပ်မျှပင် မမြင်ရပေ။ ကျက်သရေခန်းရှိ သကြ်ားအိုးများအောက်၌ဝှက်ထားပြီး ကိုယ့်တစ်ယောက်တည်း ကြိတ်၍စားခဲ့၏။ ဤကား ကျွန်ုပ်တွင် တစ်ကိုယ်ကောင်းစိတ်ဝင်၍ လာခဲ့သော ဥပမာကို သိသာရုံ ဖော်ပြခြင်း ဖြစ်ပေသည်။ သူများထက်လက်မြန်မှ ကိုယ်ကျိုးပြည့်စုံသည်ဟူသော သဘောကိုလည်း ဘုန်းကြီးကျောင်း၌ပင် ကျွန်ုပ်သဘောပေါက်ခဲ့လေသည်။ ထမင်းဝိုင်းတွင် လက်ဦးသူက ကြက်သားတုံး၊ အကြီးဆုံးကိုရသော သဘာဝကို လူတိုင်းသိပြီးဖြစ်၍ အထူးဖော်ပြဖွယ်မလိုတော့ပေ။ ဤအသိုင်းအဝန်းမျိုး၌ ကြီးပြင်းလာခဲ့ရသူ ကျွန်ုပ်သည် အခွင့်အလမ်းကို ကြွက်ခုတ်မည့် ကြောင်ကဲ့သို့ ငြိမ်ငြိမ်ကလေး စောင့်တက်လာ၏။ အခွင့်အလမ်းပေါ်အောင် အမြဲသတိထားသော အကျင့်ဖြစ်လာ၏။ အခွင့်အလမ်းမပေါ်လျှင် ပေါ်အောင်လည်း ဉာဏ်နီဉာဏ်နက် ထုတ်တတ်လာခဲ့ပေတော့သည်။

ဘာသာတရားနှင့် ကျွန်ုပ်၏စိတ် ဝေးကွာသည်ထက် ဝေးကွာသွားခြင်းမှာကား ဘာသာတရား၏အပြစ်၊ ဘုန်းကြီးကျောင်း၏အပြစ် လုံးဝမဟုတ်၊ ကျွန်ုပ်၏ အဇ္ဈတ္တဇာတိ ပင်ကိုယ်စိတ်၏ ချို့ယွင်းမှုကို ဝန်ခံပါသည်။ လက်ဖက်ကိုကြိုက်သူ အများကြီး ရှိ၏။ သို့သော် လက်ဖက်ကိုမြင်ရုံနှင့် အော့အန်သူ တစ်ဦး တစ်လေလည်း ရှိ၏။ ထို့နည်းတူ ဘာသာတရားနှင့် နီးစပ်လျှင် စိတ်ထားပိုမို သိမ်မွေ့ နူးညံ့လာကြရသည်သာများကြသော်လည်း ကျွန်ုပ်အဖို့၌ကား ဘာသာတရား၏ အဆုံးအမတို့ကို အားလုံးနားလည်ပါလျက် သဘောပေါက်ပါလျက်နှင့် တစ်ထစ်ချ ယုံကြည်ခြင်း မရှိပါပေ။ ကျွန်ုပ်၏စိတ်ကို နားလည်ရန်မှာ လက်ဖက်ကို မြင်ရုံနှင့် အော့အန်သူ၏စိတ်ကို နားလည်ရန်ထက် ခဲယဉ်းပေလိမ့်မည်ထင်၏။ ကျေးကုလား ၁၆ပြည်ထောင်ကို သတ်ဖြတ်၍ သာသနာပြုသော ပုံဝတ္ထုကို ဖတ်မိသောအခါက ကျွန်ုပ်၏ စိတ်မှာ ပို၍ဘာသာနှင့် ဝေးခဲ့လေသည်။ ဘာသာ၏ အရိပ်ကို

ခို၍ အသက်သွေးခဲ တည်မြဲနေပါလျက်နှင့်ပင် အာသာနှင့်ကျွန်ုပ်စိတ်မဝင်ဆန့်ခြင်းမှာ ရှေးဂိုပါကဟု ဆိုထိုက်ပါပေတော့သည်။

ရှိစေတော့ ...။

ထိုသို့အားဖြင့် သူတစ်ပါး၏ ဒါနဥ္စ မိခိုကြီးပြင်းရသည်ကို စက်ဆုပ်ခြင်း၊ ပရိယာယ်ဆောင်တတ်ခြင်း၊ သံယောဇဉ်ကင်းမဲ့၍ တစ်ကိုယ်ကောင်းသာ ကြံစည်ခြင်း၊ အခွင့်အလမ်းပေါ် သမျှ ကို ဖမ်းယူတတ်ခြင်း၊ ဘာသာ တခြား စိတ်တခြား ဖြစ်နေခြင်းစသော အခြေခံငါးချက်ဖြင့် တည်ဆောက်၍လာခဲ့သော ကျွန်ုပ်၏ စိတ်ဗိမာန် အဆောက်အဦမှာ မည်သို့မည်ပုံနေမည်ကို ပြောဖွယ်မလိုတော့။ အကယ်၍သာ ပရိယာယ်ဆောင်တတ်ခြင်းတည်းဟူသော အရေကိုခြုံမထားပါက ကျွန်ုပ်မှာ ကျောင်းသားကြီးတို့ ဝိုင်း၍ခေါက်သဖြင့် ထိပ်ပေါက်ကာ စောစောစီးစီး ဘဝအဆုံးသတ်ရဖို့သာ ရှိချိမ့်မည်။

ယခုသော်ကား ဟန်ဆောင်ခြင်း ပရိယာယ်အရေကို လုံခြုံအောင် ခြုံတတ်သောကြောင့် အသက်၃၈နှစ်အထိပင် ကြီးပြင်းကာ သူဌေးကြီး ဦးကံကောင်းဟူ၍ ထင်ရှားခြင်း အထွတ်အထိပ်၊ ကြွယ်ဝမှုခေါင်ဖူးသို့ ရောက်ခဲ့ရပေသည်။ သို့တိုင်အောင် ကျွန်ုပ်၏မိခင်ကိုလှည့်စားခဲ့သော ကံတရားသည် ကျွန်ုပ်အားတိမ်ညွှန့်သို့ မြှောက်ပင့်ပြီးကာမှ မြေပြင်သို့ချကာ ခြေနင့်နင်းသလို ဆယ်သိန်းကြွယ်ဝ ဂုဏ်ဒြပ်ကြီးလှသော အခြေကို ပို့ဆောင်ပြီးကာမှ တစ်ဖန်မတန်သေးဘဲ ယခုမူ ကြိုးစင်သို့ တန်းတန်းမတ်မတ် ပို့လိုက်ပြန် ချေပြီ။

**ဆက်ရန်**

## တင့်တယ် ၏ ကမ္မဖလ အပိုင်း (၆)

ကျွန်ုပ်၏ စိတ်ဓာတ်ကို အကြောင်းပြခိုင်လုံစေရန် အံ့ကျင်းဖွဲ့၍ ရေးသားနေရခြင်းအားဖြင့် ကျွန်ုပ်၏ အဖြစ်စဉ်ကား ရှည်လျားသထက် ရှည်လျားနေပေပြီ။ သို့သော် ကြိုးစင်သို့တက်ရန် ရက်ပေါင်း အတော်ကြာ လိုသေးသော ကျွန်ုပ်အဖို့၌ တစ်နေ့တစ်နေ့တွင် ရေချိုး ထမင်းစား လမ်းလျှောက်ရင်း အခြား အလုပ်မရှိ ပျင်းရိဖွယ်အတိဖြစ်နေ၏။ အလုပ်ရှိလျှင် ပျင်းရိ၍ အလုပ်မရှိမှ အလုပ်ရှာ၍ လုပ်လိုသော လူ့သဘာဝအတိုင်း သေရက်ကိုစောင့်ရင်း၊ ကြိုးတိုက်၌ အငြိမ်းစားနေရသည်တွင် ကျွန်ုပ်သည် ဤဖြစ်စဉ် မှတ်တမ်းရေးသော အလုပ်ကို သေချာကျနစွာ လုပ်လိုပေသည်။ ဤအလုပ်ကား ဘဝသက်တမ်းတွင် နောက်ဆုံး အလုပ်ပင် ဖြစ်လေတော့သည်။
အထက်၌ ကျွန်ုပ်ရေးသားခဲ့သည့်အတိုင်း ကျွန်ုပ်သည် ဘုန်းကြီးကျောင်းသားဘဝဖြင့် ဆယ်နှစ်တိုင်တိုင် နေထိုင်ခဲ့ရ၏။ သို့နေထိုင်နေစဉ်၌ ကျွန်ုပ်သည် အသက်အရွယ် တဖြည်း ဖြည်းကြီးရင့်၍ လူလားမြောက်၍ လာလေလေ ကိုယ့်အခြေ ကိုယ့်အဖြစ်စဉ် ကိုယ့်ဘဝကို တွေးတောဆင်ခြင်တတ်လေလေ ဖြစ်လာ၏။ ကိုယ့်အဖြစ်ကို စဉ်းစားလိုက်တိုင်းပင်လည်း သွားလေသူ ကျေးဇူးရှင်မိခင် ကံဆိုးမကြီး၏ ဆိုးရွားလှသောအဖြစ် ကို အမြဲစဉ်းစားမိ၏။ "ငါ့သား ကြီးပြင်းရင် မင်းဘိုးဘိုးဆီကိုသွားပြီး ရွှေမန်ကျည်းတောင့်တွေကို တောင်းနော် ..."

ဟူသော မိခင်၏ အမှာစကားကိုလည်း အမြဲကြားယောင်မိ၏။ အထူးသဖြင့်ကား ကျွန်ုပ် မမေ့နိုင်သော အဖြစ်အပျက်ကြီးသုံးရပ်တို့မှာ စေ့စေ့တွေးလျှင် ရေးရေးမဟုတ်၊ မျက်ဂါး တပ်အပ် လက်ငင်းကြုံတွေ့နေရဘိသကဲ့သို့ ဘွားခနဲ ပေါ်ပေါက်လာကြပေသည်။

ထိုအဖြစ်အပျက်ကြီးသုံးရပ်တို့၏ အစွဲသည် စိတ်နှလုံးဂယ် သဲသဲမဲမဲ မြဲမြဲကြီးခိုင်၍နေရာ ဘုန်းကြီးကျောင်းသားဘဝ ပတ်ဂန်းကျင်ဖန်တီးမှုငါးမျိုးကို ထပ်ဆင့်ကာလောင်း၍ လာပြန်သောအခါတွင် ကျွန်ုပ် မှာ ရည်ရွယ်ချက်သုံးခုတို့ ပေါ်ပေါက်လာခဲ့ပြန်ပေတော့သည်။ ထိုရည်ရွယ်ချက်တို့သည်ကား ဘွားခနဲ ရုတ်တရက် ရေငုပ်သူ ပေါ်သလို ပေါ်လာသော ရည်ရွယ်ချက်တို့မဟုတ်။ ကိုယ့်ဘဝအဖြစ်သနစ်ကို တွေးရင်း တွေးရင်းက စိတ်၌ ပဋိသန္ဓေတည်ကာ တဖြည်းဖြည်း ရင့်မာလျက် သရုပ်သဏ္ဍာန်ပေါ်ကာ နှလုံးသားတွင် ဖွားမြင်မြောက်၍ လာကြသော ရည်ရွယ်ချက်တို့ပင် ဖြစ်ကြ၏။

ထိုရည်ရွယ်ချက်များကို မည်သည့်အရွယ်သို့ ရောက်မှ ကျွန်ုပ် လက်ဆုပ်လက်ကိုင် အပိုင်ရရှိခဲ့သည် ဟူ၍ကား ကျွန်ုပ်ကိုယ်တိုင်ပင် တပ်အပ်သေချာမသိပေ။ (စိတ်၌ပဋိသန္ဓေတည်သည်) ဟူသော စကားလုံးကို ကျွန်ုပ်သုံးစွဲခဲ့သည့်အတိုင်း အကယ့်ပဋိသန္ဓေတည်ရာ၌ ကလလရေကြည်မှ အမြှုပ်သားတစ် ခက်မငါးဖြာ ပေါ်လာကြရသလို ကျွန်ုပ်၏ ရည်ရွယ်ချက်တို့မှာလည်း မည်သည်က အရင်ပေါ်သည်၊ မည်သည့်အချက်က နောက်မှပေါ်သည် မသိလိုက်မိ။ တဖြည်းဖြည်း တရေးရေးနှင့် အမြေးပါးကလေးမှာ ထူသထက်ထူလာတော့ကာ အသက် ၁၆နှစ်အရွယ်သို့ တိုင်သောအခါ ၌ကား ထိုရည်ရွယ်ချက်သုံးခုတို့သည် ကျောက်စိုင်ကျောက်ခဲပမာ စွဲမြဲစွာ တည်တံ့နေကြသည့်အဖြစ်ကို သတိပြုမိလေတော့သည်။

ပထမရည်ရွယ်ချက်မှာကား ကျွန်ုပ်၏ မိခင်သည် ကျွန်ုပ်အား အင်္ဂလိပ်စာကို သင်စေချင်၏။ သင်စေချင်ကြောင်းကိုလည်း ငါးပေါင်းကြော် ဒယ်အိုးကလေးတစ်လုံး ကိုယ်ပိုင်ရှိလာသည့် မသေမီကလေး၌ပင် မျှော်လင့်ခြင်းကြီးစွာ ပြောဆိုရှာပေသည်။ သားကို လူနှင့်တူ လူတန်းစေ့အောင် ပစ္စည်းအားမတတ်နိုင်ခဲ့၍ ပညာတည်းဟူသော ခွန်အားကို ပေးခဲ့ချင်သော ရည်ရွယ်ချက်သည် ကျွန်ုပ်၏ ကံဆိုးလှရှာသော မိခင်ကြီး၌ ခိုင်မြဲစွာရှိခဲ့၏။

ထိုခေတ်အခါမှာကား အင်္ဂလိပ်စာ ဆယ်တန်းတတ်မြောက်သူတို့ မြို့အုပ်စစ်ကဲဖြစ်လျက် ဘုရားထူးခံကြရသောခေတ် ဖြစ်ရာ ကျွန်ုပ်၏မိခင်သည် ကျွန်ုပ်အားပညာကိုပေးခြင်းအားဖြင့် ပညာ၏တန်ခိုးနောက်မှာ လိုက်လာမည်ဖြစ်သော ရာထူးအာဏာ ဂုဏ်သိက္ခာတို့ကိုပါ မျှော်မြင်၍ ရည်ရွယ်ခဲ့ခြင်း ဖြစ်ပေ၏။ ထို့ကြောင့် မိခင်၏ ရည်ရွယ်ချက်ကိုတွေးလိုက်တိုင်း မိခင်၏ရည်ရွယ်ချက်သည် ကျွန်ုပ်၏ ကိုယ်ပိုင်ရည်ရွယ်ချက်အဖြစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာခဲ့ပေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဆယ်နှစ်သား အရွယ် ထမင်းသိုး ဟင်းသိုးကိုစား၍ ဘုန်းကြီးကျောင်းသားဘဝဖြင့် အုန်းမောင်းခေါက် ကြေးစည်ရိုက်ကာ ကုဋ္ဌိကိုဆေးကြောနေစဉ်ကပင်လျှင် "အင်္ဂလိပ်စာကို ငါသင်မယ်၊ အင်္ဂလိပ်စာကို ငါသင်မယ်၊ ခုနစ်တန်း စာမေးပွဲကို ငါဂင်ဖြေမယ်၊ စကောလား ရှစ်ရအောင် ကြိုးစားမယ်" စသည်ဖြင့် အတွင်းကြိတ် တနုံ့နုံ့တွေးကာနေရာမှ အင်္ဂလိပ်စာသင်နိုင်မည့်လမ်းစကို ရှာမှန်းမသိ ရှာ၏။

ပိုက်ဆံတတ်နိုင်၍ ကျွန်ုပ်တို့မြို့၌ အစိုးရကဖွင့်သော အလယ်တန်းကျောင်းကလေးတွင် ပညာသင်နိုင်သူ ဆွမ်းအိုးကြီး ဒါယကာ ဒါယိကာမများ၏ သားသမီးများကို ခိုပုံကလေးများ လုပ်ပေးခြင်း၊ စွန်လုပ်ပေးခြင်း၊ မုန်စာတိုက်ပေးခြင်း၊ လက်သမားဆရာတစ်ဦးကို ကပ်၍ဂျင်ကလေးများ ပွတ်တိုက်ပေးခြင်း၊ ဘုန်းကြီးကျောင်း၌ သီတင်းလပြည့်တွင်လာ၍ ဘီလပ်ရည်လှူကြသောအခါ ဘီလပ်ရည်ပုလင်းကွဲလျှင်ရတတ်သော ဘူးဆို့ဖန်ဂေါ်လီကလေးများကို စု၍ပေးခြင်းအားဖြင့် အင်္ဂလိပ်ကျောင်းသားကလေးများကို အလွမ်းသင့်အောင်ပေါင်းကာ အေ-ဘီ-စီ-ဒီ ကို ရေးကူးကျက်မှတ်ခြင်း၊ စာအုပ်ဟောင်းကလေးများကို တောင်း၍လေ့လာခြင်း စသည်ဖြင့် အစပျိုးခဲ့၏။ သို့နှင့်ပင် ကျွန်ုပ် သင်္ဂြိုလ်ကိုးပိုင်းကျွတ်၍ စီအေတီကက် ကြောင်၊ ဘီအေတီဘက် လင်းနို့ ဟူသော အဆင့်အတန်းကို ကျွန်ုပ်ရောက်ခဲ့သည်တွင် ကံကောင်း၊ ဘုန်းကောင်းထောက်မသဖြင့် ကျွန်ုပ်မှာ ဆရာကောင်းကို မှီခိုခဲ့ရပေသည်။

ဆရာကောင်းပေါ်၍ လာရသည်မှာကား အခြားနည်းဖြင့်မဟုတ်။ ကျွန်ုပ်အမြဲ ပြုစုရသော ဦးပဥ္စင်း၏ပီယလက်ဖွဲ့တန်ခိုးကြောင့် ဖြစ်လေသည်။ ဆန်းသည်ဟုထင်ကြမည်။ ဆန်းလည်း ဆန်းပါပေသည်။ အကြောင်းမူကား ကျွန်ုပ်အမြဲ ပြုစုရသော ဦးပဥ္စင်းသည် အင်းအိုင်ခါးလှည့် လက်ဖွဲ့မန္တရားကို အလွန်ဂါသနာပါ၏။ ထို့ကြောင့် မြို့ထဲက အင်္ဂလိပ် ကျောင်းသား လူပျိုပေါက်စတို့သည်လည်းကောင်း၊ ဈေးထဲမှ ကုန်ရောင်းကုန်ဝယ်စွန်ချင်သော ကုန်စုံသည်၊ ငါးခြောက်ငါးခြမ်းသည်၊ ကုန်သေးသည်တို့သည်လည်းကောင်း အကြောင်းကို သိသောအခါ ကျွန်ုပ်၏ ဦးပဥ္စင်းကလေးကို ပီယလက်ဖွဲ့၊ ဈေးခေါ်လက်ဖွဲ့ ထိုးပေးပါရန် လက်ဦးလူသိနည်းပါးစဉ်ကမူ ဘာမျှအရေးမကြီးသေး။ တဖြည်းဖြည်းနှင့် ဦးပဥ္စင်း၏ ပီယလက်ဖွဲ့၊ ဈေးခေါ်လက်ဖွဲ့များ စွမ်းသည်ဟူသော သတင်းစကား ပြန့်ပွားလာသောအခါတွင် ဦးပဥ္စင်းကလေး၏ အခန်းသို့ ဈေးသည်အဒေါ်ကြီးများနှင့် လူပျိုကာလသားများ အပင်အထွက် အလွန်တရာ များပြားလာခဲ့လေသည်။ ထိုသို့ ဖြစ်လာရာတွင် ကျောင်းထိုင်ဆရာတော်ကြီးကိုယ်တိုင် ရိပ်မိသိရှိသွားပေရာ ဆရာတော်ကြီးမှာ စည်းကမ်းဥပဒေ တင်းကျပ်လှသော ကိုယ်တော်ကြီးဖြစ်သဖြင့် (ကျောင်းရှိ ပဥ္စင်းပျိုများသည် အရပ်သူ အရပ်သားတို့အား အင်းအိုင်ခါးလှည့် လက်ဖွဲ့ဆေးဂါး မပေးဂေရ၊ ပေးခဲ့ပါလျှင် ကျောင်းမှနှင်မည်)ဟု တစ်ချက်လွှတ် အမိန့်ထုတ်လိုက်၏။ ထိုအခါတွင် ဦးပဥ္စင်းရော လက်ဖွဲ့လိုသူတွေပါခက်၍ နေကြလေသည်။ လက်ဖွဲ့လိုချင်သူတို့ လှူဒါန်းထားသော ပေါ်ပလင်ခေါင်းအုံးစွပ်၊ ပိုးသလိပ်လွယ်၊ ကြေးခါးပန်းသီး နှင့် ပိုးခါးပန်းကြိုး၊ ဖောင်တိန်၊ ခါးပိုက်ဆောင်နာရီ၊ သာခုသုန္ဒရီယပ်လုံကျမ်း စသည်တို့ကို အလှူခံ၍ထားမိသော ဦးပဥ္စင်းမှာ လက်ဖွဲ့ခါးလှည့်လုပ်ငန်းကို မြေအောက်လုပ်ငန်းအဖြစ်သို့ ပြောင်းလဲလိုက်ရပြီးလျှင် သိမ်ကြီး၏နံရံ၌ထွင်း၍လုပ်ထားသော ကမ္မဋ္ဌာန်းဂူကလေးအတွင်း၌ အာနာပါနာ လုပ်ဟန်ဖြင့် ခိုးကြောင်ခိုးဝှက် လက်ဖွဲ့ကို မန္တာန်စုတ်ခြင်း၊ လက်ဖွဲ့နှီးခြင်း၊ သိဒ္ဓိတင်ခြင်း၊ သိမ်ဂင်သပိတ်ကွဲ၌ အင်းချခြင်းတို့ကို လုပ်ရလေသည်။ ဦးပဥ္စင်း၏ မြေအောက်လုပ်ငန်း၌ ကျွန်ုပ်ကား ဆက်သား ဖြစ်လေသည်။

ဆက်သားပြုပြီး ပီယလက်ဖွဲ့လိုချင်သော အင်္ဂလိပ်ကျောင်းသား လူပျိုတစ်ယောက်က ကျွန်ုပ်အား ကပ်၏။ ကျွန်ုပ်လည်း အခွင့်အလမ်းကို ကြောင် ကြွက်ချောင်းသလို ချောင်းနေသူ ဖြစ်ရာ ညတိုင်း နာရီဂက်ခန့်

ကျွန်ုပ်အား အင်္ဂလိပ်စာသင်ပေးလျှင် စပါယ်ရှယ် ပီယလက်ဖွဲ့စလွယ်ကိုပင် ရစေမည်ဟု ဆိုလိုက်၏။ ဦးပဥ္စင်းကိုလည်း သူတိတ်တဆိတ် အဟယ်ခိုင်းသော မိုင်းကိုင်စက္ကူ ကမ္ဘာ့ဂါကြေးပြားများကို ဂယ်ယူရှာဖွေပေးရင်း ပီယလက်ဖွဲ့ စလွယ် တစ်ကုံး အထိုးခိုင်းရ၏။ အတိုရေးရလျှင် ကျွန်ုပ်မှာ အင်္ဂလိပ် ကျောင်းသားထံ၌ ညပိုင်း ဘုရား ဂတ်တက်အပြီးတွင် နာရီဂက်ခန့် ပြေး၍ပြေး၍ သင်ခြင်းဖြင့်လည်းကောင်း၊ အင်္ဂလိပ်သင်ခန်း စာ စာအုပ်များကို ညအခါတွင် ဦးပဥ္စင်းများ ကုဋီဆင်းရာ၌သုံးသည့် ကျားမျက်လုံး မီးအိမ်ဖြင့် ဘုရားခန်းမှ ခွာထားသော ဖယောင်းချပ်များကို ဖယောင်းတိုင်ထွန်း၍ ထွန်းကာ ဖတ်ရှုလေ့လာခြင်းအားဖြင့်လည်းကောင်း တစ်နှစ်ခန့်အကြာတွင် အင်္ဂလိပ်ကို စာလုံးပေါင်းမှန်မှန်ဖတ်တတ်သော အခြေသို့ ရောက်ခဲ့၏။

ကျွန်ုပ် အင်္ဂလိပ်စာ အနည်းအကျဉ်း တတ်မြောက်နေကြောင်းကို ကျွန်ုပ်၏ ဦးပဥ္စင်းမှလွဲ၍ မည်သူမျှ မသိကြပေ။ သို့နှင့် တစ်နေ့သောအခါတွင် ကျွန်ုပ်တို့၏ ကျောင်းသို့ ကြေးနန်းတစ်စောင် ရောက်လာ၏။ ကျွန်ုပ်ခပ်ငယ်ငယ် ဤခေတ်က သံကြိုးစာကို ဖတ်တတ်သော သူသည်အတော်ဟုတ်သောသူဟူ၍ လူတိုင်းချီးမွမ်းကြရသော အင်္ဂလိပ်စာတတ်သူ ရှားပါးသေးသည့်ခေတ် ဖြစ်၏။ ထို့ကြောင့် ကြေးနန်းစာရောက်လာသောအခါ၌ ဆရာတော်က ကြေးနန်းစာကို ဖတ်ပြမည့် အင်္ဂလိပ်ကျောင်းသားတစ်ယောက်ကို အခေါ်လွှတ်ရန် ကျွန်ုပ်၏ ဦးပဥ္စင်းအား ခိုင်း၏။ ဤတွင် ကျွန်ုပ်၏ဆရာ ဦးပဥ္စင်းက "ငကောင်း အင်္ဂလိပ်စာသင်တာ အတော်ကလေး တတ်နေပြီ ဘုရား ... ငကောင်းကို အဖတ်ခိုင်းကြည့်စမ်းပါလားဘုရား" ဟု လျှောက်ထားလိုက်ရာ ကျွန်ုပ်မှာ ဆရာတော်ကြီး၏ရှေ့သို့ ဂင်ရလေတော့သည်။

ဆရာတော်ကြီးကား ငယ်ကြောက်လည်းဖြစ် စိတ်ထက်မြက်သော ကိုယ်တော်ကြီးလည်းဖြစ်သောကြောင့် ကျွန်ုပ်မှာ ရင်တထိတ်ထိတ်နှင့်ပင် ရှိနေရပေသည်။

"ဟဲ့ ... ငကောင်း နင် သံကြိုးစာဖတ်တတ်တယ်ဆို" ဟု ဆရာတော်ကြီးက အမေးတွင် လက်အုပ်ကလေး ချီလျက်သားတုန်၍နေသော ကျွန်ုပ်မှာ အဖြေပါးစပ်ဖျား၌ တစ်၍နေပေသည်။ အခန့်သင့်ပင် ဦးပဥ္စင်းက ကြေးနန်းစာရွက်ကို ထိုးပေးလိုက်သဖြင့် ကျွန်ုပ်လည်း ကြေးနန်းစာကို မနည်းကြီးအားခဲ၍ ဖတ်လိုက်ရ၏။ ကြေးနန်းစာမှာ လွယ်လွယ်ပင် ဖြစ်ပေသည်။ ကျွန်ုပ်တို့၏ ဆရာတော်ကြီးပါဂင်သော သံဃာဂိုဏ်းမှ ဂိုဏ်းချုပ် ဆရာတော်ကြီး ကျွန်ုပ်တို့၏ ကျောင်းသို့ နောက်သုံးရက်အကြာ မွန်းလွဲပိုင်း၌ ကြွရောက်လာမည့်အကြောင်း ဖြစ်နေ၏။

ကျွန်ုပ်လည်း ကျွန်ုပ်ဖတ်နိုင်သော အရည်အချင်း နယ်နိမိတ်အတွင်း၌ သံကြိုးစာသားရှိနေဟန်ဖြင့် သံကြိုး၌ ပါသောအကြောင်းကို ဘာသာပြန်၍ လျှောက်ထားလိုက်၏။ ထိုအခါ ဆရာတော်ကြီးသည် ကျွန်ုပ်အား အံ့အား သင့်ကာ ကြည့်၍နေပေသည်။ ပြီးမှ "အိမ်း.... ငကောင်းကို ထန်းလျက်ဖြူဆုပ်သုံးလုံး ပေးလိုက်" ဟု မိန့်တော် မူ၏။ ကျွန်ုပ်လည်း ဂတ်ချ၍ ဆရာတော်၏ ကျောင်းပေါ်မှဆင်းခဲ့ရပေသည်။ ကျက်သရေခန်းမှ ထန်းလျက်ဖြူ ဆုပ်သုံးလုံးကို သော့ဖွင့်ကာယူ၍လာပေးသော ကျွန်ုပ်၏ဆရာဦးပဥ္စင်းကား တပြုံးပြုံးနှင့် တပည့် ကျွန်ုပ်အတွက် ဂုဏ်အတော်မြောက်၍နေဟန် တူပေသည်။

ထိုအခါမှစ၍ ကျွန်ုပ် အင်္ဂလိပ်စာအနည်းအကျဉ်း တတ်မြောက်မှန်းကို တစ်ကျောင်းလုံး သိကြသည် သာမက ကျောင်းနှင့် နီးစပ်သော တကာ တကာမ ရပ်ကွက်၌လည်း ဆရာတော်ကြီးကိုယ်တိုင်က "ငါ့ကျောင်း မှာ အင်္ဂလိပ်စာတတ်ရှိသဟဲ့"ဟုဂုဏ်ယူကာပြောခြင်းဖြင့် သတင်းအတော် ပြန့်နှံ့နေပေသည်။ သို့ဖြစ်ရာ ကျောင်းနှင့် နီးစပ်သူတစ်ဦးဖြစ်သော ပွဲစားတစ်ဦးသည် သူ့ထံသို့ သံကြိုးစာလာတိုင်း အင်္ဂလိပ်ကျောင်းသားများထံ အပူ မကပ်တော့ပဲ ကျွန်ုပ်ကိုသာလျှင် လာ၍အပူကပ်၏။ သူ့သံကြိုးစာကိုဖတ်ပြရာ၌ ရယ်ဖွယ်ကလေးတစ်ခု တွေ့ရပုံကို ရေးရပေဦးမည်။

သူ့သံကြိုးစာများမှာ အင်္ဂလိပ်ဘာသာ၌ အဓိပ္ပာယ်မရှိသောစကားများ ပါတတ်၏။ ဥပမာအားဖြင့် သံကြိုးစာ တစ်စောင်၌ (BONE DINE) ဟူသော စာနှစ်လုံးသာပါ၏။ ကျွန်ုပ်က "ခင်ဗျား သံကြိုးက (အရိုး-ညစာစားသည်) လို့ ဆိုပါကလား။ ကျွန်တော်တော့ အဓိပ္ပာယ်မထွက်ဖူး"ဟု ပြောရာ ထိုပွဲစားက "အဓိပ္ပာယ် ပြန်ဖို့မလိုပါဘူးကွာ၊ အင်္ဂလိပ်စာလုံးပေါင်း အသံထွက်ကိုသာ ဖတ်ပြစမ်းပါ" ဟု ဆို၏။ ကျွန်ုပ်လည်း "ဘီအိုအင်န်အီး (ဘုံး)၊ ဒီအိုင် အင်န်အီး (ဒိုင်း)၊ ဘုံးနဲ့ဒိုင်းနဲ့ နှစ်ခုပေါင်းတော့ (ဘုံးဒိုင်း) လို့ အသံထွက်တယ်" ဟု ဆိုသည်တွင် ထိုပွဲစားက "အေး... အေး တော်ပြီ။ ငါနားလည်ပြီ" ဟုပြော၍ သံကြိုးစာရွက်ကို ပြန်၍ယူ၏။ ကျွန်ုပ်မှာ အဓိပ္ပာယ်မရှိဘဲ စာတစ်လုံးကို တစ်ပဲပေး၍ သံကြိုးမရိုက်တန်ရာ တစ်ခုခုတော့ အဓိပ္ပာယ်ရှိရမည်ဟု တွေးလျက် သိချင်စိတ် ပို၍များပြားလာပြီးလျှင် "ခင်ဗျား အဓိပ္ပာယ်ကို ပြောစမ်းပါဦးဗျ၊ ဘာလဲ အရိုးကို ညစာ စားသည်ဆိုတာ ဘာ အဓိပ္ပာယ်လဲ " မေးမိ၏။ ထိုအခါ ပွဲစားက " ငါ့အဓိပ္ပာယ် နဲ့ ငါပါကွာ...၊ မသိချင်စမ်းပါနဲ့" ဟု ဖြေ၏။ ဤတွင် ကျွန်ုပ်က " အင်း ... ကောင်းပြီ ... နောက်တစ်ခါ သံကြိုးစာလာရင် ကျွန်တော့်ကိုလာပြီး အဖတ်မခိုင်းနဲ့တော့၊ ခင်ဗျားအဓိပ္ပာယ်လည်း မပြောချင်နေ" ဟု အကျပ်ကိုင်ရပေသည်။ ဤအခါမှာ ပွဲစားက ကျွန်ုပ်ကို အနီးသို့ကပ်၍ လေသံဖြင့် "မင်း ဘယ်သူ့မှ မပြောရဘူးနော် ကြားလား"ဟု ပြောသဖြင့် ခေါင်းညိတ်လိုက်ရသည်တွင် သူက " (ဘုံးဒိုင်း)ဆိုတာကို ပြောင်းပြန်ဆိုလိုက်ရင် ဘာဖြစ်သလဲ ...(ဘုံးဒိုင်း)က (ဒုံးဘိုင်း) ဖြစ်မသွားဘူးလား။ (ဒုံးဘိုင်း) ဆိုတာက အင်္ဂလိပ်စကားအစစ်ကွ မင်းမသိဘူးလား။ (ဒုံးဘိုင်) ဆိုရင် မဝယ်နဲ့လို့ ဆိုလိုတာပေါ့ကွ။ ဒီသံကြိုးဟာ ရန်ကုန်က ငါ့စပါးဒိုင်ဆီကလာတဲ့သံကြိုး... စပါးဈေးကျမှာမို့ စပါးမဝယ်နဲ့လို့ သံကြိုးရိုက်လိုက်တာ ရန်ကုန်မှာ စပါးဈေးကျတယ်ဆိုရင် ဒီမှာ ငါကစပါးသိမ်းရပ်ပြီး ဈေးကျမှန်းမသိလို့ နင်းဝယ်နေတဲ့ တခြားပွဲစား တွေကို ငါသိမ်းထားတဲ့စပါးတွေ လက်လွှဲထိုးပြီး ရောင်းလိုက်ရင် ငါ့မှာ အရှုံးမပေါ်ဘူးပေါ့ကွ" ဟု ရှင်းပြ၏။ ကျွန်ုပ်လည်း (ဘုံးဒိုင်း)နှင့် DONT BUY (ဒုံးဘိုင်)တို့၏ အကြောင်းကို နားလည်ရကာ ရယ်မောနေရပေသည်။ ရှေးမြန်မာပွဲစားတို့၏ ဉာဏ်ရည်မှာ ယခုခေတ် သံရုံးလျှို့ဝှက်စာများရေးသော ဉာဏ်ရည်နှင့် မကွာလှပါပေ။

ခပ်တိုတိုဆိုရပါမူ ကျွန်ုပ်သည် အသက် ၁၆ နှစ်အရွယ်သို့ ရောက်သောအခါတွင် အင်္ဂလိပ်မြန်မာ ဂုတန်း စာမေးပွဲကို ဂင်ရောက်ဖြေဆိုကာ အောင်မြင်ခဲ့ပေတော့သည်။ ဤသို့အားဖြင့် ကျွန်ုပ် မိခင်၏ ရည်ရွယ်ချက် သည် ကျွန်ုပ်၏ ကိုယ်ပိုင် ရည်ရွယ်ချက်အဖြစ်သို့ ရောက်ရာမှ ရည်ရွယ်ချက်အတိုင်း ပေါက်မြောက် ရပေတော့ သည်။ ရည်ရွယ်ချက်ပေါက်မြောက်အောင် ကြိုးစားရာ၌ ကျွန်ုပ်တစ်ဦးတည်း၏ ကြိုးပမ်းမှု သက်သက်ဖြင့် သာဆို လျှင်အောင်မြင်ကောင်းမှ အောင်မြင်ပေမည်။

ယခုမူ အင်္ဂလိပ်စာပညာကိုသင်ရာ၌ ကျွန်ုပ်၏ ကျေးဇူးရှင်များ ဖြစ်ကြသော အထည်သည် လင်မယားတို့ အကူအညီကို များစွာရခဲ့သောကြောင့်ပင် ကျွန်ုပ်မုန်းတိုင်း ပေါက်ခဲ့ရပေသည်။ သူတို့၏ ကျေးဇူးနှင့် သူတို့၏ အကူအညီတို့သည်လည်း ကျွန်ုပ်၏ ဖြစ်စဉ်တွင် အစမှအဆုံးပါဝင်လျက် ကျွန်ုပ်၏ ဘဝကိုလည်း အစမှအဆုံးအထိ ဖန်တီးပြုပြင်ပေးခဲ့လေသေးသည်။ ထိုအကြောင်းများကို ရေးဖွယ်များစွာကျန်သေး၏။ ယခုမူကား ကျွန်ုပ်၏ ရည်ရွယ်ချက်များအကြောင်းကို ရေးသားနေဆဲဖြစ်၍ ကျန်သေးသော ရည်ရွယ်ချက်နှစ်ရပ်တို့၏ အကြောင်းကို ဆက်လက်၍ ရေးရပေမည်ဖြစ်ရာ အကွက်သင့် လာသောနေရာသို့ကျမှ ကျွန်ုပ်၏ ကျေးဇူးရှင်များ စောင့်ရှောက်မှုသည် ကျွန်ုပ်၏ ဘဝလမ်းစဉ်ကို မည်မျှအထိ စီမံ ဖန်တီး ဆုံးဖြတ်ပေးခဲ့သည်ကို ဖော်ပြရပေတော့မည်။ ကျွန်ုပ်၏ ဒုတိယရည်ရွယ်ချက်မှာကား ကျွန်ုပ်၏ မိခင် သေခါနီးဆဲဆဲ၌ သေမည့်အိပ်ရာထက်မှ နောက်ဆုံးစကားအဖြစ်ဖြင့် မှာကြားသွားရှာပေသော "ငါ့သားကြီးပြင်းရင် သားရဲ့ဘိုးဘိုးဆီကိုသွားပြီး ရွှေမန်ကျည်းတောင့်တွေကို တောင်းနော်" ဟူသောစကားအရ ကျွန်ုပ်၏အဘိုးထံသို့သွားရောက်၍ ကျွန်ုပ်တို့ပိုင်ထိုက်ဆိုင်ထိုက်သော အမွေအနှစ်ကိုရလိုရငြား တောင်း၍ကြည့်လိုခြင်းပင်ဖြစ်ပေသည်။ စင်စစ်ဆိုရပါလျှင် ခြောက်နှစ်သားအရွယ်ကတည်း။

မိမရှိ ဘမရှိတစ်ကောင်ကြွက်ဖြစ်လျက် ဘုန်းကြီးကျောင်းတွင် ကပ်ရပ်မှီခိုနေထိုင်နေသော ကျွန်ုပ်မှာ ငွေကြေးဆင်းရဲနွမ်းပါးခြင်း၏ဒဏ်ကို လိမ့်၍ခံခဲ့ရပေသည်။ အဆုံး စကားပြောရမည်ဆိုလျှင် ကထိန်းခင်း၊ အဘိဓမ္မာတရားပွဲ၊ ဆွမ်းကျွေးစသည့်တို့ကို ဆရာတော်ကြီးနောက်က ယပ်တောင်ထမ်း၊ ဖိနပ်ကိုင်၍ လိုက်ရစဉ် အခြားကျောင်းသားတို့မှာ ရုပ်အကျီအသစ်၊ ပိုးလုံချည်ကလေးများကို လှလှပပ ဝတ်ကြရပေသည်။ ကျွန်ုပ်တွင်ကား ပိုးလုံချည်တစ်ထည်တည်းသာရှိ၏။ ထိုပိုးလုံချည်မှာလည်း သူတကာလို တကယ်ပိုးလုံချည် မဟုတ်။ ကျွန်ုပ်၏ ကျေးဇူးရှင်အထည်သည်ကြီးမှာ ပုပြတ်ပြတ် ပိန်ပိန်ပါးပါးဖြစ်၍ လုံချည်ကွင်းကျယ်များကို သူနှင့်အဆင်သင့်စေရန် ဖြတ်တောက်ချုပ်လုပ်ရာပိုသမျှကို စပ်ဟပ်ချုပ်လုပ်ထားသော စပ်လုံချည်သာ ဖြစ်ပေသည်။ ကျွန်ုပ်၏ နေ့စဉ်အဝတ်မှာ ချည်လုံချည်သာဖြစ်ပေသည်။ ကျွန်ုပ်၏ နေ့စဉ်အဝတ်ဖြစ်သော ချည်လုံချည်များမှာလည်း စပ်လုံချည်တွေသာများ၏။ အသက် ၈-နှစ်သား အရွယ်လောက်မှစ၍ အဝတ်အစား၏တန်ဖိုးကို နားလည်စပြုသောကျွန်ုပ်မှာ ရွယ်တူသူငယ်ဖော်များ လှလှပပ ဝတ်စားသွားလာသည်ကိုမြင်လျှင် သွားရည်ကျ၍ တငေးတမော ကြည့်မိခဲ့ပေသည်။

အစားမှာထမင်းအိုး၊ အဝတ်မှာစပ်ပုဆိုး၊ အုံးရသောခေါင်းအုံးမှာဂါးဘိုး စသည်အားဖြင့် တကယ့်အောက်ဆုံးထစ်ဘဝ၌ ရှိရသူကျွန်ုပ်သည် သူတစ်ပါးကိုအားကျမိတိုင်း ကျွန်ုပ်အဘိုးဦးနကီ ကြွယ်ဝချမ်းသာပုံတွေကို မိခင်ပြောခဲ့သမျှ အမှတ်ရ၏။ ငါ့အဘိုးသာ ဒီလောက်ချမ်းသာလျက်သားနဲ့ ငါ့မှာတော့ ဆင်းရဲရလေခြင်းဟူသော ယူကျုံးမရသည့်စိတ်သည်လည်း အမြဲအားဖြင့် ရင်ထဲဝယ် ဖွဲမီးကဲ့သို့ တငွေ့ငွေ့လောင်၍နေပေသည်။ ထို့ကြောင့် ကျွန်ုပ်အဘိုးထံ ပြန်၍ကပ်နိုင်လျှင် အင်္ဂလိပ်စာကို လိုလားသလောက် သင်နိုင်မည်။ ထမင်းသိုးစားဟင်းသိုးစားဘဝဖြင့် ခဂါသည်၊ အနိုပ်သည်၊ ရေထမ်း၊ ထင်းပေါက်၊ ပြောက်သောက် ဘဝမှ ကင်းလွတ်မည်ဟူသော တွေးလုံးတို့သည်လည်း မီးခိုးမဆုံး မိုးမဆုံးရှိခဲ့၏။

သို့သော် ကျွန်ုပ်၏အဘိုးထံသို့ ကျွန်ုပ်ပြန်၍ ကပ်နိုင်ရန်မှာ လက်ဦး၌ကျွန်ုပ်သည် အဘိုးကိုကပ်နိုင်ဖို့ ဉာဏ် ထွင်နိုင်ရန်ကိုထားဘိဦး အဘိုးရှိရာမြို့သို့ပင် အဘယ်ပုံ အဘယ်လမ်းဖြင့် သွားရမည်မှန်း မသိခဲ့သေးပေ။ တဖြည်းဖြည်း အသက်အရွယ် ကြီးပြင်လာ၍ မျက်စေ့နှင့်နားကို ကားကားကြီး ဖွင့်ထားခြင်း၊ တက်အားသမျှ စုံစမ်းမေးမြန်းခြင်းတို့ကြောင့် အဘိုးဘယ်မြို့၌နေသည်၊ ဘယ်အရပ်ကွက်၌နေသည် ထိုမြို့ကိုရထားနှင့်သွား ပါက အဘယ်နေရာ၌ ကူးတို့ကူး၍ ရထားဆက်စီးရသည်၊ သင်္ဘောနှင့် သွားပါက အဘယ်မျှကြာသည်၊ ကတ္တူကြိုကိုစီး၍လိုက်ပါက အသက်အန္တရာယ်ပို၍များသော်လည်း ခရီးစရိတ်သက်သာသည်စသော အချက် အလက်များ အားလုံးကို စုံစုံစေ့စေ့ သိလာ၏။

အဘိုးထံသို့ သွားလိုသောစိတ်မှာ မိခင်မှာကြားခဲ့သလို ရွှေမန်ကျည်းတောင့်များကို တောင်းဖို့ထက် အဘိုး၏ ကြီးကျယ်လှသော လုပ်ငန်းကြီးတွင် အလုပ်ကလေးတစ်ခု တောင်းကာ လုပ်လိုသောဆန္ဒက ပို၍ ပြင်းထန်ပေ သည်။ ကျွန်ုပ်၏ လက်ရှိကျေးဇူးရှင် အထည်သည်လင်မယားတို့ထက် ကျွန်ုပ်၏ အဘိုးက အဆပေါင်းများစွာ ထောက်ပံ့ကူညီနိုင်အားရှိသည်မှာ အထူးပြောဖွယ်မလိုပေရာ အဘိုး၏ အသိအမှတ်ပြုခြင်းကို ခံရပါသော် ကျွန်ုပ်မှာ ကျွန်ုပ်သင်လိုသော အင်္ဂလိပ်စာပညာကိုလည်း ထွန်းပေါက်အောင် သင်နိုင်လျက်အရှင်မွေးလျှင် နေ့ချင်းညချင်းကြီးဆိုသောစကားပမာ ကျွန်ုပ် လူတစ်လုံး သူတစ်လုံး အမြန်ဆုံးဖြစ်နိုင်မည်ကိုလည်း မျှော်လင့် မိ၏။ အဘိုးနှင့်နီးရာအရပ်၌နေရမှ ကျွန်ုပ်သည် အဘိုး၏ မိသားစုရိပ်မြုံအတွင်းသို့ ပြန်ဝင်ခိုလှုံကာ ကျွန်ုပ်၏ မိခင် ပိုင်ထိုက်သောအမွေတို့ကို ကျွန်ုပ်၏ မိခင်အလွှဲကြီးလွှဲခဲ့ရစေကာမူ တစ်စွန်းတစ်စအားဖြင့် ကျွန်ုပ်ခံစား ရလိမ့်မည်ဟုလည်း မျှော်လင့်မိ၏။

**ဆက်ရန်**

## <u>တင့်တယ် ၏ ကမ္ဘဖလ အပိုင်း (၇)</u>

ထိုမျှော်လင့်ချက်တို့ မှာ ငယ်စဉ်က ရေးရေးမျှသာရှိ၏။ တဖြည်းဖြည်း အသက်ကလေး ရလာသောအခါ ၌ကား မျှော်လင့်ချက်တို့မှာ ပိုမိုပြင်းထန်လာကြလျက် အဘိုးထံသို့သွားကာ သွေးရင်းဖြစ်သူ မြေး ကျွန်ုပ်အား လူနှင့် တူအောင် စောင်မကြည့်ရှုဖို့ ပြောဆိုမည်ဟူသော ရည်ရွယ်ချက်မှာလည်း ခိုင်မြဲလာလေသည်။ ကျွန်ုပ်သည် အဘိုး၏ပစ္စည်းကို တပ်မက်မောမိခြင်းကားမဟုတ်။ အဘိုး၏အိမ်၌ ခိုကပ်ကာ ကပ်ရပ် စားသောက်နေလိုခြင်း လည်း မဟုတ်။ သို့သော် ဘုန်းကြီးကျောင်းသားပီပီ ဘုရားကိုယ်တော်မြတ်ကြီးစင်လျက် ဖွားဖက်တော် ဧည်ပင်ကို အမှီပြုလျက် ပွင့်တော်မူရသော ဥပမာကို နားလည်ထားရသူ ဖြစ်ရပေရာ ရေကို ဒါးနှင့်သားက အရေးမထင်သလို မခေါ်ချင်၍ မခေါ်ဘဲနေခဲ့သော အဘိုးသည် ကျွန်ုပ် အား မြေးမတော် ချင်လျှင်ကား မနေရ။

သွေးချင်းဆက်နေသည့်အဖြစ်မှာ မငြင်းသာလေရ ကား ကိုယ့်အဘိုးအရင်းအချာ၏ အကူအညီကို ရယူလျက်၊ အကူအညီရယူရာ၌လည်း ကျွန်ုပ်၏ ကိုယ်၊ စိတ်၊ ဦးနှောက် စွမ်းပကား ရှိသမျှဖြင့် ထိုအကူအညီ အစောင်အမ အတွက် ကျေးဇူးတုံ့ပြန်မည်ဟုလည်း ရည်ရွယ်မိ၏။ ထို့ကြောင့်ပင် အဘိုး၏ ကြီးကျယ်လှသော လုပ်ငန်းကြီး၌

သူစိမ်းတစ်ရံဆံတို့ကိုပင် ငွေလုံးကြေးလုံးအပ်ကာ ခိုင်းစေနေရလေသေးသည်တွင် သွေးရင်းသားရင်း မြေးဦး စင်စစ်ဖြစ်နေသော ကျွန်ုပ်အားလည်း ကြီးပွားရာ ကြီးပွား ကြောင်းဖြင့် ငဲ့ညှာထောက်ထားလျက် အနည်းဆုံး အောက်တန်းအလုပ်ကလေး တစ်ခုကို ဖြစ်စေပေးပေလိမ့်မည်ဟု ထင်မှတ်မိ၏။

ဤ ဒုတိယရည်ရွယ်ချက် ပြည့်မြောက်စေရန် ပထမရည်ရွယ်ချက်အတိုင်း အောင်မြင်ဖို့ကလည်း ကျွန်ုပ်၌အလွန် အရေးကြီးခဲ့၏။ အင်္ဂလိပ်စာပေမှာ မြန်မာနိုင်ငံတွင် တစ်နေ့ထက် တစ်နေ့ ပိုမို၍သာ အသုံးဝင်၍လာခဲ့ပေရာ ကျွန်ုပ်၌ အင်္ဂလိပ်စာ အခြေခံကလေးရှိလျှင် အဘိုး၏ လုပ်ငန်းကြီး၌ဝင်၍ အလုပ်လုပ်ရာ၌ အထောက်အကူ ရလျက် အလုပ်ရရန်လည်း လွယ်ကူပေလိမ့်မည်ဟု နားလည်ထား၏။ အခွင့်အလမ်းကို ကြွက်ချောင်းသော ကြောင်ကဲ့သို့ အလိုလိုနေရင်း ချောင်းတတ်မြောင်းတတ် ဖြစ်နေသော ကျွန်ုပ်မှာ ကြွက်ကို ချောင်းသော ကြောင်သည် ကြွက်လာသောအခါ ခုန်၍အုပ်ရန် အရပ်အနေ သင့်သော နေရာ၌ အသင့်ပြင်၍ နေသလို ကျွန်ုပ်သည်လည်း ကျွန်ုပ်၏အဘိုးထံသို့ပြန်၍ကပ်နိုင်မည့် အခွင့်အလမ်းကိုစောင့်ရင်း ကျွန်ုပ်၌ ကိုယ်ပိုင်အရည် အချင်း ပြည့်စုံစေရန်ကိုလည်း အမြဲ ကြိုးစား၏။

ထို့ကြောင့်လည်း အင်္ဂလိပ်စာကို အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ကြိုးကြိုးကုတ်ကုတ် သင်ယူခဲ့ပေသည်။ မည်သူ ပြောနိုင်မည်နည်း။ အဘိုး၏ လုပ်ငန်းကြီး၌ တစ်နေရာ၌သာ အမှုထမ်းခွင့် ရပါလျှင် တစ်နေ့သော အခါ၌ ကျွန်ုပ်သည် တစ်ထစ်ပြီး တစ်ထစ်တက်ကာ အထွတ်အထိပ်သို့ ရောက်ချင် ရောက်နိုင်လေသေးသည်။ လုံထမ်း ၍လာသည်ကို မြင်နိုင်၏။ ကံထမ်း၍လာသည်ကို မည်သူမြင်ရသနည်း။ ထို့ကြောင့် ဒုတိယ ရည်ရွယ်ချက် ဖြစ်သော ကျွန်ုပ်၏ အဘိုးထံပြန်၍ကပ်နိုင်ရန်မှာ ကျွန်ုပ်၏အရည်အချင်းတစ်ခုခု အစွမ်းအစ ဗန်းတင်၍ပြစရာရှိမှ အဝင်ကောင်းမည် ဖြစ်သဖြင့် ကျွန်ုပ် သည် အင်္ဂလိပ်စာကို ကြိုးစား သင်ခဲ့၏။ အသက် ၁၆နှစ်အရွယ်၌ (၇)တန်း စာမေးပွဲကို ကြိုးစားသင်ခဲ့၏။ အသက် ၁၆နှစ်အရွယ်၌ (၇)တန်းစာမေးပွဲကိုအောင်ပေပြီ။ မိခင်အလို ဆန္ဒကား ပြည့်သင့်သလောက် ပြည့်ပေပြီ။ ပို၍ ပြည့်ဝစေရန်မှာ ဆယ်တန်းအောင်ဖို့၊ ဘီအေအမ်(မ်)အေ အောင်ဖို့တွေ လိုသေး၏။ ထိုအခြေအနေထိ ရောက်ရန်ကား အဘိုးကိုကပ်မိလျှင် မိုကျင်းထသလို အခွင့်အလမ်းတွေ သွား၍ တောင်းရန် ကလေးစိတ်ကူးဖြင့် ခပ်ရေးရေးမျှထင်ခဲ့သော ရည်ရွယ်ချက်မှာ အသက်အရွယ်ကြီးမြောက်၍ ၁၆နှစ်သား အရွယ်သို့ ရောက်ခဲ့သောအခါ တွင် ရွှေမန်ကျည်းတောင့်ထက် အဘိုးနှင့်ပြန်၍ ဆက်စပ်မိစေရန်၊ အဘိုး၏ လုပ်ငန်းကြီးတွင် တစ်နေရာက ပါဝင်၍ အမှုထမ်းနိုင်စေရန် ပိုမို၍ရည်ရွယ်ထားခဲ့သောအဖြစ်သို့ ရောက်ခဲ့၏။ လိုရင်းကိုဆိုရလျှင် ကျွန်ုပ်သည် ဘုန်းကြီးကျောင်းသားကောင်းဘဝမှ အလွတ်ရုန်း၍ သူဌေးကြီး ဦးနကီ၏မြေး သူဌေးလောင်းကို ကံကောင်းဖြစ်ချင်သောစိတ် ခိုင်စွဲ၍ လာခဲ့ပေတော့သည်။

ကျွန်ုပ်၏ တတိယရည်ရွယ်ချက်မှာမူကား ကျွန်ုပ်၏အသည်းနှလုံး အတွင်းဆုံးအပိုင်း၌ ကနကမာတွင် ပုလဲလုံး သန္ဓေဝင်သလို နက်ရှိုင်းလှစွာသောနေရာတွင် မေ့ပျောက်နေမတတ် မှုန်မွှားမွှားမျှသာရှိသော ရည်ရွယ်ချက် ဖြစ်၏။ ထိုရည်ရွယ်ချက်သည် ပထမနှင့် ဒုတိယ ရည်ရွယ်ချက်များကဲ့သို့ သက်သက်ထား၍ အတွေးအခေါ်ဖြင့် မြေတောင်မြှောက်ပေးကာ ရင့်သန်ခိုင်မြဲလာခဲ့သော ရည်ရွယ်ချက်မျိုးမဟုတ်။ ယခုခေတ်အခေါ်ဖြင့် COMPLEX

ဟု ခေါ်သည့် ငုပ်စိတ်ကလေးသာ ဖြစ်၏။ ငုတ်စိတ်ဆိုသည်မှာ စိတ္တဇနတစ်မျိုးဖြစ်ရာ ဓားခုတ်၊ တုတ်ရိုက်၊ သွေးစုနာတို့ကဲသို့ အနာလုံးထင်ရှားသည်မဟုတ်။ ဖူးယောင် ကိုင်းကျ အနာဂဖြင့် ပြည်တည်သော အနာလည်း မဟုတ်။ နှလုံးသွေးစက်ကလေး တစ်ပေါက် တစ်ပေါက် ဟဒယ ဂတ္တူ၌ အကျတွင် လျှပ်ခနဲ လျှပ်ခနဲပေါ်လာသော စိတ်တံလျှပ်၌ မှဲ့ပြောက်ကလေးစွန်းသည့်ပမာ သာမန် ဦးနှောက်၏အတွေးဖြင့် လက်လှမ်းမမီနိုင်သော ချောင်ကြိုချောင်ကြား၌ ဆူးကလေးတစ်ပွင့်ဂင်၍နေသလိုသာ ဒုက္ခပေးတတ်သော အနာမကျက်နိုင်သည့် စိတ်အမာရွတ်ကလေး တစ်ခုသာ ဖြစ်ပေသည်။

ထိုငုပ်စိတ်ကလေးမှာ စိတ်ကြေးမုံ၌ပင် မထင်ရှား။ သို့သော် ရှိကားရှိ၏။ ပျောက်ပျက်ကြေစင်ရန်လည်း အလွန်ခဲယဉ်း၏။ ဒေါသကဲ့သို့ ပေါက်ကွဲခြင်းလည်း မရှိ၊ မာယာကဲ့သို့ စဉ်းလဲခြင်းလည်း မရှိ။ မာနကဲ့သို့ ပလွှားခြင်းလည်းမရှိ။ သို့သော် ဤငုတ်စိတ်ကလေးသည် အပေါ်ယံကကျက်သော်လည်း အတွင်းပိုင်း၌ မကျက်သေးသော စိတ်အမာရွတ်ကလေး ဖြစ်သည့်အလျောက် ထိမိလျှင်ဆတ်ဆတ်ခါမျှ နာကျင်စေသောနနယ် လှသည့်သဘောကလေးတစ်မျိုးပင် ဖြစ်ပေတော့သည်။ ထိုသဘောကလေးကို ထိမိလျှင် ဒေါသ-မာယာ-မာန တို့သည် စိတ်၌ ဟုန်းခနဲ တက်ကြွလာတတ်၏။

ကျွန်ုပ်ကား စိတ်ပညာဆရာ မဟုတ်၍ လည်းကောင်း၊ စာရေးဆရာ မဟုတ်၍လည်းကောင်း ကျွန်ုပ်၏ ရင်ထဲ ၌ အမှောင်ဆုံးထောင့် ကြားတွင် ခိုဂင်နေသော ထိုသဘောကလေးကို ယခုထက် ရှင်းလင်းအောင် ကား ရေးသား ဖော်ပြခြင်းငှာ မစွမ်းနိုင်တော့ပါ။ သို့သော် ...

ထိုငုတ်စိတ်ကလေး အခြေခံလျက် အမြဲရှိသောကြောင့်ပင် ကျွန်ုပ်မိခင်၏ ဖြစ်အင်ကို ပြန်ပြောင်း၍ တွေးလိုက်မိတိုင်း ကျွန်ုပ်တွင် ကျွန်ုပ်မိခင်၏အပေါ် မငဲ့မကွက် ရက်ရက် စက်စက်ကြီး မညှာမတာ စွန့်ခွာထားခဲ့သော ကျွန်ုပ်၏အဘိုးအပေါ်တွင် စိတ်အနာကြီးနာလျက် လက်စားချေချင်သော အာရုံကလေးသည် မကြာခဏ ပေါ်လာတတ်၏။

ရှေ့၌ ရေးခဲ့သည့်အတိုင်း ကျွန်ုပ်၏ မိခင်သည် အချစ်ကိုအထွတ်အမြတ် ပြုအားကြီးခဲ့သည်။ အချစ်ကို ဦးစားပေးလွန်းအားကြီးခဲ့သည်။ ထို့ကြောင့်ပင် အမှားကြီးမှားခဲ့၏။ သို့သော်... ဤကဲ့သို့ အမှားကြီးမှားရှာသော သမီးထွေးကလေးအား ဆင်းရဲဒုက္ခတွင်းဆုံးကျ၍ နေရရှာသောအခါသို့တိုင်အောင်ပင် ဖုတ်လေသည့် ငါးပိ ရှိသည်ဟူ၍မျှ အမှတ်မထားနိုင်ဘဲ စိတ်ကားလွန်းမက စိမ်းကားလှသော ကျွန်ုပ်၏ အဘိုးသည် အမိုက်ကြီး မိုက်သည် ဟု ကျွန်ုပ် ယူဆ၏။

တစ်ဖန် ကျွန်ုပ်၏မိခင်သည် ကျွန်ုပ်အား ဖွားမြင်သောအခါ၌ အဘိုးကိုသာလျှင် အားကိုးရာ ရှာသည့်အလျောက် အဘိုးရှိရာသို့ သွားရောက်၍ ခြေထောက်ကို ဆံပင်ဖြင့်ပွတ်ကာ ရှိခိုးတောင်းပန် အသနားခံရှာပေသည်။ ဤတွင်လည်း ကျွန်ုပ်၏ အဘိုးသည် ချစ်လှစွာသော သမီးထွေးကလေးမို့ ခိုးရာမလိုက်ခင်က ရွှေပေါ်မြတင် သဲလဲစင်ဖူးဖူးမှုတ် ထားခဲ့ပါလျက်နှင့် မိခင်၏အသနားခံချက်ကို နားမျှမဂင်၊ ပြင်ပြင်ကြီး ရက်စက်ခဲ့၏။ ထို့ကြောင့်လည်း မိုက်သည်ဟု ကျွန်ုပ် ယူဆ၏။ ကျွန်ုပ်အား တစိမ်းတရံဆံ၏ သားကလေး ထင်စဉ်ခဏ၌ ပွေ့ယူမြှောက်ချီ၍

ထားနိုင်ပါလျက်နှင့် အဘိုးသည် ကျွန်ုပ်အား သူနှင့် သွေးရင်းခေါက်ခေါက်မျိုးညွှာက် မြေးဦးကလေးဖြစ်မှန်း သိသည်နှင့်တစ်ပြိုင်နက် သူ၏ ပေါင်ပေါ်မှ တွန်းဖယ်၍ချကာ ရက်စက်နိုင်အားလေသည်မှာလည်း တွေးလေတိုင်း နာကျည်းဆွေးမြေ့ဖွယ်ရာ ဖြစ်နေပေ၏။ ကျွန်ုပ်၏ ရင်ဂယ်ခိုသော ငုပ်စိတ်သည် ထိုသို့ တွန်းဖယ်၍ အချခံရသော လက်ဖြစ် တစ်တွက်ကာကလေး၌ အမြစ်တွယ်လိုက်လေသလားမသိ။

ထားဦးတော့ ... ကျွန်ုပ်၏မိခင်ကို မိဘမျက်နှာ အိုးမည်းသုတ်ရပါမည်လား၊ အရှက်ခွဲရပါ မည်လားဟူသော ပြစ်တင်ချက်ဖြင့် အိမ်သို့ အဝင်အထွက် လက်မခံလိုပါလျှင်လည်း ရှိပါစေတော့။ သို့သော် သားကလေး တစ်ကောင် တို့လို့တွဲလောင်းနှင့် မကောင်းလှသော ဘဝဖြင့် မဟာတမဒုက္ခကြီးကျ၍ နေရသည်ကို ယုတ်စွာ့ အဆုံး မကောင်းတတ်သော အနေဖြင့် ဖြစ်စေ ငွေကလေး ကြေးကလေးအစ ရပ်ဝေးမှ ထောက်သင့်ကြပါ၏။ ဤသို့လည်း မထောက်ခဲ့။ (မိဘစကားနားမထောင် သားတစ်ကောင်နှင့် တွဲလိတွဲလောင်း) ဟူ၍ ပါးစပ်က ဆို၍ ကောင်းအောင် ရှေးဟောင်းဆရာတို့ ကဗျာအစပ်ကောင်းခဲ့ကြသည့်တိုင် သူတို့၏ ကဗျာ၌ပါသော (မိဘ) ဆိုသည့် စကားအရ မိဘသည် မိဘအဖြစ်မှ နှုတ်ထွက်၍ မရ။ ရှောင်လွှဲ၍ မရ။ ပုတ္တဒါရသကို မလွတ်ကင်းနိုင်ပါလျက် ရက်စက်စွာ ပစ်စလတ်ခတ်ထားနိုင်ကြသည်မှာ (တောင်းဆိုးပလုံးဆိုးကိုသာစွန့်နိုင်သည်၊ သားဆိုး သမီးဆိုးကို မစွန့်နိုင်) ဟူသော ရှေးဆရာတို့၏ စကားပုံနှင့်လည်း ဖယလာကြီးဖြစ်၍ နေပါလေသေးသည်။ တွဲလိ တွဲလောင်း၊ ငယ်နှောင်းသော သားကလေးမှာလည်း စင်စစ်၌ မိမိ၏ ရင်နှစ်မြေးကလေးပင် ဖြစ်ပေရာ မိခင်၏အမှားကို သားကလေးကပါ လုံးပါးပါးအောင်အခံခိုင်းသလို ရှိနေခဲ့သည်မှာကား မတရားနိုင်လှပေသည် ဟု ထင်ခဲ့ပေသည်။

ဒီတစ်ခါလည်း ထားလိုက်ဦးတော့။ မိဘသိုက်မြုံကို ခြေစုံကန်၍ ထွက်သွားသော သမီးအား အဝေးအရပ် တစ်ပါးမှ မကြည့် မရှုလိုသည်ကို ထားလိုက်ပါဦးတော့။

ကျွန်ုပ်၏ မိခင်က ကျွန်ုပ်အား ရှင်ပြုရာတွင် အဘိုးနှင့်ဦးလေးတို့အား ဖိတ်ခေါ်ရာ၌ မလာကြဟုဆိုလျှင် နားလည်နိုင်ပါသေး၏။ ယခုမူ သာရေးမဟုတ် နာရေးကြီး ဖြစ်၏။ နာရေးမျှမကသေး။ သေရမည့် ဘေးကြီး ဆိုက်ရောက်နေသောအခါလည်း ဖြစ်၏။ ကျွန်ုပ်၏မိခင် သေငယ်ဇောနှင့် မြောနေ သည့်အခါ သို့တိုင်အောင်ပင် လာ၍ မကြည့်ခဲ့ကြ။ လူကိုယ်တိုင်မလာလိုက ထားလိုက်ပါဦးတော့။ ကျွန်ုပ်ကား အစွမ်းကုန် ပစားပေး၍ တွေးပါ၏။ လူကိုယ်တိုင် မလာလိုလျှင် ရှိပါစေ ဦးတော့။ နေ့လား ညလား ဖြစ်နေရသည့် အချိန်မျိုး၌ အဝေးကနေ၍ ဆေးဝါးကုသရန် ငွေကြေးဖူလုံစွာ ထောက်ပံ့သင့်ကြပါ၏။

ကျွန်ုပ်၏ အဘိုးသည် သူ့တစ်သက်တွင် ရောက်ဖူး ဖို့ထားဦး မြင်ဖူးရုံမျှပင် မြင်ဖူးဖို့ လမ်းမရှိသော နိုင်ငံခြား က အနူရုံများ သို့ပင် အလှူငွေများ ထောင်နှင့် သောင်းနှင့် လှူဒါန်းခဲ့ဖူးပါ၏။ နောက်မှသိရ၏။ သို့စင်ပါလျက် ကိုယ့်သမီး အရင်းခေါက်ခေါက် အသက်ပျောက်ကာနီးသည်ကိုပင် ဆေးဝါးကုသနိုင်ခွင့်ရစေရန် ငွေကြေး ဖြင့် မကူညီခဲ့သေး။ တစ်ရပ်လုံး ပိုင်း၍ ပြောသောအခါမှ သမီးမျက်နှာကို ထောက်၍ အားနာပါးနာ မသဒ္ဓါ ရေစာ ငွေကလေးတစ်ရာကို ပို့လိုက်၏။ ငွေတစ်ရာမှာကား အဘိုး၏ ပစ္စည်းထုထယ်နှင့်စာ၍ ကြည့်ပါလျှင် ဆောင်းဂ

စပါးကျီမှ စာကလေးတစ်ကောင် စားသောက်သော စပါးစေ့မျှသာ ရှိပါလိမ့်မည်။ သို့စင်လျက် ထိုငွေကလေး တစ်ရာပေးမည့် အရေးကို သတင်းပို့လာသူအား အတွေ့မခံဘဲ အီလေးဆွဲ၍ နေကြသဖြင့် ငွေအရောက် နှောင်းကာ ကျွန်ုပ်၏မိခင်မှာသာလျှင် ရေတိမ်တွင်နစ်၍ လူညွန့်တုံးသောဘဝဖြင့် လူဖြစ်ရှုံးကာ ဇာတ်ဆုံးသတ်၍ သွားရရှာပေသည်။

ယင်းသည်တို့ကား ယခုရေးကာမှ ဤမျှထင်ရှားပေါ်လွင်စွာ တွေး၍ရေးသားခြင်း ဖြစ်၏။ ကလေးအရွယ် လူမမယ်ဘဝဖြင့် လောကအလယ်ခေါင်တွင် ယောင်တီးယောင်တ ကိုးကွယ်ရာမဲ့အခါက ဤမျှအထိ မတွေးမိခဲ့ (ဘိုးဘိုးရက်စက်သည်)ဟူ၍ မျှလောက်သာ တွေးတတ်ခဲ့၏။ တဖြည်းဖြည်း လူလားမြောက် လာသောအခါ တွင်ကား (ပိုက်ဆံမရှိလို့ ငါ့အမေ သေရ လေခြင်း၊ ပိုက်ဆံမရှိလို့ ငါ့အမေသေရလေခြင်း)ဟု စေ့စေ့ တွေးတိုင်း တရေးရေး နာကျည်းခဲ့ ၏။

ထို့ကြောင့် (ဘိုးဘိုးရက်စက်)သည် ဟူသော တွေးလုံးနှင့် (ပိုက်ဆံမရှိလို့ ငါ့အမေ သေရ လေခြင်း) ဟူသော တွေးလုံးတို့ကို ပေါင်းစပ်ကြည့်လိုက်မိသောအခါတွင် (ဘိုးဘိုးနှင့် ဦးလေး ရက်စက်ကြလို့ ငါ့အမေ သေရ လေခြင်း... ငါ့အမေသေရတာဟာ ဘိုးဘိုးနဲ့ ဦးလေး တို့ လက်ချက်ပါပဲ... သူတို့သာ ငါ့အမေ ကို မငတ်ရုံလေးပဲ ဖြစ်ဖြစ် ငွေထောက်ကြရင် ငါ့အမေဟာ ငါးပေါင်းကြော်လည်း ကြော်ရမှာ မဟုတ်ဘူး။ အုန်းလက်ခြောက် ကိုလည်း ထင်းခုတ်ရမှာ မဟုတ်ဘူး။

အနာဂင်ပြီး သေမှာလည်း မဟုတ်ဘူး။ ပြီးတော့ ဘိုးဘိုးနဲ့ ဦးလေးတို့ကသာ ငါ့အမေ မမာစက ငွေကလေး ဘာကလေးလုံလောက်အောင်ပို့ရင် ငါ့အမေဟာ ဆရာဝန်နဲ့ကုနိုင်ပြီး သက်ဆိုးရှည်ရှာမှာပဲ။ အခုတော့ ဘိုးဘိုးနဲ့ ဦးလေးတို့က ငွေပို့သင့်ကောင်းပါလျက်ကနဲ့ မပို့ကြလို့ ငါ့အမေသေရလေတယ် ... ငါ့မေမေ ဟာ စင်စစ်မှာ ဘိုးဘိုးသေရင် ဘိုးဘိုးရဲ့အမွေကို သုံးစုတစ်စု ဆိုင်တယ်ထားပါတော့။ ငွေတစ်သိန်းပဲ ဆိုပါတော့၊ တစ်ဂက်၊ လေးပုံတစ်ပုံ၊ ရှစ်ပုံတစ်ပုံ၊ ဆယ်ပုံတစ်ပုံ၊ ဆယ်ပုံမှာ တစ်ပုံကလေးပဲပို့ကြအုံးတော့ ငါ့အမေဟာ လူနဲ့သူနဲ့ တူအောင် နေရမယ် ... အခုတော့ သေရမှာတောင် သူ့ဟာသူ ငါးပေါင်းကြော် ကလေးရောင်းပြီး မသာစရိတ် စုခဲ့ရှာလို့ ဖျာလိပ်နဲ့ မသွားရရှာတယ်) ဟူသော တွေးလုံး တောလုံးတို့သည် ခုနစ်စဉ်အမျှင်တန်း၍ တစ်တန်းကြီး ပေါ်ထွက်လာလေ သည်။

ထိုတွေးလုံးများ ပေါ်လာသောအခါ၌ ငတ်စိတ်၏အမြစ်သည် ပို၍တွယ်ခဲ့၏။ ဤသို့ ငတ်စိတ်အမြစ် တွယ်ခဲ့ပြီ ဖြစ်သောအခါသို့ ရောက်သည်၌ အကယ်၍ ကျောင်းသားကြီးများက ကြီးနိုင်ငယ်ညှင်းဆဲ သဘာဝအတိုင်း အနိုင်ကျင့်ခြင်းကို ခံရသည့်အခါမျိုးတွင် ငတ်စိတ် ကလေးကား အသာဆွ၍ ပေးလိုက်၏။ ထိုခဏ တွင် ရင်ထဲ၌ ကြိတ်၍ ဒေါသအိုးပေါက်ကွဲ၏။ (ခွေးမသားတွေ လူပါးဝတယ်) ဟူ၍ အနိုင်ကျင့်သူ ကျောင်းသားကြီးကို အတွင်းကြိတ်ဆဲမိ သည်ထက် (ဘိုးဘိုးနဲ့ ဦးလေး ရက်စက်လို့ ငါ့ အမေ သေရတယ် ... ငါလည်း ခွေးဝင်စား လို ကလေကချေနေရတယ်) ဟူသော ဒေါသမီးမှာ ပွင့်လျှံ မီးတောင်ကြီးအန်သလို ဖြစ်တတ်ပေသည်။

သို့သော် အပြင်သို့ပွင့်ပွင့်လင်းလင်းထုတ်၍ ကိုယ်အမူရာ နှုတ်အမူအရာတို့ဖြင့်ပြသကာ ဒေါသအခိုးကို ရထား စက်ခေါင်း ရေနွေးငွေ့ထုတ်သလို ထုတ်လိုက်ရရင် အကောင်းသား၊ နို့ပေမဲ့ ဒေါသကိုပုံ၍ချစရာ နေရာမရှိ။ ကျောင်းသားကြီးကို ပြန်၍လည်း မထိုးနိုင်၊ ဆဲလည်း မဆဲပံ့၊ ပေါက်ကွဲထွက်အံ့သောဒေါသကို ပြန်၍ ဖွတ်မိုတ် ကာ မျို၍ချရ၏။ ထိုအခါမျိုးတွင် အရက်မူးလွန်သောသူ အော့အန်ပစ်လိုက်လျှင် သက်သာရာရလျက်၊ မအော့ အန်ဘဲ အောင့်ထားပါက အိမ်ကြီးပါ ချာချာလည်အောင် မူးသလို ကျွန်ုပ်မှာလည်း အပြင်သို့ မထွက်ရသဖြင့် အတွင်း၌ လှိုက်၍စားသော ဒေါသမီးပူပြင်းစွာ တောက်လောင်ခြင်းကို ခံရပေတော့သည်။ တစ်ခါတစ်ရံမအောင့် နိုင်သဖြင့် ကျောင်းကခွေးကိုပင် ပြေး၍ တအားကန်မိ၏။ သို့အကန်တွင် ဆွမ်းစားကျောင်းကိုယ်တော်၏ ခွေးကို ကန်မိသဖြင့် ဂါးခြမ်းပြားနှင့် အရိုးတွင် သွေးစို့အောင် အနက်တစ်ခါခံရ ပြန်လေသည်။ ချင့်ကြည့်ပေတော့။

ဤအခါမျိုး၌ ကျွန်ုပ်၏စိတ်တွင် (ဒါလောက်ရက်စက်လှတဲ့ ဘိုးဘိုးနဲ့ ဦးလေးကို ငါ လက်စား ချေမယ်။ သင်း တို့ ကပ်ကပ်ချုပ်ချုပ်လုပ်လို့ ငါ့အမေသေရတဲ့ ဒင်းတို့ပိုက်ဆံတွေကို ငါ အကုန်ရအောင်ယူမယ်)ဟု ဖျပ်ခနဲ ဒေါသ အရှိန်ဖြင့် တွေးလိုက်မိ၏။ ထိုအတွေးကလေးသည် ကလေးဘ၀ မိုက်မဲစွာတွေးသော အတွေး ဖြစ်၏။ သို့သော် အတွေးအခေါ်တို့ မည်သည်မှာ ပင်လယ်ပြင်တည်း၌ ကျွန်းကလေးတစ်ကျွန်းဖြစ်အောင် သန္တာကောင် ငယ်ငယ် ကလေးတို့ တည်ကြသည့် ဥပမာပုံသို့ စိတ်နေသဘောထား စိတ်ဓာတ် အဆောက်အအုံမှာလည်း အမှတ် မထင်တွေးခေါ်မိသော အတွေးအခေါ်ကလေးပေါင်းများစွာတို့ဖြင့် စုပေါင်း အုံတည်ကာ ဆောက်လုပ်ထား ခြင်းဖြစ်ပေရာ ထိုလျှပ်တစ်ပြတ် အမိုက်တွေးတွေးသော အတွေးအခေါ်ကလေးသည်လည်း တခြားအတွေး အခေါ် ကုဋေကုဋာတို့အကြား၌ ပါဝင်ကာ စိတ်အဆောက်အအုံကြီး၌ သဲမှုန့်တစ်မှုန့်ပမာ ဖြစ်နေ၏။ သေငယ် မှုန်မွှားရှိများမှ ရှိလေသလားဟု ထင်ရ၏။ ရှိကားစင်စင် ရှိနေပသည်။

သို့သော်
လူ့ဗာဟီရဘ၀၏ကိစ္စများစွာတို့ ဖုံးလွှမ်းမှုကြောင့် အထက်ပါ ငုတ်စိတ်ကလေးကမှ လုံး၀ မထင်ရှားဘဲ တိမ်မြုပ် ပျောက်ကွယ်နေပေရာ ဤအနုမြူပမာထားလောက်သည့် ငုတ်စိတ်၏ အညွှန့် လက်စားချေစိတ် ကလေးမှာ အင်္ဂလိပ်စာသင်လိုစိတ်၊ အဘိုးထံ ပြန်၍ဝင်လိုစိတ်၊ ကြီးပွားလိုစိတ်တို့က ဖုံးလွှမ်းခြင်းမက ဖုံးလွှမ်း၍ထားသဖြင့် ထိုတတိယရည်ရွယ်ချက်မှာ ပကတိ မရှိသလောက် ပြီးပြီးပျောက်ပျောက် ဖြစ်နေခဲ့သော ရည်ရွယ်ချက်ဟုသာ လျှင် ဆိုရပေတော့မည်။

ဤမျှဖော်ပြရုံဖြင့် ကျွန်ုပ်၏ စိတ်ရင်းခံအခြေအနေ စိတ်ဓာတ်အုံဖွဲ့ပုံတို့ကို ထင်ရုံမျှ သိသာ မည်ထင်၏။ ကျွန်ုပ်၏ စိတ်ဓာတ်အုံဖွဲ့ပုံကို သဘောပေါက်ထားကြမှလည်း ကျွန်ုပ်၏ ထူးဆန်းလှသော အဖြစ်စဉ်ကို ယုံကြည် နိုင်ကြ ပေလိမ့်မည်။

**ဆက်ရန်**

[တင့်တယ် ၏ ကမ္မဖလ အပိုင်း (၈)]

**ဇောက်ထိုးမိုးမျှော်**

ကျွန်ုပ်တွင် ရည်ရွယ်ချက်သုံးချက်ရှိကြောင်းကို ဆိုခဲ့ပြီ။ ထိုရည်ရွယ်ချက်တို့အနက် အင်္ဂလိပ် စာပညာကို သင်ရန်ရည်ရွယ်ချက်မှာ ကျွန်ုပ်အဖို့၌အဓိကအရေးကြီးဆုံးသော ရည်ရွယ်ချက်ကြီး ဖြစ်၏။ အင်္ဂလိပ်စာတတ်တို့ ခေတ်ကောင်းနေကြသေးသော ကာလဖြစ်သည် အားလျော်စွာ ကျွန်ုပ်သည် အင်္ဂလိပ်စာကိုသာ တတ်မြောက် ပါက ဒုတိယရည်ရွယ်ချက် ဖြစ်သော အဘိုးထံပါးသို့ ပြန်ဝင်ရသည့်အခြေသို့ပင် မရောက်စေကာမူ လူတစ်လုံး သူတစ်လုံး ဖြစ်နိုင်သည့် လမ်းမပေါ်၌ ခြေချမိမည်ဟု ကျွန်ုပ် တွက်ဆ၏။ ထို့ကြောင့် အင်္ဂလိပ်စာကို သင်ရန် ရည်ရွယ်ချက်ကြီးမှာ ကျွန်ုပ်၏ အဓိကရည်ရွယ်ချက်ကြီးပင် ဖြစ်သည်။ တစ်ဘက်က ကြည့်ပါလျှင် အင်္ဂလိပ်စာ တတ်မြောက်မှ အဘိုးထံသို့အဝင်တွင် ကိုယ်ရည်သွေးနိုင်ကာ ဝင်ခွင့်ပေါ်လေမည် ဖြစ်ပြန်လေရကား ဤရည် ရွယ်ချက်သာလျှင် ကျွန်ုပ်၏ သေရေး ရှင်ရေးတစ်မျှ အရေးကြီးနေသော ရည်ရွယ်ချက် ဖြစ်၏။ အဘိုးထံ ကပ်နိုင်လျှင် အင်္ဂလိပ်စာ အညွန့်အဖူးကို တတ်မြောက်အောင် ဆက်လက် သင်ကြားနိုင်ဖို့ လမ်းလည်း မြင်၏။

အဘိုးထံ ပြန်၍ကပ်လိုသော ဒုတိယရည်ရွယ်ချက်ကား အရေးကြီးသော ရည်ရွယ်ချက်တစ်ရပ် ဖြစ်သည်မှန်၏။ သို့ရာတွင် ကျွန်ုပ်က မည်မျှပင်ဝင်ချင်ပါသော်လည်း အဘိုးနှင့်ဦးလေးတို့ကလက်ခံကြမှ ဖြစ်နိုင်မည့် ရည်ရွယ် ချက်ဖြစ်ရာ တစ်ပိုင်းသာလျှင် သေချာပေသည်။ တစ်ဖန် သားအရင်း မြေးအဖျား ဟူသော ဆိုစကားရှိသည့် အတိုင်း သမီးရင်းအထွေး၊ ရွှေလိုဥထားသူ ကျွန်ုပ်၏ မိခင်ကိုမျှ ထိုမျှရက်စက်ခဲ့သော ဦးလေးနှင့် ဘိုးဘိုးတို့ သည် အဖျားသာဖြစ်သော မြေး ကျွန်ုပ်အား ရက်စက်မည်ဆိုက ပို၍ပင် ရက်စက်နိုင်သော လမ်းကလည်း ရှိသေး၏။ ထို့ကြောင့် အဘိုးထံပြန်၍ ကပ်နိုင်ရာမှာ ကျွန်ုပ်ဘက်က တစ်ဝက်သာ သေချာလျက် အကယ်တ္တိ အဘိုးထံမဝင်ရလျှင်လည်း ကျွန်ုပ်မှာ ကျွန်ုပ်တတ်မြောက် ပြီးဖြစ်သော (၇)တန်း ပညာကို အားကိုးနိုင်လောက် ပြီဖြစ်၍ များစွာပူပင်ဖွယ်မရှိ။ သို့ဖြစ်သဖြင့် အဘိုးထံ ပြန်၍ကပ်ရန် ဒုတိယရည်ရွယ်ချက်မှာ အင်္ဂလိပ်စာသင်ရန် ပထမရည်ရွယ်ချက်လောက် အပူတပြင်း အရေးတကြီး ခိုင်ဖြိုးလှခြင်း မရှိပေ။

တတိယရည်ရွယ်ချက် ဖြစ်သော အဘိုးနှင့်ဦးလေးကို မိခင်အတွက် လက်စားချေလိုသည် ကား ပျောက်ကွယ် တိပ်မြုပ်၍ စုပ်စမြုပ်စမပေါ်သော ရည်ရွယ်ချက်မျှသာ ဖြစ်လေသည်။ ဤသို့အားဖြင့် (၁) အဓိက၊ (၂) သာမည၊ (၃) စိတ္တဇ ဟူ၍ ရည်ရွယ်ချက်သုံးမျိုးတို့ သူ့အဆင့်နှင့်သူ အဆင့်ဆင့် ရှိ နေကြရာတွင် ကျွန်ုပ် ၁၇နှစ်သား အရွယ်ရှင်လိုင်ပြန်စဉ် ကံတရား၏ဖလှယ်ညစ်ပတ်တတ်သောဉာဉ်ဆိုးက အဖန်တီးကြီးဖန်တီး၍ အကြီးအကျယ် မွှေနှောက်လိုက်ပြန်သောကြောင့် ကျွန်ုပ်၏ ရည်ရွယ်ချက်တို့မှာ ငါးမိနစ်ခန့်အတွင်းတွင်ပင် ဇောက်ထိုးမိုးမျှော် ဖြစ်၍ သွားကြရလေတော့သည်။ ယင်းသို့ ရည်ရွယ်ချက်များ ဇောက်ထိုးမိုးမျှော် မလျော်မကန် ဖြစ်ကုန်ကြ သဖြင့်လည်း ကျွန်ုပ်၏ ဖြစ်စဉ်မှာ တစ်ခါတည်း တောင်ဆင်းလမ်းကွေ့ကြီးကို ချိုး၍ ဆင်းသွားရသကဲ့သို့ ဖြစ်သွားရ၏။ ထိုတောင်ဆင်းလမ်း ကွေ့ကြီး၏ ခရီးအဆုံးသည်ကား စက်တိုင်ပင် ဖြစ်၍ နေပေတော့သည်။ သို့သော်... ကျွန်ုပ်၏ ရည်ရွယ်ချက်တို့ကား ဖိဖိစီးစီး ပြီးမြောက်အောင်မြင်၍ မှန်ကင်းအထွတ်သို့ပင် တိုင်ခဲ့သည် ဟု ဆိုရပေမည်။ သို့သော် မှန်ကင်းအထွတ်မှ ကံတွန်း၍ချသဖြင့် အားလွန်ကာစက်တိုင်ပေါ် သို့ ရောက်ရသည် မှာကား တွေးလိုက်တိုင်း ရယ်ဖွယ်ဖြစ်ပေတော့သည်။ ထို့ကြောင့်လည်း သေစား သေစာ စီရင်ချက် အတွက် ကံတရား၏ ကုပ်ကိုခွ၍ အားရပါးရ ရယ်ခဲ့မိတော့သည်။

ထားဦးတော့ ... ကျွန်ုပ်၏ ရည်ရွယ်ချက်များ ဖောက်ထိုးမိုးမျှော်ဖြစ်လျက် မှန်ကင်းထက်မှ စက်တိုင်ကို တက်ရသည့် အဖြစ်ကို ဖတ်လိုကြလှပေရော့မည်။ ကျွန်ုပ်(၇)တန်း အောင်မြင်ပြီးသောအခါ၌ ဆရာတော်ကြီးနှင့်တကွ ကျွန်ုပ်ဆည်းကပ်ရာ ဦးပဥ္စင်းတို့အပြင် ကျေးဇူးရှင် အထည်သည် လင်မယားတို့ကလည်း အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ရှိကြပေတော့သည်။ ထို့ကြောင့် အထည်သည်လင်မယားတို့သည် ကျွန်ုပ်အား ဆုချီးမြှင့်သောအနေဖြင့် ဝတ်ကောင်းစားလှ တစ်စုံ ဝယ်ပေးကြ၏။ ဆရာတော်ကြီးနှင့် ဦးပဥ္စင်းတို့၏ ချီးမြှင့်ခြင်းမှာကား ရှင်မပြုရသေးသော ကျွန်ုပ်အား အပါယ်တံခါးပိတ်စေရန် တန်ခူးလအခါကြီးရက်ကြီးတွင် ကျွန်ုပ်အား သင်္ကန်း ဆီးပေးကြခြင်းပင် ဖြစ်၏။

သင်္ကန်းဆီးပေးသည့်အချိန် (သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ) ဟူ၍ သင်္ကန်းကို ဆရာတော်ကြီး အား အပ်သည့်အချိန်မှစ၍ လည်ရွဲလာခဲ့သော မျက်ရည်သည် (အာမဘန္တေ) ဟူ၍ သာမဏေ ရဟာပဗ္ဗဇ္ဇသီလ အဆုံးသို့ထိရောက်သောအခါ၌ ကျွန်ုပ်၏ပါးပြင်၌ ရွဲရွဲစိုခဲ့လေတော့သည်။ အသို့လျှင် ကျွန်ုပ် ရင်မကွဲဘဲ ခံနိုင်ပါ အံ့နည်း။ ကျွန်ုပ်၏ ကျေးဇူးရှင် အထည်သည်လင်မယားတို့သည် ကျွန်ုပ်အား ရှင်ပြုရာတွင် ရှင်လောင်းမိဘ လုပ်၍ ကွမ်းတောင်ပိုက်ကာ ကျောင်းသို့ လာကြပေသည်။ ကျွန်ုပ်၏ ဖခင်ကား ယိမ်းသမနှင့် ပျော်လေပြီ။ ကျွန်ုပ်၏ မိခင်ကား အရိုးပင် ဆွေးရှာလေရော့မည်။ ဖခင်၏ ပေါ့တန်ပုံကိုကား တွေးမိသည်နှင့် တစ်ပြိုင်နက် စိတ်ထဲမှ အတွေးကို နှင်ထုတ်၍ အလွယ်နှင့်ရပါ၏။ ကိုယ့်သားကလေးကိုမျှ သာသနာ့အမွေကိုခံကာ နိဗ္ဗာန် တံခါးပွင့်အောင် ရှင်ပြုမသွားရရှာသော ကျွန်ုပ်၏ ကံဆိုးမ မိခင်ကြီးအား၊ တမ်းတမိသောစိတ်ဖြင့် ကျွန်ုပ်မှာ လူ့ဘဝမှ ရှင်ဘဝ သို့ ပြောင်းအံ့ဆဲဆဲတွင် မျက်ရည်ဝဲ၍ အသည်းဆတ်ဆတ်တုန်ခဲ့ရပေသည်။ ကိုရင်ဘဝဖြင့် ကျွန်ုပ်သုံးလမျှသာ ကြာခဲ့သည်။ သင်္ကန်းဝတ်ဖြင့် မပျော်ပိုက်ပေ။ ဆရာတော်နှင့် ဦးပဥ္စင်းတို့သည် ကျွန်ုပ် အား သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်ကို မှန်းထားကြ၏။ သို့သော် ကျွန်ုပ်ကား ရည်ရွယ်ချက်များ ခိုင်ခန့်နေသူ ဖြစ်ပေရာ ဆရာတော်၏ အပြုံအငြင်ကို ခံရစေကာမူ ဖွတ်အတင်းပင် နယုန်လထဲ၌ လိင်ပြန်ခဲ့၏။ ဂါဆိုလအထိ နေလျှင်ကာ ဝါတွင်းလေးလပတ်လုံး သာသနာ့နှောင်ကွင်းဝယ် အချုပ်မိနေမည်ကို စိုးသောကြောင့် ဖြစ်ပေ သည်။

ရှင် လူထွက်သောအခါ၌ ကျွန်ုပ်မှာ လူကောင်ကြီးထွား လူလားမြောက်ပြီဖြစ်၍ ခေါင်းတုံးကလေးပြောင် ပြောင် နှင့် မြို့ထဲ၌ ဆွမ်းဟင်းဗျပ်ကိုထမ်းကာ လည်ရသည်မှာများစွာ ပနံမသင့်ဖြစ်လာ၏။ ဘုန်းကြီးကျောင်းသား တို့မည်သည်မှာ ငယ်စဉ်က ကျောင်းသားဘဝနေ၍ သင်္ကန်းကို နိုင်နင်းလျက် သင်္ကန်း၏ ဂုဏ်တော်မြတ်ကို ကြပ်ကြပ်မတ်မတ် ထိန်းသိမ်းစောင့်ရှောက်နိုင်သောအခါသို့ရောက်လျှင် သင်္ကန်းဆီးရကာ သာသနာ့ဝန်ထမ်း ရဟန်းဘဝကို မျှော်မှန်းလျက် ပရိယတ် ပဋိပတ်ကို ကြိုးစား လေ့လာအားထုတ်ရစမြဲဖြစ်၏။ ကျွန်ုပ် ရည်ရွယ် မှန်းထားချက်တို့မှာကား သာသနာ့လက်ရုံးဘဝမျိုးဖြင့် မည်သို့မျှဖြစ်မြောက်နိုင်မည် မဟုတ်ရာ လူ့ဘဝကျော့ ကွင်းထဲသို့ ပြန်၍ဝင်ခဲ့ခြင်းဖြစ်ပေ၏။

ဤအခါ၌ ကျောင်းသားအရွယ်ကို လွန်ပြီဖြစ်သော ကျွန်ုပ်သည် ဘုန်းကြီးကျောင်း၌နေရန် မသင့်တော့အောင် ဖြစ်လာ၏။ လူဝတ်နှင့် သည်အရွယ်ကြီးကျကာမှ ဘုန်းကြီးကျောင်းရိပ်ကိုခို၍ နေပါလျှင်လည်း အလွန်ဆုံး

ကပ္ပိယဘဂဒ္ဓသာ အဆုံးသတ်ရဖို့ ရှိပေရာ ကျွန်ုပ်မှာ ဘုန်းကြီးကျောင်းမှခွာဖို့ ပြင်ရပေသည်။ အဘယ်သို့ သွားမည်နည်း...။

ဥတစ်လုံး တစ်ကောင်ကြွက်မျက်နှာငယ် လောကအလယ်တွင် ကိုးကွယ်ရာ မိဘသားချင်းမရှိသော ကျွန်ုပ် မှာ အဘယ်သို့ သွားရပေလိမ့်မည်နည်း။ ဂါဆိုဦးဖြစ်သောကြောင့် ဈေးဂယ်နာဂယ်များလည်း လှိုင်လေပြီ။ ဤအခွင့် အလမ်းကိုမြင်သော ကျွန်ုပ်သည် အလျှင်အမြန် စက်ချုပ်သင်၏။ ၁၄ ရက်ခန့်နှင့် လမ်းကြောင်း ဖြောင့်ဖြောင့် စက်ပေါက်တတ်လာခဲ့သောအခါ ကျွန်ုပ်သည် ကျေးဖူးရှင် အထည်သည် လင်မယားတို့၏ ဈေးချုပ်အထည် များကို ညဥ့်ညလုံးပေါက်သွား၍ ကူညီချုပ်လုပ်ပေးခြင်းအားဖြင့် စက်ချုပ်သမားဘဂသို့ ရောက်မှန်းမသိ ရောက် လာ၏။ စက်သမားဘဂကို ရမှန်းမသိရရင်းကပင် ကျွန်ုပ် သည်လည်း ဘုန်းကြီးကျောင်းမှ ခွာမှန်းမသိ ခွာလျက် ကျေးဖူးရှင် အထည်သည် လင်မယားတို့က "ကိုင်းပါ မောင်ကံကောင်းရယ် တို့အိမ်ကိုသာ ပြောင်းခဲ့ပါတော့ ကွယ်... မင်းဖို့ စက်တစ်လုံး တို့ငှားပေးပါ့မယ် ဟုတ်လား... ဈေးထည်တွေကို နိုင်နိုင် ချုပ်နိုင်မှပဲ အလုပ်က တော့ ပြတ်ဖို့မရှိတော့ပါဘူး" ဟု ဆိုကြသော အခြေသို့ ရောက်လာခဲ့၏။

ကျွန်ုပ်ကား စက်သမားလုပ်လိုသူမဟုတ်ပေ။ သို့သော် (မင်းမဟော်ပုဂ္ဂိုလ်မှ အိုးဖိုကို ထွက်ပြေး၍ အရေးသစ် ကြံရသေးသည်) ဟူသော ထုံးအတိုင်း ဘုန်းကြီးကျောင်းသားဘဂမှ လွတ်လပ်ရေး ရစေရန် ခြေတစ်လှမ်း လှမ်းရခြင်းဖြစ်၏။ ထိုမှ တစ်ဖန် ကျွန်ုပ်သည် ငွေရလမ်းကို ရှာရပြန်၏။ စက်ချုပ်၍ ရသမျှကလေးတို့မှာ အဂတ် အစားကလေးများ ဂယ်ရ၏။ အထည်သည် လင်မယားတို့အားလည်း ထမင်းလခပေးရ၏။ သို့သော် ကျွန်ုပ်ပေး သော လခမှာမဖြစ်လောက်ပါပေ။ ကျေးဖူးရှင်များက ငဲ့ညှာသဖြင့်သာ နေသာပေသည်။ သူတို့၏ ကျေးဇူးကြီး လှပါပေတော့သည်။

ထိုအချိန်ကာလတစ်လျှောက်လုံး၌ ...

"ငါ့သား ကြီးပြင်းလာရင် သားရဲ့ဘိုးဘိုးဆီသွားပြီး ရွှေမန်ကျည်းတောင့်တွေကို တောင်းနော်.." ဟူသော မိခင်၏ မှာစကားသည်လည်း ကျွန်ုပ်တွင် နိစ္စပတ် ကြားယောင်လျက် ရှိနေပေသည်။ ထို့ကြောင့် အဘိုးရှိရာ မြို့သို့ သွားစရိတ်ရရန် ကျွန်ုပ်သည် ကိုယ်ပိုင်ဂင်ငွေရှိသောလမ်းပေါက်ကို အုတ်ခုံကစ၍ စက်သမားဘဂဖြင့် ခြေတင် က ငွေဂင်လမ်းများလှမည် မဟုတ်ပါပေ။ ထို့ကြောင့် ငွေဂင်လမ်း အခြားတစ်ခုကို ရှာရပြန်သည်၌ အခန့်သင့်ပင် လမ်းအခွင့်ပေါ်လာ၏။ ထိုလမ်းအခွင့်မှာကား ကျွန်ုပ် နေထိုင်ရာ မြို့ရှိ မြေ တိုင်းဘက်ဌာနမှာ မိုးဦးကျက ကွင်းဆင်းထားသော လယ်ပျက်စာရင်း ကြေးတိုင်စာရင်းတို့ဖြင့် အလုပ် အလွန်များ၍နေပေရာ ညအချိန်တွင် စက်ကိုဖိချုပ်၍ ညနေပိုင်း၌ကား မြေတိုင်းစာရေးတစ်ဦးကိုသွား၍ မေတ္တာရိကူညီနေခဲ့၏။ ထိုခေတ်က ဓလေ့မှာ ရုံးစာရေးအလုပ်ကို အကူစာရေးဘဂဖြင့် မှန့်ဖိုးမျှယူ၍ ၆-လခန့် သင်နေရပြီးမှ လခရသော အကူစာရေးဘဂကို ရောက်ကြရပေသည်။ ကျွန်ုပ်ကား စာရေးဘဂကိုမျှော်၍ကြည့်မိ၏။ စာရေးဘဂမှာ စက်ချုပ်သမားထက်တော့ သာ၍ ငွေဂင် ကောင်းပေသည်။ မြေတိုင်းစာရေးကြီးသည် ကျွန်ုပ်၏ အလိုက်သိတတ်မှုကြောင့်လည်းကောင်း။ အလုပ်ကို ကြိုးစားသဖြင့်လည်းကောင်း မုန့်ဖိုးအဖြစ်နှင့် ငွေကလေးဖောဖော ပေးလေ့ရှိပြီးလျှင် မြေတိုင်း

အင်စပက်တော်မင်းကိုလည်း အကူစာရေးနေရာ လစ်လပ်ပါက ကျွန်ုပ်အား ခန့်ထားပါရန် ထောက်ခံပြောဆိုပေး၏။

စက်ချုပ်ရာမှရသော ငွေကလေးဖြင့် ထမင်းဖိုး၊ အဂတ်အစားဖိုးကလေး ရ၍နေသောကျွန်ုပ်မှာ မြေတိုင်းဘက်အကူစာရေးပေါက်စအဖြစ်ဖြင့် ရသောငွေကလေးများကို ခြစ်ခြစ်ခြုတ်ခြုတ် စုဆောင်းခြင်းဖြင့် သုံးလခန့်အကြာတွင် အဘိုး၏ မြို့ရွာသို့ သွားရန် လမ်းစရိတ်ကလေးပင် ဖူလုံသလောက် ဖြစ်လာ၏။ ထိုလမ်းစရိတ် ကားမီးရထားဖြင့် အခန့်စားသွားနိုင်လောက်သော လမ်းစရိတ်မဟုတ်။ မှူင်ငါးပိတင်လာသော ကတ္တူ များ အပြန်တွင် လှေကြုံစီးကာ အပေါ်စားခရီးသွားရမည့် စရိတ်လောက်သာ ဖြစ်လေတော့သည်။

လှေကြုံစီးစရိတ်ကလေးကို ပိုက်မိသည့် အချိန်မှစ၍ ကျွန်ုပ်သည် အဘိုး၏မြို့သို့သွားရန် အခွင့်အလမ်းကို စောင့်လင့်နေ၏။ အငြိမ်လည်းမနေ။ အဘိုးတို့မြို့မှရောက်လာသော ကုန်သည်ပွဲစားတို့ထံမှ အဘိုး၏အကြောင်းများကို အမြဲတမ်း စနည်းနာရ၏။ အကြောင်းမူကား ကျွန်ုပ်၌ လှေကြုံစီးစရိတ်ကလေးရှိသည့် တိုင်အောင် အဘိုးတို့မြို့သို့ လိုက်သွားကာ သူ့အိမ်သို့ မျက်နှာပြောင်တိုက်ကာ တက်ပြီးနောက် "ကျွန်တော် ဟာ အဘိုးရဲ့မြေး၊ မောင်ကံကောင်းပါခင်ဗျာ၊ အလုပ်တစ်ခုပေးပါ"ဟု ပြောလျှင် ရိုက်အချမခံရလျှင်တော်သည်ဟု ထင်ရပေလိမ့်မည်။

လောကသည် ဆန်း၏။ အရိုးခံအဖြောင့်သမားများနှင့် မကိုက်ပေ။ အရိုးခံသမားတို့ ဤညစ်ပတ်လှသော လောက၌ မထွန်းကားဘဲ လူရည်လည်သူတို့သာ ထွန်းကားသည်မှာ ကောသလ၏ ဘုံးတောင်းနစ်၍ စောင်ချမ်းပေါ်သော အိပ်မက်အတိုင်းပင် အားလုံးအသိဖြစ်ကြ၏။ လူရည်လည်သောသူတို့ကား တစ်စုံတစ်ခုကို လိုချင်သော်လည်း မလိုဟန်ဆောင်လျက် အခွင့်အလမ်းကိုစောင့်ကာ အခွင့်အလမ်းပေါ်၍ ပိုင်လောက်မှ အကွက်ဆင်ကာ နင်းခြင်းအားဖြင့် လိုရာကိုရအောင် ကြံဆောင်ကြစမြဲဖြစ်၏။ ဂျပန်ခေတ်က ပေါ်ခဲ့သော (ဖော်လံဖား)ဟူသော စကားမှာ စင်စစ်တွင်လူရည်လည်၍ ဂုဏ်နှင့်အာဏာရှိသူ၏ အနီးသို့ ကပ်နိုင်ရပ်နိုင်သောသူတို့ကို ရှုတ်ချသောစကားဖြစ်၏။ စင်စစ်ကား ဂုဏ်နှင့် အာဏာရှိသူတို့၏ အနီးသို့ လူတိုင်း မကပ်နိုင်ပေ။

လူရည်လည်သောသူတို့သာ ကပ်နိုင်၏။ ထိုသို့ ကပ်နိုင် ရပ်နိုင်ရန်မှာလည်း လူ့အလိုက်နှင့် အကြိုက်ကို သိတတ်သောအစွမ်းရှိမှ ကပ်နိုင်ပေရာ၊ ကပ်ချင်ရပ်ချင်တိုင်းလည်း မဖြစ်။ ထို့ကြောင့် (ဖော်လံဖား)ခြင်း သည်လည်း မလွယ်။ အနုပညာတစ်ရပ်ပင်ဖြစ်၏။ ဂုဏ်နှင့် အာဏာရှိသူတို့ကို လူတိုင်းပင် ကိုယ်ကျိုးအတွက် ဖော်လံဖားချင်ကြ၏။ သို့သော် လူရည်လည်သူတို့ကသာ အနီးသို့ကပ်၍ ဖော်လံဖား နိုင်ကြပေရာ ဖော်လံဖားချင်ပါလျက်နှင့် အခွင့်အလမ်းကို မယူတတ်သဖြင့် ဖော်လံမဖားရသော သူတို့က ဖော်လံဖားနိုင် သောသူတို့ကို ဂန်တိုစိတ်မကင်းဘဲ ရှုတ်ချသော လေသံဖြင့် (ဖော်လံဖား)သည်ဟု ဆိုကြ ကုန်၏။ ဖော်လံဖား သူတို့ အခွင့်အလမ်းက စောင့်မျှော်တတ်သော အနုပညာ၊ ပေါ်လာသော အခွင့်အလမ်းကို ဖမ်းယူတတ်သော အနုပညာတို့ကို အရိုးခံသမားတို့ နားမလည်နိုင်ကြပေ။

ရိုးသားပွင့်လင်းစွာ ရေးသားရမည်ဆိုပါလျှင် ကျွန်ုပ်သည်ကား အလွန်တရာစိတ်ခက်ထန် တိပြတ်လှစွာသော အဘိုးဖြစ်သူ ဦးနကီထံသို့ ပြန်၍ချဉ်းကပ်နိုင်ရန် (ဂါ) ဖော်လံဖားရန် အခွင့်အလမ်းကို စောင့်မျှော်နေသူတစ်ဦးဟု ရေးရပေတော့မည်။ သူ့အိမ်သို့ ရုတ်ခနဲတက်သွားပါက ခြေဦးတည့်ရာ အိမ်ပေါက်ကိုတက်သည့်အရှုးကို နှင်ချ သလိုသာ နှင်ချခြင်းခံရပေလိမ့်မည်။ ထို့ကြောင့်ကျွန်ုပ်သည်အဘိုး၏အိမ်ပေါက်သို့ အကြောင်းပြကောင်းကောင်း နှင့် အမောင်းအနှင်းမခံရဘဲ တက်နိုင်အောင် အခွင့် အလမ်းကို စောင့်မျှော်နေရ၏။ အနှင်မခံရဘဲ လက်သင့်ခံမှ ချဉ်းကပ်နိုင်ပေမည်။ သို့အခွင့်အလမ်းကို စောင့်မျှော်နေသည့် အတွင်း၌လည်း အကယ်၍ အကြောင်းပြ ကောင်းကောင်းနှင့် အဘိုး၏ အိမ်ရိပ်ကို နင်းကြည့်ရာ၌ အမောင်းအနှင်ခံရပါလျှင် အသာကိုယ်ရှိန်သတ်၍ တပ်ပြန်ဆုတ်သာအောင် ပြန်စရိတ်ကလေးကိုလည်း မလိုလေး လိုလေးစုဆောင်းကာ အသင့်ပြင် ထားရပြန်၏။ အဘိုး၏ မြို့၌ သောင်တင်ခံ၍ မနေနိုင်ပေ။

ကံတရားသည် လူလယ်လုပ်လွန်းအားကြီးသည်ဟုဆိုစရာ ဖြစ်နေပေတော့သည်။ ကံတရားသည် တစ်ခါ တစ်ရံ၌ ရှစ်ကွက်ကျားကစားသူချန်ပီယံနှင့် အလွန်တူလှေ့ရှိပါသည်။ ရှစ်ကွက်ကျားချန်ပီယံသည် အကွက်ဆန်း မောင်းဆင်ထားကာ ကိုယ့်ကျားတစ်ကောင်ကို ထိုးကျွေး၍ ပြိုင်ဘက်၏ ကျားသုံးကောင်ကို စားကာ (ကင်း) ယူတတ်သည့်နည်းတူ ကံတရားကိုယ်တော်မြတ်သည်လည်း သတ္တဂါတစ်ဦး၏ ကြမ္မာကို ဖန်တီးရာ၌ လက်ဦး တွင် ဂမ်းသာအားတက်ဖွယ်တစ်ခုခုကို လာဘ်ထိုးပြီးမှ တင်းပုတ်ကြီးနှင့် ထုနက်သလို နလံမထူအောင် နှိပ်စက်တတ်သည်။

သို့ဆိုရခြင်း၏ အကြောင်းရင်းမှာမူကား အဘိုး၏ မြို့ရွာသို့ ကျွန်ုပ်ချဉ်းကပ်လိုသောကြောင့် သွားစရိတ်၊ ပြန်စရိတ် ကလေးများကို ခြစ်ခြစ်ခြုတ်ခြုတ် စုဆောင်းမိစပြုသောအခါ တွင်ပင် ကျွန်ုပ်အား အဘိုးရှိရာသို့ သွားနိုင်သော လမ်းအခွင့်များကို ကံတရားက ဖွင့်ပေးစပြု၍ လာခြင်းပင်ဖြစ်၏။ လက်ဦးဆုံး ကျွန်ုပ်၏ အဘိုး ဦးနကီ ကိုယ်လက်မအီမသာဖြစ်သည်ဟူသော သတင်းအစအနများကို ကြားရ၏။ ဤအချိန်မှာ ၁၉၂၇ ခုနှစ်ဆီသို့ ရောက်နေပြီဖြစ်ရာ ကျွန်ုပ်၏ အဘိုး ဦးနကီမှာ ၁၈၆၀ ပြည့်နှစ်၌ ဖွားသူဖြစ်သဖြင့် လုပ်ငန်းကြီး အားလုံးကိုပင် သားဖြစ်သူ ဦးဒေါနအား ပုံ၍ လွှဲအပ်ထားကာ အနားယူ၍ နေရသည်ဟူသော သတင်း သန့်သန့် ကြားနေရပြန်၏။

၁၉၂၈ ခုနှစ်သို့ ဂင်ခဲ့သောအခါတွင်မူကား ကျွန်ုပ်၏အဘိုး ဦးနကီသည် အိပ်ယာ၌ လဲလျောင်း နေရသည်ကသာ များသည်ဟူသောသတင်းများ ကျွန်ုပ်၏နားသို့ပေါက်လာ၏။ အဘိုး၏ မကျန်းမာမှုသည် စင်စစ်၌ ကျွန်ုပ်အဖို့ တွင် အဘိုးရှိရာသို့သွားရန် အခွင့်အလမ်း တစ်ခုအဖြစ်ဖြင့် ကံတရားကဖဲဆင်၍ ပေးခြင်းဖြစ်လေသည်။ နောက်ဆုံး၌ ကံတရားသည် ကိုယ်ဆင်ထားသော ဖဲထုပ်ကို ကိုယ့်နပ်ကြောင်းကို ကိုယ်စမ်း၍ ကိုယ့်ဘာသာချိုး ကာ ကိုယ့်ဘာသာ ဂေသလိုလုပ်လိုက်သည်မှာကား အဘိုးဖြစ်သူ အသည်းအသန် ဖြစ်သည်ဟူသော သတင်းကို ရခြင်းဖြစ်၏။ ဤသတင်းမှာ ကျွန်ုပ်၏ အဖို့၌ အဘိုး၏အိမ်သို့သွားရန် အချိန်တန်ပြီဟု ကံတရားက ပခုံးပေါ်၌ခွကာ နားတွင်းသို့ တီးတိုးပြောလိုက်သည်နှင့် မခြားပါပေ။

"အဘိုးဖြစ်သူ အသည်းအသန်မမာသဖြင့် ကျွန်တော် ပြုစုရန်လာပါသည်" ဟု အကြောင်းပြချက်ခိုင်လုံစွာဖြင့် အဘိုး၏ အိမ်သို့တက်နိုင်သောအ ခွင့်အပလမ်းကို ကံတရားက စီမံဖန်တီး၍ ပေးချေပြီ။ လူမမာကို ပြုစုရန် လာသောသူအား အဘယ်သူသည် မောင်းနှင်၍ ပစ်ပါအံ့နည်း။ အစေအပါးခံလို၍ လာပါသည်ကို ခြေနှင့်ဆီး၍ ကျောက်သောထုံးစံသည် အဘယ်မှာမျှမရှိစဖူးခဲ့။ ထို့ကြောင့် အခွင့်အလမ်းကို ရည်းစားမျှော်သလို ဇောထက်သန်စွာဖြင့် မျှော်ငံ့နေခဲ့သော ကျွန်ုပ်သည် အဘိုး အသည်းအသန်မမာ... ဟူသောသတင်းကို ရသည်နှင့် တစ်ပြိုင်နက် လက်ဆွဲသေတ္တာကလေးတစ်လုံးဖြင့် အသွားအပြန်ခရီးစရိတ် ငွေထုပ်ကလေးကိုစွပ်ကျယ်အတွင်းဘက် လျှို့ပှက်စွာ ချုပ်ထားသော အတွင်းအိတ်၌ မပျောက်မပျက်စေရန် ကျစ်ကျစ်လျစ်လျစ်ထည့်ကာ ကတ္တူကြုံအဆင်သင့်ရှိသဖြင့် ကျေးဇူးရှင် အထည်သည်လင်မယားနှင့် မြေတိုင်း စာရေးကြီးတို့အား (အဘိုးမမာ၍) ဟူသော အကြောင်းပြချက်ကောင်းကောင်းနှင့် ခွင့်ပန်ပြီးနောက် အဘိုး၏မြို့သို့ မျှော်လင့်ချက်ကြီးစွာဖြင့် ထွက်လာခဲ့ပေသည်။

လမ်းတစ်လျှောက်လုံး အခွင့်အလမ်း ဤသို့ ပေါ်လာခိုက်တွင် အဝိုက်ဖမ်းလိုက်ရသည်ကို ကျေနပ်ကြည်နူးလာခဲ့၏။ အဘိုး၏ ကျောက်ဆိုင်နှလုံး အရည်ပျော်ကျအောင် မည်သို့ပြုမည်၊ မည်သို့ အလိုက်တသိ ဆောင်ရွက်မည် စသည်တို့ကိုလည်း အမျိုးမျိုး အဖုံဖုံတွေး၍ အသင့်ပြင်ဆင်လာ၏။ ကံတရား ဖန်ထားပုံကိုလည်း ကံကိုသာ အကောင်အထည်မြင်ရလျှင် ထိုင်၍ ရှိခိုးချင်လောက်အောင် ကျေးဇူးတင်မိ၏။

သို့သော် ရက်စက်သောကံတရားကား ရေနံပိုက်ပေါက်ကာ လယ်တစ်ကွက်လုံး ရေနံတွေပြည့်နေသဖြင့် ဂမ်းသာအားရကခုန်နေသော လယ်သမားကို မိုးကြိုးပစ်ချလိုက်သည့်နည်းတူ ကျွန်ုပ်အား အခွင့်အလမ်းကလေးနှင့် မြူခေါ်ပြီး နောက်သုံးကွက်ကျော်စားကာ သွားတစ်ချောင်းနဲ့အောင် အနိုပ်စက်ကြီး နိုပ်စက်ပစ်လိုက်ပြန်လေတော့သည်။

ဖြစ်ရပုံမှာကား တနင်္သာရီဒေသရှိ အသည်းအသန်မမာနေသော ကျွန်ုပ်၏ အဘိုးထံသို့ ကတ္တူကြုံကိုစီး၍ လိုက်ခဲ့သည်တွင် လေအဆင်သင့်သဖြင့် လေးရက်ခန့်မျှနှင့် အဘိုးတို့ မြို့သို့ ရောက်ခဲ့၏။ ကတ္တူဆိုက်သောအချိန်မှာ ညနေစောင်းလောက်တွင် ဖြစ်လေရာ တော်သလင်းလ၏ ပူပြင်းလှသောနေရောင်တို့ပင် ငြိမ်းအေးစပြုလျက်၊ ကုန်းသို့ လက်စွဲသေတ္တာတစ်လုံးနှင့် တက်ခဲ့မိသောအခါ၌ အဘိုးထံသို့ဝင်ရန် အချိန်ကောင်းဖြစ်နေသည်ကို သတိထားမိ၏။ စိတ်ထဲ၌ "ညနေပိုင်း အေးအေးလူလူ ဆိုတော့ စကားစမြည် လိပ်ပတ်လည်အောင် ပြောဖို့ အချိန်ကောင်းပဲ။ ညစာ ထမင်းကျွေးပြီး ညအိပ် လက်ခံမယ်ဆိုရင် ငါ့ ဒုတိယ ရည်ရွယ်ချက်ဖြင့် အောင်ပေတော့မယ်" ဟု တွေးမိ၏။

ကမ်းနားမှ တက်ခဲ့၍ ကြုံရာကို မေးမြန်းခြင်းဖြင့် အဘိုး၏ အိမ်ဝင်းပေါက်သို့ ရောက်ခဲ့ပေသည်။ အဘိုး၏ အိမ်ကြီးကို မြင်လိုက်ရသောအခါ၌ ကျွန်ုပ်သည် သွားလေသူမိခင်ကြီးအား သတိရကာ ရင်ထဲ၌ ဆို့နစ်၍ သွားမိ၏။ အိမ်ကြီးကား ရှေးအိမ်ကြီးဖြစ်၏။ ငါးပင် လေးခန်း နှစ်ထပ် ဖြစ်လျက် ကြီးမားကျယ်ဝန်းသော ဝင်းကြီးအတွင်း၌ တည်ရှိ၏။ အိမ်ရှေ့တွင် ဝင်းပေါက်နှစ်ပေါက်ရှိ၏။ နှစ်ပေါက်စလုံးပင် ဝင်းတံခါးများကို ပိတ်၍

ထားပေရာ အိမ်ကြီးသည် ကျွန်ုပ်အား မနှစ်မြို့သောအသွင်ဖြင့် မျက်မှောင်ကုတ်၍ ကြည့်၍နေသည် ဟု ထင်မိ၏။

အိမ်ကြီးကိုကြည့်ရင်း ကျွနုပ်၌ ရုတ်တရက် အကြောက်ဝင်လာ၏။ " အော်ပေါက်များနှင့်ပစ်ရင် ဒုက္ခပဲ"ဟူ သော စိုးရိမ်မှုဖြင့် တက်ရပိမ့်သော ... ဆုတ်ပိမ့်သောဟု တွေးတောနစ်ခွ ကြံသဖြင့် ဂင်းပေါက်ဂတွင် ခြေလှမ်းတုံ့၍ နေမိ၏။ သို့သော် အခွင့်အလမ်းပေါ်ခိုက်မို့ လိုက်ပါခဲ့သည်တွင် ဂင်းပေါက်ကို ရောက်ပါမှ ပြန်ရမည်ဆိုသည်မှာ ရယ်ဖွယ်သာဖြစ်နေသောကြောင့် အားတင်းကာ " ဘာပဲဖြစ်ဖြစ် ဖြစ်လိုရာဖြစ် ဂင်တွေ့ပြီး မှ အနှင်ခံရရင်လည်း မကျေမနပ်နဲ့ ပြန်ရုံပဲ"ဟု ကိုယ့်ကိုယ်ကို သိဒ္ဓိတင်လိုက်ပြီး ဂင်းတံခါးကို တွန်းကြည့်၏။ စေ့ရုံမျှသာစေ့ထားသော တံခါးသည် ကျည် ... ခနဲမြည်ကာ ပွင့်သွား၏။ ပြီးမှ ကိုယ့်စိတ်ကိုကိုယ် အားပေး၍ ကိုယ့်အဖြစ်ကို ပြုံးမိကာ အိမ်ကြီးဆီသို့ ခပ်သုတ်သုတ် လှမ်းခဲ့ရပေသည်။

အိမ်ကြီးမှာ ရှေ့ပိုင်းကပြင်၌ သမံတလင်းခင်း၍ သံဆန်ခါများကာ၍ထား၏။ ထိုကပြင်မှာ ရှေးအိမ်ကြီးကို ပို၍ ကျယ်ဂန်းစေရန် ဖိနပ်ချွတ်မှနေ၍ အိမ်ရှေ့ဘက်သို့ဖြန့်ကာ ထပ်၍တိုးထားသော နောက်တိုး အဆောက်အအုံ ဖြစ်ကြောင်း ထင်ရှားပေသည်။ သံဆန်ခါကာရံထားသော ခြေရင်းဘက်၌ မတ်လုံးသံတိုင် များ ခပ်စိတ်စိတ် ထည့်ထားသော တံခါးပေါက်ရှိ၏။ တံခါးပေါက်၏ ရှေ့သမံတလင်းခြေနင်းခုံပေါ်၌ရှိသော ခွေးတစ်ကောင်သည် ကျွန်ုပ်ကိုမြင်သည်နှင့် တစ်ပြိုင်နက် ဆီး၍ ဟိန်းလေတော့သည်။ ခွေးဟိန်းသဖြင့် ကျွန်ုပ်မှာ တံခါးပေါက်နားသို့ ချက်ချင်းမကပ်ပုံ့သေးဘဲ အိမ်ထဲသို့ လှမ်း၍အသံပြုရလျှင် ကောင်းလေမည်လားဟု တစေ့တစောင်း ကြည့် လိုက်မိ၏။

သမံတလင်းက ပြင်အတွင်းပိုင်း၌ စားပွဲသုံးလေးလုံးကို မျက်နှာမူလျက် ကုလားထိုင်သုံးလုံးခန့် စီချထားပေရာ အဘိုးဦးနကီ၏ လုပ်ငန်းကို အသေးစိတ်ဆောင်ရွက်ရသူ ကိုယ်စားလှယ်များ၏ အလုပ်စားပွဲ များဖြစ်ကြောင်းကို ရိပ်မိရ၏။ "ဒီစားပွဲတစ်လုံးလုံးမှာ တစ်နေ့ကျရင် ငါဂင်ပြီး ထိုင်ရမှာပဲ ထင်ပါရဲ့"ဟု ရုတ်တရက် တွေးမိ၏။ ကပြင်၏နောက်ဘက် အိမ်မကြီး၏ အတွင်း၌ကား ခေတ်မီပရိဘောဂ များဖြစ်သော ဆိုဖာ တစ်ယောက်ထိုင်၊ နှစ်ယောက်ထိုင်တို့မှာ မှန်ချပ်ခင်းထားသော စားပွဲပိုင်းကို ဂန်းရံကာ ဂုဏ်သိက္ခာရှိရှိ တည်နေကြ၏။ ငါးရဉ့်သွေးကတ္တီပါဖုံးထားသော ဆိုဖာကြီးများကား အိမ်ရှင်၏ ကြွယ်ဂမှုကို ဖော်ပြ၍နေပေသည်။ အိမ်တွင်းသို့ ကျွန်ုပ်အကဲခတ်နေသည့် ခဏတွင်ပင် "ဟဲ့ ရန်လုံ" ဟု ကြည်လင်သောအသံဖြင့် အိမ်တွင်းခန်းမှ ဆိုလိုက်သော အသံကလေးတစ်ခုကို ကြားရပြီးနောက် ဇာခန်းဆီးကို ဖယ်ကာ အိမ်တွင်းခန်းမှ ကလေးမလေးတစ်ယောက် ထွက်လာသည်ကို မြင်ရ၏။ ထိုကလေးမမှာ အသက် ၁၀ နှစ် ၁၁ နှစ် အရွယ်ခန့်သာ ရှိပေဦးမည်။ သို့သော်လည်း ထိုကလေးမမှာ အတော်ပင် ရုပ်ရည်ပြေစင်တင့်တယ်လျက် ကြီးပြင်းလျှင် များစွာ ချောမောမည့် မိန်းကလေးဖြစ်ကြောင်းမှာ မြင်လျှင် မြင်ချင်း သတိထားလိုက်မိပေ သည်။

ထိုကလေးမသည် သံတိုင်ကြားမှ ကဲ အကြည့်တွင် ကျွန်ုပ်အားမြင်သဖြင့် သံတိုင်တံခါးပေါက်သို့လာ၍ "ဘာကိစ္စပါလဲရှင်" ဟု သိမ်မွေ့စွာမေးသည်။ ကျွန်ုပ်လည်း "ကိစ္စရှိလို့လာပါတယ်ကွယ် "ဟု ဖြေလိုက်ရလေရာ

ကလေးမသည် တံခါးပေါက်ကိုဖွင့်၍ ကျွန်ုပ်အား မျက်စောင်းခဲနေသော ရန်လုံဟူသောခွေးကြီးကို မောင်းနှင်ပစ်လိုက်ပြီးလျှင် "အထဲကို ကြွပါရှင်"ဟု ဖိတ်ခေါ်၏။ ကျွန်ုပ်လည်း အဘိုး၏ အိမ်ရိပ်အတွင်းသို့ ရင်တထိတ်ထိတ်နှင့် ချင်းနင်းဝင်ရောက်ခဲ့ပေတော့သည်။

"လူကြီးတွေကောကွယ် " ဟု ကျွန်ုပ်ကမေးသည်၌ ကလေးမက တံခါးကိုပြန်၍ ချက်ထိုးကာ ပိတ်ရာက "ရှိပါတယ်ရှင် ကျွန်မတို့ ဘိုးဘိုးနေမကောင်းလို့ အိမ်ခန်းတွင်းမှာပါ။ ကြွပါရှင် ဒီကို ကျွန်မ ဝင်ပြီးပြောပေးပါ့မယ်" ဟု ချေငံစွာပြောပြ၏။ ထို့နောက် ကျွန်ုပ်အား ဆိုဖာရှိရာသို့ ခေါ်ခဲ့၍ ဆိုဖာတစ်လုံးတွင် ထိုင်စေပြီးလျှင် စားပွဲပေါ်၌ ကွမ်းအစ်ကြီးတစ်လုံးနှင့် ဆေးလိပ်ပန်းကန်ပြားတစ်ချပ်လာချရင်း "ကွမ်းစားပါရှင်၊ ကျွန်မ အခုပဲ ဖေဖေတို့ကို ခေါ်ပေးပါ့မယ်" ဟု ဖွယ်ရာစွာပြော၏။ ကျွန်ုပ်လည်း အရွယ်နှင့်မလိုက် ညှော်ခံစကား ပြောသော ကလေးမ၏ အမူအရာ အပြောအဆိုကလေးများကို နှစ်သက်မိရင်း ကွမ်းအစ်ကြီး အတွင်းရှိ ထုထဲလှစွာသော ရုပ်လုံးဖော်ငွေဖလားစုံတို့နှင့် ငါးကျပ်သားကျော်ကျော် အလေးချိန်စီးမည့် ရွှေထုံးဘူးကြီးတို့ကို ကြည့်ကာ မိမိ၏ နှလုံးသွေးခုန်သံကိုပင် မိမိပြန်၍ ကြားရရင်း ကျန်ရစ်ခဲ့၏။

**ဆက်ရန်**

## တင့်တယ် ၏ ကမ္ဘဖလ အပိုင်း (၉)

ထိုအခိုက်အတန့်ကလေး၌ အိမ်ကြီး၏ ဝင်းပေါက်ဆီမှ တအိုင်အိုင် တဂိန်ဂိန်နှင့် ခွေးအော်သံတစ်ခု စူးစူး ဝါးဝါး ထွက်ပေါ်လာလေရာ ကျွန်ုပ်လည်း လည်ကိုဆန့်၍ အသံလာရာဆီသို့ ကြည့်လိုက်မိ၏။ မြင်ရသည်မှာကား ရုပ်လက်တို၊ ဘောင်းဘီတို အဖြူများကို ဝတ်ဆင်ထားလျက် ကာယဗလ တောင့်တင်း သော ကိုယ်ဟန်ရှိသူ ကျွန်ုပ်နှင့်ရွယ်တူလူငယ်တစ်ယောက်သည် အင်းခွေးတစ်ကောင်ကို သံကြိုးနှင့်ဆွဲလာလျက်၊ ဆွဲ၍လာရင်းလည်း ဝါးခြမ်းပြားတစ်ခုနှင့် ရိုက်နှက်၍ ခေါ်လာသည်ကို တွေ့ရ၏။

ထိုလူငယ်က တအားလွှဲ၍ လွှဲ၍ ရိုက်လေသောကြောင့် ခွေးမှာ လည်ပင်းအစ်နေအောင် ရုန်းကာပြန်ကာ နှင့် တဂိန်ဂိန် အော်လျက် ရှိပေသည်။ သို့သော် လူငယ်က တအားဆောင့်၍ ဆောင့်၍ ဆွဲသဖြင့် ခွေးမှာ တဂိန်ဂိန် အော်ရင်း မြေကြီး၌ ဒရွတ်တိုက်ကာတိုက်ကာ ပါ၍ ပါ၍လာပေ၏။

ဒေါသကြီးလှသော လူငယ်က ခွေးကို အဆမတန် ရိုက်နှက်ဆွဲခေါ်သည်ကို ကျွန်ုပ်ငေးနေဆဲ၌ အသက် ၅၀ အရွယ် လူကြီးတစ်ယောက်၊ အသက်အစိတ်အရွယ် မိန်းမပျိုတစ်ယောက်နှင့် ကျွန်ုပ်အား တံခါးဖွင့် ပေးသော ဆယ်နှစ်အရွယ် မိန်းကလေးတို့သည် အိမ်တွင်းခန်းမှ ရုတ်တရက် ပေါ်ထွက်လာကြပြီးလျှင် အိမ်ရှေ့ကပြင် ကိုဖြတ်၍ အိမ်ဝင်းဝသို့ ရောက်သွားကြပြီးနောက် ဟဲ့ ဟဲ့ မောင်ညိမ်းအောင် ဘယ့်နဲ့လဲ မိနီ ကို ရိုက်လှချည့်က လား " ဟု ပြာပြာသလဲ ဆိုကြရင်း တံခါးကို ဖွင့်ကြ၏။

မောင်ညိမ်းအောင် အမည်ခံ ဘောင်းဘီတိုနှင့် လူငယ်လည်း မိနီဟုခေါ်သောခွေးကို ဒရွတ်တိုက်၍ ကပြင် အတွင်းသို့ ဆွဲသွင်းပြီးလျှင် တိုင်တစ်တိုင်၌ သံကြိုးကို ချည်ပြီးနောက် မိနီအား ဂိန်ကနဲနေအောင် တစ်ချက် ကန်လိုက်ပြီးမှ "ဟာ...မမ ခွေးက သိပ်ကို စည်းကမ်းပျက်နေတာ၊ ကျွန်တော် အခု ကစားရုံက အပြန် ဈေးတန်း ထဲမှာ ဈေးခွေးတွေနဲ့ တရုန်းရုန်းဖြစ်နေတာတွေ့လို့ ရိုက်ပြီး ခေါ်လာခဲ့ရတယ်" ဟု ဒေါသအသံဖြင့် ပြော၍ ခွေးမ မိနီကို မျက်စောင်းတစ်ချက်ထိုးလိုက်၏။ ဤတွင်မှ ဆိုဖာစွန်းမှထိုင်ရင်း အကဲခတ်နေသူကျွန်ုပ်မှာ တော်သလင်းလသဘာဂကိုရိပ်မိရကာ မောင်ညိမ်းအောင်သည် မိမိတို့အိမ်မှခွေးကို ထိန်းသိမ်း၍ ပြန်ခေါ်လာ ကြောင်း သိရ၏။

ထိုခဏ၌ မောင်ညိမ်းအောင်သည် ခွေးမမိနီကို တစ်ချက်ထပ်၍ ကန်မည်ပြုပြန်၏။ သို့ပြုရန် ဟန်ပြင်လိုက် သည် နှင့် အသက် ၄၀ အရွယ်လူကြီးက " တော်... တော်၊ သား... ကိုညိမ်း မင်းလွန်မယ် ခွေးကပဲကွာ သူ့ လနဲ့သူ ဒီလိုပဲပေါ့ ဘယ်တတ်နိုင်မလဲ... ကဲ သမီး မကျော့ရင် မိနီ တစ်ကိုယ်လုံး အရှုံးချည်းပဲကွယ်။ ထုံးနနွင်းလိမ်း ပေးလိုက်ပါ။ ကိုညိမ်းက တယ်ပြီးမိုက်သကိုး"ဟု လူငယ်မောင်ညိမ်းအောင်အား ဟန့်တားရာက အသက်အစိတ် အရွယ် မိန်းမပျို မကျော့ရင်ဆိုသူအား ခွေးမမိနီကို ဆေးလိမ်းပေးရန် ခိုင်းလိုက်၏။ မကျော့ရင်လည်း ခွေးမ လေးအား သနားကြင်နာစွာ ကြည့်၍ စိတ်မကောင်းဖြစ်နေဟန်တူ၏။

ထိုအခိုက်တွင် ဆယ်နှစ်အရွယ် ကလေးမလေးက " ဖေဖေ ဧည့်သည်"ဟု စကားစဖော်လိုက်ရာ ဤအခါတွင်မှ အသက် ၄၀ အရွယ်လူကြီးနှင့် မောင်ညိမ်းအောင်တို့လည်း ကျွန်ုပ်ထိုင်နေရာသို့ လှည့်ကြည့်ကြပြီးလျှင် ကျွန်ုပ် အား မြင်သည်၌ ကျွန်ုပ်ဆီသို့ နှစ်ယောက်သားလျှောက်လာကြ၏။ ကျွန်ုပ်တွင်ကား ထိုင်ရမလိုထရတော့ မလိုနှင့် ရင်တဒိတ်ဒိတ်ခုန်ကာ ပြုံးတော့မလို မျက်နှာပိုးသတ်ရတော့မလိုနှင့် နားထင်ပါးရင်းများပင် ပူပူထူထူ ဖြစ်နေမိ၏။
လူကြီးနှင့် မောင်ညိမ်းအောင်တို့လည်း ကျွန်ုပ်၏ အနီးသို့ ရောက်လာကြပြီးလျှင် လူကြီးသည် ဆိုဖာတစ်လုံး၌ဝင်၍ထိုင်ရင်း "ကိုင်း... ဆိုစမ်းပါဦး ဘာကိစ္စများလဲ.. ဟု မျက်နှာချိုချိုနှင့် မေးလိုက်၏။ မောင်ညိမ်းအောင်က မူ မနီးမဝေးမှနေ၍ ကျွန်ုပ်ကတ္တီပါဆိုဖာပေါ်ထိုင်နေသည်ကိုကြည့်ကာ နာခေါင်းတစ်ချက် ရှုံ့သယောင်ပြု၍ တစ်ဖက်သို့ မျက်နှာလွှဲလိုက်လေသည်။

ကျွန်ုပ်လည်း လေးရက်တိုင်တိုင် ကတ္တူပေါ်၌ ဘာကအစ ချီ၍ ဘယ်လိုပြောလိုက်မည်ဟု စီစဉ်လာခဲ့သမျှ တို့မှာ ကြက်ပျောက် ငှက်ပျောက် ဦးနှောက်များပင်ခြောက်လျက် " ဟုတ်ကဲ့ ကျွန်တော်" ဟူသော စကား နှစ်လုံးသာ ပါးစပ်က ထွက်လျက် စကားထစ်အဲ ထစ်အဲ ဖြစ်နေရ၏။ အဘိုးထံ ပြန်ဝင်ချဉ်းကပ်ဖို့ဇော အဘယ်မျှပင်သန်ကာ ပြန်လာရင်းနီးလိုခဲ့စေကာမူ ယခုကဲ့သို့ နဖူးတွေ့ ဒူးတွေ့ရောက်နေသောအခါ၌ကား စကားစဖော်ရန်အတော် ပင် ခဲယဉ်းနေသည်ကို တွေ့ရ၏။

ထိုအခါတွင် ဆိုဖာပေါ်ကလူကြီးက ကျွန်ုပ်အား မျက်မှောင်ချီ၍ ကြည့်လိုက်ပြီးနောက် ချက်ချင်း မျက်နှာ ထားကို ပြင်လိုက်ပြီးလျှင် "ပြောပါလေ... ဘာကိစ္စလဲ၊ ငွေချေးချင်လို့လား... ဒါမှမဟုတ် သတ္တုကြော တွေ့ထား

တာရှိလို့လား... ဒါမှမဟုတ် သစ်တောလိုင်စင် ပြန်ရောင်းချင်လို့လား ပြောပါ၊ ပြောပါ အားမနာပါနဲ့ မောင်ရင်က လူသစ်ထင်ပါရဲ့။ ကျွန်ုပ်တို့နဲ့ တစ်ခါမှ မဆက်ဆံခဲ့ဖူးသေးဘူးနော်... ဟုတ်လား ... ငွေကိုင်စာရေး စာရင်းကိုင်စာရေးတွေတော့ ပြန်သွားကြပြီ။ ဒါပေမဲ့ ကိစ္စရှိရင်ပြောလေ ဦးဒေါနဆိုတာ ကျုပ်ပဲ"ဟု တိုက်တိုက် တွန်းတွန်း မေး၏။

ဤ၌ ကျွန်ုပ်လည်း ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် ထိုင်၍ နေသူမှာ ကျွန်ုပ်၏ ဦးလေးအရင်းခေါက်ခေါက်၊ ကျွန်ုပ် ၏ မိခင် ဒေါ်စောလှ၏ အစ်ကိုကြီး ဦးဒေါနဖြစ်နေကြောင်းကို သိရပေသည်။ ဦးလေး ဦးဒေါနမှာ ကျွန်ုပ်အား လုပ်ငန်းတစ်ခုခုလုပ်ရန်ကိစ္စနှင့် လာရောက်သူတစ်ဦးဟု အထင်ရောက်နေပုံရ၏။ ထို့ကြောင့်လည်း အလုပ်စခန်းများကိုသာ လမ်းကြောင်းပေးလျက် ကျွန်ုပ်ထံမှ စကားစ ချူလိုက်၏။

ကျွန်ုပ်ကား "ကျွန်တော် ခင်ဗျားတူမောင်ကံကောင်းပျ၊ အဘိုးဆီကို ပြန်ကပ်ချင်လို့လာတာ"ဟုအဘယ်လိုပြောနိုင်ပါမည်နည်း။ ပြောရမည့်စကားမှာ ဤစကားမျှသာဖြစ်၏။ သို့သော် စက်ချုပ်သမားအချင်းချင်း ကတ်ကြေးငှားရာ၌ပင် ကတ်ကြေးပေးစမ်းဟု တဲ့တိုးဆိုမည့်အစား "ဘယ့်နယ်ကိုယ့်လူ ကိုယ့်ဆရာကတ်ကြေးက စက်ခုံတကာမှာ ဗိုလ်ဆွဲနေတယ်လို့ သတင်းကြားတယ်... ဘယ့်နယ်... စမ်းမကြည့်ရဘူးလား... "ဟု ဒေးလ်ကာနယ်ဂျီ၏နည်းကို သုံးလိုက်လျှင် ကတ်ကြေးငှားရသူကပင် အိမ်တိုင်ရာရောက်လာ၍ ပို့တတ်လေရာ ကျွန်ုပ်မှာ အိမ်ကြီး၏အရှိန်ဖြင့် နှုတ်ဆွံ့နေသည်လည်း ဖြစ်သောကြောင့် "ငွေချေးဖို့လာတာ မဟုတ်ပါဘူးခင်ဗျာ...ကျွန်... ကျွန်တော် အဲ... "ဟု စကားအမြီးပြတ်နေရပြန်၏။

ထိုအခါတွင် တစေ့တစောင်းနားထောင်နေသော မောင်ညိမ်းအောင်ကို ဦးဒေါနက တစ်ချက်လှမ်း၍ကြည့်လိုက်၏။ အနား၌ ယောင်လည်လည် လုပ်နေသော မောင်ညိမ်းအောင်လည်း ဤတွင် ကျွန်ုပ်ဘက်သို့ မျက်နှာမူလာကာ "ငွေချေးဖို့လာတာ မဟုတ်ရင် လာတဲ့ကိစ္စကိုပြောလေ မပြောရင် ဘယ်ပီးမတုန်း"ဟု ခပ် ဆတ်ဆတ် ပြောလိုက်၏။ မောင်ညိမ်းအောင်၏ အသံမှာ ငေါ့သံ အရိပ်အငွေ့မကင်းပေ။ ထို့ပြင် နူးညံ့လှသော အဖိုးတန် ကတ္တီပါပေါ်၌ ပန်ဂျပ်ဘန်ကောက်၊ ပဒုမ္မာရာစေ့ အင်္ကျီဖြူတို့ကို ဂတ်ဆင်လျက် တစ်သက်လုံး နေလာခဲ့ရသော ဘုန်းကြီးကျောင်းမှပါလာသည့် (ဘဂဂါ)ကိုယ်ဟန်အမူအရာဖြင့် ထိုင်နေသောကျွန်ုပ်၏ သွင်ပြင်ကိုလည်း လူတခြား ဆိုဖာတခြားနေသည်ဟု အတွင်းကြိတ်အမြင်ကပ်နေသော လက္ခဏာကိုလည်း မသိမသာပြ သယောင်ရှိ၏။

မောင်ညိမ်းအောင်၏ စကားနှင့်ဆက်၍ ဦးလေး ဦးဒေါနက "အားနာဖို့ မရှိပါဘူးကွဲ့၊ ပြောစရာရှိတာကိုသာ ပြောပါ။ ဦးတို့ကလည်း ဦးတို့ အဖေကြီး မမာနေတာ ရှိနေလေတော့ အချိန်သိပ်ပြီး မအားလပ်ကြဘူးကွဲ့" ဟု ပြောရင်း ကျွန်ုပ်လာရင်းစွဲ အကြောင်းခံကို မသိသေးသည့်အတိုင်းဆက်၍ အကဲခတ်နေ၏။ ထိုသို့ ဦးဒေါန က ပြောလိုက်သောအခါမှ ကျွန်ုပ်လည်းစကားစရှာ၍တွေ့တော့ကော တံတွေးတစ်ချက်မျိုချရင်းက... "ဟုတ်ကဲ့ ကျွန်တော်လည်း ... ဒီအကြောင်းကို ကြားတာနဲ့ အခုလာတာပါပဲ "ဟု ပြောလိုက်ရ၏။ ထိုအခါ တွင် ဦးဒေါန မှာ ပြုံး၍လာပြန်လျက် " ဩ ... မောင်က ဦးတို့ဖခင်ကြီး မမာတာကို အကြောင်းပြုပြီး လာခဲ့တာကိုး... အဲ ... အဲ ...

မောင်က ဆေးဆရာတော့ မဟုတ်ပါဘူးနော် "ဟု ဆို၏။ ဤသည်ကို ထောက်လျှင် အဘိုး ဦးနကီ မမာနေသည်ကိုမျက်နှာကြီးဖြစ်သဖြင့် ဆေးဆရာပေါင်းများစွာ ဖွတ်ဝင်၍ကုနေကြကြောင်း သိနေပေ၏။ "မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော် ဆေးဆရာမဟုတ်ပါဘူး လာခဲ့တာကတော့ "ဟု စကားအရှိန်ရစပြုသဖြင့် ရှောရှော ရှူရှူ ကျွန်တော် ပြောနေဆဲတွင် ဦးဒေါနက စကားဖြတ်၍ "တော်ပါသေးရဲ့ မောင်ရယ်... ဆေးဆရာတွေ လာလွန်းလို့ ဦးတို့ဖြင့် မျက်နှာသိပ်ပူရတာပဲကွဲ့။ အော်.. လက်စသတ်တော့ မောင်က ဦးတို့ ဖခင်ကြီး မမာတာကို မေးဖို့စမ်းဖို့ မိဘက လွှတ်လိုက်လို့ လာခဲ့တာထင်ပ့ါ... ဟုတ်စ၊ နို့... နေပါဦး မောင့်မိဘရဲ့နာမည်က ဘယ်သူတုန်း... ဦးတို့နဲ့ အဆက်အဆံရှိတယ် ထင်ပါရဲ့ဟုတ်လား။ ဦးတို့က ဆက်ဆံသူတွေ များတော့ အတော်မှတ်မှပဲ မှတ်မိတော့တယ်မောင်ရေ့။ ဒီအိမ်ကို မောင်အရင်က ရောက်ဖူးသလား "ဟု စကားဆက်၍ ပြောနေပြန်၏။

သူ၏စကားကို နားထောင်ရင်း ကျွန်ုပ်မှာ "ကျွန်တော့် အမေက တခြားလူမဟုတ်ဘူးဗျို့။ ခင်ဗျားနမအရင်းခေါက်ခေါက်မစောလှဗျ" အသံကုန်အော်ဟစ်လိုက်ချင်၏။ သွေးရင်းခေါက်ခေါက်ဖြစ်ပါလျက် တစ်စိမ်းထင်ခြင်းကို ခံ၍နေရသည်မှာ အတော်ပင် အခံရခက်လှပေသည်။ ထို့ကြောင့် ဦးဒေါန စကားအဆုံး၌ ကျွန်ုပ်က..." ကျွန်တော့် အမေနာမည်က ဒေါ်စောလှပါ "ဟု စကားစလိုက်သည်တွင် ဦးဒေါနလည်း တစ်ချက်တွေ၍သွားရာက " နေပါဦးကွဲ့ ဘယ်ကဒေါ်စောလှပါလိမ့်... ကျုပ်ကွမီက ဒေါ်စောလှလား အို... မဟုတ်သေးပါဘူး။ ကျုပ်ကွမီက လှထောင်က ဒေါ်စောလှကပဲ။ ပြီးတော့ မောင့်အရွယ် သားကြီးရှိမှန်းလည်း မကြားဖူးပါဘူး။ ပြောစမ်းပါဦးကွယ် ဦးတို့က ဆက်ဆံရတဲ့ မိတ်ဆွေတွေများလွန်းတော့ နာမည်တွေတောင် မေ့သကွဲ့။ လူကိုမြင်လို့ မှတ်မိပေမဲ့ နာမည်ကိုမေ့လို့ တစ်ခါတစ်ခါမှာ အတော်ခွကျရတယ်။

ကဲ... ဆိုစမ်းပါဦး"ဟု မေး၏။ ဤမေးခွန်းကား ကျွန်ုပ်အတွက် အကွက်ဖော်၍ ပေးလိုက်သော မေးခွန်းပင်ဖြစ်၏။ ထို့ကြောင့် အခွင့်အလမ်းလှစ်ခနဲပေါ်ရာတွင် ဖမ်းဖြစ်အောင်ဖမ်းလိုက်မှ သင့်မည်ဟူသော စိတ်ဖြင့် ဖွတ်မိုတ်ကာ "ကျွန်တော့် မိခင် ဒေါ်စောလှဆိုတာ တခြားလူမဟုတ်ပါဘူးခင်ဗျာ... ဦးရဲ့ နမအရင်း ဒေါ်စောလှပါ "ဟု ပြောချလိုက်ရသည်၌ ဦးဒေါနလည်း ရှေးဦးစွာ ပါးစပ်ကြီး ဟောင်းလောင်းပွင့်လျက် ကြက်သေကြီး သေနေ၏။ ထို့နောက် မျက်နှာကြီး အို၍ သွား၏။ ထို့နောက် တောက်တစ်ချက် ခေါက်၏။ ထို့နောက် ကျွန်ုပ်အား တစ်စုံတစ်ခုပြောမည်ဟု ဟန်ပြင်သလို နှုတ်ခမ်း တရွရွ ဖြစ်၏။ ထို့နောက် ထိုင်ရာမှ ရုတ်ခနဲထလိုက်၏။ ထို့နောက် ချာခနဲလှည့်၍ အိမ်တွင်းခန်းသို့ ခြေသံပြင်းပြင်းနင်းကာ ဝင်၍သွားလေတော့သည်။ ထိုအဖြစ်အပျက်များမှာ ခဏကလေးအတွင်း၌ ဆင့်ကဲ ဆင့်ကဲ လျင်မြန်စွာ ဖြစ်ပျက်သွားကြသဖြင့် ကျွန်ုပ်မှာ ကြောင်၍ ကြည့်ရင်း ငုတ်တုတ်ကြီး ကျန်ရစ်ခဲ့ရပေသည်။ ဘာမှ ပါးစပ်က မပြောတတ်နိုင်။ အာစေးထည့်၍ ထားဘိသကဲ့သို့ရှိ၏။ တစ်ကိုယ်လုံးလည်း ထူပူမွှန်ထွန်၍ သွားရလေတော့သည်။

သို့ဖြစ်သောကြောင့် ကျွန်ုပ်သည် ကြောင်အမ်းအမ်းကြီးခံ၍ ဘာမျှမလုပ်တတ်တိုင်း ငုတ်တုတ်ကြီးထိုင်၍နေမိ၏။ ကိုယ့်အခြေအနေကို ဘာကစတွေး၍ ဘာကိုတပ်ရမှန်း မသိနိုင်အောင် ဖြစ်နေရပေသည်။ ဤအခိုက်တွင် "ထွီ"ခနဲ တံတွေးတစ်ချက် ထွေးလိုက်သောအသံက ကျွန်ုပ်အား ကိုင်၍ လှုပ်လိုက်သလို ဖြစ်

သွားစေ၏။ ထိုအခါတွင်မှ ကျွန်ုပ်သည် ရှက်ဇောဖြင့် မြော၍ နေရာက ပြန်၍ သတိဝင်လာ၏။ "ထွီ" ခနဲ တံတွေးထွေးလိုက်သူမှာ မောင်ညိမ်းအောင်ပင်ဖြစ်၏။

မောင်ညိမ်းအောင်အား ကျွန်ုပ်လှမ်း၍ကြည့်မိ၏။ မောင်ညိမ်းအောင်အား အလွန်တရာ ရွံရှာစက်ဆုပ်သော မျက်နှာထားဖြင့် ကျွန်ုပ်အားနှုတ်ခမ်းကိုတွန့်ရွဲ့ကာ ကြည့်နေပြီးလျှင် သူနှင့်နီးစပ်ရာ ကြိမ်ကုလားထိုင်တစ်လုံး၏ နောက်မှီကို လက်နစ်ဖက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ထား၏။သို့နေရာက ကျွန်ုပ်နှင့် မျက်စေ့ချင်းအဆုံမိတွင် မောင်ညိမ်းအောင်က လည်ပင်းကိုငဲ့၍ အိမ်တံခါးပေါက်ဆီသို့ ခေါင်းတစ်ချက်ဆတ်၍ပြ၏။

ကျွန်ုပ်မှာကား သတိပြန်၍ လည်လာသည့်တိုင်အောင် ဦးခေါင်းထဲတွင် သွေးများဂီခေါ်အောင် တပတ်ရိုက်နေကြခဲ့သောကြောင့် ယောင်ကန်းကန်းကြီးပင် ရှိနေဆဲဖြစ်သဖြင့် "ဗျာ " ဟု ယောင်တိယောင်ကန်း ဆိုလိုက်မိ၏။ ကျွန်တော်၏ ပါးစပ်မှ စကားကလေးထွက်လာခြင်းသည်ပင် မောင်ညိမ်းအောင်အား သေနတ်ကျည်ဆန်ထိမှန်လိုက်သလို လှုပ်လှုပ်ရှားရှားဖြစ်လာစေလျက် ...

"ဘာရမလဲကွ မင်းကို အိမ်ပေါ်က အဆင်းနိုင်းတာပေါ့"ဟု ဒေါသတွေ မိုးအုံ့နေသော အသံဖြင့် မိုးချုန်းသလို ပြောပါသည်။

ဤအခြေအနေမှာကား ကျွန်ုပ်အဖို့၌ ဂင်းထရံပေါ်တွင် ထိုင်၍နေရသော အခြေမျိုးဖြစ်၏။ ဟိုဘက်သို့လည်း ခုန်၍ ချနိုင်၏။ သည်ဘက်သို့လည်း ခုန်၍ချနိုင်၏။ ဦးလေး ဦးဒေါနနှင့် မောင်ညိမ်းအောင်တို့၏ ရွံရှာစက်ဆုပ်အဖက်မလုပ်ခြင်းကို အသာကလေးခေါင်းလျှို၍ခံကာ ထွက်၍လည်းလာခဲ့နိုင်၏။ ကျွန်ုပ်၏ရည်ရွယ်ချက်အတိုင်း ဖြစ်မြောက်စေရန် ဖွတ်ခြေသလုံးကိုဖက်၍ အသနားခံတန်လျှင်လည်းခံနိုင်၏။ အဘိုး၏အိမ်ထက်သို့ ကျွန်ုပ်တက်မိ၍ကားနေပေပြီ။ အိမ်ထက်မှ ဒီတစ်ခါဆင်းခဲ့လျှင်ကား နောင်တစ်ခါတွင် ယခုထက်ပြန်၍ အတက်ခက်တော့မည်ကို ကျွန်ုပ်တွေးမိ၏။

ထို့ကြောင့်ပင် မောင်ညိမ်းအောင်အား အသနားခံသောလေသံ တောင်းပန်သောမျက်နှာထားဖြင့် "စဉ်းစားပါအုံးကိုညိမ်းရယ် ဘိုးဘိုးမမာဘူးဆိုတာကိုကြားလို့ ကျွန်တော့်မှာလမ်းစရိတ်ကလေးတောင် မနည်းကြီးစုဆောင်းရှာဖွေပြီး လာခဲ့ရပါတယ်ဗျ"ဟု စကားအစချီကာရှိသေး မောင်ညိမ်းအောင်မှာ ကျွန်ုပ်၏လေသံကိုမျှ နားမခံနိုင်အောင်ရှိသည့်အလား အသားဆတ်ဆတ်တုန်မျှ ဒေါထသောအမူအရာ ဖြင့် "ဟေ့ကောင် သောက်စကားရှည်မနေနဲ့ မင်းကို ဘယ်သူက အလာခိုင်းလို့လဲ။ မင်းဘာသာမင်း ဘာတာကို ငါတို့ကပဲ စရိတ်ထောက်ရဦးမည့်ပုံပေါ်နေပြီ၊ ဟန်လုသကွ ပြောပုံက ထွီ" ဟုဆိုလိုက်၏။

ကျွန်ုပ်မှာ ကျွန်ုပ်၏စကားမဆုံးမီ ဂင်၍ဖြတ်ပြောလိုက်သော မောင်ညိမ်းအောင်၏ သီးနှင့်လှသော စကားကြောင့် ရင်ထဲ၌ အသည်းနှလုံးများကို အက်ဆစ်ရေဖြင့် ပက်လိုက်သကဲ့သို့ ဖြစ်သွားရ၏။ သို့သော် အကျိုးအကြောင်းကို လိတ်ပတ်လည်အောင် ပြောလိုသေးသည်ဖြစ်သောကြောင့် ဒေါသအခိုး အလျှံခြောင်းခြောင်းထနေသူ မောင်ညိမ်းအောင်ကိုပင်။

"မဟုတ်ပါဘူး ကိုညိမ်းရယ် ကျွန်တော် လမ်းစရိတ်တောင်းတာလည်း မဟုတ်ပါဘူး။ ကျွန်တော်ဟာ ရပ်ဝေးက လာခဲ့ရတဲ့ ညီတစ်ယောက်ပါဗျ။ အဘိုးနေမကောင်းတာကို မေးချင်မြန်းချင် ပြုစုချင်လို့ လာတဲ့လူပါ။ ဒါလောက် ရက်ရက်စက်စက် မပြောသင့်ပါဘူးဗျာ"ဟု ပြောရင်း အသံတိမ်ဝင်သွား၏။ ကျွန်ုပ်၏ အရှက်ကြီးရှက်၍ အနာကြီး နာသောစိတ်ကို ကျွန်ုပ် မချုပ်ထိန်းနိုင်တော့ပေ။

ကျွန်ုပ်က ဤသို့အပြောတွင် မောင်ညိမ်းအောင်က ထွီတစ်လုံးခတ်လိုက်ပြန်ပြီးမှ "အံမာ လူပါးဝလိုက်လေကွာ မင်းက အဘိုးလေးဘာလေးနဲ့ ဖက်ခွက်စားသားက ကြီးကြီးကျယ်ကျယ် ဆွေမျိုးများစပ်လို့ ဟစ်လို့၊ တန်တန် ရာရာ သွားကွာသွားတော့ မြန်မြန်သွား ငါ့ဘိုးဘိုးက မင်းအပြုအစုကို ခံဖို့ဝေးလို့ မင်းလက်နဲ့ ထိရုံနဲ့တောင် ဒေါသထွက်ပြီး အသက်တိုလိမ့်ဦးမယ်။ အမယ်လေး ပြီးတော့ လမ်းစရိတ် မတောင်းပါဘူးတဲ့။

ဟားဟား ငမွဲငတေက မာနကြီးတစ်လုံးနဲ့ အေးကွာ သွားတော့ သွား၊ ဟန်ကျလှသကွာ ဆိုဖာပေါ်များ တောင် တက်ပြီးထိုင်လို့ ရာရာသသ ထွီ ဆိုပါတော့ သနကုန်ပါပြီ"ဟု ပိုးစိုးပက်စက် ဆိုပြန်၏။ ကျွန်ုပ်ကား သူ့စကား များကို နားမထောင်ပံ့အောင်ပင် ရှက်နာကြီးကျ၍ နေရပေတော့သည်။ သို့တိုင်အောင် မလျှော့သေးဘဲ နောက်ဆုံးအသနားခံသည့်အနေဖြင့်
"ကျွန်တော်သွားဆိုရင် သွားပါ့မယ်ကိုညိမ်းရယ်၊ မသွားခင်မှာ ဘိုးဘိုးကိုမြင်ဖူးရုံရှိပါစေတော့။ ဘိုးဘိုးကို ကျွန်တော်ဝင်ပြီး ကန်တော့ပါရစေဗျာ " ဟု ပြောလိုက်မိပြန်၏။

ကျွန်ုပ်၏စိတ်၌ မောင်ညိမ်းအောင်သည် လူစိတ်ရှိပါ၏ အဘိုးအား ကန်တော့ဝတ်ချရုံမျှကိုဖြင့် ခွင့်ပြုလိမ့်မည် ထင်မိ၏။ အဘိုးနှင့် ဦးလေးတို့ ကျွန်ုပ်၏ မိခင်အပေါ်၌ အရှက်ခွဲရပါမည်လောဟု မဖြေနိုင်သော ဒေါသကို ထားကြရာတွင် မောင်ညိမ်းအောင်တို့ လူငယ်ပိုင်းသို့မူ ထိုဒေါသ မကူးစက်တန်ရာဟု ယူဆမိ၏။ သို့သော် ကျွန်ုပ်၏ မိခင်အပေါ်၌ မည်မျှရက်စက်ကြသည်ဟူမှုကား ကျွန်ုပ်အား လူလူချင်း ဆက်ဆံသလို ဆက်ဆံ ဖို့ဝေးစွ။ ခွေးလောက်မျှမထင်သော မောင်ညိမ်းအောင်က ...

"ဟေ့ကောင် သောက်စကားတယ်ရှည်တာကိုးကွ။ မင်းကိုမြင်ရုံနဲ့တောင် ဘိုးဘိုးအသက်တိုလိမ့်မယ်။ သွား ... မျက်နှာမွဲ မျက်နှာပြာနဲ့ အိမ်ပေါ်ကို ဖွတ်တက်လာတာ ကြိုက်လှသကွာ၊ မင်း ပိုက်ဆံလေးဘာလေး တောင်း ရအောင်လာတာကို ငါသိပါတယ်ကွ။

အေး ... ပိုက်ဆံတော့မရဘူးဟေ့ ဟောတာပဲရမယ် ... သွား" ဟု ခါးခါးရင့်ရင့် ရင်နင့်ဖွယ် အမူအရာကိုပါပြ၍ ဆိုပြန်လေရာ ကျွန်ုပ်တွင် ဒေါသထောင်းခနဲထ၍သွား၏။ ဒေါသ၏အရိပ်သည် ကျွန်ုပ်၏ မျက်နှာသို့လာ၍ ဟပ်၏။ ကျွန်ုပ် စိတ်ထွက်လာသော အမူအရာကို အကဲခတ်နေသော မောင်ညိမ်းအောင် ချက်ချင်း သိမြင်ရ ပေရာ ချက်ချင်းပင် လက်သီးကိုဆုပ်လျက် ကျွန်ုပ်၏အနီးသို့ ချက်ချင်းအစိမ်းဝါး၍စားတော့မည့် ပုံပမာ ချဉ်းကပ်၍ လာပြီးလျှင်

"ကိုင်း .. ခွေးမသား အေးအေးနဲ့သွားရင်သွားနော်၊ မသွားရင် ငါဆွဲပြီး ထုတ်ရလိမ့်မယ်။ အနာမခံချင်ပါနဲ့ ကွာ ... သွား အင့် ယူ မင်းသားရေအိတ်" ဟု ဒေါသတကြီးဆိုတာ ကျွန်တော်၏ လက်ဆွဲသားရေအိတ်ကလေးကိုပင် ဆိုဖာဘေး၌ ထောင်ထားသည်ကို ကျွန်တော်ဘက်သို့ ခြေနှင့်ကန်၍ ပို့လိုက်သေး၏။

သားရေအိတ်ကလေးကို ခြေနှင့်ကန်လိုက်သော မောင်ညိမ်းအောင်၏ ခြေထောက်မှာ သားရေအိတ်ကိုသာ ကန်မိသော်လည်း ကျွန်ုပ်အဖို့၌ကား ကျွန်ုပ်၏အသည်းနှလုံးကို ကန်လိုက်သည်နှင့်မခြား၊ အလားအလာမရှိ အောင် ရက်နာဂမ်းနည်းကြီး ဖြစ်မိပေသည်။ ယင်းသို့ ရှိသည့်အပေါ်တွင် ကျွန်ုပ်အား "ခွေးမသား" ဟု ဆိုလိုက် ခြင်းသည်ကား ကျွန်ုပ်အဖို့၌ ဦးခေါင်းပြတ်ကျသွားသည်တမျှ ထင်လိုက်မိ၏။ ကျွန်ုပ်အား စော်ကားလိုက စော်ကားပါစေတော့။ အရိုးဆွေးနေရှာပြီဖြစ်သော ကံဆိုးမမိခင်ကြီးအား အရိုးကိုပြန်ဖော်စော်ကား သည့်နည်း တူ ခွေးနှင့်နှိုင်းလိုက်ခြင်းမှာ ကျွန်ုပ်အဖို့တွင် ဘာပဲဖြစ်ဖြစ်ဖြစ်ချင်ရာဖြစ်စေတော့ဟူသော စိတ်ကို ပေါ်လာစေ၏။ ထို့ကြောင့် ပေါက်ကွဲအံ့သော နှလုံးဖြင့် သင်းတို့ အားလုံးကို အမုန်းကြီးမုန်းကာ အံကိုကြိတ်၍ လက်သီးကိုပင် ဆုပ်လိုက်မိ၏။
ကျွန်ုပ် လက်သီးဆုပ်သည်ကို မြင်လိုက်ရသည့်ခဏ၌ မာန်မာနဒေါသအိုး ဆူပွက်နေသော မောင်ညိမ်းအောင် မှာ ပို၍ ဒေါသ ထွက်လာလေတော့ပြီးလျှင် "ကိုင်းကွာ မင်းအမေ ××× တဲ့ အကောင် သွားသွား ခုသွား.. ဆင်းဆင်း အိမ်ပေါ်ကခုဆင်း"ဟု ပါးစပ်ကလည်းပြော ကျွန်ုပ်ကိုလည်း လက်မှဆွဲ၍ မွှေ့ရင်း တွန်းဖယ်လိုက်၏။

အမှုမဲ့ဖြစ်၍ ကျွန်ုပ်မှာ ချာခနဲလည်ကာ ဒယီးဒယိုင် ဖြစ်သွား၏။ ထို့ပြင် ငယ်စဉ်က ထမင်းသိုး ဟင်းသိုးကို စားကာ ကြီးပြင်းလာရလျက် ကြီးပြင်းလာသောအခါ၌လည်း နေ့မအား ညမအား စက်ချုပ် စာရေးလုပ်နှင့် လူပုံ မပျက်ရုံမျှရှိသောကျွန်ုပ်မှာ အရပ်အမောင်းချင်းတူစေကာမူ သူဌေးသားပြီပြီ အစားကောင်း အသောက်ကောင်း ကိုစားလျက် ကာယဗလ လိုက်စားထားဟန်လည်းတူသော မောင်ညိမ်းအောင်၏ဗလ ကို မခံမရပ်နိုင်လေရကား အားခဲ၍ မဟန်လိုက်လျှင် ကြမ်းပေါ်သို့ ဟပ်ထိုးလဲကျသွားဖွယ်ရာသာရှိ၏။ သူက ဤသို့ ကိုယ်ထိလက်ရောက် စော်ကားလာသောအခါ၌ ကျွန်ုပ်မှာ ဘာကိုမျှမစဉ်းစားနိုင်တော့ဘဲ လက်သီး ကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် မောင်ညိမ်းအောင်အား အစိမ်းကျွတ်ကျွတ် ဝါးစားလိုက်ချင်သောစိတ်ဖြင့် အလဲထိုးချရန် ဟန်အပြင်လိုက်တွင် မောင်ညိမ်းအောင်ကလည်း ဘောက်(က်)ဆင်လက်ပေ့ဟန်ဖြင့် လက်နစ်ဖက်ကို အသင့်ပြင်လိုက်သည် ခဏကာလကလေး၌ ...

"ဟေ့... ကိုညိမ်း ဘာဖြစ်တာလဲ" ဟု မေးသံနှင့်အတူ အိမ်ပေါက်မှဝင်လာသော ခြေသံကို ကြားရသဖြင့် လှည့်၍ ကြည့်လိုက်သည်နှင့် နစ်လုံးပြူးသေနတ်ကိုကိုင်ကာ ဘောင်းဘီတို၊ စပို့ကုတ်၊ ကက်ဦးထုပ်၊ မွေးပွ သားရေ ဖိနပ်နှင့် အသက် ၂၈ ခန့် လူရွယ်တစ်ဦးကိုမြင်ရ၏။ ထိုလူရွယ်တွင် ကျွန်ုပ် ရုတ်တရက် သတိထားမိသည် မှာကား လက်ဝဲမျက်ခုံးပေါ်တွင် ဓားမသဏ္ဌာန် အမာရွတ်ကလေး ထင်ရှားစွာရှိနေခြင်းပင်ဖြစ်၏။ ထိုသူကို မြင်သောအခါ မောင်ညိမ်းအောင်က " ဟာဗျာ... ဒီမှာ... အိမ်ပေါ်ကို ဖွတ်တက်လာလို့ နှင်ချနေရတယ်... ဒါတောင် ဒီခွေးမသားက မသွားဘူးဗျ" ဟု ထပ်ဆင့်လိုက်သည်၌ ကျွန်ုပ်မှာ မိခင်ကို ထိခိုက် ပြန်သဖြင့် ဒေါသကို

မထိန်းချုပ်နိုင်တော့အောင် ဖြစ်သွားလေရကား မောင်ညိမ်းအောင်၏ ပါးချိတ်ကိုကော်၍ တအားထိုးလိုက်၏။ သို့သော် ကျွန်တော်၏ လက်သီးချက်မှာ ခရီးတစ်ဝက်မျှပင် မရောက်သေးမီပင် ဘောက်(က်)ဆင်သမား မောင်ညိမ်းအောင်သည် သူ့ဘက်တော်သားတစ်ဦး သေနတ်နှင့်ရောက်လာသည့်အရှိန်ဖြင့် အားတက်နေသည်ကလည်းတစ်ကြောင်းဖြစ်သောကြောင့် ကျွန်ုပ်၏မျက်လုံးမှာ ရုတ်တရက်မီးပွင့်သွားလျက် မောင်ညိမ်းအောင်၏ လျင်မြန်လှသော လက်သီးချက်ကသာလျှင် အရင်ဦးစွာ ကျွန်ုပ်၏ပါးချိတ်ပေါ်သို့ ပြင်းထန်စွာ ကျရောက်လာလေတော့သည်။

မိုက်ခနဲဖြစ်သွားရာမှ မနည်းကြီး ကိုယ်ကိုဟန်လိုက်ရပြီး ထုံကျင်နေသောပါးစောင်ကို လက်ဖြင့်စမ်းလိုက်မိ၏။ ပါးစောင်မှလက်ကိုခွာလိုက်သောအခါ၌ လက်ဖဝါးတွင် သွေးစများပေကျံကာပါ၍လာသည်ကို တွေ့ရပေသည်။ ဒေါသအိုးသည် ထောင်းခနဲထလာ၏။ ထို့ကြောင့် တတ်နိုင်သမျှ ပြန်၍ထိုးကြိတ်ရန် အားယူမိစဉ် ဓားမသဏ္ဍာန် အမာရွတ်နှင့် သေနတ်ကိုင်ထားသောလူရွယ်က "ဟေ့ကောင်"ဟု ထန်မာသော အသံဖြင့်ဟန့်ကာ သေနတ်ကို မောင်း ချောက်ခနဲတင်လိုက်၏။ ကျွန်ုပ်ကား သေနတ်ကို ကြည့်ကာ ခေါင်းငိုက်ဆိုက်ကျရပါလေတော့သည်။

ခေါင်းငိုက်ဆိုက်ကျ၍ လူ့ဘဝမှ ချက်ချင်းမြေမျိုကာ ပျောက်ကွယ်သွားချင်သလောက် ဖြစ်နေရစဉ်၌ပင် မောင်ညိမ်းအောင် သည် ကျွန်ုပ်အား ခွေးသေကောင် ဋ္ဌင်းတဆွဲသလိုဆွဲကာ အိမ်ပေါက်ဝအထိ တွန်းထုတ်၏။ ကျွန်ုပ်၏ ခုံအား လုံးဝမရှိတော့ဘဲ ဒရွတ်တိုက်၍ ပါသွားရ၏။ မောင်ညိမ်းအောင်သည် ကျွန်ုပ်အားအိမ်ပြင်ဘက်သို့ အရောက်ဆွဲထုတ်ပြီးနောက် ကျွန်ုပ်၏ လက်ဆွဲသေတ္တာကလေးကိုလည်း အိမ်ထဲမှလွှတ်ပစ်၍ပေးကာ တံခါးကို ဂျောက်ခနဲမြည်အောင် ပိတ်လိုက်လေသည်။

သေတ္တာကလေးသည် မြေပေါ်သို့အကျတွင် သော့ခလုတ်မခိုင်သောကြောင့် ပွင့်ထွက်သွားပေရာ ကျွန်ုပ်၏ အဝတ်အစား ပစ္စည်းကလေးများမှာ ပြန့်ကျဲဖြစ်၍ နေကြပါ၏။ ပါးစောင်မှ သွေးတွေယိုလျက်၊ ဖုန်ထဲ၌ ဖုန်အလိပ်လိပ်ဖြစ်နေသော အဝတ်အစားကလေးများကို ကောက်၍ ပြန်ထည့်နေစဉ် ကျွန်ုပ်မှာ မျက်ရည်များကို မဆည်နိုင်ရှိ၏။ ပူနွေးသောမျက်ရည်ပေါက်တို့သည် ဖုန်အလိပ်လိပ်ပေကျံနေသော အဝတ်အစားများပေါ်သို့ ကျဆင်းကြလေရာ ဖုန်များမှမျက်ရည်နှင့်ရောယှက်လျက် အဝတ်များတွင် အစွန်းအကွက်ကြီးများ ဖြစ်နေကြပေတော့သည်။

ထိုခဏကလေးတွင် အိမ်ဘေးမှ ထွက်လာသော ခြေသံတစ်ခုကို ကြားရ၏။ ကျွန်ုပ်ကား ခြေသံရှင်ကို ဂရုမထားမိ။ မျက်ရည်တတွေတွေကျ၍ နေမိပေသည်။ ထိုအခိုက်တွင် ခြေသံရှင်က "အလိုရှင် ဘယ်လို ဖြစ်ရတာလဲဟင် "ဟု ကြင်နာစွာ ဆိုလိုက်ရာသောအသံကို ကြားရပါ၏။ လှည့်၍မကြည့်မိသော်လည်း ထိုကရုဏာပြည့်လျှမ်းနေသော အသံကလေးမှာ ကျွန်ုပ်အား တံခါးဖွင့်ပေး၍ဧည့်ခံရှာသော သူငယ်မလေး၏ အသံဖြစ်ကြောင်း အသံကိုကျက်မိ၏။ ထိုအသံကလေး၏ နောက်မှကပ်၍ "ဟဲ့… အမီ သွား… နောက်ဖေးကို" ဟု ကြိမ်းလိုက်သော မောင်ညိမ်းအောင်၏ အသံသည် သံတိုင်ကြားမှပေါ်၍လာ၏။ "ဟုတ်ကဲ့"ဟု ခပ်ရွံ့ရွံ့ဆိုသံနှင့်အတူ

ကလေးမကလေး အိမ်နောက်ဖေးသို့ ပြန်သွားရာသောခြေသံသည် တဖြည်းဖြည်းဝေး၍ ပျောက်ကွယ်သွားလေတော့သည်။ ကိုင်း ... အရက်တကွဲ အကျိုးနည်းသောအဖြစ်ဆိုးကိုကား ကြုံရပေပြီ။

ကျွန်ုပ်မှာ အဂတ်အစားကလေးများကို လက်ဆွဲ သေတ္တာအတွင်းသို့ထည့်ရင်း ယောင်တောင်တောင် ကြောင်တက်တက် မောင်းကျောက်မှန် သည့် ကြက်ကဲ့သို့ဖြစ်နေ၏။ ပါးချိတ်မှ လက်သီးဒဏ်ချက်မှာလည်း သွေးပုထုနေခိုက်မို့ နာရမှန်းပင်မသိ။ အရက်ကြီးရက်၍ ရင်ကွဲနာကျလုခမန်းသာလျှင် ဖြစ်နေရ၏။ ထိုအခိုက်တွင် ကျွန်ုပ်၏ အနီးသို့ ခွေးတစ်ကောင်ရောက်လာကာ အမြီးကိုနှံ့၍ တအွန့်အွန့် ပါးစပ်ကလည်း မြည်ရင်း တစ်စုံတစ်ခုကို ပြောဟန်ပင်ထင်မိ၏။ ကျွန်ုပ်၏ စိတ်များမှာ မြူနှင်းဆိုင်းဝေ၍နေသလို ဝေတေတေ ဝါးတားတားကြီးသာဖြစ်၍နေပေသည်။ ထို့ကြောင့် ကျွန်ုပ်၏ အနီးသို့ ရောက်ကာ အမြီးနှံ့၍ ပါးစပ်က အသံပြုနေသောခွေးကိုပင် ကျွန်ုပ်အား တစ်စုံတစ်ခုကို တိုင်တောနေပေသလောဟု ထင်မိ၏။

သို့ဖြစ်နေရာက သားရေသေတ္တာကလေးကို ပိတ်ကာ မတ်တပ်ရပ်လိုက်ရပြီးနောက် အဘိုး၏အိမ်ကြီးကို နောက်ဆုံးကြည့်ခြင်းအားဖြင့် တစ်ချက်မျှ သမင်လည်ပြန် ကြည့်လိုက်မိ၏။ ပြီးမှ ချာခနဲလှည့်၍ ထွက်ခဲ့မိပေသည်။

ဤတွင် ကျွန်ုပ်၏ အနီး၌ ရောက်နေသောခွေးသည် အမြီးနှံ့ကာ ကျွန်ုပ်၏နောက်သို့ ပြေးလိုက်လာ၏။ သို့ပြေးလိုက်လာ နေစဉ် အိမ်တွင်းမှ မောင်ညိမ်းအောင်၏ အသံက "ဟဲ့ ... မိနီ ... မိနီ ... လာခဲ့ဒီကို ခေါ်နေတာ မကြားဘူးလား... ဟင်... သေချင်ပြန်ပြီထင်တယ်..." ဟု ငေါက်၍ ခေါ်လိုက်သံကို ကြားရ၏။ ထိုအခါ၌ ကျွန်ုပ်သည် ကျွန်ုပ်၏ နောက်သို့ ပြေး၍ လိုက်လာသော ခွေးကို ကြည့်လိုက်မိ၏။ ထိုခွေးမှာ စောစောက မောင်ညိမ်းအောင်ဆွဲခေါ်ရိုက်နက်ခဲ့သော ခွေးမကလေးမိနီပင်ဖြစ်နေ၏။ မိနီကို မြင်လိုက်ရသော ခဏ၌ ကျွန်ုပ်မှာ ရင်ထဲ၌ ဟာခနဲဖြစ်၍ သတိမေ့ကာ လဲပြိုသွားမိမတတ် ဖြစ်ရပေသည်။ အကြောင်းမူကား မိနီမှာ ထုံးနနွင်းများ တစ်ကိုယ်လုံး လူး၍ ထားသည်ကို မြင်လိုက်ရသောကြောင့်ဖြစ်၏။

ကျွန်ုပ်၏ ရင်ထဲ၌ တစ်ခုခုပေါက်ကွဲ၍ ကျသလို ဘွမ်းခနဲပင် မြည်သွားသည်ထင်မိ၏။ အသည်းနှလုံးကို ဓားပါးပါးနှင့် မွှန်းလိုက်သည့်ပမာလည်း ခံစားရ၏။ အသေအချာကား မရေးတတ်တော့ပြီ။ ထုံးနနွင်းဂါဂါနှင့် ခွေးမကလေး မိနီကို မြင်လိုက်မိသော ကာလအတွင်း လျှပ်တစ်ပြက်ကလေး၌ ကျွန်ုပ်သည် ကျွန်ုပ်၏ နောင်ရေးအတွက် ကြီးမားလှစွာသော ဆုံးဖြတ်ချက်ကြီးကို ချလိုက်၏။ ထိုသို့ဆုံးဖြတ်ချက်ကြီးကို ယတိပြတ်ချလိုက်သောကြောင့်ပင်လည်း ကျွန်ုပ်၏ အဓိက သာမည စိတ္တဇဟူသော ရည်ရွယ်ချက်တို့မှာ ပြောင်းပြန် ဇောက်ထိုးမိုးမျှော်ဖြစ်လျက် စိတ္တဇ သာမည အဓိကဟူ၍ ဖြစ်သွားရပေတော့သည်။

ထုံးနနွင်းလူးထားသော ခွေးမကလေးမိနီကို မြင်လိုက်ရခြင်းသည် ကျွန်ုပ်၏ ဘဝကို လမ်းစဉ်ပြောင်းစေမည့်အဖြစ်အပျက်ကြီးတစ်ရပ်ဖြစ်နေ၏။ အကြောင်းကား မောင်ညိမ်းအောင်သည် အိမ်၌ မွေးထားသော ခွေးမကလေးကို ဈေးတန်းတွင် ဈေးခွေးများနှင့်အတူ တွေ့ရပါမည်လားဟု မရိုက်ရန်တား၍ ထုံးနနွင်း လိမ်းပေးရန် ပြောသေး၏။ ခွေးတည်းဟူသောသတ္တဂါ တော်သလင်းသူ့လမို့ အရွေလိုက်သည်ကိုပင် အိမ်၌ပြန်၍ လက်ခံ

ထားပြီးလျှင် အရိုက်ခံရသော အရိုးများကို ထုံးနန္ဒင်းလိမ်း၍ ယုယနိုင်ကြ၏။ လူသားစင်စစ် သွေးရင်းသားရင်းလည်းဖြစ်သော ကျွန်ုပ်၏ မိခင်ကိုမူကား အိမ်ကခွေးလောက်မှ ဂရုမစိုက်ဘဲ သေရွာတံခါးဂ သို့ ဆိုက်နေစဉ်၌ပင် လုံးဂပစ္စလတ်ခတ် လျစ်လျူရှု၍ ထားရက်နိုင်ခြင်းမှာကား မတရား… မတရား… အို… လုံးဂ မတရား…။ ဘက်ထရီအိုး မှ ဓာတ်အားအဖွင့်လိုက်တွင် ဓာတ်ဆီအမှုန်များကို ကာဘရိုက်တာမှ အလွှတ်နှင့် ဆုံသော အခါ မီးထ၍ပွင့်သလို ခွေးလောက်မှ သွေးရင်းသားရင်းကို မညှာတာတတ်ကြသည့် သဘောယုတ်မာတို့ကို တွေးလိုက်မိသည်နှင့်တစ်ပြိုင်နက် ထိုတွေးလုံးနှင့် ကျွန်ုပ်၏ရင်ဂယ် ခိုအောင်းနေသော ငုပ်စိတ်ကလေးတို့ အတွေ့လိုက်တွင် ကျွန်ုပ်၏ ဦးနှောက်အတွင်း၌ လျှပ်စီးလက်လိုက်သလို ဖြစ်သွား၏။ ထိုခဏ၌ပင် ရည်ရွယ်ချက်တို့သည် ဖောက်ထိုးမိုးမျှော် ဖြစ်သွားကြရ၏။ ပညာသင်မည်။ အဘိုးထံမှ ရသင့်ရထိုက်သည့် အခွင့်အရေးများကို ခံစားနိုင်အောင် ကြိုးစားမည်။ လက်စားချေမည်ဟူသော ရည်ရွယ်ချက်သုံးချက်တို့အနက် မထင်ရေးရေးခပ်မှေးမှေးမျှသာရှိသော လက်စားချေလိုစိတ် ရည်ရွယ်ချက်စိတ္တဇသည် ပညာသင်လိုသော အဓိကရည်ရွယ်ချက်၏ နေရာသို့ ခုန်၍တက်လျက် ကျွန်ုပ်အဖို့၌ အရေးအကြီးဆုံး ရည်ရွယ်ချက်ကြီး ဖြစ်ခဲ့ရပေတော့သည်။

ဒဏ်ရာတို့မည်သည်မှာ ရုတ်တရက် ထိခိုက်စတွင် မနာလှ။ သွေးပူဆဲဖြစ်၍ အခံရမဆိုး။ သို့သော် သွေးအေးလာသော အခါ၌ကား အစွမ်းကုန် စူးရှနာကျင်တတ်၏။ မောင်ညိမ်းအောင် ကျွန်ုပ်၏ ပါးချိတ်ကို ထိုးလိုက်သော လက်သီးဒဏ်ချက်မှာ အထိုးခံရကာစ၌ သွေးပူနေသဖြင့် မနာမကျင်လှသေး။ အိမ်ကြီး၏ ဂင်းဂမှ ထွက်ခဲ့၍ သဘော်ာဆိပ်သို့ ဆင်းခဲ့သောအခါတွင်မူ သွေးအေး၍လာပြီဖြစ်သောကြောင့် လက်သီးဒဏ်ချက်ကို ပြည့်ပြည့်ဂဂ ခံစားရကာအလွန်တရာ နာကျင်၍လာပေတော့သည်။ သွားတစ်ချောင်းပင် နဲ့၍သွား၏။ သို့သော် အထက်ပါလက်သီးဒဏ်ချက်သည် သွေးအေးကာမှ ပို၍နာကျင်လာသည့် နည်းအတိုင်း စိတ်၏အတွင်းကျေ ဒဏ်ရာမှာကား မိခင်ကြီး အသေဆိုးရစဉ်က ဤမျှမနာကြည်းခဲ့။ ယခုကဲ့သို့ အနာဟောင်းကို ဓားဦးနှင့်ဆွလိုက်သလို ခွေးဂင်စားကို နင်ထုတ်သည့်ပမာ အရှက်သွေးဖြင့် ပူထူနေဆဲဖြစ် ၍ မနာကြည်းလှသေး။ သွေးအေးအေးဖြင့် တစိမ့်စိမ့်တွေး၍ ဆွေးချင်တိုင်း ဆွေးမိသောအခါတွင်မူကား နာကြည်းခြင်းမက နာကျည်း၍လာလေတော့သည်။

မောင်ညိမ်းအောင်နှင့် ဦးဒေါနတို့လူသိုက် အဘယ်ကြောင့် ကျွန်ုပ်အား ရက်စက်နိုင်ကြပါဘိသနည်းဟုလည်း အထပ်ထပ်တွေး၏။ သူတို့တတွေမှာ ကျွန်ုပ်၏ သွေးရင်းသားရင်းတွေ ဖြစ်ကြပါပေသည်။ သို့စဉ်လျက် သူတို့သည် ကျွန်ုပ်အား အိမ်၌မွေးသည့် ခွေးလောက်မှ မညှာတာကြသည်မှာ ရာဇဂင်ရိုင်းလေစွ။ သူတို့၏ အညှာအတာကင်းမဲ့သော စိတ်၏ အခြခံအကြောင်းအရင်းကို စေ့စေ့တွေး၍ကြည့်၏။ (ဖက်ခွက်စားရဲ့ သားကကွာ) (ငမွဲငတေက လမ်းစရိတ် မတောင်းပါဘူးတဲ့ ဟား … စား …) (ဟန်ကျလှသကွာ … ဆိုဖာပေါ်များကိုတောင် တက်ပြီးထိုင်လို့) (ရာရာသသ) (ပိုက်ဆံကိုတော့ မရဘူးဟေ့ ဟောတာ ကိုပဲရမယ်) ဟူသော ရင့်သီးလှသည့် စကားလုံးများသည် တစ်လုံးပြီးတစ်လုံး ဓာတ်ပြားကိုဖွင့်ရသလို ပီပီသသကြီးပြန်၍ ကြားယောင်နေ၏။ ထိုစကားများအရ မောင်ညိမ်းအောင်တို့တစ်သိုက်ကား အဘိုးဦးနကီ၏ ပစ္စည်းများကို ဦးနကီ အနိစ္စရောက်လျှင် လက်ဂါးကြီးအုပ်ချုပ်ပြီး ခံယူလိုက်ရန် လောဘဇောသန်၍နေကြောင်းထင်ရှား၏။ ပစ္စည်းဥစ္စာ၏ မာန်မာန

တံခွန်ကိုလည်း မိုးစွန်တမွတ်သို့ထိအောင် အထောင်ကြီး ထောင်၍ ကမ်းမမြင် လမ်းမမြင် သွေးနထင်ရောက်၍ နေကြကြောင်းမှာလည်း ပေါ်လွင်နေ၏။

သို့တွေးရင်း ကျွန်ုပ်သည် "ဟက်" ခနဲ ရယ်လိုက်မိ၏။ နှုတ်ဖျားက ထိုရယ်သံမှာ မီးတောင်ဂ အလင်းရောင် ထသည်နှင့် တူလှ၏။ အဘယ်ကြောင့်ဆိုသော် မီးတောင်ဂက အလင်းရောင်လှသော်လည်း မီးတောင်တွင်း ၌ ကမ္ဘာဖျက်မီးတမျှ ပူပြင်းရာမှထွက်လာသည့် အလင်းရောင်ဖြစ်သည့်နည်းတူ ကျွန်ုပ်၏နှုတ်ဖျားသို့ ဂါးလုံးထိုးကာ တက်ကြွလာသော ထိုရယ်သံမှာ ကျွန်ုပ်၏ ရင်တွင်း၌ နေဆယ်စင်းပမာပူပြင်းနေသော ဒေါသစိတ်မှ ပွင့်အံကာ တက်လာသော ရယ်သံပင်ဖြစ်နေ၏။ ကျွန်ုပ်၏ ရင်တွင်း၌ တွေးလေတွေးလေ ဆွေးမပြေ ဘဲ နာကြည်း ကြေကွဲ အသည်းနလုံးတို့ အခိုးအလျှံထနေသမျှတို့မှာ သွေးအေး၍လာသောအခါတွင် အဆွေ အလုံးအခိုးအလျှံတို့သည် ရေခိုးမှရေခဲဖြစ်သကဲ့သို့ သဏ္ဍာန်ပြောင်းခဲ့ကြပြီးလျှင် မည်သို့မျှမကျေနိုင်သော အမြဲတောခဲကဲ့သို့ လုံးကျစ် တင်းမာ အစိုင်အခဲ အဖြစ်ဖြင့် တည်လာ၏။ ထိုအမြဲတောခဲ မှာကား "အေး မိုး ကောင်းလိုက်ကြဦးပေါ့ကွာ။ သွေးရင်းသားရင်း ငါ့အမေကို ခွေးသေသလို အသေဆိုးသေရအောင် လုပ်ခဲ့တဲ့ မင်းတို့တစ်သိုက်လုံး ငါ့အမေ ကို ခွေးနဲ့နှိုင်းပြီး အိမ်ကခွေးလောက်မှ ဂရုမစိုက် ရက်စက်ခဲ့ကြတဲ့ မင်းတို့ တစ်မြို့လုံး ငါ့ကို အရှက်တကွဲ အကျိုးကြီးနည်းအောင် ကိုယ်ထိလက်ရောက် စော်ကားလိုက်ကြတဲ့ မင်းတို့ တစ်အုံလုံး တကယ့်ကို ပြုတ်ပြုတ် ပြုန်းစေမဟေ့၊ မင်းတို့အားလုံး လက်စတုံးလုပ်ရမှ ငါကျေမယ်။ အဲ... နေနှင့်ကြဦးပေါ့ကွာ။ မင်းတို့ ဂုဏ်ခံပြီး မာနတက်သမျှ ပစ္စည်းတွေကို မင်းတို့အကုန် သေအောင် ငါသတ်ပြီး မှ ငါတစ်ယောက်တည်း ခံစားခဲ့မဟေ့ ...။ အေး... အလှည့်ကျတော့ မနွဲ့ရဘူးမောင်တို့ရေ ...။ ရေစီးတစ်ခါ ရေသာတစ်လှည့် တဲ့ကွ။ နေသေးသပချုံထဲက ချိုသွေးသပ တမြမြ။ အလှည့်ကျတော့မှ ငါ့ထက် မင်းတို့ တတွေ အဖြစ်ဆိုးစေမယ်။ သတိသာထားကြပေရော့။ မီးလောင်တိုက် သွင်းတာထက် ဆိုးစေ့မကွနော် " ဟု အတေးကြီး တေး၍ သူတို့ တစ်သိုက်လုံးကို စတေးရန် ဆုံးဖြတ်ချက်တည်းဟူသော အမြဲတောခဲကြီးဖြစ် လေတော့သည်။

**ဆက်ရန်**

## [တင့်တယ် ၏ ကမ္မဖလ အပိုင်း (၁၀)]

### အချစ်ဦးအစ

လောဘ၊ ဒေါသ၊ မောဟနှင့် မာနတရားတို့ကို အခြေပြုလျက် ပြစ်ပျက်ခဲ့ရသော ထိုကိစ္စကိုချည်း ရှေ့၌ ရေး သားခဲ့သည်ဖြစ်သောကြောင့် ကျွန်ုပ်၏ အဖြစ်စဉ်ကို ဖတ်ရသူတို့မှာ ဆင်းရဲမွဲတေခြင်း၊ အစော်ကားခံရခြင်း၊ မတရားမှုများကို မလှန်သာဘဲ ခံရခြင်း အစရှိသည့် အကြောင်းအရာများကို မလှန်သာဘဲ ခံရခြင်း၊ အစရှိသည့် အကြောင်းအရာများကိုချည်း စဉ်လိုက် ဖတ်ရှုခြင်းအားဖြင့် စိတ်ငြီးငွေ့လောက်ကြပေရော့မည်။ ထို့ ကြောင့် လောကဇာတ်ခုံပေါ်၌ ဖြစ်ပုံပျက်ပုံ ကင်ပွန်းချိုတစ်ခုအကြောင်းကို ရေးသားရာတွင် ဇာတ်လမ်းတစ်ခု၌ မင်း သမီး မင်းသားနှစ်ပါးသွားခန်းမပါလျှင်မပြီးသလို ကျွန်ုပ်၏ဘဝဖြစ်စဉ်တွင်သာမက လူတိုင်းလူတိုင်း၏ ဘဝဖြစ်

စဉ်တွင်မပေါ်လျှင် မပြီးသလောက်ရှိသောနှစ်ပါးသွားခန်းကိုလည်း စိတ်အညောင်းပြေဖွယ်ရာ ရေးသားရပေဦး တော့မည်။ အဘိုးဦးနက်ကီရှိရာ မြို့မှအဘိုးကို မဖူးတွေ့ရဘဲ ကြံစည်ကြိုးစားထားလေသမျှ အလဟဿ သဲရေ ကျဖြစ်ရကာ ကျွန်ုပ်တပ်လန်၍ပြန်ခဲ့ရသောအခါတွင်ကျွန်ုပ်မှာ အသက် ၁၇ နှစ်တင်းတင်းပြည့်သောအချိန်ပင် ဖြစ်၏။ ရှင်လူထွက်စ လူပျိုပေါက် အရွယ်ဖြစ်သည့်အတိုင်း ကျွန်ုပ်သည် လောကဓမ္မတာ လူငယ်ဘာဂ မေတ္တာစိတ်များ နိုးကြွစအချိန်လည်း ဖြစ်ပေ၏။ ထို့ကြောင့်ပင် ယခင်ကအမှတ်မထင်နေခဲ့ဖူးသော မိန်းမ ပျိုတို့၏ ရုပ်သဏ္ဍာန်၊ ကိုယ်လုံးကိုယ်ဖန်တို့ကို မသိမသာ ဂရုစိုက်၍ ကြည့်တတ်သော စိတ်ကလေးလည်း နိုးကြွလာခဲ့၏။ သို့ရာတွင် ကျွန်ုပ်မှာ ပေါ်ဦးစမေတ္တာဓမ္မတာတရားဖြင့် အာရုံထွေပြား၍ နေသည်ကို ဦးစားပေး၍ အရေးတယူလိုက်စား ခွင့်မပေါ်ခဲ့။ ထို့ပြင် ကျွန်ုပ်၏ စိတ်တစ်ခွင်လုံး၌ အချစ်စိတ်မှာ ပစ္စည်းအသစ် တစ်ခုတိုး၍ လာကာမတ္တမျှသာရှိလျှက် ကျွန်ုပ်၏ ရည်ရွယ်ချက်ကြီးသုံးချက်တို့သည်သာလျှင် စိုးမိုးလွှမ်း ခြုံ၍နေခဲ့၏။ သို့ဖြစ်သောကြောင့် အချစ်စိတ်ကိုမကူးအား။ ရည်းစားသနာထားဖို့ကိုလည်းအချိန်မရ။ ညရောနေ့ပါ ဂမ်းစာနှင့် ပညာကိုရှာဖွေရင်း အဘိုးဦးနက်ကီထံသို့ ပြန်၍ချဉ်းနိုင်ရန် ကြိုးစားလိုသောဇောတို့သည်သာလျှင် ပွားများ ထက်သန်၍ နေခဲ့ပေသည်။

အဘိုး၏ ရပ်မြေမှ ကြေကွဲဖွယ် ရှက်နာကြီးကျ၍ မရှုမလှခံခဲ့ရသောအခါတွင်လည်း ကျွန်ုပ်မှာ ပြင်းထန်လှသော ကံတရား၏ ဒဏ်ချက်ကို ရုတ်တရက် ခံစားရသည့်အတွက် စိတ်စက်မှုမမှန်သေးဘဲ ဘာကစ၍ ဘာကို လုပ်ရ မှန်းပင် မသိနိုင်ရှိနေသေး၏။ ထို့ကြောင့် ကတ္တူကြုံကိုစီး၍ ကျွန်ုပ်နေရင်း မြို့ကလေးသို့ ပြန်လည်လာခဲ့သော ခရီးတစ်လျှောက်လုံးတွင် မိုးမဆုံး၊ မြေမဆုံး တွေးလုံးတို့သာ ပတ်ချာလည်လျက် လက်ရှိ အခြေအနေမှနေ၍ သင်းတို့တစ်မြုံလုံးကို လက်စားလှလှကြီး ချေနိုင်မည့်ဘဂကို ရောက်ရန်သာ အမျိုးမျိုး စိတ်ကူးထုတ်၍နေမိ၏။ မည်သို့သောနည်းဖြင့် မာနရှင်တစ်မျိုးလုံးကို မျိုးဖြုတ်ရမည်ကိုကား လမ်းစရှာဖွေ၍ မတွေ့သေးပေ။ သို့နှင့် ကျွန်ုပ် နေထိုင်ရာ မြို့ကလေးသို့ ပြန်၍ ရောက်ခဲ့သည်တွင် ကျွန်ုပ်မှာ မေတ္တာ၏ အရသာကို တစွန်းတစမျှစတင် ၍ ခံစားခွင့်ကြုံရပေတော့သည်။ လက်စားချေလိုစိတ် ပြင်းထန်အားကြီးသဖြင့် လည်းကောင်း၊ ခံစားခဲ့ရသော မတရားမှုတို့၏ ကြီးမားလှသော ဒဏ်ချက်ကြောင့်လည်းကောင်း၊ ကိုယ့်အခြေအနေ မခိုင်သေးသဖြင့် ကြိတ်မနိုင် ခဲမရ ဖြစ်နေသောကြောင့် လည်းကောင်း ကျွန်ုပ်၏ စိတ်မှာ အတည်တကျလမ်းစဟူ၍ မရှိဘဲ လဟာပြင်သဖွယ် ဖြစ်နေရဆဲတွင် သံယောဇဉ်ဇောကလေး တစ်ပွင့်သည် ကျွန်ုပ်၏အသည်းပြင်ဂယ် တွယ်မှန်းမသိတွယ်ကာ ဂင်ရောက်ကပ်ငြိသည့်အဖြစ်ကို ကြုံရ၏။ ထိုသံယောဇဉ်ကလေး တစ်ပွင့်မှာကား... အသန့်ကလေးပင်ဖြစ်၏။

အသန့်မှာ ကျွန်ုပ်၏ ကျေးဇူးရှင်အထည်သည်လင်မယားတို့၏ တစ်ဦးတည်းသော သမီးကလေးဖြစ်၏။ ကျွန်ုပ်၏ အဖြစ်စဉ် ရှေ့ပိုင်း၌ ကျွန်ုပ်တို့ထမင်းငတ်၍ ကျွန်ုပ်၏ မိခင်က ကျွန်ုပ်အားမရိုက်စဖူးရိုက်မိရာသောနေ့က အထည်သည်အဒေါ်ကြီးတွင် သမီးဦးကလေးဖွားမြင်သဖြင့် မိခင်ကိုယ်တိုင် စောင့်ရှောက်ရသည့် အကြောင်းကို မှတ်မိပါလိမ့်ဦးမည်။ ထိုစဉ်ကဖွားခဲ့သော ကလေးကလေးမှာ အသန့်ပင်ဖြစ်ပေသည်။

အသန့်ကိုဖွားစဉ်အခါမှာ ၁၉၁၅ ခုနှစ်ဖြစ်ပေရာ ကျွန်ုပ်မှာငါးနှစ်သားအရွယ် ရှိနေပြီဖြစ်သောကြောင့် အသန့်သည် ကျွန်ုပ်ထက် ငါးနှစ်ခန့် ငယ်ပေ၏။ ဘုန်းကြီးကျောင်းသားဘဝသို့ ရောက်သောအခါက ကျွန်ုပ်သည် ကျေးဇူးရှင် အထည်သည်လင်မယားတို့၏ အိမ်ကို သားရင်းသဖွယ် မပြတ်ဝင်ထွက်သွားလာ၍ နေခဲ့ပေရာ အသန့်ကလေးကိုလည်း သူ့မိခင်နှင့် ကူဖော်လောင်ဖက်အဒေါ်ကြီးတို့ မအားလပ်ခိုက်အချိန်မျိုးနှင့် ကြုံကြိုက်လျှင် ချီပိုး ထိန်းသိမ်းပေးခဲ့ရ၏။ အသန့်ကလေး ၂ နှစ်ခန့်အရွယ်ရောက်၍ ပြေးနိုင် လွှားနိုင် ကစားနိုင်သောအခါက ကျွန်ုပ်မှာလည်း ခုနစ်နှစ်သားအရွယ် ကလေးငယ်မျှသာ ရှိခဲ့ပေသေးရာ အသန့်နှင့် ကျွန်ုပ်တို့မှာ ကစားဖော်ကလေးများ ဖြစ်၍လာခဲ့ကြပေသည်။

ထို့ကြောင့် စာသင်ဖြုတ်၍ အချိန်အားရလျှင် ကျွန်ုပ်သည် ကျေးဇူးရှင်များ၏ အိမ်သို့ပြေးလွှားကာ အသန့်ကလေးနှင့် ကစားတတ်၏။ ညနေပိုင်း၌ မြို့ထဲသို့ ဆွမ်းဟင်းသတ္တုအိုးကြီးကိုသွားပို့ရာမှ ပိုသော အချိန်တို့ကိုလည်း အသန့်ကလေးနှင့်ကစားရင်းဖြုန်းခဲ့ပေသည်။ ဤနည်းဖြင့် အသန့်ကလေးသည် ကျွန်ုပ်၏ ကစားဖော်ကလေးလည်းဖြစ်၏။ ကျွန်ုပ်၏ လက်ပေါ်တွင်ကြီးပြင်းလာရသူ ကလေးလည်း ဖြစ်သည်ဟု ဆိုစလောက်၏။ ဤအကြောင်းများကို ဤဖြစ်စဉ် ရှေ့ပိုင်း၌ မဖော်ပြခဲ့သည်မှာ သီးခြားကဏ္ဍသတ်သတ်ခွဲခြား၍ ဖော်ပြလိုသောကြောင့်ဖြစ်၏။ ထိုစဉ်က ကျွန်ုပ်၏စိတ်ဓာတ်အဆောက်အအုံ အုံဖွဲ့လာပုံကိုဖော်ပြရာ၌ အသန့်အကြောင်းပါဝင်နေလျှင် ရှုပ်ထွေးမည်စိုးသောကြောင့်လည်း မဖော်ပြခဲ့ပေ။

ထို့ပြင် ကျွန်ုပ်၏ စိတ်ဓာတ်အရည်တည်နေခိုက်ကာလက အသန့်မှာ ကလေးငယ်သာဖြစ်ပေရာကျွန်ုပ်၏ ဘဝဖြစ်စဉ်တွင် အရေးကြီးစွာ ပါဝင်ခဲ့သူလည်းမဟုတ်ခဲ့သေးပေ။ ထို့ကြောင့် ကျွန်ုပ်၏ ဘဝလမ်းခရီး တစ်ဆစ်၌ ယခုအခါတွင် အရေးကြီးသော တစ်နေရာမှ ပါဝင်လာတော့မည်ဖြစ်သော အသန့်၏အကြောင်းကို ယခုအခါတွင်မှ ရေးသားဖော်ပြရပေမည်။ ထိုမျှမကသေး ကျွန်ုပ် ဤစာကိုရေးနေချိန်၌ ကြိုးတိုက်တွင် ပိတ်လှောင်ထားကာ နွားသတ်ရုံသို့ပို့မည့်နွားကို တံဆိပ်ရိုက်၍ခြံလှောင်ထားသည့်နည်းတူ ကြိုးစင်တက်ရဖို့ အသင့်ရှိနေရသော ဤလက်ရှိဘဝသို့ ရောက်စေခဲ့ရာ၌ အသန့်သည်သာလျှင် အရေးအကြီးဆုံးသော နေရာမှနေ၍ ကျွန်ုပ်၏ ဘဝလမ်းစဉ်ကို ဖန်တီးပေးခဲ့သည်ဟု ဆိုနိုင်ပေသည်။ သို့ဖြစ်သဖြင့် အသန့်၏ အကြောင်းကို ဤကဏ္ဍသို့ ရောက်သောအခါမှပင် ပြည့်ပြည့်စုံစုံရေးရပေတော့သည်။

ငယ်စဉ်တောင်ကျေး ကလေးဘဝက ကစားဖော်ကစားဖက်အဖြစ်ဖြင့် အသန့်နှင့် ကျွန်ုပ်တို့ တစ်ဦးနှင့် တစ်ဦး ခင်မင်ကြင်နာကြသည်တို့ကိုကား အထူးရေး၍နေဖွယ် မလိုတော့ပါပေ။ ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက် ကျွန်ုပ်သည် အသန့်အား ညီမထွေးကလေးတစ်ယောက်သဖွယ် ချစ်ခင်နေခဲ့၏။ ကျေးဇူးရှင်တို့၏ သမီးကလေး ဖြစ်၍လည်း သူ၏မိခင်ဖခင်တို့၏ ကျေးဇူးဂုဏ်အရိပ်ထိုးသောကြောင့် ကျွန်ုပ်သည် အသန့်ကလေး၏ ဆိုးမျိုးကို ကျေကျေနပ်နပ်ကြီး ခံနိုင်၏။ ထို့ကြောင့်လည်း အသန့်ကလေးမှာ ကျွန်ုပ်အား အစ်ကိုရင်းချာနှင့်မခြား တစ်တုန့်တစ်ပြန် ချစ်ခင်ကြင်နာရှာပေသည်။

ရှင်လူထွက်၍ နေ့အခါ၌ အကူမြေတိုင်းစာရေး၊ ညအခါ စက်ချုပ်သမား နှစ်ဘဂထား၍ အသူရကာယ် တစ်မျိုး အဖြစ်ဖြင့် အဘိုးထံသွားရန် လမ်းစရိတ်စုခိုက် သုံးလေးလကာလအတွင်း၌ ကျွန်ုပ်သည် အသန့်ကလေးနှင့် တစ်အိမ်တည်းနေခဲ့ရပေရာ ထိုစဉ်အခါ မှာ အသန့်မှာ ၁၂ နှစ်သမီးအရွယ်ရှိလျက် မန်းသျှောင်ကြီးတစ်လုံးနှင့် ကိုယ်လုံးကိုယ်ထည်ပင် ဖွံ့ဖြိုးစဖြစ်လျက်နှစ်သက်စဖွယ်သော အဆင်းရူပကာယ အရိပ်အယောင်လက္ခဏာ များပင် ကွန့်မြူးစပြု၍လာပြီဖြစ်၏။ သို့သော် ကျွန်ုပ်သည် အသန့်အား အပျိုဘဂသို့ကူးရန် ဟန်တပြင်ပြင် နေသော ကလေးမကြီးအဖြစ်ဖြင့် မမြင်။

(မြင်ပါများလျှင် ငယ်)ဟူသော စကားအတိုင်း ခြေကလေး လက်ကလေး ကလန်ကလားနှင့် တဂါးဂါး ငိုတတ်သော ကလေးငယ်ဘဂကစ၍ ချီပိုးယုယလာခဲ့ရသည်ဖြစ်သောကြောင့် အသန့်အား ကလေးအမှတ်ဖြင့်သာ ထင်၏။ ထို့ပြင် အဘိုးထံ သွားလိုဇောတွေ ဖုံးလွှမ်းနေသဖြင့် အသန့်၏အာရုံမှာ ကျွန်ုပ်တွင် ဘယ်လိုမှ မဂင်ခဲ့ပေ။ အမှုမဲ့ အမှတ်မဲ့ပင် နေခဲ့မိပေသည်။

အသန့်ကလေးကို ကျွန်ုပ်သေသေချာချာ သတိထားမိသောနေ့မှာကား ကျွန်ုပ်နေရင်းမြို့သို့ ပြန်ရောက်သည့်နေ့ပင်ဖြစ်၏။ ကတ္တူမှဆင်း၍ နေရင်းစွဲဖြစ်သော ကျေးဇူးရှင်အထည်သည် လင်မယားတို့၏ အိမ်သို့ ပြန်၍တက်ခဲ့သည်၌ အခန့်သင့်ပင် သားအမိသားအဖ သုံးယောက်စလုံးကို တွေ့ရ၏။

အိမ်ဆီသို့ ကျွန်ုပ် ချဉ်းကပ်လာသည်ကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် ကျေးဇူးရှင်တို့က "ဟော ... မောင်ကံကောင်း ပြန်လာပါပကော" ဟု ဆိုကြသည်။ အသန့်ကမူ အိမ်ပေါ်မှပြေးဆင်းလာကာ "အကိုကံကောင်း ပြန်လာပြီ၊ အကိုကံကောင်းပြန်လာပြီ"ဟု ပါးစပ်က ဂမ်းသာအားရကြီး အော်၍လာ၏။ ပြေကျသော သူ့မန်းသျှောင်ကြီး ကို တစ်ပတ်နှစ်ပတ် မြွေကြီးလင်းမြွေပတ်သလို ကပျာကသီပတ်ပြီးနောက် ကျွန်ုပ်၏ လက်မောင်းကို ကိုယ်ခိုကာ ခုန်ဆွခုန်ဆွနှင့် အိမ်ပေါ်သို့ ကျွန်ုပ်နှင့်အတူ တက်ခဲ့ပေသည်။

အိမ်ပေါ်သို့ ကျွန်ုပ်ရောက်၍ ထိုင်မိသည်နှင့်တစ်ပြိုင်နက် ကျေးဇူးရှင်တို့က "ဘယ့်နယ်လဲ မောင်ကံကောင်း... " ဟု လိုရာကို လောလောဆယ်မေးကြ၏။ ကျွန်ုပ် သွားရင်းကိစ္စ ပြီးမြောက်သည် မပြီးမြောက်သည်ကို မေးကြခြင်း ဖြစ်ပေသည်။ ထိုအခါ ကျွန်ုပ်လည်း "နောက်တော့မှ အေးအေးဆေးဆေး ပြောပါရစေ" ဟု တောင်းပန်နေရစဉ် အနီး၌ထိုင်ကာ ကျွန်ုပ်၏မျက်နှာကို ကြည့်နေသော အသန့်ကလေးက ရုတ်တရက် ကြားဖြတ်၍ " ဟင်... အကို ကံကောင်း ပါးချိတ်ကြီးယောင်လို့ပါကလား... ဘာဖြစ်တာလဲဟင်... " ဟု စိုးရိမ်တကြီး မေးရာပါသည်။

ကျေးဇူးရှင်ကြီးတို့ကလည်း အံ့သြဂမ်းနည်းသော အမူအရာများ ပေါ်လာရာက "အေးဟယ် ... ဟုတ်ပါရဲ့ တို့လည်း ခုမှမြင်မိတယ် ဘာဖြစ်တာလဲဟင်"ဟု ပြာပြာသလဲ ဆိုလိုက်ကြရာ ကျွန်ုပ်မှာ ကျေးဇူးရှင်များ ပို၍စိတ်မကောင်းဖြစ်ကြမည်စိုးသဖြင့် "ကတ္တူပေါ်မှာ ကြိုးခွေနဲ့ခြေထောက်ငြိပြီးလဲတာမှာ အံဖုံးနဲ့ဆောင့်မိလို့ ခင်ဗျ"ဟု ဖြေလိုက်ရ၏။ လက်သီးဒဏ်ချက်ကြောင့် ကျွန်ုပ်မှာ သွားတစ်ချောင်းနဲ့၍နေသည့်အပြင် ပါးချိတ်မှာလည်း ဖူးရောင်၍ နေပေပြီ။ ထို့ပြင် ပါးချိတ် မှဒဏ်ရာကြောင့် ကတ္တူပေါ် ခရီးတစ်လျှောက်လုံး၌ စကားကိုမှ

ဟဟ မပြောနိုင်ခဲ့။ ထမင်းအုပ်ကိုပင် ပါးစပ်၌ စားနေကျအတိုင်း မခွဲ့နိုင်ခဲ့။ နေရင်းမြို့ကလေးသို့ ရောက်သော အခါ၌ အတန်သက်သာပြီဟု ဆိုရသည့်တိုင်အောင် ဒဏ်ရာမှာပြင်းထန်၍ပင် နေလေသေးသည်။

ထို့ကြောင့် ကတ္တူအဖုံးနှင့် ဆောင့်မိပါသည်ဟု စကားလိမ်အိုးလိုက်ရာတွင် အသန့်မှာ သနားစိုးရိမ်မျက်နှာ ကလေးပင်ပျက်၍အိုသွားရာက "ဖြစ်မှဖြစ်ရလေ ကိုကံကောင်းရယ်၊ နေအုံး အသန့် သစ်ကြံပိုးခေါက်နဲ့ ဇာတိပ္ဖိုလ်သီးသွေးပြီး ယူခဲ့အုံးမယ်။ ကြည့်စမ်း ဘာဆေးမှလည်း လူးမထားဘူး"ဟုဆိုကာ ထိုင်ရာမှထ ရှာပါ သည်။ ကျွန်ုပ်လည်း အသန့်စိတ်ကျေနပ်စေရန် "လူးပါသော်ကော အသန့်ရယ်၊ ကတ္တူပွဲ့နင်းကြီးက ဆီမန်း မန်းပေးလို့ လူးရပါသကွဲ့။ အခုမှ အဂတ်အစားတွေ ပေမှာစိုးလို့ မလူးခဲ့တာ" ဟု ဖြီးလိုက်ရ၏။ ဤ၌ အသန့်က "ကိုင်း အကိုကံကောင်း အဂတ်အစားလဲ၊ သစ်ကြံပိုးခေါက်လူးပြီးမှဆိုရင် ရှပ်အင်္ကျီချွတ်တော့ ပညာပေးပြီး အတွင်းခန်းသို့ဂင်သွား၏။ ကျွန်ုပ်မှာလည်း ကျွန်ုပ်အတွက် သီးသန့်ပေးထားကြသော အိမ်ခေါင်းရင်းဘက် အဖီကလေးချကာဆွယ်၍ ဆောက်ထားသည့်အခန်းကလေးအတွင်းသို့ အဂတ်အစားလဲရန် ဆင်းခဲ့ရပေသည်။

အခန်းတွင်းသို့ ရောက်သောအခါ အခန်းပတ်ဂန်းကျင်ကို ကြည့်၍ ကျွန်ုပ် သက်ပြင်းတစ်ချက် ချမိ၏။ ခနိမိုး ခနိကာ မြေပြင်ကြမ်းခင်း အခန်းကလေးအတွင်း၌ တစ်နေရာတွင် ဂုံအိတ်ချောစားခင်းထားသော ကြက်ခြေ ခတ်ခြေထောက် နှင့် ခုတင်အပေါ်စားတစ်လုံးရှိ၏။ အနီး၌ စားပွဲအဖြစ်ဖြင့် အမှုထမ်းရသော ထင်းရှူး သေတ္တာ အခွံတစ်လုံးရှိ၏။ တစ်နေရာ၌ကား သုံးတင်းဂင် ဂုံနီအိတ်ကို ဖျင်တပ်ထားသည့် ပက်လက် ကုလားထိုင် တစ်လုံးရှိ၏။ ဦးခေါင်းချရာနေရာ၌ကား ဆီးချေးများဖြင့် မဲညစ်၍ နေပေသည်။ အဘိုးတို့ အိမ်က အဖိုးတန် ကတ္တီပါဆိုဖာကြီး ပက်အိပက်အိကြီးနှင့်ကား မကွာပါလား ... ထို့ကြောင့် သက်ပြင်း ချမိ၏။ ထို့ကြောင့်ပင် မောင်ညိမ်းအောင်တို့၌ ကျွန်ုပ်အား ကိုယ်ထိလက်ရောက် စော်ကားနိုင်အား ရှိကြပေတော့သည်။

မဆန်းလှပါ ဆန်းသည်ဟုထင်သလား။ မဒမတိုင်တွင် ရိုက်ထားသော သုံးလက်မသံချောင်း အင်္ကျီချိတ်၌ ကျွန်ုပ်၏ အပေါ်အင်္ကျီ၊ ရှပ်အင်္ကျီများကိုချွတ်၍ချိတ်နေစဉ်တွင် အိမ်မဆီမှ "အကိုကံကောင်း ဘယ်ရောက် သွားပြန်ပါလိမ့်... အော်... သူ့အခန်း ထဲမှာလား... ကိုင်း... အစ်ကို ကံကောင်းရေ... ပါးချိတ်ကို ဆေးလူးရ အောင်"ဟု ပြောဆိုသံနှင့်အတူ အသန့်ကလေးသည် အိမ်မမှ ကျွန်ုပ်၏ အခန်းကလေးသို့ ကူးရာအပေါက်ဂတွင် လက်တစ်ဂါးစာခန့် ဆေးသွေးသည့် ကျောက်ပြင်ငယ်လေးတစ်ချပ်ကိုကိုင်လျက် ပေါ်လာသည်ကို မြင်ရပါ သည်။

ထို့နောက် အသန့်သည် အိမ်မ ကြမ်းပြင်ပေါ်မှ ကျွန်ုပ်၏ အခန်းတွင်းက ပထဂီကြမ်းပြင်ပေါ်သို့ဆင်းရင်း ကျွန်ုပ် ၏ ခုံဖိနပ်ကိုစွပ်လျက် "ကဲ ... အကိုကံကောင်း ဆေးလူးရအောင် ဟောဒီမှာ " ဟုဆိုကာ ကျွန်ုပ်၏အနီးသို့ ချဉ်းကပ်လာ၏။ ကျွန်ုပ်လည်း ဆေးလူးခံရန် အသန့်ကို မျက်နှာမူ၍ လည်ကို ဆန့်ပေးလိုက်စဉ် အသန့်လည်း ကျောက်ပြင်ကလေး၏ မျက်နှာဂမှ သစ်ကြံပိုးခေါက်နှင့် ဇာတိပ္ဖိုလ်အနှစ်များကို လက်ညှိုးကလေးနှင့်သပ်၍ ယူလိုက်ပြီးနောက်ဆေးလူးပေးမည်ဟန်ပြင်ပြီးကာမှ "ပက်လက်ကုလားထိုင်မှာပဲ ထိုင်ပါလား အစ်ကိုကံကောင်း ရာ အသန့်က အရပ်နိမ့်တော့ ဆေးလူးရမှာခက်တယ်... "ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ဂုံနီအိတ်ပက်လက်

ကုလားထိုင်တွင်ထိုင်၍ နောက်သို့လှန်မှီကာ ဆေးလူးခံဖို့ အသင့်ပြင်လိုက်ရ၏။ ဤတွင် အသန့်ကလေးလည်း ကုလားထိုင်ဘေးတွင် လာ၍ရပ်ကာ ခါးကလေးကိုညွတ်၍ ကျွန်ုပ်၏ ရောင်ရမ်းနေသောပါးချိတ်ကို ကြင်နာယုယစွာ ဆေးလူး၍ ပေးရှာပေသည်။ ဆေးလူးနေရင်းကလည်း "အစ်ကိုကံကောင်းကလည်း သိပ်ပြီး ရုပ်တေးနိုင်တာပဲကိုး။ မှန်းစမ်း ရောင်နေလိုက်တာ... ကြိုးခွေကြီးတစ်ခုလုံးမှ မမြင်ဘူးလား... ကလေးသာကျနေတာပဲ" ဟု လူကြီးကလေးပမာ အခြောက်တိုက် ကြိမ်းဝါးသယောင်ဆို၍ နေပြန်လေသေးသည်။

သူကလေးကစ၍ ဆေးလူးပေးချိန်၌ ကျွန်ုပ်သည် မျက်စိကိုမှိတ်၍ မေးရိုးပေါ်အောင် လည်ကိုသာ အသင့်ဆန့်ထားပေးထား၏။ သစ်ကြံပိုးနံ့တို့ နာဂတွင် ဝင်ရောက်လာကြပြီးနောက် ရောင်ရမ်းနေသော ပါးချိတ်အသားပြင်တွင် ဆေးထိသောအခါ၌ အေးစိအေးစက်အရသာတစ်မျိုးကို ခံနေရ၏။ သူကလေးက ဤသို့ကြိမ်းဝါးသယောင်ဆိုသောအခါ၌ ကျွန်ုပ်သည် "မကြိမ်းပါနဲ့ အစ်မကြီးရယ်... ကတည်းမှပဲ သူများမှာ နာရတဲ့အထဲ အဲ... " ဟု သူ့အား တစ်ချက်ရယ်၍ ပြောမိ၏။ ပြောနေသည့်ခဏ ကလေးအတွင်းဝယ် ကျွန်ုပ်၏ မျက်နှာအနေအထား အလိုက်သင့်နေသောကြောင့် ဂီရိယမစိုက်ရဘဲနှင့် စူးစူးစိုက်စိုက် ကြည့်လိုက်မိသကဲ့သို့ဖြစ်နေ၏။

အသန့်ကလေး၏ နဖူးပြင်ကလေးမှာ အသားအရေကြည်လင်သောအရွယ်ပြီပြီ ပကတိဖြူစင်ဝင်းဝါလျက် ပြေပြေ ကလေးရှိ၏။ မျက်ခုံးကလေးများမှာလည်း ပင်ကိုယ်အတိုင်းအားဖြင့်ပင် သေးမျှင်သွယ်တန်း၍ နေကြပေသည်။ မျက်တောင်ကော့ကြီးများကိုလည်း နီးကပ်စွာ မြင်ရလျက် နက်မှောင်သောမျက်တောင်ကော့ကြီးတွေ ဝန်းရံနေသော အသန့်၏ ဝိုင်းစက်လှပသော မျက်လုံးများမှာ ကျွန်ုပ်၏ ပါးချိတ်ပေါ်၌ စူးစိုက်နေကြသည်မှာလည်း ကြင်နာမှု အရိပ်အရောင်များ သန်းနေကြပြီးလျှင် ပကတိ နူးညံ့သိမ်မွေ့၍ နေကြတော့၏။ တင်ထားသလိုရှိသော နာတံကလေး၏ အစွန်းမှ နာဂကလေးများမှာ ပါးပါးလျားလျားနှင့် နီထွေးကာ သွေးကြောကလေးတို့ ဆံခြည်တန်းနေ၏။

အသန့်၏ နှုတ်ခမ်းပါးကလေးများကား ချစ်စဖွယ် ရွေ့လျားနေကြပေ သည်။ ပါးချိတ်ကိုလည်း မဖိမိလေအောင် ပါးချိတ်ပေါ်၌လည်း ဆေးတင်လေအောင် ခပ်ဖွဖွကလေး အား မလိုအားမရ ဆေးလူး နေရသော အမူအရာမှာ မသိမသာ တွန့်ကာရုန့်ကာ လှုပ်ရှားနေသော နှုတ်ခမ်းပါး နှင်းဆီလွှာကလေးများ၌ ပေါ်လွင်နေပါသည်။ ဖောင်းမို့အိစက်ညက်ညောသော ပါးစုန့်ကလေးများမှာ ထွေးထွေးအိအိ ရှိနေကြပြီးလျှင် အပျိုဘဂသို့ တက်လှမ်းရန် အားယူ၍နေသော အသွေးအသားတို့၏ အင်အားသည် သူ၏ အိညက်သော ပါးစုန့်သားကလေးများ၌ အထင်အရှားမြင်ရ၏။

ထိုသို့ နှင်းဆီဖူးကလေး၏ ဖွံ့ဖြိုးစရန့်ကို မဂတာဂခံစားရသလို ကလေးဘဂနှင့် အပျိုသဘာဂတို့ မကွဲပြားသေးဘဲ ယှက်ထွေးနေသေးသည့် အသန့်ကလေး၏ မျက်နှာဝိုင်းဝိုင်းနုနု နယ်နယ်ကလေးကို နီးကပ်စွာ ကြည့်နေရသည်၌ ကျွန်ုပ်၏ ရင်ထဲတွင် အေးတစ်လှည့် နွေးတစ်လှည့်နှင့် ဖြစ်လာရပေသည်။ ကျွန်ုပ်၏ စိတ်သည် ထိုအခိုက်အတန့်ကလေး၌ အတောင်ပံ တငြိမ့်ငြိမ့်ခတ်၍ ပျံဝဲနေသော လိပ်ပြာသဖွယ် လွင့်ပါးလျက်

ရှိနေရ၏။ ထိုအခိုက်အတန့်တွင် အသန့်က "ကိုင်း ပြီးပြီ ... ညအိပ်ရာဝင်တော့မှ တစ်ခါလူးပေးအုံးမယ်"ဟု ဆိုကာ ကိုယ်ကို ကိုင်းညွတ်ရာမှ မတ်လိုက်သဖြင့် ကျွန်ုပ်တွင် သတိပြန်ဝင်၍ ကုလားထိုင်တွင် လှဲမှီနေရာ က ကိုယ်ကို ထူလိုက်၏။ ကျွန်ုပ်၏ခေါင်းမှာ ဤတွင် ထူထူထောင်ထောင်ဖြစ်၍သွား၏။

ထိုအခိုက်၌ အသန့် က " အမယ်.. နေအုံး... မုန်းစမ်း... နားရွက်နောက်ထိအောင်တောင် ရောင်နေပါကလား အစ်ကို ကံကောင်းရယ် နေစမ်း... ငြိမ်ငြိမ် .... ခဏ" ဟုဆိုရင်း သူ့ကိုယ်ကလေးကို ရှေ့သို့ ကိုင်းညွတ်ပြန်ကာ ဆေးဖြင့် နားရွက်နောက် ဇက်ကြောတစ်လျှောက်ဆီ၌ လူး၍ပေးနေပြန်၏။ ထိုအခိုက် အတန့်၌ ကျွန်ုပ်၏ မျက်လုံးများသည် လက်ဦး ပြူးကျယ်၍သွား၏။ ထို့နောက် မျက်စိကို မှိတ်လိုက်မိ၏။ မျက်စိကိုမှိတ်ပစ်လိုက်သော်လည်း မျက်ခွံကိုဖောက်၍ မြင်နေရသကဲ့သို့ ဖြစ်ရ၏။ မျက်စိကိုပြန်၍ ဖွင့်လိုက်မိပြန်၏။ ထိုသို့ ဖြစ်ပျက်နေသည်မှာ တစက္ကန့် နှစ်စက္ကန့် အတွင်း၌ ဖြစ်၏။ နှာညွန့်တွင်လည်း ထူးခြားသော ရနံ့တစ်မျိုးသည် သင်းသင်း ကလေးချူလာ၏။ ထိုခဏ၌ပင်အသန့်သည် "ကိုင်း... ပြီးပြီ" ဟုဆိုကာ ကိုယ်ကိုမတ်လိုက်ပေသည်။ ကျွန်ုပ်ကား အသန့်ကလေးအား ငေးကြောင်ကြောင်ကြည့်ကာ ဘာမျှမပြောတတ်ဖြစ်နေရပေသည်။

အဘယ်ကြောင့်နည်း.. အကြောင်းမူကား သိမ်မွေ့လှပေတော့သည်။ အသန့်ကလေး နောက်တစ်ကြိမ် ကိုယ်ကို ကိုင်းညွတ်၍ ဆေးလူးပေးရန် ဟန်ပြင်လိုက်သည်၌ သူဝတ်ထားသော ရင်ဖုံးအင်္ကျီကလေးမှာ ခဲဆွဲသလိုဖြစ်ကာ အောက်သို့ပို၍ ပွင့်လန်သွားသည်၌ ခေါင်းကို မတ်မတ်ထူထားသည့် ကျွန်ုပ်၏မျက်စိများသည် အသန့်၏အင်္ကျီ မတ်မတ်ထူထားသည့် ကျွန်ုပ်၏ မျက်စိများသည် အသန့်၏အင်္ကျီလည်ပင်းပေါက်ကလေးကို ကျော်၍ အတွင်းဘက်သို့ စူးစိုက်မိလျက်သား ဖြစ်သွား၏။ မြင်ရသော အခြင်းအရာတို့ကား နုနယ်သိမ်မွေ့လှသဖြင့် ဖော်ပြစကောင်းသည်မထင်သဖြင့် မဖော်ပြလိုတော့ပေ။ ပြေပြေလျော့ရဲသော ရင်သိမ်းရှင်မီးကလေး၏အထက် ရင်ညွန့်၌ လူးခြယ်ထားသော သနပ်ခါးနံ့ကလေးနှင့် အသန့်၏ကိုယ်နံ့ကလေးတို့ ရောထွေးနေသော အသင်း အထုံကလေးတစ်မျိုးသည် ကျွန်ုပ်အား သာသာကလေးမျှ ယစ်မူးစေပေတော့သည်။

ကျွန်ုပ် နှုတ်အ၍ ကြောင်တက်တက်ဖြစ်နေစဉ်ပင် အသန့်ကလေးသည် ကျောက်ပြင်ကလေးကို စားပွဲအမည်ခံ ထင်းရှူးသေတ္တာ အခွံပေါ်၌ တင်ခဲ့၍ အိမ်မ၏ ကြမ်းပြင်ကို လှမ်းတက်၍ဝင်ရန် ဟန်ပြင်လိုက်၏။ သို့သော် အထည်သည် စက်သမားအိမ်ပီပီ မြေပေါ်၌ကျနေသော အဂတ်စတစ်ခုသည် အပ်ချည်လုံးစ ပိုးရှုတ်ထွေး တစ်ခုနှင့်ဖုန်ထဲ၌ တလိန်းထိုးနေရာက အသန့်ဖြစ်ကတတ်ဆန်း မတော်ဘဲနှင့် စီးထားသော ခုံဖိနပ်တွင် ငြိတွယ် ၍ တတန်းတန်း လိုက်ပါနေကြ၏။ ထိုသို့ ငြိတွယ်၍နေသည်ကိုမြင်သော အသန့်သည် အိမ်မဘက်သို့ လှမ်းတက်မည့်ဟန်ပြင်ပြီးကာမှ ပိုးရှုတ်ထွေးငြိတွယ်နေသော ဖိနပ်ကို လက်လှမ်းမီစေရန် ခြေထောက်၌ စွပ်လျက်သားက နောက်ပြန် ခြေထောက်ကို တတောင်ဆစ်ကွေးသလို ပင့်မြှောက်ပြီး ပိုးရှုတ်ထွေး အဂတ်စကို ဖိနပ်မှခွာ၍ ချလိုက်၏။

ဖွံ့ဖွံ့ထွားထွားဖြစ်စပြုလာသော ကိုယ်လုံးကိုယ်ထည်ကို ငေးစိုက်ကာ ကျောဘက်မှကြည့်ရင်း ကျန်ရစ်သူ ကျွန်ုပ်မှာကား အသန့်ခြေတစ်ဖက်မြှောက်၍ ပိုးရှုပ်ထွေးကို ခွာလိုက်သော ခဏတွင် ထဘီရေသီနား ကလေး

မှာ တစ်တောင်ခန့် အထက်သို့ မြင့်တက်သွားသည့်အခါတွင် ဂင်းခနဲဂါသော ခြေသလုံးလေးကိုသာမက ဒူးကောက်ကွေးအထက် ပေါင်ညွှန့်ကလေး လက်လေးသစ်ခန့်တို့ကိုပါ လျှပ်ပြက်သလို လက်ခနဲ မြင်လိုက်ရပေရာ ရုတ်တရက်တွင် အသက်ရှူရန်ပင် မေ့မှား၍ နေမိ၏။ အိမ်မ ဘက်သို့ အသန့်ခြေတစ်လှမ်းဂင်၍ နောက်၌ ကျန်ရစ်ခဲ့သော ခြေတစ်ဖက်ကိုအားပြုကာအတက်လိုက်၌ သူ၏ခြေသလုံးမွတ်မွတ်ကလေးတွင် ကြွက်သားကလေးနှစ်လုံး ရုတ်ချည်းသိမ်မွေ့စွာပေါ်၍ ရုတ်ချည်း ပျောက်ကွယ်သွားကြပုံကလေးကိုလည်း မကြည့်ဘဲနှင့် တပ်အပ်မြင်လိုက်ရပြန်၏။ ထိုနောက် အသန့်ကလေး အိမ်တွင်းဘက်သို့ ပျောက်၍သွားကာမှ ကျွန်ုပ်မှာ အယောင်ယောင်အမှားမှား အသက်ရှူကိုပင် ရပ်တန့်ထားမိသည့်အတွက် ရင်ကျပ်နေသည်ကို သတိရကာ သက်ပြင်းတစ်ချက်ရှိုက်၍ ရှိုက်မိသော သက်ပြင်းကို ပြန်၍ ချလိုက်မိရပြန်လေတော့သည်။

မအပ်မရာကို တွေးမှားမိသည်ဟုထင်လျှင်လည်း ခံရပေတော့မည်သာ...။ သို့သော် ... တမင်မတွေးမိခြင်းကား အမှန်ပင်ဖြစ်၏။ သို့သော် လူတို့၏ စိတ်၌ အငွေ့အသက်ကျန်နေသေးသော တိရိစ္ဆာန်ကထာများမှာ ဓားမကူး ဆရာတော် ကျော်ကြားရသောအဖြစ်ထိ မနသသစိတ်ခွင်မှ ကင်းစင်ခြင်း မရှိသေးသည့် ဓမ္မတာ သဘာဂအတိုင်း ကျွန်ုပ်၏စိတ်သည် ရုတ်တရက်ယိုင်၍သွား၏။ တမင်ယိုင်ချင်၍ ယိုင်ရခြင်းမဟုတ်မူလျက် မနသသဘာဂ ပင်ကိုယ်အတိုင်း ယိုင်ရခြင်းဖြစ်ပေသည်။ သို့သော် လူတည်းဟူသော အဆင့်အတန်းကို ရလျက် ကောင်းကင်ကို ကျေးဇူးမပေးဘဲ ခေါင်းထောင်နေသော သတ္တလောက၏ အထွတ်အဖူးဖြစ်သည်အထိ စိတ်ဓာတ်ရင့်ကျက်သည့်ဘဂနှင့်အညီ ယိမ်းယိုင်သလို တုန်လှုပ်သွားသည့်စိတ်ကိုသတိနှင့် ကျားကန်၍ ထိန်းပေးလိုက်သည်ခဏ၌ "အော်...ငါ့ညီမလေး အတော်ကြီးပြင်းလာမှကိုး" ဟူသောအတွေးဖြင့် စိတ်နိမ်၍သွားရပေသည်။ သွေးမစပ်သားမစပ် သူစိမ်းပြင်ပြင် ရေပြင်ပြင်ဖြစ်ကြပေသော်လည်း ကျွန်ုပ်၏အဖို့၌ကား အသန့်၏မိဘတို့ ဂုဏ်ကျေးဇူးကြောင့် အသန့်သည် တစ်အူတုံဆင်း နှမကလေးရင်းချာနှင့် မခြားပါပေ။ သွေးသားမစပ်သဖြင့် ဖျပ်ခနဲ ယိမ်းယိုင်သော လူ့စိတ်ကို ကျေးဇူးရှင်ဟု အသိအမှတ်ပြုသောသတိက တည်တံ့အောင်ချုပ်ကိုင်၍ ပေးလိုက်ပေတော့သည်။ သို့ရာတွင် သွေးသားမစပ်မှုဆိုသည်မှာကား အဘယ်မျှပင် နှမကလေး အရင်းပေါ်၌ ထားသော စိတ်မျိုးကို ထားစေကာမူ မောင်နှမအရင်းအချာကားဖြစ်၍လာနိုင်သည်မဟုတ်ရာ။ လူတွင် လုံးဂမစင်ကြယ်သေးသော အဟိတ်စိတ်၏ အရှိန်ကြောင့် သတိကို တစ်မဏြာကာလမျှ လက်လွှတ်ရသည်ကို ခွင့်လွှတ်နိုင်ကောင်းအံ့ ထင်ပေသည်။

သို့မှတိုင်အောင် ကျွန်ုပ်သည် ခဏကလေးမျှ စက္ခုအာရုံကြောင့် စိတ်ယိမ်းသွားမိသည့် အခိုက်အတန့်ကလေးကို ကိုယ့်ဘာသာကိုယ်လည်း ရှက်မိ၏။ ကိုယ့်စိတ်ကိုလည်း ကိုယ်ဒေါသထွက်မိသေး၏။ သာမန်အားဖြင့်ဆိုလျှင် ကျွန်ုပ်တွင် အသန့်အား မွေးကင်းစကလေးငယ်ပေါ်၌ ထားသောစိတ်ထက် ဘာမျှမပိုရိုးမှန်၏။ သို့သော် မျက်စိအောက်၌ ကွင်းခနဲ ထင်းခနဲ တွေ့လိုက်ရသော အချင်းအရာတို့ကြောင့် ပုထုဇဉ် သဘာဂ ရဟန္တာ မဟုတ်သေးသော ကျွန်ုပ်၏ စိတ်တွင် မသိမသာလှုပ်ရှားမိသည်မှာ သွေးမစပ်မှုအရင်းခံပင် ဖြစ်ပေလိမ့်မည်။ မည်သို့ပင် ဖြစ်စေကိုယ့်လိပ်ပြာက ကိုယ့်ကို မျက်စောင်းခဲခြင်းကို ခံရသော ခဏ၌ ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်ကို သတိလွှတ်ရမည်လားဟု အပြစ်တင်မိသေး၏။ အသန့်ကလေးပေါ်၌ မသန့်သော စိတ်မရှိရိုးမှန်၏။ မသန့်သော

စိတ်ကိုလည်းထားလည်းမထားရက်နိုင်ပါလေ။ ထို့ကြောင့်ကိုယ့်ကိုယ်ကိုဂေဖန်မိနေဆဲ၌ အိမ်ရှေ့မှကျွန်ပ်အမည်ကိုခေါ်ကာ ဝင်လာသူတစ်ဦး၏ အသံကိုကြားရသဖြင့် အတွေးပြတ်သွားကာ အိမ်မဘက်သို့ ထွက်ခဲ့ရ၏။ ဝင်လာသူမှာကား ကျွန်ပ်နှင့်အတူ မြေတိုင်းအင်စပက်တော်၏ရုံးတွင် အကူစာရေးလုပ်ဖက်ဖြစ်သော မိတ်ဆွေဖြစ်နေ၏။

ထိုမိတ်ဆွေက ကျွန်ပ် ပြန်ရောက်ပြီကြား၍ မြေတိုင်းအင်စပက်တော်ကြီး အရေးတကြီးတွေ့လိုကြောင်းကို ပြောပါသည်။ ကျွန်ပ်လည်း ညစာစားအပြီးတွင် အင်စပက်တော်ကြီး၏ အိမ်သို့ ထွက်ခဲ့၏။ ရောက်သောအခါ သတင်းကောင်းကြားရပေသည်။ ထိုသတင်းမှာ ကျွန်ပ်အား မြေတိုင်းကျောင်းတက်ရန် အင်စပက်တော်ကြီး စီစဉ်ထားသည်ဆိုသော သတင်းဖြစ်၏။ သို့ရာတွင် အင်စပက်တော်ကြီးက မြေတိုင်းဌာန၌ ကျွန်ပ် အမှုထမ်းလိုစိတ်ရှိမှ အမှုထမ်းစေလိုကြောင်း၊ ထို့ကြောင့် တစ်ညစဉ်းစားပြီးမှ စိတ်ကို ပိုင်းဖြတ်စေလိုကြောင်း၊ မြေတိုင်းဘက်၌ အမှုထမ်းရန် စိတ်ပိုင်းဖြတ်ပါက ကျွန်ပ်အား ထောက်ခံစာရေး၍ပေးရန် အသင့်ရှိ ကြောင်းပြောပြ၏။ ကျွန်ပ်လည်း ကျေးဇူးတင်ကြောင်းပြော၍ အိမ်သို့ပြန်ခဲ့လေသည်။

အကျိုးအကြောင်းကို ကျေးဇူးရှင်အထည်သည် လင်မယားတို့အား ပြောပြသည်၌ ကျေးဇူးရှင်တို့ကလည်း ကျွန်ပ်၏ သဘောအတိုင်း ဆုံးဖြတ်ရန် အားပေးကြပေသည်။ ထိုည အိပ်ရာဝင်ချိန်၌ အသန့်ကလေးလာ၍ ပါးချိတ်ကို ဆေးလူးပေးရှာသေး၏။ ညနေပိုင်း ရေမိုးချိုးကာ နံ့သာကလေးတထုံထုံနှင့် ကျွန်ပ် အနီးသို့ကပ်လျက် ဆေးလူးပေးရှာသည်ကို မျက်စိကို စုံမှိတ်၍ခံ၏။ သို့သော် နာဂ၌ ပျံ့ပျံ့မြမြ ကလေးသင်းသော သနပ်ခါးနံ့ ပေါင်ဒါနံ့ကလေးတို့ကိုမူကား မျက်စိမှိတ်ထားခြင်းအားဖြင့် မကာကွယ်နိုင်ပေ။ အသန့်ကလေး ထွက်သွား၍ တစ်ယောက်ထဲကျန်ရစ်သောအခါတွင် ကျွန်ပ်သည် ကျွန်ပ်၏နောင်ရေးအတွက် ဆုံးဖြတ်ချက်ချရတော့မည်ဖြစ်သော မြေတိုင်းကျောင်းတက်သင့် မတက်သင့်ကို အဘက်ဘက်မှ စဉ်းစားခြင်းဖြင့် အသန့်ကလေးအား မတွေးမိအောင် ကြိုးစားရပေသည်။

အဘိုးထံပြန်၍ချဉ်းကာ အဘိုး၏ အထောက်အကူဖြင့် ဘီအေအက်ဖအေတွေ သင်နိုင်အောင် ကြိုးပမ်းချက် မှာ မျှော်တော့မိုး၊ ထိုးတော့မြေကြီးဟု ဆိုဘိသကဲ့သို့ ဖြစ်ခဲ့ရာ၌ ကျွန်ပ်အဖို့တွင် လက်ရှိ (၇)တန်းပညာ ကလေးနှင့် နောင်ရေးတွင် ကြီးပွားစေရန် လမ်းစတွေမှာ အတော်ကလေးထွင်နိုင်မှ လူတစ်လုံး သူတစ်လုံး ကြီးပွားနိုင်ဖို့ရှိသည်ကို တွေ့ရ၏။ ပုလိပ်ဘက်သို့ဝင်လျှင်လည်း ဆပ်အင်စပက်တော်ဘဝနှင့် ရိုးမြေကျကာနီးမှ ဌာနာအုပ်ဖြစ်ဖို့ရှိ၏။ မြို့အုပ်ရုံး၌ အကူစာရေးလုပ်လျှင်လည်း ဘီလစ်ဘဝသာလျှင် အကြီးဆုံး မျှော်လင့်ချက်ရှိ၏။ စာရေးကြီးဘဝမှ သပြုသီးမြို့အုပ်ဖြစ်ရန် လမ်းရှိသော်လည်း အမြဲတမ်းကိုယ့်အထက် အရာရှိကို ခယနေရသော အလုပ်ကိုလည်း မလုပ်ချင်။ လုပ်ပါလျှင်လည်း သပြုသီးဘဝသို့ရောက်အောင် မည်မျှကြာဦးမည်မသိ။ အုပ်ချုပ်ရေးဘက်က ပညာထူးချွန်အောင် ကြိုးစားသည်ထက် ဆွေကြီးမျိုးကြီးဂုဏ် ကိုအမှီသဟဲပြုရမှ ရာထူးတိုးတက်လွယ်သည့်ခေတ်ဖြစ်ပေရာ ကျွန်ပ်မှာ မြေတိုင်းကျောင်း သုံးနှစ်တက်၍ ကျောင်းကအဆင်း လက်ထောက်

အင်စပက်တော်ကလေးဘဝဖြင့်နေကာ အလွန်ဆုံးငါးနှစ်ကြာလျှင် အင်စပက်တော်အဖြစ်သို့ လုံးဝ ရောက်နိုင်သောအခွင့်အလမ်းကို မသေချာသော အခြားဘက်တို့ထက် ပို၍အားသန်မိ၏။

ကိုယ်လုပ်ကိုင်ခဲ့ဖူးသော ဌာနလည်းဖြစ်၏။ တစ်ဖန် ဆယ်တန်းပညာကိုရအောင် စက်သမားဘဝဖြင့် ကြိုးစားရမည်မှာလည်း ပညာအဆင့်အတန်းမြင့်လာလေလေ အချိန်ပိုပိုမိုမို ပညာကိုဂရုစိုက်ဖို့လိုလေလေ ဆရာကောင်းများကို မှီးနိုင်ဖို့ လိုလေလေ ဖြစ်နေပေရာ ကျွန်ုပ်မှာ (၇)တန်း ဖြေသလောက် လွယ်လွယ်နှင့် အောင်မည်မဟုတ်ကြောင်းကိုလည်း တွေးမိ၏။ ကြိုးစားက ဘုရားဖြစ်နိုင်၏ဟူသော စကားလုံးကို လက်ကိုင်ထားသော်လည်း သုမေဓာဘဝကနေ၍ သဗ္ဗညုတဉာဏ်ကိုမရဘဲ လေးသင်္ချေ ကမ္ဘာတစ်သိန်းကျင့်ယူဖြည့်ဆည်းခဲ့ရသည့် အချက်ကလည်းရှိသည်ကို တွေးမိ၏။ သို့ဖြစ်သောကြောင့် ကျွန်ုပ်မှာ ဆယ်နှစ်ခန့်ဖြင့် မြေတိုင်း အင်စပက်တော်ဖြစ်နိုင်သည့် သေချာသောလမ်းကိုသာ မှန်းရွယ်မိ၏။ မြို့အုပ် ဂန်ထောက်လုပ်လို၍ ဆယ်တန်းပညာကို မက်မောကာနေပါလျှင် ပညာသင်သည့် သုံးနှစ်အတွင်း၌ ဆယ်တန်းကိုသာ အောင်၍ မြို့အုပ်စာမေးပွဲမဝင်ရမီ စာရေးဘဝနှင့် နေလေရဦးမည်ကိုလည်း မြင်မိ၏။

တစ်ဖန် အဘိုး၏ထံ၌ မချဉ်းကပ်နိုင်သေးရုံမျှမက ပိုက်ဆံမာန လုံးဝဖုံးလျက် ကျွန်ုပ်အား ယူကျုံးမရအောင် နှိပ်စက်လိုက်သော သင်းတို့ဆွေမျိုးတစ်ပြုံလုံးကို လက်စားချေလိုသည့် ဆုံးဖြတ်ချက်ကြီးကလည်း ရှိသေး၏။ ထိုဆုံးဖြတ်ချက်အတိုင်းအောင်ရန်မှာ ကျွန်ုပ်အားမည်သူကမျှ သင်္ကာမကင်းဖွယ်ရာ အခြေအနေကို ပထမခြေကုတ်ရစေဖို့ အရေးကြီးလှ၏။ ကျွန်ုပ်တွင် လူတစ်လုံးလူတစ်လုံး အခြေခိုင်ကာမှ ထိုအခြေကို အားပြုကာ သင်းတို့ တစ်ပြုံလုံးကို ပြောင်းဖူးစေ့ချွေသလို တစ်ယောက်ပြီး တစ်ယောက် ချွေခြင်းအားဖြင့် နောက်ဆုံး၌ အဘိုးစုဆောင်းခဲ့သော ပစ္စည်းထုထယ်ကြီးကို ကျွန်ုပ်တစ်ယောက်တည်း ပိုင်ဆိုင်အောင် ကြံစည်ဖို့ရှိပေရာ ကျွန်ုပ်တွင် လူတစ်လုံးသူတစ်လုံး အမြန်ဆုံးဖြစ်မြောက်စေရန် အရေးတကြီးဖြစ်နေ၏။ မြစ်ကို အလျားလိုက်ကူးသောနည်းမျိုးဖြင့် ကျွန်ုပ်၏ အခြေကို တည်ရန်အချိန်မရလှပေ။

ထိုမှတစ်ပါး ကျွန်ုပ်သည် စက်သမားအဖြစ်၊ အကူစာရေးအဖြစ်ရသော ငွေကြေးတို့မှာ အဝတ်နှင့်အစား လုံလောက်ရုံသာရှိ၏။ ပညာအဆင့်မြင့်မြင့်သင်ဖို့ ငွေအပိုအလျှံမပေါ်နိုင်။ ကျေးဇူးရှင် အထည်သည် လင်မယားတို့၏ စေတနာကိုမှီခို၍ စားသောက်နေခဲ့သည်မှာလည်း ကြာပေပြီ။ ဤခေတ်၌ ကမ္ဘာ့စီးပွားပျက်ကပ်ကြီး၏ ဒဏ်ကလည်း နိုင်ငံတိုင်းတွင် ထိခိုက်စပြုလာသဖြင့် အရောင်းအဝယ်များလည်း ပါးလျားစပြုလာ၏။ ထို့ကြောင့် ကျေးဇူးရှင်များပေါ်၌ တာဝန်ကြီးလေးနေမည်ကိုလည်း စိုး၏။ ထို့ပြင် အသန့်ကလေးမှာလည်း အသက်အရွယ်အတော်ပင်ရ၍ လာလေပြီဖြစ်ရာ အဝတ်အစားကလေးများမှအစ ယခင်ကလို အထည်ဆိုင်က ပိုလျှံသည့် အစအနကလေးများနှင့်သာ ကိစ္စမပြီးတော့ဘဲ သူကလေး၏စရိတ်ကလည်း ကျေးဇူးရှင်များအပေါ်တွင် ထပ်ပိုး၍ တက်နေပေသေးသည်။ သို့ဖြစ်လေရာ အဘက်ဘက်မှ စဉ်းစားလိုက်တိုင်း ကျွန်ုပ်အဖို့တွင် ကိုယ့်ဂန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွားဖြစ်မှ ကိုယ့်ရည်ရွယ်ချက်ကို မြန်မြန်ဆောင်ကြဉ်းနိုင်မည်ဟု ယူဆလိုက်မိသည်ဖြစ်သောကြောင့် အမြန်ဆုံးထွက်ရပ်လမ်းဖြစ်သော မြေတိုင်းဌာနကိုပင် ဝင်တော့မည်ဟု ဆုံးဖြတ်လိုက်၏၊ မြေတိုင်း

ကျောင်းတက်လျှင်ကား အစိုးရက စရိတ်ခံပေရာ ကျွန်ုပ်အဖို့၌ ပညာရေး အစားအဂတ်ပါ ငြိုးငြိုးငြံငြံဆိုပါက ဖူလုံဖို့ သေချာနေပေသည်။

သို့နှင့် ကျွန်ုပ်သည် မြေတိုင်းအင်စပက်တော်ကြီးအား နောက်တစ်နေ့ နံနက်တွင် မြေတိုင်းကျောင်းတက်ရန် ဆုံးဖြတ်ကြောင်းကို သွား၍ပြောလိုက်၏။ ထို့နောက် သုံးလခန့်ကြာသောအခါတွင် ရပ်ဝေး၌ရှိသော မြေတိုင်း ကျောင်းသို့ ကျွန်တော် သွားရန် အသင့်ပြင်ဆင်ရသောနေ့သို့ ရောက်ခဲ့ပေတော့သည်။ ဤသုံးလ အတွင်း၌ ကျွန်ုပ်မှာ စက်ချုပ်သမား အကူစာရေးအဖြစ်နှင့် နေခဲ့ရင်း ငွေကလေးကြေးကလေး စုပါသေး၏။ သို့သော် စားရရုံထက် မပိုလှပေ။

နောက်တစ်နေ့စောစောကြီးတွင် ခရီးထွက်ရမည်ဆိုသော ညဦးပိုင်းသို့ရောက်ခဲ့သည််၌ ကျွန်ုပ်အား ကျေးဇူး ရှင်များက အစစအရာရာတွင် လိမ္မာရန် မိဘရင်းသဖွယ်မှာကြား၍ နေကြသည်။ ကျွန်ုပ်အား အဂတ်အစား တစ်စုံနှင့် ငွေဒင်္ဂါးသုံးပြားကိုလည်း လက်ဆောင်ချီးမြှင့်ကြပေသည်။ ကျွန်ုပ်လည်း ဂမ်းသာဂမ်းနည်းကြီးဖြင့် ခံယူရင်း ကျေးဇူးရှင်များ စိတ်ချရအောင် ပြောဆိုနေရ၏။ အသန့်ကလေးကား ကျွန်ုပ် ခရီးထွက်ရန်ဟန်ပြင် ကတည်းက မျက်စိ မျက်နှာမကောင်းရှာပါ။ ငယ်စဉ်ကလေးဘဂ ဟိုရေးကတည်းက အတူနေထိုင်ကြီးပြင်း လာရသဖြင့် မောင်အကြီးသဖွယ် တွယ်တာနေရှာသော အသန့်သည် ကျွန်ုပ်ခွဲခွာသွားတော့မည်ကို သိရသော အခါ၌ သံယောဇဉ်ကြိုး တင်းကျပ်နေဟန်ရှိပါ၏။

ကျွန်ုပ်နှင့် ကျေးဇူးရှင်များ စကားပြောဆိုနေခိုက်တွင် အသန့်သည် ခပ်ဝေးဝေးမှ ငိုင်ငိုင်ကလေးနားထောင် နေရှာပါသည်။ ကျွန်ုပ်၏ မျက်နှာကိုလည်း ကွက်ကြည့်ကွက်ကြည့် ဖြစ်နေရှာ၏။ ထိုညက အိပ်ရာအဂင်တွင် ကျွန်ုပ် ကိုယ်တိုင်ပင် အိပ်၍မရ။ အသန့်တို့အား ခွဲခွာသွားရမည်ကို ဂမ်းနည်းမိပေသည်။ သို့သော် ကျွန်ုပ် မှာ အတောင်အလက်စုံသော အရွယ်သို့ ရောက်ပြီဖြစ်ရကား မတတ်သာသောကြောင့် တော်ရာသို့ သွားရောက် နေထိုင်ရတော့မည်ဖြစ်ပေရာ ကျွန်ုပ်၏ ရည်ရွယ်ချက်ကြီးများကိုလည်းကောင်း၊ ကျွန်ုပ် ကြိုးပမ်းရမည့်ခရီး ဘဂလမ်းကိုလည်းကောင်း တတွေးတွေးနှင့် အိပ်၍ မရတစ်ချက် ရတစ်ချက်ဖြင့်ပင် မိုးလင်းရပေတော့ သည်။ အရုဏ်တက်လောက်တွင် အိမ်မကြီးဘက်၌ အသန့်ကလေးနိုးကာ မီးဖိုချောင်ထဲ၌ တချောက်ချက်ချက် လုပ်နေ သည်ကို ကျွန်ုပ်၏ အိပ်ရာမှနေ၍ ကြားရ၏။ အသန့်သည် ကျွန်ုပ်လမ်း၌ စား၍သွားရန် ထမင်းထုပ်၍ ပေးလိုက်ဖို့ ထမင်းအိုးတည်၍နေခြင်းဖြစ်၏။ မကြာမီပင် အိမ်မထက်မှနေ၍ "အစ်ကိုကံကောင်း ထတော့လေ မိုးလင်း တော့မယ်"ဟု နှိုးသံကို ကြားရသဖြင့် ကျွန်ုပ်လည်း အိပ်ရာမှထကာ ကိုယ်လက်သတ်သင် အဂတ်အစားလဲရ၏။ အသန့်ခမျာကား ကျွန်ုပ်အတွက် ထမင်းထုပ်ကလေး အသင့်ထုပ်၍ နေပေသည်။ ကျေးဇူးရှင် လင်မယားတို့ လည်း အိပ်ရာမှနိုးကြကာ ကျွန်ုပ်အား ပညာကြိုးစားရန်ထပ်၍မှာကြ၏။

နောက်ဆုံး၌ နေကလေးမထွက်မီတွင် ကျွန်ုပ်သည် ကျေးဇူးရှင်များကို ဦးချကန်တော့ကာ အိမ်မှ ထွက်ရန် အသင့်ပြင်ရ၏။ အသန့်သည် အသင့်ချိတ်ထားသော ကျွန်ုပ်၏ အပေါ်အင်္ကျီကို ယူပေးရှာ၏။ သူ့ကို ကြည့်

လိုက်ရာတွင် မျက်ရည်ကလေးအဝဲသားနှင့် ဖြစ်နေသဖြင့် ကျွန်ုပ်၌ ရင်ဆို့သွားမိ၏။ ကျေးဇူးရှင်အသန့်၏ မိခင်သည်လည်း အင်္ကျီလက်ဖျားဖြင့် မျက်လုံးထောင့်ကို တို့ရှာသည်။

"ကိုင်း... အသန့်... အကိုကံကောင်း သွားတော့မနော်..." နှုတ်ဆက်လိုက်သည်တွင် အသန့်သည် မျက်ရည်တွေ ဝိုင်းဝိုင်းလည်နေရာက "ဟုတ်... ဟုတ်ကဲ့ဟု ငိုသံပါနှင့် ဆိုရှာသည်။ ကျေးဇူးရှင်တို့၏ နှုတ်ဖျားမှ "စာ... တစ်လ တစ်ခါရေးပါကွယ်။ တို့ဆီကလဲ စာရေးမယ် ဟုတ်လား... ကဲ... ကဲ ... သွားပေတော့ သားရယ်... အစစ အရာရာလိမ္မာပါကွယ်" ဟူသော နှုတ်ဆက်သြဝါဒစကားများကို နာခံရင်း ကျွန်ုပ်သည် ကျေးဇူးရှင်တို့၏ အရိပ်အာဝါသမှ ခွာခဲ့ရပေသည်။

**ဆက်ရန်**

## တင့်တယ် ၏ ကမ္မဖလ အပိုင်း (၁၁)

### တွေ့လွဲ လွဲရခြင်း

ကျေးဇူးရှင်တို့၏ အရိပ်အာဝါသမှ ခွာခဲ့၍ သင်္ဘောပေါ်သို့ ရောက်ပြီးလျှင် လက်မှတ်ခံရန် ပိုက်ဆံအိတ်ကို စမ်းသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏ပိုက်ဆံအိတ်ထည့်ထားသောအတွင်းအိတ်တွင် အထုပ်ပြားချပ်ချပ် ကလေး တစ်ခုကိုတွေ့ရသဖြင့် ထူးဆန်းလှပေသည်ဟု ကပျာကသီထုတ်ယူကာ ကြည့်လိုက်၏။ အထုပ်ကလေးမှာ အလှူတစ်ခုမှ လက်ဆောင်ပေးသော စက္ကူအိတ်တစ်အိတ်အတွင်း၌ တစ်စုံတစ်ခုကိုထည့်ကာ ကျကျနန ချိုးခေါက်၍ ထုပ်ထားပြီးလျှင် အပေါ်ကအပ်ချည်ကြိုးနှင့် စည်းနှောင်ထား၏။ ဖြေဖွင့်၍ ကြည့်လိုက်သော အခါတွင် အတွင်း၌ ပန်းထိုးလက်ကိုင်ပဝါကလေးတစ်ထည်၊ ဂိတိုရိယတံဆိပ်ခေါင်းပါသော တစ်ကျပ်တန် ငွေစက္ကူတစ်ချပ် နှင့် စာတိုကလေးတစ်စောင်ကို တွေ့ရပေသည်။ ထိုစာကလေးမှာ -

ရိုသေစွာ စာရေးပါသည် အကိုကံကောင်းရှင့်။ အကိုကံကောင်း လမ်းမှာသုံးဖို့ အသန့်စုထားတဲ့ ငွေတစ်ကျပ် ကိုပေးလိုက်ပါသည်ရှင့်။ ပီးတော့ အသန့် အကြိုက်ဆုံး လက်ကိုင်ပဝါကလေးလည်း ပေးလိုက်ပါသည်ရှင့်။ ကျောင်းပိတ်တိုင်း အသန့်တို့ဆီကို မြန်မြန် ပြန်လာပါရှင့်။ အသန့်တို့ဆီကလဲ စာပြန်ပါမည်ရှင့်။ ကျောင်းပိတ်ရင် ဆက်ဆက် ပြန်ခဲ့ပါရှင့်။ အသန့်မျှော်နေပါမည်ရှင့်။

ညီမကလေး<br>အသန့်

ဟူသောစာကလေးပင်ဖြစ်၏။ ကျွန်ုပ်သည် လက်မှတ်မယူဖြစ်သေးဘဲ သူ့စာကလေးနှင့် လက်ကိုင်ပဝါ ကလေး ကို ကြည့်ကာ သင်္ဘောလက်ရမ်းသို့ လာခဲ့မိပေသည်။ သင်္ဘောကုလားတို့သည် ကုန်းဘောင်ကို ထိုးတင်ကြပြီး ဖြစ်၍ သင်္ဘောသည် ဆိပ်ခံမှတရွေ့ရွေ့ခွာစပြု၏။ ကျွန်ုပ်လည်း လှိုက်လှဲသောနလုံးဖြင့် တရွေ့ရွေ့ ရွေ့ကာ

ကျန်ရစ်ခဲ့သော ညီမကလေးအသန့်ရှိရာ မြို့ကလေးကို တွေဝေငေးမောကာကြည့်ရင်း ရင်တွင်း၌ လှိုက်လှိုက်လှဲလှဲ ဂမ်းနည်းမိလေတော့သည်။

မြေတိုင်းကျောင်း၌ ကျွန်ုပ်ကြိုးစားရပုံတို့ကို ရေးလျှင်ကားဆုံးနိုင်ဖွယ် ရှိမည်မဟုတ်ပေ။ ဤနေရာအထိ ကျွန်ုပ်၏ ဖြစ်စဉ်မှတ်တမ်းကို ရေးသားပြီးသောအချိန်၌ ကျွန်ုပ်၏ ဂတ်လုံများသည် ကျွန်ုပ်၏ ကြိုးဒဏ်အယူခံချက်ကို တရားလွှတ်တော်ချုပ်၌တင်ကာ လျှောက်လဲချက်များပေး၍ပင်နေကြပေပြီ။ ကျွန်ုပ်၌ အချိန်များစွာ မရှိတော့ပေ။ ထို့ကြောင့် ကျွန်ုပ်၏ ဖြစ်စဉ်မှတ်တမ်းကို အတိုချုံ့နိုင်သည့်နေရာတို့၌ ချုံ့ရပေတော့မည် ဖြစ်၏။ ထို့ကြောင့် အတိုချုံ့ရမည်ဆိုပါလျှင် ကျွန်ုပ် မြေတိုင်းကျောင်းတက်၍ နေရာ၌ အသန့်ကလေးတို့ထံ လစဉ်မှန်မှန် စာတစ်စောင်ကျထည့်၏။

ကျောင်းအိပ်ကျောင်းစားဘဝ၌ နေထိုင်ရသောကြောင့် အစားအသောက်အနေအထိုင် အချိန်မှန်ကန်သည့်အားလျော်စွာ ကျွန်ုပ်သည် ကြွက်သားကြီးထွားရေး လေ့ကျင့်ခန်းများကို ကျကျနနကြီး လိုက်စားခဲ့၏။ အသွေးအသား တက်ဖြိုးချိန်ဖြစ်သည့်အလျောက် ကျွန်ုပ်မှာ ကာယဗလ လျင်မြန်စွာ ကျိုင်းလာပေရာ နောက်ဆုံး ၌ ကျောင်းနေဖက် မိတ်ဆွေများကပင် "ဖားပြုပ် ကံကောင်း" ဟု အမည်ပြောင်း ပေးထား ကြ၏။ အကြောင်းမှုကား ကျွန်ုပ်မှာ အင်္ကျီကျွတ် ဘောင်းဘီတိုနှင့်ဆိုလျှင် အလွန်ကြည့်၍ကောင်းသော အားရစရာ ကိုယ်လုံးရှိသော်လည်း ကျကျနန အပေါ်အင်္ကျီနှင့် ရှပ်လည်မာနှင့် ဂတ်လိုက်သောအခါ မို့မောက်နေသော ပုခုံးကြွက်သားများကြောင့် ဖားပြုတ်နှင့်တူသောကြောင့် ဖြစ်ပေသည်။ ကာယဗလ ပြည့်ဖြိုးလာသည်၌ သဲအိတ်ထိုး လေ့ကျင့်ခဲ့သေး၏။

နောက်ဆုံး၌ ငှက်ပျောပင်ပို ထက်ပိုင်း ဒိုက်ဆိုက်ကျိုးအောင်ထိုးနိုင်ခဲ့၏။ ဤအခါ၌ ရင်ထည်းတွင် ကိုယ့်ဗလနှင့် ကိုယ့်လက် သီးဆုပ်ကို ကြည့်ကာ ပြုံးမိ၏။ ပြုံးလိုက်သောအခါတွင် ကျွန်ုပ်၌ ရွှေသွား တစ်ချောင်း ဂါးကနဲပေါ်၍လာရာ ထိုရွှေသွားကို ကြည့်ရင်းပင် ထပ်၍ ပြုံးလိုက်မိပြီးနောက် "အော် ... မောင်ညိမ်းအောင်" ဟု ဆိုကာ ရင်မောက်အောင် အသက်ရှူမိပေသည်။ မောင်ညိမ်းအောင်၏ လက်ချက်ကြောင့် နဲ့ခဲ့ရသောသွားမှာ ပြန်၍ မခိုင်တော့သဖြင့် ကျွန်ုပ်သည် ငွေကလေး ခြစ်ခြစ်ခြုတ်ခြုတ်စုကာ ရစ်ကျပ်တန် ရွှေသွားတစ်ချောင်းကို စိုက်ခဲ့ရပေသည်။ ရွှေသွားကို မြင်မိတိုင်း ဖြစ်ခဲ့သမျှကို သတိရ၏။ နံနက်တိုင်း သွားတိုက်အပြီး မှန်ထဲ၌ ကြည့်လိုက်လျှင် ထိုရွှေသွားဂါဂါသည် ကျွန်ုပ်၏ ဘဂသန္တဌာန်ကြီးကို မမေ့အောင် ဖန်တီးလျက် အနာရွတ်မြင်တိုင်း မဟော်ကို မကျေသော ကေဂင်နှကဲ့သို့ ရှိရပေသည်။

အသန့်ထံမှ တစ်လတစ်စောင် စာမှန်မှန်လာ၏။ သူစာကလေးတွေမှာ သူ့မိဘများအကြောင်း မြို့ရွာအကြောင်း မြေတိုင်း အင်စပက်တော်ကြီးက မေးမြန်းသည်ဆိုသော အကြောင်းတွေ အားလုံးပါ၏။ သို့ရာတွင် သူ့စာကလေးဆုံးတိုင်း "အစ်ကိုကံကောင်းကို အသန့်အမြဲသတိရပါသည်ရှင့်။ဘယ်တော့မှမမေ့ပါဘူးရှင့်။ကျောင်းရက်ရှည်ပိတ်လျှင် ပြန်လာခဲ့ပါရှင့်"ဟူ၍သာလျှင် အမြဲအဆုံးသတ်လေ့ရှိပါသည်။ ကျွန်ုပ်လည်း ကျောင်းပိတ်ရက်တိုင်း အသန့်တို့ဆီသို့ ပြန်ပေသည်။ တစ်ခါတစ်ခါ အသန့်က ကျောင်းပိတ်ရက်နီးလျှင် သူစုထားသော

စဘူးကလေးကို ဖောက်၍ တတ်နိုင်သမျှ လမ်းစရိတ်ထောက်သေး၏။ သူပို့လိုက်သော ငွေကလေး များရောက်၍လာလျှင် ကျွန်ုပ်မှာ လောကတွင် ကျွန်ုပ်အပေါ်၌ တွယ်တာခင်မင်သူမှာ သူကလေး တစ်ဦးသာရှိသဖြင့် သူကလေးကို ပြေး၍တွေ့ချင်သောစိတ်များ ဘွားကနဲပေါ်ပေါက်လာတတ်၏။ ထို့ကြောင့် နွေရာသီကျောင်းပိတ်ရက်တိုင်း အသန့်တို့ဆီသို့ပြန်ကာ ၂-လမျှနေလေ့ရှိခဲ့ပေသည်။ သို့ပြန်ရာ၌ ပဌမနှစ်တွင် -အသန့်မှာ ၁၃ နှစ်အရွယ်ကျော်ကျော် ရှိပြီဖြစ်၍ ဆံရစ်ကလေးဘဂမှ ဆံရဏ်ဆံတောက် ကလေးထားရပေပြီ။ ကျွန်ုပ်အိမ်သို့ ပြန်ရောက်သည့်နေ့၌ အိမ်ပေါ်မှ ဒရောသောပါး ပြေးဆင်းလာကာ ကျွန်ုပ်၏ အင်္ကျီလက်မောင်းကို ဆွဲခို၍ လိုက်ပါလာ၏။ အသံပို၍သာလာ၏။ လူကောင်မှာလည်း သိသိသာသာထွား၏။ ငယ်ရုပ်များပင် ပျောက်လွင့်စပြုပေပြီ။ ညအခါ၌ အိမ်ရှေ့လမ်းပေါ်မှ ကလေးတစ်စုတို့ "ကြက်တူရွေး ခွေးကိုက်တယ်" အော်ကာ ပြေးကြသည်ကို ကြားရပေသည်။ ဤအချိန်၌ အသန့်သည် ဘုရားပန်းများကို သီတံနှင့်သီ၍ နေတတ်သည်။

ဒုတိယနှစ်တွင် - အသန့် မှာ ၁၅ နှစ်ထဲသို့ ရောက်နေ၏။ ဆံတောက်ကြီးဖားဖား ဝေ၍နေပေပြီ။ ကျွန်ုပ်အိမ်သို့ပြန်ရောက်သောနေ့၌ အသန့်သည် အိမ်ပေါ်မှ ဒရောသောပါး ပြေးဆင်းလာကာ ကျွန်ုပ်၏ လက်မှ လက်ဆွဲသားရေအိတ်ကို ဆွဲယူကာ ကျွန်ုပ်၏ နောက်မှ စကားပြောရင်း လိုက်လာရှာ၏။ ခရစ်ယာန်သူနာပြုဆရာ မများဂတ်သော အင်္ကျီလက်ဂကားကားနှင့်လုံချည်တွင် ဘီအေမအနားများတပ်၍ ဂတ်နေပေပြီ။ လသာသာညများတွင် အိမ်ရှေ့လမ်းပေါ်မှ "ပပဂတီရေ ... ပြည်ကြီးသာဂလ ငါမပြန်ပါပြီကဘဲ... " ဟူသော ဖိုးစိန်ငိုချင်းကို ကြားရပေသည်။ ဤအချိန်၌ အသန့်သည် တက်တင်းထိုး၍ နေတတ်ပေသည်။

တတိယနှစ်တွင် - အသန့်မှာ ၁၅ နှစ်ကျော်၍ ၁၆ နှစ်ထဲသို့ ဂင်လေပြီ။ ဆံတောက်ဖားဖားကြီးကိုပင် ဦးလုံးသွင်းရန် အရှည်ခံ၍ ထားရပြီဖြစ်၏။ ကျွန်ုပ်အိမ်သို့ ပြန်ရောက်သောနေ့၌ အသန့်သည် အိမ်ပေါက်တံခါးဂမှ "ဟော ... အကိုကံကောင်း ကျောင်းကပြန်လာပြီ "ဟု ချိုသာကြည်လင်စွာ နှုတ်ဆက်ရှာ၏။ ပြီးလျှင် ကျွန်ုပ်၏ လက်က လွယ်အိတ်ကို ဆွဲယူပေသည်။ သွတ်ကွက်လက်ကောက်ကလေး တစ်ဖက်တစ်ကွင်း ဂတ်ထား၏။ နားတွင် ဉသသဖရား သုံးပွင့်ဆိုင် နားကပ်ကလေး ပန်ထား၏။ လည်တွင် အစ်မစီကြိုးတစ်ကုံး ရွေးကြီးစေ့ခန့် လောကက်သီးကလေးနှင့် ဆွဲထား၏။ လသာသာညအခါများတွင် အိမ်ရှေ့လမ်းမပေါ်မှနေ၍ လဆွတ်ချူ ယူငင် ပန်ဆင်လေ ပန်ဆင်လေ ပန်ဆင်ရန် ရည်စူး မြင်မြင်သူ စိတ်ကယ်ကကူးသည်နှင့်လေး" ဟူသော တယောမယ်ဒလင် ဘင်ဂျိုတို့ဖြင့် အစုလိုက်တီးမှုတ်သွားကြသော အသံများကို ကြားရတော့ ပေသည်။ ဤအချိန်၌ အသန့်သည် ဘုရားစင် နဖူးစည်းအတွက် ဆင်တံဆိပ်ဇာချည်လုံးဖြင့် တစ်ချောင်းထိုး ထိုး၍နေတတ်ပေသည်။

ထိုသုံးနှစ်တို့သည် အသန့်တို့ထံ ပြန်ရမည့်ရက်ကို စောင့်မျှော်ရသောအခါ၌ တော်တော်နှင့်နှစ်မကုန်နိုင်ပေ။ အသန့်တို့ထံတွင်နေရသော ၂ လကာလကလေးမှာကား ဖြုတ်ခနဲကုန်၍ သွားလေ့ရှိပေသည်။ ကျွန်ုပ်မြေတိုင်းကျောင်းမှ စာမေးပွဲအောင်၍ ကျောင်းဆင်းခဲ့၏။ ကံအားလျော်စွာ ကျွန်ုပ်သည် နေရင်း အသန့်တို့မြို့ကလေးသို့ ပြန်၍မရောက်စေကာမူ ထိုမြို့နှင့် မိုင် -၂ဂဆယ်ခန့်ကွာသော အခြားမြို့ကလေးတစ်မြို့၌ အလုပ်ဂင်ရ၏။

စတုတ္ထနှစ်တွင်- ကျွန်ုပ်သည် အသန့်တို့ အိမ်သို့ သုံးခေါက်ရောက်ခဲ့၏။ ဤအခါတွင်ကား ကျွန်ုပ်မှာ ခြေကုတ် အလုပ်ကလေးနှင့် ဟန်ကျပန်ကျ ရှိနေပြီဖြစ်သောကြောင့် အသန့်အတွက် မက်ကောစောင် လိပ်ခွံဆံထုံးခံ၊ မာဖလာ၊ လုံချည်စသည်တို့ကိုပင် လက်ဆောင်ကလေးများယူ၍ သွားနိုင်ပေပြီ။ ကျွန်ုပ်၏ ကျေးဇူးရှင်များ ကိုလည်း ဘန်ကောက်လုံချည်အုပ် ကန်တော့နိုင်ခဲ့၏။ ကျွန်ုပ်၏ အလုပ်နှင့် မကင်းရာမကင်းကြောင်း ဖြစ်သော တောကမိတ်ဆွေများထံမှလာပို့သည့် ဒူးရင်း၊ မင်းကွတ်တို့ကိုလည်း ခြင်းကြီးခြင်းငယ်နှင့် ထည့်၍ သယ်ယူ ခဲ့နိုင်ပေသည်။

ပဥ္စမနှစ်သို့ခုန်ကြစို့ - အသန့် ၁၈ နှစ်ရွယ် ရှိပေပြီ။ ထိုနှစ်ထဲတွင် ကျွန်ုပ်၏ ဆရာရင်းဖြစ်သော မြေတိုင်း အင်စပက်တော်ကြီး ပင်စင်ယူလိုက်သဖြင့် သူ၏နေရာ၌ ကျွန်ုပ်မှာ အစမ်းခန့်ထားခြင်းခံရ၏။ သို့အားဖြင့် ကျွန်ုပ် အလွန်ပြန်ချင်နေသော အသန့်တို့ဆီသို့ ကော်ဖောပျံနှင့်လိုက်၍ ပို့လိုက်သလို ရောက်လာရပေတော့သည်။ ကံတရား၏စီမံပုံကို ကျွန်တော်ကျေနပ်မိပြန်ပေသည်။ ယခင်က အခါခါလက်ပေး၍ သတ်တတ်သော ကံဆရာ၏ (သောက်)ကျင့်ကို ကျွန်ုပ် မမှတ်သေး။ ကံ တယ်ပြီး ကောင်းပါလားဟု ကျေနပ်၏။ ကံတရားကိုသာ အကောင် အထည်မြင်ရလျှင် ထိုင်၍ ဦးချချင်စိတ်ပေါက်၍ လာမိပြန်ပေသည်။ ဒီတစ်ခါ တော့ဖြင့် လွတ်လွတ်ကျွတ်ကျွတ် စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်အောင် ကံကိုယ်တော်မြတ်က ဖန်တီးမှ ဖန်တီး တတ်ပလေတယ်ဟု တွေးကာ ကြည်နူးမိ၏။

ကျွန်ုပ်ကား လူတစ်လုံးသူတစ်လုံးအခြေသို့ ရောက်ရန်တစ်ထစ်သာလိုပေတော့သည်။ ယခုမြေတိုင်း အင် စပက်တော် ရာထူး၌ အစမ်းခန့်ခြင်းခံရသည်မှနေ၍ ရာထူး အမြဲတမ်းရဖို့မှာ အလွန်ဆုံးစောင့်ရလျှင် တစ်နှစ်၊ ခြောက်လသာလျှင် ကြာပေတော့မည်။ သို့ဖြစ်သောကြောင့် ကျွန်ုပ်၏ အခြေခိုင်အံ့ဆဲဆဲဖြစ်လာသောအခါတွင် ကျွန်ုပ်မှာ ရည်ရွယ်ချက်သန္နိဋ္ဌာန်ကြီး၏အတိုင်း ငွေ၏မာနဖြင့် ရက်စက်လှစွာသောမိသားစုတစ်မြုံလုံးကို မျိုး ဖြုတ်ရန် သင်းတို့၏ အကြောင်းစုံကို သတင်းရသမျှ မေးမြန်းမှတ်သားတာ ကြွက်ကို ချောင်းသော ကြောင်ကဲ့သို့ အနံ့ခံကာ စောင့်ဆိုင်းနေ၏။

အထက်၌ အသန့်ကလေး၏ အကြောင်းကိုသာ ရေးသားနေရသဖြင့် ထိုနှစ်များအတွင်းဂယ် ကျွန်ုပ်၏လက်စား ချေရန် သန္နိဋ္ဌာန် ချက်ကြီးမှာ ပြီးပြေကျေပျောက်လေပြီလောဟု သံသယ ဖြစ်မိကောင်းဖြစ်ကြပေလိမ့်မည်။ ကျွန်ုပ်အဖို့၌ကား မောင်ညိမ်းအောင်၏လက်သီးချက်ကိုခံ၍ အဖိုး၏အိမ်မှ ပြန်ခဲ့ရသောအခါတွင် ရည်ရွယ်ချက် သန္နိဋ္ဌာန်ကို ချခဲ့ပြီးသည့်နောက် ကျွန်ုပ်မှာလက်စားချေလိုသော ရည်ရွယ်ချက်သာရှိ၏။ လက်စားချေရန် လမ်းအခွင့်ကို မမြင်သေး လမ်းအခွင့်ပေါ်သည်အထိ ကိုယ့်အခြေခိုင်ခိုင်နှင့် စောင့်နိုင်ဖို့ကလည်း လိုသေး၏။ ထို့ကြောင့်ပင် ကိုယ့်အခြေခိုင်ရေးအတွက် လက်ဦးကြိုးစားခဲ့သည်မှာ အောင်မြင်လုနီးပေပြီ။ အောင်မြင်သော အခါ၌ လက်စားချေရန် အခွင့်အလမ်းကို ပိုင်နိုင်စွာ ရှာဖွေဖို့ တစ်ထစ်ကျန်သေး၏ ထိုမှတစ် ဖန်ပေါ်လာသော အခွင့်အလမ်းကိုဖမ်းယူ၍ လက်တွေ့အားဖြင့် လက်စားချေဖို့တစ်ဆင့်ကျန်၏။ လက်စားချေပြီး၍ သင်းတို့တစ်မြုံ

လုံး ပြုတ်ပြုတ်ပြုန်းကာ အဘိုး၏အမွေအနှစ်ကို ကျွန်ုပ်တစ်ယောက်တည်း မြိန့်မြိန့်ကြီးခံစားရသောအခါမှ ကျွန်ုပ်သည် အောင်မြင်ခြင်း အထွတ်အထိပ်သို့ ရောက်မည်ဖြစ်သည်။

တစ်ဆင့်ပြီးတစ်ဆင့် ဤကဲ့သို့ကြိုးပမ်းရာလမ်းစဉ်မှာ လက်ဦးက လက်စားချေလိုစိတ်သာလျှင်မွှန်နေ၍ လမ်းစဉ်ကို မမြင်။ မြူနှင်းတွေဖေ၍ နေသလို ပိုးတိုးဂါးတားသာ ဖြစ်နေ၏။ ထို့နောက် မြေတိုင်းကျောင်းတက်ရရာ၌ လက်စားလုလုချေနိုင်ရန် စောင့်လာသောအခြေအနေကို လက်လှမ်းမီလာ၏။ ထိုအခြေကို ခုတုံးပြု၍ လက်စားချေရန် အနေအရပ်သင့်လုနီးပါး ဖြစ်လာသောအခါ၌မူ ကျွန်ုပ်မှာစစ်ပွဲ၌ တစ်ဘက်ရန်သူ၏ တပ်အနေအထားကို စုံစမ်းထောက်လှမ်းရသလို ကျွန်ုပ်၏ ကမ္ဘာ့ရန်မိသားစု၏ အခြေကိုလည်း စုံစမ်းထောက်လှမ်းစပြုလာရ၏။ လက်ဦးပထမကသွေးဆူလျက် ချက်ခြင်းပင် အားလုံးကိုသတ်ချင်၏။

သတ်ချင်စိတ်အတိုင်း ဓားနှင့်အားလုံး ခုတ်သတ်လျှင် လွတ်သူတို့လွတ်လေဦးမည်။ မည်သူမျှမလွတ်ဘဲ အားလုံးကိုပင် လည်ပင်းကို ဖြတ်နိုင်သည်ထားတော့။ ကျွန်ုပ်မှာ စက်တိုင်သို့တက်ရမည်မလွဲပေ။ ထို့ပြင် အသိုင်းအဝန်းကောင်းလှသော သူတို့အကြားတွင် ကျွန်ုပ်ပင်လျှင် အရေးနိမ့်လိုက နိမ့်နိုင်ပေသေးသည်။ သို့ဖြစ်လေရာ ကျွန်ုပ်မှာချက်ခြင်းသတ်ချင်သောစိတ်ကို နှိမ်ခဲ့ရ၏။ နှိမ်ပြီးလျှင် ရင်တွင်း၌သာ တကြိတ်ကြိတ် နာကျည်းရင်း ကျွန်ုပ်ဘက်က မည်သည့်နည်းနှင့်မျှ အရှုံးမပေါ်နိုင်သော လက်စားချေနည်းကို အမျိုးမျိုးကြံဆခဲ့၏။ ကျွန်ုပ်တွင် မဲ့တစ်ပေါက်မျှ အစွန်းမခံရဘဲ သင်းတို့တစ်တွေ အားလုံးသေ၍ကုန်မှ ကျွန်ုပ်သည် အဘိုး၏ပစ္စည်းထုထယ်ကြီးပေါ်၌ စုံခွ၍ ထိုင်နိုင်မည်မဟုတ်ပါလော့။ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ သင်းတို့တစ်မြုံလုံးကို သတ်ရုံမျှ သတ်ဖို့သာ မဟုတ်၊ သင်းတို့အားလုံး ပျက်စီးသည့်အပြင် အဘိုး၏ အမွေအနှစ်အားလုံးကိုလည်း ကျွန်ုပ်တစ်ဦးတည်းခံစားရဖို့ ရည်ရွယ်သည်လည်းဖြစ်ပေရာ ငါးနှစ်ကြာမျှစောင့်၍ ကိုယ့်တပ်ကိုကိုယ်လုံအောင် တည်ဆောက်ခဲ့ရပေတော့သည်။

သို့တည်ဆောက်နေရသည့် အတွင်းဂယ် ပါးစောင်ခွေးစွယ်နေရာက ရွှေ့သွားကလေးတဂါဂါသည် ကျွန်ုပ် အားအဘိုးဦးနကီပေါင်ပေါ်မှ တွန်းချသည့်ကလေးဘဝအစွဲ ငုတ်စိတ်ကအစ ကျွန်ုပ်၏ ရည်ရွယ်ချက် သန္နိဋ္ဌာန်ကြီးကိုမမေ့။ အခွင့်အလမ်းမပေါ်သေး၍ လည်းကောင်း၊ အခွင့်အလမ်းပေါ်အောင် စောင့်ရစဉ်တွင် ကိုယ့် အခြေခိုင်ဖို့ ပြုစုနေရခြင်းဖြင့်လည်းကောင်း အချိန်ကိုကိုယ်ကျိုးရှိအောင် အသုံးချ၍နေခဲ့ခြင်းဖြစ်ပေသည်။ ကျွန်ုပ်၏ ရည်ရွယ်ချက်ကြီးများ အောင်မြင်စေရန်မှာ အစောင့်တတ်ဖို့လို၏။ အစောင့်တတ်ခြင်းမှာ အခြားမဟုတ်၊ ကိုယ်လုပ်လိုသော အလုပ်ကိုမလုပ်ရမီအချိန်ကို စောင့်နေဆဲ၌ အခြားအလုပ်တစ်ခုခုကို လုပ်၍နေခြင်းပင် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်၏ လက်စားချေလိုစိတ်မှာ ငါးနှစ်ကြာသော်လည်း ဆံချည်တစ်ခြမ်းမျှ မလျော့ခဲ့။ တွေးလေ … နာလေ အမြစ်ပို၍ ခိုင်မာစွာ တွယ်လေဖြစ်၏။ လက်စားချေလိုစိတ်သည် လက်ဦးဒေါသထွက်စဉ်က သံရည်ပူပူနှင့်တူခဲ့၏။ သံရည်မှာပူနေစဉ်၌ လိုရာကို ပုံသွန်း၍ ရသေး၏။ အေး၍ခဲသွားသောအခါ၌ကား မည်သို့မျှ လွယ်လွယ်နှင့် ပြုပြင်ဖန်တီး၍ မရနိုင်တတ်ပေ။ ထိုနည်းအတူ မိခင်အတွက်နှင့်လည်းကောင်း၊ မောင်ညီမ်း

အောင် လက်သီးချက်ကြောင့်လည်းကောင်း၊ ကျွန်ုပ် ဒေါသတွေ ဆူဝေ၍ နေစဉ်က အကယ်၍ များ ဦးဒေါနသာ ကြေရာကြေကြောင်း တစ်ခုခုလုပ်လိုက်လျှင် ကျွန်ုပ်၌ လက်စားချေလိုစိတ် ပေါ်လိုမှပေါ်လာပေမည်။ ယခုကဲ့သို့ သွေးတဖြည်းဖြည်းအေးလာခဲ့သည်၌ လက်စားချေလို စိတ်သည်လည်း သံရည်ပူအေး၍ခဲသလို မည်သည့် နည်းနှင့်မျှ အခဲမကျေနိုင်ရှိပေရကားမမေ့။ ဘယ်အခါမျှမမေ့။ လက်စားလုလု ချေနိုင်မည့်နေ့ကိုသာ စောင့်ခဲ့၏။

မစောင့်လျှင်လည်း မဖြစ်။ ကျကျနန ပိပိရိရိကြီး လက်စားချေရန်မှာ မလွယ်။ တစ်ဆွေလုံး တစ်မျိုးလုံးကို ပြောင်းဖူးစေ့ချွေသလို တစ်ယောက်ပြီးတစ်ယောက် ဘယ်သူမျှ မရိပ်မိစေဘဲ အသက်တွေကို ဖျက်ချွေရမည်မှာ သာ၍မလွယ်ပေ။ ထိုသို့ မည်သူမျှသင်္ကာယန အစွန်းအစမျှ မထင်ကြအောင် လက်စားချေနိုင်မှလည်း ကျွန်ုပ်မှာ အဘိုး၏အမွေကို ဒိုင်ခံရပေမည်ဖြစ်၏။ ယင်းသည့်နည်းဖြင့် လက်စားချေရန်မှာ လက်ဦးဆုံး သူတို့၏အနီးသို့ ချဉ်းကပ်နိုင်မှ ဖြစ်ပေမည်။ ပထမတစ်ချီ၌ စေတနာဖြင့် ချဉ်းကပ်ကြည့်၏။ လက်သီးစာ အကျွေးသာခံရ၏။ မကပ်နိုင်ခဲ့။ ယခုကဲ့သို့ တစ်မြုံလုံး သတ်ဖြတ်ရန် ဆုံးဖြတ်ချက်ဖြင့် သူတို့အနီးသို့ ကပ်ရန်မှာ ပို၍မလွယ်ပေ။

လမ်းအခွင့်ကို ဖမ်းယူတတ်မှ ကပ်သာမည်ဖြစ်၏။ လမ်းအခွင့်ကိုလည်း စောင့်ရ၏။ ထို့ပြင် ကျွန်ုပ်အား နဖူးတွေ့ ဒူးတွေ့တွေ့ကြစဉ်က ဆူလျှံကြသော သူတို့၏ ဒေါသမီး အရှိန်အတောက် ငြိမ်းအေးအောင်လည်း စောင့်ရ၏။ အနာတက်ခိုက်တွင် ဆေးချက် မထိနိုင်ပေ။ တစ်ဖန် ကျွန်ုပ်၏ကိုယ်ပိုင်ခြေကုတ်ရဖို့ကိုလည်း စောင့်ရ၏။ ငါးနှစ် စောင့်ခဲ့ရလေပြီ။ စောင့်ရကျိုးကား ကိုယ်ပိုင်အခြေကိုရသဖြင့် ကျေနပ်လောက်၏။ သို့ရာတွင် အောင်မြင်မှု အထွဋ်အထိပ်သို့ကား မရောက်သေး၊ ကိစ္စမရှိပါ။ ကျွန်ုပ်သည် ကြောင်လက်သည်းပုက်သကဲ့သို့ သည်းခံ၍ ဖွဲ့နှင့် စောင့်တတ်သော အလေ့ကို ဖူဖူလုံလုံကြီး ရခဲ့ပြီဖြစ်ပေသည်။

သို့နှင့် အထက်၌ ဆိုခဲ့သည့်အတိုင်း ကျွန်ုပ်သည် အသက် ၂၃ နှစ်အရွယ်သို့ ရောက်သောအခါ ယာယီမြေ တိုင်းအင်စပက်တော်ရာထူးဖြင့် အသန့်ကလေးတို့ရှိရာ နေရင်းမြို့သို့ ပြန်၍ ရောက်ခဲ့၏။ ကျေးဇူးရှင်များနှင့် တကွ အသန့်တို့ ဂမ်းမြောက်ဂမ်းသာ ရှိကြသည်မှာ ရေး၍မပြနိုင်တော့ပြီ။ ကျွန်ုပ်၏ ကျေးဇူးရှင်ကြီးတစ်ဦးဖြစ် သော မြို့ကျောင်းဆရာတော်ကြီးကပင် ကျွန်ုပ်သွား၍ သက်န်းတစ်စုံ လှူဒါန်းသောအခါ၌ "အိမ်း... ကံကောင်း ဆိုတာနဲ့လိုက်အောင် ငယ်ငယ်ကကံမကောင်းခဲ့ပေမဲ့ ငါ့တပည့်ဂိရိယအကျိုးကြောင့် ရှေ့ကိုဆက်ပြီးကံကောင်း ပါလိမ့်မယ်... အခုလို ကိုယ့်မြို့ကိုယ့်ရွာပြန်ပြီး မင်းမှုထမ်းရတဲ့လူဟာ အရှားသားဘဲ"ဟု မိန့်ပါသည်။ နေရင်း မြို့ကလေးသို့ ကျွန်ုပ် ပြန်ရောက်ခဲ့သည်၌ လက်ဦးတွင် အသန့်တို့အိမ်၌ တည်းခိုနေရ၏။ များမကြာမီပင် အသန့်တို့အိမ်ခြေရင်းက ကျွန်ုပ်ချက်မြုပ်ရာအိမ်ကလေးမှာ ချစ်တီးတစ်ယောက်ကမြေရာကိုဂယ်၍ အိမ်ကလေး တစ်လုံးဆောက်လေရာ ထိုအိမ်ကလေးကို ကျွန်ုပ်ကပင်ငှားရမ်းလိုက်၏။ အိမ်ကလေးပြီးသောအခါ ကျောင်း ဆရာတော်ကိုပင့်၍ အိမ်တက်မင်္ဂလာဆွမ်းကျွေး၍ ကိုယ့်အိမ်ကိုယ့်ရာနှင့် ကျကျနန ရှိနေရပေတော့သည်။ တပည့်ကလေးတစ်ဦးကိုပင် မွေးနိုင်သေး၏။

ဤ အိမ်ကလေး၌ နေရသည်မှာ အသန့်တို့နှင့် နီးစပ်လှသဖြင့် စိတ်ချမ်းသာမိ၏။ သို့ရာတွင် ဤအိမ်မြေရာ ကလေးမှာ ကျွန်ုပ်၏မိခင်ကံဆိုးစွာ အနိစ္စရောက်ရှာသော မြေကွက်ကလေးဖြစ်သောကြောင့် အိမ်နောက်ဖေး

ဘက်သို့ထွက်လိုက်ပါက ကျွန်ုပ်၏ မိခင်ကြိုက်တတ်လှသော ခြံစည်းရိုးမှ ကြက်ဟင်းခါးသီးကလေးများ စိမ်းရာမှ မှည့်ကာ ရွှေရောင်ဂါ၍ လာကြသည်ကိုမြင်ရလျှင် ကျွန်ုပ်မှာ တစ်ခါတစ်ခါ၌ ကံဆိုးမမိခင်ကြီးအတွက် မျက်ရည်များပင် လည်မိတတ်ပေသည်။ ထိုမျက်ရည်တို့သည်ပင်လျှင် ကျွန်ုပ်၏ လက်စားချေလိုစိတ်ကို သန်သည်ထက်သန်အောင် သစ်ပင်ကို ရေလောင်း၍ပေးသည့်ပမာဖြစ်ရ၏။

အိုးသစ် အိမ်သစ် အခြေအနေသစ် တည်ခါစဖြစ်သော ကျွန်ုပ်မှာ အရာရာ၌ အသစ်တည်ထောင်ရသည်ချည်းသာဖြစ်သောကြောင့် မီးညှပ်မှ ခုတင်အထိ တစ်ခုပြီး တစ်ခုလို၍သာနေပေရာ ကျွန်ုပ်၏ ချစ်ညီမကလေးအသန့်မှာ မနေတတ်သူကလေးဖြစ်သည့်အလျောက် ကျွန်ုပ်၏ အိမ်ထောင်တစ်ခုလုံးကိုပင် အချိန်အားလပ်တိုင်း ဂင်ရောက်ဦးစီးပေးကာ လိုသမျှကို အရေးကြီးလျှင် ကြီးသည့်အလျောက် တစ်ခါတရံတွင် သူကပင်စိုက်ထုတ်၍ ဂယ်ခြမ်းပေးတတ်သေး၏။ ကျွန်ုပ်မှာ ယာယီရာထူးမျှသာဖြစ်သေးသဖြင့် လခမှာ စာရေးသာသာမျှသာရှိသေး၏။ ထို့ကြောင့် အိမ်ထောင်မှုကိစ္စ လိုသမျှကို အသန့်သာလျှင် လာဘ်မြင်မြင်နှင့် ဂင်ရောက်စီမံပေးခြင်းမရှိပါက သီးခြားဘဂ ကိုယ့်အိမ်နှင့်ကိုယ်နေခါစတွင် လွယ်လွယ်နှင့်အထာကျနိုင်မည်မဟုတ်ပေ။

ဤအချိန်တွင် အသန့်မှာ ၁၉-နှစ်ထဲသို့ပင် ဂင်စပြု၍နေပေပြီ။ ၁၉-နှစ်ဆိုသည်မှာ ကလေးအမူအရာ လုံးဂကင်းစင်လျက် ကြည်သာသော လပြည့်ဂန်းကဲ့သို့ ရွှန်းရွှန်းဂင့်ဂင့် တင့်မောချောမွေ့ပြကတေ့ဖြင့် အပျိုစင်ဂုဏ်ရည် စုံညီပြည့်ကြွယ်သော အချိန်အရွယ်ဖြစ်ပေရာ ကျွန်ုပ်အဖို့တွင်ကား အားလပ်ချိန်ကလေးရတိုင်း အသန့်ပြုစုကူညီသည်ကို နမရင်းချာကလေးတစ်ယောက် လာရောက်ပြုစုသည်ဟု ထင်မှတ်မိသည့်အထဲတွင် သူ၏အပြုအစု အထိန်းအသိမ်းကို တစ်သက်လုံး ခံယူ၍သွားရလျှင် ကောင်းပေလိမ့်မည်ဟု တစ်ခါတစ်ခါ ၌ ကွက်တိကွက်ကြား တွေးမိမှားလျက်ရှိ၏။ သို့သော် သစ္စာတရားထားအပ်သော ကျေးဇူးရှင်၏သမီး ဖြစ်သည်နှင့်အညီ ကျွန်ုပ်အဖို့တွင် အသန့်အပေါ်၌ မသန့်မရှင်းဖြစ်သည်ကိုပင် ယခင်(၅)နှစ်က နည်းတူ ကိုယ့်ကိုယ်ကို အပြစ်တင်မိ၏။

အသန့်ကလေးအား ညီမထွေးသဖွယ် စိတ်က အမြဲထားနေသော်လည်း တစ်နေ့တစ်နေ့တွင် နီးစပ်နေကြပြန်ခြင်းကမူ ကျွန်ုပ်၏ အချစ်စိတ်ကို လှုံ့ဆော်၍နေပါပေသည်။ သို့သော် ကျွန်ုပ်ဘဂ၏ ရည်ရွယ်ချက် လက်စားချေရန် သန္နိဋ္ဌာန်ကြီးရှိ၍နေ၏။ ထိုရည်ရွယ်ချက် အောင်မြင်စေရန်မှာ မည်မျှကြာအောင် ကြိုးပမ်းရဦးမည်ဟု မသိဘဲရှိလေသေးရာ အိမ်ထောင်နှောင်ကွင်းထဲသို့ ဆင်းသည်ထက် တစ်ကိုယ်တည်း လွတ်လပ်စွာ နေထိုင်ခြင်းကပိုမို၍ အကြံအဖန်များတွင် ပေါက်မြောက်လွယ်မည်ဟုလည်း တစ်ထစ်ချယူဆထား၏။ ထို့ကြောင့်ပင် ကျွန်ုပ်သည် ချစ်ချင်သလိုလို ဖြစ်မိသော်လည်း အကြောင်းကြောင်းကို ထောက်ထား၍ အချစ်ကိုအားမပေးဘဲ နေခဲ့ပေတော့သည်။

သို့နေထိုင်ရင်းက ကျွန်ုပ်သည် အဘိုးတို့ ဆွေမျိုးသိုက်မြုံတစ်အုံလုံး၏ သတင်းများကို စနည်းနာ၏။ ကျွန်ုပ်၏ အိတ်ဆွေ မြေတိုင်းကျောင်းသားတစ်ဦးမှာ အဘိုးတို့မြို့၌ပြန်၍ အမှုထမ်းရလေရာ အဘိုးတို့၌သတင်းဖြစ်လောက်သော ကိစ္စတစ်ခုခုပေါ်ပေါက်ပါက ကျွန်ုပ်ထံသို့ စာရေးအကြောင်းကြားလေ့ရှိ၏။ ထို့ကြောင့် ကျွန်ုပ်

သည် အဘိုးတို့ ညာတိတစ်သိုက် မည်ကဲ့သို့ ဖြစ်ပျက်နေသမျှကို တစ်စမကျန် အားလုံးလိုလိုပင် သိရပေသည်။ သိရသမျှအကြောင်းတို့ကို နောင်အကွက်ဆိုက်သောအခါတိုင်း သီးခြား၍ ဖော်ပြသွားပေမည်။ ယခုလောလော ဆယ်ကား အသနို့၏ အကြောင်းသာ ရေးလိုနေပေသည်။

ယခင် (၁၂)နှစ်ကတည်းက အမြစ်တွယ်မှန်းမသိ တွယ်ခဲ့သော ကျွန်ုပ်၏အချစ်သည် တွန်းကန် ငြင်းဆန်ရင်း ကပင် မတွန်းသာ မကန်သာဘဲ အသနို့အား အတွင်းကြိတ် စုံမက်မိသော စိတ်အဖြစ်သို့ တဖြည်းဖြည်းကူး ပြောင်းလာ၏။ စာရေးဆရာမဟုတ်သဖြင့်ကျွန်ုပ်ထင်ရှားပေါ်လွင်အောင်ကားမရေးတတ်။ အသနို့ကိုဘယ်အချိန် ကမှန်းမသိ ကျေးဇူးသစ္စာကို ချစ်မိနေသည်မှာ အသနို့အတွက် ကိစ္စကြီးတစ်ခုပေါ်၍ လာသောအခါမှသာ ထင်ထင်ရှားရှား သိရပေတော့သည်။ ထိုကိစ္စကြီးမှာကား ကျွန်ုပ်သည် မြေတိုင်းကိစ္စနှင့်သုံးလကြာမျှ ကွင်းဆင်း သွားလာနေရပြီးနောက် အိမ်သို့ ပြန်ခဲ့သည့်နေ့တစ်နေ့တွင် ကျွန်ုပ်အား ကျေးဇူးရှင် လင်မယားတို့က လှမ်း၍ ခေါ်လိုက်သဖြင့် သူတို့၏အိမ်ဘက်သို့ကူးခဲ့၏။

ရောက်သောအခါတွင် "မောင်ကံကောင်းကို မင့်နှမနဲ့ ပတ်သက်ပြီး တိုင်ပင်စရာရှိလို့ပဲကွဲ့" ဟု စကားဦးချီလိုက် သဖြင့် ကျွန်ုပ်လည်း ရင်ထဲ၌ထိတ်ခနဲဖြစ်သွားရကာ နားစွင့်၍နေရပေသည်။ ကျွန်ုပ်ကိုများ အသနို့နှင့် နေရာချ ထား ဖို့ ပြောကြလေမည်လား။ မွေးကင်းစ ကတည်းက အတူတူနေခဲ့သည်သာ များသောကြောင့် ကျေးဇူးရှင် များသည် အသနို့အား ကျွန်ုပ်နှင့် ဆိုလျှင် စိတ်ချလောက်သည်ဟု ယူဆကြလေသလား....။ တစ်ဦးနှင့် တစ်ဦး အတွင်းအပြင် သဘောအစုံအလင်ကိုသိကြပြီးဖြစ်သဖြင့် ကျေးဇူးရှင်များသည် ကျွန်ုပ်အားအသနို့၏အိမ်ထောင် ဖက် အဖြစ်ဖြင့် ရွေးချယ်လိုက်ကြလေပြီလား စသော လားပေါင်းများစွာတို့ ခေါင်းထဲသို့ ရောက်လာကြ၏။ နားစွင့်နေရစဉ်ပင် ကျေးဇူးရှင်တို့က ...

ဒီလိုကွဲ့ မောင်ကံကောင်းရဲ့ ဒီနှစ်သင်္ကြန်မှာ တို့မြို့ကလေးကိုလာပြီး ရေကစားတဲ့ ရန်ကုန်က မောင်စိန်မောင် ဆိုတဲ့ သူငယ်က အသနို့ကိုမေတ္တာရှိလှပါချည်ရဲ့ဆိုပြီး သူ့မိဘတွေကိုပူဆာတာနဲ့ပဲ မောင်ကံကောင်း ကွင်းဆင်း နေတုန်းက တို့ဆီကို လာပြီး သူ့မိဘများက ကြောင်းလမ်းကြသကွဲ့၊ မောင်စိန်မောင်လဲ ပါလာတယ်။ သူတို့က ရန်ကုန်ကပဲ၊ ခနောင်တိုဘက်မှာ ဆန်စက်တွေ ပိုင်တယ်၊ တော်တော်လည်း ချမ်းသာကြတယ်။ ရေရေမွန်မွန် လည်းရှိကြတယ်၊ သူငယ်ကလေးကလည်း အသနို့ထက် တစ်နှစ်ကြီးတယ်၊ ကောလိပ်ကျောင်းမှာ စာသင်နေ တယ်။ လာပြီးတော့ အဲဒီလို တောင်းရမ်းရာမှာ သူတို့က အသနို့အတွက် စိန်တစ်ဆင်စာနဲ့ ဆန်စက်တစ်လုံး လက်ဖွဲ့ပါမယ်လို့ပြောကြတယ်။ သားသမီး ဆိုရင်လဲ မောင်စိန်မောင်တစ်ယောက်တည်း တစ်ဦးတည်းသော သားပဲ၊ တို့ကလဲ ငြင်းစရာတော့ မရှိပါဘူး။ ဒါပေမဲ့ သမီးကို မေးပါရစေအုံးလို့ပြောပြီး၊ အချိန်ဆွဲလိုက်ရတယ်။ အဲဒါ မောင်ကံကောင်း ဘယ်လို သဘောရသလဲ၊ အသနို့ကတော့ သူ့ကိုယ်သူ ငယ်ပါသေးတယ်လို့ ပြောနေ တယ်၊ နို့ပေမဲ့ ၁၉ နှစ်ရှိသွားပြီ မောင်ကံကောင်း မငယ်တော့ဘူး... တို့လဲ သူ့အတွက် စိတ်ချလက်ချ ဖြစ်သွား ချင်ပြီ၊ သီးချိန်တန်သီး၊ ပွင့်ချိန်တန် ပွင့်ပြီး အရွယ်ကလေးကောင်းတုန်းမှာ နေရာချလိုက်ချင်တာပဲ၊ နောက်ဆိုရင် ဂါးလုံးနင်းမိတုံ၊ ဂါးခြမ်းနင်းမိတုံ၊ စိုးရိမ်မိတယ်၊ ဒါပေမဲ့ မောင်ကံကောင်းကတော့ တို့အဖို့မှာ သားကြီးလို ဖြစ်နေ

လေတော့ တို့ကိုတိုင်ပင်ချင်တာကလည်းတစ်ကြောင်းမို့ မောင်စိန်မောင်ရဲ့မိဘတွေကို အချိန်ဆွဲထားလိုက်ရတယ်၊ မောင်ကံကောင်းစိတ်မှာ ကောင်းမယ်ထင်သလား၊ မောင်ကံကောင်းကို တိုင်ပင်ဖို့ ဂတ္တရားမျိုးမှာ ရှိနေတယ်၊ ဒီတော့ ဒီကိစ္စမှာ မောင်ကံကောင်း ဘယ်လိုသဘောရတယ်ဆိုတာကို တို့ သိချင်တာပဲ"ဟု ပြောပြကြ၏။ မောင်စိန်မောင်ဆိုသူ၏ ဓာတ်ပုံကိုလည်း ပြကြ၏။ ကျွန်ုပ်ကား ရုတ်တရက် ရင်ထဲ၌ ဟာတာတာကြီးဖြစ်၍ သွားရပေတော့သည်။ ကျွန်ုပ်အတွင်းကြိတ် မြတ်နိုးလျက်ရှိသူကလေးမှာ အိမ်ထောင်ဘက်လောင်းများ ပေါ်ပေါက်၍ လာလေပြီ ...

ကျေးဇူးရှင်များ၏ စကားအလာကို ထောက်လိုက်ပါက ကျွန်ုပ်အား တိုင်ပင်သည်မှာ သားအကြီးအဖြစ်ဖြင့် တိုင်ပင်သည်ထက် သမက်လောင်းအဖြစ်ကို ရည်မှန်းကာ တိုင်ပင်ကြောင်း ပေါ်လွင်ထင်ရှားနေ၏။ အကယ်၍ ကျွန်ုပ်ကသာ "အသန့်ကို ကျွန်တော် ငယ်ငယ်ကတည်းက ထိန်းသိမ်းစောင့်ရှောက်လာလက်စနဲ့ တစ်သက်လုံးဆက်ပြီးတော့ စောင့်ရှောက်ပါရစေတော့" ဟု ပြောချလိုက်လျှင် ကျေးဇူးရှင်များက ငြင်းမည်မဟုတ်၊ ကျွန်ုပ်အတတ်သိ၏။ ကျွန်ုပ်၏သဘောကို ယခုမေးနေကြသည်မှာ အသန့်ကို မောင်စိန်မောင် နှင့် အိမ်ထောင်ပေးသင့်မပေးသင့်ထက် အသန့်ကို မောင်ကံကောင်းကိုယ်တိုင် စောင့်ရှောက်ချင်သလား။ စောင့်ရှောက်နိုင်ပါသလားဟု မေးသောမေးခွန်းက ပို၍နေသည်။

ကျွန်ုပ်တွင် များစွာ အဖြေရခက်၍ နေ၏။ အသန့်အား အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် ထားနိုင်သော အင်အားကျွန်ုပ်၌ ရှိ၍နေပေပြီ၊ အသန့်ကိုလည်း ကျွန်ုပ် မြတ်နိုး၏။ အသန့်အား ကျွန်ုပ်၏ အချစ်မေတ္တာကို ပေးဆက်ပါက အသန့်သည် ငြင်း၏ လိမ့်မည်မဟုတ်။ သို့သော်... ထို (သို့သော်)မှာ ကြီးမားသော သို့သော်ကြီးဖြစ်၏။

ကျွန်ုပ်တွင် လက်စားချေရန် သန္နိဋ္ဌာန်ချက်ကြီးရှိသည်ကတစ်ဘက်ဖြစ်၏။ ယခု လာရောက်စပ်ဟပ်သော မောင်စိန်မောင်ဆိုသူမှာ ဓာတ်ပုံကို ကြည့်ရခြင်းအားဖြင့် လူကောင်းတစ်ယောက် ဖြစ်ပုံပေါ်၏။ ရုပ်ရည်လည်း သင့်တင့်ပေသည်။ ထို့ပြင် ကောလိပ်ကျောင်းသားလည်း ဖြစ်သေးရာ ရာထူးရာခံကြီးများ ရမည့်လမ်းရှိသူလည်းဖြစ်၏။ ရာထူးရာခံ မလုပ်ချင်သည့်တိုင်အောင် ပူစရာမရှိ၊ မိဘကလည်း ချမ်းသာသည်။ ပို၍ထူးသည်ကား အသန့်သာ မောင်စိန်မောင်နှင့် လက်ထပ်ပါက ချက်ခြင်း စိန်တဝင်းဝင်းနှင့် ဆန်စက်ပိုင် သူဌေးမကလေးဖြစ်ပေတော့မည်။ ဤသို့ ချက်ခြင်း ဂုဏ်အင်္ဂါ ကြီးမြောက်သွားမည့် အချက်ကြီးကလည်း ရှိ၏။ ကျွန်ုပ်ကိုသာ အသန့်ယူပါလျှင် ဤမျှဂုဏ်ကြီးမြင့်မည်မဟုတ်ပေ။ ဤဘက်က ကြည့်လျှင်လည်း အသန့်၏ကြီးပွားမှုလမ်းကို ပိတ်ပင်ရန် ကျွန်ုပ်၌မသင့်။ ကျွန်ုပ်အဖို့ကား လက်စားချေရာ၌ ကိစ္စမအောင်ခြေချော် လက်ချော်ရှိပါက မည်သို့ဖြစ်ဦးမည်မသိရ။ ကျွန်ုပ်၏ နောင်ရေးမှာ မသေချာပေ၊ ကျွန်ုပ် တစ်စုံတစ်ခု ဒုက္ခတွေ့ခဲ့သော် ထိုဒုက္ခထဲသို့ အသန့်အား ဆွဲ၍နှစ်သည်နှင့် တူလေဦးမည်။

သို့ရာတွင် အသန့်အား ကျွန်ုပ်သည် မည်သို့လျှင် သူတစ်ပါး၏ ရင်ခွင်ထဲသို့ တွန်း၍သွင်းနိုင်ပါအံ့နည်း။ အတွင်းကြိတ် ချစ်မြတ်နိုးနေမိသောစိတ်သည် ပြိုင်ဘက်ပေါ်လာသောအခါ၌ ပိုမို၍ ပြင်းထန်ထက်သန်လာ၏။ ထို့ကြောင့် "ပစ္စည်းဆိုတာ အမြဲမရှိပါဘူးခင်ဗျာ..." ဟု ကိုယ့်ဘက်သို့ လိပ်လိုယက်သော လေသံကိုပေးရလျှင်

ကောင်းမလားဟုစိတ်ကူး၏။ သို့ပြောသည့်တိုင် မောင်စိန်မောင်မှာပစ္စည်းသာမက ကောလိပ်ပညာကြီးတစ်လုံးလုံး ပါရှိနေပြန်သည့်ကိုကား မငြင်းသာပေ။ မွေးဇာတာ ကောင်းသူတို့မှာ မွေးကတည်းက အဘက်ဘက်က လိုလေသေးမရှိ ပြည့်စုံပါပေတော့သည်။ ကျွန်ုပ်အဖြေရကျပ်ဘိ၏။ ကျေးဇူးရှင်တို့ကား ကျွန်ုပ်၏ သဘောထားကို စောင့်နေကြ၏။ ကျွန်ုပ်ကသာ အသန့်ကိုကျွန်ုပ်လက်ထပ်ပါရစေဟုဆိုလျှင် တစ်ထိုင်တည်းနှင့် ကိစ္စပြီးတော့မည် ကျွန်ုပ် သိပါ၏။ သို့သော် ကျွန်ုပ် အသန့်ကို ယူရက်ပါမည်လား။

ယင်းသို့ ချီတုံချတုံဖြစ်ကာ တွေတွေကြီးသာ စဉ်းစားနေမိလျက် ဆုံးဖြတ်ချက် မချနိုင်အောင် ရှိနေရစဉ်တွင် ဆုံးဖြတ်ချက်ချနိုင်စေရန် ကျွန်ုပ်၏ အဘိုးဦးနကီက ဂင်၍ ဆုံးဖြတ်ပေးလိုက်ပေတော့သည်။ အဘိုးကဂင်၍ ဆုံးဖြတ်ပေးလိုက်ပုံမှာကား ....

ကျွန်ုပ်တွေ၍ စဉ်းစားကာ ချီတုံချတုံဖြစ်နေစဉ်၌ ကျွန်ုပ်၏ အိမ်ဘက်မှ ကျွန်ုပ်၏ အမည်ကို ခေါ်သံကြားရသဖြင့် လှမ်း၍အသံပြုလိုက်ရသည်တွင် ငါးပိကုန်ကူးသူ အသိတစ်ယောက်ဖြစ်နေ၏။ ထိုသူလည်းကျွန်ုပ်ရှိရာခေါင်းရင်းအိမ်သို့ ကူးလာပြီးလျှင် အဘိုးတို့၏မြို့၌အမှုထမ်းနေသော ကျွန်ုပ်၏မိတ်ဆွေက လူကြုံပါးလိုက်သည့် စာတစ်စောင်ကို လာ၍ပေး၏။ ထိုစာကို ဖောက်၍ဖတ်လိုက်သောအခါ၌ အခြားအကြောင်းအရာများ၏အပြင် -

"အထူးအကြောင်းကတော့ ကိုကံကောင်းရဲ့အဘိုးဦးနကီဟာ ဒီကနေ့မနက်ပဲ ဆုံးတယ်"ဟူသော စာတစ်ကြောင်းပင်ဖြစ်၏။ ဤစာတစ်ကြောင်းသည်ပင်လျှင် ကျွန်ုပ်၏ဂေခွဲမရနိုင်ဖြစ်နေသော စိတ်ကိုယတိပြတ် ဆုံးဖြတ် နိုင်အောင် ဖန်တီးလိုက်ပေတော့သည်။

ကျွန်ုပ်အဘိုးကား အနိစ္စသို့ ရောက်ပေပြီ။ အဘိုးထံသို့ လွန်ခဲ့သော ခြောက်နှစ်ခန့်က ကျွန်ုပ်သွားစဉ်ကပင်လျှင် အဘိုးမှာ အတော်ပင်မကျန်းမမာ ဖြစ်နေပေရာ ထိုစဉ်ကပင်အနိစ္စရောက်မည်ဟု ထင်သူတို့ထင်ကြ၏။ သို့ရာတွင် ငွေကိုသွန်၍ အကုန်ခံကာ ဆေးကောင်းဂါးကောင်းတို့ဖြင့် အကောင်းဆုံး ဆရာဂန်ကြီးများကို ရန်ကုန်မှ ပင့်ခေါ်၍ ကုသနိုင်စွမ်းရှိသည့်အလျောက် အသက် ၆၆ နှစ်အရွယ်တွင် အနိစ္စမရောက်ခဲ့ဘဲရှိခဲ့၏။ ထို့နောက်တွင်ကား တစ်နေ့ရွှေ တစ်နေ့ငွေဖြင့် ဇရာထောင်းသည်ကို သတင်း ခဏခဏ ကြားရ၏။ သို့သော် အကောင်းအညွန့် ဆေးဂါးဓာတ်စာတို့၏ အထောက်အကူကြောင့် အသက်တာပို၍ ရှည်လျက် ယခုအသက် ၇၃ နှစ်သို့ အရောက် မီးစာကုန် ဆီခန်းဖြစ်ခါမှ အနိစ္စရောက်ပေသည်။ အသက်ဓာတ်အား ပျက်ညံ့သော အရွယ်ကြီးစင်လျက် အသက် ၇ နှစ်တာမျှပို၍ ငွေတန်ဖိုးကြောင့် နေ၍သွားနိုင်ပေသေးသည်။ ကျွန်ုပ်၏ မိခင်ကား.. လက်တွင် ဓားခုတ်မိသည့် အနာစိမ်းကလေးမျှဖြင့် မသေတန်ပါဘဲလျက် သေရပေသည်။ ဤကားတစ်ချက်။ ကျွန်ုပ်၏ အဘိုးအနိစ္စရောက်ရာ၌ ကျန်ရစ်ခဲ့သော ဦးဩဘာနှင့် ဦးဒေါနတည်းဟူသော သားနှစ်ယောက်အနက် ဦးဩဘာမှာမူ မွန္တလေးနယ်၌ ကျောင်းထိုင်ပုဂ္ဂိုလ်ပင်ဖြစ်၍နေလေရာ ပစ္စည်းစုများကို မက်မောလှတော့မည်မဟုတ်။ သို့ဖြစ်သဖြင့် လုပ်ငန်းကြီးများကို ဦးစီးနေသော ဦးဒေါနသာလျှင် ရှိပစ္စည်းတို့ကို အပိုင်စီးတော့မည် ဖြစ်ပေရာ ဦးဒေါန ကောင်းစားသလောက် မောင်ညိမ်းအောင်တို့လည်း ကောင်းစားကာ မာနတွေမိုးသို့ ထောင်သထက် ထောင်ကြပေဦးတော့မည်။ ဤသည်လည်း တစ်ချက်။

ထိုအချက်တို့ကို တွေးလိုက်မိသောခဏ၌ ကျွန်ုပ်၏ စိတ်တွင် အသန့်အား သံယောဇဉ်ပြတ်အောင် အားတင်း၍ ဖြတ်ချလိုက်ရ၏။ မဖြတ်လျှင်လည်း မဖြစ်တော့။ အဘိုး၏ ပစ္စည်းထုထယ်ကြီးကို သားသမီးရှိသော ဦးဒေါ်နရရှိသွားသော ဤအခြေ၌ ဦးသြဘာက ရဟန်းပီပီ ပစ္စည်းကိုမတွယ်မတာရှိရာတွင် ပစ္စည်းများမှာ တစ်လုံးတစ်စည်းတည်း ရှိပေသေးသည်။ အကယ်၍သာ ဦးဒေါ်နမရှိပါက ပစ္စည်းများကို ဦးဒေါ်န၏ သားသမီးများ ခွဲဝေယူကြကာ ပစ္စည်းများ ဇာတ်ခေါင်းကွဲ၍ကုန်ရလျှင် ကျွန်ုပ်၏ရည်ရွယ်ချက်တို့မှာ အချည်းနှီး အလဟဿ ဖြစ်ရပေတော့မည်။ သို့ဖြစ်သောကြောင့် ကျွန်ုပ်တွင် ကျွန်ုပ်၏ ရည်ရွယ်ချက်များ ပြီးမြောက်စေရန် အားတိုက်ကြိုးပမ်းဖို့ လို၍လာ၏။ သို့လို၍ လာသောကြောင့်ပင်လည်း တစ်ကိုယ်တည်း လွတ်လပ်စွာ ကြံစည်နိုင်စိမ့်သောငှာ သားမယားအိမ်ထောင် အတာအတွယ်ဟူသမျှကိုလက်ခံရန် အချိန်မပေးနိုင်တော့သည့်အလျောက် အသန့်အား စိတ်တွင်းမှ အတင်း နှင်ထုတ်ပစ်ရ၏။ သံယောဇဉ် ကြိုးကလေးသန်း၍ လာသည်ကို ရည်ရွယ်ချက် ဓားမကြီးဖြင့် တိခနဲ ဖြတ်တောက်ပြီးလိုက် သည်နှင့် တစ်ပြိုင်နက်။

"ကျွန်တော့် သဘောမှာဆိုရင်တော့ ဒီသူငယ်ကို ဘာမှ အထူးပြောစရာ မလိုပါဘူး။ ပစ္စည်းဘက်က ကြည့်ကြည့် ပညာဘက်ကပဲ ကြည့်ကြည့်၊ ရုပ်ရည်ဘက်ကပဲ ကြည့်ကြည့် အားလုံး အပြစ်ဆိုစရာမရှိဘူး၊ ပြီးတော့ စိန်တစ်ဆင်စာ ဆန်စက်တစ်လုံးဆိုတာဟာ နဲတဲ့ပစ္စည်းမဟုတ်ဘူးနော်... ဒီတော့ ခုခေတ်မှာ လူကောင်းသူကောင်းရဖို့ မလွယ်ရတဲ့အထဲမှာ အသန့်မှာသာ ကံဇာတာတက်လို့ ခုလို ... ရေကန်အသင့် ကြာအသင့်နဲ့ ဖုတ်သွင်းရထားဆိုက်သလို ဖြစ်လာတာကို ငြင်းနေ၊ အင်နေဖို့ မလိုဘူး၊ ထင်တာဘဲ။

အခွင့်သာခိုက်မှာ လသာတုန်း ဗိုင်းငင်ဖို့ ကောင်းတာပဲ" ဟု ပါးစပ်မှ ရောရောရှူရှူ ပြောနိုင်ပေတော့သည်။ ဤဆုံးဖြတ်ချက်သည်ကား ကျွန်ုပ်၏ဆုံးဖြတ်ချက်ဟု မဆိုသာ။ ကျွန်ုပ်အဘိုးဦးနကီ၏ ဆုံးဖြတ်ချက်ဖြစ်သည်ဟူ၍သာလျှင် ဆိုရပေတော့မည်။

ဤဆုံးဖြတ်ချက်ကို ကြားရသောအခါ၌ ကျေးဇူးရှင်များသည် တစ်ဦးမျက်နှာကိုတစ်ဦး ကွက်ခနဲ ကြည့်လိုက်ကြ၏။ ကျွန်ုပ်ထံမှ ဤစကားမျိုးကို ကြားရလိမ့်မည်ဟု မျှော်လင့်ကြဟန်မတူပေ...။ ထို့နောက်မှာမှ သူတို့ကိုယ်တိုင်လည်း စိတ်ကို ပိုင်းဖြတ်လိုက်ဟန်ဖြင့် (အေးကွယ် ... မောင်ကံကောင်းက ကျေနပ်တယ်ဆိုရင် တို့လဲ ဝမ်းသာရတာပေ့ါ ... နက်ဖြန်ပဲ မောင်စိန်မောင်ရဲ့ မိဘတွေဆီကို စေ့စပ်ရေးစကားကို လက်ခံတဲ့အကြောင်း နေ့ကောင်းရက်သာရွေးပီးတော့ လာရောက်တောင်းရမ်းဖို့အကြောင်းကိုသာ အကြောင်းကြားလိုက်ရတော့မှာပဲ" ဟု ဆိုကြ၏။ ကျွန်ုပ်လည်းခွင့်ပန်၍ ကျွန်ုပ်၏အိမ်ဘက်သို့ ပြန်ခဲ့ပေသည်။

ထိုညကကျွန်ုပ်အိပ်၍မပျော်နိုင်ပေ။ အသန့်နှင့်ဖူးစာဖက်နိုင်ရန်မိဘများကပင်လမ်းခင်းစကား ရေလာမြောင်းပေး ပြောပြသောအခြေကို ရောက်ပါလျက်နှင့်မှ ကျွန်ုပ်မှာ အသန့်ကိုချစ်ခင်သောစိတ်ဖြင့် ခင်းသည့်လမ်းကို လိုက်၍ နင်းရန် အားယူလိုပါသော်လည်း အဘိုး၏ ကိစ္စပေါ်လာသဖြင့် အသန့်အား စွန့်လွှတ်လိုက်ရပေတော့သည်။ ဤကိစ္စကား ဤမျှနှင့်တန်လျှင် တော်ပါသေး၏။ သို့သော်ကံတရားသည် ကျွန်ုပ်အား နိပ်စက်၍ပင် အားမရနိုင်သည့်အလား တစ်နည်းတစ်ဖုံထပ်၍ ညှင်းဆဲပြန်လေသေးတော့သည်။ ညှင်းဆဲလိုက်ပုံမှာကား အသန့်နှင့်

ပတ်သက်၍ ကျွန်ုပ်၏ ဆုံးဖြတ်ချက်ပြီးသည့် နောက်တစ်နေ့၌ မော်လမြိုင်သို့ ကြေးတိုင်မင်းကြီး ကြွရောက်လာမည်ဖြစ်သဖြင့် မြေစာရင်းဘက်ဆိုင်ရာ အမှုထမ်းအားလုံး မော်လမြိုင်သို့ လာရောက်ကြရမည်ဟူသော ဆာကြူလာ တစ်စောင်ကို ရရှိ၏။

ထိုဆာကြူလာအရ ကျွန်ုပ်မှာ ကျွန်ုပ်၏ အလုပ်နှင့်ဆိုင်ရာ စာရင်းအင်းများကို စေ့စေ့စပ်စပ် ပြုလုပ်ခြင်းအားဖြင့် ခေတ္တ အချိန်ကုန်ရပြီးနောက် သုံးရက်ခန့်အကြာတွင် မော်လမြိုင်သို့ တက်သွားရ၏။ မော်လမြိုင်တွင် ကြေးတိုင်မင်းကြီးအရောက်ကို လေးရက်မျှစောင့်ရ၏။ ကြေးတိုင်မင်းကြီး ရောက်လာသောအခါ၌ ကြေးတိုင်ဘက်ဌာနတစ်ခုလုံးကို စစ်ဆေးလေရာ ကျွန်ုပ်တို့ မြေတိုင်းစာရင်းဌာန အမှုထမ်းများသည်လည်း အစစ လိုလေသေးမရှိအောင် ဖြည့်ဆည်းနေရပေသည်။ ထိုခေတ်မှာ ၁၉၃၃ ခုနှစ် ကမ္ဘာ့စီးပွားရေးပျက် ကပ်ကြီးလည်းဆိုက်၊ လယ်ယာမိုးမြေလည်း ဆွံ့အ သောနှစ် ဖြစ်ခဲ့လေရာ ကြေးတိုင်ဘက်ဌာနမှာ အတော်ပင် အလုပ်များလျက်ရှိ၏။ ထို့ကြောင့် ကြေးတိုင်မင်းကြီးကိုယ်တိုင်ပင်လျှင် နယ်များသို့ဆင်း၍ စစ်ဆေးကြည့်ရှုနေရပေသည်။ မော်လမြိုင်၌ တနင်္ဂနွေသုံးပတ်မျှကြာခဲ့ပြီး မှ ကျွန်ုပ်သည် ကိုယ့်ဌာနသို့ပြန်ခဲ့ရ၏။ ပြန်၍ရောက်လျှင်ရောက်ချင်း "အင်မတန်ကံကောင်းသော သတင်းကို ကြားရသည်မှာကား အသန့်အား မောင်စိန်မောင်၏ မိဘများကိုယ်တိုင် လာရောက်တောင်းရမ်း ပြောဆိုပြီးသွားပြီးလျှင် ဇာတာချင်းတိုက်၍ကြည့်ရာ၌ သင့်မြတ်သောမင်္ဂလာရက်မှာ တစ်လအတွင်းတွင် ကြုံကြိုက်နေရသောကြောင့် မောင်စိန်မောင်၏ မိဘများသည် ရန်ကုန်သို့ သုတ်ခြေတင်၍ပြန်ကာ ဖိတ်စာရိုက်နှိပ်ခြင်း၊ ဖိတ်စာကမ်းလှမ်းခြင်း မင်္ဂလာပစ္စည်းများဝယ်ခြင်းတို့ကို ပြုလုပ်နေကြပြီဟူသော သတင်းပင် ဖြစ်၏။ ဤတစ်ကြိမ် ကျွန်ုပ် အခြားရပ်ရွာမှ နေရင်းရပ်ရွာသို့ ပြန်၍ ရောက်ခဲ့သောအခါ၌ကား အသန့်သည် ခါတိုင်းလို မကြိုတော့၊ သူ့အခန်းကလေး၌သာ ကုတ်၍နေလေတော့သည်။ ကျွန်ုပ်၏ အိမ်သို့လည်း ကူး၍ မလာတော့။

သို့နှင့် မင်္ဂလာပွဲ ကျင်းပမည့်နေ့ မတိုင်မီ ခုနစ်ရက်ခန့်၌ မောင်စိန်မောင်သည် မိဘဆွေမျိုးများနှင့်သိုက်ဝန်းစွာ မင်္ဂလာပစ္စည်းအစုံအလင်နှင့် ရောက်လာ၏။ သူတို့လူစုအတွက် ကြိုတင်၍ ငှားထားသော အိမ်တစ်လုံးတွင် မောင်စိန်မောင်တို့ နေထိုင်ကြပေသည်။ မြို့နယ်ကလေးဖြစ်သည့် အားလျော်စွာ အထည်သည်သည်သမီးချော ကလေးကို ရန်ကုန်မှ ဆန်စက်သူဌေးသားက လာရောက် တောင်းဆိုသည်ဆိုသော် သတင်းများပျံ့နှံ့ချိန်မှ မင်္ဂလာဆောင်ရက် ကန့်သတ်လိုက်သည်အထိ ကျွန်ုပ်တို့မြို့ကလေးမှာ အသန့်၏သတင်းဖြင့် လှုပ်လှုပ်ရွရွ ဖြစ်နေလေတော့သည်။

အသန့်တို့အိမ်ရှေ့၌ မဏ္ဍပ်တစ်ခုထိုး၍ ပေါ်ပလင်ပိတ်အုပ်များဖြင့် မင်္ဂလာအခမ်းအနား ပြင်ဆင်ကြသည်။ ငွေရှင်ကြေးရှင်များဖြစ်သည့်အလျောက် ဘာမျှ လိုလေသေးမရှိ။ ဝင်ကြ ထွက်ကြ၊ လုပ်ကြ၊ ကိုင်ကြသူတွေမှာလည်း ပျားပန်းခပ်နေကြ၏။ ကျွန်ုပ်မှုကား လှုပ်လှုပ်ရွရွတွေကို ကြည့်ကာ စိတ်မော ရင်မောရှိလှပေတော့သည်။ ကိုယ့်နမကလေး အိမ်ထောင်ကျ၍ စက်သူဌေးယောက်ဖကို ရသောအခါဖြစ်သည်နှင့်အညီ ဝမ်းသာရဖို့ ရှိသော်လည်း စင်စစ်၌ ကိုယ့်နမကလေးမစစ်ခြင်းကပင်လျှင် ကျွန်ုပ်အား ဝမ်းမသာနိုင်အောင် ဖန်တီးလျက်ရှိ၏။ သို့သော် ရှိပါစေတော့ဟု ကိုယ့်စိတ်ကို ကိုယ်ဖြေ၏။ မရ။ မရသော်လည်း အကြောင်းထူး မည်လား။ မထူး။

သို့သော် ထူးသောအကြောင်းက ရှိသေး၏။ ထိုအကြောင်းထူးကို မကြုံချင်ပါဘဲနှင့် ကြုံရပုံမှာ ပို၍ ထူးပေတော့သည်။ ကံတရားသည် ကျွန်ုပ်အား ခြေနင့်ကန်ပြီးမှ မထီလေးစားနားရွက်ဖျားကို လက်နှင့်တောက်၍ ကျီစယ်ပြန်သလို ဖန်တီးပြန်ပေသည်။

နက်ဖြန်ခါတွင် အသန့်နှင့်မောင်စိန်မောင်တို့ လက်ထပ်ကြတော့မည့်နေ့၏ ညနေဖြစ်၏။ ထိုညနေတွင် အသန့်၏ အပျိုတော်ကလေးများ လက်ဆောင်ကိုယ်စီနှင့် အသန့်တို့အိမ်သို့ ဝင်ကြသည်ကို ကျွန်ုပ်မြင်ရ၏။ မဏ္ဍပ်တွင်းမှ တီးဝိုင်းကလည်း ဧည့်ခံတီးမှုတ်နေပေသည်။ ဤမဏ္ဍပ်တွင် နက်ဖြန်၌မင်္ဂလာဆောင်ကြပြီးနောက် အသန့်သည် မောင်စိန်မောင်နှင့်အတူ ရန်ကုန်သို့လိုက်ရမည်။ ရန်ကုန်သို့ရောက်သောအခါ ဂျူဗလီရုံကြီး၌ မျက်နှာကြီး မိတ်ဆွေများအား ဧည့်ခံပွဲကြီး လုပ်ဦးမည်။ အော် ... ပိုက်ဆံ ပိုက်ဆံ။

အသန့်တို့ အိမ်ဘက်၌ ဤမျှအလုပ်များနေကြ၍ ကျွန်ုပ်၏ တပည့်ကလေးများကိုပင် အကူအညီစေလွှတ်ထားရ ရင်းက အိမ်ဂရန်တာမှနေ၍ အသန့်တို့အိမ်ဆီကိုသာ မျှော်၍ကြည့်ကာ ရင်လေးနေမိစဉ် ကျွန်ုပ်၏ အိမ်တွင်းခန်း ဆီမှ "အကိုကံကောင်း"ဟု မရဲတရဲခေါ်လိုက်သောအသံကို ကြားရသဖြင့် ကျွန်ုပ်သည် အံ့သြခြင်း ပြင်းစွာ ဖြစ်လျက်ကြည့်လိုက်ရာ ထင်သည့်အတိုင်းပင် အသန့်ကိုယ်တိုင် ဖြစ်နေပေသည်။ အသန့်သာလျှင် သာမန် လာရိုးလာစဉ်အတိုင်း အိမ်ရှေ့ဘက်မှ ဝင်လာပါက ကျွန်ုပ်မှာ အိမ်ရှေ့ဂရန်တာ၌ ရှိသူဖြစ်ရာ ဝင်လာသည်ကို မြင်ရမည်ဖြစ်၏။ ယခုမူကား အသန့်သည် အိမ်နောက်ဖေးမှကူး၍လာဟန်တူပေသည်။

"ဟင် ... အသန့် " ဟုသာ ဆိုနိုင်လျက် ကျွန်ုပ်သည် အိမ်တွင်းခန်းသို့ လျင်မြန်စွာဝင်ခဲ့၏။ အသန့်၏အနီးသို့ ရောက်သောအခါ အသန့်သည် မျက်နှာကလေးအိုအိုနှင့် ညှိုးငယ်စွာရပ်နေသည်သာမက မျက်ရည်များပင် ဝေ့အိုင်၍ နေသည်ကို တွေ့မြင်ရပေသည်။

"ဘာဖြစ်သလဲ... ဟင်... အသန့်၊ မင်္ဂလာယူနေရတဲ့ အခါမျိုးမှာ မျက်ရည်မကျကောင်းပါဘူး ညီမလေးရယ် စိတ်တိုင်းမကျတာ ဘာများရှိလို့လဲ၊ အကိုကံကောင်းကိုပြောလေ"ဟု ကျွန်ုပ်က ချော့ချော့မော့မော့ မေးသည်၌ အသန့်လည်း မျက်ရည်စများကိုသိမ်းရင်း ခေါင်းမမော်လာဘဲရှိရာကပင် "အသန့်လေ အသန့် မင်္ဂလာမဆောင် ချင်ဘူး"ဟု ထစ်ထစ်ဆွံ့ဆွံ့ ပြောလိုက်၏။ ကျွန်ုပ်တွင်ကား ခေါင်းနားပန်းကြီး၍ သွားရလေတော့သည်။

"အို... မဟုတ်တာဘဲ အသန့်ရယ် ဘယ့်နယ်အားလုံးစီစဉ်ပြီးမှ မဟုတ်တာကြီးကဘဲ" ဟု ကျွန်ုပ်ဆိုမိ၏။ ဤတွင် အသန့်က "အသန့်သိပါတယ်၊ ဒါပေမဲ့ အသန့် ဒီလူကို မယူချင်ဘူး"ဟု တီးတိုးကလေးဖွင့်၍ ဂန်ခံလိုက်ပေရာ ကျွန်ုပ်မှာ "ဟယ်... မဟုတ်တာ" ဟု အံ့သြစွာဆိုလိုက်မိ၏။ ပြီးမှ "ဘာပြုလို့လဲ အကိုကံကောင်းကို ပြောစမ်း ပါအုံး" ဟု ထပ်၍ မေးမိ၏။

အသန့်လည်း မျက်ရည်စများကိုအင်္ကျီလက်မောင်းနှင့်သိမ်းရာက "အစကတည်းက အသန့် ဒီလူကို ဘယ်လိုမှ စိတ်ထားဖို့နေနေသာသာ ဘယ်သူမှန်းတောင် မသိပါဘူး။ မေမေတို့ဆီကို သူ့မိဘတွေ လက်ဦးတစ်ခေါက် လာတော့မှ အသန့်လဲ ဓာတ်ပုံကိုမြင်ဖူးတာ၊ သူကသာ အသန့်ကိုတန်းတန်းစွဲဖြစ်နေတာ ပြီးတော့ သူ့မိဘ

တွေဆီကို မေမေတို့က လက်ခံကြောင်း စာပြန်ပီးတော့မှ အသန့်ကို စာပြန်လိုက်ပြီဆိုတာကို ပြောကြတယ်။ အကိုကံကောင်းကလဲ သဘောတူတယ်လို့ ပြောကြတယ်။ ဒီတော့ အသန့် ဘယ်နယ်လုပ်ရမလဲ၊ မေမေတို့ ကိုလဲ အသန့် မပြောဂ့ံဘူး။ မေမေတို့က စာပြန်ပြီး နေမှပဲကိုး၊ ပြီးတော့ အကိုကံကောင်းကလဲ မော်လမြိုင်ကို တက်သွားရပြန်လေတော့ အသန့်ဘာမှ မကြံသာဘူး။ သူတို့ကလဲ ပြန်စာရတယ်ဆိုရင်ပဲ ချက်ချင်းလာပြီး လူကြီးတွေနဲ့ စေ့စပ်ကြတော့ အသန့် ဘာမှမတတ်နိုင်ဘူး။ ဒါပေမဲ့ အခုလက်ထပ်ရတော့မည့် ရက်နီးလာတော့ အသန့် မအောင့်နိုင်တော့ဘူး အကိုကံကောင်း။ အသန့် ဒီလူကို မယူချင်ဘူး။ ဒီလူကို ယူရရင် အသန့်တစ်သက် လုံး စိတ်ဆင်းရဲရပါလိမ့်မယ် အကိုကံကောင်းရယ်။ မေမေတို့ကို ပြောပေးပါ"ဟု တစ်လုံးချင်း ဖြေးလေးစွာ ပြောပြပေသည်။

ကျွန်ပ်လည်း နားထောင်နေရာက "ဘာပြုလို့လဲအသန့်ရဲ့ အားလုံးစီစဉ်ထားပြီးမှ အခုကျမှဖျက်လို့ ဘယ်ရ တော့မလဲကွဲ့။ မဟုတ်တာကို။ လာပြီး စေ့စပ်ကြောင်းလမ်းတုန်းကတည်းက အသန့်သဘောမကျကြောင်း ပြောလိုက်ရင် လွယ်လွယ်နဲ့ကိစ္စပြီးမှာ။ အခုလို နက်ဖြန် လက်ထပ်ရမည့် ဆဲဆဲကြီးမှာ ဘယ်နယ်လုပ်မလဲ"ဟု အကျိုးသင့် အကြောင်းသင့် ပြောလိုက်သည်မှ အသန့်က..."အသန့်မှာ ငြင်းဖို့အကွက်လည်း မရခဲ့ဘူး။ အကို ကံကောင်း စဉ်းစားကြည့်ပါလား။ သူ့မိဘတွေ လက်ဦးတစ်ခေါက်လာတုန်းက မေမေက အဲဒီလူရဲ့ဓာတ်ပုံကို ပြပြီးတော့ သမီး... ဘယ်လို သဘောရသလဲလို့ မေးတယ်။ ဒီတော့ အသန့်က အသန့်ငယ်ပါသေးတယ်၊ အိမ်ထောင်မပြုချင်ပါဘူးလို့ဖြေလိုက်တယ်။ သည်ထက်ပိုပြီးတော့ အသန့်ဘယ်လို ဖြေနိုင်မှာလဲ။

နောက် အကို ကံကောင်းကို တိုင်ပင်မယ်လို့ပြောတော့ အကိုကံကောင်းကတော့ ဘယ်နည်းနဲ့မှ သဘောမတူ ဘူး ငြင်းမှာပဲလို့ အသန့်ထင်မိတယ်။ အဲဒီမှာ အသန့်မှားတာပဲ။ နောက် အကိုကံကောင်းလဲ မော်လမြိုင်အသွား မေမေတို့ကလဲ စာပြန်လိုက်ပြီးပြီဆိုတော့ အသန့်စိတ် အများကြီးညစ်ရတယ်။ ဒီအထဲမှာ သူတို့က လူကြီးတွေနဲ့ ပုန်းပုန်းဒိုင်းဒိုင်း လုပ်ပစ်လိုက်တော့ အသန့်ကန့်ကွက်ဖို့အကွက်လည်း မပေါ်ခဲ့ဘူး။ အသန့်စိတ်တွေဟာပေပြီး တော့သာ နေခဲ့တယ်။ အခုလို တကယ့်တကယ် လက်ထပ်ရတော့မယ် ဆိုတော့ဖြင့် အသန့်မအောင့် နိုင်တော့ ဘူး အကို ကံကောင်းရယ်။ အသန့် ဒီလူကိုဖြင့် မယူလဲ မယူချင်ပါဘူး "ဟု ပြောပြ၏။

အသန့်ခမျာမှာ ကံဒီရေတွင် မလှန်သာ မဆန်သာ မျောပါရသော ဗေဒါပွင့်ကလေးနှင့်ပမာတူ၍ နေချေတော့ သည်။ ဘာလုပ်နိုင်မည်နည်း။ အသန့်ကိုထားဦး၊ အသန့် အားကိုးတစ်ခုလာ၍ တိုင်ပင်သော ကျွန်ပ်ပင်လျှင် ဘာတတ်နိုင်ဦးမည်နည်း။ ထို့ကြောင့် ...

"ဒီလိုဆိုရင် အသန့် စောစောစီးစီးကတည်းက လူကြီးတွေကို ရှင်းရှင်းလင်းလင်း ပြောထားဖို့ ကောင်းတာကွယ် ခုတော့ အားလုံး လက်လွန်လက်ကျွံ စီမံပြီးကုန်လို့ နက်ဖြန်ပဲ မင်္ဂလာဆောင်ရတော့မယ်၊ ဘယ်လိုလုပ်ဖို့ လမ်းမှ အကိုကံကောင်းတော့ မမြင်ဘူး" ဟု ညည်းလိုက်မိသည့် အသန့်က ခေါင်းကလေးတစ်ချက် ဆတ်ခနဲမော်ရင်း

"လမ်းရှိရင် အကိုကံကောင်း အသန့်ကို ကူမှာလားဟင်" ဟု ဖျတ်ခနဲမေးလိုက်ရာ ကျွန်ပ်လည်း ကြောက်၍သွား ရာက "ပြောလေ ဘယ်လိုလမ်းလဲ။ အကို ကံကောင်း တတ်နိုင်တဲ့လမ်းသာဆိုရင် ဘာပဲ ကူညီရ၊ ကူညီရ... "

ဟု ဖြေလိုက်မိသည်၌ အသန့်လည်း နှုတ်ခမ်းကလေးကိုကိုက်၍ အတန်ကြာ တွေဝေဝေး စိုက်နေ ပြီးနောက်မှ တစ်စုံတစ်ခုပြောရန် အားတင်းလိုက်သလို သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီးလျှင် ဒါဖြင့်ရင်... အခုည အကို ကံကောင်း အသန့်ကိုခေါ်ပြီး တခြားမြို့တစ်ခုခုကို ပို့ပေးပါလားဟင်..." ဟု ရုတ်ခနဲ ပြောချလိုက်ရာ ကျွန်ုပ်မှာ "ဟယ်... မဖြစ်နိုင်တာကပဲ" ဟု ကယောင်ကတမ်း ဆိုလိုက်မိ၏။

"ဘာပြုလို့ မဖြစ်နိုင်ရမှာလဲ အကိုကံကောင်းရယ်၊ အသန့်မှာ ဇာထိုးပြီး ငွေစုထားတာကလေးတွေ ရှိပါတယ်။ စရိတ်အတွက်တော့ မပူပါနဲ့။ အသန့်တစ်ယောက်တည်း မသွားဂုံလို့သာ နို့မဟုတ်ရင် အသန့်ခုနကတည်းက ထွက်သွားပြီးပြီဟု အသန့်ကပြောပြန်သည်၌ ကျွန်ုပ်မှာထိတ်ထိတ်ပြာပြာဖြစ်သွားရပြန်ပြီးနောက် "မဟုတ်တာ ညီမလေးရယ်၊ မဟုတ်တာတွေကို"ဟု ညည်းလိုက်မိပြန်၏။

ထိုအခါအသန့်က မျက်နှာထားကလေးတင်းတင်းနှင့် "ဒါဖြင့် အကိုကံကောင်း အသန့်ကိုလိုက်ပို့ပါ" ဟု ဖွတ်ပြော လိုက်ပြန်ရာ ကျွန်ုပ်မှာ ရင်တွင်း၌တင်းကြပ်သွားရာက "မဖြစ်ဘူး အသန့် မဖြစ်ဘူး၊ အားလုံး ပြောစရာဖြစ်ကုန် လိမ့်မယ်"ဟု ဆိုမိသည်၌ အသန့်က ရင်ကလေးမောက်အောင် အသက်ရှူလိုက်ရင်း "ထင်ကောဘာဖြစ်လဲ အကိုကံကောင်းရယ် ထင်ချင်ရာထင်..."

အသန့်၏ စကားမဆုံးမီပင် "မောင်ကံကောင်း၊ မောင်ကံကောင်း၊ အသန့် အမယ်လေးသမီးရယ် မေမေတို့ဖြင့် ရှာလိုက်ရတာကွယ်... ကိုင်း... လာ၊ အိမ်ကို သွားရအောင် ဈေးထဲက သမီးရဲ့သူငယ်ချင်းတွေ တစ်သုတ်ကြီး နောက်ထပ်ရောက်နေကြတယ်...။ ယူလာလိုက်တဲ့ လက်ဆောင်တွေကလဲ တစ်ပုံကြီးပါပဲအေ...။ ကဲ... လာ... သွားကြစို့သမီး"ဟု ပြောပြောဆိုဆိုခေါ်ခေါ်နှင့်တက်လာရာက အသန့်အားခေါ်ငင်နေသော အသန့်၏မိခင်ကြီး ပြာပြာသလဲရောက်လာသောကြောင့် ကျွန်ုပ်တို့နှစ်ယောက်လည်းကိုယ်ရှိန်သတ်၍ ကျွန္ဒြေဆည်လိုက်ရပေသည်။ "လာလေသွားစို့...သမီး။ ဧည့်သည်တွေ စောင့်နေရတာကွယ်...အားနာစရာ"ဟု သူ့မိခင်ကြီးက ထပ်လောလိုက် သည်တွင် အသန့်သည် ကျွန်ုပ်၏မျက်နှာတွင် တစ်စုံတစ်ခုကို ထက်သန်စွာရှာဖွေသောမျက်လုံးများဖြင့် စူးစူး ဝါးဝါးကြီးကြည့်၏၊ ကျွန်ုပ်၏ရင်တွင်း၌ကား ပြည့်ကယ်၍အစ်လာပေတော့သည်။ သို့သော်မတတ်သာ။ ထို့ကြောင့် "ဟုတ်သားပဲ အသန့်သွားလေ"ဟု ဖွတ်မိုတ်၍ဆိုလိုက်ရသည်၌ အသန့်သည် မျက်လွှာကို တစ်ချက် ချ၍ ခဏနေပြီးကာမှ ကျွန်ုပ်၏မျက်နှာကိုစူးရှစွာ တစ်ချက်ကွက်ခနဲကြည့်ကာ သူ့မိခင်နှင့်အတူ မာန်ပါပါလှမ်း၍ လိုက်သွားရှာပေသည်။ သူ၏ နောက်ဆုံးကွက်ခနဲကြည့်လိုက်သော အကြည့်တစ်ချက်ကား ကျွန်ုပ်၏ နှလုံးသား ကို လှံစွပ်အဖျားဖြင့် စွပ်ခနဲဆွလိုက်သလို ဖြစ်သွားစေလေတော့သည်။

အော်... ရွှေကံ... ရွှေကံလက်ပေး၍ သတ်တတ်သော ရွှေကံရယ်။ အသန့်နှင့် နီးစပ်အောင် ကိုယ့်ဇာတိမြို့သို့ ရာထူးနှင့် ပြောင်းခဲ့ရဖို့ဖန်တီးပေး၏။ အဟုတ်ထင်၍စိတ်ရွှင်မိကာ အသန့်ကလေး၏အပေါ်၌ပင် ကြင်နာစိတ် တွေ ဂင်လျက်နေမိစဉ်တွင် ကိုရွှေကံသည် လက်တစ်လုံးခြားကလေး လိုမ့်၍ လိမ်လည် လှည့်ဖျားသွားပြန်ပေ တော့သည်။
ကျွန်ုပ်ထံသို့ အဘိုးဦးနကီအနိစ္စရောက်သည့်သတင်း ဟိုညကမရောက်ပါက အသန့်၏မိဘတို့အား ကျွန်ုပ်တိုက်

တွန်းစကား ပြောကြားမိမည်မဟုတ်။ မပြောမိလျှင် အသန့်၏ကိစ္စကို အီလေးဆွဲနေကြမည်ဖြစ်၏။ ယခုကဲ့သို့သော အဖြစ်မျိုးကိုလည်း ကြုံမည်မဟုတ်။ တစ်မျိုးတစ်ဖုံ ဖြစ်လာရဖို့လမ်းရှိ၏။ ယခုကား ကျွန်ုပ်၏တိုက်တွန်းစကားကြောင့် အသန့်၏မိဘများက မောင်စိန်မောင်၏မိဘများထံ စာပြန်ဖြစ်လျက် ဤအခြေသို့ ရောက်ခဲ့ကြပြီ။ အဘိုးတို့၏စနက်သည် ကျွန်ုပ်၏ အချစ်ရေးကိုပင် လိုက်လံ နှောက်ယှက်နေလေသေးတော့သည်။ အသန့်၏ (ထင်ကောဘာဖြစ်သလဲ အကိုကံကောင်းရယ်... ထင်ချင်ရာထင်)ဟူသော လက်စမသတ်နိုင်သည့် နောက်ဆုံးစကားကလေးများသည် အသန့်၏စိတ်ကို အရိပ်မျှပေါ်လွင်စေ၏။ သို့သော် ကျွန်ုပ်ယခုမှ ဘာတတ်နိုင်ပါဦးမည်နည်း။ တော့လွဲကလေး လွဲရပုံကား ရင်နာစရာကြီးပင် ...။

## တင့်တယ် ၏ ကမ္မဖလ အပိုင်း (၁၂)

### ဗိုလ်ကျော်ခေါင်

ကျွန်ုပ်၏ဖြစ်စဉ် ဤကဏ္ဍကို ရေးသားရန် ကျွန်ုပ်ဟန်ပြင်နေသော ယမန်နေ့က ကျွန်ုပ်၏ အယူခံကို နက်ဖြန်ခါတွင် အမိန့်ချမှတ်တော့မည်ဟု ပြောလာ၏။ ကျွန်ုပ်၏စိတ်များကား အယူခံစီရင်ချက်ကို စောင့်မျှော်လိုသော ဇောဖုံးလွှမ်းနေသဖြင့် ကျွန်ုပ်၏ဖြစ်စဉ် ဤကဏ္ဍကိုရေးသားရန်ပင် စိတ်မဝင်စားတော့ပေ။ ကျွန်ုပ်ကား အမှုသွားအမှုလာကိုထောက်၍ အယူခံပယ်ချခြင်းခံရမည်ကို ကြိုတင်၍သိပါ၏။ သို့သော် ပုထုဇဉ်တို့ဘာဝ သေရမည်ကို မကြောက်ပါဘူးဆိုသော်လည်း ရွံ့မိပေသေးသည်။

သေရမည်ကို ကျွန်ုပ်ရွံ့သည်ဟုဆိုသဖြင့် ကျွန်ုပ်အားသတ္တိကြောင်မည်ဟု ဆိုချင်ကဆိုပါတော့၊ သေစား သေစေ စီရင်ချက်အကျတွင် တဟားဟားရယ်မိသော ကျွန်ုပ်သည် အယူခံပယ်၍ အချခံရမည်ကိုစိုးကာ စိတ်အားငယ်မိသည်ကို သူရဲဘောနည်းသည် ဆိုလိုကဆိုကြပေတော့...။ သို့သော် လောဟကဋ္ဋိငရဲအိုး၌ မီးလျှံတပြောင်ပြောင် တောက်လောင်ခြင်းကို ခံ၍နေရသော ငရဲသားသည်ပင် အသက်သေရမည်ကို ကြောက်ရွံ့သေး၏။

အိုင်း အမာ အနာကြီး ပြည်ထည့်၍နေရာတွင် ဆေးသမား၏အနာဖောက်ဓားငယ်ဖြင့် ခွဲစိတ်လိုက်ပါက ပြည်များထွက်၍ အနာသက်သာမည်ကို သိသော်လည်း အနာရှိသူမှာ အနာကို ခွဲစိတ်မည်ဟုဆိုလျှင် ဓားဦးကလေးကို ကြည့်ကာကြောက်တတ်ပေသေးသည်။ ဤသဘောကို မိလိန္ဒပဉှာ၌ ဤသို့ပင် ဆိုထားပေသည်။ ထို့ကြောင့် ယမန်နေ့က ကျွန်ုပ်သည် ဤအဖြစ်စဉ်မှတ်တမ်း၏ ဗိုလ်ကျော်ခေါင်ဘဝကဏ္ဍကို ရေးသားရန် အသင့်ပြင်ပြီးကာမှ အယူခံစီရင်ချက်ချကာနီးပြီဟု သိရသောကြောင့် အရင့်အမာမဟုတ်သေးသော သာမန် ပုထုဇဉ်ဖြစ်သည့် အားလျော်စွာ သေရမည့်ဘေးမှ ဝေးပါစေဟု အတွင်းကြိတ် ဆုတောင်းမိရင်း ဤကဏ္ဍကို မရေးဖြစ်ခဲ့ပေ။ ယနေ့ကား ကျွန်ုပ်၏ အယူခံလွှာကို တရားလွှတ်တော်ချုပ်မှ ပယ်၍ချလိုက်သောနေ့ဖြစ်၏။ ဤသို့ အယူခံ၍ အဖတ်ဆယ်သော်လည်းမရနိုင်တော့မှန်းသိသောအခါတွင်မှ ကျွန်ုပ်၏အသက်ဘေးလွတ်နိုးလွတ်နိုး စိတ်ဂယက်တို့သည် တစ်ခါတည်း အနယ်ထိုင်၍ ငြိမ်သက်သွားကြပေတော့သည်။ စိတ်ဂနာ ငြိမ်သောကြောင့်လည်း

ဤကဏ္ဍကိုယနေ့ဆက်၍ရေးနိုင်ပေသည်။ ကျွန်ုပ်၏ ဂုတ်လုံတို့ကားအားမလျှော့သေး သမ္မတကြီးထံ အသနားခံစာတင်ရန် ကြိုးစားစိုင်းပြင်းလျက်ရှိ နေ၏။

ကျွန်ုပ်၏ အသနားခံစာကို ပြည်ထဲရေးဝန်ကြီးကတစ်ဆင့် သမ္မတကြီးကြည့်ရှုကာ သေဒဏ်မှလွှဲပေးသင့် မပေးသင့်ကို စဉ်းစားရဖို့ရှိ၏။ သို့သော် ဤကဲ့သို့ အသနားခံစာ တင်ရခြင်းမှာ ဆေးဂါး ဆရာဝန်နှင့် ကုမရနိုင်သော လူနာကို ဇေဂ်သုတ်၊ မေတ္တာသုတ်၊ အဘိဓမ္မာသုတ် များနှင့်တကွ ဗောဇ္ဈင်သုတ်တွေရွတ်၍ ဘုရားကုကုစားသည်နှင့် တူပေရာ ကျွန်ုပ်မှာ သေစားသေစေ စီရင်ချက်ချပြီးကတည်းက စိတ်အားလျှော့ချထားပြီးဖြစ်ရာ အယူခံ အပယ်ခံရသောအခါ၌မူ စိတ်နလုံးကိုတုံးတုံးချလျက် သိကြားဆင်းကယ်မှသာ လွတ်လမ်းရှိတော့သည့် အခြေကို နားလည်ထားပြီး ဖြစ်သည့်အလျောက် စိတ်ဂယောက်ဂယက် ဖောက်ပြန်ပျက်ကွက်ခြင်း လုံးဝကင်းလျက် ကျွန်ုပ်၏အဖြစ်စဉ်ကိုသာ ပြီးစီးအောင်အားတိုက်ရေးရပေတော့မည်။ ကျွန်ုပ်၏ အကြောင်းစုံကို နောင်းလူတို့ အကုန်အစင်မသိဘဲ ရှိကျန်ပေလိမ့်မည်ဖြစ်၏။ ထို့ကြောင့် ခပ်ချုံးချုံးပင် ဆက်လက်ရေးသားရပေတော့မည်။

အသန့်ကလေးနှင့် လက်တစ်လုံးခြား ကံခြားသဖြင့် ကွဲကွာခဲ့ရပြီးသည့်နောက်တွင် ကံတရားသည် ကျွန်ုပ် အားနေရင်းမြို့ကလေး၌ မထားပြန်ဘဲ မော်လမြိုင်သို့ ပို့လိုက်ပြန်၏။ ပို့ပုံမှာကား မော်လမြိုင်တွင် ကြေးတိုင်မင်းကြီးနှင့် လာရောက်တွေ့ဆုံရစဉ်က မော်လမြိုင်အရေးပိုင်မင်းက ကျွန်ုပ်အားများစွာသဘောတွေ့၍ သွားပေရာ အလုပ်အကိုင်ကောင်းမွန် ထက်မြက်သည်ဟူသောဂုဏ်ပုဒ်ကိုပေး၍ မော်လမြိုင်ရှိမြေတိုင်း ဘက်ဌာနချုပ်တွင်လာ၍ အင်စပက်တော်အဆင့်အတန်းဖြင့် အမှုထမ်းစေရန် စီစဉ်လိုက်၏။

အကယ်၍သာ ခပ်စောစောကသာ နေရင်းဇာတိသို့ပြန်၍ အမှုမထမ်းရဘဲ မော်လမြိုင်၌သာ တိုက်ရိုက်အမှုထမ်းရပါက အသန့်၏ အပေါ်တွင်လည်း စိတ်ဆင်းရဲဒုက္ခကြီးနှင့် ကြုံမည်မဟုတ်ပါပေ။ ယခုမူကား ကံတရားသည် မျက်နှာချိုသွေးကာ ကျွန်ုပ် မြတ်နိုးလှစွာသော အသန့်ကလေးနှင့် နီးစပ်အောင် တမင်တကာ နေရင်းမြို့ရွာသို့ ပို့လိုက်ပြီးမှ နောက်ကျောဘက်ကနေ၍ ဓားနှင့်ထိုးသည့်ပမာ အသန့်နှင့် နီးလှတဲကာ ကျန်တော့မှ အဖိုးဦးနကီကိုဆုံးစေခြင်းဖြင့် အသန့်နှင့်ခွဲခဲ့၏။ ခွဲ၍မှ အားမရသေးသလို ကျွန်ုပ်အပေါ်၌ အသန့်ကလည်း ခင်မင်တွယ်တာနေသည့် အကြောင်းအရင်းကို အသန့် မင်္ဂလာဆောင်ကာနီး တားတားအချိန်ကလေးသို့ရောက်မှ ကံတရားက အသိပေးပြီးလျှင် နောက်တစ်ကြိမ် ထပ်၍ နိပ်စက် ပြန်လေတော့သည်။ ဩော် ...ကံ ... ကံ။

သို့ဖြင့် အသန့်နှင့် ကွဲရသော မြို့ကလေး၌ မပျော်မပိုက်ရှိနေခိုက် ကံတရားသည် မျက်နှာချို သွေးလာပြန်၏။ ယင်းသည်ကား နေရင်းဇာတိမြို့ကလေး၌ မပျော်သောကျွန်ုပ်အား မော်လမြိုင်သို့ ပြောင်းရွှေ့ရအောင် ဖန်တီးလိုက်ခြင်းဖြစ်၏။ ကျွန်ုပ်လည်း မော်လမြိုင်သို့ စိတ်သက်သာလို သက်သာငြား ပြောင်းရွှေ့လာခဲ့ရပေသည်။ မော်လမြိုင်တွင် အမှုထမ်းနေရင်းက အသန့်၏သတင်းကိုလည်းနာ၏။ ကျွန်ုပ်၏ဦးလေးဖြစ်သူ ဦးဒေါ်နတို့ အိမ်သားတစ်စုအကြောင်းကိုလည်း အမြဲစုံစမ်းနေခဲ့၏။ ဤအချိန်တွင် ကျွန်ုပ်မှာအချစ်ဦးလေးနှင့်လွဲခဲ့ရ သည်ကို စိတ်မချမ်းသာတိုင်း အချစ်စိတ်ကို အတင်းအကျပ် မျိုသိပ်ဖိနှိပ်ထားပြီးလျှင် အိမ်ထောင်ရေးကို လုံးဝစိတ်မကူး

ဘဲ ကျွန်ုပ်၏ ဘဝအဓိဋ္ဌာန်ဖြစ်သော လက်စားချေရေးကိုသာ နိစ္စပတ်ကြိုးပမ်း၍ လက်စားချေရမည့် နည်းလမ်းများကို ရှာဖွေခဲ့ပေသည်။ သို့သော် မိမိအပေါ်၌သက်ာမကင်းခြင်းကိုမျှ မခံရအောင် လက်စားချေရမည့်အရေးမှာ ရှေး၌ပထမ ဦးဒေါနတို့ မိသားစုအနီးသို့ ချဉ်းကပ်နိုင်ဖို့အရေးကြီး၏။ လူယုံသတ် မှ သေတတ်သော ဓမ္မတာအတိုင်း ကျွန်ုပ်သည် ဦးဒေါနတို့၏ လူယုံအဖြစ်သို့ ရောက်နိုင်မည့် နည်းလမ်းများကို ရှာဖွေ၏။

သို့သော် ဦးဒေါနတို့အနီးတွင် ကျွန်ုပ်လူယုံဖြစ်စေဖို့ကား ဝေးစွ၊ သူတို့၏ အိမ်ရိပ်ကို နင်းနိုင်ရန်ပင် အတော်ကြီး ခဲယဉ်းနေသေးသောအဖြစ်ကို တွေ့ရပေရာ မျိုသိပ်၍သည်းခံကာ စောင့်တတ်သော ကျွန်ုပ်သည် နေသေးသပ့် ဟူသော ကြုံးဝါးချက်နှင့်အညီ အခွင့်အလမ်းကိုသာ စောင့်မျှော်၍နေခဲ့ရပေသည်။ သို့စောင့်မျှော်၍နေခိုက်တွင် ကျွန်ုပ်သည် ကြိုတင်ပြင်ဆင်သောအားဖြင့် ဦးဒေါနတို့ဆွေမျိုးတစ်စုအား မုန်းတီးကြောင်း လက်စားချေလိုကြောင်းကို လေသံမျှမရှိမ်းခဲ့။ ရှေ့အကြောင်း နောက်အကြောင်းမျိုးစုံတို့ကို သိကြသော သူတို့က တစ်ခါတစ်ရံ စကားစပ်မိ၍ "ဘယ့်နယ် ကိုကံကောင်း၊ တနသ်ာရီဘက်က ဆွေမျိုးတွေနဲ့ကော သင့်မြတ်ကြပြီလား"ဟုမေး တတ်သောအခါတွင် "ဟုတ်ကဲ့ အရင်တုန်းကလောက်တော့ မဆိုးတော့ပါဘူးလေ တစ်လောကပဲ ဒူးရင်းခြင်း နှစ်ခြင်းပို့လိုက်သေးတယ်"ဟု မုသားသုံးခဲ့၏။ ဘုန်းကြီးကျောင်းသား ဘဝကရခဲ့သော မာယာဆောင်တတ်ခြင်း သည် ကျွန်ုပ်အဖို့၌ များစွာအသုံးဝင်၍လာပေတော့သည်။ ယင်းသို့ အခွင့်အလမ်းကို စောင့်မျှော်သည်မှာ ခုနစ်နှစ် ရှစ်နှစ်ခန့်ကြာ၏။ ဤမျှနှစ်ရှည်လများ စောင့်စားခဲ့ရသည်မှာ သာမန်အားဖြင့် ကြည့်လျှင် စိတ်ပျက်ဖွယ် ကောင်းအောင် ကာလရှည်လျားလှ၏။ သို့သော် ရင်ထဲ၌မကျေနိုင်သော လက်စားချေရန် အဓိဋ္ဌာန် အမြဲတေ ခဲကြီးရှိနေသူ ကျွန်ုပ်အဖို့၌ကား လက်စားချေရန် အခွင့်အလမ်းသည် ယနေ့ မပေါ်သေးလျှင် နက်ဖြန်တွင် ပေါ်လာရမည်ဟူသော ဖွဲကိုထားသူဖြစ်ပေရာ တစ်နေ့နေ့တွင် အခွင့်အလမ်းမပေါ်ဘဲမနေရ ပေါ်လာရမည် သာဖြစ်သည်ဟူ၍ တစ်ထစ်ချ ဗျာဒိတ်ရသလောက် တွက်ထားသူ ဖြစ်လေရကား တစ်နေ့ကုန်လျှင်ပင် လက်စား ချေရမည့် အချိန်ဘက်သို့ တစ်ရက်ရလေပြီဟု ယူဆကာ ကျေနပ်မိပေသည်။

ထို့အပြင် ကျွန်ုပ်မှာ အဆုံးအဖြတ် မှန်ခဲ့သဖြင့် လက်စားချေ၍ ငွေပုံကြီးကိုကျုံးရန် ရက်ကိုစောင့်ရာ၌ ရာထူး ရာခံ အသင့်အတင့်နှင့် အစစအရာရာနှုတ်လုံကာ နေရပေရာ အဘယ်ကြောင့် ကျွန်ုပ်သည် လက်စားချေဖို့ အခွင့်အလမ်းကို စိတ်ရှည်လက်ရှည်မပူမပင် အေးဆေးစွာမစောင့်ဘဲ မနေနိုင်စရာလမ်း ရှိပါအံ့နည်း။ လက်စား ချေရန် အခွင့်အလမ်းပေါ်မည့် ပေါ်သည်ကား ၁၉၄၁ ခုနစ်၌ ဖြစ်၏။ ခုနစ်နှစ်ကျော်၍ ရှစ်နှစ်အတွင်းသို့ ဝင်လာ ကာမှ ထိုအခွင့်အလမ်းသည် ကတ်သီးကတ်သတ် မမျှော်လင့်သော ထောင့်တစ်ခုမှ ပေါ်ထွက်လာပေသည်။ အတိုချုံး၍ ရေးရမည်ဆိုသော် ကျွန်ုပ်အသက် ၃၁ နှစ်ထဲသို့ ရောက်ခဲ့သော ဤ ၁၉၄၁ ခုနစ်၌ ဂျပန်သည် အင်္ဂလိပ်၊ အမေရိကန်တို့ကို စစ်အကြီးအကျယ် ခင်းတော့၏။ ထိုသို့ စစ်မခင်းမီ ယခင် တစ်နှစ်လောက်ကစ၍ မော်လမြိုင်ရှိ ဂျပန်ဓာတ်ပုံဆရာ ကီမူရာသည် ကျွန်ုပ်အား ရွှေဒင်္ဂါးများပင် လာဘ်ထိုးလျက် အကျွမ်းဝင်အောင် မိတ်ဖွဲ့ပြီးနောက် မော်လမြိုင်နယ်၏ အသေးစိတ်မြေပုံများကို ဓာတ်ပုံကူးယူခွင့် တောင်းပေသည်။ ကျွန်ုပ်ကား တစ်ကိုယ်ကောင်းစိတ်သာရှိ၍ လက်မနေးသူဖြစ်သောကြောင့် မြေပုံကိုကူးရုံသာကူးသော ကီမူရာ၏ ရွှေဒင်္ဂါး တို့ကို လက်ခံ၍ မြေပုံများကို ဓာတ်ပုံရိုက်စေလေသည်။

ဂျပန်တို့ အင်္ဂလိပ်ပိုင်နယ်များကို အရှေ့ဘက်--ကျွန်းဆွယ်မှစ၍ သိမ်းလာကြသောအခါ၌ အင်္ဂလိပ်အစိုးရတို့က တနင်္သာရီနယ်ဒေသမြေပုံအားလုံးရှိရာဖြစ်သော ကျွန်ုပ်တို့၏ရုံးကြီးမှ မြေပုံများကို မီးရှို့စေ၏။ မြေပုံများကို မီးရှို့သောမီးပုံကြီးကို ကြည့်ကာ ကျွန်ုပ်ပြုံးမိ၏။ မီးရှို့လျှင်ရှို့ရှို့သာ ရှိပေတော့မည်။ အရေးကြီး မြေပုံအားလုံးကား ဂျပန်ဓာတ်ပုံဆရာ ကီမူရာမှ တစ်ဆင့်ယိုးဒယားသို့ ခိုးသွင်းကာ ဂျပန်ပြည်သို့ ရောက်ကြပြီး ဖြစ်လေသည်။

ဂျပန်တို့ တနင်္သာရီကို မြစ်တားလမ်းမှဝင်၍ အုပ်ကြ၏။ အချို့ကလည်း ကော့သောင်မှဝင်ကြ၏။ အင်္ဂလိပ် တို့ကား အဆုတ်ကြီး ဆုတ်ရလေသည်။ မော်လမြိုင်ဂျပန်၏ လက်သို့ကျ၏။ ကျွန်ုပ်ကား မော်လမြိုင်တောဘက် ၌ခို၍နေ၏။ မကြာမီဂျပန်များ မော်လမြိုင်၌ကြီးစိုးကြလေရာ စစ်သားစုနေကြရာတွင် ကျွန်ုပ်သည် ကီမူရာနှင့် သွား၍တွေ့၏။ ကီမူရာကား ဓာတ်ပုံဆရာ မဟုတ်တော့၊ ကာနယ်အဆင့်အတန်းနှင့် တနင်္သာရီတစ်ခွင်ကို အုပ်စီးရသော ဂျပန် ဗိုလ်မှူးကြီးဖြစ်နေပေပြီ။ ဗမာ့လွတ်လပ်ရေးတပ်မတော်ထဲ၌လည်း ကျွန်ုပ် မြေတိုင်းကျောင်း တက်ဖက်ဖြစ်သော မိတ်ဆွေတစ်ဦးမှာ ဗိုလ်မှူးရာထူးနှင့် ပါ၍လာ၏။ ကီမူရာနှင့် အင်စပက်တော်အဖြစ်ဖြင့် အင်္ဂလိပ်ထံမှ တစ်နှစ်တွက်လခထုတ်လိုက်ရသော ကျွန်ုပ်သည် မြန်မာနိုင်ငံတော်ကြီးလွတ်လပ်ရေးအတွက်ဟု ဆိုကာ စစ်ထဲသို့ဝင်ခဲ့၏။ ကီမူရာ၏ကျေးဇူး ကျောင်းနေဖက်မိတ်ဆွေတို့၏ ကျေးဇူးကြောင့် စစ်တောင်းတိုက်ပွဲ အပြီးတွင် ကျွန်ုပ်မှာ လက်ဖတင်နင် အဆင့်အတန်း ဗိုလ်ရာထူးကို ရခဲ့၏။ ထိုစဉ်အခါက ငယ်မည် သာကဒိုး တို့သည် အရာခံဗိုလ်ကလေးဖြစ်သည်နှင့် တစ်ပြိုင်နက်ပင် သာကဒိုးဘဂမှုဗိုလ်ရဲဝင်းဖြစ်သွားကြပေရာ ခေတ်၏ အသုံးအနှုန်းကိုလိုက်နိုင်မှ အခွင့်အလမ်းသာကြောင်းကို နားလည်ထားသူကျွန်ုပ်သည် မောင်ကံကောင်းဘဂမှ နေ၍ ဆာကေလိုင်သော ညစာတစ်ပွဲပေးခြင်းအားဖြင့် (ဗိုလ်ကျော်ခေါင်)ဟူ၍ တနင်းလာသားပြီပြီ ကိုယ့်ကိုယ် ကို ကင်းပွန်းတပ်ခဲ့ပေသည်။

ကီမူရာသည် ကျွန်ုပ်အားများစွာ ယုံကြည်၏။ မော်လမြိုင်တွင် စစ်မဖြစ်မီလေးငါးနှစ်ကစ၍ သူနှင့်ကျွမ်းဝင်ခဲ့ရာ၌ ကျွန်ုပ်၏အပေါ်တွင် ခင်မင်ရင်းစွဲရှိခဲ့သည်ကလည်း ရှိနေသောကြောင့် ကီမူရာသည် ကျွန်ုပ်အား ပဲခူးတိုက်ပွဲ အပြီး၌ မော်လမြိုင်ဂျပန်စစ်ရုံးတွင် မြန်မာတွဲဖက်အဖြစ်ဖြင့်ပေးပါရန် မြန်မာဗိုလ်မှူး ဗိုလ်ချုပ်များထံမှ တောင်းယူ ၏။ ထိုအခါ၌ မြန်မာတို့မှာ ဂျပန်တို့၏အလိုကိုလိုက်စပြုသော ပါးရိုက်ခေတ်၊ အုတ်ကျွတ်တန်းနှင့် ဆော်လဇန် တေသောခေတ်၊ ဆွမ်းခံကြွသောဘုန်းကြီးက ဂျပန်စန္ဒလီကို ခေါင်းညွှတ်ရသောခေတ် စသည်တို့၏ အစအဦး အချိန်ဖြစ်ပေရာ၊ ကီမူရာ၏ အလိုပြည့်လျက် ကျွန်ုပ်မှာလည်း လက်ဖတင်နင်ဗိုလ်ဘဂမှ ကက်ပတိန်ဗိုလ်ကြီး အဖြစ်သို့ ရာထူးတက်ခဲ့သေး၏။

ဂျပန်စစ်ရုံး၌တွဲဖက်၍ လုပ်ရသောအလုပ်မှာကား မြန်မာစစ်တပ်များ၊ မြန်မာအရပ်သူ အရပ်သားများနှင့် ဂျပန်တို့ အဆက်အဆံ ချောမွေ့စေအောင် ကြားကဝင်၍အောင်သွယ်ပေးရသော လိုင်ယာဆန်ခေါ် ဆက်ဆံရေးအလုပ် ဖြစ်၏။ သို့သော် ဤအလုပ်မှာ နာမည်မျှသာရှိ၍ တကယ့်အလုပ်မှာကား ဂျပန်တို့ စိတ်မထင်တိုင်း သူလျှိုဟု ဆိုကာ ဖမ်းဆီးလာသော သူများကို စစ်မေးရခြင်း၊ ဂျပန်ကင်ပေတိုင်က ရိုက်နှက် စစ်ဆေး၍ မရသောသူများကို မြန်မာအချင်းချင်းလှည့်၍ ချော့မော့အစ်ထုတ်ရခြင်း၊ ဂျပန်စစ်ရဲများနှင့် တွဲဖက်ပေးထားသော စကားပြန်သူငယ်

ကလေးများကို အုပ်ချုပ်ရခြင်းစသော အလုပ်တို့သာလျှင် ဖြစ်ပေတော့သည်။ သို့ဖြစ်ရာ ကျွန်ုပ်ကိုယ်တိုင်မှာလည်း ဂျပန်စကားကို လယ်လယ်ဂယ်ဂယ် ပြောတတ်သည်အထိ ကြိုးစားပမ်းစား သင်ရပေသည်။

သို့နေရင်းက တစ်နေ့တွင် ဂျပန်ကင်ပေများသည် သူတို့ရိုက်နှက်ညှင်းဆဲ၍ မေးမရသောကိစ္စတစ်ခုရှိ၍ လာခဲ့ပါဟု ခေါ်သောကြောင့် ကျွန်ုပ်လည်းလိုက်သွားရ၏။ မြန်မာများကို ဂျပန်တို့ညှင်းဆဲချင်တိုင်း ညှင်းဆဲ ကြပုံများကား အထူးရေးဖွယ်မလိုပေ။ အားလုံးသိကြပြီးပင် ဖြစ်ကြပေသည်။ ထိုညှင်းပန်းနှိပ်စက်မှုများကို မျက်ဂါးထင်ထင် အမြဲမြင်နေရသော ကျွန်ုပ်၌အမြတ်တစ်ခုထွက်လာ၏။ ယင်းအမြတ်မှာကား ဘုန်းကြီးကျောင်းသားဘဂကတည်းက သံယောဇဉ် ကင်းပြတ်တတ်လာခဲ့သော ကျွန်ုပ်သည် ဂျပန်များနှင့် ပေါင်းရသောအခါ၌ လူတစ်ယောက်အား ရက်စက်စွာ လက်သည်းခွာသည်ကို မြင်ရစေကာမူ စိတ်တွင်မထိခိုက်ဘဲ အသဲနှလုံးတွင် သနားကြင်နာစိတ် ခန်းခြောက် ပျောက်ကွယ် သွားရခြင်းပင်ဖြစ်ပေသည်။

ကင်ပေတိုင်ရုံးသို့ ရောက်သောအခါတွင် ထုံးစံအတိုင်း စစ်မေးရမည့် တရားခံကို မတွေ့သေးမီ ဂျပန်ကင်ပေတို့ ရိုက်နှက်၍စစ်ရာ၌ စကားပြန်လုပ်ရသော မြန်မာ လူတေလူပေ စကားပြန်ကလေးများကို အရင်ဆုံးခေါ်၍ မေးစမ်းကြည့်ရ၏။ ဤသို့ မေးစမ်းကြည့်၍ ကျွန်ုပ်ချော့မော့စစ်ဆေးရမည့် တရားခံ၏အကြောင်း ဇစ်မြစ်ကို တင်ကူးကာ သိထားရသောအခါမှာမှ လိုရာကို ရအောင် ချော့၍မေးရန် လွယ်ကူလေ့ရှိပေသည်။ ထို့ကြောင့် ကျွန်ုပ်အတွက် သီးသန့်ပေးထားသောအခန်းတွင်ထိုင်ရာက သက်ဆိုင်ရာ စကားပြန်ကလေးအား ခေါ်လိုက်ရ၏။ စကားပြန်ကလေး ရောက်လာသောအခါ၌ ...

"ဟေ့... ဘယ်သူလဲကွ... ဒီအမှုက... "ဟု မေးလိုက်သည်တွင် စကားပြန်ကလေးက "ဟာ ... ဗိုလ်ကြီး မသိဘူးလား၊ ဒီအမှုက စစ်တပ်ပစ္စည်းခိုးမှု မဟုတ်ဘူးဗျ၊ တော်တော်ကြီးတဲ့အမှုကြီး"ဟု ဆိုသဖြင့် ကျွန်ုပ်တွင် နားထွေးသွားရကာ "ဘယ်လိုအမှုများလဲကွာ ... ပြောစမ်းပါအုံး ..." ဟု ထပ်၍ မေးရသောအခါ၌ စကားပြန်သူငယ်က "ဒီလို ဗိုလ်ကြီးရဲ့။

အခု ဖမ်းထားတဲ့လူ သားအဖေက တော်တော်ပိုက်ဆံရှိ သတဲ့ဗျ...၊ စစ်ပြေးပြီး ရန်ကုန်ဘက်က ပြန်လာတာမှာ ဘယ်သူက ဘယ်လိုတို့လိုက်သလဲ မပြောပါဘူးဗျာ...။ မြို့ထဲမှာ ခဏတည်းခိုနေရာက ကင်ပေတွေ့သွားပြီး သူ့ပစ္စည်းတွေကို ရှာကြတော့ ရေဒီယိုဘတ်သီးတစ်လုံး တွေ့တာနဲ့ပဲ ဖမ်းပြီးပိတ်ထားတာပါပဲ။ မိန်းမသားတွေကိုတော့ သူတို့တဲခိုတဲ့အိမ်ထဲမှာပဲ ဂျပန်ကင်ပေကအစောင့်တွေနဲ့ ခြံပြင်ဘက်မထွက်ရဆိုပြီး ပိတ်ထားသဗျ ဟု ဆို၏။ ကျွန်ုပ်လည်း ခါတိုင်းတွေ့နေကျအမှုမျိုးနှင့်မတူဘဲ အနည်းငယ်ဆန်းနေသောကြောင့် "ဘယ်နယ်လဲ ... မင်းလူတွေ စကားပြောနိုင်သေးရဲ့လား"ဟု ထပ်၍ မေးမိ၏။

အကြောင်းမှာ ဤသို့ဖြစ်သည်။ ဂျပန်တို့မှာ မန္တလေးကိုပင် သိမ်းပိုက်မိပြီးကြပြီဖြစ်ရာ မြန်မာတို့အပေါ်၌ အနိုင်ကျင့်ခြင်း မက ကျင့်လာကြသည်။ ပိုက်ဆံရှိသူဆိုလျှင် အပြစ်မတွေ့တွေ့အောင်ရှာ၍ လူပြန်ပေးသဘောနှင့် ကင်ပေရုံးသို့ ခေါ်လာ၊ တမင်ရှာထားသော ပြစ်မှုတစ်ခုခုနှင့် စွပ်စွဲ၊ မသေမရှင် ရိုက်နှက် ညှဉ်းပန်း၊ ကင်ပေဗိုလ်ကို လာဘ်ထိုးမှ မြော့မြော့ကလေး အသက်မသေ ပြန်ရတတ်သည်။ တစ်ခါက သူလို ငါလို လူတစ်

ယောက်ကို ပိုက်ဆံချမ်းသာပါသည်ဟူ၍ တစ်ယောက်က တို့လိုက်သဖြင့် ဂျပန်ကင်ပေတို့က ဖမ်းကာ ငွေထွက်အောင် ညှင်းဆဲကြသည်။ ထိုသူခများမှာ တကယ်ပင်ဆင်းရဲသူဖြစ်ရာ ငွေမထွက်ဘဲအသက်သာ ထွက်သွားရရှာပေသည်။

ထို့ကြောင့် (ဖမ်းထားသူတွေ စကားပြောနိုင်သေးရဲ့လား)ဟု မေးရ၏။ အချို့ကား ဂျပန် ဘွတ်ဖိနပ်ဒဏ်၊ စီးကရက်မီးဒဏ်တို့ကြောင့် စကားမပြောနိုင်အောင် မေ့မြောနေရာက သတိလစ်ကာ ရှူးသွပ်သွားသည်အထိပင် ဖြစ်ကြရ၏။ ရေး၍ မဆုံးနိုင်ပြီ ...။

ဂျပန်လက်ချက်ဖြင့် စစ်မေး၍မရသူတို့မှာ များသောအားဖြင့် ဖွဲ့အိတ်ပမာ ဖြစ်နေတတ်ကြပေရာ အချို့မှာ မြန်မာ အချင်းချင်း ကျွန်ုပ်စစ်မေးမှ အကြောင်းမှန်ကို သိရ၏။ နိုရောတောနိုင်နော သီချင်းကလေးကို ဆိုတတ်ကာမျှနှင့် စကားပြန်လုပ်ကြသေး မြန်မာကြမ်းပိုးကလေးများက မတတ်တတတ်နှင့်ဘာသာပြန်သည်ကို ဂျပန်က တစ်မျိုး ယူဆကာ အထင်လွဲ၍ ရိုက်သည်လည်းရှိ၏။ ရိုက်သဖြင့် နာနာကျင်ကျင်နှင့် စကား အယောင်ယောင်အမှားမှား ပြောမိရှာကြသည်လည်းရှိ၏။ အမျိုးမျိုး အထွေထွေပါပေ။

ဤသို့ ကျွန်ုပ်မေးလိုက်သောအခါ စကားပြန်သူငယ်ကလေးက "စောစောကတော့ နှစ်ယောက်စလုံး ထိပ်ပြဲပြီးမေ့နေတာပဲခင်ဗျ။ အခုတော့ သတိရလောက်ကြရော့မယ်... ကျွန်တော် ရေတစ်ပုံးပက်ခဲ့တယ်" ဟု ဖြေ၏။ ကျွန်ုပ်လည်း "ကိုင်းကွာ သွားပြီး ခေါ်ခဲ့စမ်းပါ... မြန်မြန်စစ်ပြီးရင်... မြန်မြန်အေးတာပဲ"ဟု ဆိုလိုက်သည်၌ စကားပြန်ကလေး ထွက်သွား၏။

သူထွက်သွားကာမှ တရားခံတို့၏အမည်ကို မမေးလိုက်မိမှန်း သတိရမိပေသည်။ သို့သော် အရေးမကြီး၊ ပိုက်ဆံရှိသည်ဟု ထင်ရသူတို့ကို ဂျပန်က သူလျှိုလုပ်သည်ဟူသော စွပ်စွဲချက်ဖြင့် အခြောက်တိုက်ဖမ်းကာ ညှင်းဆဲ၍ ငွေညှစ်ကြသည်မှာ ဒုနှင့်ဒေးဖြစ်ရာ ယခုကဲ့သို့ ရေဒီယိုဘတ်သီးတစ်လုံးတွေ့၍ အဖမ်းခံရသည် ဆိုသောအမှုမှာ အနည်းငယ်ဆန်းသဖြင့် တရားခံတို့ကို အမြန်အခေါ် ခိုင်းခြင်းဖြစ်ပေ၏။

မကြာမီပင် ဂျပန် လက်မရွံ့နှစ်ယောက်တို့က အင်္ကျီလည်ကုပ်ကိုကိုင်ကာ တွန်းဆောင့်၍ ခေါ်လာသော တရားခံနှစ်ယောက်သည် ကျွန်ုပ်၏ အခန်းထဲသို့ဒယီးဒယိုင်ဂင်လာကြ၏။ သူတို့၏မျက်နှာများမှာကား ဂျပန်လက်ဂါးစာမိထားသဖြင့် ဖူးဖူးယောင်ကာ ညိုမဲနေရသည့်အထဲတွင် ခေါင်းကိုအုတ်ကျွတ်တန်းနှင့် ရိုက်သောကြောင့် နဖူးပါးသွယ်သို့သွေးများစီးကျကာ ခြောက်ကပ်နေသဖြင့် လူရုပ်မျှမပေါ် အောင် ရှိနေကြ၏။

"ကဲ ... ထိုင်ကြ"ဟု ကျွန်ုပ်က အမိန့်ပေးလိုက်သောအခါတွင် တရားခံနှစ်ယောက်တို့သည် မျက်နှာသေကလေးများဖြင့် ကြမ်းပြင်ပေါ်၌ ဆောင့်ဆောင့်ထိုင်လိုက်ကြရှာ၏။ ဂျပန်က ငဖယ်တေ အဘယ်မျှတေထားပြီးသည်ကား မသိရ၊ နှစ်ယောက်စလုံးမှာကား အကြောက်ကြီး ကြောက်ရွံ့နေကြဟန်ဖြင့် တုန်တုန်ရီရီပင် ရှိနေကြပေသည်။

"ကိုင်း ... ဆိုကြစမ်းပါအုံး ဘယ်လို ဖြစ်ကြတာလဲ "ဟု ကျွန်ုပ်ကမေး၏။ ထိုအခါ အဖဖြစ်သူ လူကြီးက "ဒီလိုပါ ဗိုလ်မင်းရယ်...ကျွန်တော်တို့က တနင်္သာရီဘက်ကပါ စစ်ဖြစ်စက ရန်ကုန်ကို ပြေးကြပါတယ်။ လက်ဦးကတော့ အထက်ရောက်အောင် ပြေးကြဖို့ပါပဲ။ နောက်တော့ ရေဘက်မှာ ခိုပြီးနေကြပါတယ်။ ရန်ကုန်ကို စစ်ဦးလွန်သွားတော့ ကိုယ့်ရပ်ကိုယ့်ရွာကို အခုပြန်လာခဲ့ကြရာမှာ အဖမ်းခံရတာပါပဲ ဗိုလ်မင်းရယ်၊ အဖမ်းခံရတာက ကျွန်တော်တို့ သေတ္တာတစ်လုံးထဲက ရေဒီယိုဘတ်သီးတစ်လုံးတွေ့လိုပါပဲ။ အဲဒီရေဒီယိုဘတ်သီးကလဲ မီးမလိုက်တစ်ချက်လိုက်တစ်ချက်နေလို့ ဟောဒီကျွန်တော့်သားက ရေဒီယိုဂါသနာပါလေတော့ ဒီဘတ်သီးကို တော်ရာ သေတ္တာထဲမှာ သိမ်းထားရင်းက ပြေးရင်းလွှားရင်းနဲ့ အဂတ်တွေနဲ့ရောပြီး ဟိုပါသည်ပါ သွားလေရာကိုပါနေရင်းက ဂျပန်တွေ ရှာကြတော့မှပဲ ကျွန်တော်တို့လဲ သတိရတော့တာပါပဲ ခင်ဗျာ"ဟု ဂျပန်လက်သီးချက်ဖြင့် စုတ်ပြတ်နေသော နှုတ်ခမ်းကြား၌ အားယူ၍ ပြောရှာ၏။

ကျွန်ုပ်လည်း ထိုတရားခံနှစ်ယောက်ကို ကြည့်ရင်းက "နေစမ်း... နေစမ်း ခင်ဗျားနာမည် ပြောစမ်း"ဟု ကမန်းကတန်း ပါးစပ်က မေးခွန်းထွက်သွား၏။ ထိုအခါ တရားခံလူကြီးက "ကျွန်တော့်နာမည်ကတော့ မောင်ဒေါ်နပါခင်ဗျာ... ကျွန်တော့်သားရဲ့နာမည်ကတော့ မောင်ညိမ်းအောင်" သူစကားမဆုံးမီ ကျွန်ုပ်မှာ တစ်ကိုယ်လုံးရှိ သွေးသားတွေချက်ခြင်း ရပ်တန့်သွားဘိသကဲ့သို့ရှိရ၏။ မျက်လုံးအပြူးသား နှင့် ကြမ်းပြင်ပေါ်၌ ဆောင့်ကြောင့်ထိုင်ကာ လက်ချင်းပင်ယှက်တော့မယောင်ဖြစ်နေသော သားအဖနှစ်ယောက်ကို ဖွတ်မေ့ပုတတ်မေ့ မေ့ကာ ငေးနေမိ၏။

မျက်တောင်ကိုမှုမခတ်မိနိုင်အောင် ကျွန်ုပ်တွင်ငေးစိုက်၍ ကျောက်ရုပ်ကြီးလို မလှုပ်မချောက်ဖြစ်နေရသော ဤအခိုက်အတန့်၌ ကျွန်ုပ်၏ဦးနှောက်အတွင်း၌မူကား အတွေးနှစ်ခုတို့သည်မော်တော်ကားနှစ်စင်းအပြိုင်မောင်းနေဘိသကဲ့သို့ တစ်ခုနှင့်တစ်ခု သူနိုင်ငါနိုင် သဲသဲမဲမဲကြီးပြိုင်၍ နေကြပေတော့သည်။ ထိုသို့ အကြိတ်အနယ်ယှဉ်ပြိုင်၍နေကြသော အတွေးတို့အနက် ပထမတွေးလုံးမှာကား ကျွန်ုပ်လက်စားချေရန် ဆယ့်ငါးနှစ်ကာလပတ်လုံး အတွင်းကြိတ် ကြုံးဝါးလျက် အခွင့်အလမ်းကို စောင့်မျှော်လျက်နေခဲ့ရသော ဦးလေးဦးဒေါ်နနှင့် လက်သီးကို အားကိုးလှသော မောင်ညိမ်းအောင်တို့သည် ယခုအခါ၌ ကျွန်ုပ်၏ လက်တွင်းသို့ မလှုပ်သာမလှည့်သာအောင် ကျရောက်ကာ လက်ခုပ်တွင်းကရေပမာဖြစ်၍နေရာ ကျွန်ုပ်ကသာ"ဒီလူတွေဟာအင်္ဂလိပ်ကို အင်မတန်ကြည်ညိုတဲ့ လူတွေသူလျှိုတွေ"ဟု လက်ညိုးတစ်ချက်ထိုးလိုက်ရုံမျှဖြင့် သင်းတို့သားအဖနှစ်ယောက်စလုံး ခေါင်းပြတ်ကြရမည်သာမက တစ်ဆွေလုံး တစ်မျိုးလုံးကိုလည်း ဂျပန်ကမီးခိုးကြွက်လျှောက်လိုက်ကာ ဖမ်းဆီးညှင်းဆဲနိုင်လေရကား "အဟမ်း... မင်းတို့ခံရတဲ့ အလှည့်တော့ရောက်ပီဟေ့... ကြည့်ပြီးတော့သာ ခံကြပေတော့"ဟုဆိုကာ ဂျပန်ကို တွန်းလိုက်ချင်သော တွေးလုံးဖြစ်၏။

ဒုတိယတွေးလုံးမှာကား ဂျပန်ကို ကျွန်ုပ် တွန်းလိုက်ပါက သူတို့တစ်ပြုံလုံး ဒုက္ခရောက်မည် မှန်သော်လည်း ကျွန်ုပ်၏ ဒုတိယရည်ရွယ်ချက်ဖြစ်သော အဘိုးဦးနကီ ထားရစ်ခဲ့သည့် ငွေဆယ်သိန်းခန့်တန်ဖိုးရှိသော ပစ္စည်းထုထယ်ကြီးကို ကျွန်ုပ် ရနိုင်မည်မဟုတ်။ သူတို့နှင့် ဆွေတစ်စွန်း မျိုးတစ်စ တော်သူတို့သာ ခံစားကြရပေမည်။ ကျွန်ုပ်ကအမွေခံပါဟု ရုံးတက်တရားဆိုင်ရဖို့မှာလည်း ပစ္စည်းများကိုလက်ကိုင် ရကြမည်သူတို့ကို ချောင်ကြား

က ဘွားခန်... ပေါ်ရသော ကျွန်ုပ်က ယှဉ်ပြိုင်ရမည်မှာ သွေးသားအစစ် ကျွန်ုပ်ဖြစ်သည့်တိုင် လက်ရှိနှင့် လက်မဲ့ ဖြစ်နေ၍ ကျွန်ုပ်နိုင်ဖို့ခက်၏။ ခေတ်ကား ငွေများရာ တရားအောင်သောခေတ်မျှသာမကသေး တရားဟူ၍ပင် မရှိသော ခေတ်ကျပ်ဖြစ်လေရာ တရားဆိုင်နေရမည့် လမ်းရှည်ကြီးကို ကျွန်ုပ်မလိုက်လိုပေ။

ထို့ပြင် သင်းတို့တစ်မြုံလုံးအား ဂျပန်က သတ်ဖြတ်နှိပ်စက်သည်ထားဦး။ ကျန်ရစ်သူတို့ကျန်ပေဦးမည်။ တစ်ယောက်မျှ မကျန်ရစ်ဘဲနေစေကာမူ ကျွန်ုပ်အား သင်းတို့ကိုယ်တိုင်က ကိုယ်ထိလက်ရောက် စော်ကားထားသည်ကို ကျွန်ုပ်သည် ကျွန်ုပ်၏ လက်ဖြင့် ကိုယ်တိုင် လက်ထိလက်ရောက် လက်စားချေလို၏။ ထို့ကြောင့် ဂင်၍ ပူးနိုင်အောင် တစ်မျိုးလှည့်လိုက်ရလျှင် ကောင်းလေမည်လား ဟု ဒုတိယတစ်ဖက်က လှည့်၍ တွေးမိပေသည်။ သို့သော် သင်းတို့သားအဖကို ကျွန်ုပ်အသက်ကယ်ဆယ်ပါလျက်နှင့်ပင် သင်းတို့တတွေကကျွန်ုပ်အားနောင်အခါ ၌ ဆေးဖော်ကြောဖက် လုပ်ချင်မှလုပ်ကြပေမည်။ ကျွန်ုပ်အား သင်းတို့နှင့်အရောတဝင် အရင်းအနီးမခံကြပါသော် ကျွန်ုပ်မှာ ကယ်ဆယ်ရကျိုးမနပ်ဘဲရှိမည်။

ကိုယ်ထိလက်ရောက် လက်စားချေဖို့ စခန်းလည်း ပေါ်ဖို့ခက်မည်။ ပစ္စည်းထုထယ်အနီးသို့ ကပ်နိုင်ဖို့လည်း ခက်မည်။ နောင်အခါ၌ ကျွန်ုပ်၏ လက်တွင်းတွင် ကယ်ဆယ်နိုင်လျက်နှင့် မကယ်ဆယ်ဘဲ နေခဲ့သည်ကို သိသူတို့ သိပါက အခြောက်တိုက် ဥဒါန်းမကျေဘဲ ရာဇဝင် အရိုင်းခံရလေဦးမည်။ သို့ဖြစ်ရာ သင်းတို့တတွေအား ကယ်ဆယ်လိုက်ရလျှင် တော်လေမည်လားဟု စိတ်ကူးမိ၏။ သို့ရာတွင် အခွင့်အလမ်းကို ဆယ့်ငါးနှစ်တိုင်တိုင် ကြာအောင် စောင့်မျှော်ခဲ့သောကျွန်ုပ်မှာ အခွင့်ကောင်းကြီးပေါ်ခိုက်မှာမှ မလိုက်ပါလျှင် "ခွင့်သာခိုက်မှ မလိုက်ပါလျှင် အမိုက်နှင့်ပြင်ရှိသေးလေလိမ့်လား..."ဟု ဘုန်းကြီးကျောင်းတုန်းက သင်ခဲ့ရသော ကဗျာအတိုင်း ဖြစ်မည်ကို စိုးမိပြန်၏။

ထို့ကြောင့် လောလောဆယ် လက်စားချေလိုစိတ်နှင့် သင်းတို့အားကယ်ဆယ်ပြီးမှ အမှောင့်ပယောဂ ပူးဂင်သလို သင်းတို့၏ မြုံးထဲသို့ ပူးဂင်ကာ တဖြည်းဖြည်း ပစ္စည်းထုထည်ကြီးကို ကျွန်ုပ် တစ်ယောက်တည်းရဖို့ ကြံစည်လိုသောစိတ် နှစ်မျိုးလုံးတို့သည် ကျွန်ုပ်၏ဦးခေါင်းထဲ၌ နပန်းလုံး၍ နေကြပေသည်။ ထိုသို့ မဆုံးဖြတ်နိုင်ဖြစ်နေခိုက်တွင် ကံကြမ္မာသည် ကျွန်ုပ်၏ ကိုယ်စားဂင်၍ ဆုံးဖြတ်ပေးလိုက်ပြန်၏။ ဆုံးဖြတ်လိုက်ပုံမှာကား မော်လမြိုင်အုပ်ချုပ်ရေးအဖွဲ့တွင်ပါဂင်သော မြို့မျက်နှာဖုံးကြီးတစ်ယောက်သည် အတော်ပင် ချောမွေ့လှပသော မိန်းမပျိုကလေးတစ်ဦးနှင့်အတူ ဂျပန်စစ်သားတစ်ယောက်က ကြပ်မတ်လျက် ကျွန်ုပ်၏ရုံးခန်းထဲသို့ ဂင်ရောက်လာကြခြင်းပင်ဖြစ်၏။ မိန်းမပျို၏လက်တွင် ကျောက်ကာထမင်းချိုင့်အနက် တစ်လုံးကို ဆွဲ၍လာပေသည်။

ဖူးစာပင် ဖြစ်လေရော့သလားမသိ၊ ကျွန်ုပ်သည် ထိုမိန်းမပျိုအား မြင်လျှင်မြင်ခြင်းပင် အသန့်နှင့်လွဲခဲ့ရ၍ ခုနစ်နှစ်တိုင် ဖိနှိပ်မျိုသိပ်ထားခဲ့သရမျှသော မေတ္တာစိတ်တို့သည် တဖိတ်ဖိတ်ယိုလျှံ၍ ကျလာကြပေတော့သည်။ မိန်းမပျို မှာ တစ်ထောင်မှာ တစ်ယောက်၊ တစ်သောင်းမှ တစ်ယောက်ဟု ဆိုစလောက်အောင် ချောမော တင့်တယ်သူဖြစ်ပေရာ ကျွန်ုပ်လည်း မိန်းမပျိုဂင်လာသည်၌ ငေးစိုက်၍ ကြည့်နေမိပေ၏။

ထိုခဏ၌ မိန်းမပျိုသည် ကြမ်းပေါ်တွင် ငုတ်တုတ်ကလေးတွေ ဖြစ်နေကြသော ဦးဒေါနတို့သားအဖနှစ်ယောက် မရှုမလှ ဖြစ်နေကြပုံကို မြင်သည်နှင့်တစ်ပြိုင်နက် "အမယ်လေး... ဖေဖေရယ်... ဖြစ်မှဖြစ်ရလေခြင်း... ကိုကို ရဲ့" ဟု ပြောပြောဆိုဆို ချုံးပွဲချ၍ ဦးဒေါနတို့အား ပြေး၍ဖက်ကာ ငိုရှာပေတော့သည်။ မောင်ညိမ်းအောင်တို့ သားအဖလည်း မျက်ရည်ဝိုင်းကာ "အမို အမို ဘယ်လိုလိုက်လာတာလဲဟင် "ဟု မေးကြ၏။

ထိုအခါတွင်မှ ကျွန်ုပ်လည်း ထမင်းချိုင့်နှင့် ဝင်လာသူမိန်းမပျိုမှာ ယခင်ဆယ့်ငါးနှစ်ကာလ ကျွန်ုပ် အဘိုးရှိရာသို့ သွားစဉ်က ကျွန်ုပ်အား ဖော်ဖော်ရွေရွေ ဧည့်ခံရှာသော ဦးဒေါန၏ သမီးကလေးမကလေးကိုယ်တိုင် ဖြစ်နေ သည်ကို အံ့သြစွာ သိရပေတော့သည်။ ထိုစဉ်က အမိုဆိုသည့် ထိုကလေးမမှာ ဆယ်နှစ်ရွယ်သာသာမျှသာ ရှိပေသေးရာ ယခုမူကား အသက်အစိတ်အရွယ်ခန့်ရှိလျက် ငယ်ရုပ်ကိုကျွန်ုပ် မဖမ်းမိလောက်အောင် ဖြစ်နေ၏။ ငယ်ရုပ်ကို ကျွန်ုပ် ဖမ်းမိစရာလည်း မရှိ။ ကျွန်ုပ်သည် ယခင် ၁၅ နှစ်အခါက တစ်မိနစ် နှစ်မိနစ်မျှသာ အမိုကို တွေ့ခဲ့ရဖူးသည်ဖြစ်၏။ ထိုစဉ်အခါက အမိုကို ကလေးတစ်ယောက်ဟုသာ အမှတ်ထားခဲ့ပေရာ ကြီးပြင်းလာ သောအခါတွင် ပတ္တမြားမျက်ရှင်အသက်ဝင်သလို တိမ်စင်သော လမင်းကြီးကဲ့သို့ ဤမျှဝင်းဝင်းပအောင် လှလိမ့် မည်ဟု တွေးရုံမျှပင် မတွေးမိခဲ့ပေ။

ထိုအခိုက်တွင် ဆယ့်တစ်ဦးကော်မတီ၌သော မြို့မျက်နှာဖုံးပုဂ္ဂိုလ်ကြီး ကျွန်ုပ်၏အနီးသို့လာ၍ ရပ်ပြီးလျှင် "ကျုပ်ပဲကီမူရာကို သွားတွေ့ပြီး ထမင်းကလေးတစ်ချိုင့်လောက် ပို့ပါရစေလို့ ခွင့်တောင်းခဲ့ရတယ်...။ ဒါတောင် ကီမူရာက ဒီတစ်ခါတည်းခွင့်ပြုမယ်။ ထမင်းပို့တဲ့လူဟာလဲ မိန်းမသားဖြစ်ပေစေဆိုတာနဲ့ သမီးကလေး ကိုယ်တိုင်ပဲ လာပြီးပို့ရှာတယ်... ဗိုလ်ကျော်ခေါင်၊ သနားစရာတော့ ဖြစ်နေပြီဗျာ။ ကြည့်ရှုပြီး လုပ်စမ်းပါအုံးဗျာ" ဟု တီးတိုးပြော၏။

ထိုအခါက မြို့ရွာအုပ်ချုပ်ရေးအဖွဲ့ဝင်တွေမှာ မြို့မျက်နှာဖုံးပုဂ္ဂိုလ်ကြီးများဖြစ်လျက် အင်္ဂလိပ်လက်ထက်က တာစားခဲ့သောအရှိန်နှင့် ဂျပန်က မြို့ရွာငြိမ်ဝပ်ရေးအတွက် ၁၁-ဦးကော်မတီတွင် ထည့်သွင်းထားသော်လည်း စင်စစ်၌ ထိုခေတ်ဟောင်းက လူတွင်ကျယ်ကြီးများမှာ ဂျပန်ဓားလွယ်ခါး၌ချိတ်နိုင်သော ကျွန်ုပ်တို့လို ဗိုလ် အမည်ခံတွေလောက် ပါဝါအာဏာမရှိကြပေ။ အထူးသဖြင့်ကျွန်ုပ်မှာ ကီမူရာဘူတိုင်း ခေါ်တနသ်ာရီစောင့်တပ် ကြီး၏အချုပ်ဖြစ်သော ကီမူရာ၏အတွင်းလူယုံ လက်ရုံးလည်း ဖြစ်နေပြန်သောကြောင့် နယ်တစ်လွှား၌ တကယ့် တကယ်ဆိုလျှင် မြန်မာထဲ၌ကျွန်ုပ်လောက် အတွင်းကျကျပေါက်ရောက်သူ မရှိသလောက်ပင်ရှား၏။ ထိုအကြောင်းကို နားလည်သော မြို့မျက်နှာဖုံးကြီးသည် ကျွန်ုပ်အား ထို့ကြောင့်ပင် ကပ်၍ ချော့စကားပြောခြင်း ဖြစ်၏။

သူ့စကားမဆုံးမီပင် ကျွန်ုပ်သည် ထိုင်ရာမှ ကပျာကသီထ၍ "ဖြစ်မှဖြစ်ရပလေ... ဦးလေးရယ်... ကျွန်တော် ဖြင့် လုံးလုံးပဲ မသိရပါဘူးခင်ဗျာ... အခု ဦးလေးတို့ နာမည်တွေကို ပြောတော့မှပဲ ကျွန်တော်လည်း မှတ်မိတော့ တယ်။ မှတ်လဲမှတ်မိရော ကျွန်တော်ဖြင့် အံ့အားကြီးသင့်နေလိုက်တာ... ကြာလဲကြာပြီကောလေ။ ၁၅ နှစ် တောင် ရှိသွားပြီ။ ကိုညိမ်း ကျွန်တော့်ကို မမှတ်မိဘူးလား ကံကောင်းလေ..." ဟု သုတ်သီးသုတ်ပြာကြီးပြော

လျက် အလွန်တရာစိုးရိမ်လှသော အမူအရာတို့ဖြင့် သားအဖ သုံးယောက်သား ခေါင်းချင်း ဆိုင်၍ ငိုနေကြသည့် အနီး၌ ဒူးတစ်ဖက်ထောက်၍ ထိုင်လိုက်၏။ ကျွန်ုပ်၏ အမူအရာမှာ တကယ်ပင် စိတ်မချမ်းမသာကြီးဖြစ်နေသော အမူအရာဖြစ်၏။ ရင်ထဲ၌ကား "လှရက်ပလေ အမိုရယ်... မှတ်တောင်မမှတ်မိဘူးကွယ်..." ဟု အသံနလုံးတို့ကမြည်တမ်းနေကြ၏။ ကျွန်ုပ်မှာသူတစ်ပါး၏အနိုပ်စက်ကို ခံရဖူးပေါင်း နောကျေ၍နေပြီဖြစ်သည့်အလျောက် ပရိယာယ် မာယာအတတ်တွင် တစ်ဖက်ကမ်းခပ်လို့ နီးနေပေပြီ။

ကျွန်ုပ်၏စကားနှင့် ကျွန်ုပ်၏အမူအရာများကို ရုတ်တရက်တွေ့လိုက်သောအခါတွင် ဦးဒေါနှ၊ မောင်ညိမ်းအောင်နှင့် အမိုကလေးတို့မှာ နတ်သိကြားမားမားကြီး ကိုယ်ထင်ပြသည်ကိုတွေ့ရသည့်အလား ပါးစပ်ကိုယ်စီပွင့်လျက် "ဟင်း ... " ဟု မျက်လုံးဝိုင်းကာ ဆိုလိုက်ကြသည်။ ကျွန်ုပ်လည်း ဦးဒေါနှ၏လက်မောင်းကို ကိုင်လိုက်ရင်းက "ဦးလေး... ကျွန်တော့်ကို မမှတ်မိတော့ဘူးလား... ဟင် ... ကျွန်တော်ကံကောင်းလေ၊ ဦးလေးရဲ့ နမဒေါ်စောလှရဲ့သားလေ ...၊ စစ်ထဲက နာမည်ပြောင်းထားလို့ ဗိုလ်ကြီးကျော်ခေါင် ဖြစ်နေရတာ။ ကိုင်း ... ဦးလေးတို့ ဘာမှမပူနဲ့တော့ ကျွန်တော်ရှိပြီ...။ အခုညနေကို အိမ်ပြန်ရအောင် ကျွန်တော်ကြိုးစားမယ်... ကိုညိမ်းလဲ မပူပါနဲ့တော့ ဟုတ်လား" ဟု ရှင်းလင်းပြောပြလိုက်သည်၌ ဦးဒေါနှ၏ မျက်နှာမှာ ချက်ခြင်းပင် အံ့အားကြီးသင့်၍ အတော်ကြီးအားတက်ပုံပေါ်လာကာ "ဟယ်... တွေ့ရမှ တွေ့ရတတ်ပလေ ငါ့တူရယ်... ဦးလေးတို့ကို ပစ်မထားပါနဲ့ကွာ..." ဟု တောင်းပန်စကား ထွက်လာ၏။ မောင်ညိမ်းအောင်ကား အံ့အားသင့်ခြင်းမကသင့်ရာက မပြေနိုင်သေးပဲကျွန်ုပ်၏ စစ်ဂတ်စုံ၊ ရာထူးအဆင့် အတန်း ကြယ်ပွင့်များနှင့် ဓားလွယ်တို့ကိုသာ ငေးကြည့်နေ၏။ သူ့မျက်နှာ၌ကျွန်ုပ်အား ယခင် ၁၅ နှစ်ခန့်က ကြည့်ခဲ့သော ရွံ့ရှာမုန်းတီးသည့်အမူအရာမျိုး ရွေးမျှပေါ်မလာပေ။ ထိုအခါ၌ကျွန်ုပ်၏အသဲနှလုံးတို့က မောင်ညိမ်းအောင်အား ရင်တွင်းမှနေ၍ "ဘယ်နှယ်ကိုယ့်လူ လက်သီးနဲ့ ထိုးပါအုံးလားကွ" ဟု အသံ မထွက်ဘဲ မေးမြန်းနေကြ ပေသည်။

"ကြည့်စမ်း... ကံကောင်းလို့ ဦးလေးရယ်... ကျွန်တော် ဒီကနေ့မနက်တောင်မှ ရန်ကုန်ကိုသွားဖို့ ကိစ္စတစ်ခုအပေါ်သား နက်ဖြန်မှပဲ သွားတော့မလေလို့ဆိုပြီးတော့ ဆိုင်းလိုက်လို့ ဦးလေးတို့နဲ့ခုလိုဆုံရတာ။ နို့မဟုတ်ရင်ဖြင့် ဘုရား... ဘုရား... အမယ်လေး ကြည့်စမ်း... လွဲကြရတော့မလို့။ မနက်ကတည်းက လက်ရုံးတွေလှုပ်တာနဲ့ ဒီကနေ့တော့ တစ်ခုခု ထူးတော့မယ်လို့ ထင်နေတာ တွေ့မည့်တွေ့တော့ ဦးလေးတို့နဲ့မှ တွေ့ရတယ်။ ခုနက ကျွန်တော် စကားထန်ထန် ပြောမိတာတွေကို သည်းခံပါနော်... ဟုတ်လား ကိုညိမ်း။ စစ်ဖက်မှာ လုပ်နေရတော့ ဒီလိုပဲ ပြောရဆိုရတဲ့ဟာတွေရှိလေတော့ ဂသီကြီးဖြစ်နေရတော့တယ်။

ကိုင်း... ဒီမှာ ငါ့ညီမကြီးက ထမင်းပြင်ပါကွယ်... ဦးလေးတို့ ထမင်းစားကြအုံး ထ... ထ... နေအုံး၊ ကျွန်တော်ကုလားထိုင် သွားဆွဲအုံးမယ် စသည်အားဖြင့် ကျွန်ုပ်သည် မဟုတ်တာရော ဟုတ်တာရော တွေ့ကရာရှစ်သောင်းတွေပါထည့်လျက် သူတို့ကို မမျှော်လင့်ပဲတွေ့ရသဖြင့် အလွန်အားရ ဝမ်းသာဟန်ဖြင့် ပြောလိုက်ပြီးနောက် သူတို့သားအဖအား ကျွန်ုပ်၏စားပွဲတွင်ပင် ထမင်းကျကျနန စားစေရပေသည်။ အဖမ်းခံနေရသည့်အတွင်း၌ ဆားလူးထားသော ထမင်းဆုပ်တစ်ဆုပ်နှင့်သာ နေခဲ့ရဟန် တူသော ဦးဒေါနှတို့သားအဖကား

ခေါင်းမျှ မဖော်နိုင်အောင် စားကြ၏။ သာမန်လူအဖို့၌ မြင်ရသည် မှာ သနားစရာ ဖြစ်ပေမည်။ ကျွန်ုပ်အဖို့၌ကား "ဘယ်နယ်... ဆရာကြီးတို့... ဝေ်ဖူးကြပြီပေါ့... ဟုတ်လား။ တော်တဲ့ အရသာကလေးက ဘယ်လိုများနေပါလိမ့်၊ ငံညိညိကလေးထင်ပါ့။ ဟဲဟဲ... ခင်ဗျားတို့ တွယ်တုန်းက ကျုပ်လဲ... မုံ့ပျားသလက် ဆားဖြူးကလေးနဲ့ နေခဲ့ရဘူးသဗျို့... "ဟု ရင်ထဲက သရော်၍နေမိပေသည်။ သို့သော် သူတို့အား ကြင်နာသနားသည့် လက္ခဏာတွေကို ကျွန်ုပ်၏ မျက်နာပေါ်၌ သနပ်ခါး ပိန်းပိန်းလူးထားသလို ဖန်းပြ၍ထား၏။

ဦးဒေါနတို့မှာလက်ဦး၌ ကျွန်ုပ်အားငယ်စဉ်က ညစ်ပတ်ခဲ့ကြသည်တို့ကို သတိရကာ ရှက်ကြောက်အားနာဖြစ်၍ နေကြဟန်ဖြင့် စကားဟ၍ မပြောပံ့ကြသေး။ ထမင်းစားပြီးကြ၍ ကျွန်ုပ်ကလည်း ဖော်ဖော်ရွေရွေ စေတနာတွေ တစ်ခွဲသားနှင့် အိမ်မြှောင်တံဆိပ် စီးကရက်တစ်လိပ်စီပင် တည်လိုက်သေးသောအခါမှ ဦးဒေါနက "ကံကောင်း ... ဘုန်းကောင်းထောက်လို့ ငါ့တူကြီးနဲ့ တွေ့ရပေလေတယ်ကွယ်...။ ဦးလေးတို့အတွက် ငါ့တူကြီး ကြံပါနော်... ဦးလေး ငါ့တူရဲ့ကျေးဇူးကို မမေ့ပါဘူးကွယ်... " ဟု အားကိုးသံနှင့်ပြော၏။ မောင်ညိမ်းအောင်ကလည်း ထိပ်ပြဲနေသော အနာကိုလက်နှင့်စမ်းရင်းက "ပိုက်ဆံဘယ်လောက်ပဲ ကုန်ရကုန်ရဗျာ ကိုကံကောင်း ကြံပေးစမ်းပါဗျာ" ဟု ခယသော လေသံဖြင့်ပြော၏။

ကျွန်ုပ်လည်း မောင်ညိမ်းအောင် အား " ဒါတွေ ခဏ ထားပါအုံးလေ ပိုက်ဆံလဲ ကုန်ချင်မှ ကုန်မှာပါ ဖြစ်ပျက်ပုံကိုသာ ကျကျနန ပြောစမ်းပါအုံး၊ ဒါမှ ကျွန်တော်လည်း ကြံဖန်ပေးနိုင်မှာ ကိုညိမ်းရဲ့" ဟု ပြောရ၏။ ရင်ထဲ၌ကား သေသော်မှ အဆိပ်ကို မစွန့်သော မြွေဆိုးပမာ ဂျပန်လက်ထဲ၌ ခေါင်းဖြတ်ခံရမည့် ရေဒီယိုဘတ်သီးတွေ့မှုကို ပိုက်ဆံအားကိုးနှင့် ပြောတုန်းပင်ရှိနေသေးသော မောင်ညိမ်းအောင်ကို ရယ်မိရင်း "ကိုယ်လူ ... ဒီအမှုမျိုးက ငွေပေးပေမဲ့ သက်သာတဲ့ဟာမျိုးမဟုတ်ဘူး ကိုရင်ရဲ့။ မင်းမာနထောင်ခဲ့တဲ့ ပိုက်ဆံတွေက မင့်ကို ကယ်နိုင်သေးရဲ့လားကွာ၊ ဟား ... ဟား ... "ဟု အသံမထွက်ဘဲ အသဲနှလုံးတို့က သရော်ကြပြန်ပေသည်။

ဦးဒေါနနှင့် မောင်ညိမ်းအောင်တို့က အဖြစ်မှန်ကို ယခင်နည်းတူပင် ပြောပြကြ၏။ ထို့ပြင် သူတို့၏ ရေဒီယိုကိုလည်း ရန်ကုန်မှ တနင်္သာရီဘက်သို့ ထွက်မလာမီ ဂျပန်တပ်သို့ အပ်ခဲ့ကြောင်းကိုလည်း ပြောပြကြ၏။ သူတို့ စကားဆုံးသောအခါ အမှီက "ဖေဖေနဲ့ကိုကိုတို့ ပြောတဲ့အတိုင်း အမှန်ပါပဲရှင်၊ တစ်ခွန်းမှလိမ်တာ မပါပါဘူး။ ဂျပန်တွေလာပြီး ရာတုန်းဖွေတုန်းက ဒီအတိုင်းပြောတာပဲရှင် မယုံကြဘူး ဗိုလ်... အဲ... ကိုကံကောင်း တတ်နိုင်သမျှ ကြိုးစားပေးပါအုံးရှင်" ဟု ဂင်၍ ထောက်ထောက်ခံခံ သနားစဖွယ်ပြော၏။ အမှီ၏ ပျော့ပျောင်းလှသော လေသံကလေးသည် ကျွန်ုပ်၏ စိတ်နှလုံးကို ယူကြုံးမရ ဖြစ်စေလေတော့သည်။

ဤတွင် ကျွန်ုပ်က "နို့ ရေဒီယိုကို ဂျပန်တပ်မှာ အပ်ပစ်ခဲ့ရတော့ အပ်တဲ့အကြောင်း လက်မှတ်ထုတ်ပေးထားတာများ မရှိဘူးလား၊ ရေဒီယိုကိုအပ်ရင် ဂျပန်တပ်က လက်မှတ်ပြန်ပေးရတယ်"ဟု မေးလိုက်ရာ အမှီက "ကျွန်မတို့တော့ မရခဲ့ပါဘူးရှင်"ဟု အဆိုတွင် မောင်ညိမ်းအောင်က " ကျွန်တော်ကိုယ်တိုင်သွားပြီး အပ်တာပဲဗျ ကိုကံကောင်းရဲ့၊ ဒါပေမဲ့... ဘာလက်မှတ်မှ ထုတ်မပေးလိုက်ဘူး"ဟု ဂင်ထောက်လိုက်သဖြင့် သူတို့၏ ရေဒီယိုကို အဘယ် ဂျပန်တေ အချောင်ဂင်၍ အုပ်သွားပြီဟူသော အချက်ကိုသိရ၏။

စင်စစ်၌ ဂျပန်များရေဒီယိုသိမ်းသည်ဆိုခြင်းမှာ လိုင်းတို့ဖြင့်လွှင့်သော အိန္ဒိယသီဟိုဠ်မှ အင်္ဂလိပ်ဂါဒဖြန့်အသံများကို ဖမ်းမရအောင် ရေဒီယိုကို ပြုပြင်၍ ပြန်ပေးရ၏။ လုံးဂမသိမ်းရပေ။ အခု ဦးဒေါနတို့၏ ရေဒီယိုမှာမူ ပိုက်ဆံဂါလားပြီပြီ ရေဒီယိုမျိုးကောင်းကို ကိုင်ရာ၌ ဂျပန်တစ်ယောက်ယောက်က မျက်စိကျ၍ အလစ်တွင် အပြီးအပိုင် ဘုံးလိုက်ခြင်း ဖြစ်ဟန်တူ၏။ ထို့ကြောင့် ရေဒီယိုကို ပြန်၍ရွေးရန် ပေးရစမြဲဖြစ်သော လက်မှတ်ကို မပေးလိုက်ခြင်းပင် ဖြစ်ရပေမည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်ကား အမိုကလေးကို မြင်ရသည့်အချိန်ကစ၍ အဘိုး၏ပစ္စည်းထုထယ်ကိုရဖို့ ရည်ရွယ်ချက်အပြင် အမိုကိုပါ အရချိုင်ချင်သောစိတ်ကလည်း ပွားများလာ၍နေပေသည်။ ထို့ကြောင့် နောင်အခါမှ သင်းတို့က ဆေးဖော်ကြောဖက်မလုပ်လျှင် ရှိစေတော့ တစ်နည်းတစ်ဖုံ ကြံစည်မည်။ ယခုအတိုင်း အခြေအနေတွင် သင်းတို့သားအဖကို ကယ်ဆယ်လိုက်ပါက အကယ်၍ သူတို့နှင့်ပြန်လည်ရင်းနှီးကာ ချဉ်းကပ်နိုင်ခဲ့ပါသော် ကျွန်ုပ်မှာ ပစ္စည်းထုပ်ကြီးကိုရဖို့သာမက ကျွန်ုပ်မေတ္တာသက်ဝင်နေမိပြီဖြစ်သော အမိုနှင့်ပင် နီးစပ်ရဖို့လမ်းအခွင့်ပင်လျှင် ပေါ်ဦးမည်ဖြစ်သောကြောင့် ပွင့်တော်မူပြီးသော ဂေါတမအရှင်ပင် ယသော်ဓယာ၏ ခန်းဆောင်သို့ ကြွကာ တရားဓမ္မဟောကြားတော်မူလေသေးရာ ကျွန်ုပ်ကဲ့သို့သော အညာတရမှာ ဓားမကြီး ပဲ့ပဲ့ကွာ... ဟူသော ပုထုဇဉ်ထဲက ဖြစ်သည့်အတိုင်း သင်းတို့အား လောလောဆယ် လက်စားချေဖို့ထက် တစ်ချက်ခုတ် သုံးချက်ပြတ် လက်စားချေရန်သာလျှင် စိတ်ကို ပိုင်နိုင်စွာ ဆုံးဖြတ်လိုက်၏။

ထို့နောက် ကျွန်ုပ်သည် ကီမူရာအားဝင်၍ အကျိုးအကြောင်းပြောပြ၏။ ကီမူရာမှာ ကျွန်ုပ်အား ယုံကြည်ရင်းစွဲရှိပြီးဖြစ်ရာ အမှုအသွားကို သေသေချာချာပင် ရေးမှတ်၍ယူ၏။ သို့သော် သာမန်စစ်တပ်ဘက်မှ ကင်ပေစစ်ရဲတို့လုပ်ငန်းကို ဝင်၍ စွက်နိုင်ခွင့် မရှိသောကြောင့် အကျပ်ကြုံနေပြန်၏။ ဤတွင် ကျွန်ုပ်လည်း အမိုတို့ထံမှ သူတို့၏ ရေဒီယိုနံပါတ်ကို တောင်းကာ ကီမူရာ၏စာနှင့်အတူ ရန်ကုန်သို့တက်ခဲ့ရ၏။ ကီမူရာ၏စာကြောင့် ကျွန်ုပ်မှာ ရန်ကုန်တစ်ပိုက်ရှိ ဂျပန်တို့၏ ရေဒီယိုများကို လိုက်လံ၍ နံပါတ်ချင်း တိုက်ဆိုင်ကြည့်ခွင့်ရပေရာ။ နောက်ဆုံး၌ ကမာရွတ်လှည်းတန်း မိန်းမထိန်း အိမ်တစ်အိမ်တွင် စတဲချနေသော ဂျပန်တပ်ကြပ် တစ်ယောက်သည် ထိုအိမ်၌ ဦးဒေါနတို့၏ရေဒီယိုဖြင့် အခံ့သား ဖြစ်နေသည်ကို တွေ့ရ၏။ ကျွန်ုပ်လည်း ထိုရေဒီယိုကို ကုတ်ကိုင်းလမ်းမှ ကင်ပေတစ်ယောက်နှင့်သွား၍ နောက်တစ်ကြိမ် နံပါတ်တိုက်ပြီးနောက် ဦးဒေါနတို့၏ရေဒီယိုကို ဂျပန်တို့အား တကယ်အပ်ပြီးကြောင်း အထောက်အထား သက်သေခံလက်မှတ်ကို ကင်ပေဗိုလ်ထံမှ တံဆိပ်ရိုက်၍ တောင်းယူခဲ့ရ၏။

ထိုလက်မှတ်ကို ရသောအခါမှာမူ ကီမူရာသည် မော်လမြိုင်ကင်ပေဗိုလ်ထံ အကျိုးအကြောင်းစာရေးလိုက်ရာ ဦးဒေါနနှင့် မောင်ညိမ်းအောင်တို့မှာ တစ်လခန့်အချုပ်ခံနေရပြီးမှ လွတ်မြောက်ခွင့်ရကြပေသည်။ သို့တိုင်အောင် ကီမူရာနှင့် ကင်ပေတိုင်တို့အား ရွှေဒင်္ဂါးဆယ်ပြားစီ ပူဇော်ရလေသေးသည်။ ရွှေဒင်္ဂါး အပြားနှစ်ဆယ်ကား သူတို့အဖို့၌ ထမင်းကြမ်းခဲကို ခွေးကျွေးသလောက်သာ ထိခိုက်ပေသည်။

**ဆက်ရန်**

## တင့်တယ် ၏ ကမ္မဖလ အပိုင်း (၁၃)

ဤသည်ကား ကျွန်ုပ်နှင့် ကျွန်ုပ်၏ ညာတိ ကိုလူကျော်များ ၁၅ နှစ်ကာလခြားပြီးမှ ပြန်လည်တွေ့ဆုံကြရပုံပင်ဖြစ်၏။ သင်းတို့တစ်တွေနှင့် ကြုံရပြီးသည့်နောက်တွင် ကျွန်ုပ်၌ ခြေလှမ်းကြီးသုံးရပ်ကိုလှမ်းရန် အသင့်ပြင်ထားရ၏။ ပထမခြေလှမ်းမှာ သင်းတို့ဆွေမျိုးတစ်စုနှင့် ချစ်ကျွမ်းဝင်၍ အတွင်းရေး အပြင်ရေးတို့ကို အားလုံးသိနိုင်သမျှ သိရဖို့ဖြစ်၏။

ဒုတိယခြေလှမ်းမှာကား အမိုတစ်ယောက်မှအပ အခြားသောသူတို့ကို အဘိုးဦးနကီ၏ အမွေဟူသမျှ ခံစားရမည့်သူမှန်ပါက လျို့ဝှက်စွာ ကိစ္စတုံးအဆုံးစီရင် သတ်ဖြတ်ပစ်ရန်ဖြစ်၏။ တတိယ ရည်ရွယ်ချက်မှာကား အမိုကိုအနနည်းဖြင့်မရသော် အကြမ်းနည်းကိုသုံးရစေကာမူ မရအရယူ၍ အဘိုးဦးနကီ၏ ပစ္စည်းပုံပေါ်တွင် သူဌေးကြီးအမည်ခံလျက် ခံစားဖို့ပင် ဖြစ်ပေသည်။ ကျွန်ုပ်အား အကြံပက်စက်သည်ဟု ဆိုချင်က ဆိုကြပေမည်။ သို့သော်ကျွန်ုပ်ခံစားခဲ့ရသော ဒုက္ခတို့၏အကြောင်းကို ပြန်၍ထောက်လိုက်ပါက ကျွန်ုပ်အား အပြစ်တင်လိုမှ တင်ကြပေမည်။ သဘောအတိုင်းပင် ...။

### ရန်သူအသစ်တစ်ဦး

ဦးဒေါနတို့ သားအဖအား ကယ်တင်ခဲ့ပြီးသည့်နောက် ကျွန်ုပ်နှင့် ကျွန်ုပ် လက်စားချေရန် တစ်သက်လုံးကြိုးပမ်းလာခဲ့သော ဆွေမျိုးတစ်စုတို့ ပြန်ပေါင်းထုပ်မိကြကာ ဖက်လဲနံပါးသင့်ကြပုံများကို အသေးစိတ်ရေးလို၏။ သို့သော် ကျွန်ုပ်တွင် အချိန်မရတော့၊ မကြာမီပင် ကြိုးဒဏ်မှလွတ်ရန် တင်ထားသော အသနားခံစာ၏ အရှုံးအမြတ်ကို ကြားသိရပေတော့မည်ဖြစ်ရာ အသနားခံစာတင်ရာတွင် အရာမထင်ဖြစ်ရပါက အလွန်ဆုံး ခုနစ်ရက်သာ အသက်တာရှည်တော့မည်ဖြစ်သောကြောင့် ကျွန်ုပ်၏ ဤအဖြစ် စဉ်မှတ်တမ်းကို နေ့မအား ညမအားရေးရပေတော့မည်။ ဤသို့ နေ့မအား ညမအား ရေးသည့်တိုင်အောင် ရေးစရာတွေ ရှိတိုင်းသာ ရေးရမည်ဆိုပါက အနည်းဆုံး နောက်တစ်လခန့်ကြာအောင် ဆက်၍ရေးရမည် ဖြစ်သဖြင့် ကျွန်ုပ်၏ ဤအဖြစ်စဉ်သမိုင်းကိုရှေ့ပိုင်းမှာကဲ့သို့ အနစိတ် မရေးသာတော့ဘဲ အရေးကြီးဆုံး အကွက်များကိုသာ ကောက်၍ ရေးရပေတော့မည်။

ဦးဒေါနနှင့် မောင်ညိမ်းအောင်တို့၏အသက်များကို ကယ်ဆယ်လိုက်သည့်အတွက်ကြောင့်ပင် သင်းတို့တစ်ဆွေလုံး တစ်မျိုးလုံးပင် ကျွန်ုပ်အား များစွာပျူပျူငှာငှာ ရှိကြပေသည်။ သူတို့တည်းခိုသောအိမ်ကို ကျွန်ုပ် ဝင်ထွက်တိုင်းလည်း တကယ့်ဧည့်ကောင်း စောင်ကောင်းပမာ ပြုစုကြ၏။ ယခင်ကနှင့်မကွာပါလား။ ကျွန်ုပ်ကား သူတို့၏အသက်သခင်ဖြစ်နေ၍ အားလုံးပျူငှာကြသည်မှာ မဆန်းလှ။ မောင်ညိမ်းအောင်သည် လက်ဦးက ကျွန်ုပ်အားရေးဖြစ်ကို တွေးမိတိုင်း စကားပြောရမှာပင်ခပ်အမ်းအမ်းရှိ၏။ သို့သော် ဖော်လံဖား အနုပညာ နှင့် မာယာပရိယာယ် အနုပညာတို့ကို ဘဂဒုက္ခတို့က သင်တန်းအမျိုးမျိုး ပေးလိုက်သဖြင့် ကျွမ်းကျင်ပြီးဖြစ်နေသောကျွန်ုပ်သည် မောင်ညိမ်းအောင်အား အခြားသူများထက်ပင် ပို၍ ရင်းနီးခင်မင်အောင် ပေါင်းသင်း ဆက်ဆံခဲ့၏။

ထို့ကြောင့် မကြာမီပင် မောင်ညိမ်းအောင် ကိုယ်တိုင်ကပင်လျှင် ကျွန်ုပ်အား "ဟေ့ ကောင်ဟု ယခင်က ခေါ်ခဲ့သည့်နေရာ၌ "ကိုကောင်း" ဟု ပင် ခေါ်ဝေါ်နေပေပြီ။ လက်ဦးက ကျွန်ုပ်အား "ဗိုလ်ကျော်ခေါင်" ဟုခေါ်၏။ ဤတွင် ကျွန်ုပ်က "ညီအစ်ကိုရင်းအချာချင်းကို ဒီလို ဖြစ်ကတတ်ဆန်း ခေါ်ရတဲ့နာမည်ကြီးနဲ့ မခေါ်ပါနဲ့ဗျာ။ နာမည်ရင်းကိုပဲ ခေါ်ပါ။ ကိုယ့်သွေးရင်းသားရင်းတွေပဲဟာကို... " ဟု ကျွန်ုပ်က အလွှန့်အလွှန်ချစ်ဟန်ဖြင့် ပြောလိုက်သည်၌ မောင်ညိမ်းအောင်သည် ကျွန်ုပ်အပေါ်၌ "ဒီလူ မရိုင်းဘူး၊ ငါစော်ကားထားတာကို အမှတ်မထားဘူး၊ တော်တော် သဘောကောင်းတဲ့လူ" ဟူ၍ တွေးတော ယူဆဟန် ရှိ၏။

ထိုအခါကစ၍ မောင်ညိမ်းအောင် သည် ကျွန်ုပ်အား " ကိုကံကောင်း" ဟုပင်မခေါ်။ "ကိုကောင်း" ဟု ချစ်စနိုးအဖျားဆွတ်၍ ခေါ်သောအခြေသို့ ရောက်ခဲ့၏။ အော်... မောင်ညိမ်းအောင်ကား မြွေပွေးမျိုးတိုကိုမှ ခါးပိုက်ပိုက်မိရှာပေပြီ။ ကျွန်ုပ်ကား မြွေပွေးမျိုးတို မဟုတ်ပါလော။ သူတို့ဂိုင်း၍ ညှင်းထားသဖြင့် အမျိုးပြတ်ကာ စိတ်တိုနေသော မြွေပွေးမျိုးတိုပင်။ သို့သော် မြွေပွေးလို စိတ်မဆတ်၊ ငန်းတော်ရေလို စိတ်ရှည်၏၊ စိတ်ရှည်သလောက် ပေါက်လိုက်သောအခါတွင် တုန်းခနဲ ဆေးမမီဘဲ အကျိုးနည်းကိစ္စချောရစေမည့် စိတ်ရှည်သော မြွေပွေးမျိုးတိုကျွန်ုပ်ကို သင်းတို့ တစ်မြုံလုံးက သွေးရင်းသားရင်းအဖြစ်ဖြင့် အသိအမှတ် ပြုကြပေပြီ...။

မောင်ညိမ်းအောင်တို့ သားအဖကို ကျွန်ုပ်ကယ်ဆယ်ခဲ့သောအခါ၌ ၁၉၄၂-ခုနှစ်သို့ပင်ကူးချေပြီ။ ကျွန်ုပ်မှာ အသက် ၃၂ နှစ်ထဲသို့ ဝင်ချိန်ဖြစ်၏။ အသက် ၃၀ ကျော်မှ ကံပေါ်သည်ဟု ဆိုရပေတော့မည်။ ဦးဒေါနတို့သည် မော်လမြိုင်၌ သုံးလခန့်ကြာ၍ နေ၏။ အကြောင်းမှာကား ဦးဒေါနနှင့် မောင်ညိမ်းအောင်တို့မှာ ဂျပန်ရိုက်ထားသဖြင့် အတွင်းကြေဒဏ်ရာများအပြင် ထိပ်ပေါက် ခေါင်းကွဲ နားရွက်စုတ်သောဒဏ်ရာများကိုပါ ရကြ လေရာ မိမိတို့ လူတွင်ကျယ် မျက်နှာဖုံးလုပ်ရာ ဇာတိမြို့သို့ ဒဏ်ရာများနှင့် ပြန်ရမည်မှာ မျက်နှာပန်းမလှသော ကြောင့် ဒဏ်ရာများပျောက်သည်အထိ မော်လမြိုင်တွင် ဆေးကုနေကြခြင်းဖြင့် သုံးလခန့်ကြာ၍ သွားရခြင်းဖြစ်၏။ ဤသုံးလအတွင်း ၌ ကျွန်ုပ်သည် အချိန်အားလပ်တိုင်းပင် ဦးဒေါနတို့၏ တည်းခိုအိမ်သို့သာ ရောက်၍နေခဲ့၏။ အသက်ကို ကယ်သောကျေးဇူးရှင်ဖြစ်သဖြင့် သူတို့ကလည်း ထွက်စေ ဝင်စေချင်ကြသည်။ ထို့ပြင် သူတို့နှစ်ယောက် ဂျပန်လက်မှ လွတ်ခါစ၌ ကျွန်ုပ်အား ငွေငါးထောင်ပုံ၍ ကျေးဇူးဆပ်ကြဘူးလေသေးသည်။ သို့သော်ကျွန်ုပ်က "ကျွန်တော်စေတနာတွေ အလကားမဖြစ်ပါစေနဲ့ ဦးလေးရယ် မတော်ပါဘူး" ဟုဆိုကာ ဖွတ်ပေးသည်ကိုပင် ငြင်းလိုက်သဖြင့် ကျွန်ုပ်အား ပို၍အထင်ကြီးကြ၏။ ခင်ကြ၏။ ကျွန်ုပ်၏ ရင်တွင်း၌ကား "ငွေငါးထောင်ဟာ ခင်ဗျားတို့အဖို့မှာ ရေထဲလွှင့်ပစ်တောင်မဖြုံတဲ့လူတွေကလားဗျာ၊ ကျုပ်က ဒါလောက်ကို မှန်းတာမှ မဟုတ်ဘဲ "ဟု အသဲနှလုံးတို့က တီးတိုးသရော်လိုက်ကြသေးသည်။

ကျေးဇူးရှင် အဖြစ်အပြင် သွေးရင်းသားရင်း အဖြစ်နှင့်လည်း ကျွန်ုပ်မှာ ဝင်ထွက်သွားလာနေသေး၏။ ဦးဒေါနနှင့်မောင်ညိမ်းအောင်တို့၏ ဒဏ်ရာများအတွက် လိုသမျှသောဆေးဝါးကို ဆေးရှားပါးသော ဂျပန်ခေတ်၌ပင် မရရအောင် ရှာဖွေပေး၏။ အရေးထဲ၌ ဦးဒေါနမှာ ဝမ်းကိုက်ဝမ်းကျ ဖြစ်နေပြန်လေရာ ကျွန်ုပ်ပင်လျှင် ဂျပန်တပ်ဆရာဝန်ကို ပူးပေါင်း၍ ခုခေတ်က ရွှေထက်ရှားသော အင်မယ်တင်လိုရိုက် ဆေးမှုန့်ကို တပ်ဆေးရုံမှခိုးကာ

ဦးဒေါနကို ဆေးထိုးကုသပေးသေး၏။ ကျွန်ုပ်၏ ကျေးဇူးတွေ တစ်ပုံ တစ်ပင်ကြီး နှစ်ထပ်ကြော့ သုံးထပ်ကြော့ တင်နေသော သင်းတို့တစ်သိုက်သည် ကျွန်ုပ်အား မခင်မင်ဘဲ မနေနိုင်။ ကျေးဇူးရှင်ဘဂနှင့် သွေးရင်းသားရင်း ဘဂတို့ဖြင့် ပိုမိုခင်မင်စေရန် ကျွန်ုပ် ဂင်ထွက်သွားလာနေသည်ထက် အမှီကလေး အတွက်ကြောင့်လည်း ကျွန်ုပ်သည် အချိန်အားလပ်တိုင်း သူတို့ဆီကို သွားလာနေခြင်းဖြစ်ပြန်၏။ အမှီကား အတော်ဆန်းသော မိန်းမပျိုဖြစ်၏။ အဂတ်အစားအလှအပကို နှစ်သက်တတ်သော မိန်းကလေး ရုပ်ရည်အလွန်တရာ ချောမောလှပသော မိန်းကလေး။ ပညာဗဟုသုတလိုက်စားသော မိန်းကလေးဟူသမျှတို့မှာ အိမ်ထောင်ကို ထိန်းသည့်ဘက်က ဟာတတ်ပေရာ အမှီမှာမူ အဂတ်အစားလှလှပပ အချိုးကျကျ ဂတ်တတ်သဖြင့် နဂိုရှိတိုင်း နဂိုင်းထွက်လျက် ချစ်သထက်သာ ချစ်စဖွယ်ကောင်းနေရာ၌ အိမ်ထောင်ကို ထိန်းသိမ်းစီမံရာတွင် တကယ်တမ်း ကျွမ်းကျင်သည့် အပြင် ကျွမ်းကျင်ရုံသာမက ငါးပိအိုး၊ ဆားအိုးများကိုပင် သီးသန့်၍ ကြွေဖွန်းငယ်များ တပ်ဆင်ထားသည်အထိ သန့်ရှင်းသူ ဖြစ်သဖြင့် ကျွန်ုပ်မှာကား "အမှီနဲ့များ ပေါင်းရမယ်ဆိုရင်တော့လားကွာ"ဟူ၍ အစချီသေး အိပ်မက်ကောင်းများကို မက်၍ ကြည့်ရ သည်မှာ အခါပေါင်းများလှပေတော့သည်။

အမှီနှင့် ဆက်ဆံရာ၌ ကျွန်ုပ်သည် မျက်နှာပိုးသေသေ ဆက်ဆံ၏။ ရင်ထဲက ကြိုက်လိုက်သည်မှာကား အသဲရော အူရောတုန်၍ နေပါတော့သည်။ သို့သော် ကျွန်ုပ်၏ သည်းထန်လှသော မေတ္တာစိတ်ကို ကျွန်ုပ်အရိပ်မျှ မပြ။ တကယ့် သမာဓိရှင်ကြီးကဲ့သို့ အမှီအား(အမှီ)ဟုပင် နာမည်ကိုမခေါ်။ "ညီမလေး"ဟု လူကြီးသံ အကိုကြီးသံနှင့်ခေါ်၏။ သွေးရင်းသားရင်း တစ်အူတုန်ဆင်းသဘောကို ပေါက်စေလို၍ ခေါ်ခြင်းလည်းဖြစ်၏။ ကျွန်ုပ်၏ စုံစုံမက်မက် ဖြစ်နေသောစိတ်ကို ဖော်ပြသည့် ကန္တဲ့ကလျ အမည်ဖြင့်ခေါ်ပါက အမှီသည် ကျွန်ုပ်အား သူ့ကို ရွယ်သည်ဟု ထိတ်လန့်ကာ ငြင်းဆန်သောစိတ်ဓာတ် ပေါ်မည်ကိုလည်း စိုးသဖြင့် ဖြစ်သည်။ တဖြည်းဖြည်းနှင့် ဆွေမျိုးရင်းချာစိတ်ကို မွေးမြူပြီးမှ ထိုနေရာကတစ်ဆင့် အချစ်စခန်းဖွင့်ရသည်အထိ တစ်နေ့တစ်လံပုဂံသို့ အရောက် ကြံစည်ရခြင်းဖြစ်ပေတော့သည်။

အမှီခများလည်း ကျွန်ုပ်အား လက်ဦးတွင် တစ်လခန့်အကဲစမ်းသလို ခပ်ဂေးဂေးမှ လက်တစ်လှမ်းအကွာ ထား၍ ထိုက်သင့်သလိုဆက်ဆံ၏။ မမျှော်လင့်ဘဲရုတ်တရက်တွေ့ရသော မောင်နမဂမ်းကွဲဖြစ်သောကြောင့်ခပ်စိမ်းစိမ်း ဖြစ်နေ၏။ သို့သော် ဖခင်၏အသက်ကိုကယ်ဆယ်သူကျေးဇူးရှင်အဖြစ်ဖြင့်ကား အသိအမှတ်ပြုကာ လိုလေသေး မရှိပြုစုပါပေသည်။ သူက ပြုစုလေ ကျွန်ုပ်မှာ အတွင်းကြိတ် မေတ္တာပွားလေ ဖြစ်၏။ သို့ရာတွင် အရိပ်လက္ခဏာမျှပင် မေတ္တာရှိကြောင်းကို မပြပုံ့၊ မတော်တဆ လန့်၍ခွာသွားပါက ပို၍ အချဉ်းရခက်မည်ဖြစ်၏။ အပျိုတို့ဓမ္မတာကား လူပျိုက လက်ကိုကိုင်လျှင်ပင် ညအခါ၌ကိုင်သောအခါ မတွန့်ဘဲနေ့အခါ၌ကိုင်လျှင် "ငါ့လက်ကို လူပျိုကိုင်ပါကကော"ဟူသော အတွေးစိတ်ဖြင့် ရှက်ရွံ့သလို တွန့်ကာ မူလကျီသွန်ဖြူများတတ်ပေရာ ကျွန်ုပ်မှာ အမှီနှင့် မဂေးလည်းမဂေးအောင်၊ ရွံ့သွားလောက်အောင်လည်း မနီးစေအောင်၊ တစ်ဦးနှင့်တစ်ဦး မျက်ခြည်မပြတ်စေရုံမျှ ကြားချ၍ ဆက်ဆံနေခဲ့၏။ ကျွန်ုပ်၏ လမ်းစဉ်မှာ လမ်းစဉ်မှန် ဖြစ်နေသဖြင့် အမှီသည် ကျွန်ုပ်နှင့် ရယ်စရာ မောစရာလေးများကို ပြောတတ် ဆိုတတ်သည့် အခြေသို့ပင် ရောက်လာခဲ့ပေသည်။

ဤသို့ ရောက်လာသောအခါမှာမှ ဦးဒေါနတို့ သားအဖမှာလည်း ကျန်းမာကာ နာလန်ထူစ ပြုလာကြပြန်သော ကြောင့် သူတို့ တစ်မြို့လုံး သူတို့နေရင်းမြို့သို့ ပြန်ကြတော့မည်ဟု စီမံကြသောအခါသို့ တိုင်ခဲ့ပြန်လေသည်။ ထို့ကြောင့် တစ်နေ့သောညနေတွင် အမှီတို့အိမ်သို့ ကျွန်ုပ်ရောက်၍ သွားသောအခါ၌ ဦးဒေါနနှင့် မောင်ညိမ်း အောင်တို့ကို မတွေ့ရဘဲ အမှီနှင့် အခြားဆွေမျိုးများကိုသာ တွေ့ရသဖြင့် ဧည့်ခန်းတွင် ထိုင်မိသည်နှင့် တစ်ပြိုင် နက် "ဦးလေးတို့ကော... ညီမလေး"ဟု မေးလိုက်ရာ အမှီက "ဖေဖေတို့ တနင်္ဂရီဘက်ကို ပြန်ခါနီး ထမင်း ကျွေးပါရစေဆိုပြီး အတင်းလာခေါ်သွားလို့ လိုက်သွားကြရတယ်" ဟု ဖြေသဖြင့် "အော် ... ဟုတ်လား၊ နို့အမှီတို့ ဘယ်တော့လောက်ကို ပြန်ဖြစ်ကြမယ် ထင်သလဲ"ဟု ထပ်၍ မေးလိုက်မိ၏။

အမှီတို့ ပြန်ကြတော့မည်ဟူသော သတင်းအစအနကို သိရကတည်းက ကျွန်ုပ်မှာ ဦးနှောက်အလုပ်ပေး၍ နေရ ပြန်ပေသည်။ မပေးလျှင်လည်း မဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် အမှီတို့တစ်တွေ သူတို့ဇာတိဌာနေ သို့ ပြန်ကြပါလျှင် ကျွန်ုပ်မှာမော်လမြိုင်တွင် တစ်ယောက်ထည်းတည်း သောင်တင်ကျန်ရစ်ခဲ့လျက် စာအဆက် အသွယ်မှတစ်ပါး အမှီတို့နှင့် တစ်ရပ်တစ်မြေခြား၍ နေရပေဦးတော့မည်ဖြစ်ရာ ကျွန်ုပ် ရည်ရွယ်ထားသော ခြေလှမ်းကြီးသုံးလှမ်းတို့မှာ ရှေ့သို့မလှမ်းသာဘဲ ရပ်တန်းကတန့်နေဦးမည်ကို မြင်သောကြောင့်ဖြစ်၏။ အထူး သဖြင့်ကား အမှီအား ကျွန်ုပ် မခွဲခွာလိုတော့လောက်အောင် စိတ်တွင်း၌ ရွက်အုပ်သီးကြီး ထွား၍ အဖုံ့ပုန်းပွားများ နေသောအချစ်မှာ ယခုအခါတွင် သံယောဇဉ်ကြီး ဖြစ်မှန်းမသိဖြစ်လျက် ခွဲကြရတော့မည်ကိုပင် သိရသော အခါ၌ စိတ်မချမ်းသာမိသောကြောင့် ဖြစ်၏။

သို့ဖြစ်၍လည်း သူတို့ ပြန်ကြတော့မည့်ရက်ကို မေးမိခြင်းဖြစ်ပေရာ အမှီက "ရက်တော့ အတိအကျ မရှိသေးပါ ဘူး အစ်ကိုကံကောင်းရယ်...၊ ဒါပေမဲ့ လဆန်းရက်လောက်မှာ ပြန်မယ်လို့ ဖေဖေက စိတ်ကူးနေတယ်၊ ပြီးတော့ ကိုမြဖေတို့ စက်လှေကြီးကလဲ လဆန်းရက်မှာ မော်လမြိုင်ကို ရောက်မယ်ဆိုလို့ ကိုမြဖေတို့ စက်လှေကြီးနဲ့ပဲ ပစ္စည်းတွေရော ဘာတွေရော တင်ပြီးပြန်ကြဖို့ စိတ်ကူးပါသတဲ့" ဖြေလိုက်သဖြင့် ကျွန်ုပ်လည်း ကိုမြဖေ ဟူသော အမည်ကို တစ်ခါက ကြားဖူးသလိုလို ရှိသောကြောင့် ခေတ္တမျှတွေ၍ စဉ်းစားမိ၏။ သို့သော် ဘယ်အခါတုန်းက ထို(ကိုမြဖေ)ဟူသော အမည်ကို ကြားမိသည်ကို စဉ်းစား၍ ချက်ခြင်းမပေါ်သောကြောင့် "ဘယ်ကကိုမြဖေလဲ အမှီ" ဟု မေးလိုက်မိပြန်၏။

သို့အမေးလိုက်တွင် အမှီ၏ မျက်နှာကလေးမှာ မသိမသာကလေးမျှ ရှက်ပြုံး ပြုံးယောင်သန်းလာသည်ကို ကျွန်ုပ် သတိထားလိုက်မိ၏။ ထို့အပြင် ချက်ခြင်း မျက်နှာပိုးသတ်လိုက်သော အမှီက "အဲ - အဲ - ကိုမြဖေ ဆိုတာက အမှီတို့နဲ့ ဆွေမျိုးနီးစပ်ဘဲ အစ်ကို ကံကောင်းရဲ့၊ သိပ်ပြီးတော့ သွေးမနီးကြပါဘူး။ ဒါပေမဲ့ သတ္တုလုပ်ငန်းကို တူတူလုပ်နေကျလည်းဖြစ်၊ ပြီးတော့အိမ်ချင်းကလည်း ခြားလွယ်ခုတ်ဖြစ်နေတော့ သွေးရင်းသားရင်းလိုပဲ ရင်းနှီး ကြပါတယ်၊ အခု စစ်ဖြစ်လို့ သတ္တုလုပ်ငန်းတွေ ဆိုင်းနေတုန်းမှာ ကိုမြဖေတို့က စက်လှေကြီးတွေ ဝယ်ပြီးတော့ ရန်ကုန်ကို ငါးပိ အကြီးအကျယ် တင်နေကြတယ်...၊ အခုလဲ ကိုမြဖေတို့ ရန်ကုန်ကအပြန် မော်လမြိုင်ကိုဝင်

လာကြမှာ"ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ထိုသို့လူစိမ်းတစ်ဦး အမှီတို့ အသိုက်အဝန်းတွင် ပါဝင်စွက်ဖက်နေသည်ကို စိတ်ကမသိုးမသန့် ဖြစ်သွားရမိပေ၏။

ထို့ကြောင့် "အော်... ဟုတ်လား၊ နေစမ်းပါဦး ညီမလေးရဲ့၊ ဒီ... ကိုမြဖေ ဆိုတာဟာ တစ်ခါတုန်းက... ကော့ဒွတ်မှာ စက်လှေကြီးနဲ့ ငါးပိတွေတင်လို့ အစ်ကို ကံကောင်း မနစ်ကတွေ့ဖူးလိုက်တယ် ထင်ပါရဲ့။ သူ့မိန်းမက တော်တော် အရုပ်ဆိုးတယ်လေ၊ သားကလေးနှစ်ယောက်လဲ ရှိတယ်"ဟု ဖြန်းလိုက်ရာ အမှီကခွစ်ခနဲ တစ်ချက်ရယ်၍ " မဟုတ်ပါဘူး အစ်ကိုကံကောင်းရဲ့၊ အစ်ကိုကံကောင်း တွေ့ဖူးတဲ့ ကိုမြဖေက တခြားလူတစ်ယောက်ဖြစ်ပါလိမ့်မယ်၊ အမှီတို့ ပြောနေတဲ့ ကိုမြဖေဆိုတာက အိမ်ထောင်မရှိပါဘူး၊ မိခင်ကြီးနဲ့ အဒေါ်တစ်ယောက်ကို လုပ်ကျွေးသမှုပြုရင်း အမှီတို့လုပ်ငန်းတွေမှာ သင့်သလိုဖက်စပ်ပြီးလုပ်ကိုင်နေတဲ့ ဆွေမျိုးနီးစပ်တစ်ယောက်ပါပဲ၊ ကိုင်း - စကားပြောနေတာနဲ့ မေ့ပြီးတော့များပဲ နေပါပြီ ...၊ အစ်ကို ကံကောင်းဖို့ ကော်ဖီတစ်ခွက် ဖျော်ခဲ့ဦးမယ် ဟုတ်လား၊ အချိန်ကတော့ အချိန်ကောင်း မဟုတ်တော့ဘူး၊ နို့မဟုတ်ရင်လဲ ဒီမှာပဲ ထမင်းစားသွားပါလား အစ်ကိုကံကောင်းရယ်" ဟု ကိုမြဖေ အကြောင်းကို ပြောရာက စေတနာစကားတွေ ထွက်၍လာပေသည်။

ကျွန်ုပ်လည်း ကျွန်ုပ်စကားဖြန်း၍ အစ်လိုက်သည်၌ ကိုမြဖေဆိုသူမှာ အမှီနှင့် နီးစပ်သယောင်ရှိနေသော လူပျိုတစ်ယောက် ဖြစ်နေသည့်အကြောင်းကိုလည်းကောင်း၊ ကိုမြဖေ၏အကြောင်းကို ကျွန်ုပ်မေးစဉ်၌ အမှီ မျက်နှာထား ခက်သယောင် ရှိသွားပုံကိုလည်းကောင်း ထောက်ချင့်ကာ အမှီအတွက် ရတက်မအေးသလို ရှိလာမိ၏။ အမှီမှာ ကျွန်ုပ်လှမ်းဆွတ်ချူငင်ရန် ရည်မှန်းထားသည့် အာသာဂတိကလေးဖြစ်ပေရာ ဤသို့ရန်သူတော်တစ်ဦး ပေါ်သလိုလို ဖြစ်နေသည်ကို ကျွန်ုပ် မည်သို့ကျေနပ်နိုင်ပါမည်နည်း။

အမှီတို့ ဤသို့ ကိုယ့်မြို့ရွာကို ပြန်ကြွံတော့မည့် အခြေအနေမှာ ကျွန်ုပ်အဖို့၌ အထက်က ရေးခဲ့သည့်အတိုင်း အမှီတို့နှင့် စာအဆက်အသွယ်မှလွဲ၍ မီးဖေးချိပ်ပမာ အကွာကြီး ကွဲကွာနိုင်သော အခြေဖြစ်ပေရာ ကျွန်ုပ်သည် အမှီတို့နှင့် ကွဲကွာရပါက ကျွန်ုပ်၏ ရည်ရွယ်ချက်များ လွဲချော်ကောင်း လွဲချော်ရမည်ကို ကြိုတင်စိုးရိမ်နေမိ၏။ သို့စိုးရိမ်သဖြင့်လည်း အမှီတို့၏ သိုက်မြုံထဲ၌ တစ်နည်းမဟုတ် တစ်နည်းဖြင့် ကပ်ရပ်၍ လိုက်ပါသွားလိုစိတ်ရှိနေပေရာ ယခုတစ်ဖန် ကိုမြဖေတည်းဟူသော ရန်မီးတစ်ခု မီးခိုးအူစပြုသည်ကို မမျှော်လင့်ဘဲ ကြားသိရသောကြောင့် ကျွန်ုပ်မှာ အမှီနှင့် နီးစပ်ရာ၌နေရဖို့ကိုသာ စိုင်းပြင်းရန်စိတ်ကူးရပေတော့သည်။

သို့ဖြစ်သဖြင့် သက်ပြင်းတစ်ချက်ချရင်း နဖူးကို လက်ကိုင်ပဝါနှင့်သုတ်ရာက "နေပေစေအမှီ အစ်ကိုကံကောင်း ထမင်းစားဖို့လဲ အချိန်မရဘူး...၊ ပြီးတော့ ကော်ဖီလဲ မသောက်ချင်ပါဘူး၊ ရေအေးအေးတစ်ခွက်လောက်သာ ပေးပါ..." ဟု ပြောလိုက်ရ၏။ ဤတွင် အမှီက မျက်ခုံးကလေးတွန့်လျက် "အို ... မဟုတ်တာကဘဲ အစ်ကိုကံကောင်းရယ်၊ ဘယ်နယ် ရေလဲသောက်တာပေါ့ ထမင်းလဲစားသွားပါဦး"ဟု ဆိုရင်း အိမ်တွင်းခန်း သို့ ရေခပ်ရန် ဝင်၍သွား၏။

တစ်ယောက်တည်း ထိုင်၍ ကျန်ရစ်ရင်း ကျွန်ုပ်သည် ဦးခေါင်း၌ ဉာဏ်နီ အမျိုးမျိုးထုတ်ကာနေရ၏။ မကြာမီ အမှီသည် ကြည်လင်သန့်စင်လှသော ဖန်ခွက်တစ်လုံးဖြင့် ရေအပြည့်ယူလျက် ကျွန်ုပ်ဆီသို့ ရောက်လာကာ

ထမင်းစားသွားနော် အစ်ကိုကံကောင်း၊ နောက်ဖေးမှာ ချက်လို့ပြုတ်လို့ ပြီးကုန်ကြပြီ... " ဟု ဆိုပြန်ပါသည်။ ကျွန်ုပ်ကား သန့်စင်သောဖန်ခွက်ထဲမှ ကြည်လင်သောရေပမာ အမှီ၏သန့်စင်လှသော ရုပ်ရည်ကိုငေး၍ နေမိပြီးကာမှ "နေပေစေ ညီမလေး၊ အစ်ကိုကံကောင်း ဘာမှ စားနိုင်မှာမဟုတ်ဘူး...၊ ရင်ထဲမှာပြည့်နေတယ် ရေပဲသောက်ပါရစေ... " ဟု ဆိုကာ ရေကိုယူ၍ သောက်ပြီးနောက် သက်ပြင်းတစ်ချက်ချ၍ ခြေပစ်လက်ပစ် အမူအရာမျိုးကို ထားလိုက်ပေ၏။ ထိုသက်ပြင်းတစ်ချက်၌ တစ်ဂက်မှာ အမှီကိုလက်လွှတ်ရမည် စိုးသော စိတ်၏အငွေ့ဖြစ်လျက် ကျန်တစ်ဂက်မှာ စိတ်ပင်ပန်း ကိုယ်ပင်ပန်းသော အမူအရာ ပရိယာယ် ဟန်ပန်ပင် ဖြစ်၍နေပေသည်။

ကျွန်ုပ်၏ ပရိယာယ်မှာ စူးရှသွားပုံရ၏။ အဘယ်ကြောင့်ဆိုသော် အမှီသည် ပင်ပန်းနွမ်းနယ်ပုံ ပေါ်နေသော ကျွန်ုပ်အား မျက်မှောင်ကလေးတွန့်ကာ ကြည့်ရင်း ရေခွက်ကိုပြန်ယူကာ "အစ်ကို ကံကောင်းလည်း အလုပ်တွေ များလွန်းလို့ အစားအသောက် ပျက်နေပြီထင်တယ်။ ညကို အိပ်ပျက်ခံအားကြီးလို့ ထင်ပါရဲ့။ ကိုယ့်ကျန်းမာရေး ကိုလည်း ကိုယ်ဂရုစိုက်အုံးလေ။ နိုင်ငံရေး စစ်ရေးကို စိတ်ပါတိုင်းသာ လုပ်နေရင်ကြာတော့ ကိုယ်ခန္ဓာက မခံနိုင်ဖြစ်ပြီး လူကမမာလို့ စိတ်သွားတိုင်း ကိုယ်မပါရင် ပိုပြီး ခရီးမတွင်ဘူးပေါ့" ဟု စိုးရိမ်မကင်းသော အသံ ကလေးဖြင့် ပြောရှာ၏။

ဤစကား ထွက်လာစေချင်သဖြင့် အကွက်ဆင်လိုက်သည်၌ ဤစကားဖြင့် ထွက်လာသောအခါ ကျွန်ုပ်က "လူပင်ပန်းတာက တော်တော်ပါပဲ အမှီရယ်၊ စိတ်ပင်ပန်းတာကတော့ တစ်ခါတစ်ခါများ ရူးသွားမလား ထင် မိတယ်။ ဂျပန်က တစ်ဖက်၊ ဗမာစစ်သားတွေက တစ်ဖက်၊ မြို့သူမြို့သားတွေက တစ်ဖက်နဲ့ အဖက်ဖက်က ချောမောအောင် စေ့စပ်ရတာဟာ ဂျပန်ကလဲ ဗမာကိုနားမလည်၊ ဂျပန်ကို ဗမာက နားမလည်။ အရေးထဲမှာ ဂျပန်ကိုကပ်ပြီး အခွင့်အရေးတောင်းချင်တဲ့ လူတွေကတစ်မျိုးနဲ့ ကြာရင်ဦးနှောက်ခြောက် သွားမလားဘဲ။ ပိုပြီးဆိုးတာကတော့ ကင်ပေတိုင်နဲ့တွဲပြီး လုပ်ရတဲ့အလုပ်တွေပဲအမှီ။ တစ်ခါတစ်ခါ ကိုယ့်မျက်စေ့ရှေ့မှာ ဗမာကို ဂျပန်က နှိပ်စက်နေတာကို မြင်ရတာဟာ စစ်သွေး စစ်စိတ် ဘယ်လိုပဲမွေးပေမဲ့ အမျိုးသား စိတ်ဓာတ်နဲ့ သည်အတိုင်း မကြည့်ချင်မနေရ၊ မစစ်ချင်မနေရ ဖြစ်နေလေတော့ အေးလေ ဖြစ်မိတဲ့ဘဂမို့သာ ဆက်ပြီး ဒီအလုပ်ကို လုပ်နေတယ်။ စိတ်ကတော့ မချမ်းသာလှဘူး။ အေးအေး ဆေးဆေးနဲ့သူများတွေလို ကုန်သွယ် လယ်လုပ် လုပ်ချင်တဲ့စိတ်ပဲ ရှိနေတော့တယ် အမှီ။

အဟုတ်ပဲ၊ တန်ခိုးအာဏာ ပါဝါတွေ လက်ကိုင်ရပေမဲ့ အမြင်တော့ ဗိုလ်ကြီးကျော်ခေါင်၊ ဗိုလ်ကြီးကျော်ခေါင်နဲ့ လူတိုင်း အထင်ကြီးကြတယ်။ နောက်ကွယ်မှာ စိတ်ဆင်းရဲရတာတွေကိုတော့ မသိကြဘူးပေါ့။ ကိုင်း... စကားလဲကောင်းရဲ့ အမှီ။ အစ်ကိုကံကောင်း လမ်းကြုံလို့ ဝင်လာတာ။ ဦးလေးတို့မရှိရင် ပြန်လိုက်ဦးမယ်၊ ညပိုင်းကျမှ အစ်ကိုကံကောင်း အချိန်ရရင် လာခဲ့ဦးမယ်"ဟု ပြောပြောဆိုဆို ထိုင်ရာမှထကာ စားပွဲပေါ်၌ ချွတ်တင်ထားသော ဓားရှည်ကို ခါး၌ပြန်ချိတ်ရ၏။ အမှီလည်း ဖန်ခွက်ကလေးကို ကိုင်ရာက"အို... ထမင်း

စားပြီးမှ ပြန်ပါလား အစ်ကိုကံကောင်းရယ်၊ အရူးအခပ် ခိုင်းလိုက်တော့မလိုဟာ"ဟု ပြုပြုသလဲ တားရာ၏။ သို့သော် ကျွန်ုပ်က ဖွတ်ငြင်း၍ အိမ်ပေါ်မှနှုတ်ဆက်ကာ ဆင်းခဲ့ပေသည်။

သို့ရုတ်တရက် ဆင်းခဲ့သည်မှာလည်း ပရိယာယ်တစ်ရပ်ပင်ဖြစ်၏။ စစ်ထဲ၌ ကျွန်ုပ်မပျော်ကြောင်းကို အစ ဖော်ပေးပြီး နောက်ဆက်၍စကားပြောနေပါက အမှီ၏ စိတ်မှာဆက်၍ ပြောသောစကားများကိုသာ ရောက်သွား ပေမည်။ ယခုမူ စကားတန်းလန်းနှင့် ထမင်းမျှ အချိန်မှန် မစားနိုင်အောင် စိတ်ဒုက္ခရောက်ပုံကို တစ်ပိုင်းတစ မျှသာ အသိပေးကာ ထားပစ်ခဲ့သောအခါ အမှီသည် ကျွန်ုပ် အစဖော်ပေးခဲ့သော အတွေးကို ဆက်လက်၍ တွေးမည်ဖြစ်၏။ ကျွန်ုပ်၏ ပါးစပ်မှ ကျွန်ုပ် စိတ်မချမ်းသာပုံကို စာတစ်အုပ် ဖြစ်လောက်အောင် ချရေးစေ့တွင်းကျ ပြောပြသည်ထက် အမှီအားသူ့ဘာသာသူတွေးယူစေခြင်းက ပို၍ထိရောက်နိုင်ပေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ရေတစ်ခွက်ကိုသာ သောက်၍ ထွက်ခဲ့ခြင်းဖြစ်၏။ အမှီကား ကျွန်ုပ်၏အကြောင်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ စိတ်ကူးပေါက် တိုင်း တွေး၍ ကျန်ရစ်ခဲ့ပေတော့မည်။

တုံးတိတိရေးရလျှင် ကျွန်ုပ်သည် အမှီတို့နှင့်အတူ သူတို့ မြို့သို့ လိုက်သွားလို၏။ အမှီ၏ အစ်ကိုကြီးအဖြစ်နှင့် မောင်ညိမ်းအောင်၏ နည်းတူ စတိုင်ကျကျနေလို၏။ အဘိုးဦးနကီ၏ လုပ်ငန်းကိုလည်း ကိုယ်ထိ လက် ရောက် အတွင်းပိုင်းမှ ဂင်၍ချယ်လှယ်လို၏။ သို့သော် ထိုအခြေကို ရောက်ချင်ကာမျှဖြင့် ရောက်ပါရစေဟု ဆိုလျှင် ဦးဒေါနက လက်ခံမည်မဟုတ်။ သေချာ၏။ အခွင့်အလမ်းဆိုသည်မှာ သူ့ဟာသူ ပေါ်သောအခါပေါ်၏။ အခွင့် အလမ်းဘာသာအလျောက် မပေါ်သော်လည်း ကိုယ်ကမြန်မြန်ပေါ်အောင်လုပ်တတ်ရ၏။ အခွင့်အလမ်းပေါ် အောင် အစဖော်ပေးရသည့် လမ်းခင်းအတတ်ပညာမှာကား အလွန်နနယ် သိမ်မွေ့ပေသည်။ ဘုန်းကြီးကျောင်း မှ ဖော်လံဖားပညာ အခြေခံရခဲ့သောကြောင့် ကျွန်ုပ်သည် အမှီကို စကားရိပ် ပေးခဲ့ခြင်းအားဖြင့် အတွေးစကို ဖော်ပေးခဲ့သည်။ ထိုအတွေးစ၏ အစအတိုင်း မီးခိုးကြွက်လျှောက်လိုက်ပါက အမှီထံမှတစ်ဆင့် ကျွန်ုပ်၏ဆန္ဒ သည် ဦးဒေါနထံရောက်လျှင် အသက်သခင် ကျေးဇူးရှင် ဖြစ်နေသောကြောင့် ဦးဒေါနသည် ကျွန်ုပ်အတွက် တစ်ခုခုကို မစီမံဘဲမနေနိုင်။ ထို့အပြင် ကျွန်ုပ်၏ ပါးစပ်ကပြောသည်ထက် အမှီ၏ ပါးစပ်က ပြောသည့်စကားမှာ ဦးဒေါနအပေါ်တွင် ပို၍စူးရှပေမည်ဖြစ်ရာ ဦးဒေါနသည် ကျွန်ုပ်အား ပစ်စလက်ခတ်လုပ်ရန် ပို၍ ခက်ခဲပေလိမ့် မည်။ ထိုအခါတွင် ကျွန်ုပ်သည် ဦးဒေါနတို့နှင့် တစ်နည်းမဟုတ် တစ်နည်း နီးကပ်နိုင်ကောင်းစရာရှိ၏။

ကိုယ့်အခွင့်အလမ်းကို ကိုယ်ဖော်ရာ၌ အတော်စွန့်ရ၏။ ဦးဒေါနတို့ကို ကယ်ဆယ်ခဲ့စဉ်က နောင်အခါ၌ ဆေး ဖော်ကြောဖက်မလုပ်လျှင် တစ်နည်းကြံမည်ဟူ၍ လောလောဆယ် လက်စားချေနိုင်ခွင့်ကို စွန့်ခဲ့၏။ စားလိုလျှင် စွန့်ရပေသည်။ မစွန့်က မစားရပေ။ ယခုတစ်ဖန် အမှီကို စကားသွင်းခဲ့ပြီးနောက် အမှီက ဦးဒေါနအား ဘာမှ ပြန်မပြောလျှင် မခက်ပါလောဟူသော သံသယ ပေါ်လာပြန်၏။ သို့သော် မစွန့်စားက မစားရသော ထုံးကြောင့် ယခု ချဉ်းကပ်နိုင်ခွင့် မပေါ်ပါက တစ်နည်းကြံမည်ဟု တွေးကာ စွန့်ရပြန်ပေသည်။

ထို့ပြင် ကျွန်ုပ်မှာ ရိုးရိုးအခြေအနေသာဆိုလျှင် မော်လမြိုင်မြို့ပေါ်တွင် အခြေကျလျက် လူတိုင်း ခံ့ညားနေရ သော စစ်ရာထူးကိုစွန့်၍ အမှီတို့နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားလိုသောဆန္ဒ ယခုလောက်

ပြင်း ထန်ချင်မှ ပြင်းထန်ပေမည်။ ယခုမူကား ကျွန်ုပ် မှန်းမျှော်သော အာသာဂုဏ်ကလေး အနီး ၌ တံချူရှင် ကိုမြဖေ ရှိနေသည်ဟု သိရသောအချက်သည် ကျွန်ုပ်အား အမှီတို့နှင့် မြင်နိုင်သမျှ လျင်မြန်စွာ နီးစပ်ချင်အောင် အပြင်းအထန် စေ့ဆော်လျက်ရှိနေ၏။ ထို့ကြောင့်လည်း စွန့်ရပေသည်။

အမှီတို့အိမ်သို့ ထိုညက အချိန်ရပါလျက်နှင့် မသွားခဲ့ပေ။ သွားလျှင် ကျွန်ုပ်၏ စနက်တန်ဖိုးလျော့သွား မည်ကိုစိုး ၍ ဖြစ်၏။ ကျွန်ုပ်က အင်မတိ အင်မတန် နီးစပ်လိုကြောင်းကို ပြလျှင် သူတို့က နောက်တွန့်သွားပေမည်။ ဤကား လူ့ဓမ္မတာဖြစ်၏။ တစ်ဖန် ကျွန်ုပ် အမှီစိတ်တွင်း၌ အစပျိုးပေးခဲ့သော တွေးလုံးတောလုံးတို့ကို ဦးဒေါန ၏ စိတ်သို့ကူးစက်ကာ မီးငွေ့ငွေ့နှင့် ထမင်းအိုးနပ်သလို နှူးပြီး နပ်ပြီးလည်း ဖြစ်နေစေလို၏။ သူတို့စိတ်၌ ကျွန်ုပ်အား ကူညီလိုသောဆန္ဒ နှူးပြီးနပ်ပြီး ဖြစ်နေလျှင် ချဉ်းကပ်ရန် ပိုမို၍ လွယ်ကူပေမည်။ သို့ဖြစ်လေရာ သုံးလေးရက်မျှ ဆက်၍ပင် အမှီတို့အိမ်သို့ တမင်မသွားဘဲနေလိုက်၏။ အဝေးကမူ တစေ့တစောင်း ချောင်း မြောင်း၍ သူတို့တတွေ ဘယ်နေ့ ဘယ်ရက်တွင် နေရင်းမြို့သို့ ခရီးထွက်မည်ကို စုံစမ်းနေရသေး၏။ သူတို့ ခရီးထွက်ကြမည့်ရက်သည် နီးကပ်သထက် နီးကပ်လာ၏။ ကျွန်ုပ်ထံသို့ကား ဘာမျှ အကြောင်း မကြားကြပေ။ ထို့ကြောင့် ကျွန်ုပ်၏ ပရိယာယ်မှာ မထိမခိုက် လွဲချော်လေပြီလားဟုတွေးမိ၏။ တွေးမိသောအခါ၌ ရင်ပူမိပြန် ပေသည်။ အမှီတို့အိမ်သို့ ကျွန်ုပ်ကပင် မခေါ်ပင့်ချေ ဝင်၍သွားရလျှင် ကောင်းလေမည်လားဟု လောဘဇော တိုက်သောစိတ်ဖြင့် သွားချင်နေ၏။ သို့သော် သူတို့ပြန်မည့်ရက်မှာ ငါးရက်ခန့်လိုသေးသောကြောင့် အောင့်အင်း ၍ အခေါ်ကို စောင့်နေရပေသည်။

၂-ရက် လွန်သွားပြန်၏။ ထိုအခါတွင် ကိုမြဖေ ဆိုသူသည် သူ၏စက်လှေကြီးဖြင့် မော်လမြိုင်သို့ တစ်ရက် နှစ် ရက် အတွင်း ရောက်လာတော့မည်ဟူသော သတင်းကိုရ၏။ ထိုအခါ၌ ကျွန်ုပ်မှာ မျက်လုံးမျက်ဆံပြူးစ ပြု လေတော့သည်။ သူတို့အကျိုးကို သယ်ပိုးဆောင်ရွက်မည့်သူ ကိုမြဖေ ရောက်လာပါလျှင် လူတို့၏ ဓမ္မတာကား ... လောလောဆယ် ကူညီမည့်သူကို အတိတ်ကာလက ကူညီခဲ့ဖူးသူထက် ပို၍ အရေးပေးတတ်ပေရာ ကျွန်ုပ် ထက် ကိုမြဖေကို စိတ်ဝင်စားကြပြီးလျှင် ကျွန်ုပ်အားမေ့ပျောက်၍ ကိုမြဖေနှင့်အတူ ဘာမပြော ညာမပြော နေရင်းမြို့ရွာသို့ ပြန်သွားကြမည့်အန္တရာယ် ပေါ်လာတော့၏။

သို့ဖြစ်သောကြောင့် ကျွန်ုပ်သည် အမှီတို့အိမ်သို့သွားရလျှင် ကောင်းလေမည်လားဟု တွေးမိ၏။ (မတတ်သေး လျှင် စေ့စပ်၍ အရပ်ဝေးလျှင် မေ့တတ်)ပေရာ ကျွန်ုပ် မသွားမလာဘဲ နေသည့်အတွက် ကျွန်ုပ်ကို အမှတ်မတင် ဖြစ်ကြပါက ကျွန်ုပ်၏ ထင်ကြေးမကိုက်ဘဲ ရှိမည်ကို ကြောင့်ကြမိလာ၏။ ပူပန်မိလာ၏။ သူတို့တတွေ ရပ်ရွာသို့ ပြန်ရန် သတ်မှတ်ထားသည့်နေ့သို့ မရောက်မီတစ်ရက်သို့ ရောက်သောအခါ ကျွန်ုပ်မှာအခေါ်ကိုစောင့်၍ မနေနိုင်တော့ဘဲ ယခုမချဉ်းကပ်နိုင်သေးလျှင်ပင် နောင်အခါ၌ဝင်သာထွက်သာအောင် အကြောင်းစုံသိ နိုင်စေ ရန် အမှီတို့အိမ်သို့ သွားရောက်ရန် ပိုင်းဖြတ်လိုက်ရပေတော့သည်။ မြစ်လယ်၌ထွန်းသောကျွန်း သောင်ခုံကဲ့သို့ မြစ်ထဲ၌ မျောကြသော ဗေဒါတို့ကို ကြောင်တောင်ငေးကာ ကြည့်နေပါလျှင် ကျွန်ုပ်၌အကျိုးထင်မည် မဟုတ်ပေ။

ထို့ကြောင့် နှုတ်ဆက်လာသည်ဟူသော အကြောင်းပြချက်ဖြင့် အမှီတို့အိမ်သို့တက်မည်ဟု ကြံစည်ကာ အဂတ် အစား လဲလှယ်နေစဉ်၌ပင် အိမ်ရှေ့မှ "ကိုကောင်း... ကိုကောင်း" ဟု ခေါ်၍ တက်လာသော မောင်ညိမ်းအောင် ကို တွေ့ရ၏။ သူ့အား နေရာထိုင်ခင်းပေးသည်နှင့် မောင်ညိမ်းအောင်က "ဖေဖေက ကိုကောင်းကို တွေ့ချင် တယ်ဆိုလို့ လာပြီးခေါ်ရသဗျ။ ခင်ဗျားကလဲ ပျောက်ချက်သား ကောင်းနေလိုက်တာဗျာ... မပေါ်လာတာ ဆယ့်ငါးရက်လောက် ရှိပကော"ဟု ရင်းနှီးသော အပြစ်တင်သံနှင့်ဆို၏။ ကျွန်ုပ်၏ ပရိယာယ်ကား စူးရှပေပြီ။ ကျွန်ုပ် အလိုရှိသည့်အတိုင်း အကြိုထောက်သူပင် ရောက်၍နေပေပြီ။

ကျွန်ုပ် မည်မျှ ဂမ်းသာမိသည်ကား အထူးရေးဖွယ် မလိုပေ။ သို့စဉ်တိုင်အောင် ကျွန်ုပ်က ဣန္ဒြေမပျက်စေဘဲ...၊ "လာချင်ပါရဲ့ ကိုညိမ်းရယ်... ခင်ဗျားလဲ သိတဲ့အတိုင်း၊ အလုပ်တွေက လူနဲ့မဆန့်အောင် ဖြစ်နေရလို့ ကျောက် စရစ်ကို ပြေးရ၊ ကျိုက်မရောကို သွားရ၊ ကြာအင်းကိုရောက်ရနဲ့ ဒီကနေ့မှ ပြန်ပြီးရောက်တယ်။ ဦးလေးတို့က တော့ မလာတာကြာလို့ အပြစ်တင်ခံရတော့မယ်ဆိုတာ သိရလို့ အခုပဲခရီးရောက်မဆိုက် လာတော့မည်လို့ဟာ ခင်ဗျားလာတာနဲ့ အဆင်သင့်ဘဲဗျာ၊ ကီမူရာက မုဒုံနဲ့ပင်ကိုတောင်သွားဖို့ ပြောသေး တယ်။ နားရက်မရှိတာနဲ့ဘဲ ဖွတ်ပေပြီး ဒီနေ့တော့ အနားယူရတယ်"ဟု ပေါက်ကရ ရှစ်သောင်း ရောက်၍ လိမ်လိုက်ရ၏။ ကျွန်ုပ်ကား ကျားနာပမာ မာယာလျှို့ပုက်မှုများ၌ အလိုအလျောက်ပင် ကျွမ်းကျင်နေသော အဖြစ်ကို ရောက်နေ၏။

ဤသမိုင်းအဖြစ်စဉ်ကို ရေးရချိန်ကား တိုသထက်သာတို၍ လာချေပြီ။ ကျွန်ုပ်ရေးချင်သလောက် ရေးဖို့ကား ခက်လှ၏။ ထို့ကြောင့်ပင် အတိုထပ်၍ ချုံ့ရပေဦးမည်။ မောင်ညိမ်းအောင်နှင့်အတူ ကျွန်ုပ်သည် အမှီတို့အိမ်သို့ လိုက်ပါသွား၏။ ဦးလေး ဦးဒေါ်နက ကျွန်ုပ်အား (မလာတာကြာပကော)ဟူသော စကားဦးချီ၍ အပြစ်တင်၏။ ကျွန်ုပ်လည်း ဦးဒေါ်နအား မောင်ညိမ်းအောင်ကို ဖြီးသည့်ဖြီးလုံးဖြင့် လိမ့်ရပြန်ပေသည်။

သို့နှင့် စကားအတန်ကြာ ပြောကြမိပြီးသည့်နောက်တွင် ဦးဒေါ်နက "ကိုင်း စကားဖြတ်ပြီးပြောရဦး မယ်ကွယ် ...၊ ဦးလေးတို့ နက်ဖြန်ကျရင် အိမ်ကိုပြန်ကြတော့မယ်။ အဲဒီတော့ ငါ့တူကြီးကို ဦးလေး ကျေးဇူးဆပ်ခဲ့ ပါရစေကွယ်။ ဒီတစ်ခါတော့ မငြင်းပါနဲ့တော့။ ဦးလေးကို ခင်မင်ရိုးမှန်ရင် လက်ခံပါ"ဟု ပြောပြောဆိုဆို ကတ္တီပါအိတ်အနီ တစ်လုံးကို ကျွန်ုပ်အား လှမ်းပေး၏။ ကျွန်ုပ်လည်း အံ့အားသင့်ဟန်ဖြင့် လှမ်းယူလိုက်၏။

စိတ်တွင်ကားကျွန်ုပ်အား ကျေးဇူးဆပ်သည်ကို လက်ခံလိုက်ပါက ကျွန်ုပ်မှာ သူတို့နှင့်ချဉ်းကပ်မိဖို့ရက်တွေ ရှည်လျားစွာ စောင့်ရပေဦးတော့မည်။ အကယ်၍ လက်မခံပြန်ပါကလည်း ကျွန်ုပ်ကို အချဉ်းအကပ်ခံမခံကား မသေချာသေး။ ကျွန်ုပ်ကို ဆွေမျိုးသိုက်မြုံထဲသို့ ပြန်၍အဂင်ခံပါက တော်သေး၏။ အဂင်လည်းမခံ၊ ကျေးဇူးဆပ် သည်ကို ကျွန်ုပ်လက်မခံ၍ ပြန်သိမ်းသွားပါလျှင် ကျွန်ုပ်မှာ မြွေပါလည်းဆုံး သားလည်းဆုံး ဖြစ်ရဦးတော့မည်။ ထို့ကြောင့် စိတ်အဂေခွဲရခက်နေခိုက်တွင် စကားပြန်မပေးတတ်သေးသောကြောင့် ကတ္တီပါ အိတ်ကလေးကို ဖွင့်ကြည့်ကာ အချိန်ယူ၍ နေရ၏။ ကတ္တီပါ အိတ်အတွင်း၌ ဝေလခေါင်း ရွှေဒင်္ဂါး အပြားရှဂခန့် ဂင်းခန် မြင်ရပေသည်။

ထိုရွှေဒင်္ဂါး တို့ကို အခြေပြုလျက် ကျွန်ုပ်၌ မည်မျှကြံသော ဖန်သာမည်ကိုတွေးရင်း လက်ခံလိုက်ရလျှင်ကောင်း လေမည်လားဟု တွေး၏။ သို့သော် လက်ဦး ငွေ ၅ဂဂဂ ကျေးဇူးဆပ်စဉ်က လက်မခံ၊ ယခု ရွှေဒင်္ဂါးပေးသည် ကိုမှ လက်ခံလျှင် ယခင်ကအပေးနည်း၍ ဈေးထူသည်ဟုထင်ကာ ကျွန်ုပ်အပေါ်၌ စေတနာလျော့တန်သမျှ လျော့သွားကြဦးမည်ဖြစ်၏။ တစ်ဖန်သူ့ရွှေကို လက်ခံပါက ဆဲတာနှင့် ဆန်ဈေးကို ချေသလို အဆက်အဆံမှ တစ်ဖက်နှင့်တစ်ဖက် အပေးအယူ အရောင်းအဝယ်သဘော သက်ရောက်ကာ ကိစ္စတုံးပြီး ငြိမ်းသွားမည်ကို လည်း စိုး၏။ အဆက်အဆံ ပြီးငြိမ်းသွားပါက ကျွန်ုပ် မည်သို့သူတို့နှင့် ရင်းနှီးနီးစပ်နိုင် လွယ်ပါအံ့နည်း။ သို့သော် ရွှေဒင်္ဂါးများကိုကား လောဘသားဖြစ်၍ မက်မိလေသေးသည်။ ထိုရွှေကို အခြေခံ ကုန်သည်လုပ်ကာ အဖိုးထား ရစ်ခဲ့သောလုပ်ငန်း၌ တစ်စွန်းတစ်စဝင်နိုင်အောင် ကြိုးစားပါကနီးစပ်ရာ နီးစပ်ကြောင်း လမ်းအခွင့်ပင် မဟုတ်ပါ လော ...။

သို့လော သို့လောနှင့် တွေးတော နစ်ခွ စိတ်ဒွိဟ ဖြစ်နေရစဉ်တွင် ကျွန်ုပ်၏ ရဲဘော်ကြီးဖြစ်သော ကိုရွှေကံ တရားသည် ဘယ်ချောင်ကြားကမသိ ငေါက်ခနဲပေါ်လာကာ ကျွန်ုပ်အား စိတ်ဆုံးဖြတ်နိုင်အောင် ဖန်တီး ပေးလိုက်ပြန်၏။ ဖန်တီးပုံမှာကား... ရွှေဒင်္ဂါးအိတ်ကို ကိုင်၍ ကျွန်ုပ်ငိုင်၍နေသည့် အခိုက်အတန့်ကလေးတွင် "ကိုညိမ်း ... ဟော ... ဦးလေး ... အမိုတို့ကော "ဟု လောလောဆယ်ဆယ်ပြောကာ အပြေးကလေး တက်၍ လာသူတစ်ဦးကို တွေ့ရပေရာ ကျွန်လည်း သမင်လည်ပြန် ကြည့်နေမိစဉ်၌ ဦးဒေါ်နနှင့် မောင်ညိမ်းအောင်တို့က "ဟော ... ကိုမြဖေ..လာ ...လာ" ဟု ဝမ်းသာအယ်လဲ ဆီးကြိုလိုက်ကြ၏။ ကိုမြဖေဆိုသူ အိမ်ပေါ်သို့ တက်လာ ၍ ကျွန်ုပ်အနီး ကုလားထိုင်အလွတ်တွင် ဝင်၍ထိုင်လိုက်သောခဏ၌ မျက်နှာကို စေ့စေ့ကြည့်လိုက်မိပေရာ ကျွန်ုပ်မှာ ကြည့်ရင်းကပင် ရင်ထဲ၌ ဖိန်းခနဲ နွေး၍သွားပေတော့သည်။

အကြောင်းမူကား ကိုမြဖေ၏ နဖူးလက်ဝဲမျက်ခုံး၏ အပေါ်နားတွင်ဓားမသဏ္ဌာန် အမာရွတ်တစ်ခုကို တွေ့လိုက် ရသောကြောင့်ပင်ဖြစ်၏။ ဤအခါတွင် မှ ကျွန်ုပ်သည် ကိုမြဖေအား ယခင်က တွေ့ခဲ့ဖူးသည့် အဖြစ်အပျက်ကို အမှတ်ရလာ၏။ ကိုမြဖေကား အခြားသူမဟုတ်၊ ကျွန်ုပ် ၁၆ နှစ်သားအရွယ် အဘိုးအိမ်မှ လက်သီးနှင့်ထိုး၍ အနင်ခံရစဉ်တွင် မောင်ညိမ်းအောင်၏ ဘက်မှနေ၍ သေနတ်ပြကာ ဝင်ရောက်စွက်ဖက်ခဲ့သူ မဟုတ်ပါလော။

ထိုအကြောင်းကို သတိပြန်၍ရသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်သည်အခဲမကျေနိုင်အောင် ကျွန်ုပ်၏သားချင်းတို့က ကျွန်ုပ်အား စော်ကားရာတွင် နိုင်ချင်ကြက်ကဲ့သို့ ကိုမြဖေကပါဝင်၍ အချောင်စော်ကားခဲ့သေးသည့်အဖြစ်နှင့် အမိုနှင့်ကိုမြဖေတို့ နီးစပ်သယောင်ရှိသည့်အဖြစ်တို့ကို စပ်ဟပ်တွေးဆလိုက်သောအခါ၌ ရင်ထဲတွင် တင်းတင်း ကျပ်ကျပ်ကြီး ဖြစ်လာ၏။ သို့သော် ဟန်ကိုယ့်ဖို့ ... မာန်သူ့ဖို့ ဟူသော စကားအရ ဣန္ဒြေကိုဆည်ထားရ၏။ သို့တိုင်အောင် ကျွန်ုပ် အမှန်းကြီးမှန်းရွယ်ထားသောအမိုအား ကျွန်ုပ်၏ ရန်သူဟောင်းတစ်ဦးဖြစ်သော ကိုမြဖေ ၏လက်သို့ ဂကွက်၍ အပ်ရန်မှာ မခံမရပ်နိုင်၊ တွေးရုံမျှပင် မတွေးနိုင်အောင် ရှိလေရကား ဦးဒေါ်နတို့နှင့် နီးစပ် လျှင်နီးစပ်အောင် လောလောဆယ်ဆယ် ကြိုးစားရပေတော့မည်ဟုတွေးကာ သူတို့နှင့်အဆက်အဆံ ပြီးငြိမ်းစေ

မည့် ကျေးဇူးဆပ်ရွှေဒင်္ဂါးတို့ကိုကား လက်မခံ၊ မတွယ်မိလျှင် တွယ်မိအောင် သူတို့ကို ချိတ်တွယ်ရတော့မည်ဟု ဆုံးဖြတ်လိုက်၏။ ကံတရား ကိုယ်တော်မြတ် ကူလာပြန်ပေသည်။

သို့ ဆုံးဖြတ်ပြီးသည့်၌ " ကျွန်တော် ဒါတွေကို မယူပါရစေနဲ့ ဦးလေးရယ်... ၊ ကျွန်တော့်စေတနာကို မဖျက်ဆီးကြပါနဲ့...၊ ကျွန်တော် ဒီရွှေဒင်္ဂါးတွေကို လက်မခံနိုင်ပါဘူး"ဟုပြောကာ ရွှေဒင်္ဂါးအိတ်ကိုစားပွဲပေါ်၌ တင်လိုက်၏။

ကျွန်ုပ်စကားကို နားမလည်ဘဲ ငေးကြောင်နေသော လူသစ်ကိုမြဖေလည်း ကျွန်တော့်ကိုစိုက်၍ ကြည့်နေရာ ဦးဒေါနသည် ကျွန်ုပ်နှင့် ကိုမြဖေကို မိတ်ဆက်ပေးရင်း အကျိုးအကြောင်းစုံကို ပြောပြသည်သာမက "ခက်တာပဲကွဲ့မောင်မြဖေရဲ့...၊ မောင်ကံကောင်းက ဘာမှလက်မခံတော့ ခက်မနေဘူး လား...ဟင်၊ ဦးလေးရဲ့ တူအရင်းဖြစ်နေတာမို့ သူကလဲ လက်အခံခက်နေတာ ဦးလေးသိတယ်...၊ နို့ပေမဲ့ကွယ် အသက်ကိုကယ်တဲ့ ကျေးဇူးရှင်အဖြစ်နဲ့ လက်ခံဖို့တော့ ကောင်းတာပါဘဲကွယ်" ဟု နိဂုံးချုပ်၏။ ကိုမြဖေ လည်း တူဂရီးတစ်တွေ ကံဆုံသဖြင့် ပြန်ကြုံရပုံကို ဂမ်းသာစကားပြောကာ ရွှေဒင်္ဂါးများကို လက်ခံဖို့ တိုက်တွန်းပါသည်။

သို့သော် ကျွန်ုပ်က ခါးခါးသီးသီး ငြင်းဆန်နေ၍ အားလုံး စကားမဆက်ဘဲ ငြိမ်သက်နေ ကြစဉ် ကိုမြဖေက ထိုင်ရာမှထ၍ " အမီ တစ်ယောက်ကော ... အမီ စိတ်ပျက်စရာ တစ်ခုတော့ ပြောရဦး မယ်...၊ အမီဖို့ ကျွန်တော် ရန်ကုန်က ဘန်ကောက်လုံချည်တွေ အုပ်လိုက်ဂယ်လာတာ မနေ့ညက ကလ္လီမှာ ကျွန်တော်တို့လှေဆိုက်ပြီး အိပ်နေတုန်း ကျွန်တော့်လက်စွဲလုပ်နေတဲ့ ကိုယ်တော်မြတ်က ပစ္စည်းတွေခိုးပြီး လှေကဆင်းပြေးလို့ ဦးလေးရေ" ဟု ပြောပြောဆိုဆို အတွင်းခန်းသို့ ဂင်သွား၏။ ကိုမြဖေ အိမ်တွင်းခန်းသို့ ဂင်သွားပုံကိုထောက်လျှင် ဦးဒေါနတို့နှင့် မည်မျှရင်းနှီး ပနာစားသည်ကို သိနိုင်ပေသည်။

ထို့ပြင် ကျွန်ုပ်နှင့် ဦးဒေါနတို့ ကျေးဇူးကိစ္စကို အပြန်အလှန် ပြောနေကြရာ၌ စကားဂင်မစွက်လို၍ အလိုက်တသိ ရှောင်ဖယ် သွားသည်လည်းဖြစ်၏။ သို့သော် ကိုမြဖေအဘယ်မျှပင်အလိုက်သိစေကာမူ ကျွန်ုပ်၏ စိတ်တွင်ကား သူ့ပါးစပ်ပုပ်မှ (အမီ)ဟူသော နာမည်ကလေးကိုထည့်၍ ပြောသည်ကိုပင် မျက်မုန်းကြီးကျိုး၍ အော့နလုံးနာမိပေသည်။ မောင်ညိမ်းအောင်လည်း အိမ်တွင်းခန်းသို့ လိုက်သွား၏။ ကိုမြဖေနှင့် အထူးရင်းနှီးကြမည်ကား ပြောဖွယ်မလိုပါပေ။

ကျွန်ုပ်တို့ချည်း ကျန်ရစ်ခဲ့ကြရာ၌ ဦးလေး ဦးဒေါနသည် ရွှေဒင်္ဂါးအိတ်ကို လက်၌ဆ၍ဆ၍ နေကာ "ဦးလေး စိတ်မကောင်းအောင်မလုပ်နဲ့ မောင်ကံကောင်းရယ်... ဦးလေး ကျေးဇူးဆပ်တာကို လက်ခံပါကွယ်"ဟု ထပ်၍ ပြောပြန်၏။ ကျွန်ုပ်ကား ငြင်းလက်စနှင့် ဆက်၍သာငြင်းနေ၏။ နောက်ဆုံး၌ ဦးဒေါနသည် တစ်စုံတစ်ခုကို တွေးလိုက်ပြီးနောက် "မောင်ကံကောင်း စစ်ဘက်ကထွက်ပြီးတော့ အလုပ်လုပ်ချင်တယ်လို့ ဦးလေးသိရတယ်။ ဒီတော့ကာ ဒီပစ္စည်းတွေကို ထုခွဲပြီးအခြေစိုက်ရင် ဖြစ်နိုင်လောက်ပါတယ် ငါ့တူ၊ လက်ခံပါကွယ်" ဟု တစ်မျိုးလှည့်ကာ တိုက်တွန်းစကား ပြောပြန်၏။ ထိုစကားကို ကြားရသည်တွင် ကျွန်ုပ်မှာ အတော်ကြီးအားတက်

လာ၏။ ကျွန်ုပ်ဆင်၍ထားသောအကွက်အတိုင်းပင် ဦးဒေါနဏ်၏ခေါင်းထဲ၌ ကျွန်ုပ်ကုန်သည်လုပ်လိုသော အကြောင်းမှာဂင်၍နေပေပြီ။ အမှီ၏ ကျေးဇူးပင်။

"ဦးလေးပြောသလို ကျွန်တော်စစ်ဘက်ကထွက်ပြီး ကုန်သွယ်လယ်လုပ် အေးအေးကုပ်ကုပ်နေချင်တာကတော့ ကြာပါပြီ၊ ဒါပေမဲ့ ဦးလေးတို့ ကျေးဇူးဆပ်တာကိုတော့ ကျွန်တော်ဘယ်နည်းနဲ့ လက်ခံရက်ပါ့မလဲခင်ဗျာ။ မဖြစ်နိုင်ပါဘူး ကျွန်တော်မယူရက်ပါဘူး။ ကျွန်တော် ဘာကိုမှမမြော်မြင်ပဲနဲ့ ကိုယ့်သွေးရင်းသားရင်းမို့ အကြောင်းပေါ်တဲ့အခါမှာ ကူညီတာကို ဦးလေးတို့က ကျေးဇူးဆပ်ဖို့တွေ ဘာတွေလုပ်ရင် ကျွန်တော့်ကို သူစိမ်းပြင်ပြင် သဘောထားသလို ဖြစ်နေပါလိမ့်မယ်ဦးလေးရယ်"ဟု ကျွန်ုပ်က ခပ်ဆွယ်ဆွယ်မသိ မသာကလေးတို့ပေးလိုက်၏။ ဦးဒေါနလည်း ကတ္တီပါ အိတ်ကလေးကို စားပွဲ၌ အသာအယာဆောင့်ကာ ရွှေဒင်္ဂါးသံ တချွင်ချွင်လုပ်ရင်း ကျွန်ုပ်အား ကျေးဇူးဆပ်ရမည့်နည်းလမ်းကို ရှာဖွေနေဟန်ဖြင့် တွေဝေနေ၏။

ထိုအခိုက်တွင် ကိုမြဖေအပြင်ခန်းသို့ ထွက်လာပြန်လေရာ ဦးဒေါနလည်း ကိုမြဖေ၏ကုန်ရောင်းကုန်ဂယ် အကြောင်းများ ကို ဆက်လက် မေးမြန်းနေသဖြင့် ကျွန်ုပ်နှင့် စကားစပြတ်သွားပြန်၏။ ကိုမြဖေလည်း ငါပိဈေး ရန်ကုန်၌ ဒီရေတက်သလိုတက်ပုံများကိုပြောရာက " ဦးလေးတို့ကို ပြန်ပို့ပြီးရင်ကျွန်တော်ရန်ကုန်ကို တစ်ခေါက် ပြန်တက်ဦးမယ်၊ ဦးလေးတို့ လုပ်ငန်းတွေ အခုလောလောဆယ်မှာ ပြန်ပြီးမစနိုင်ခင်မှာ ကိုညိမ်းကို စက်လှေ တစ်စင်းဂယ်ပေးပြီး ကျွန်တော်နဲ့တူတူ ထည့်ပါလား ဦးလေးရဲ့။ လှေတစ်စင်း ငါးပိချိန်သုံးသောင်းဆိုရင်ငွေ သုံးသောင်းတော့ တန်းနေတာဘဲ"ဟု စကားစလိုက်၏။ ဤတွင် ဦးဒေါနတွင် "အေးကွယ်… ငါလည်းပဲ တို့လုပ် ငန်းတွေ အခုလို ဖရိုဖရဲဖြစ်နေတုန်းမှာ တစ်ခုခုလုပ်ဖို့တော့ စိတ်အကူးသား၊ ဒါပေမဲ့ ငါကအသက်ကြီးတော့ တယ်ပြီး စိတ်မသန်တော့ပါဘူးကွယ်" ဟု ပြောလိုက်ရာ ကိုမြဖေက "ဒါဖြင့် ကိုညိမ်းကို ထည့်ပေါ့ ဦးလေးရ… ကျွန်တော့်မှာ လက်စွဲလုပ်တဲ့လူ ထွက်ပြေးတော့ ကိုညိမ်းနဲ့ဆိုရင် ပိုပြီး စိတ်ချရတာပေါ့။

ကိုညိမ်းက လှေတစ်စင်း ကျွန်တော်က လှေတစ်စင်းဆိုရင် အံကိုက်ပဲ"ဟု အားတက်သရော ပြောလိုက်၏။ ဦးဒေါနလည်း ခေါင်းကို အသာအယာ ခါရမ်းရင်းက "မဖြစ်ပါဘူးကွယ်… ငွေလုံးခနဲမြတ်တယ်ဆိုပေမဲ့ အိမ်မှာ ယောကျ်ားမားမားဆိုလို့ ကိုညိမ်းအောင်ပဲရှိတာ၊ သူ့ကိုလွှတ်ထားရမှာကလည်း စိတ်မချပါဘူး" ဟု ဖြည်းလေးစွာ ပြောရင်းက ဆတ်ခနဲ ခေါင်းကိုထောင်လိုက်ကာ "အဲ… အဲ… အဆင်သင့်ပဲ၊ ကိုင်း ငါ့တူ မောင်ကံကောင်း က စစ်ဖက်က ဘယ်လောက်ကြာမှထွက်နိုင်မှာလဲ"ဟု ရုတ်တရက် ကျွန်ုပ်ဘက်သို့လှည့်ကာ မေးလိုက်ရာ ကျွန်ုပ် လည်း သိုက်ဆရာ၏ ဆေးကြိမ်လုံးဒဏ်ကိုမခံနိုင်၍ သိုက်တံခါးကြီး ပြန့်းခနဲပွင့်သလို သူတို့နှင့်နီးစပ်ရန် အခွင့် အလမ်းကြီး ဟာကနဲပွင့်လာသည်ကို သတိထားလိုက်မိသည့်အတွက် "ကျွန်တော်က ဂျပန်စစ်ဘက်နဲ့ တွဲနေရ တော့ သိပ်ပြီးမခက်လှပါဘူး" ဟု ချက်ခြင်းဖြေလိုက်၏။

ကျွန်ုပ်၏ အဖြေကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ဦးဒေါနမှာ အားရဂမ်းသာကြီး ဖြစ်သွားကာ "ကိုင်းကွယ် ငါ့တူက ရွှေနဲ့ငွေနဲ့ ကျေးဇူးဆပ်တာကို လက်မခံလေတော့ ဦးလေးက တစ်နည်းတစ်ဖုံ ကျေးဇူးဆပ်ရဦးမပေါ့ ကွယ်… ကဲ ဦးလေးတို့မြို့ကို ပြန်ရောက်ရင် ဦးလေး စက်လှေကြီးတစ်စင်း ဂယ်မယ် … ပြီးတော့ ငါးပိအပြည့်

တင်ပေးမယ် ... အဲဒါကို အခြေပြုပြီးတော့ ငါ့တူကြီးလုပ်ချင်တဲ့ ကုန်သည်အလုပ်ကိုလုပ်ပေတော့ ... ဟုတ်လား၊ အလုပ်ကထွက်သမျှ အမြတ်အစွန်းကို ငါ့တူချည်းယူ ... ပြီးတော့ လေ့နဲ့ကုန်ဖိုးကိုတစ်ဝက်သာ ဦးလေးကိုပြန် ပေး၊ ဒါလဲ ပေးနိုင်မှပေးပါ ဟုတ်လား၊ ဘယ်နယ်လဲ၊ ဦးလေး ဒီလို ကျေးဇူးဆပ်ရင်ကော ငါ့တူ လက်ခံနိုင် ပဲ့မလား" ဟု စိတ်အားထက်သန်စွာ ပြောလိုက်ပါသည်။

**ဆက်ရန်**

## [တင့်တယ် ၏ ကမ္မဖလ အပိုင်း (၁၄)]

### ကြာသပတေး - တနင်္လာ

ဤကဏ္ဍကို ကျွန်ုပ်ရေးသားရန် အထက်ပါ ခေါင်းစဉ်ကို ရေးချလိုက်သည့် ခဏအတွင်း၌ ကျွန်ုပ်၏ ဂတ်လုံ များသည် ကျွန်ုပ်ရှိရာ ကြိုးတိုက်သို့ ရောက်လာကြပြန်၏။ သူတို့၏အဆိုအားဖြင့် ကျွန်ုပ်၏ ကြိုးဒဏ်မှ လျှော့ပေါ့ သက်သာခွင့်ပေးရန် အသနားခံစာကို မနက်ဖြန်တွင် အစိုးရအဖွဲ့ အစည်းအဝေး၌စဉ်းစား၍ သက်သာခွင့် ပေးသင့် မပေးသင့်ကို ပြည်ထဲရေးဝန်ကြီးက အကြံပေးစာ ရေးတော့မည်ဟု သိရ၏။ ကျွန်ုပ်၏ အသနားခံစာ ကို အစိုးရမင်းများက သက်ညှာလျှင်ကား သက်ဆိုးရှည်ရပေမည်။ မသက်ညှာလျှင်ကား ကျွန်ုပ် နေရလှလျှင် ခုနစ်ရက်ပင်။ ထို့ကြောင့် ဆိုစများလျား ရေးသားစရာတွေ တစ်ပုံကြီး ရှိနေသည့် အကြား က အတိုချုပ်နိုင်သမျှ ချုပ်၍ ရေးမှသာ ကျွန်ုပ်၏အဖြစ်စဉ်မှတ်တမ်းမှာ စလယ်ဆုံး ပြည့်ပြည့်စုံစုံ ကျန်ရစ်နိုင်ခဲ့ပေတော့မည်။ ၁၉၄၃ ခုနစ်မှ ၁၉၄၆ ခုနစ်အထိ လေးနှစ်ကာလအတွင်း၌ ကျွန်ုပ်မည်မျှ ကြိုးစားခဲ့သောကြောင့် ကျွန်ုပ်၏ဦးလေး ဦးဒေါနတို့နှင့် ကျွန်ုပ် မည်မျှရင်းနှီးသည်ထက် ရင်းနှီးခဲ့ပုံတို့ကို အနစိပ်ဖော်ပြခြင်းငှာ အချိန်မရတော့ပေ။ အတိုကောက် ဖော်ပြရမည်ဆိုလျှင် ၁၉၄၆ ခုနစ်၌ ကမ္ဘာ့စစ်မီး ပြီးငြိမ်းသွားသောအခါတွင် ကျွန်ုပ်မှာ ဦးလေး ဦးဒေါန၏ လုပ်ငန်းကြီးတစ်ခုလုံးတွင် မောင်ညိမ်းအောင်နှင့် တွဲဖက်၍ ဦးစီးလုပ်ကိုင်နေကြရ သော အခြေအထိ ရောက်ခဲ့ပေပြီ။

စစ်ပြီးစ ဖြစ်သောကြောင့် စစ်အတွင်းက အရေးပေးလုပ်ခဲ့ကြသော စက်လှေဖြင့်ကုန်သွယ်သည့်လုပ်ငန်းများကို ရပ်ဆိုင်းလိုက်ကြပြီးလျှင် သတ္တုတွင်းလုပ်ငန်းနှင့် သစ်တောလုပ်ငန်းတို့ကို ပြန်၍ထူထောင်ကြရ၏။ ခြောက်နှစ် ပတ်လုံး မျက်နှာလွှဲခဲ့ပစ်သမျှထားခဲ့ရသော လုပ်ငန်းကြီးများကို ပြန်လည်၍ထူထောင်ကြရသည်မှာ မလွယ် လှပေ။ အလုပ်လည်း အလွန်များကြ၏။ ၁၉၄၆ ခုနစ် ကုန်ခါနီးသို့ ရောက်သော အခါမှပင် လုပ်ငန်းကြီးမှာ ယခင် စစ်မဖြစ်မီက နီးပါးအခြေပြန်၍ကျသဖြင့် ကျွန်ုပ်တို့လည်း အသက်ရှူ ချောင်ကြရပေတော့သည်။ ဤအခြေ၌ ကျွန်ုပ်နှင့် ကျွန်ုပ်၏ ရန်သူတော် သားချင်းများမှာများစွာ အစေးကပ်၍နေပြီဖြစ်လေရာ ယခင်က လက်သီးနှင့် ထိုး၍ နှင်ထုတ်ခြင်းခံခဲ့ရသောအိမ်ကြီးဝယ် ကျွန်ုပ်သည် ယခုအခါ၌ အိမ်သားတစ်ဦးဖြစ်နေ တော့သည်သာမက အရေးကြီးသော စီးပွားရေးလုပ်ငန်းများကို ခြေလှမ်း လှမ်းကြသည်၌လည်း ကျွန်ုပ် မပါလျှင် မပြီးတော့ပေ။ ထို့ကြောင့်ပင် အိမ်သားတစ်ခုအပေါ် ကျွန်ုပ်၏သြဇာမှာလည်း အတော်ပင်ကြီးမား၍နေပေပြီ။ ဤအခြေသို့

ရောက်၍ တစ်မြို့လုံးက ကျွန်ုပ်အား မောင်ညိမ်းအောင်နှင့်တန်းတူ ရှိသေလေးစား အသိအမှတ်ပြုကြရသော အခါတွင် ကျွန်ုပ်သည် သင်းတို့တစ်မြို့လုံးကို လက်စားချေရန် စိတ်ကူး ထုတ်ရပေတော့သည်။

အတွင်းပိုင်း ကျကျ ကျွန်ုပ် စီမံနေရခြင်းအားဖြင့် သင်းတို့တစ်မျိုးလုံး၏ စီးပွားရေး အခြေအနေကိုလည်း ကျွန်ုပ် လည်း မှုး-ပဲ-ပြား-ပိုင်ကမကျန် အားလုံးသိရ၏။ ကျွန်ုပ်၏အဘိုးထားရစ်ခဲ့သော ပစ္စည်းအရပ်ရပ်တို့မှာကား အပြင်ပစ္စည်းများကချည်းပင်လျှင် ခြောက်သိန်းကျော်ဖိုးရှိပေရာ စိန်၊ ရွှေ၊ ရတနာ အတွင်းပစ္စည်းအားလုံးတို့က ချည့်ပင်လျှင် လေးသိန်းဖိုးခန့်ရှိ၏။ စုစုပေါင်းတစ်သန်းခန့် တန်သည့် ဤစည်းစိမ်ကြီးကို အမြဲစောင့်ရှောက် စီမံနေရသော ကျွန်ုပ်၏အဖို့၌ စစ်ဖြစ်နေဆဲတွင် အချိန်ကာလကလည်း ဟန်မကျသေး၊ ပစ္စည်းအားလုံးတို့၏ အခြေကိုလည်း စုံစေ့အောင် မသိရသေးသောကြောင့် ကျွန်ုပ်၏ လက်စားချေရေးကိစ္စကို ဆိုင်းငံ့ထားခဲ့ရ၏။ သင်းတို့အားလုံး အယုံအကြည်ရှိအောင် စောင့်ခဲ့ရ၏။ ယခုကား သင်းတို့တစ်တွေသည် ကျွန်ုပ်အားလူယုံ အဖြစ်သာမက တစ်ခါတစ်ခါ၌ မောင်ညိမ်းအောင်ထက်ပင် ပို၍အားကိုးကာ ခေါင်းဆောင်အဖြစ်ပင် အသိအမှတ် ပြုကြပေပြီ။ ဤအခါမျိုး၌ ကျွန်ုပ်သည် သင်းတို့ တစ်မြို့လုံးကို ပိပိရိရိ တစ်ယောက်စီချေနိုင်ပါက မည်သူသည် ကျွန်ုပ်အား မဲ့တစ်ပေါက်မျှ ရန့်မကင်းဖြစ်ကြချိမ့်မည်နည်း။ သို့သော် ကျွန်ုပ်သတ်ရန် ရည်ရွယ်သူများအထဲ ၌ အမှီမပါ။

အမှီမှာ စစ်ဖြစ်စက အသက် ၂၄ နှစ်ခန့် ရှိခဲ့ပေရာ အိမ်ထောင်ချထားရန် ဖခင်ဦးဒေါ်န စိတ်ကူးနေစဉ် စစ် ဖြစ်လာခဲ့၍ စစ်တစ်ခေတ်လုံး၌လည်း အိမ်ထောင်မပေးဖြစ်ခဲ့၊ ၁၉၄၆ ခုနှစ် စစ်ပြီးသောအခါ၌လည်း လုပ်ငန်း များ ပြန်၍ထူထောင်ဆဲဖြစ်သဖြင့် အိမ်ထောင်ပေးရန် မစီမံနိုင်ခဲ့ကြ၊ သို့သော် အမှီအပျိုကြီးဖြစ်၍ ဟိုင်းသွား မည်ကို မည်သူမျှ မစိုးရိမ်ကြပေ။ အဘယ်ကြောင့်ဆိုသော် တစ်ဆွေလုံး တစ်မျိုးလုံးကပင် အမှီကို ကိုမြဖေနှင့် ရည်မှန်းထားရင်း ရှိကြသောကြောင့် ဖြစ်၏။ သို့ရည်ရွယ်ထားသည်ကို အမှီလည်းသိ၏။ ကိုမြဖေ ကလည်းသိ ၏။ စစ်ရေး၊ စီးပွားရေးများ အခြေတကျ မဖြစ်နိုင်သေး၍သာ အချိန်ကောင်းကို စောင့်နေကြ ခြင်းဖြစ်ပေသည်။ ဤအကြောင်းများကိုသိသော ကျွန်ုပ်ကားအမှီ၏အပေါ်တွင် တိတ်တိတ်ပုန်းမေတ္တာ ရင့်မာမှန်းမသိရင့်မာလျက် အမှီကို မည်သို့သောနည်းဖြင့် အရချူရမည်ကို အမြဲတွေး၍ နေခဲ့၏။ သို့သော် အမှီနှင့် ကျွန်ုပ်တို့ကား စင်စစ်၌ မောင်နှမဂမ်းကွဲတော်ကြပေရာ တကယ့်ညီမသဖွယ် သဘောထားသည်ထက် ဘာမျှပို၍ အရိပ် လက္ခဏာ မပြပွဲ့ခဲ့။ အမှီကလည်း လက်ဦးတွင် စိမ်းသယောင်ယောင် ရှိခဲ့သော်လည်း ယခုမူကား အစ်ကိုရင်းသဖွယ် လုံးဝ သဘောထား၍ နေပြီဖြစ်လေရာ ကျွန်ုပ်မှာ အမှီကိုစိတ်ထဲက မေတ္တာအိုးကြီး မဆန့်မပြဲ နှင့် ဖြုန်းဖြုန်းကွဲ၍ ကျလုမတတ် ဖြစ်ရသော်လည်း သူကလေး၏ သိက္ခာကို ရှိသေသောအားဖြင့် အနားသို့ပင် သိုးကာသီကာ မရစ်နိုင်ခဲ့ပေ။ ကျွန်ုပ်၏ လက်စားချေမှုတွင် အထောက်အပံ့ဖြစ်စေခြင်းငှာ အယုံယွင်းနေရသည်ကလည်း တစ်ဖက် ဖြစ်သောကြောင့် အမှီအား သေချင်ပက်ကျိ နီးချင်ပါလျက်နှင့်ပင် ကာယိန္ဒြေ သိန်သရေ တွင်လုပ်ကာ အခွင့်ကောင်းကို စောင့်မျှော်၍ နေခဲ့ရပေသည်။

သို့နေရာ၌ ၁၉၄၆ ခုနှစ် ကုန်ခါနီး တစ်လ နှစ်လအလိုတွင် ကျွန်ုပ် ခေါင်းနားပန်းကြီးစေမည့် ကိစ္စကြီးတစ်ရပ်သည် အမှီနှင့်ပတ်သက်၍ ပေါ်ပေါက်လာခဲ့ပေတော့၏။ ထိုကိစ္စကား အခြားမဟုတ်။ ဆွေနီးမျိုးစပ်အချို့တို့က စေ့ဆော်သဖြင့် အမှီနှင့်ကိုမြဖေတို့ကို ထုံးစံနှင့်အညီစေ့စပ်ကြောင်းလမ်းကြခြင်းပင်ဖြစ်၏။ စေ့စပ် ကြောင်းလမ်းမှုမှာ နှစ်ပေါင်းများစွာ စစ်မဖြစ်မီကပင် ကြိုတင်သေချာထားခဲ့ပြီး ဖြစ်သည့်အတိုင်း အလွယ်နှင့်ပင် ပြီးမြောက်သွားပေသည်။ ကျွန်ုပ် ကိုယ်တိုင်လည်း လူကြီးအဖြစ်ဖြင့် စေ့စပ်သည့်နေ့က ဦးလေး ဦးဒေါန နှင့်တွဲ၍ ထိုင်ကာ သတို့သမီးဘက်မှနေ၍ စကားစမြည် ပြောရလေသေးသည်။

အချစ်မီး ဆိုသည်ကား ကြီးမားပေစွတကား၊ ကျွန်ုပ်ရူးဆွတ်ရန်မှန်းဆထားသော မဥ္ဇူသကအမှီအား လက်လွတ်ရတော့မည်ဟု သေချာသောအခါတွင် ကျွန်ုပ်၏ ရင်ထဲ၌ မီးပုံကြီး ဖို၍ထားဘိသကဲ့သို့ ရှိရပေသည်။ သို့သော် ဟန်ကားမပျက်ခဲ့။ အသက် ၃၀ ကျော်အောင် ဒုက္ခ၏ ဒဏ်ချက်ကိုခံ၍ မာယာဟန်ဆောင်ရပေါင်း ဖန်တေထနေပြီဖြစ်သဖြင့် စေ့စပ်ရေးစကားများကိုပင် ဟန်ကျပန်ကျ ပြောခဲ့နိုင်လေသေးသည်။

သို့သော် အမှီကို ကိုမြဖေနှင့် လက်ထပ်တော့မည်ဟုစေ့စပ်ရာ၌ ကျွန်ုပ်အားအကြီးအကျယ် တုန်လှုပ်ချောက်ချားစေသည်မှာကား နောင်ရေးပင်ဖြစ်၏။ အကယ်၍ အမှီနှင့်ကိုမြဖေတို့ လက်ဆက်ရပါလျှင် ကိုမြဖေသည် အမှီ၏ လင်သား အဖြစ်ဖြင့် အဘဦးဒေါန ထားရစ်ခဲ့မည့် ပစ္စည်းစုကို ခံစားရလေတော့မည်။ ထိုအထဲတွင်လည်း ကျွန်ုပ်ကလည်း ဦးဒေါနပါမကျန် ရှိရှိသမျှ အမွေခံထိုက်သူဟူသမျှကို လက်စားချေ၍ သုတ်သင်ရန် ၁၇ နှစ်တိုင်တိုင်အားခဲထားသူဖြစ်ရာ အကယ်၍ အမှီမှတစ်ပါးသောရန်သူတို့ကို ကျွန်ုပ်သုတ်သင်လိုက်ပါက အမှီတစ်ဦးတည်းသာလျှင် ဆယ်သိန်းတန် စည်းစိမ်ကြီးကို ခံစားရမည်ဖြစ်ရာ အမှီ၏ ခင်ပွန်းဖြစ်မည့် ဦးမြဖေသည်လည်း သန်းကြွယ်သူဌေးကြီး ဖြစ်လာမည် မလွဲပေ။

ထို့ကြောင့် ကျွန်ုပ် ၏ဘဂ သန္နိဋ္ဌာန် ချက်အတိုင်း ပြီးမြောက်အောင်မြင်ပါလျှင် ကျွန်ုပ်သည် အချစ်ဆုံး အမှီကို ကိုမြဖေ၏လက်ထဲသို့ ကျွန်ုပ်ကိုယ်တိုင်ထည့်၍ပေးလိုက်ရသည်နှင့်မခြားရှိတော့မည်ဖြစ်သောကြောင့် ကျွန်ုပ်မှာ အမှီနှင့် ကိုမြဖေတို့စေ့စပ်ကြသည့်နေ့မှစ၍ အပူတပြင်း ဉာဏ်နီဉာဏ်နက်တို့ကို ထုတ်ရပေတော့သည်။ မထုတ်လျှင်မဖြစ်။ ကိုမြဖေနှင့်အမှီတို့ လက်ထပ်ဖြစ်ပါက ကျွန်ုပ်ခဲလေသမျှအားလုံး သဲရေကျရ ပေတော့မည်။

သူတို့နှစ်ယောက် လက်မထပ်ဖြစ်စေရန်မှာ အခြားနည်းမရှိ။ အမှီ... သို့မဟုတ် ကိုမြဖေတစ်ယောက်မရှိမှ ဤကိစ္စ ပြီးငြိမ်းမည်ဖြစ်ရာ အမှီကိုဘယ်နည်းနှင့်မျှ သတ်ဖို့ဝေးစွ၊ နီးစကလေးဖြင့်ပင် မရွယ်ရက်သော ကျွန်ုပ်သည် ကျွန်ုပ်အား သေနတ်မောင်းတင်၍ သေနတ်နှင့်ပစ်ရန်ပင် ဟန်ပြင်ခဲ့ဖူးသော ကိုမြဖေကို သုတ်သင်ရန်မှလွဲ၍ အခြားနည်း မရှိတော့ပေ။

ဤကိစ္စပေါ်လာသဖြင့် ကျွန်ုပ်၏ လက်စားချေလုပ်ငန်းကြီး အစပျိုးဖို့ ဖြစ်လာသည်မှာ တစ်နည်းအားဖြင့် ကောင်း၏။ အဘယ့်ကြောင့်ဆိုသော် ဦးလေးဦးဒေါန၏ အထောက်အကူကြောင့် ကျွန်ုပ်မှာ ဦးလေး၏ ပစ္စည်းကို ဝေစုခွဲရန် မျှော်လင့်ချက်ရှိနေသည်သာမက စစ်ပြီးခေတ်ကုန်သည်စခန်းထချိန်မို့ ကျွန်ုပ်၏ကိုယ်ပိုင် ငွေကြေးပင်လျှင် သောင်းချီ၍ရှိနေသည်ဖြစ်ရာ အမှီနှင့်လည်းနီးနီးကပ်ကပ် အရိပ်တကြည့်ကြည့် နေခွင့်ကြိမ်ပြန်သော

ကြောင့် ကျွန်ုပ်သည် စည်းစိမ်းမှိုင်းမိကာ လက်စားချေလိုသောစိတ် အဓိဋ္ဌာန်တွင် အားနည်းသလိုဖြစ်ခဲ့၏။ သို့သော် ကံအားလျော်စွာ နံနက်တိုင်း သွားတိုက်ရင်း မြင်နေရသော ရွှေသွားကလေး၏ကျေးဇူးကြောင့် ဘ၀ သန္နိဋ္ဌာန်ကြီးကို မမေ့မပျောက်ခဲ့ပေ။ ယခုကား အမှီနှင့် ဆယ်သိန်းတန် အမွေအနှစ်တို့ကို လက်လွှတ်ရ တော့မည့် အရေးတော်ပုံကြီးကြောင့် စည်းစိမ်မှိုင်းထဲမှ လူးလွန့်လှုပ်ရှားကာ ဒရောသောပါး အကြံအစည်တွေ ပွားများရပြန်ပေတော့သည်။

ကိုမြဖေကို အပြုတ်ဖြုတ်ရန်ကိစ္စက လက်ဦးဖွေဆော်ပေါ်၍လာရသည်ကား ကံတရားကို ကျေးဇူးတင်ဖို့ပင် ကောင်းနေသေး၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ် မျိုးဖြုတ်ရမည့် အမွေခံတို့မှာ ဦးဒေါနနှင့် မောင်ညိမ်း အောင်တို့မှအပ ကျွန်ုပ်အပေါ်၌ တစ်စွန်းတစ်စကလေးမျှ စော်ကားခဲ့သူတို့ မဟုတ်ပေရာ ထိုသို့သော သွေးရင်း သားရင်းတို့ကို သွေးအေးအေးနှင့် ကိစ္စတုံးကြံစည်ရန်မှာ မည်မျှပင် ကျွန်ုပ်စိတ်ထဲ၌ အခဲအမဲကြီးထားစေကာမူ လွယ်ကူလှသည်မဟုတ်ပေ။ သို့သော် သင်းတို့ တစ်မျိုးလုံးကိုဖြုတ်မှ သင်းတို့မာနထောင်ခဲ့သော စည်းစိမ်ကို တစ်ယောက်တည်း ခံစားရမည်ဖြစ်ရကား ကြင်ယာလောင်းအမှီမှလွဲလျှင် အမွေခံထိုက်သူဟူသမျှကို မဖြုတ် ဘဲကား မနေနိုင်ပေ။

သို့ဖြစ်လေရာ အစမ်းစာမေးပွဲသဘောဖြင့် သွေးသားလည်းဝေး ရန်ငြိုးလည်းရှိ လောလောဆယ်တွင် ကျွန်ုပ်၏ အသဲနှလုံးသည်းပွတ်နှင့်တူသော အမှီကို ယူတော့မည်ဖြစ်သည့် ကိုမြဖေအား ပွဲဦးထွက် လက်စားချေရမည်မှာ တစ်နည်းအားဖြင့် ကံတရား ရွှေကိုယ်တော်ကိုပင် ပူဇော်ရှိခိုးချင်စရာ ဖြစ်နေပေသေးသည်။

ကံတရား၏ လက်ပေး၍ သတ်တတ်သောသဘောကို အခါခါ ကြုံခဲ့ဖူးသူ ကျွန်ုပ်သည် လူအချင်းချင်းလည်း အကြိုက်ကို ပေး၍သတ်မှ မြန်မြန်သတ်နိုင်သည့် အချိုးအစားကို နားလည်ပြီးဖြစ်သည့် အလျောက် ကိုမြဖေ ၏အကြိုက်ကို လိုက်၍ကြည့်ရ၏။ ကိုမြဖေအား ဟိုငယ်စဉ် ကျွန်ုပ်နှင့် ပထမအကြိမ်တွေ့စကပင် သေနတ် တကိုင်ကိုင် နှင့် အမဲပစ်တောလိုက် ဂါသနာပါသူ ဖြစ်ပေရာ ကိုမြဖေအား သူ့ဂါသနာပါသောသေနတ်ဖြင့်သာ လက်စားချေရတော့မည်ဟု ဆုံးဖြတ်လိုက်ရ၏။ ကံအားလျော်စွာ ကိုမြဖေနှင့် အမှီတို့ လက်ထပ် ကြမည့်ရက်မှာ သုံးလခန့် ကွာဝေးသေးသဖြင့် ကျွန်ုပ်မှာ ကြံသာဖန်သာအောင် အတော်ကြာ အချိန်ရခဲ့ပေ သည်။

ထို့ကြောင့် တစ်နေ့တွင် ကိုမြဖေတို့အိမ်သို့ ကူးသွားကာ သေနတ်ပြောင်းတိုက်နေသူ ကိုမြဖေထံသို့ကပ်၍ "ဘယ့်နယ်လဲ ကိုမြဖေ... သ လှချည်ကလား သေနတ်ကို... " ဟု မေးရင်း သူ့အနား၌ ထိုင်လိုက်ကာ ကိုမြဖေ က "သ ဆို ... ကြာအင်းတောထဲမှာ ဘယ်တုန်းကမှ မရောက်စဘူးတဲ့ တောဝက်နှစ်ကောင် ရောက်နေသတဲ့ဗျ ... အကြီးအကောင်က အချိန်သုံးဆယ်လောက် စီးလိမ့်မယ်တဲ့။ ကျွန်တော့်မုဆိုးက လာပြီးပြောလို့ နက်ဖြန် ကျရင် အမဲပစ်ထွက်မလို့၊ ကိုကံကောင်း ပျင်းရင် လိုက်ခဲ့ပါလား" ဟု ပြော၏။ ကျွန်ုပ်နှင့်ကိုမြဖေတို့ကား နှစ်နှစ် သုံးနှစ်ကြာအောင် ကုန်အတူသွယ်ခဲ့ကြခြင်းဖြင့် ယခုအခါ၌များစွာကပင် ခင်မင်ရင်းနှီးနေကြပေပြီ။ သူတော လိုက်၍ ရလာသော ချေသားခြောက်၊ ဆတ်သားခြောက်များကို စားခဲ့ဖူးသည်မှာလည်း မရေမတွက်နိုင်ခဲ့ပေ။

"မလိုက်ပံ့ပါဘူးဗျာ... ကျွန်တော်က သေနတ်မှ မပစ်တတ်ပဲ။ မတော်တဆ တောကောင်နဲ့တွေ့ရင် ကိုယ့်ယို့ ကားယား နဲ့ အပြေးရ လမ်းများနေပါဦးမယ်" ဟု ကျွန်ုပ်က ဆိုလိုက်သည်တွင် ကိုမြဖေက ပြုံး၍ "တောကောင် ဆိုတာက ဒါလောက် ကြောက်စရာ မဟုတ်ပါဘူးဗျာ... အေးလေ... အမဲလိုက်စ မရှိတဲ့ လူအဖို့မှာတော့ ဘယ်ပြောလို့ ဖြစ်မလဲ။ ကျွန်တော်တော့ဖြင့် အရင်တုန်းကဆိုရင် အကာအကွယ်ယူပြီးမှ အပေါ်ကြီးက လှမ်းလှမ်းပြီး ပစ်ခဲ့တယ်။

ကြာတော့လည်း အပေါ်ကြီးက ချောင်းပြီးပစ်ရတာ ငြီးငွေ့လာသဗျ။ ခုတော့ စစ်အတွင်းက သေနတ်ကောင်း ကလည်း ရပြီးသား၊ လက်မှန်းကလည်း ရလာတော့တောကောင်ဆိုရင် ရှေ့တည့်တည့်ကနေပြီး ကိုယ့်ကို ရန်မူဖို့ ပြေးလာတော့မှပဲ အနားတော့ပြီး မောင်းဖြုတ်ချင်တော့တယ်။ အဲဒါမှ အရသာကပဲဗျာ ... သူက ကိုယ့်ကို သတ်ရအောင် လာလေတော့ ကိုယ်က ကာကွယ်တဲ့သဘောလည်း ရောက်သဗျ။ ချေတို့ ဆတ်တို့ကို အပေါ်ကြီးက ချောင်းပြီးပစ်ရခတ်ရတာက တစ်ဖက်သတ်ကျလွန်းလှတယ်လို့ အခုတော့ထင်မိတယ်၊ သနားစရာ လည်း ကောင်းသဗျ" ဟု သူ့အယူအဆကို ပြောပြ၏။

ကျွန်ုပ်လည်း သူနှင့် စကားရောဖောရော ပြောဆိုရင်း သေနတ်အကြောင်း၊ သားကောင်တို့၏ ဓလေ့ အကြောင်း ကိုမေးမြန်းနေပေသည်။ ကိုမြဖေမှာ သူဂါသနာပါသော စိတ်ကြိုက်ဓလေ့အကြောင်း ဖြစ်နေသဖြင့်သူတောလိုက် ပုံများကို စိတ်ရှည်လက်ရှည် ပြောပြနေသည်သာမကသေး၊ စစ်အတွင်းက တင်းတောင်းနှင့်ခြင်း၍ ရောင်းရာတွင် ဂယ်ထားသော သေနတ်ကျည်ဆံ အထုပ်ကြီးတစ်ခုကိုပါ ယူ၍လာကာ... "သေနတ်တွေက အတော်ဆန်းတယ် ကိုကံကောင်းရေ့၊ ကျွန်တော် အခုကိုင်နေတဲ့သေနတ်က အမေရိကန်ကလုပ်တဲ့သေနတ်ဗျ။ တော်တော် ရှားတယ်။ ရှားရတဲ့အထဲမှာ ဒီသေနတ်အတွက်သက်သက် သီးသန့်လုပ်တဲ့ ကျည်ဆံဆိုတာဖြင့် ရှိကိုမရှိတော့ ပါဘူးဗျာ၊ ကံအားလျော်စွာ ဂျပန်ရိုင်ဖယ်ကျည်ဆံတွေနဲ့ တော်ပြီးနေလို့ ဒီသေနတ်ကို ကိုင်နိုင်တာဘဲဗျ။ နို့ပေမဲ့ ကျည်ဆံတိုင်း မတော်ဘူးဗျ၊ ကျည်ဆံတွေကလဲ တောက လူတွေ တိုက်ပွဲပြီးသွားရင် လိုက်ကောက်ပြီး ရောင်းတာဆိုတော့ သောင်းပြောင်းမို့ မနည်းရွေးချယ်ပြီး ပစ်နေရတယ်" ဟုဆိုရင်း ကျည်ဆံသောင်းပြောင်း အထုပ်ကြီးထဲမှ ရိုင်ဖယ် ကျည်ဆံ များကို တစ်ဆံစီ ရွေးကာ သေနတ်ပြောင်းနှင့်တော်သော ကျည်ဆံများကို သီးသန့်ဖယ်ထုတ်၍ ကျည်ဆံအိတ်တွင် ထည့်လျက်ရှိ၏။

ကျွန်ုပ်လည်း "အေးဗျာ ကျည်ဆံတွေက ကြည့်တော့ဖြင့် တူတူလိုပဲနော်"ဟု စကား အလိုက်သင့်ပြောလျက် ကျည်ဆံများကို သူ့အား အထုပ်ထဲမှ ကောင်းနိုးရာရာ ကောက်ယူ၍ ပေးနေသည့်အခိုက် ကျွန်ုပ်၏ စိတ်မှာကား ပထမကမ္ဘာစစ်အတွင်းက သူလျှိုကိစ္စတစ်ခုကို ပြေး၍တွေးနေ၏။ ထိုသူလျှိုကိစ္စမှာ အခြား မဟုတ်။ စစ်တပ်မှ လက်နက်ရုံသို့ သေနတ်ကျည်ဆံ အမှာစာပို့ရာတွင် ကျည်ဆံအတိုင်း အထွာစာရင်းကို သူလျှိုတို့ ကြားဖြတ် ရရှိရာ၌ စာရင်းကို ဖျောက်ဖျက်ပစ်လျှင် စစ်တပ်က စာရင်းအသစ် ထပ်ပို့ကာ အကြောင်းထူးမည် မဟုတ်သော ကြောင့် သူလျှိုတို့သည် ကျည်ဆံလုံးပတ် အတိုင်းအထွာ ၁ ဒသမ ၉၆ စင်တီ မီတာဟု ပါရှိသည်ကို အင်္ဂလိပ်ဂဏန်း (၁)ဖြစ်သောမျဉ်းကြောင်း မျှင်မျှင်ကလေးတစ်ခုကို ထပ်တိုး ရေးထည့်ကာ ကြားဖြတ်ရရှိထား

သော လက်နက်အမှာစာကို ဟန်မပျက် လက်နက်ရုံသို့ပို့လိုက်၏။ ထိုအခါ လက်နက်ရုံက ကျည်ဆံလုံးပတ် အတိုင်းအထွာ ၁ ဒသမ ၉၆၁ စင်တီမီတာရှိသော ကျည်ဆံများကိုလုပ်၍ စစ်တပ်သို့ တင်ပို့သည်၌ ရိုင်ဖယ်သေနတ်များနှင့်မတော်ဘဲ ကျည်ဆံသုံးသန်းခန့် လွှင့်ပစ်ရပြီးလျှင် စစ်ပွဲတစ်ပွဲပင် ရှုံးခဲ့ရသောကိစ္စဖြစ်၏။ ဤအကြောင်းကို တွေးနေခိုက်တွင် ကိုမြဖေလည်း တစ်စုံတစ်ခုကို သတိရဟန်ဖြင့် "အမယ်.. ခဏနော်... ကိုကံကောင်း၊ ကျွန်တော် အရင်တစ်ပတ် တောလိုက်တုန်းက ရွေးပြီးယူသွားတဲ့ ကျည်ဆံသုံးတောင့် ရှိသေးတယ်။ တစ်ခါထဲ ရောပြီး ထည့်ရဦးမယ်"ဟု ဆိုကာ အိမ်တွင်းသို့ ဝင်သွား၏။ ဤကား ကျွန်ုပ်၏အခွင့် အရေးပင် ဖြစ်ပေသည်။ ကံတရားသည် ကျွန်ုပ်အား တော်တော်ပင် မျက်နှာသာပေး၏။

အိမ်ရှေ့ခန်းတွင် ကျွန်ုပ် ကျန်ရစ်သောအခါ ဘေးဘီသို့ ကြည့်လိုက်၏။ မည်သူမျှ မရှိ။ ထို့ကြောင့် ကျွန်ုပ်သည် ခြေမြန်လက်မြန်ဖြင့် သားရေနှင့်လုပ်ထားသော ကျည်ဆံအိတ်ထဲမှ ရွေးချယ်ထားသော ကျည်ဆံများကို ကျည်ဆံ အထုပ်ကြီးထဲသို့ သွန်လိုက်ပြီးလျှင် သေနတ်ပြောင်းနှင့်ကျပ်သဖြင့် ဖယ်ချထားသော ကျည်ဆံများကို သားရေအိတ်ထဲသို့ လျင်မြန်စွာ ထည့်ထားလိုက်၏။ ကျွန်ုပ်ဤသို့ ကျည်ဆံချင်း လဲလှယ်ပြီးနောက် ၂ မိနစ်ခန့် ကြာမှ ကိုမြဖေ အိမ်တွင်းခန်းက ထွက်လာပြီးလျှင် "မတွေ့ပါဘူးဗျာ၊ ဘယ်ချောင်ကြားမှာ ကပ်နေသလဲ မသိဘူး"ဟု ပြောပြောဆိုဆို ထိုင်ရင်း ကျည်ဆံသုံးလေးဆံကို ဆက်လက်ရွေးချယ်ပြီးနောက် ကျည်ဆံ သားရေအိတ် ပြည့်ပြီဖြစ်သဖြင့် ကျေနပ်သွားကာ သားရေအိတ်ကိုပုတ်ရင်း "ဒီတစ်အိတ်ဆိုရင်တော့ ဂက် နစ်ကောင်စလုံး ရလောက်ပါရဲ့ ထင်ပါ့...၊ ကိုင်း ... ဘယ်နယ်လဲ အပျင်းပြေ လိုက်ခဲ့ပါလားဗျာ၊ နက်ဖြန်ကျရင် သွားကြရအောင်"ဟု ပြောပြောဆိုဆို သေနတ်သေတ္တာတွင် ပြန်ထည့်၏။

ဤတွင် ကျွန်ုပ်တွင် "ဖြစ်မယ်မထင်ပါဘူးဗျာ၊ အိမ်မှာ အလုပ်တွေကလည်းများ၊ ပြီးတော့ ခင်ဗျားတို့ မင်္ဂလာ ဆောင် ကိစ္စကလည်း ရက်ဝေးသေးပေမဲ့ စီစဉ်စရာလေးတွေ စပြုပြီး စီစဉ်ပေးရဦးမှာနဲ့ အိမ်ကနေပြီး ပါးစပ် ပြင်ထားပါမဗျာ၊ တောဂက်သားဆူဆူ ကို သွားဖုံးမြုပ်အောင်ကိုက်ဖို့ ဟုတ်လား"ဟု ရယ်စရာ တစ်လုံး ညှပ်၍ ပြောရ၏။ အမှီနှင့် မင်္ဂလာဆောင်ရမည့်ကိစ္စကိုထည့်၍ အလိုလိုက်အကြိုက်ပေးကာ ပြောခြင်းအားဖြင့် ကိုမြဖေမှာ အတော်ကြီး ရွှေဘောတော်ကျသွားကာ စိတ်ချကိုကံကောင်း ခင်ဗျားဖို့ စပါယ်ရှယ်ဂက်သား တစ်တွဲနဲ့ အူစုံသည်းစုံကို ယူခဲ့မယ်" ဟု ကျေကျေနပ်နပ် ဆိုပေသည်။

ခမျာမှာ ကျေကျေနပ်နပ် အာမဂန်တာခံ၍ သွားပေသည်။ နောက်နှစ်ရက်ခန့်ကြာသောအခါ၌ ကျွန်ုပ်အဖို့ စပါယ်ရှယ် ဂက်သားတစ်တွဲ နှင့် အူစုံသည်းစုံကား ရောက်မလာပေ။ ရောက်မည့်ရောက်လာသည်ကား ကိုမြဖေ ၏ အလောင်းသာဖြစ်၏။ ဂက်ပစ်ရာတွင် ဂက်အငယ်ကို ရပြီးနောက် ဂက်အကြီးကို သဲသဲမဲမဲ လိုက်ရာတွင် ဂက်နှင့်ရင်ဆိုင်တွေ့သည်၌ ပြောင်းနှင့်တော်သော ကျည်ဆံကုန်ကာ ကျွန်ုပ်လဲ၍ ပေးလိုက်ရသော ကျည်ဆံ များအလှည့်သို့ ရောက်သည်နှင့်ကြုံသဖြင့် တောဂက်များအမဲမဖြစ်ဘဲ ကိုမြဖေသာလျှင် အမဲဖြစ်၍ အသက်မပါ၊ အလောင်းသာလျှင် မြို့သို့ရောက်လာတော့၏။ သူ့အလောင်းကိုမြင်ရမှပင် ကျွန်ုပ်မှာပါးစပ်က စုတ်တသပ်သပ် နှင့်" ဖြစ်ရလေ ကိုမြဖေရယ်... "ဟု ဆိုကာ လူမြင်ကောင်းအောင် မျက်ရည်တွေ ဘာတွေ ဝိုင်းပြလိုက်သော်

လည်း စိတ်ထဲ၌မူကား ကြွပေတော့ဆရာရေ... အမိုကို ကျွန်တော် စောင့်ရှောက်ထားလိုက်ပါ့မယ် စိတ်သာချ ကိုယ့်လူ" ဟူ၍ ပြုံးဖြီးဖြီး လူမသိ သူမသိ ဆိုမိလေတော့သည်။

ကိုမြဖေ ဤသို့ တောဂက်ပက်သဖြင့် ကိစ္စတုံးရသည်ဟူသောသတင်းပြန့်ပွားသွားသည်၌ တစ်မြို့လုံးပင်စုတ်တသပ်သပ် ဖြစ်ကြရ၏။ ကိုမြဖေကား လူကြီးပိုင်း လူငယ်ပိုင်း နှစ်ဌာနစလုံးတွင် ဂင်ဆန့်သူဖြစ်သည့်အတိုင်း သူ၏မသာ၌ အသင်းအဖွဲ့ပေါင်းများစွာတို့က လိုက်၍ပို့ကြရာ အလွန်တရာပင် စည်ကားလှပေသည်။ ကျွန်ုပ်လည်း တပြုံးပြုံးနေသော အသည်းနှလုံးတို့ကို ပူပုံပန်းရုပ်ဖြင့် အရေခြုံကာ မသာရထားစွန်းကို လက်တင်၍ သုသာန်အထိ ခေါင်းငိုက်စိုက်နှင့် လိုက်ပို့လိုက်ပါသေး၏။

ကျွန်ုပ်၏ဘဂ အဓိဋ္ဌာန်ကြီးအတွက် လက်စားချေရေးတွင် ဈေးဦးပေါက်ပုံကား ဟန်ကျလှပေသည်။ မည်သူမျှ ကျွန်ုပ်၏ စနက်ဖြစ်ကြောင်းကို မရိပ်မိကြပေ။ ကိုမြဖေသည် ကြာသပတေးသားဖြစ်၏။ လူသားစားဖူးသောကျားသည် ကျွဲနွားကို မကိုက်ချင်ဘဲ ရွာထဲသို့ဂင်၍သာ လူတွေ့ရာကို ဆွဲချင်သော ဓမ္မတာကဲ့သို့ ကျွန်ုပ်မှာလည်း ကျည်ဆံနှစ်မျိုး ကို တစ်မျိုးနှင့်တစ်မျိုး တစ်ပေခန့်ကွာသော နေရာချင်း လဲလှယ်ထားလိုက်ကာမျှဖြင့် အကြီးဆုံးသော ရန်သူတော်ကြီးမှာ ကျောက်တောင်ကို ဒိုင်းနမိုင်းနှင့်ခွဲသလို ပုန်းခနဲ ပြို၍ကျသွားရသည်ကို တွေ့ရသောကြောင့် ကျွန်ုပ်သည် လက်စားချေရေးအတွက် စိတ်အရှိန် ကြွ၍လာကာ နောက်တစ်ခါဆက်၍ မည်သူ့ကို လက်စားချေရပါမည်နည်းဟု ကြံဆရပြန်၏။ ယခုလက်စားချေရတော့ မည်မှာကား ကိုမြဖေကဲ့သို့ သွေးဂေးသူများ မဟုတ်ကြတော့၊ ကျွန်ုပ်နှင့် သွေးအနီးဆုံး လူများသာ ကျန်ပေတော့ရာ သွေးနီးသည့်အထဲမှ မည်သူ့ကို လွယ်ကူစွာ အသက်ကို ဖျက်ချေနိုင်ပါမည်နည်းဟု တစေ့တစောင်းကြည့်ရင်းက သွေးစဉ်မျိုးဆက်တည်နေပုံကိုဇယားချ၍ ကြည့်မိ၏။ ဤဇယားကိုရေးခဲ့ပြီးသော ကျွန်ုပ်၏ အဖြစ်စဉ်သမိုင်း ရှေ့ပိုင်း၌ ဖော်ပြခြင်း မပြုခဲ့သည်မှာ ဆွေမျိုးတွေ ဆက်သွယ်နေပုံများသဖြင့် နာမည်များ ရှုပ်ထွေးကုန်မည်စိုးသောကြောင့် မဖော်ပြခဲ့ပေ။ ယခုမှပင် ဖော်ပြရပေတော့မည်။

ဇယား(၁)

အဘိုး ဦးနကီ (၁၈၆၀-၁၉၃၃)

| ဦးသြဘာ | ဒေါ်စောလှ | ဦးဒေါ်န |
|---|---|---|
| (၁၈၈၅-ခု မွေးသည်) | (၁၈၉၀-၁၉၁၆) | (၁၈၈၇ ခုနှစ် ဖွားသည်) |

ဤဇယားအတိုင်း ကျွန်ုပ်၏ အဘိုး ဦးနကီမှ သားသမီးသုံးယောက် ထွန်းကားရာတွင် ယခုအခါ၌ ဦးသြဘာ မှာ မန္တလေးတွင် ကျောင်းထိုင်ဆရာတော်ကြီးဖြစ်၏။ ကျွန်ုပ်၏ မိခင် ဒေါ်စောလှကား ရေတိမ်နစ်ကာ ကွယ်လွန်ခဲ့ပြီ။ ဒုတိယသားဖြစ်သော ဦးဒေါ်နသည် အဘိုး၏စည်းစိမ်ကြီးကို ယခု ဦးစီးနေ၏။ ဦးဒေါ်န၏ ဇယားကား အတော်ရှုပ်၏။ အဘယ်ကြောင့်ဆိုသော် ဦးဒေါ်န ပထမအိမ်ထောင်နှင့် သားသမီးရပုံကို ဖော်ပြရပါသော်...၊

ဇယား(၂)

ဦးဒေါနနှ + (ပထမဇနီး)

မကျော့ရင် မောင်ညိမ်းအောင်

(၁၉၀၇-ခုနှစ် ဖွားသည်) (၁၉၁၈-ခုနှစ် ဖွားသည်)

မောင်သီဟ (၁၉၂၉-ခုနှစ်ဖွားသည်)

အထက်ပါဇယားကိုကြည့်ပါက မကျော့ရင်နှင့် မောင်ညိမ်းအောင်တို့သည် ဦးဒေါနန၏ ပထမဇနီးမှ ဖွားမြင်သည်ကို တွေ့ရမည်ဖြစ်၏။ မကျော့ရင်၏ အကြောင်းကို ကျွန်ုပ်ရှေ့ပိုင်း၌ ဖော်ပြခဲ့ခြင်းမရှိ။ အဘိုး ဦးနကီ၏ အိမ်သို့ ပထမအကြိမ် ကျွန်ုပ် ရောက်ခဲ့စဉ်က မကျော့ရင်မှာ အပျိုဘဂဖြင့်ပင် ရှိလေသေးသည်။ ထို့နောက် မကျော့ရင်သည် ၁၉၂၇-ခုနှစ်၌ မိုင်းသူဌေးတစ်ဦးနှင့် အိမ်ထောင်ပြုရာ စိတ်သဘောချင်း မတိုက်ဆိုင်ဘဲကလေးတစ်ယောက်ရကာမှ ကွာရှင်းလာခဲ့၏။

ထိုကလေးအမည်မှာ မောင်သီဟဖြစ်၏။ ယခုအချိန် ၁၉၄၇ -ခုနှစ်၌ မောင်သီဟမှာ အသက်၁၈နှစ် အရွယ်ဖြစ်လျက် ဂျပန်တော်လှန်ရေးတွင် ပါဝင်ရာက စစ်အပြီးတွင် ပြည်သူ့ရဲဘော်ဗိုလ်ကလေး တစ်ယောက် ဖြစ်နေပေသည်။ ဒေါ်ကျော့ရင်နှင့် မောင်သီဟတို့ မှာ ကျွန်ုပ်နှင့် မည်သို့မျှ ထူးထူးထွေထွေ ပတ်သက်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ယခုမှပင် ဖော်ပြရပေသည်။ ဖော်ပြရသည့် အကြောင်းမှာကား ဒေါ်ကျော့ရင်နှင့် မောင်သီဟတို့သည် ဦးဒေါနန၏ အမွေကိုခံထိုက်သော သမီးရင်းနှင့်မြေးရင်းတို့ ဖြစ်ကြသောကြောင့် ယခုလက်စားချေရေးလမ်းစဉ်ကို တွင်တွင်ကြီးလိုက်သော အခါတွင်မှ သူတို့၏အကြောင်းဆိုင်လာ၍ ဖော်ပြရပေတော့သည်။

ဦးဒေါနန ၏ ပထမဇနီးသည် ၁၉၁၂ ခုနှစ်၌ ဆုံး၏။ ဦးဒေါနနသည် ၂-နှစ်ခန့် မုဆိုးဖိုဘဂဖြင့် နေပြီးနောက် ၁၉၁၄-ခုနှစ် သို့ ရောက်သောအခါမှ နောက်ထပ်၍ အိမ်ထောင်ပြု၏။ ထို ဒုတိယဇနီးမှ ကျွန်ုပ်၏ ချစ်သည်းချာ အမှီ ကို ၁၉၁၆ ခုနှစ်တွင် ဖွားပြီးလျှင် ၁၉၁၉ ခုနှစ်၌ အမှီ၏မိခင် အနိစ္စရောက်၏။ ဦးဒေါနနလည်း ဒုတိယမွိ မုဆိုးဖိုဖြစ်ရပြန်၏။ ဤအကြိမ်တွင်ကား ဦးဒေါနနသည် နောက်ထပ်၍ အိမ်ထောင်မပြုတော့ဘဲ ပထမဇနီး မှ ဖွားမြင်သော မကျော့ရင်၊ မောင်ညိမ်းအောင်တို့ နှစ်ယောက်နှင့် ဒုတိယဇနီးမှ ဖွားမြင်သော အမှီတို့ကို ထိန်းသိမ်းကာ ဖခင်ဦးနကီ၏ အလုပ်ကို ဦးစီးရင်း နေထိုင်ခဲ့သည်မှာ ယခုအထိ ဖြစ်၏။

သို့ဖြစ်လေရာ သင်းတို့တစ်မျိုးလုံး၏ ဆွေစဉ်မျိုးဆက်ကို ကြည့်လိုက်သောအခါ၌ အဘိုး ဦးနကီ၏ စည်းစိမ်ကြီးကို ကျွန်ုပ် ခံစားရဖို့အရေးတွင် ကျွန်ုပ် သုတ်သင်ပစ်ရမည့်သူများမှာ (၁) ဦးနကီ၏သားရင်း ဆရာတော် ဦးသြဘာ၊ (၂) ဦးနကီ ၏သားရင်း ဦးဒေါနန၊ (၃) ဦးနကီ၏မြေးအရင်း မကျော့ရင် (ဦးဒေါနနသမီး)၊ (၄) ဦးနကီ၏မြေးအရင်း မောင်ညိမ်းအောင် (ဦးဒေါနန၏သား)၊ (၅) ဦးနကီ၏ မြစ်အရင်း မောင်သီဟ (ဒေါ်ကျော့ရင်၏သား)စသည့်ဖြင့် ငါးယောက်တိတိ ရှိ၍နေပေသည်။ ထိုသို့ ငါးယောက်တိတိ ရှိရာတွင် ဦးဒေါနနကို စတင်၍ သုတ်သင်လိုက်ပါက ပစ္စည်းထုထည်ကြီးမှာ ဒေါ်ကျော့ရင်၊ မောင်ညိမ်းအောင်နှင့် အမှီတို့သုံးယောက်သို့

သုံးစုကွဲသွားပေမည်။
ကျွန်ုပ်၏ လက်စားချေစာရင်းတွင် မထည့်သွင်းရက်သော အမှီကို ကျွန်ုပ်လက်ဆက်ရစေကာမူ ဆယ်သိန်းတန် အမွေ၏ သုံးပုံတစ်ပုံကိုသာရပေမည်။ ထို့ကြောင့် ဦးဒေါနကို ချက်ခြင်းသတ်၍မဖြစ်သေး၊ ကျွန်ုပ်၏ ရန်သူတော်ကြီးဖြစ်သော မောင်ညိမ်းအောင်ကို သတ်လိုက်ပါကလည်း ပစ္စည်းထုမှာ အမှီနှင့်ဒေါ်ကျော့ရင်တို့ခွဲ၍ ယူကြရမည်ဖြစ်ရာ ကျွန်ုပ်မှာ ငါးသိန်းသာရပေမည်။ ကျွန်ုပ် မကျေနပ်သေး။ တစ်ဖန် ဒေါ်ကျော့ရင်၌ သားဖြစ်သူ ပြည်သူ့ရဲဘော် ဗိုလ်ကလေး မောင်သီဟကလည်း မြေးစုတစ်စုဝင်၍ခွဲပေဦးမည်။ ထို့ကြောင့် မောင်ညိမ်းအောင်ကို သတ်ရမည်မှာလည်း ဟန်မကျသေး။

သို့ဖြစ်လေရာ ကျွန်ုပ်မှာ ဆရာတော်ဦးဩဘာကို သုတ်သင်ရန်ရွေးချယ်လိုက်၏။ ဦးဩဘာမရှိလျှင် ပစ္စည်းစုအားလုံးသည် ဦးဒေါနတစ်ဦးတည်း ခံစားခွင့်ရှိမည်။ ဦးဒေါန၏ မြေးမောင်သီဟနှင့် သမီး မကျော့ရင်တို့ကို တစ်ယောက်စီ ဖြုတ်လိုက်ပါက မောင်ညိမ်းအောင်နှင့် အမှီတို့သာ ကျန်မည်။ ထို့နောက် မောင်ညိမ်းအောင် ကို ဖြုတ်လိုက်ပါသော် ဦးဒေါနနှင့် တစ်ဦးတည်းသောသမီး အမှီသာလျှင်ကျန်မည်။ ထိုအခါမှာမှလက်ဦးဆုံး အမှီကို မရရအောင်ယူ။

ယူပြီးလျှင် ဦးဒေါနကို သုတ်သင်ရမည်ဖြစ်၏။ ဦးဒေါနမရှိလျှင် ပစ္စည်း ထုထည်ကြီးသည် အမှီ တစ်ယောက်သာ ဆက်ခံခွင့် ရှိပေတော့မည်။ ထိုအချိန် ကျွန်ုပ်မှာ အမှီ၏ခင်ပွန်းယောကျ်ားဘဝသို့ ရောက်နေတော့မည်ဖြစ်လေရာ ကျွန်ုပ်ငယ်မည်(ငကောင်း)သည်တသန်းကြွယ်သည့်သူဌေးကြီးဦးကံကောင်းမဖြစ်လာပါသလော။ အထက်ပါ အတိုင်း ဇယားချထားပြီးသည့်နောက်တွင် ကျွန်ုပ်သည် ကျွန်ုပ်၏ ဦးလေးကြီးဖြစ်သော ဆရာတော် ဦးဩဘာကို သုတ်သင်ရန်စိတ်ကူး၏။ ဦးဩဘာက ဝေးလှစွာသော မန္တလေးတွင် ကျောင်းထိုင်နေပေရာ ခရီးကွာလွန်းလှ သဖြင့် လောလောဆယ်ဆယ် ကြံစည်ဖို့ကခက်နေ၏။ ထို့ကြောင့် ကျွန်ုပ်၏ မြားဦးမှာ ဦးဩဘာ၏ ဘက်မှနေ၍ အလွယ်ဆုံးအနီးဆုံးကို ရှာဖွေကာချိန်ရွယ်လိုက်သောအခါတွင် မြားဦးသည်ဒေါ်ကျော့ရင်၏ဘက်သို့ တည့်တည့် မတ်မတ်ကြီး ဦးတည်၍ နေပေသည်။

ဒေါ်ကျော့ရင်ကား ငွေကြေး မတောင့်မတ မကြောင့်မကြချမ်းသာသော မုဆိုးမပီပီ သားဖြစ်သူ မောင်သီဟ ကလည်း ပြည်သူ့ရဲဘော်တပ်ထဲ၌ ဗိုလ်သီဟအမည်ခံလျက် ကာကီစိမ်းဝတ်ကာ အဝေးအရပ်၌နေလေသော ကြောင့် သားအတွက်နေ့ဆက်ရက်ဆက် ပန်းသက်စေ့လှူခြင်း၊ ဆွမ်းသက်စေ့ကပ်ခြင်း၊ ဂုဏ်တော် တစ်ထောင် ပုတီးစိပ်ခြင်း၊ မေတ္တာပို့ခြင်းတို့ကိုပြု၍ ငြိမ်းချမ်းစွာနေထိုင်သူဖြစ်ပေသည်။ ဖခင်ဦးဒေါန၊ မောင်ဖြစ်သူမောင်ညိမ်း အောင်နှင့် မောင်ဂမ်းကွဲ ကျွန်ုပ်တို့ စားရေး သောက်ရေးနှင့် အိမ်ထောင်ဖက်ကို တစ်ဖက်တစ်လမ်းထိန်းကာ အမှီကိုလည်း မအေကွဲညီမဖြစ်သော်လည်း တစ်အူတုံးဆင်းညီမရင်းပမာစောင့်ရှောက်နေသူလည်း ဖြစ်ပေတော့ သည်။ ပစ္စည်းနှင့်လုပ်ငန်းများကိုလည်း ဝင်၍မစွက်၊ ဘာသိဘာသာ အေးဆေးစွာနေလျက် တရားဘာဝနာ ကိုသာကြိုးကုတ်သူဖြစ်လေရာ ဒေါ်ကျော့ရင်ကို ကျွန်ုပ်သုတ်သင်ရမည့်အရေးမှာကား ကိုမြဖေကဲ့သို့ သုတ်သင် လောက်သောအကြောင်း မခိုင်လုံလှသဖြင့် လက်နှေး၍နေမိပေသည်။ သို့နှင့် ၁၉၄၇ ခုနှစ်သို့ကူးခဲ့၏။

ကျွန်ုပ် ဤသို့ လက်နေးနေသည်ကို အမြင်ကပ်လေရော့သလားမသိရ။ ကိုရွှေကံကြမ္မာသည် တစ်ထောင့် က ပေါ်လာကာ ကျွန်ုပ်၏ နံစောင်းကို တုတ်နှင့်ထိုးသလို နှိုးဆွလိုက်ပြန်၏။ နှိုးဆွပုံကား -

အသက် ၃၇ နှစ်ထိအောင် လူပျိုကြီးဘဝဖြင့်နေခဲ့သော မောင်ညိမ်းအောင်သည် အရေးပိုင်တစ်ဦး၏သမီး အပျိုကြီးနှင့် လက်ထပ်လိုက်ခြင်းပင် ဖြစ်လေတော့သည်။ မောင်ညိမ်းအောင် ဤကဲ့သို့ လက်ထပ်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တွင်အပူကြီးနှစ်မျိုး ပေါ်ပေါက်လာ၏။

ပထမအပူမှာကား မောင်ညိမ်းအောင် လက်ထပ်ပြီးလျှင် ကြီးစဉ်ငယ်လိုက်အားဖြင့် အမှီကို တစ်နည်း မဟုတ်တစ်နည်း အိမ်ထောင်ချပေးဖို့ ဖြစ်လာမည်စိုးခြင်းဖြစ်၏။ ဒုတိယအပူမှာကား မောင်ညိမ်းအောင်တို့ အိမ်ထောင်မှ တစ်နှစ်လျှင် တစ်သားကျ၍ ကလေးတွေ တပွတ်ပွတ်မွေးလျှင် ကျွန်ုပ်အဖို့၌ ဦးနကီ၏ အမွေခံမည့် ကျွန်ုပ်နှင့် ပြိုင်ဘက် မြေး မြစ် တီ ကျွတ်ကလေးတွေကို ပုဂံပြည်ကို ဖျက်သည့်ဘူးပင်လို သတ်၍ပဲမကုန်နိုင်အောင်ဖြစ်လာမည့်အရေးကို စိုးရိမ်ခြင်းဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်မှာ လက်စားချေလမ်းစဉ်ကို အလျင်အမြန်လိုက်ရန် စိုင်းပြင်းရပြန်ပေတော့သည်။

ကိုမြဖေအား သူ့ဂါသနာကြီးသော သေနတ်တွင် ပယောဂစွက်ခြင်းအားဖြင့် ဂက်ပက်ခံရကာ ကိစ္စတုံးစေခဲ့သည့်နည်းတူ ကျွန်ုပ်သည် ဒေါ်ကျော့ရင်၏ ဂါသနာကို စူးစမ်းရပြန်၏။ စူးစမ်းဖို့ကား စင်စစ်၌ အထူးမလိုပေ။ အဘယ့်ကြောင့် ဆိုသော် ဘာသာတရားကို ကိုင်းရှိုင်းသော မုဆိုးမကြီးများ၏ ဉာဉ်မှာ ဘုရား တရား သံဃာ ကိုသာမက ဘိုးဘိုးအောင် မင်းကလေး ဂိဏ္ဍာရုစ်သောင်း စသည်တို့ကိုပါ ရောထွေး၍ ကိုးကွယ်လာတတ်ပေရာ ဒေါ်ကျော့ရင်မှာ သမ္မုဒ္ဒေဂါထာကို အကြိမ်တစ်ထောင် ရွတ်ဖတ်သရဇ္ဈာယ်သည့် အကြောင်းကပင် သူ့ရဲမပူးနိုင်သောလက်ဖွဲ့၊ ဘေးရန်ကင်းလက်ဖွဲ့တို့ကိုဆောင်လျက် နတ်ကြီး ငါးပါးဆေး၊ မြွေဆေး၊ ဘုရားငါးဆူ ဆေးတော်ကြီး စသောဆေးများကိုလည်း လည်ကုတ်၊ ငယ်ထိပ်၊ လက်ကောက်ဝတ်၊ ခြေဆစ် လက်ဆစ်တို့၌ပိုက်ဆံကုန်ခံကာ ထိုးနှံနေသူဖြစ်ပေသည်။ ဒေါ်ကျော့ရင်၏ ဤဂါသနာစွဲကိုသိပြီးဖြစ်သော ကျွန်ုပ်မှာ ဒေါ်ကျော့ရင်ကို သေရွာသို့ပို့ရန် အလွန်လွယ်၍နေပေ၏။ အခွင့်အလမ်းပေါ်ဖို့သာလျှင် လိုပေတော့သည်။ အခွင့်အလမ်းဆိုသည်မှာ ဖမ်းယူတတ်သူတို့အဖို့၌ အတော်ပင်လျင်မြန်စွာ ပေါ်ပေါက်လာပေရာ ကျွန်ုပ်လည်းတစ်လမျှ စောင့်လိုက်ရုံမျှနှင့် အခွင့်အလမ်းကို တွေ့ရပေတော့သည်။

ထိုအခွင့်အလမ်းမှာကား နတ်စက်ရောင်ဂိုဏ်းမှဆရာတစ်ဦး ကျွန်ုပ်တို့မြို့သို့ရောက်ရှိလာခြင်း ဖြစ်ပေ၏။ ထိုဆရာမှာကာယသိဒ္ဓိပြီးစီးသည်ဟုကျော်ကြားလျက် ရန်သူကြံလျှင်ချက်ခြင်းသိသော ဆေးဂါးများကို ထိုးနှံပေးနေလေရာ ဂါသနာအိုး ဒေါ်ကျော့ရင်သည် တစ်နေ့၌ ထိုနတ်စက်ရောင်ဆရာကို အိမ်ပေါ်သို့ပင့်ဆောင်လာသည်အထိ ဖြစ်ခဲ့ပေသည်။

နတ်စက်ရောင်ဆရာကား လက်ဖွဲ့များ ဆေးတောင့်များကို သိမ်ဂင်သပိတ်ကွဲ အင်းပေါ်၌သွေးကာ ဆေး၏ တန်ခိုးအမျိုးမျိုးကို လက်ာပတ်တမ်းနှင့် ပြောဆိုလျက် ဆေးတစ်ခါထိုးလျှင် ငါးကျပ်ယူကာ စီးပွားရေးလမ်းဖြောင့်နေသူဖြစ်၏။ ထိုဆရာသည် ဆရာလိမ်ဖြစ်မှန်းကို ကျွန်ုပ် အတတ်သိသော်လည်း ကျွန်ုပ်၏ လက်စားချေရေး

လမ်းစဉ်ကြီးတွင် ထိုဆရာကိုလက်နက်အဖြစ်ဖြင့် အသုံးချရန်ရည်ရွယ်ထားသည့်အတိုင်း နတ်စက်ရောင်ဆရာ၏ ဆေးများကို တစ်ခါထိုးလျှင် ငွေတစ်ဆယ်ပေးကာ ငွေငါးဆယ်ဖိုးလောက် ကျွန်ုပ် ကိုယ်တိုင်အနာခံ၍ထိုး၏။ ပိုက်ဆံရမှန်းသိလေလေ ထိုဆရာမျိုးမှာဟိုဆေးပြီးလျှင်ဒီဆေးကိုအထိုးခိုင်းလေလေဖြစ်ရာ ကျွန်ုပ်နှင့် ဒေါ်ကျော့ရင်တို့မှာလည်း ဆရာနှင့်အလွမ်းသင့်ကြလျက် ဆေးတွင်တွင်ထိုး၍နေကြသောဘဝသို့ ရောက်ခဲ့ကြ၏။

ကျွန်ုပ် လိုမ့်နေမှန်းကိုမသိသော နတ်စက်ရောင် ဆရာသည် သူလိုမ့်တိုင်းလိမ့်လေပြီဟူသောအထင်ဖြင့် ကျွန်ုပ်အတွက် စပါယ်ရှယ်ဆေးတစ်မျိုးကို ထိုးဖို့တိုက်တွန်းပြန်၏။ " ဒီဆေးက ကျပ်တစ်ယောက်ပဲရှိတာ ဦးကံကောင်းရဲ့၊ ဆေးက ပါးပါးရှားရှား ခဲခဲယဉ်းယဉ်းနဲ့ ဟို ပုပ္ပါးတောင်ကလပ်မှာ သက်သတ်လွတ် ၉ နှစ် စလုံးစားပြီး ၉ ပါးသီလ စောင့်ခဲ့လို့ အထက်ဆရာကြီးများက ပေးတဲ့ဆေး၊ ဒီဆေးတန်ခိုးကတော့ အထူးပြောဖို့မလိုပါဘူးလေ၊ နောင်တော့ သိပါလိမ့်မယ်" ဟု ခပ်အုပ်အုပ် ဟန်လုပ်၍ပြော၏။ ဤသို့ ခပ်အုပ်အုပ်ဟန်လုပ်၍ ပြောနည်းမျိုးဖြင့် ကျွန်ုပ် ကိုယ်တိုင်ပင် လိုရာကို ရခဲ့ပြီးပေါင်းများလှပြီဖြစ်ရာ လူလိမ်မှန်းသိလျက်နှင့် ကျွန်ုပ်ကလေသံဖြင့် "ဟုတ်လား... ဆရာ ဒါဖြင့် ကျွန်တော့်ကို မ စပါဦး ဆရာရယ်၊ ဘယ်လောက်ပဲ ကုန်ရကုန်ရ"ဟု အင်မတိအင်မတန် လိုချင်ဟန် တိုးတိုးလျှိုးလျှိုး ပြောလိုက်၏။

ထိုအခါ ဆရာမောင်က "ဆေး တစ်စက်ကို ပြည်တစ်ဂဏ်တန်တယ်လို့ အဆိုရှိတာကပဲ ဦးကံကောင်းရဲ့၊ အဖိုးဖြတ်လို့တော့ မရနိုင်ဘူး။ နို့သော် ဦးကံကောင်းအတွက်ဆိုရင် ပွဲသုံးပွဲနဲ့ငွေ ၅ဂ ပဲ ကန်တော့ပါလေ" ဟု ဈေး ပြောလေသည်။ ဆေးဆရာယောင်တို့၏ ပွဲသုံးပွဲဆိုသည်မှာ နတ်ပွဲသုံးပွဲဖြစ်၍ ငှက်ပျောသီးအပြင် ငွေ ၅ ကျပ်လည်း တည့်ရသေးသောပွဲဖြစ်ပေသည်။ ကျွန်ုပ်၏ ရင်ထဲ၌ကား " ကြိတ်သာကြိတ်ဆရာ၊ ခင်ဗျားကျုပ်လိုရာ စခန်းကိုသာ ရောက်အောင် ပို့ပေတော့"ဟု ရယ်မိရင်း ပါးစပ်ကမူ "ဟာ... ကိစ္စမရှိပါဘူးဆရာ ဘယ်တော့ထိုးရမလဲ" ဟု မေးလိုက်၏။ ဆရာယောင်လည်း ပါးစပ်က ပေါက်ကရတွေကို ဗေဒင်တွက်ဟန်ဖြင့် ရွက်ကာ ပါးစပ်က ပေါက်ကရတွေကို ဗေဒင်တွက်ဟန်ဖြင့် ရွတ်ကာ "ဟာ... နက်ဖြန် လပြည့်နေ့ မဟုတ်လား၊ စနေလည်းစနေ၊ တကယ့်ရက်ကောင်းပဲ... နက်ဖြန်ပဲထိုးပေတော့"ဟု ပိုက်ဆံ မြန်မြန်ရအောင်ဆွယ်လေသည်။ ကျွန်ုပ်ကလည်း အားတက်သရောကြီးပင်ဟန်လုပ်၍ "ဟာ နေရာကျတာပဲ ဆရာ... အဲ ... နို့ နေပါဦး ဆရာ ဒီပွဲသုံးပွဲပေးရင် လူဘယ်နှစ်ယောက်ဆေးထိုးနိုင်သလဲ" ဟု စကားစဖော်ပေးလိုက်၏။

ထိုအခါ ချက်ကောင်း ကို စောင့်နေသော ဆရာနတ်စက်ရောင်က "ပွဲတစ်ခါပေးရင် ဘယ်နှစ်ယောက် ထိုးထိုး ဆေးစွမ်းပြတာပဲ။ ကိုင်း ဒီက သိမ်အစ်မကြီးကော ကြုံတုန်းကြုံခါမှာ ထိုးလိုက်ပါလား"ဟု ဒေါ်ကျော့ရင် ကို ဆွယ်၏။ မိန်းမသားစိတ်ဓာတ် ငွေတစ်ရာကုန်ရမည်ကို နမြောသော်လည်း သူများနှင့်ပူး၍ ငွေ ၉၉ ကျပ်ကုန်ရမည်ဆိုလျှင် နမြောတတ်သူများ မဟုတ်ရာ နတ်ပွဲသုံးပွဲအတွက် ငွေ ၁၅ ကျပ် သက်သာမည်ကိုသာ တွေး၍ ငွေ ၅ဂ ကုန်ရမည်ကို မနမြောပဲ ရှောရှောရှူရှူ သဘောတူလိုက်ပေသည်။

နောက်တစ်နေ့တွင် ဆေးထိုးကြ၏။ ဆေးထိုးပြီးလျှင် ဆေးကို သိဒ္ဓိတင်သောအားဖြင့် သိမ်ဂင်သပိတ်ကွဲကလေးကို လက်အုပ်ချီကန်တော့ကာ ငါးမိနစ်ခန့် အာရုံပြုရပေသည်။ ကျွန်ုပ်က ပထမထိုး၏။ ကျွန်ုပ် ဆေးထိုး

အပြီး၌ ဆေးသွေးထားသော သိမ်ဂင်သပိတ်ကွဲကလေး၌ ဆေးစဆေးနကျန်သည်ကို နတ်စက်ရောင်ဆရာ မျက်နှာလွှဲ၍ ဒေါ်ကျော့ရင်အား စကားဖောင်လောက်အောင် ဆေးစွမ်းကိုညွှန်နေစဉ် ကျွန်ုပ်သည် ဆေးကျောက်ပြင် သပိတ်ကွဲကလေးမှ ဆေးနှစ်များအတွင်းသို့ လက်၌ပုက်ယူခဲ့သော ကျွန်ုပ်၏ ကိုယ်ပိုင်ဆေးမှုန့်များကိုဖြူးလိုက်၏။ ကျွန်ုပ် ဆေးထိုးပြီးသောအခါ ဒေါ်ကျော့ရင် ဆေးဆက်၍ထိုးရပေမည်။

ထို့ နောက် ဟန်မပျက် လက်အုပ်ချီကာ နေလိုက်ရပေသည်။ ကျွန်ုပ် လျှို့ပုက်၍ ယူလာခဲ့သော ဆေးမှုန့်မှာကား ကျွန်ုပ် မော်လမြိုင်တွင် ဂျပန်ဗိုလ် ကီမူရာနှင့် အမှုထမ်းစဉ်ကရခဲ့သော ဆေးလုံးကလေးတစ်လုံးကို အမှုန့်ကြိတ်ထားခြင်းဖြစ်၏။ ထိုဆေးလုံးကို ကျွန်ုပ်အား ကီမူရာက "အဲဒီ ဆေးလုံးကလေးကိုတော့ အမြဲဆောင်ထားပေတော့ ကိုကံကောင်း...၊ မတော်တဆများ ရန်သူရဲ့လက်ထဲကို ရောက်သွားရင် ဒီဆေးလုံး ကလေးကိုသာမျိုလိုက်၊ တစ်မိနစ်ပဲခံတယ်။ ကိစ္စချောတာပဲ၊ ဟာရာကီရီထက်မြန်လို့ ကျွန်တော်တို့လဲ အမြဲဆောင်ထားရတယ်" ဟု ဆိုကာ ပေးခဲ့သော ဆေးလုံးပင်ဖြစ်၏။

နောက်တစ်နေ့နံနက်တွင် ဒေါ်ကျော့ရင်ဖျား၏။ နေ့လယ်ပိုင်း၌ မျက်ဖြူလန်၏။ ညနေပိုင်းတွင် အသက်ထွက်လေတော့သည်။ ဆရာယောင်ကား ကြက်ပျောက် ငှက်ပျောက် ပျောက်တော့၏။ နောက်ဆုံး၌ ဒေါ်ကျော့ရင်သည် ပေါရိသာဒဆေးအခံရှိလျက်နှင့် နတ်စက်ရောင်ဆေးကို ထိုးမိမှားသောကြောင့် ဆေးစောင့်နတ်ဘီလူးချင်း ရန်ဖြစ်ကာကိစ္စချောရသည်ဟု အရပ်ထဲ၌ ဟိုးဟိုးကျော်ကာ အသုဘကိစ္စကို ဆောင်ရွက်ကြရလေတော့သည်။ အင်း ... တစ်ယောက်ကား ချောပြန်ပေပြီ။ ဒေါ်ကျော့ရင်ကား တနင်းလာသမီး ဖြစ်၏။

ဤသို့ ကျေနပ်မိသည့်အခိုက် တစ်ထောင့်က ကိစ္စတစ်မျိုးပေါ်၍လာပြန်၏။ ဒေါ်ကျော့ရင်၏ အသုဘကို ပို့ဆောင်မည့်အခါ၌ မောင်ညိမ်းအောင်၏ဇနီးသည် အရေးပိုင်သမီးမှာ လိုက်ပို့မည့်ဟန်ပြင်ပြီးမှ အဒေါ်ကြီး များက "မဟုတ်တာကွယ် ... " ဟု ဆိုလျက် နားဂတွင် တီးတိုးကပ်၍ ပြောလိုက်သည်ကို တစေ့တစောင်း မြင်ရပေရာ ကျွန်ုပ်မှာ ရင်တစ်ညွန့်ကျိုးကာမှ တစ်ညွှန့်ပေါ်ပြန်လေပြီ... ဟုတွေးကာ ရယ်ချင်ငိုချင်ဖြစ်လာ၏။ ကျွန်ုပ်ထင်သည့်အတိုင်းပင် မကြာမီပင် မောင်ညိမ်းအောင်၏ ဇနီး၌ ကြို့လှန် ပျို့အန် နားထင်ဟောက် ဆံပင်ခြောက် ဟူသော လက္ခဏာတွေ ထင်ရှားလာပေတော့သည်။ အော် ... ဖြစ်ရပေလေ ...

**ဆက်ရန်**

## [တင့်တယ် ၏ ကမ္မဖလ အပိုင်း (၁၅)]

### အသန့်နှင့်ပြန်တွေ့ခြင်း

ဒေါ်ကျော့ရင် အနိစ္စရောက်သောလမှာ ၁၉၄၇ ခုနှစ် ဇန်နဂါရီလထဲ၌ ဖြစ်ပေရာ ထိုလ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း နှင့် အင်္ဂလိပ်နန်းရင်းဂန် အက်တလီတို့သည် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် စာချုပ်တစ်ရပ်ကို ဘီလပ်မှာ လက်မှတ်ရေးထိုးကြကြောင်း သတင်းများ ပါ၍လာပေသည်။ ထိုသတင်းများကို ဖတ်ရ၍

မြန်မာနိုင်ငံ လွတ်လပ်ရေးရတော့မည်ဟု အရိပ်အငွေ့မျှ သိသာလာသောအခါတွင် ဦးဒေါနသည် ကျွန်ုပ်နှင့် မောင်ညိမ်းအောင်တို့အား အတွင်းရေးကိုခေါ်၍ တိုင်ပင်လေတော့သည်။

ကုန်သည်လုပ်ငန်းနှင့် နိုင်ငံရေးသည် ဘာမျှမဆိုင်ဟု ဆိုစမှတ်ရှိသော်လည်း ကျွန်ုပ်တို့ကဲ့သို့ သိန်းနှင့်ချီ၍ အလုပ် လုပ်ကြသော ကုန်သည်ကြီးများအဖို့တွင် နိုင်ငံရေးအပြောင်းအလဲတို့သည် များစွာအရေးကြီး၏။ စကား တိုတို ဆိုရမည်ဆိုလျှင် ကုန်သွယ်ရေးအတွက်ပင် စစ်တွေတိုက်ကြရသည် မဟုတ်ပါလော။

ဦးဒေါနကား ကုန်သည်လုပ်ငန်းတွင် များစွာလာဘ်မြင်သူဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့အား အတွင်းကြိတ် ခေါ်၍ တိုင်ပင်ရာတွင် ဦးဒေါနက "တို့နိုင်ငံ လွတ်လပ်ရေးရလို့ရှိရင် သွင်းကုန်ထုတ်ကုန်တွေကို နိုင်ငံခြားသားတွေ ထက် တို့ဗမာတွေက ပိုပြီးတော့ လုပ်ဖို့ကိုင်ဖို့ အခွင့်အရေးတွေ ပိုလာလိမ့်မယ်ထင်တယ်။ အဲဒီ တော့ကာ တို့မှာ လက်ရှိသစ်လုပ်ငန်းနှင့် သတ္တုလုပ်ငန်းက ပိုပြီးနေတဲ့ငွေတွေကို ဘဏ်တိုးချထားတာထက် ရန်ကုန် မှာ အခြေ တစ်ခုခု သွားစိုက်ပြီးတော့ အလုပ်လုပ်ရင် ကောင်းလိမ့်မယ်ထင်တယ်။

ပြီးတော့ တစ်ခါ ယခု စစ်ပြီးခေတ် အစိုးရတွေဟာ ဘယ်နိုင်ငံမှာမဆို ဆိုရှယ်လစ်ဆန်တဲ့ အစိုးရတွေ များ နေလေတော့ တို့နိုင်ငံမှာလဲ အနေးနဲ့အမြန်ဆိုသလို ဆိုရှယ်လစ်ဆန်တဲ့စနစ်တွေကို သုံးလာလိမ့်မယ်ထင်တယ်။ ဆိုရှယ်လစ်စနစ်ဆန်ဆန် ဖြစ်လာရင် နိုင်ငံရဲ့သွင်းကုန်ထုတ်ကုန်တွေကို အစိုးရက ကြီးကြပ်လာလိမ့်မယ်။ ဒီတော့ကာ နိုင်ငံက အထွက်ဆုံးဖြစ်တဲ့ ဆန်စပါးကို အစိုးရကကိုင်ပြီး လာလိမ့်မယ်။ အစိုးရကကိုင်ရင် တို့က ကိုယ်စားလှယ် လုပ်ရရင် ကောင်းမယ်။ ပြီးတော့လဲ အခုတို့လုပ်နေတဲ့ သတ္တုတွင်းလုပ်ငန်းနဲ့ သစ်လုပ်ငန်းကို ဒီကနေ ပြီးတော့ ရန်ကုန်ကုမ္ပဏီကြီး တွေရဲ့ လက်ဝေစားခံနေမဲ့အစား နိုင်ငံခြားနဲ့ တိုက်ရိုက်ဆက်သွယ်အောင် အခု ကတည်းက ရန်ကုန်မှာ တို့တစ်နေရာအခြေစိုက်ထားရင် ကောင်းမယ်။ နိုင်ငံလွတ်လပ်ရေးရတယ်ဆိုရင် တို့လုပ်ငန်းကိုတိုးချဲ့နိုင်တဲ့အကွက်တွေ ပေါ်လာလိမ့်မယ်။ ဘယ်နယ့်သဘော ရကြသတုန်း"ဟု မေး၏။ ကျွန်ုပ်တို့အတွက် ထုတ်နိုင်သောငွေရင်းကိုလည်း စိစစ်ကြည့်ကြ၏။ နောက်ဆုံး၌ ရန်ကုန်တွင် ကျွန်ုပ်သွားနေ၍ ကုမ္ပဏီလီမိတက်တစ်ခုဖွင့်ကာ အခြေပျိုး၍ထားရန်၊ ဆန်စပါးကို နိုင်ငံအစိုးရက ကြီးကြပ်လုပ်ကိုင်သော အခါမျိုး ပေါ်ပေါက်လာပါက ကိုယ်စားလှယ်အဖြစ်ကိုရဖို့ ကြိုးစားရန်စသည်တို့ကို အသေးစိတ်စီစဉ်ကာ ကျွန်ုပ်အား ရန်ကုန်သို့ စေလွှတ်လိုက်ပေတော့သည်။

ကျွန်ုပ်၏အဖို့၌ ဤသို့ ဦးလေးဦးဒေါန ကိုယ်တိုင်က ယုံယုံမှတ်မှတ် စေလွှတ်ခြင်းကိုခံရသည်တွင် များစွာ ဝမ်းသာမိ၏။ သို့ရာတွင် အမှီနှင့်ဝေးကွာသော နေရာသို့ သွားရောက်နေထိုင်ရမည် ဖြစ်သောကြောင့် ဝမ်းသာ သလောက် စိတ်ကမပါပေ။ ကျွန်ုပ်ရပ်ဝေးသို့ ရောက်နေခိုက်တွင် အမှီအား အိမ်ထောင်ရက်သားချထားလိုက် ပါက ကျွန်ုပ်အဖို့တွင် မြော်လင့်ချက်ကြီးပျက်စီးရဦးမည်ကို စိုးမိ၏။ သို့ရာတွင် ကိုမြဖေ ဆုံးပြီးကတည်းက အမှီ ခမျာမှာ မိမိအား ကံကြမ္မာကရော်လိုက်ပုံကို ရှက်နေဟန်ဖြင့် ရိုးရိုးကုတ်ကုတ် ခပ်မြုပ်မြုပ် ကလေး နေတော့ လျက် အသက်အရွယ်မှာလည်း သုံးဆယ်သို့ နီးလေပြီဖြစ်ရာ ဃရာဂါသ အိမ်ထောင် ကိစ္စကို စိတ်မကူးတော့ သလိုပင် ရှိနေသောကြောင့် ကျွန်ုပ်တွင် အနည်းငယ် စိတ်ချရမလိုလို ရှိမိ၏။

ထို့ပြင် ဒေါ်ကျော့ရင်အနိစ္စရောက်သည်မှာ တစ်လမျှပင် မကြာသေးသောကြောင့် ပြုန်းပြင်းနောင်ပြင်း ချက်ခြင်းကြီး မင်္ဂလာကိစ္စကို ဆောင်ရွက်ဖို့မလွယ်သေးသည်ကိုလည်း သတိထားမိ၏။ တစ်ဖန် ဒေါ်ကျော့ရင် မရှိသည့်နောက် တစ်အိမ်ထောင်လုံးကို အမှီတစ်ယောက်တည်းသိမ်းကျုံး၍ ဦးစီးနေရပေရာ ဦးဒေါနမှာ သမီးအားနေရာချထားလိုက်ပါက အိမ် ထောင်ကြီးတစ်ခုလုံး ဖရိုဖရဲ ကျန်ရစ်မည် စိုးဟန်လည်းရ၏။ သို့ဖြစ်သဖြင့် ကျွန်ုပ်သည် ရန်ကုန်၌ အခြေစိုက်၍ လုပ်ငန်းချဲ့ထွင်ရန် ရောက်လာခဲ့ပြန်ပေသည်။

ရန်ကုန်၌ အလုပ်တိုက်ဖွင့်ရန် တိုက်ငှားခြင်း၊ သွင်းကုန်ထုတ်ကုန်များ၏ကိစ္စကို စုံစမ်းခြင်း စသည်တို့ဖြင့် အလုပ်များ၍ နေရာမှ ကျွန်ုပ်သည် ဆန်စပါးကိစ္စဘက်သို့ ဆက်၍ လိုက်မိသောအခါတွင် ငယ်ချစ်ခင် အသန့်ကို အပြေးအလွှား သတိရမိလေတော့သည်။

အသန့်နှင့် ကျွန်ုပ်တို့ ကွဲကွာခဲ့ရသည်မှာ ဆယ့်သုံးနှစ်ဆယ့်လေးနှစ်မျှ ရှိပေပြီ။ အသန့် မင်္ဂလာမဆောင်မီ ညဦး၌ ကျွန်ုပ်ထံသို့ ရောက်လာ၍ သူ့မေတ္တာကို တစ်စွန်းတစ်စဖွင့်ဟသွားသည့်နောက်၌ အသန့်နှင့် ကျွန်ုပ်တို့မှာ လုံးဝ အဆက်အဆံကင်းပြတ်သွားခဲ့၏။ အသန့်၏ မိဘများဖြစ်ကြသော ကျွန်ုပ်၏ ကျေးဇူးရှင် များထံမှ တစ်ဆင့်သာ လျှင် အသန့်ကို ရန်ကုန်၌ မာကြောင်းသာကြောင်းကို ကျွန်ုပ်သိရပေသည်။ ကျွန်ုပ်၏ ကျေးဇူးရှင် အထည်သည် လင်မယားတို့မှာ စစ်ကြီးဖြစ်စကပင် ပြေးရင်းလွှားရင်း ပျက်စီးကြရပေသည်။ ယခင်က စကားစပ်မရှိ၍ မဆိုခဲ့ရ၊ ယခု ဖော်ပြရ၏။ အသန့်ကားကျွန်ုပ်အား အကြီးအကျယ်စိတ်နာသွားသယောင်ရှိ၏။ သူ့မိဘများမရှိသည့်နောက် ကျွန်ုပ်မှာ အသန့်၏သတင်းကို လုံးဝမရတော့ဘဲ အဆက်ပြတ်၍သွား၏။

အသန့်ကို ကျွန်ုပ် အမြဲမဟုတ်သော်လည်း တစ်ခါတစ်ခါ၌ အသန့်မည်ကဲ့သို့နေပေလိမ့်မည်နည်းဟု တွေးတောကြည့်မိ၏။ သို့သော် မီးဂေးချိပ်မာ ဓမ္မတာအတိုင်း ရပ်ဂေးကမေ့တတ်သည်၊ မတတ်သေးက စေ့စပ်သည်" ဟု ဆိုရိုးရှိပေရာ ကျွန်ုပ်မှာ အသန့်အားတစ်ခါတစ်ခါမျှသာတွေးမိသည့်အပြင် ကျွန်ုပ်၏ ဘဝလမ်းစဉ်ကို ခုတ်ထွင်ရှင်းလင်းနေရသေည်လည်း ဖြစ်သောကြောင့် အမေ့မေ့ အလျော့လျော့ပင် ရှိမိပေသည်။ ယခုကဲ့သို့ ရန်ကုန်မြို့တွင် ကျွန်ုပ်ရောက်၍နေကာ ဆန်စပါးကိစ္စကို လိုက်စပြုသောအခါ၌ကား ဆန်စက်သုံးလုံးပိုင်သော အသန့်၏ ယောက္ခမကြီးများအကြောင်းကို သွား၍စဉ်းစားမိကာ အသန့်ကိုတွေ့ချင်သောစိတ်များ တဖွားဖွား ပေါ်ပေါက်လာရပြန်ပေသည်။ ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာပါပေ။

သို့သော် ကျွန်ုပ်မှာ ဖွင့်စအလုပ်တိုက်ကို တစ်ဦးတည်း ဦးစီးနေခိုက် ဖြစ်လေရာ နိုင်ငံခြားကုမ္ပဏီကြီးများနှင့် ဆက်သွယ်ခြင်း၊ ဆန်စပါး ပွဲစားများနှင့် ဆက်သွယ်စေ့စပ်ခြင်း၊ အလုပ်တိုက်အတွက် အသုံးပစ္စည်းဝယ်ခြမ်းခြင်း၊ စာရေးစာချီများ ရွေးချယ်ငှားရမ်းခြင်း စသည်တို့ဖြင့် လုံးချာလိုက်နေရသည့်အပြင် ဦးလေး ဦးဒေါနထံသို့လည်း ခုနစ်ရက် တစ်ပတ်တိုင်း အစီရင်ခံစာများပို့၍ နေရပြန်သောကြောင့် အလုပ်နှင့် ဂျင်ဂျင်လည်လျက် အသန့်တို့၏ သတင်းကိုသာနာရပြီး အသန့်တို့ထံသို့ကား ကိုယ်တိုင်ကိုယ်ကျ မသွားနိုင်အားပဲရှိခဲ့ပေသည်။

အသန့်၏ ယောက္ခမများသည် စစ်အတွင်းက ဗုံးဒဏ်မိသဖြင့် ပျက်စီးကြရသည်ဟု သိရ၏။ အသန့်နှင့် အသန့်၏ ခင်ပွန်း ဦးစိန်မောင်တို့သည် ခနောင်တိုရှိ မိမိတို့ပိုင်စက်ဝင်းကြီးအတွင်းကတိုက်အိမ်တွင် နေထိုင်လျက် ရှိကြ

သည်ကိုလည်း သိရ၏။ အသန့်တွင် သားသမီး မထွန်းကားသေးကြောင်းကိုလည်း သိရ၏။ အသန့်တို့ထံသို့ သွားမည်ဟု အားခဲတိုင်း အလုပ်အမျိုးမျိုး ပေါ်လာသောကြောင့် သွားပဲမသွားဖြစ်နိုင်ခဲ့ အောင်ရှိရ၏။

သို့နေခိုက်တွင် တစ်နေ့၌ ညနေပိုင်း အလုပ်အနည်းငယ်ပါးသဖြင့် အလုပ်တိုက်ပိတ်ချိန်တွင် အသန့်ရှိရာသို့ မသွားဖြစ်လျှင် သွားဖြစ်အောင် သွားတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်၏။ ထို့ကြောင့် အလုပ်တိုက်ကို တိုက်စောင့်ဒရဝမ်က သော့ခတ်၍ ပိတ်အပြီးတွင် ကျွန်ုပ်လည်း အလုပ်တိုက်အပေါ်ထပ်ရှိ ကျွန်ုပ်နေထိုင်ရာ အခန်းသို့ တက်ကာ အဝတ်အစား လဲလှယ်ပြီးလျှင် လှေကားမှ ဆင်းလာခဲ့၏။ လှေကားမှဆင်း၍ တိုက်ပြင်ဘက်သို့ ရောက်သည့်အခါ၌ ကျွန်ုပ်၏အလုပ်တိုက်ရှေ့တွင် လံခြားတစ်စင်းထိုး၍ဆိုက်ကာ လံခြားပေါ်မှ ပိန်ပိန်ပါးပါး အသားဖြူဖြူ မိန်းမတစ်ယောက် ဇင်းမယ်လုံချည်ကိုဝတ်လျက် ဆင်းလာသည်ကို မြင်ရလေရာ ကျွန်ုပ်လည်း အမှတ်မထင် ကြည့်ပြီးနောက် အသန့်တို့ရှိရာ ခနောင်တိုဘက်သို့ နေမဝင်ခင် ရောက်လိုသောဇောဖြင့် ခြေလှမ်းပြင်လိုက်ရ၏။ သို့ပြင်၍ ခြေလှမ်းလှမ်းစပြုသည့် အခိုက်အတန့်တွင် "တစ်ဆိတ်ရှင်" ဟု နောက်က ပြောလိုက်သောအသံကို ကြားရသောကြောင့် လှည့်၍ ကြည့်လိုက်ရာ မျက်မှန်နှင့် ပိန်ပိန်ပါးပါးမိန်းမသည် ကျွန်ုပ်ဆီသို့ လျှောက်လာသည်ကို တွေ့ရသဖြင့် ကိုယ်ရှိန်သတ်၍ ရပ်နေလိုက်ရသည်၌ ထိုမိန်းမက " ရှင် ... ဒီတိုက်မှာ နေပါသလားရှင် ... " ဟု ကျွန်ုပ်အားမေးလိုက်၏။

ကျွန်ုပ်လည်း " ဟုတ်ကဲ့ ... ဘာကိစ္စရှိလို့ပါလဲခင်ဗျာ ... " ဟု ဆိုလိုက်ကာရှိသေး ထိုမိန်းမမှာ တစ်ကိုယ်လုံး သိသိသာသာ တုန်တုန်ရီရီ ဖြစ်လာပြီးလျှင် "အကိုကံကောင်း အသန့်လေ ... အသန့်ကို မမှတ်မိတော့ဘူးလား"ဟု ငိုသံပါကြီးနှင့် ပြောလိုက်သဖြင့် ကျွန်ုပ်တွင် "ဟိုက် ... "ခနဲ ပါးစပ်ကယောင်၍ ဆိုမိလျက် မှင်သက်မိသူပမာ အံ့သြခြင်းပြင်းစွာ ဖြစ်၍နေရ၏။

ထို့ကြောင့် ငေးငေးကြီးကြောင်၍ ကြည့်နေမိ၏။ ထိုအခါတွင် မျက်မှန်နှင့်ထိုမိန်းမက "အစ်ကိုကံကောင်းကတော့ အသန့်ကို ဘယ်မှာ မှတ်မိတော့မလဲလေ၊ အသန့်ကပြောင်းသွားပြီကိုး၊ အစ်ကိုကံကောင်းလဲ ရုပ်အတော်ပြောင်းသွားတယ်၊ နို့ပေမဲ့ ရွှေသွားကလေးရယ်၊ အသံရယ်ကတော့ မှတ်မိပါသေးရဲ့" ဟု ထပ်၍ဆိုလိုက်မှ ကျွန်ုပ်မှာ သတိပြန်၍လည်လာကာ "ဟာ ... အသန့် အသန့် ... အခုပဲ အကိုကံကောင်း အသန့် တို့ ခနောင်တိုဘက်ကို ကူးလာမလို့ ဆင်းလာတာ၊ ကြည့်စမ်း ... ကြည့်စမ်း ... အသန့် ပိန်သွားလိုက်တာကွယ်၊ မျက်မှန်ကလဲ တပ်ထားတော့ မမှတ်မိဘူး ...၊ ဘုရားစူးစေရဲ့၊ အစ်ကိုကံကောင်း မမှတ်မိဘူး" ဟု ဗလုံးဗထွေးပြောမိရင်း အသန့်အား ပြေး၍ဖက်ကာ ငိုလိုက်ချင်သလိုလို ဘာလိုလိုကြီးပင် ဖြစ်မိပေတော့သည်။ အသန့်ခမျာကိုယ်တိုင်မှာလည်း မျက်ရည်များဝိုင်းလျက် ချင်းခြင်းပင် ငို၍ချလိုက် တော့မည်ပမာ ဖြစ်နေရှာပေသည်။ ပြီးမှ ကျွန်ုပ်က သတိကိုထိန်း၍ " ကိုင်း ... လာ ... လာ အစ် ကိုကံကောင်းရဲ့ အခန်းကိုသွားကြစို့ စကားအေးအေးဆေးဆေး ပြောကြရအောင်"ဟု ဆိုကာ လှေကားမှ ရှေ့ဆောင်၍ တက်ခဲ့ရပေတော့သည်။

ကျွန်ုပ်၏အခန်းတွင် နစ်ယောက်သား ထိုင်မိကြသည်၌ "ကိုင်း ပြောစမ်းပါဦး အသန့်ရယ် ... ဘယ်လိုက ဘယ်လို"ဟု စကားစပေးလိုက်သည်၌ အသန့်လည်းမျက်မှန်ကိုချွတ်၍ မျက်လုံးကိုပွတ်ရာက "မနေ့ကစပါးပွဲစား

တွေ စက်ကိုလာကြတော့မှ အစ်ကိုကံကောင်းက အသန့်နဲ့ကိုစိန်မောင်ကို မေးတယ်ဆိုတာကို ပြောပြကြလို့ အစ်ကိုကံကောင်း ရန်ကုန်မှာရောက်နေတယ်ဆိုတာကို သိကြရတယ်။ ရန်ကုန်ကိုရောက်နေတာ ဒါလောက်ကြာမှဖြင့် လူကိုယ်တိုင်မလာနိုင်တောင် စာကလေးတစ်စောင်တော့ပေးဖို့သင့်ပါတယ် အစ်ကိုကံကောင်းရယ် ." ဟု အသံကလေးမျှင်မျှင်နှင့် အပြစ်တင်သလို စကားဦးချီလိုက်ပြီးနောက် လွန်ခဲ့သော ဆယ့်သုံးလေးနှစ် အတွင်းတွင် ရန်ကုန်တစ်လှည့် ခနောင်တိုတစ်လှည့် နေထိုင်ခဲ့ရပုံများကို ပြောပြရှာပါသည်။ သူ့စကားကို နိဂုံးချုပ်သောအားဖြင့် အသန့်ကအစ်ကိုကံကောင်းကို အမြဲသတင်းမေးလျှက်ပါပဲ အစ်ကိုကံကောင်းရယ်၊ စစ်အတွင်း ဗယောက်ဗယက်တွေကြားထဲမှာ မေမေတို့ဆုံးတုန်းက အသန့်လိုက်သွားတော့လည်း အစ်ကိုကံကောင်း အကြောင်းကို စုံစမ်းပါသေးတယ်။

နို့ပေမဲ့ မော်လမြိုင်မှာလိုလို ကျိုက်ခ္မီမှာလိုလိုနဲ့သာ ကြားရပြီး ဘယ်မှာမှန်း အတိအကျ မသိရလို့ အဝေးကပဲ သတင်းမေးနေခဲ့တယ်။ အစ်ကိုကံကောင်းကတော့ ဒီရန်ကုန်ကို တက်လာတာ သုံးလေးလ ရှိပြီဆို အသန့်တို့ဆီ စာတောင်မှမထည့်တာများ အံ့ပါရဲ့ရှင် " ဟု အပြစ်တင်သံနှင့်ပင် အဆုံးသတ်၏။

ဤတွင် ကျွန်ုပ်ကလည်း ကျွန်ုပ်နှင့် ဦးဒေါနတို့ ပြန်၍ ချဉ်းမိကြပုံများကို ပြောပြရာက နောက်ဆုံးတွင် " အသန့်က အစ်ကိုကံကောင်း စာမထည့်တာကိုတော့ ပြောလိုက်တာ။ အစ်ကို ကံကောင်းက အသန့်တို့ ခနောင်တိုမှာ ရှိတယ်ဆိုတာကို အရင် ဆယ့်သုံးလေးရက်ကမှ သိရတယ်၊ သိရလို့ စာထည့်မယ်ကြံပေမဲ့ကာ လူကိုယ်တိုင် သွားမယ်သွားမယ်နဲ့ ချိန်ရင်း အလုပ်တွေက ဖိနေလို့ ဒီကနေ့မှ အားချိန်ကလေးရပြီး ခနောင်တိုကို လာမယ်လို့ အထွက်မှာ အသန့်နဲ့တွေ့ရတာ ... ကိုင်း ... ထားပါတော့၊ စစ်အတွင်းကတော့ ခေတ် ဗယောက်ဗယက်မို့ ထားလိုက်ပါတော့၊ စစ်မဖြစ်ခင် ဆယ်နှစ်လောက်အတွင်းမှာ အသန့်ဆီက အစ်ကိုကံကောင်းဆီကို စာကလေး တစ်ကြောင်း ရေးဖူးရဲ့လား ... ဟင် ပြောစမ်းပါဦး ... အဲဒီအဖြစ်ကို ... " ဟု ပြန် မေးလိုက်ရာ အသန့်သည် ကျွန်ုပ်အား မျက်စောင်းတစ်ချက်ခဲလိုက်ပြီးမှ "တော်ပါအစ်ကိုကံကောင်းရယ် ... ဒါတွေကို အသန့် စမြုံ့မပြန်ပါရစေနဲ့တော့ ... နို့ ... နေပါဦး သူဌေးကတော်များကော ... ဘယ်မှာလဲ "ဟု စကားလွှဲလိုက်သည်၌ ကျွန်ုပ်လည်း တစ်ချက်ရယ်မိတာ "အစ်ကို ကံကောင်း ခုထက်ထိ အိမ်ထောင် မရှိသေးပါဘူး ... နို့ ... ကိုင်း စက်ပိုင်ကတော်ကြီးကော တစ်ယောက်တည်းလား စက်ပိုင်ရှင်ကြီးကော မပါလာဘူးလား "ဟု ရယ်စရာ လုပ်လိုက်ရ၏။

သို့သော် အသန့်မှာ ကျွန်ုပ် ရယ်စရာ လုပ်လိုက်ကာ မှပင် တစ်ချက်မျှ တွေ၍ မျက်နှာကလေးနှင့် ဖြစ်သွားရာက "ပါတယ်လေ ဒီနေ့ ရန်ကုန်ကိုကူးခဲ့ကြတော့ အတူတူပါပဲ၊ ချာချီလမ်းက အသိတွေအိမ်မှာ ခဏနေပြီးတော့ ညနေ နေကလေးစောင်းတယ်ဆိုရင်ပဲ အပြင်ခဏသွားဦးမယ်ဆိုပြီး ထွက်သွားလိုက်တာ ခုနေဆိုရင် တာဟှာ ဟော်တယ်ကို ရောက်နေရောပေ့ါ၊ ဒီကအပြန်မှပဲ ဟော်တယ်ကိုဝင်ပြီး မေးရတော့မယ်" ဟု စိတ်မချမ်းမြေ့သော အသံဖြင့်ပြောရှာ၏။

ထိုစကားကိုထောက်လျှင် အသန့်၏ခင်ပွန်း ဦးစိန်မောင်မှာ ယစ်ထုတ်ကြီး ဖြစ်နေသည်ကို ကျွန်ုပ် ရိပ်မိရပေသည်။ လင်ယောကျ်ားက ယစ်ထုတ်ကြီးဖြစ်နေသောကြောင့် ဇနီးဖြစ်သူ အသန့်ခမျာမှာလည်း လင်ဆိုး

မယား တဖားဖားဟူသည်နှင့် အညီ အတော်ပင် ကသီလင်တနိုင်၍ နေရရှာသည့်အဖြစ်ကို သတိထား မိ၏။ စိတ်မချမ်းသာ မှုတို့ကြောင့် ယခင်က ဂဂကစ်ကစ် ချစ်စရာ တစ်ပွေ့တစ်ခဲကြီး ဖြစ်ခဲ့သူ အသန့်မှာ ယခုအခါ တွင် ငါးဖောင်ရိုးခြောက်ပမာ ပိန်ပိန်ပါးပါး အသက်နေ ပါးလျား၍ နေပေပြီ။

သူ့ဖြစ်အင်ကိုကြည့်ရင်း မချမ်းသာသောစိတ်နှင့် ကျွန်ုပ်က "အသန့် ဘယ်တုန်းကများ မျက်စေ့တွေဘာတွေ မှုန်တာလဲ၊ အခု မျက်မှန်များတောင် တပ်ရပြီနော် " ဟု ကြင်နာစွာ မေးလိုက်ရာ အသန့်လည်း မျက်မှန်ကို ချွတ်၍ မျက်လုံးထောင့်များကို ပွတ်ရာက " ဟိုတမြန်နှစ်က ... အသန့် အတော်ကြီးကို မမာ လိုက် သေးတယ်၊ စစ်ကလဲပြီးစ ဆေးဝါးကလဲရှားနဲ့ သုံးလေးလလောက်တောင် ချိသွားသေးတယ် အစ်ကိုကံကောင်း၊ မသေ လို့သာတွေ့ကြရတယ်၊ ဆံပင်တွေကျွတ် ... ဦးရေခွံတွေလည်း အပူတွေမှုတ်လိုက်တာဟာ နောက်ဆုံးကျတော့ လူက ထူထူထောင်ထောင် ဖြစ်လာပေမည့် မျက်စေ့မှုန်တာကြီး အဖတ်တင်ပြီးကျန်ရစ်ခဲ့ရတယ် ဟု ဆိုပါသည်။

ကျွန်ုပ်လည်း ကျွန်ုပ်၏ အချစ်ဦး အချစ်ဖူး အဖြစ်ဖြင့် မြတ်နိုးမိခဲ့ဖူးသူ အသန့်၏ဖြစ်အင်ကို နာကျင်သော စိတ်နှလုံးဖြင့် ကြည့်ကာ ငေး၍နေမိပေသည်။ နောက်မှ စကားစပ်မိကြရင်း အသန့်က"အသန့် မေးစမ်းပါရစေဦး အစ်ကိုကံကောင်းရဲ့ ...၊ အခု အစ်ကိုကံကောင်းရဲ့ ဆွေတွေမျိုးတွေနဲ့ ပြန်ပြီး နီးနီးစပ်စပ် ရှိကြပြီဆိုတော့ ဘယ့်နှယ်လဲ ... တော်တော်ပဲ ခင်ခင် မင်မင် ရှိကြရဲ့လား ... " ဟု မေးလိုက်ရာ ကျွန်ုပ်က " တော်ကြပါတယ် ... မတော်ရင်လဲ မဖြစ်တော့ဘဲကိုး အသန့်ရဲ့ ... ၊ အစ်ကို ကံကောင်းရဲ့ ကျေးဇူးတွေကလဲ သူတို့ အပေါ်မှာ တစ်ပုံ တစ်ပင်ကြီးရှိ ...၊ ပြီးတော့လဲ အရွယ်ကလဲ ငယ်သွေး ငယ်မာန်တွေ ထားသင့်တဲ့ အရွယ်တွေကလည်း ဟုတ်မှ မဟုတ်တော့ဘဲ၊ အစ်ကို ကံကောင်းနဲ့ ရွယ်တူ ဦးဒေါနရဲ့သား မောင်ညိမ်းအောင်ဆိုတာကဖြင့် အခု အိမ်ထောင် တွေ ဘာတွေနဲ့ ဖြစ်နေပြီလေ၊ ဖျာပုံက အရေးပိုင်သမီးနဲ့ လက်ထပ်လိုက်တာ ခြောက်လလောက် ရှိသွားပြီ ထင်ပဲ့ "ဟု ဆိုလိုက်သည်၌ အသန့်လည်း တစ်စုံတစ်ခုကို သတိရဟန်ဖြင့် " နေဦး ... နေဦး၊ ဟာ ... ဟုတ်ပါ့ဘိ ... အရင်နှစ် ဒီဇင်ဘာလထဲက လက်ထပ်ကြတာ မဟုတ်လား၊ ဟာ ... အခုမှ အသန့်သိရတယ်။ အိမ်ကိုတောင် ဖိတ်စာရောက်သေးတယ်...၊ အသန့်က အမှတ်တမဲ့မို့ ကိုစိန်မောင်တောင် ဒီဖိတ်စာထဲက သတို့သမီး၊ တို့နဲ့ ဆွေတစ်စ မျိုးတစ်စ တော်တယ်လို့ တောင်ပြောဖူးသေးတယ်။ အမယ်လေး ... လက်စသတ်တော့ အသန့် နဲ့ အစ်ကို ကံကောင်းနဲ့ ဆွေမျိုး ဆက် မိနေပြန်ပါပကော" ဟု ပြောပြောဆိုဆို ပြုံးရှာပါသည်။

ကျွန်ုပ်လည်း ရောနှော၍ ပြုံးရပြီးလျှင် " ကဲ ... ကြုံ တုန်းကြုံခါကို မဂိုလမ်းမှာ အသန့်ကို ဒံပေါက် ကျွေးလိုက် စမ်းပါရစေ၊ လာ ... အသန့် ဆာလှရော့မယ် သွား ကြစို့၊ ပြီးတော့ အသန့် နဲ့တူတူ ကိုစိန်မောင်ကိုလဲ လိုက်ပြီး တွေ့ချင်သေးတယ်... "ဟု ဆိုရ၏။ အချိန်မှာ မှောင်စပြုလာပြီဖြစ်ပေသည်။

## တင့်တယ် ၏ ကမ္ဘဖလ အပိုင်း (၁၆)

### သူတို့သုံးဦး

ကျွန်ုပ်၏ သေရေးရှင်ရေးဖြစ်သော ကြိုးဒဏ်မှ သက်ညှာစွာ အခြားဒဏ်ကို ပြောင်းလဲပေးပါရန် သမ္မတကြီး ထံသို့ တင်သွင်းသည့် အသနားခံစာကို ပြည်ထဲရေးဝန်ကြီးက ယနေ့ မှတ်ချက်ရေးသားတော့မည့်နေ့ ဖြစ်ပေရာ ယနေ့သည် ကျွန်ုပ်၏ ကံကြမ္မာကို ဖန်တီးတော့မည့်နေ့ဖြစ်၏။ ပြည်ထဲရေးဝန်ကြီးက သက်ညှာစွာစဉ်းစားဖို့ မှတ်ချက်ရေးပါက ကျွန်ုပ်မှာ တစ်သက်တစ်ကျွန်းဒဏ်ကိုခံရမည်။ သက်ညှာစွာ စဉ်းစားဖို့မလိုဟု မှတ်ချက် ရေးပါက ကျွန်ုပ်မှာ ခုနစ်ရက်အတွင်းတွင် ကြိုးစင်၌ ဘဝကူးရပေတော့မည်။ သို့ဖြစ်ရာ ယနေ့ စိတ်၌ အထူးပင် တုန်လှုပ်နေမိ၏။ တုန်လှုပ်နေသော်လည်း မနေသာပေ။ ကံတရားက ကျွန်ုပ်အား သရော်ထားသည်ကို လက်တုံ့ ပြန်၍ ဤမှတ်တမ်းကို မဆုံးလျှင် ဆုံးအောင်ရေးကာ ကံကြမ္မာကို အပြန်တစ်ရာ သရော်ခဲ့လိုပေသေးသည်။ သို့တိုင်အောင် လုံးစေ့ပတ်စေ့ကားရေးချိန်မရတော့။ ကသုတ်ကယက်ပင်ရေးရပေတော့မည်။ အသန့်နှင့် ကျွန်ုပ်တို့ တွေ့ဆုံကြပြီးသည့်နောက် ခြောက်လခန့် ကြာသွားသည်၌ ကျွန်ုပ်မှာ ရန်ကုန်တွင် အခြေစိုက်မိပြီး မောင်ညိမ်းအောင်၏ဇနီး အရေးပိုင်သမီးတွင်လည်း သားယောက်ျားကလေး ဖွားမြင်သည်ဟု ကြားသိရ၏။ ထို့အပြင် ကလေးမှာ လေဆန်နာပါ၍လာသောကြောင့် ရန်ကုန်သို့ ဆေးကုလာကြမည် ဟုသိရ၏။ မြန်မာ့လွတ် လပ်ရေးကို ကြေညာမည်ဖြစ်သော ၁၉၄၈ ခုနှစ် ဇန်နဝါရီလသို့ ရောက်အံ့ဆဲဆဲကလေး၌ ရန်ကုန် ကျွန်ုပ်၏ အလုပ်တိုက် အပေါ်ထပ်တွင် မင်းပေါင်း စုံလေတော့သည်။ ဦးဒေါနှ၊ မောင်ညိမ်းအောင် ဇနီးနှင့်ကလေး၊ အမို တို့ တစ်စုသည် နေရင်းဇာတိမြို့မှ ရန်ကုန်သို့ ကလေးကိုလည်း ဆေးကုရင်း လွတ်လပ်ရေးအောင်ပွဲကိုလည်း ကြည့်ရင်း ရောက်လာကြ၏။ မန္တလေးမှ နိုင်ငံရေး ခေါင်းဆောင် ဂိုဏ်းချုပ် ဆရာတော်ကြီး တစ်ပါးနှင့်အတူ ကြွလာသော ဆရာတော် ဦးဩဘာလည်း သရက်တောကျောင်းတိုက်တွင် ရောက်လျက်ရှိ၏။ ဤ အချိန်သို့ မတိုင်မီ ခြောက်လအတွင်း၌ ကျွန်ုပ်နှင့် အသန့်တို့လင်မယား ဆက်ဆံပုံမှာလည်း ပိုမို ရင်းနှီးလာခဲ့ပေသည်။ မည်မျှအထိ ရင်းနှီးခဲ့သည် ဟူမူကား အသန့်၏ခင်ပွန်း ဦးစိန်မောင်သည် လက်စသတ်၌ မိဘချမ်းသာသော အရှိန်ဖြင့် ကောလိပ်ကျောင်းသားဘဝကပင် အတော် တေခဲ့ ပေခဲ့ပေရာ မိဘများ အနိစ္စ ရောက်ကြသောအခါ၌ ကိုယ့်မင်း ကိုယ့်ချင်း၊ ကိုယ့်မြင်းကိုယ်စိုင်း၍ စစ်ကိုင်းသို့ရောက်နေသူ ဖြစ်သည်ကို ကျွန်ုပ် အစင်းသား သိရပြီး ဖြစ်၏။ အရက်သောက်လိုက်သည်မှာလည်း ဂီဒေါ်၍ ပေတော့သည်။

ခြောက်လခန့် ကျွန်ုပ်နှင့် တွေ့ဆုံပေါင်းသင်းခဲ့ရာ၌ ၄၈ ခုနှစ်ဦးအစသို့ ရောက်ခဲ့သောအခါ ဦးစိန်မောင် စက်သုံး လုံး အနက် ၂ လုံးမှာ ကျွန်ုပ်၏ လက်တွင်းသို့ ရောင်းပေါင်သဘောမျိုး ရောက်၍လာခဲ့ပြီးလျှင် စပါးဝယ်ရန် စပါးဖိုးတို့ကိုလည်း ကျွန်ုပ်ကပင် ထုတ်ပေးထား၍ ဆန်အိတ်များအဖြစ်ဖြင့် ပြန်လည်ပေးဆပ်ရန် စာချုပ်ချုပ် ထားရ၏။ ငွေလည်းနိုင်၊ အလုပ်၌လည်း လာဘ်မြင်စပြုသော ကျွန်ုပ်သည် ဆန်စပါးကိစ္စကို ဖိ၍လုပ်မည်ကြံပါက လက်ထဲ၌ ဆန်စက်များ ကိုယ်ပိုင်ရှိနေမှ အစိုးရ ကိုယ်စားလှယ်လုပ်ရာတွင် လွယ်ကူမည်ဟု တွက်ချက်ကာ ဦးစိန်မောင်အားငွေမျှောထားခြင်းဖြစ်၏။ သို့သော် "စကားကို သာစေ... စာချုပ်ကို နာစေ" ဟူသော ငွေရှင် ကြေးရှင်တို့၏ ဆောင်ပုဒ်အတိုင်း ဦးစိန်မောင်၏အပေါ်၌ တကယ်ပင် ကြပ်တည်းသော ခေါင်းပုံဖြတ်စာချုပ် များကို ချုပ်ဆိုထားခဲ့၏။ သို့တိုင်အောင် ဦးစိန်မောင်အား ယခုကဲ့သို့ စပါးဝယ်ဖို့ ငွေလုံး ကြေးလုံး ထုတ်ပေးထား ခြင်းမှာ စင်စစ်၌ ဦးစိန်မောင်ကို မေတ္တာရှိလှ၍ကား မဟုတ်။ အသန့်အား ညှာတာသောကြောင့်ပင် ဖြစ်ပေသည်။

ယင်းသည်ကား ယခု ၄၈ ခုနှစ် ဇန်နဝါရီလဦးက အခြေအနေပင် ဖြစ်၏။ မြန်မာ့လွတ်လပ်ရေး ကြေညာ၍ အောင်ပွဲကြီးပြီးသောအခါတွင် ကျွန်ုပ်သည် ဦးဒေါနတို့အား ရန်ကုန် အနောက်ပိုင်း၌ တိုက်တစ်လုံး သီးသန့် ငှား၍ပေးရ၏။ အကြောင်းမှာမူ ကျွန်ုပ်၏ တိုက်အထပ်မှာ သူတို့ မိသားတစ်စု နေထိုင်ရန် လုံလောက်အောင် အကျယ်ဝန်းလှပေ။ ထို့ပြင် မောင်ညိမ်းအောင်၏ ကလေးမှာလေဆန်နာဖြင့် တကျည်ကျည်တကျာကျာငိုလှ သောကြောင့် မောင်ညိမ်းအောင်တို့ကလည်း အားနာကြလေသည်။ ဇန်နဝါရီလ ၆ ရက်နေ့၌ သူတို့မိသားတစ်စု တိုက်သစ်သို့ ပြောင်းရွှေ့သွားကြ၏။

ကျွန်ုပ်ကား နေ့ပိုင်းတွင် ပျိုးလက်စအရှိန် ရ၍လာပြီဖြစ်သော လုပ်ငန်းများကို တွင်တွင်ကြီးလုပ်လျက် ညနေပိုင်း တွင်ကား ဦးဒေါနတို့၏တိုက်တွင်သာ အချိန်ကုန်ကာ ည ၁၀ နာရီခန့်ကျမှ ကျွန်ုပ်၏ တိုက်ခန်းသို့ ပြန်လေ့ရှိ၏။ ယခင်က ကုလားဟော်တယ်ဆိုင်တစ်ခုမှ ထမင်းချိုင့်ဖြင့် ထမင်းပို့သည်ကို လပေးပေးကာ စားသောက်နေခဲ့ သော်လည်း ယခုမူ ကျွန်ုပ်၏ ချစ်သက်ခဲဖြစ်သော အမှီ၏လက်ရာကလေးများကို မြိန်ရှက်စွာ စားသောက် နေရပြန်ပေပြီ။ အမှီတို့အား ရွှေတိဂုံဘုရား၊ ဆူးလေဘုရား၊ ငါးထပ်ကြီး၊ ကျိုက်ပိုင်းစသည့် တန်ခိုးကြီးဘုရားများ သို့ လိုက်၍ပို့ရသည်မှာလည်း ကျေနပ်မဆုံး တပြုံးပြုံးပင်။

ထိုသို့ ရှိရသည်ကတည်းကပင် ကျွန်ုပ်သည် ဘဂအဓိပဋ္ဌာန် လက်စားချေရန် အချက်ကြီးကို တစ်ရံတစ်ဆစ်မျှ မမေ့မလျော့ခဲ့။ ထို့ကြောင့် ဤအချိန် ဤကာလတွင် ရပ်ဝေးမှ အဆင်သင့် ကံပင့်သဖြင့် ရန်ကုန်သို့ ရောက်နေ သော ဆရာတော် ဦးသြဘာကို မြန်မြန်ပျံတော်မူအောင် အသို့ ကြံရပါမည်နည်းဟု ဉာဏ်နီထုတ်ရပြန်၏။ ဉာဏ်နီထုတ်သောအခါတွင် လိုလျှင် ကြံဆနည်းလမ်းရဟူသည့်အတိုင်း အကြံပေါ်၍လာရပြန်ပေသည်။ တစ်နေ့တွင် ရန်ကုန်မှ ဘုရားတွေကို စုံစုံလင်လင် ဖူးရပြီး ဖြစ်သဖြင့် ကျွန်ုပ်သည် အမှီတို့ အိမ်သားတစ်စု အား ပဲခူးရွှေမော်ဓောသို့ လိုက်၍ပို့၏။ သို့အပို့တွင် မန္တလေးသို့ ပြန်တော့အံ့ဆဲဆဲဖြစ်သော ဆရာတော် ဦးသြဘာ လည်း ပါ၍လာပေသည်။ ပဲခူးသို့ ရောက်ကြသောအခါ၌ ရွှေမော်ဓောဘုရားကိုဖူး၍ တစ်နေ့လုံး နေကြရာတွင် ဆရာတော် ဦးသြဘာသည် ဘုရား၌ဂတ်ပြုနေသော ကပ္ပိယအဘိုးကြီးတစ်ယောက်နှင့် စကားဆက်ရ၍ ထိုအဘိုးကြီးက ရှေးပေစာတစ်ထုပ်ကို ဆရာတော်အားပြ၏။ ထိုပေစာထုပ်မှာ အတော်ပင်နွမ်းလျက် ရှေးဆေး စာများ ဖြစ်နေသည်တွင် ဆရာတော် ဦးသြဘာကား ဝမ်းသာ၍မဆုံးတော့ပေ။

ပေစာထုပ်ယူလာသော ကပ္ပိယအဘိုးကြီးအား ကျွန်ုပ်ကငွေငါးကျပ် ပေးလိုက်ပြီးလျှင် ပေစာထုပ်ကို ဆရာတော် ဦးသြဘာအား ပေးရန် တောင်းပန်ရ၏။ အဘိုးကြီး ဝမ်းသာ၍မဆုံးသလို ဆရာတော် ဦးသြဘာ ကလည်း ကျွန်ုပ် အား ချီးမွမ်း၍ မပြီးနိုင်ပေ။ " တယ်ပြီး သဒ္ဓါ တရား ထက်ပေကွာ" ဟု ပေစာထုပ်ကို တကိုင်ကိုင် နှင့် ကျေကျေ နပ်နပ်ကြီး မိန့်၏။ တဖြည်းဖြည်းနှင့် စကားပြောရာက ဆရာတော် ဦးသြဘာမှာ မြိုင်နံ့သာ ဦးကုဏ္ဍလတို့ကို အားကျလျက် ဆေးစာ အမျိုးမျိုးကို စုဆောင်းနေသည့်အပြင် အာယုဂပုနဆေးများကိုလည်း အကြီးအကျယ် လိုက်စားနေသော ဆရာတော်ဖြစ်သည်ကို သိရ၏။

ဆရာတော်များမှာ ဤသို့သော ကိုယ်ပိုင်လုပ်ငန်းကလေးတွေရှိတတ်ကြသည်ကို ကျွန်ုပ် ဘုန်းကြီး ကျောင်းသား ဘဝကပင်သိရှိခဲ့ပြီးဖြစ်ရာ ဆရာတော်နှင့်ကျွန်ုပ်တို့ အချိုးတဲ့ကြဖို့ကား များစွာမခဲယဉ်းလှပေ။ အချို့ ကိုယ်တော် တို့မှာ (ကြီး) တစ်ရာ့ခြောက်ဆယ် ဆီးဆေးကို ဂါသနာပါ၍ တောတစ်ခွင်ကိုလှည့်ကာ သက်ရင်းကြီး၊ ရေသူကြီး စသည်တို့ကို စုဆောင်းကြရသည်မှာ အမောပင်ဖြစ်၏။ အချို့သော ဆရာတော် တို့မှာကား (ယမ်းဂိမ်းဆပ်ပြာ၊ ဇဂက်သာ၊ ဒုတ္ထာ ကြေးနှင့်ရော) အစ ရှိသော လက်ာတို့ကို အားကိုး၍ ရှုံးရှဲရှုံးရှဲနှင့် ဘူးထဲကရေပါကာ မူးပဲမှ ငွေမလာသော မရေရာသည့် အဂ္ဂိရတ်လုပ်ငန်းကို လိုက်စားကြသည်။ ထို့ကြောင့် ကျွန်ုပ်၏ ဦးလေး ဆရာတော် ဦးသြဘာသည် အထက်၌ ဆိုခဲ့သည့်အတိုင်း အာယုဂမုနကို လိုက်စားနေသည်မှာ မဆန်းလှပါပေ။

ပဲခူးမှရန်ကုန်သို့ ပြန်ရောက်ကြပြီးသည့် နောက်တစ်နေ့နံနက်တွင်ပင် ကျွန်ုပ်သည် ပိဋကတ်တိုက်ဟောင်း တစ်ခု သို့ ပြေး၍ အလစ်တွင် ရှေးပေစာဟောင်းတစ်ခုကို ဆွဲခဲ့၏။ ပေစာဟောင်း၏ အူအတွင်းသားများမှာ ကား ထိလိုက်လျှင် ပဲ့ကြွေတော့မတတ်အိုမင်းနေသော ပေရွက်ဟောင်းများဖြစ်ပေရာ ထိုပေရွက်ဟောင်း အလွတ် တွင် ကျွန်ုပ် ကြံစည်ရင်းစွဲအတိုင်း " စိန်တေဇောငြိမ်း အာယုဂမုနဆေးကြီး" ဟူ၍ ရှေးလက်ရေးဖြင့် ဆူးလေ ဘုရား က ကျောက်သင်ပုန်းတစ်ချပ်နှင့် အိပ်ငိုက်နေသူဗေဒင်ဆရာတစ်ယောက်အား ပိုက်ဆံပေး၍ နေ့ချင်းပြီး အောင် ခပ်ကြိတ်ကြိတ်ရေးခိုင်း၏။ လောကတွင် "ယမ်းတေဇောငြိမ်း" ဟူ၍သာ ရှိပြီးလျှင် လ စိန်တေဇောငြိမ်း" ဟူ၍ မရှိသည့်အတိုင်း ကျွန်ုပ် စီစဉ်ရေးသားသော အာယုဂမုနဆေးကိုသာ ဖော်၍စားမိ ပါက ၂-ရက် ၃-ရက်နှင့် အူပြတ်ကာ ကိစ္စတုံးဖို့သာ ရှိပေသည်။

ပေစာရွက်အဟောင်း ၌ ရေးသားပြီးသော ညဦး၌ သရက်တောကျောင်းတိုက်သို့ ကျွန်ုပ်သွားကာ ဆရာတော် ဦးသြဘာအား ဘိလပ်ရည်ကပ်၏။ ထို့နောက် ပေစာဘက်သို့ စကားဆွယ်သွားရင်း "ဘယ်နယ်လဲ ဘုရား ...၊ ပဲခူးက လှူလိုက်တဲ့ပေစာထုပ်ကို ကြည့်ပြီးပြီလားဘုရာ့... " ဟု လျှောက်လိုက်ရာ ဆရာတော် ဦးသြဘာက " အေးကွ... ကြည့်ပြီးပြီ၊ ပေက တစ်ထုပ်ထဲမဟုတ်ဘူးကွ၊ ပေအမျိုးမျိုး ရောနေတာ၊ အက္ခရာစဉ်တောင် မပါဘူး ဒါပေမဲ့... အားလုံး ဆေးစာချည့်ပဲ၊ မန္တလေးရောက်မှ သေသေချာချာ ကြည့်ရမယ်၊ ခုတော့ အာဂန္တုနေရသေး တော့ ကျကျနနလဲ မကြည့်အားသေးပါဘူးကွယ်" ဟု မိန့်တော်မူ၏။ ကျွန်ုပ်လည်း ပေစာထုပ်ကို တောင်းယူ၍ ကြည့်ရာက ဆရာတော် တံပူဂါးရန် တမာသားတံပူကို ထအယူတွင် အကျီအတွင်းဘက်၌ ဆောင်ခဲ့သော စိန်တေဇောငြိမ်း အာယုဂမုန လံကြပ် ဆေးညွှန်းပေရွက်ကို ပေထုပ်အောက်ဆုံးနားက သွင်းညှပ်ထည့်ထား လိုက်ရ၏။ ဤဆေးညွှန်းပေရွက်သည် သူ့အရှိန်နှင့်သူ အချိန်တန်က တန်ခိုးပြပေလိမ့်မည်ဟု စိတ်ကူး၍ ဆရာတော်အား ဂတ်ချကာ နှုတ်ဆက်၍ပြန်ခဲ့၏။

ဆရာတော် မန္တလေးဘက်သို့ ပြန်၍ ကြွသွားပြီးသည့်နောက်တွင် ကျွန်ုပ်လည်း နောက်ဆုံး ပေါ်ရန်သူတစ်ဦး ဖြစ်သည့် မောင်ညိမ်းအောင် ၏ သားကလေးပုတူးဘက်သို့ မြားဦးလှည့်ခဲ့ရပြန်ပေသည်။ ပုတူးကလေးမှာ လေဆန်နာကြောင့် တစ်နေ့လုံး တစ်ညလုံး ငိုသံမစဲဘဲ ရှိနေလေရာ ကလေးထိန်းရန် ခေါ်၍လာသော ၉-

နှစ်အရွယ် အထိန်းသူငယ်မကလေးမှာ ညတိုင်း အိပ်ပျက်ရသောကြောင့် နေ့လယ် နေ့ခင်း၌ တငိုက်ငိုက် နေရှာလေ့ရှိပေသည်။ ငိုက်ပြန်လျှင်လည်း အရိုက်ခံရတတ်၏။

တစ်ညနေတွင် ကျွန်ုပ်သည် အမှီတို့တိုက်သို့ ရောက်သွားသည်၌ ကံရဲဘော်ကြီး ကူသောကြောင့် ဦးဒေါ်ခန၊ အမှီ၊ မောင်ညိမ်းအောင်နှင့် ဇနီးတို့ လမ်းထိပ်သို့ ခေါက်ဆွဲစား ထွက်နေသည်ကို ကြုံရ၏။ တစ်တိုက်လုံးတွင် ကလေးထိန်းသည့် သူငယ်မကလေးနှင့် ကလေး ကလေးပုတူးတို့သာ ကျန်ရစ်ခဲ့ကြပေသည်။ " ဟဲ့ ... လူကြီးတွေကော...ဟေ ...ကလေးကလည်း ငိုလှချည်ကလား " ဟု ကျွန်ုပ်ကမေးရင်း ကလေးကိုယူ၍ ချီလိုက် သည်၌ ကလေးထိန်း သူငယ်မကလေးက မောင်ညိမ်းအောင်တို့ တစ်စုလုံး လမ်းထိပ်သို့ခေတ္တထွက်သွားကြ ကြောင်းကို ပြောရှာ၏။ ဤတွင် ကျွန်ုပ်လည်း ကလေးကလေးပုတူး တငါးငါးငိုနေသည်ကို ဟန်ပါပါ ချော့ရင်း " ကလေးက လေဆန်နာရှိလို့ ငိုတာဟေ့... သိလား၊ ဟော ... ဒီလို ဗိုက်ကိုမှောက်ပြီး ချီရင် ဗိုက်နာသက်သာလို့ အိပ်သွားလိမ့်မယ်... ကြည့်... " ဟုဆိုကာ ကလေးငယ်အား ဗိုက်ကိုပုခုံးနှင့် မှေးကာ ချီ၍ချော့လိုက်ရာ လေဆန်နာပါသော ဗိုက်ကို ဖိပေးသဖြင့် သက်သာသလိုရှိသောကြောင့် အငိုတိတ်၍ မျက်လုံးကလေး မှေးရင်း ငိုရလွန်းသဖြင့် မောနေရှာ၏။

ထိုအခိုက်တွင် အမှီတို့ လူစု လမ်းထိပ်ကပြန်လာပြီးလျှင် ကျွန်ုပ် ကလေးချီနေသည်ကို ပြုံးကြည့်ရာက အမှီက ... " အစ်ကို ကံကောင်းက ကလေးချော့ သိပ်ဟုတ်ပါကလား၊ ဘာသီချင်းနဲ့များ ချော့ပါလိမ့်၊ (မာလာဂန္ဓ-ဂိလေပန)နဲ့များလားရှင် ... " ဟု ရယ်စရာဆိုပါသည်။ အမှီဆိုလိုရင်းမှာ ဘုန်းကြီးလူထွက်ကလေးရသော အခါတွင် သီချင်းမရသဖြင့် ရှစ်ပါးသီလကိုသီချင်းလုပ်၍ ကလေးချော့ရသော ရယ်စရာပုံပြင်ကလေးကို ဆိုလို ရင်းဖြစ်၏။ ကျွန်ုပ်လည်း အမှီနှင့်ရော၍ပြုံးရင်း "မပြောတတ်ပါဘူး၊ အမှီရ ...၊ ကလေး က သိပ်ငိုနေတာနဲ့ တတ်သမျှ မှတ်သမျှ ချော့ရတာပါပဲ... " ဟု ခပ်ရိုးရိုးစကားဖြင့်ပင် ဖြေရ၏။

အကယ်၍သာ ကျွန်ုပ်က "အစ်ကိုကံကောင်းက အလေ့အကျင့်ယူနေတာကွ အမှီရ" ဟု ရယ်စရာလိုလိုနှင့် ချိတ် လိုက်လျှင် ... အမှီမှာ အပျိုကြီး ကွန္တေဖြင့် တွန့်ချင်လျှင် တွန့်သွားပေမည်။ ယခုကား ကျွန်ုပ်၏ ဟန်ဆောင် သည့် မာယာ ရိုးသားလှသောစကားကြောင့် အမှီသည် ဟန်ဆောင်သည့်မာယာ ရိုးသားလှသောစကားကြောင့် အမှီ သည် ဂန်းဂန်းလည်သော မျက်လုံးရွဲကြီးများဖြင့် ကြည့်ကာ ကျွန်ုပ်၏လက်မှ တူကလေးကို ယူပါသည်။ အမှီ၏ ရွှန်းရွှန်းကြည်သော မျက်လုံးရောင်များ၌ " ကိုယ်ပိုင်ကလေးများရှိရင် အင်မတန် ချစ်တတ်မည့်လူကြီး" ဟု စာတန်းထိုးသလို ထင်ရှားနေပေတော့သည်။

ထို့နောက်တွင်ကား ကျွန်ုပ်တွင် ကျွန်ုပ် ပစ်လိုက်သော မြားချက်များ စူး မစူးကို စောင့်၍ကြည့်ရန်သာလို တော့ သဖြင့် သည်းခံကာ ဖွဲကြီးကြီးနှင့် စောင့်ရတော့၏။ သည်းခံကျိုးကား နပ်ပေတော့သည်။ အကြောင်းမှုကား ... နောက် သုံးရက်ခန့်အကြာတွင် မောင်ညိမ်းအောင်၏ သားကလေး ရုတ်တရက် သေဆုံးကြောင်းကို ကျွန်ုပ်၏ အလုပ်တိုက်သို့ သတင်းရောက်လာ၏။ သူတို့တိုက်သို့ ကျွန်ုပ် ရောက် သွားသော အခါ မောင်ညိမ်းအောင် ၏ ဇနီးမှာ ငိုကြီးချက်မနှင့် ဖြစ်နေပေတော့သည်။

အားလုံး စိတ်မကောင်းသော မျက်နှာတွေနှင့် ဖြစ်နေကြ၏။ ကလေးမှာ လေဆန်နာဖြင့် သေဆုံးဖို့လမ်းမမြင်ပေ။ ထို့ကြောင့် အိမ်သာသို့ထွက်ဟန်ဖြင့် နောက်ဖေးဆောင်သို့ဂင်ကာ မီးဖိုဆောင်၌ အငူသားထိုင်၍ မှိုင်တွေချနေသော ကလေးထိန်းသူငယ်မကလေးကို ခပ်ကြိတ်ကြိတ် မေးကြည့်၏။ ကလေးထိန်း သူငယ်မကလေးလည်း အထိတ်ထိတ်အရွံ့ရွံ့နှင့်ပင် "ဦးကြီးပြောသလို ကျွန်မလည်း ကလေးကိုပုခုံးပေါ်မှာ ဖိုက်မှောက်ပြီးချီတော့ အငိုသက်သာတာနဲ့... ညကသိပ်တော့ ကလေးကိုမှောက်ပြီး သိပ်မိတယ် ဦးကြီးရဲ့ ...၊ မနက်ကျတော့သေနေတာပဲ ... "ဟု ပြောရှာ၏။ မလိမ်မိုး မလိမ္မာကလေးကို ကျွန်ုပ် သညာပေးခဲ့သည့်အတိုင်း အိပ်ချင်စိတ်နှင့် ကလေး ကလေးကို မှောက်၍သိပ်ရာတွင် နာခေါင်းပိတ်ကာ သေဆုံးခြင်းဖြစ်ကြောင်း ထင်ရှားပေပြီ ...။ ကလေးထိန်း သူငယ်မကလေးအား သူ့အပြစ်ဖြစ်နေကြောင်းကိုပြော၍ ခြိမ်းခြောက်ကာ နှုတ်ပိတ်လိုက်၏။ ပူတူးကလေးကား ဗုဒ္ဓဟူး သားကလေးဖြစ်ပေသည်။

ကလေး၏ အသုဘကိစ္စ ပြီးသည့်နောက်တွင် အားလုံး စိတ်မကောင်းဖြစ်ကြရလျက် ရန်ကုန်သို့ ကလေးကိုဆေးကုရန် အကြောင်းခံဖြင့် လာကြသူများဖြစ်သည့်အတိုင်း ကလေးသေဆုံးပြီးသည်တွင် ဦးဒေါနတို့လူစုမှာနေရင်းမြို့ရွာသို့ ပြန်ကြရန် စိတ်ကူးထည့်ကြရလေတော့သည်။ သို့သော် ကလေးအတွက် ရက်လည်သောအခါတွင် နွားနို့ယာဂုဆွမ်းကျွေးရန်ကိစ္စရှိသေးသဖြင့် ရုတ်တရက် မပြန်ဖြစ်ကြသေးပေ။

ရက်လည်ယာဂုဆွမ်းကပ်သည့်နေ့က မန္တလေးမှ သံကြိုးစာတစ်စောင် ရောက်လာ၏။ ထိုသံကြိုးမှာကား "ဆရာတော် ဦးသြဘာ အသည်းအသန်မမာ.၊ အမြန်လာပါ"ဟူသော မန္တလေးဂိုဏ်းအုပ်ဘုန်းတော်ကြီး ထံမှ ရိုက်ကြားလိုက်သော သံကြိုးဖြစ်၏။ သံကြိုးရောက်လာသောအခါတွင် ဦးဒေါနနှင့် မောင်ညိမ်းအောင် တို့မှာ မန္တလေးသို့ အပြေးအလွှား လိုက်ကြရပြန်ပေသည်။ ဆရာတော် ဦးသြဘာသည် ကျွန်ုပ်၏ စိန်တေဇောငြိမ်း အာယုဂမုန ဆေးကြီးကို မန္တလေးသို့ ပြန်ရောက်ပြီးနောက် မကြာမီပင်ဖော်စပ်၍ သုံးဆောင်ဟန်ရှိပေသည်။ သို့သော် မသေချာလှသေး။ ဦးဒေါနနှင့် မောင်ညိမ်းအောင်တို့ နံနက်စောစော ရထားနှင့်မန္တလေးသို့ လိုက်သွားကြပြီးနောက် နေ့လယ်လောက်သို့ ရောက်သောအခါ မန္တလေးမှ သံကြိုးစာတစ်စောင်ထပ်၍ ရောက်လာ၏။ ထိုသံကြိုးမှာကား " ဦးသြဘာပျံတော်မူပြီ" ဟူသော သံကြိုးဖြစ်၏။ ဦးသြဘာမှာ တနင်္ဂနွေသားဖြစ်လေတော့သည်။ ကျွန်ုပ်၏ အကြံပိရိသည်နှင့်အမျှ မည်သူကမျှပင် ကျွန်ုပ်အား မဲ့တစ်စက်လောက် သံသယမရှိကြဘဲ အဘိုး၏ အမွေကိုခံထိုက်သူ ပူတူးနှင့် ဦးသြဘာတို့ မရဏပြည်သို့မြန်းကြရ၏။ ဘာမျှ နားမလည်သေးသော ကလေးကလေးနှင့် လောကီရေးရာတွင် ဘာမျှမစွက်သော ရဟန်းကြီးတစ်ပါးတို့ကို မတရားသေကြောင်း ကြံစည်ရခြင်းမှာ စင်စစ်အားဖြင့်သာမန်လူသား၏စိတ်သာဆိုလျှင် လိပ်ပြာတကယ်မသန့်စရာအလုပ်များ ဖြစ်သည်မှန်၏။ သို့သော် ကျွန်ုပ်မှာကား စီမံခေတ်ပြီပြီ၊ စီမံကိန်းကျကျနန ချထား၍ လုလုပပကြီး လက်စားချေနေသူ ဖြစ်ပေရာ စိတ်တွင်ထိခိုက်ခြင်းမရှိလှ။ အဘိုး၏ ဆယ်သိန်းတန် အမွေအနှစ်ကြီးနှင့် နီးကပ်၍လာလေလေ ကိုယ့်အကြံအစည် အောင်မြင်သည်ကို ကျေနပ်၍နေလေလေသာဖြစ်ခဲ့၏။ တာပေးအပြေးသမား တစ်ယောက်သည် ပန်းတိုင်နှင့် ခပ်လှမ်းလှမ်း၌ ကိုယ့်အားကိုယ်ထိန်း၍ ခပ်မှန်မှန်ပြေးရာက ပန်းတိုင်နှင့်နီးသောအခါတွင် တအားသွန်၍ ပြေးတတ်သလို ကျွန်ုပ်မှာလည်း ပန်းတိုင်နှင့် နီးကပ်လာပြီ ဖြစ်သောကြောင့် တအားသွန်၍ ပြေးရန်

အားယူလျက်ရှိနေ၏။ ကျွန်ုပ်နှင့်ဆယ်သိန်းတန်ပစ္စည်းထုထယ်ကြီးတို့ နီးစပ်ရန်မှာ ကြားထဲတွင် ဒေါ်ကျော့ရင်၏ သား ပြည်သူ့ရဲဘော် ဗိုလ်ကလေး မောင်သီဟ၊ မောင်ညိမ်းအောင်နှင့် ဦးဒေါနတို့သာ ကျန်ပေတော့သည်။ အောင်မြင်မှုသည် နိုင်ချင်ကြက်နှင့် အလွန်တူ၏။ နိုင်စရှိလျှင် နိုင်ချင်ချင်ဖြစ်အောင် အားတက်လာတတ်၏။ ထိုအခါမျိုး ၌ ကံကလည်း မီးလောင်လေပင့် လုပ်တတ်၏။ ထို့ကြောင့်ပင် ကျွန်ုပ်တွင် ဒေါ်ကျော့ရင်၏သား မောင်သီဟကို လက်စတုံးကြံစည်ရန် အခွင့်အလမ်း တစ်မျိုးတစ်ဖုံ ပေါ်၍လာသည်ကို တွေ့ရပြန်လေတော့ သည်။ ထိုအခွင့်အလမ်းကား အခြားမဟုတ် ...။

မန္တလေးမှ ဦးဒေါနနှင့် မောင်ညိမ်းအောင်တို့ ပြန်၍ရောက်ကြပြီးနောက် မကြာမီပင် အမှီ၊ ဦးဒေါနနှင့် မောင်ညိမ်း အောင်တို့လင်မယားသည် တနင်္သာရီဘက်သို့ စိတ်လက်မချမ်းမသာနှင့် ပြန်၍သွားကြ၏။ ဦးဒေါန နှင့် ရန်ကုန် သို့ လိုက်လာခြင်းမှာ ကျွန်ုပ်ပြုစုပျိုးထောင်နေသောအလုပ်ကို ကိုယ်တိုင် စစ်ဆေးအကဲခတ်ရန် လာခြင်းဖြစ် လျက် မောင်ညိမ်းအောင်တို့မှာမူ ကလေး၏ရောဂါကို ကုသရန်လာကြသည်ဖြစ်ပေရာ ကျွန်ုပ်၏အလုပ်ကို ဦးဒေါနကလည်း ကျေနပ်လောက်အောင် စစ်ဆေးဝေဖန်ပြီးလျက် မောင်ညိမ်းအောင်တို့မှာလည်း ကလေးဆုံးပြီ ဖြစ်သောကြောင့် လုပ်ငန်းကြီးများကို လက်ခွဲနှင့်ပစ်ထားခဲ့ရသော တနင်္သာရီဘက်သို့ မပြန်လျှင် မဖြစ်ကြ တော့ပေ။

ကျွန်ုပ်ကား အကြံနှစ်ချက် ဒက်ခနဲအောင်သဖြင့် ကျေနပ်မိ၏။ ဦးဩဘာနှင့် ပူတူးတို့သည် သူတို့အသက် ကို သူတို့ ကျွန်ုပ်လက်တွင်းသို့ပေးအပ်ရန် ရန်ကုန်သို့ရောက်လာကြသည့်ပမာဖြစ်နေ၏။ သို့သော် အမှီနှင့် တစ်ကြိမ် တစ်ဖန် ခွဲခွာရဦးမည်ကိုကား ကျွန်ုပ် ကြိုတ်မနိုင်ခဲမရဖြစ်မိ၏။ သို့သော် ရှိစေကြိုးရှည်နှင့် လှန်လိုက်ဦးမည်။ သို့နှင့် ရက်တွေ ကုန်ခဲ့ပြန်ရာ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်နောက်တွင် လွတ်လပ်ရေးရခါစ နိုင်ငံတိုင်း ခံရလေ့ရှိသော နိုင်ငံရေးဂက်သက်ရောဂါသည် မြန်မာနိုင်ငံကို ဖမ်းစားစပြုလာ၏။ ထိုနိုင်ငံရေးဂက်သက်မှာ ကား အင်္ဂလိပ်မြန်မာစာချုပ်ကိုမကျေနပ်ဟု အကြောင်းပြကာ ၁၉၄၈ ခုနှစ်၊ မတ်လလောက်တွင် ကွန်မြူနစ် ဂိုဏ်းဂင်တို့သည် ပဲခူးနယ်မှစ၍ တောခိုကာ ဆူပူသောင်းကျန်းစပြုလာကြ၏။ ကွန်မြူနစ်တို့ကို စိတ်လိုသော ပြည်သူ့ရဲဘော်တပ်ထဲမှ သူငယ်အချို့သည်လည်း တပ်မှလက်နက်နှင့်ထွက်ပြေးကာ ကွန်မြူနစ်တို့နှင့် ပူးပေါင်း တောခိုကြ၏။

သို့ရှိရာတွင် ကျွန်ုပ်လည်း သတင်းကောင်းကို စုံစမ်းနေရာ "ဝေါနယ်မှ ဗိုလ်သီဟတောခိုခြင်း" ဟူသော သတင်း ကောင်းကိုရခဲ့ပြန်၏။ ထိုသတင်းကိုရသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်လည်းပဲခူးသို့ ဆန်စပါးကိစ္စများကို အကြောင်း ပြကာ ခေတ္တလိုက်သွား၏။ ပဲခူးသို့ ရောက်သောအခါ ဗိုလ်သီဟအမည်ခံ မောင်သီဟ၏ အကြောင်းကို ငွေကုန် ကြေးကျခံကာ စုံစမ်းရသည်၌ မောင်သီဟသည် ရုပ်ဖျက်၍ ပဲခူး၊ ညောင်လေးပင်စသောမြို့များတွင် တက် ရောက် ကျက်စားတတ်သည့် သတင်းကိုရပြန်၏။ နောက်ဆုံးတွင် ငွေကုန်ကြေးကျခံနိုင်သဖြင့် ကျွန်ုပ်နှင့် မောင်သီဟတို့သည် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မိကြသောအခြေသို့ ရောက်လာ၏။ ထိုအခါတွင် ကျွန်ုပ်က မောင်သီဟထံသို့ ကျွန်ုပ်သည် ကွန်မြူနစ်ဝါဒကို ကြည်ညိုသောသူတစ်ဦးဖြစ်သဖြင့် မောင်သီဟ၏ လုပ်ငန်းတွင်

ငွေကြေးအလုံးအခဲ ထောက်ပံ့လိုကြောင်း စကားရိပ်ပို့လိုက်၏။ ကျွန်ုပ် ဆင်ထားသော ထောင်ချောက်ကို မမြင်သူမောင်သီဟသည်ငွေကိုမက်ကာ ကျွန်ုပ်အကူအညီပေးမည်ဆိုသည်ကို အကြီးအကျယ် ကျေးဇူးတင်လေရှာသေးသည်။ တစ်လခန့်သူနှင့်အဆက်အသွယ်လုပ်ပြီးသည့်နောက်တွင် မောင်သီဟအား(ငွေတစ်သောင်းလာ၍ယူလှည့်ပါ...၊ အခြားလူကိုမယုံရလျှင် မောင်သီဟ ကိုယ်တိုင်လာယူပါ)ဟု သတင်းပို့လိုက်၏။ (မောင်သီဟ ကိုယ်တိုင် လာမှဖြစ်မည်) ဟူသော ကျွန်ုပ်က တိုက်တိုက်တွန်းတွန်း ဆိုလိုက်ပါက မောင်သီဟ တွန့်ချင်လျှင် တွန့်သွားပေမည်။ သူ့စိတ်၌ သူ့တပည့်များကို ငွေတစ်သောင်းအယူခိုင်းရန် မယုံကြည်အောင် သံသယစိတ်ကလေးကို ဆွပေးလိုက်သည်၌ ကျွန်ုပ်ပေးထားသော နပ်ကြောင်းအတိုင်းပင် မောင်သီဟဂင်၍ ချိုးရှာလေတော့သည်။

ပဲခူး-ညောင်လေးပင် မြို့များပေါ်သို့ ရုပ်ဖျက်၍လာကာ ကျက်စားလေ့ရှိသော မောင်သီဟသည် များမကြာမီပင် ချိန်းချက်ထား၍ ကျွန်ုပ်ရှိရာ ပဲခူးသို့တက်လာ၏။ ကျွန်ုပ်နှင့်တွေ့ပြီးနောက် တစ်ဆယ်တန်ငွေစက္ကူ တစ်ချပ်စီထိပ်က ပိတ်ထားသော သတင်းစာစက္ကူ အထပ်လိုက်ထပ်ထားသည်တို့ကို မောင်သီဟကျွန်ုပ်ထံမှ လွယ်အိတ်နှင့်ယူ၍ အပြန်တွင် ကျွန်ုပ်အားဦးများပင်ချ၍သွားလေသေးသည်။ ကျွန်ုပ်ကလည်း " ကျန်းမာ ချမ်းသာပါစေဟု ဆုပေးသည့်အပြင် " ဥပစ္ဆေဒကကံက ကင်းလွတ်ပါစေကွယ်" ဟု မေတ္တာတုံးကြီးကြီးနှင့် ဟီးတိုက်၍ ဆုတောင်းလိုက်ရပေသေးသည်။ ကျွန်ုပ်ထံမှအပြန် ဘတ်စ်ကားဂိတ်သို့ရောက်သောအခါ ပဲခူးစစ်ရဲတို့က မောင်သီဟကိုဖမ်း၏။

မောင်သီဟကအဖမ်းမခံဘဲ ပြန်လှန်ကာခုခံလေရာ စစ်ရဲတို့၏ သေနတ်ဂတွင် မောင်သီဟဘဂကူး၍ သွားရှာပေသည်။ စစ်ရဲပိုလ်မှူးကလေးသည် ကျွန်ုပ်ထံပြေး၍ ဂမ်းနည်းစကားပြောရှာ၏။ "ဦးရဲ့တူက သေနတ်နဲ့ ခုခံတော့ ကျွန်တော့ လူတွေကလည်း ကာကွယ်တဲ့ အနေနဲ့ ပစ်ကြရတော့တာပဲ ဦးရယ် " ဟု စိတ်မကောင်းသော မျက်နှာဖြင့် ပြောသည်ကို ကျွန်ုပ်လည်း မျက်နှာအိုကြီးနှင့် " အေးလေ ...၊ ကုသိုလ်ပေါ့ခင်ဗျာ ကုသိုလ်ပေါ့" ဟု ခပ်တည်တည် ညည်းလိုက်၏။ (ကျွန်ုပ်၏တူ မောင်သီဟ ကွန်မြူနစ်ဘဂနှင့်တောခိုနေရာက ကျွန်ုပ်ထံ သို့လာ၍ ငွေတောင်းပါလိမ့်မည်။ စစ်ရဲများက ဖမ်းဆီး၍ထောင်ချထားပေးပါ။ ထောင်ကျချင် ကျနေပါစေ၊ အပြင်ဘက်တွင် တောခို၍ လက်နက်သင့်ကာ သေမည်ကိုစိုးပါသည်) ဟူသော အချက်ဖြင့် စစ်ရဲကို ပိပိရိရိ အောင်မြင်ပေပြီ။ မောင်သီဟ ကို ဟန်ဆောင်ပေးရန် သတင်းစာစက္ကူအထပ်များကို ငွေစက္ကူအရွယ်ဖြတ်၍ ထိပ်ကအုပ်ပေးလိုက်သော တစ်ဆယ်တန်ငွေစက္ကူလေးရွက်ကိုပင် ကျွန်ုပ်ပြန်၍ရသေး၏။ တစ်မီးငြိမ်းပြန်လေပြီ။ မောင်သီဟကား သောကြာသားဖြစ်၏။ ဆယ်သိန်းတန် အမွေအနှစ်နှင့် ကျွန်ုပ်၏အကြားဂယ် ရန်သူဦးဒေါနနှင့် မောင်ညီမ်းအောင်တို့သာ ကျန်လေတော့သည်တကား။

ဆက်ရန်

[တင့်တယ် ၏ ကမ္မဖလ အပိုင်း (၁၇)]

## စစ်သူဌေးသား

ကျွန်ုပ်ကြိုးစင်ကို တက်၍ သေရမည့်ရက်နီးကပ်သည်ထက် နီးကပ်လာသောကြောင့် ကျွန်ုပ်၏ အဖြစ်စဉ်မှတ်တမ်းကို တရကြမ်း ရေးသားရသည်တွင် အဆက်စပ်ကင်းသော ကိုယ်ရေးအဖြစ်အပျက်ကို ချန်လှပ်သင့်သမျှ ချန်လှပ်ထားခဲ့ရခြင်းအားဖြင့် ကျွန်ုပ်နှင့် အသန့်တို့လင်မယား ဆက်ဆံရပုံတို့ကို ရှေ့ပိုင်းတွင် ဖော်ပြသင့်သလောက် မဖော်ပြနိုင်ခဲ့ပေ။ ရှေ့ပိုင်း၌ ရေးခဲ့သော အဖြစ်အပျက် လက်စားချေမှုတို့နှင့်လည်း တစ်ဘာသာစီ ဖြစ်နေကြသောကြောင့် ရှုပ်ထွေးကုန်မည်စိုး၍ မရေးခဲ့။ ယခု ဤကဏ္ဍသို့ ရောက်မှပင် ကျွန်ုပ် နှင့် အသန့်၏ ခင်ပွန်း ဦးစိန်မောင်တို့ ဆက်ဆံခဲ့ရပုံများကို သီးခြားတစ်သက်တစ်ကန့်ရေးရပေဦးတော့မည်။

ယခင်က ရေးသားခဲ့ပြီးသည့်အတိုင်းပင် လွန်ခဲ့သော ၄၇ ခုနှစ်လောက်အချိန်က အသန့်နှင့် ကျွန်ုပ်တို့ ပြန်၍ဆုံစည်းရုံမှုသာမက ဦးဒေါ်န၊ အမိုနှင့် မောင်ညိမ်းအောင်တို့ တစ်တွေ ရန်ကုန်သို့ ခေတ္တလာခဲ့ကြစဉ်၌ပင် ကျွန်ုပ်တို့နှင့် အသန့်တို့မှာ အတော်ပင် အဆက်အဆံများခဲ့ပေသည်။ အကြောင်းမူကား ဦးစိန်မောင်၏ အပေါ်တွင် ကျွန်ုပ်၏ ကြွေးများပတ်၍နေသည်က တစ်ကြောင်းဖြစ်၏။ ဆန်အိတ်သွင်းသောလုပ်ငန်းကို စာချုပ်အတိုင်း ဦးစိန်မောင် မဖြည့်ဆည်းနိုင်လျှင် ခနောင်တိုသို့လိုက်ကာနားပူရ၏။ ရန်ကုန်၌ ကျွန်ုပ်၏လုပ်ငန်း ဖရိုဖရဲ ဖြစ်သည်ကိုကား မခံနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် အစိုးရထံ ဆန်သွင်းမည့်စာချုပ်ပျက်ရသည်ထက် ဦးလေး ဦးဒေါ်နက ကျွန်ုပ်အား အလုပ်ကို မနိုင်နင်းဟု အထင်ခံရမည်ကို ပို၍စိုးရိမ်ပေသည်။ ထို့အပြင် အသန့်တို့ လင်မယားနှင့် ပို၍ရင်းနီးခဲ့ခြင်းမှာကား မောင်ညိမ်းအောင်တို့တစ်စု ရန်ကုန်သို့ တက်လာကြရာတွင် မောင်ညိမ်းအောင်၏ ဖနီးအရေးပိုင်သမီးမှာ အသန့်၏ ခင်ပွန်း ဦးစိန်မောင်နှင့် ဆွေနီးမျိုးစပ်တော်၍ နေသည်ဖြစ်ပေရာ အသန့်တို့ကလည်း ခနောင်တိုမှ ရန်ကုန်ရှိမောင်ညိမ်းအောင်တို့ထံသို့ ညဉ့်အိပ်ညဉ့်နေလာ၍ လည်ပတ်တတ်ကြ၏။ မောင်ညိမ်းအောင်တို့ကလည်း အသန့်တို့ရှိရာ ခနောင်တိုသို့ နှစ်ခေါက်သုံးခေါက်မျှ သွားရောက်လည်ပတ်ခဲ့ကြပေသည်။ ဤသို့ ခနောင်တိုနှင့် ရန်ကုန်အစုန်အဆန် ကူးသန်းဆက်ဆံနေခဲ့ကြရာ၌ ကျွန်ုပ်မှာလည်း တစ်ခါတစ်ခါတွင် အမိုကို မျက်ခြေပြတ်မခံလိုသော စိတ်ဖြင့် ခနောင်တိုသို့လိုက်ပါသွားလေ့ရှိခဲ့၏။ အမိုကို တန်းတန်းစွဲလိုက်၍နေသည့် အရေးသာမက ကျွန်ုပ်တို့၏ ငွေပင်ငွေရင်းများကို မြှုပ်နှံထားသော ဦးစိန်မောင်၏ စက်နှစ်လုံးကို ကြည့်ရန်လည်းကောင်း၊ ဦးစိန်မောင်စာချုပ်နှင့်အာမခံကာ ဆန်သွင်းဖို့ ယူထားသောကိစ္စကို လောဆော်ပေးရန်လည်းကောင်း တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘောဖြင့် သွားရောက်ခဲ့ပေသည်။

ဦးစိန်မောင် အသန့်တို့နှင့် ဤကဲ့သို့ဆက်ဆံခဲ့ရာ၌ လက်ဦးအကြိမ် ဦးစိန်မောင်နှင့်ကျွန်ုပ်ကို အသန့်က ချာချီလမ်း အသိအိမ်တွင် မိတ်ဆက်ပေးစဉ်အခါကပင် ဦးစိန်မောင်မှာ ယစ်ထုပ်ကြီးတစ်ဦး ဖြစ်နေသည်ကို တွေ့လျှင်တွေ့ချင်း သိရသောကြောင့် ကျွန်ုပ်၏ အတွင်းစိတ်၌မနှစ်မြို့လှပေ။ ဦးစိန်မောင်ကလည်း အသန့် နှင့် ကျွန်ုပ်တို့ ငယ်စဉ်အခါက တစ်အိမ်တည်း အတူတူ ကြီးပြင်းလာခဲ့ကြရပြီးလျှင် အသန့်မင်္ဂလာဆောင်ခါ မှသာ ကွဲကွာခဲ့ကြရသည့်အဖြစ်ကို အမြစ်ကလှန်၍သိရသောအခါ၌ ကျွန်ုပ်အားများစွာ နှစ်လိုသည့်ဟန် အမူအရာ မရှိပေ။ သို့သော်... နှစ်ဦးစလုံးမှာ အသက် ၄၀ အရွယ်သို့ ချဉ်းကပ်နေကြပြီဖြစ်သောကြောင့် တစ်ဦး၏ အတွင်း

စိတ်ကို တစ်ဦးမသိရအောင် လုံလုံလဲလဲဖုံးဖိနိုင်ကြလျက် ဟန်မပျက်ဆက်ဆံနိုင်ခဲ့ကြပေသည်။ သို့ဆက်ဆံရာတွင် ဦးစိန်မောင်သည် ကျွန်ုပ်အား မြင်းလောင်းရန်၊ အနီထောင်လောင်းရန် ငွေလိုသောအခါ၌ ငွေကို လွယ်လွယ်ဆွဲ၍ရသော ဘဏ်တစ်ခုအဖြစ်ဖြင့် အသုံးချလို၍ မိတ်ဆွေသဏ္ဌာန်ဖြင့် ဆက်ဆံပေရာ ကျွန်ုပ်ကလည်း ဦးစိန်မောင်၏ ဆန်စက်များကိုလက်ကိုင်ရလျှင် ကျွန်ုပ်တို့ပြုစုပျိုးထောင်စဖြစ်သော ဆန်စပါးလုပ်ငန်း၌ များစွာအကျိုးရှိမည်ဟူသော ယူပက္ခန္တာ လမ်းစဉ်အတိုင်း ရည်မှန်းချက်ထား၍ အခွင့်အလမ်းကို ကြည့်ကာ မိတ်ဟန်ပြု၍ ဆက်ဆံခဲ့ခြင်းဖြစ်၏။

ကျွန်ုပ်၏ အဦးအဖျား မေတ္တာစိတ်ယိုဖိတ်မိခဲ့သော အသန့်စိတ်ချမ်းသာပါစေဟူသောသဘောဖြင့် ပစ္စည်းပျက်စပြုသော ဦးစိန်မောင်ကို ငွေရေးကြေးရေး၌ ကူညီခဲ့ခြင်းလည်းဖြစ်၏။ သို့သော် ကျွန်ုပ်ကိုင်၍နေရသော ငွေလုံးကြေးလုံးမှာ အရင်းစစ်လိုက်ပါက ကျွန်ုပ်ကိုယ်ပိုင်မဟုတ်သေး။ ဦးလေးဦးဒေါနဓ၏ငွေများသာလျှင် ဖြစ်လေသေးရာ ကျွန်ုပ်မှာ ဘာပင်ပြောပြော မင်းဘဏ္ဍာ ကိုယ့်ဟာမှတ်လို့ တပြုံးပြုံးမလုပ်ပုံ့ဘဲ ဦးဒေါနထံသို့ ပဲပိုင်ကမကျန် ခုနစ်ရက်တစ်ပတ် အမြဲစာရင်းတင်နေရသောဘဝ၌သာရှိသေး၏။ ထို့ကြောင့် မပိုင်ဂက်မွေး ချက်လက်မှတ်စာရွက်၌ လက်မှတ်ကလေး ဘာကလေးထိုးနိုင်ရုံမျှ အခြေဖြစ်သောကြောင့် ကျွန်ုပ်မှာ အသန့်အပေါ်၌ ကျေးဇူးတုံ့ပြန်ပေးဆပ်လိုလျက်နှင့်ပင် မပေးဆပ်သာဘဲ ရှိရပေသည်။ အသန့်ခမျာမှာလည်း ကြာလေကြာလေ သနားစရာဖြစ်၍လာ၏။

ကျွန်ုပ် ရန်ကုန်သို့ ရောက်၍ တွေ့ဆုံကြခါစအခါတွင်မူ ခင်ပွန်းသည် ဂုဏ်ပုပ်မည်စိုးသောကြောင့် ဟန်လုပ်ကာ နေခဲ့ရှာသော်လည်း ကျွန်ုပ်နှင့် စီးပွားရေး၌ ဒွေးရောယှက်တင် ဆက်ဆံသည်အထိ ရင်းရင်းနှီးနှီး ရှိလာခဲ့သောအခါတွင်ကား ဦးစိန်မောင် ဆိုးသမျှပေသမျှတို့ကို တိုင်စရာ တန်းစရာရှိလျှင် အသန့်မှာ ကျွန်ုပ်ကိုသာလျှင် ပုဏ္ဏတိုင်ထား၍ တိုင်တန်းလေ့ရှိ၏။ သို့သော် ဦးစိန်မောင်မှာ ကျွန်ုပ်မျှမက သိကြားဆင်း၍ ဆုံးမစေကာမူ ရနိုင်မည်လည်း မဟုတ်၊ ကျွန်ုပ်ထက်ပင် အသက်ကြီးသေးသောကြောင့် ပြောဆိုရမည်ကလည်း ခက်ခဲသဖြင့် အသန့်လာ၍ တိုင်တန်းလျှင် အသန့်ကို စိတ်ကျေချမ်းအောင် ချော့ရမော့ရလျက် ဦးစိန်မောင်နှင့် တွေ့ပြန်သောအခါတွင်ကား သတိပေးစကားတို့ကို သတိပေးရာ မရောက်အောင် တစ်နည်းတစ်ဖုံ လှည့်ပတ်ပြောဆိုရပေသည်။ ဤသို့ ဆက်ဆံကာ နေခဲ့ရာတွင် ဦးစိန်မောင်သည် အရက်မူးကာ အသန့်အား ရိုက်နက်ကန်သဖြင့် အသန့်သည် ရန်ကုန် ချာချီလမ်းရှိ မိတ်ဆွေများထံသို့ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့်ပင် ဆင်းလာခဲ့ဖူး၏။ သို့သော် အရက်မူးပြေသောအခါတွင် ဦးစိန်မောင် ခနောင်တိုမှ လိုက်လာ၍ မရက်မကြောက် ဒူးထောက်တောင်းပန်ကာ ပြန်၍ခေါ်သဖြင့် အသန့်ခမျာလည်း ဆယ့်ငါးနှစ်တာ ပေါင်းသင်းလာခဲ့သော လင်မယားဖြစ်သည့်အလျောက် တစ်ကြောင်းမထောက် တစ်ကြောင်းထောက်၍ ခနောင်တိုသို့ ပြန်လည်လိုက်ပါသွားခဲ့၏။ ဤအဖြစ်အပျက်များ ဖြစ်ပျက်ပြီးနောက် ချာချီလမ်းမှ အသန့်၏ မိတ်ဆွေများပြောပြသဖြင့် သိရပေသည်။

ထိုမျှရေးလျှင် ကျွန်ုပ်၏ ၁၉၄၈ ခု မေလ အခြေအနေကိုသိလောက်ပေပြီ။ အမိတို့ထံမှ စာမှန်မှန်ရ၏။ ကျွန်ုပ်ကလည်း ဦးဒေါနထံ လုပ်ငန်းကိုအစီရင်ခံသည့် စာနှင့်အတူအမိထံသို့ စာရေးတတ်သည်။ မှန်မှန်ကား မရေးပေ။

ရေးလွန်းအားကြီးလျှင် အထင်တစ်မျိုးပေါက်မည် စိုးသောကြောင့်ဖြစ်၏။ ကျွန်ုပ်ကား ဆယ်သိန်းတန်စည်းစိမ်ကြီးကိုလည်း နီးသည်ထက်နီးနေပြီဖြစ်၍ အပြင်းအထန် မက်မောနေ၏။ အမှီကိုလည်း အုံ့ပုန်းချစ်ဖြင့် ပူးတစ်ခါခွာတစ်လှည့် ဆက်ဆံနေရခြင်းကြောင့် အနီးသို့ကပ်၍ ချစ်ကြည့်မိ၏။ အပေးမှ ရော်ရမ်းကာ အမှန်းနှင့်လည်း ချစ်မိ၏။ နှစ်ကာလရှည်လျားစွာ အချစ်ကို မျိုသိပ်ထားခဲ့သည်မှာကား တစ်ခါ တစ်ရံ၌ "ဟယ် ... ဘယ်လိုရှိရှိ ဖွတ်အတင်းချစ်ပြီး ဖွတ်ခိုးပြေးမှပဲ ထင်ပါရဲ့... " ဟု အကြံရိုင်းရိုင်းကြံမိ၏။ သို့သော် လက်စားချေရေးကြီးက တစ်ဘက်ဖြစ်နေသဖြင့် အခြေအနေမှာ အထူးသိမ်မွေ့သောအခြေအနေဖြစ်ပေရာ ဖွတ်မလုပ်ပုံ့ပေ။ ဖွတ်တစ်ခုခုလုပ်လိုက်ပါက ခဲလေသမျှ အလဟဿ ဖြစ်ရမည်ကို ကျွန်ုပ်မြင်၏။ ဦးဒေါနကများ ကျွန်ုပ်ကို အမှီအား စောင့်ရှောက်ရစ်ပါဟု အပ်ခဲ့လေမလား ထင်သောအခါ ထင်မိ၏။ သို့ရာတွင် မောင်နမဂမ်းကွဲဟူသော သံကန့်လန့်ကာကြီး ရှေ့ကဆီး၍ နေပြန်ပေရာ ဦးဒေါနကိုယ်တိုင်ကမူ မည်သို့မျှ အမှီနှင့် ကျွန်ုပ်ကို သဘောတူလိမ့်မည် မဟုတ်သည်ကို နားလည်ထားရ ပေ၏။

ယင်းသည့်အားဖြင့် ကျွန်ုပ်မှာ ရန်ကုန်တွင်သာ တကုတ်ကုတ် အလုပ်လုပ်ရင်း ဧပြီလကုန်သည့်အထိ ဇာတ်မျောသောင်တင်ဘဂလမ်းစဉ် ရပ်နေသလိုရှိနေခဲ့သည်၌ ကျွန်ုပ်ခပ်ငြိမ်ငြိမ်ဖြစ်သွားတုန်း နွားကြိမ်တို့သလို လာ၍တို့လေ့ရှိသော ကိုရွှေကံသည် ကျွန်ုပ်၏ နလုံးသားကို ကြိမ်ဖျားက ဓာတ်ဆက်အပ်သွားနှင့် နွားတင်ပါးကိုဆွသလို လာ၍ဆွပြန်၏။ ဆွလိုက်ပုံမှာကား ဦးဒေါနထံမှ စာတစ်စောင်ရောက်လာခြင်းဖြစ်၏။ ထိုစာမှာ မာကြောင်းသာကြောင်းများအပြင် ...

"တူမောင် အထူးသိသာရန်မှာ ယခုနွေတွင် ဦးလေးတို့၏ သစ်လုံးများ ရေမျောကမ်းတင် သံလွင်မြစ်ဂ၌ ပြန့်ကြဲနေသည်ကို လိုက်လံသိမ်းဆည်း၍ စာရင်းလုပ်ရန် လို၍နေသည်။

တူမောင်ယခင်တစ်ပတ်ကပို့သော စာရင်းအရ အစိုးရထံအာမခံထားသမျှ ဆန်အိတ်များကို အပြီးအပြတ်ပေးသွင်းရန်မှာ ခနောင်တို ဦးစိန်မောင်ထံမှ ဆန်အိတ် ၃ဂဂ ရလျှင် ကိစ္စပြီးပြတ်မည် ဖြစ်သည်ကိုသိရ၍ ရန်ကုန်၌ လုပ်ငန်းခေတ္တစဲ၍သွားမည်ကို ဦးလေးမြင်မိသည်။ သို့ဖြစ်၍ ထိုဆန်အိတ် ၃ဂဂ ကိစ္စကို ဦးစိန်မောင်ထံမှ အစိုးရထံသို့ တိုက်ရိုက်အပ်ရန် တူမောင်၏ မန်နေဂျာနှင့်လွှဲခဲ့၍ တူမောင်လာနိုင်က ဦးလေးတို့ထံသို့ လာပြီးလျှင် သစ်လုံးများ စာရင်းလုပ်ဖို့ ကူညီစေလိုသည်။ မိုးဦးကျ၍ သစ်လုံးအသစ်များ မျှောချိန်တန်လျှင် မနှစ်ကသစ်လုံးများနှင့် ယခုနှစ်မျှောသောသစ်များရောထွေးကာ အလုပ်ရှည်ပေးမည်ကိုစိုးရသည်။ ထို့ပြင် တူမောင်၏ ညီမအမှီနှင့် ပတ်သက်၍လည်း နောင်ရေးကိစ္စတစ်ခု တိုင်ပင်ဖွယ် ရှိနေလေသေးသည်" ဟူသော အကြောင်းများပါလာ၏။

သစ်ကိစ္စမှာ နှစ်စဉ်လုပ်ရိုးကိစ္စဖြစ်၍ မထူးခြားလှ (အမှီ၏နောင်ရေး)ဟူသော ကိစ္စမှာကား ကျွန်ုပ်၏ နလုံးသွေးကို တဒိတ်ဒိတ်ခုန်စေသော ကိစ္စဖြစ်၍ ဦးဒေါနသည် အမှီ အသက်သုံးဆယ်မှ ကျော်လွန်စပြုသည်ကို နေရာချထား၍ အိမ်မှလက်လွှတ်လိုက်ရန် ဆုံးဖြတ်ဟန်တူ၏။ သို့တည်းမဟုတ် ကုန်သည်တစ်ဦးနှင့် အိမ် ထောင်ချထားကာ လက်ရည်တစ်ပြင်တည်း အိမ်ပေါ်၌ အမှီရောသူ့ခင်ပွန်းပါတင်၍ ထားလေမည်လားဟုလည်း တွေးမိ

၏။ မည်သို့ပင်ဖြစ်စေ အမှီကို အိမ်ထောင်ချထားတော့မည် ဆိုသောအရေးမှာ ကျွန်ုပ်၏ နှလုံးသားကို ဓားပါးပါး နှင့်မွှန်း၍ ဆားပက်ကာ နေလှမ်းသည့်ပမာ ဖြစ်စေလေရာ ကျွန်ုပ်လည်း အမှီတို့ထံသို့သွားရန် ကမန်းကတန်း သုတ်သီးသုတ်ပျာ ပြင်ဆင်ရလေတော့သည်။

နက်ဖြန်တွင် ခရီးစတင်၍ ထွက်ရတော့မည်ဖြစ်သောကြောင့် ယနေ့ညနေ၌ ကျွန်ုပ်သည် အလုပ်တိုက်ရှိ လက်စွဲ မန်နေဂျာအား ဦးစိန်မောင်ထံမှ ဆန်အိတ် ၃၀၀ ရဖို့ကိစ္စကိုလည်း အပူတပြင်း စီစဉ်ခိုင်းစေနေရပေရာ မှောင် တရီ သို့ ရောက်ခဲ့ခါမှပင် စာရင်းအင်းကိစ္စ အားလုံးပြီးစီး၍ အပြီးသတ်မှာကြားစရာတို့ကို နှုတ်မှမှာကြားနေရ၏။ "ခနောင်တိုကို နှစ်ရက်တစ်ပတ်လောက်သွားပြီး ဦးစိန်မောင်ကို ခဏခဏ လောဆော်ပေးကြားလား၊ ဆန်အိတ် တွေက အစိုးရကို မေလ ၁၅ ရက်နေ့မှာ အပ်ရလိမ့်မယ်၊ အဲဒါကိုသာ ကြပ်ကြပ်ဂရုစိုက်" ဟု ဆိုနေစဉ် ကျွန်ုပ်မှာ စကားစပြတ်လျက် "ဟော... ပြောရင်းဆိုရင်းအဆင်သင့်ပဲ" ဟု ပါးစပ်က ဆိုလိုက်မိ၏။ အကြောင်းမှာမူ အလုပ် တိုက်ရှေ့တွင် ဆိုက်ကားတစ်စင်းထိုးဆိုက်၍ ဆိုက်ကားပေါ်မှ အသန့်ကိုယ်တိုင် လက်ဆွဲသေတ္တာတစ်လုံးနှင့် ဆင်းလာသည်ကို တွေ့ရသောကြောင့်ဖြစ်၏။

ကျွန်ုပ်လည်း စားပွဲမှထ၍ တိုက်ဝသို့ အရောက်သွားကာ "လာအသန့် အဆင်သင့်ပဲ အကိုကံကောင်းအခုပဲ အသန့်တို့ဆီက ဆန်အိတ်အကြောင်းတွေကို ပြောနေတုန်း အသန့်ပေါက်လာတာ အသန့်တော့ အသက် ရှည်ဦးမယ်" ဟု ရယ်ကာ ပြုံးကာ ဆီးကြိုလိုက်ရ၏။ သို့သော် အသန့်မှာ ကျွန်ုပ်နည်းတူ ရယ်ပြုံးခြင်းမရှိဘဲ မျက်နှာထားအိုအိုနှင့်သာ သင့်ရာကုလားထိုင်တွင် ဝင်၍ထိုင်ရင်း " အသန့်ကလဲ ဒီဆန်အိတ် အကြောင်း ကိုပဲ ပြောရအောင်လာတာပဲ၊ အသန့်အသက်ရှည်မယ်မရှည်ဘူးတော့ဖြင့် မပြောတတ်တော့ဘူး"ဟု မူမမှန်သော အသံဖြင့် ပြောလိုက်သောကြောင့် ကျွန်ုပ်တွင် အံ့အားသင့်သွားရာက "ဟင်... ဘာဖြစ်တာလဲ... ဟင်... အသန့်" ဟု မေးလိုက်မိ၏။ ပြီးမှ လူစိမ်းမန်နေဂျာ ရှိနေကြောင်းကို သတိထားမိကာ " ကိုင်း ငါပြောတဲ့အတိုင်း ပဲမှတ်မိရဲ့ မဟုတ်လား၊ မှတ်မိရင်ပြန်ပေတော့ အချိန်တောင်အတော်နှောင်းသွားပြီ" ဟု မန်နေဂျာအား လှည့်၍ ပြောလိုက် ရာ အိမ်ကမိန်းမကို ရုပ်ရှင်လိုက်ပို့ရန် အာမခံ၍ထားခဲ့ဟန်တူသော မန်နေဂျာလည်း ဖင်တကြွကြွ နေရာက ကသုတ်ကယက် ဝမ်းသာပုံနှင့် ထွက်သွား၏။ ကျွန်ုပ်လည်း အသန့်အား အလုပ်တိုက်ခန်း၏ အပေါ်ထပ် ကျွန်ုပ်၏ နေရာတိုက်ခန်းသို့ ခေါ်ခဲ့ပေသည်။

အခန်းထဲသို့ ဝင်ခဲ့မိကြသည်နှင့် တစ်ပြိုင်နက် ထိုင်ရုံမျှ မထိုင်ရသေးမီပင် အသန့်က " ဆန်အိတ်ကိစ္စ တခြား မဟုတ်ဘူး အစ်ကိုကံကောင်း အစ်ကိုကံကောင်းတို့ကို အပ်ဖို့ ဆန်အိတ် ၃၀၀ ကို ကိုစိန်မောင် ဒီနေ့ မနက်ပဲ တရုတ်စက်ကို လက်ပြောင်းလက်လွှဲရောင်းပြီး ငွေယူလိုက်ပါပကော။ တရုတ်ကလည်း ချက်ချင်း လှည်းအုပ်ကြီး နဲ့ လာပြီးတိုက်တာ အကုန်လုံး တရုတ်စက်ကို ရောက်ကုန်ပြီ။ နက်ဖြန်ခါ မြင်းပွဲရှိသကိုး အစ်ကိုကံကောင်းရယ်" ဟု ရှောင်တခင် ပြောလိုက်ရာ ကျွန်ုပ်က "ဟာ ... ဘယ်နှာလဲ ... " ဟု ယောင်ယမ်း၍ ဆိုမိသည်မှအပ ဘာမျှ ထပ်၍ မပြောနိုင်တော့အောင် ဖြစ်နေရပေ၏။ ဦးစိန်မောင်သည် အရင်တစ်ခါတည်း ဤကဲ့သို့ပင် လုပ်ခဲ့ဖူးပြီ။

ကျွန်ုပ်ထံ ဆန်အိတ် ၂၅၀ အပ်ခါနီး၌ စက်က လည်း အဆင်သင့်ဂါးပြီး အိတ်သွတ်ပြီးခါမှ ချစ်တီး တစ်ယောက် လက်သို့လျှော့ဈေးနှင့် လက်လွှဲရောင်းကာရငွေကို တစ်ညတည်းနှင့်အနီထောင် ရှုံးပစ်ခဲ့ဖူးသည်။ကျွန်ုပ်မှာလည်း အစိုးရကို ဆန်အိတ်အပ်ရမည့်ရက် ကပ်နေသဖြင့် ဂျင်ဂျင်လယ်၍ သွားရ၏။ ချစ်တီးထံမှ ဆန်အိတ်များကို အမြတ်ပေး၍ ကျွန်ုပ်ငွေနှင့်ကျွန်ုပ် ပြန်ဂယ်ရကာ ကျသမျှဆန်အိတ်ဖိုးကို ဦးစိန်မောင်၏ အိမ်ကို အပေါင်ထား စေ၍ အော်ဒီမံစာချုပ်ကို လက်မှတ်ထိုးခိုင်းရဖူး၏။ ယခုလည်း ဦးစိန်မောင် ဗွေဆိုးဖောက်ပြန်လေပြီ။ "ဘယ့်နာမှ မလဲတော့ဘူး အစ်ကိုကံကောင်း အသန့်တော့ သူ့ကို ဒီတစ်ခါ အပြတ်ကြီးပြတ်ပြီ၊ မနက်က သူ့ ဆန်အိတ်တွေ တရုတ်ကို ရောင်းပြီးတော့ ငွေထုပ်နဲ့ ပြန်လာကတည်းက သောက်တာဟာ အသန့်ထွက်လာတော့တောင် သောက်တုန်းပဲ။ အသန့်က (အစ်ကိုကံကောင်းကို ဆန်အိတ်မအပ်နိုင်ရင်... ဘယ့်နယ်လုပ်မလဲ)လို့ ပူပူပင်ပင် မေးရာကအစ စကားများ လိုက်ကြတာဟာ အင်း... ပြောရမှာ ရှက်လှပါတယ်။ ... အဟုတ်ပဲ၊ အရက်ပုလင်းခွံနဲ့ သူရိုက်လိုက်တာကို ငုံ့ရှောင်လိုက်မိလို့ ပခုံးစွန်းကို ထိပြီး ဒီကံဆိုးက မသေတာဟာ မှားတာပဲ ... ခေါင်းကွဲပြီး သေလိုက်ရရင်... တစ်ခါထဲ ဒီဒုက္ခငြိမ်းမှာပါပဲ အစ်ကိုကံကောင်းရယ် ... " ဟု မချိမဆန့် ညည်းညည်းညူညူကြီး ပြောရင်း စိတ်ပျက်လက်ပျက် ထိုင်ချလိုက်ရှာသူအသန့်ကိုကြည့်ကာ ကျွန်ုပ်မှာ ရင်ထုမနာကြီး ဖြစ်မိ၏။

စင်စစ် တွေး၍ ကြည့်လိုက်ပါက အသန့်အား ဟိုယခင် ဆယ်နှစ်ကျော်ဆယ့်ငါးနှစ်လောက်က ကိုစိန်မောင်၏ လက်ထဲသို့ ဖွတ်တွန်းကာ ထည့်လိုက်သူတရားခံမှာ စစ်၍ကြည့်လိုက်လျှင် ကျွန်ုပ်ပင်ဖြစ် နေပေတော့သည်။ ထို့ပြင်... မည်သို့ပင် ပြောစေ ... လူ့ဘဝသို့ရောက်၍ ပထမအကြိမ် ၁၅၀၀ မေတ္တာဖြင့် ကျွန်ုပ် ချစ်မိသောသူမှာ အသန့်သာလျှင် ဖြစ်နေပြန်၏။ သို့ဖြစ်သောကြောင့် လက်စားချေ အဓိဋ္ဌာန်ကိုငဲ့ကွက်၍ အသန့်အား သူတစ်ပါး လက်တွင်းသို့ ရက်ရက်စက်စက် ထိုးအပ်လိုက်သည်မှာ မှားလေစွ... မှားလေစွ... ဟု နောင်တကြီးစွာရမိ၏။ သို့သော် မိုးလွန်မှထွန်ချ လူမိုက်နောက်မှအကြံရဖြစ်လေပြီ။

"ဒါကြောင့်မို့ အသန့်သည်းမခံနိုင်တော့ဘူး အစ်ကိုကံကောင်း၊ လက်ထပ်ပြီးစ သုံးလေးနှစ်တုံးကတော့ တော်ပါ သေးရဲ့ အဲဒီကတည်းက ဆိုးသမျှပေသမျှကို အသန့်ကြိတ်ပြီးသည်းခံခဲ့တယ်။ အသန့်ကို ကိုယ်ထိလက်ရောက် စော်ကားပေါင်းများလှပြီ၊ အစကတော့ ကြိတ်ပြီး ခံခဲ့တယ်၊ စစ်ပြီးတော့မှ ပိုပြီး ဆိုးလာတယ်၊ အသန့်အိမ်က ထွက်ခဲ့တာ နှစ်ခါရှိပြီ၊ သူအမူးပြေရင် လိုက်ပြီး ခြေသလုံးဖက် တောင်းပန်လို့ အသန့်ပြန်လိုက်သွားခဲ့တယ် ...၊ လိုက်ပြန်တော့လည်း စော်ကားပြန်တာပဲ ဒါကြောင့်မို့ ဒီတစ်ခါတော့ အပြတ်မှအပြတ် သူသေနေတောင် မကြည့် တော့ပါဘူးလို့ ဘုရားအိုးရေသောက်ပြီးမှ ထွက်ခဲ့တာ၊ ချာချီလမ်းက အသိတွေအိမ်ကို သွားရင် သူလိုက်ပြီး ခေါ်ဦးမှာစိုးလို့ အစ်ကို ကံကောင်းဆီကိုပဲ တိုက်ရိုက်လာခဲ့ရတယ်၊ အသန့် နက်ဖြန်ကျရင် မွန္တလေးကိုလိုက် စစ်ကိုင်းချောင်ကို သွားတော့မလို့ဘဲ" ဟု အသန့်ကဆက်၍ မျက်ရည်တစမ်းစမ်းနှင့် ပြောရှာပြန်ပါသည်။

ကျွန်ုပ်ကား သက်ပြင်းကိုသာချမိ၏။ အသန့်ကိုသနားစိတ်လည်း တဖွားဖွား ပေါ်နေ၏။ အစိုးရထံ ဆန်အိတ် အပ်ရဖို့မှာလည်း ဦးစိန်မောင်ထံက ဆန်အိတ်မရလျှင် ခွကျဦးမည်ကို သိ၏။ ဆန်အိတ် ၃၀၀ဖိုး နှင့်တန်သော ပစ္စည်းအထုအထည်လည်း ဦးစိန်မောင်၌ မကျန်တော့ပေ။ ဤကြားထဲတွင် အမှီ၏ ကိစ္စဖြင့် တနင်္သာရီဘက်သို့

အပြေးအလွှားသွားရမည်ကလည်း ရှိနေသေး၏။ လောလောဆယ်ဆယ်တွင် အသနို့အား ကျွန်ုပ်၏ တိုက်ခန်းတွင် နစ်ယောက်ချင်း ညအိပ်လက်ခံရမည်မှာလည်း မသင့်သေး။

စိတ်ထဲတွင် အတွေးမျိုးစုံလုံးလည်ချာလပတ်လိုက်၍ နေပေတော့သည်။ ပြီးမှ... "အင်း ... ဦးစိန်မောင်ကလည်း ခက်တယ်၊ အစ်ကို ကံကောင်းလည်း အသနို့ရဲ့မျက်နှာကြောင့် အစစအရာရာငဲ့ခဲ့တာပဲ အစွမ်းတော့ကုန်နေပြီလေ၊ ဘယ်လိုလုပ်ရမှန်းကို မသိသလောက်ဘဲ အသနို့ရယ် ... ကဲ အစ်ကိုကံကောင်း တစ်ခုပြောမယ်ဟုတ်လား၊ ဒီတစ်ခါတော့ သူ့ကို အသနို့ ခွင့်လွှတ်လိုက်ဦးဟုတ်လား၊ အစ်ကို ကံကောင်းလည်း ခရီးထွက်ရမည့်ဆဲဆဲမှာ မထွက်သေးဘဲနဲ့ ဆန်အိတ် ၃၀၀ ကို တခြားတစ်နေရာက ရအောင်ရှာပြီး ဂယ်ထားလိုက်ရဦးမယ်။ ဒီတစ်ခါတော့ဖြင့် ဦးလေးတို့ လုပ်ငန်းက ငွေနဲ့မဟုတ်ဘဲ အစ် ကိုကံကောင်းရဲ့ ပိုက်ဆံနဲ့စိုက်ပြီး ဂယ်ရမှာ၊ အေးလေ ... ထားပါတော့၊ ဒီတော့ကာ အစ်ကိုကံကောင်းက ဒါ လောက် လုပ်ပေးမယ်ဆိုရင် အသနို့ ကလည်း ခုည ချာချီလမ်းမှာအိပ်။ သူလိုက်ပြီးခေါ်ရင် ခနောင်တိုကို ပြန်လိုက်သွားပါဦးကွယ်၊ ဒီတစ်ခါတော့ သူ့ကို ကျေလိုက်ပါဦး... ဟုတ်လား သုံးကြိမ်သုံးခါ ခွင့်လွှတ်လို့မှ သူနောင်မကြည်ဘူးဆိုရင်တော့ အသနို့ ဘာသာအတိုင်းပဲဟုတ်လား " ဟု ပြေရာပြေကြောင်း ပြောလိုက်ရပေရာ အသနို့ကမူ ခေါင်းကိုသာတွင်တွင်ခါလျက် မဖြစ်နိုင်ပါဘူး အစ်ကိုကံကောင်း ... အသနို့ ဆယ်နစ် လုံးလုံး စဉ်းစားပြီးမှ ဆုံးဖြတ်တာပါ၊ ဒေါသအလျောက် ဆုံးဖြတ်တာမှ မဟုတ်ဘဲ ...၊ ပြီးတော့လည်း အသနို့ မငယ်တော့ပါဘူးအစ်ကိုကံကောင်းရယ် ကိုယ်ဘာလုပ်တယ်ဆိုတာကို မသိတဲ့အရွယ်လည်း ဟုတ်မှမဟုတ်တော့ပါဘဲ အသနို့ စစ်ကိုင်းချောင်ကို သွားမှပဲ ဒီဂင်္ဂါ့က လွတ်မှာ၊ ပြီးတော့ အသနို့လေ သူ့မျက်နှာကို ... "

စကားမဆုံးသေးမီပင် ကျွန်ုပ်၏ တိုက်ခန်းတံခါးကို အပြင်ဘက်မှ တပုံးပုံး ထုလိုက်သော အသံကြောင့် နစ်ယောက်သား စကားပြတ်သွားကြရကာ ကျွန်ုပ်လည်း တံခါးကို ရိုးရိုးမခေါက်ဘဲ တပုံးပုံးနေအောင် ထုသည် ကို ဒေါသထွက်ရင်း " ဘယ်သူလဲ တံခါးကို ဒါလောက် ထုနေတာ" ဟု ခတ်မာမာဆိုရင်း အခန်းတံခါးကို ဖွင့်လိုက်ရလေ၏။ တံခါးပွင့်သွားသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်မှာ နာခေါင်းကို ရှုံ့၍ အသက်ရှူ ရပ်ထားလိုက်မိပေသည်။ တံခါးပေါက်၌ ရပ်နေသူကား ဦးစိန်မောင် ကိုယ်တိုင်ပင် ဖြစ်နေ၏။ သူ့ပါးစပ်မှ အရက်နံ့ တထောင်းထောင်းထွက်၍ နေလေတော့သည်။

ကျွန်ုပ်အံ့အားသင့်ကာ အရက်နံ့ကို မခံနိုင်ဘဲ နာခေါင်းရှုံ့နေမိစဉ်ပင် ဦးစိန်မောင်သည် ပြူးတူးပြဲတဲနီရဲနေသော မျက်လုံးကြီးများဖြင့် အခန်းတွင်းသို့ကဲ၍ကြည့်ကာ အသနို့ပြူးကြောင်ကြောင်ဖြစ်ကာ ထိုင်နေသည်ကို မြင်သည်နှင့် တစ်ပြိုင်နက် " ဟားဟား အသနို့က ဒီမှာကိုးကွ " ဟု သရော်သံကြီးနှင့်ဆိုကာ အိမ်ခန်းထဲသို့ ဒယီးဒယိုင် လှမ်း၍ ဝင်လိုက်သဖြင့် ကျွန်ုပ်လည်းဘေးမှ လိုက်လာရင်း ဦးစိန်မောင်၏အကဲကို ကြည့်နေရလေ၏။ ဦးစိန်မောင်ကား အရက်နံ့တထောင်းထောင်း ထနေသော်လည်း အရက်ဂါရင့်သူပြီပြီ မူးရာကပင်သတိ မလစ်ပေ။ ကျွန်ုပ်က"ထိုင်ပါ ဦးစိန်မောင် ထိုင်ပါ"ဟု ကုလားထိုင်တစ်လုံးကိုဆွဲ၍ ပေးလိုက်သည် ၌ ဦးစိန်မောင်က "ဟား... ဟား မထိုင်ပါဘူး သူဌေးမင်းရယ်၊ ကျွန်တော် အသနို့နဲ့ စကားတစ်ခွန်းနစ်ခွန်း လောက် ပြောချင်လို့ပါ

ဟဲဟဲ၊ ကျွန်တော်လာတာဟာ အနှောင့်အယှက်များ ဖြစ်နေရော့လားဗျာ"ဟု ကျွန်ပ်၏ အိပ်ရာခန်းဆီသို့ မျက်လုံးတစ်ချက်ဂဲ၍ သရော်သံကြီးနှင့် ပြောလိုက်သဖြင့် ကျွန်ပ်မှာ ဟုန်းကနဲ ဒေါသထွက်ခါ လက်သီးကိုပင် တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိပေတော့သည်။

ကျွန်ပ်တွင် ဦးစိန်မောင်၏ မတော်မတရား စကားရိပ်ကြောင့် မျက်လုံးများပင် မီးပွင့်သွားမတတ် ဒေါသထွက်မိ၏။ ကျွန်ပ်က တမင်လွှဲရှောင်ခဲ့၍ သူရယူနိုင်ခဲ့သော အသန့်ကို သူ့ထံ ပြန်သွားရန် ကျွန်ပ်က တိုက်တွန်းနေသည့်ဆဲဆဲ၌ ဤစကားကိုကြားရသည်မှာ တကယ်ပင် မခံချိစရာရှိလှပေတော့သည်။ သို့သော် အရက်မူးနေသူ ဖြစ်သည့်အလျောက် ပေါက်ကွဲ၍ ထွက်အံ့သော ဒေါသကို အနိုင်နိုင်ချုပ်ထိန်းလိုက်ရ၏။ အသန့်ခမျာမှာလည်း မျက်ရည်တွေတွေ ကျဆင်းလျက် နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ကာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်၍ နေရှာပေတော့သည်။

ဤအခိုက် ဦးစိန်မောင်လည်း မသိမသာ ယိမ်းထိုးနေရင်းက "ကိုင်း ... အသန့် ကိုစိန်မောင်ကို အပြီးအပြတ် ပစ်ပြီး သွားတော့မလို့ဆို ဟုတ်လား... ဟဲ ဟဲ ကိုစိန်မောင်ရယ်လေ အသန့်ကို ချာချီလမ်း မှာတောင် လိုက်ပြီး ရှာသေးတယ်၊ မတွေ့ဘူး။ ဒါနဲ့ အသန့်ချာချီလမ်းအပြင် ဘယ်မှာများ အားကိုးရှိသေး သလဲလို့ တွေးလိုက်တော့ အဟဲ ... အသန့် ဘယ်မှာဆိုတာ ကိုစိန်မောင်ချက်ချင်း တွေးမိတာပေါ့ကွဲ့ ဟဲဟဲ ... " ဟု စကားစ လိုက်ပြန်၏။ ကျွန်ပ်ကား ဦးစိန်မောင်ကို လည်ကုပ်မှကိုင်၍ ပြတင်းပေါက်ကပစ်ချရန် အူယား၍ နေပေပြီ။

သို့သော် အသန့်၏ ရှေ့တွင် ရုံးရင်းဆံခတ် မဖြစ်လိုသောကြောင့် ဒေါသစိတ်ကို ဖွတ်မိုတ်၍ ချုပ်ထားရရင်း၊ " ထိုင်ပါဦး ဦးစိန်မောင်၊ ဦးစိန်မောင်အတော်မူးနေပါတယ်၊ ထိုက်လိုက်ရင် သက် သာပါလိမ့်မယ်၊ ကျွန်တော် ရေခဲသေတ္တာထဲက ရေခဲသွားယူပါဦးမယ်၊ နဖူးမှာကပ်လိုက်ရင် အမူးသက်သာသွားပါလိမ့်မယ်" ဟု အကျိုး အကြောင်း ဖြောင်းဖြောင်းဖျဖျ ပြောလိုက်ရပြန်၏။ သို့တိုင်အောင် ဦးစိန်မောင်က အရက်ဖြင့် မှေးနေသော မျက်လုံးများကို ပြူး၍ ကြည့်ရင်း မဲ့မဲ့ရွဲ့ရွဲ့ပြုံးရောက " ဒုက္ခမရှာပါနဲ့ သူဌေးမင်းရဲ့ ဟဲဟဲ ... သူဌေးမင်းအိမ်က ဖရီဂျီဒယ်ယာတွေ ဘာတွေနဲ့ ဟန်ကျသနော်ဟားဟား ... အသန့် ဘယ်တုန်း က အိမ်ကို ရောက်သတုန်း" ဟု စကားဖောက်လိုက်ပြန်သဖြင့် အသန့်လည်း ကျွန်ပ်နှင့်မတူတရူ စကားရိပ် ၍ ဦးစိန်မောင်ပြောဆိုနေသည်ကို မခံမရပ်နိုင်တော့သည့်အလား "ဘယ်အချိန်က ရောက်ရောက် ရှင့်အပူ တပြားသားမှ မရှိဘူး၊ ကိုင်း ... မူးမူး ရူးရူးနဲ့ သူများအိမ်မှာ အရှက်လည်းမရှိဘူး၊ သွားပါတော့ရှင် ... သွားပါတော့" ဟု ပြောရင်းက အသံတွေ အက်ကွဲကာ ချုံးချ၍ ငိုရှာလေတော့သည်။

ကျွန်ပ်လည်း ဦးစိန်မောင်၏လက်ကိုအသာဖေး၍ သူ့ကိုယ်ကာယ ယိုင်ထိုးနေသည်ကို မှေးရင်း " ကဲ ... ဦးစိန် မောင် ခနောင်တိုကိုပြန်ရင် ကောင်းမယ်ထင်တယ်ဗျာ၊ ကျွန်တော်လိုက်ပို့ပါရစေ"ဟု ပြောလိုက်ရ၏။ မပြောလျှင် မဖြစ်တော့ပေ။ ဦးစိန်မောင်မှာ မူမမှန်တော့အောင် မူးယစ်နေပေရာ သူနှင့် စကားဆက်၍ ပြောနေပါလျှင်လည်း အရာထင်တော့မည်မဟုတ်။ ကျွန်ပ်၏ သိက္ခာကိုစော်ကားသော စကားလုံးများပါ၍ လာတိုင်းလည်း ကျွန်ပ်မှာ ဒေါသဖြစ်ရပေရာ အရက်မူးဟုဆိုသည့်တိုင်း မူးပါးကြီးဖြစ်သော ဦးစိန်မောင် မြန်မြန်ထွက်သွားလျှင်ကောင်းမည်

ဟု စိတ်ရှုတ်ရှုတ်နှင့်တွေးမိသဖြင့် ခနောင်တိုအထိ ကျွန်ုပ်ကိုယ်တိုင်ပင် လိုက်၍ပို့ရပေတော့မည်ဟု ပိုင်းဖြတ်ကာ ပြောလိုက်ရ၏။

ဤသို့ စေတနာနှင့် ပြောလိုက်ခါမှပင် ဦးစိန်မောင်က တဟားဟား ရယ်ပြန်ကာ " ကျွန်တော်သွားမှာပါပဲ သူဌေးမင်းရယ် ကျွန်တော် ကြာရှည်နောက်ယှက်နေမှာ မဟုတ်ပါဘူး ခင်ဗျ၊ ဟဲဟဲ ... ကဲ ... ကဲ မကြီးရွှေစာ မယ်ပဘာရေ့၊ မောင်တော်နဲ့ ပြည်ကြီး သာဂလ ခနောင်တိုကို ပြန်ပြီး လိုက်မှာလားကွယ် အဲ ဟယ် ... " ဟု ကုသဟန်နှင့် ဇာတ်ဆန်ဆန်လုပ်၍ မေးနေပြန်၏။ ကျွန်ုပ်ကား ဒေါသလည်းထွက်မိ၏။ အရက်ဖျက်ဆီးသဖြင့် အမျိုးကောင်း သားသမီးအဖြစ်မှ အပျက်ကြီး ပျက်စီးရသော ဦးစိန်မောင်၏ ဘဂကို နမြော၍လည်းနေမိ၏။ ထိုအခိုက်တွင် ဦးစိန်မောင်သည် အသန့်အနီးသို့ ကပ်ရန် ခြေတစ်လှမ်းတိုးလိုက်ရာ အသန့်လည်း ထိုင်ရာမှထ၍ ဆုတ်ဖယ်ရင်း " ရှင်ကျွန်မကို မထိနဲ့နော်သွား ... သွား၊ ရှင့်အရိုက်အနက် အနှိပ်စက်လည်း မခံပါရစေနဲ့၊ အိမ်ကိုလည်း မလိုက်ပါရစေနဲ့၊ ကိုယ့်ဟာကိုယ်... သတ္တဂတပဲနေပါရစေ အပူမရှာပါနဲ့၊ ရှင့်ဟာရှင် သွားပါတော့ ရှင်၊ ရှင့်မယားငယ် စက်ထဲကကူလီမနဲ့သာသွားပြီး ပျော်ပျော်ပါးပါးနေချေပါတော့"ဟု ဒေါသနှင့် ပြောချလိုက်သဖြင့် ကျွန်ုပ်လည်း ဦးစိန်မောင်၏ စာရိတ္တပျက်ကွက်မှု တစ်မျိုးကို နောက်ထပ်တိုး၍သိရ ပြန်ပေတော့သည်။ အသန့်သည် ကျွန်ုပ်အား ရှက်သဖြင့် ဤအကြောင်းကို ထိမ်ချန်ထားခဲ့ရာ ယခုမှ ဒေါသအထွက်ကြီး ထွက်သဖြင့် ပါးစပ်က မအောင့်အည်းနိုင်ဘဲ လွတ်ထွက်လာရခြင်းဖြစ်ဟန်တူ၏။

ထိုစကားကို ကြားရသည်နှင့် တစ်ပြိုင်နက် ဦးစိန်မောင်လည်း တဟားဟားရယ်ပြန်ကာ ကျွန်ုပ်ကို မျက်စောင်းတစ်ချက်ဂဲ၍ " ဟဲဟဲ အသန့်ကလဲ အတူတူနဲ့အနူနူပါပဲကွယ်၊ အဟဲ ကိုစိန်မောင် သိတယ်လေလေ့...၊ " ဟု လက်ညှိုးကလေး တစ်ဘက်ထောင်ကာ ပုဏ္ဏားကကပြန်သဖြင့် ဤတစ်ကြိမ်၌မူ ကျွန်ုပ်မှာ ဒေါသကို မချုပ်နိုင်မီ ဦးစိန်မောင်၏ လက်ကို တံ့၍ဆွဲလိုက်မိရင်း " တော် ... ဦးစိန်မောင် တော်ပါ၊ ခင်ဗျားစကားတွေ လွန်လာပြီနော်" ဟု စိမ်းစိမ်းကြည့်ကာ ဟန့်လိုက်သည်၌ ဦးစိန်မောင်မှာ မျက်နှာကလေးနှင့်ဖြစ်သွားပြန်ပြီးလျှင် " ပြန်ပြီး လိုက်ခဲ့ပါ အသန့်ရယ်၊ ကိုစိန်မောင် အသန့်မရှိရင် မနေတတ်ပါဘူးကွယ်၊ အသန့် ကိုစိန်မောင့်ကို ပစ်သွားရက်တော့မှာလားဟင်" ပြောပြောဆိုဆိုနှင့်ခွေ့ခနဲဒူးပစ်၍ထောက်လိုက်ပြန်သောကြောင့် ကျွန်ုပ်မှာလည်း အတော်ခွကျနေရပေတော့သည်။

ဤခဏတွင် ဦးစိန်မောင်လည်း မျက်ရည်တွေ အဖြိုင်ဖြိုင်စီးရာက ငိုကြီးချက်မနှင့် " အသန့်မရှိရင် ကိုကို မောင် ဘယ်လို လုပ်နေရပ့ါမလဲကွယ်။ အသန့်ရယ် ရက်စက်တော့မှာလားဟင် ဒီလင်ကြီးကို ရက်စက်တော့မှာလားကွဲ့ ချစ်မယားရဲ့ " ဟု အော်ကျယ် ဟစ်ကျယ်ဆိုတာ နောက်ဆုံး၌ ဟီးချ၍ ငိုနေပြန်ချေ၏။ ကျွန်ုပ်မှာကား ဦးစိန်မောင်၏ ယစ်ထုပ်ဘဂ အရှုးတစ်ပိုင်းဖြစ်ပုံကို ကြည့်ကာ သူ့အသံကို လမ်းသွားလမ်းလာများ နှင့် တိုက်တစ်ဘက်ခန်းမှ လူများကြားမည်ကိုစိုးမိလျက် "တိတ်ပါ ဦးစိန်မောင် တိတ်ပါ၊ ကိုင်း ... ထ ဗျာ ခနောင်တိုကို ပြန်ရအောင် " ဟု သူ့အားချိုင်းကြားမှ မ လိုက်ရ၏။ သို့သော် ဦးစိန်မောင်ကား ပွဲကျွံ၍နေသူ ဖြစ်သည့်အတိုင်း ကျွန်ုပ်၏လက်ကိုတွက်ခါ၍ ပစ်ရင်းက။

မိန်းမဆိုတာ ဆောင်းလေပမာအညီ အတွင်းသဘောဟောဟောတွေ မတည်ကြည် ပြောင်းလဲဟဲဟဲတတ် သည် ခင်မောင်ရင် တစ်ကိုယ်တည်းမှာ အရူးဟူးဟူးကြီးပမာ ဖြစ်ခါ ဇာတ်သိမ်းဟိန်းဟိန်းမည်" ဟုကောက်ကာ ငင်ကာ အသံကုန်ဟစ်ရင်း အသန့်၏ခြေကိုပြေး၍ ဝမ်းလျားဟတ်ထိုးဖက်လိုက်၏။ အသန့်လည်းလန့်၍ ခုန်လိုက်ရာ ဦးစိန်မောင်၏ လက်မှလွတ်သွားသော်လည်း တရုတ်ကြွေးအိုးတွင် ပန်းစိုက်၍တင်ထားသောစားပွဲ ခြေတံရှည်ကလေးကိုခိုက်မိသဖြင့် စားပွဲလဲကျပန်းအိုးလည်းကွဲရှကာ တဝုံးဝုံး တပြုံးပြုံးဖြစ်၍ သွားရပေတော့ သည်။

အသန့်ကား တကိုယ်လုံး နတ်ကျသကဲ့သို့ ဖြစ်နေရှာပြီးလျှင် တွေ၍ ကျောက်ရုပ်ကြီးကို ဖြစ်နေရှာ၏။ ပြီးမှ ကြမ်းပေါ်၌ သေနတ်မှန်ထားသော ဝက်ကြီးကို သက်ပြင်းရှိုက်ခါ ဝမ်းလျားထိုးကြီးဖြစ်နေသော ဦးစိန်မောင် အား ရွံ့ရှာစွာကြည့်လိုက်ပြီးလျှင် "ကိုင်းပုလိပ်ကိုသာခေါ်ပြီး အပ်လိုက်ပေတော့ အစ်ကိုကံကောင်းရယ် သည့်ပြင် နည်းလမ်းတော့မရှိတော့ဘူး၊ အသန့်လည်း သူ့ကိုကြည့်ရတာ အော့နလုံးနာလှတယ်၊ ချာချီလမ်း ကို သွားတော့ မယ်"ဟု ပြောကာ ကြာရှည်မနေလိုတော့သည့်အလား လက်ဆွဲသားရေအိတ်ကလေးကို ကောက်၍ ဆင်းသွား ရှာ၏။ အသန့်ဆင်းသွားသည်နှင့် မိနစ်မျှမခြားမိ တစ်ဘက်ခန်း၌နေသောကုလားအချို့သည် တဒုံးဒုံး ဖြစ်သံများ ကို အကြောင်းပြုကာ ကျွန်ုပ်၏ အခန်းဝ၌လာ၍ ရပ်ကြည့်ကြသည်ကိုတွေ့ရပေရာ ကျွန်ုပ်လည်း မျက်နှာရှိန်း ခနဲပူရလေတော့သည်။ ဤအဖြစ်မျိုးကား ကျွန်ုပ်၏ အခန်းတွင် တစ်ခါမျှမဖြစ်စဖူးပေ။ ထို့ကြောင့် ကုလားများ အား ဘာမျှဖြစ်ကြောင်း မကြာခင် ကျွန်ုပ်၏ မိတ်ဆွေ အမူးပြေသွားမည့် အကြောင်းများကို ပြောကာ နှင်လိုက် ရင်း တံခါးကိုပိတ်၍ ဦးစိန်မောင်အား ကြမ်းပြင်မှ ထူလိုက်ရပေသည်။

ဦးစိန်မောင်သည် ကြမ်းပြင်၌ ခွေ့ခွေ့ကြီး ဖြစ်နေရာက ကုန်းကွ၍ အလိုက်သင့်ပါလာသဖြင့် ဆိုဖာကို သူ့ ကိုယ်မှီ၍ ထားခဲ့ရပြီးလျှင် ရေခဲသေတ္တာမှ ရေခဲတုံးများကို ယူ၍ သူ့နားထင်တွင် ကပ်ပေးရ၏။ ရေခဲ၏ သတ္တိ ကြောင့် မျက်လုံးကြီးပိတ်၍နေသော ဦးစိန်မောင်သည် ဆိုဖာလက်တင်ပေါ်၌ ဇက်လန်နေရာက နာရီဝက်ခန့် အကြာတွင် အမူးပြေကာ ခေါင်းထောင်၍လာ၏။ ခေါင်းထောင်နိုင်သည့်ခဏတွင် ခေါင်းထဲက အမူးကို တွက်ခါ ၍ပစ်သလို ခေါင်းကို သုံးလေးချက် ဆတ်ဆတ် ရမ်းလိုက်ရင်း မျက်လုံးကိုဖွင့်၏။ ပွင့်လာသော မျက်လုံးကို ပွတ်၍ကြည့်၏ ပြီးမှ အားယူ၍ သူ့ဘာသာသူထလိုက်ရင်း "အသန့်ကောခင်ဗျာ" ဟု ညောင်နာနာအသံဖြင့် မေးကာအုံ့၍ နေဟန်တူသော နားထင်ကို လက်ဖနောင့်ဖြင့် ဖိ၍နေ၏။

ကျွန်ုပ်လည်း ဦးစိန်မောင်သတိကောင်းစွာ ရ၍လာသည်ကို ကျေနပ်မိလျက် " အသန့်ချာချီလမ်းက အိမ်ကို သွားပြီ.. လိုက်သွားချင်သလား ကျွန်တော်လိုက်ပို့မယ်လေ " ဟု ပြောရ၏။ ဤတွင် ဦးစိန်မောင်သည် ကြမ်း ပြင်ကို စိုက်စိုက်ကြီးတွေဝေငေးမောနေသည်မှာ အတန်ကြီးကြာ၏။ ပြီးကာမှ ကျွန်ုပ်အားညှိုးငယ်သော မျက်နှာ ဖြင့် ကြည့်ကာ "မလိုက်တော့ပါဘူးဗျာ၊ ခမျာမှာဝဋ္ဋကျွတ်ချင်နေတာကြာပါပြီ၊ အင်း ... ဒီ တစ်ခါတော့ဖြင့် သူဝဋ္ဋ ကျွတ်ချင်တဲ့အတိုင်း ကျွတ်ရရှာပေတော့မယ် မလိုက်ပါဘူး ... ကျွန်တော့် ဘဝဆိုးထဲမှာ သူ့ကို ဆွဲခေါ်ပြီး

မနစ်ချင်တော့ပါဘူးဗျာ"ဟု ပြောရှာ၏။ ကျွန်ုပ်မှာ ဦးစိန်မောင်အမူးပြေရာ၌ တကယ့်လူကောင်းပကတိ သူ့အပြစ်ကိုသူ သိသိရရ ပြောသည်ကို သနားသယောင်ပင် ဖြစ်သွားမိ၏။

ထို့ကြောင့် -

"နဲနဲဆင်ခြင်မှပေါ့ ဦးစိန်မောင်ရယ်" ဟု စကားစ လိုက်သည်တွင် ဦးစိန်မောင်က မချိပြုံး ပြုံးရင်း လက်ဂါး အသာအယာ ကာရင်းက"မရတော့ဘူး ကိုကံကောင်း မပြောနဲ့တော့ ကျွန်တော့်ဘဝက လွန်နေပြီ" ဟု ပြောပြောဆိုဆို သက်ပြင်းကြီးတစ်ချက်ချပြန်၏။ ထို့နောက် ချက်ခြင်းပင် မျက်နှာထားကို ပြင်ကာ အဂတ်အစားများကို ဖုတ်ဖတ် ခါရမ်းပြီးနောက် ကျွန်ုပ်၏ လက်မောင်းကို ဆုတ်ကိုင်လိုက်ရာက "ကိုင်း ကျွန်တော် ခနောင်တိုကို ပြန်မယ်ဗျာ၊ အသန့်ကို နောင် တွေ့ရင်သာ ကျွန်တော် နောက်ဆုံးနှုတ်ဆက်သွား မယ်လို့သာ ပြောလိုက်ပါတော့ ဟုတ်လား၊ အသန့်နဲ့ကွဲရတော့မည့်တူတူမို့ ကြည်ကြည်သာသာပဲ၊ နှုတ်ဆက်သွားပါပြီလို့ ပြောလိုက်ပါတော့ဗျာ အဲဒီအတိုင်း ပြောပါနော် "ဟု တရရမှာကြားပြီးလျှင် တခါးကိုဖွင့်၍ လှေကားလက်ရမ်းပိုက်လုံးကို အားပြုကာ ဆင်းသွား၏။ ကျွန်ုပ်မှာလည်း ထိုအခါတွင်မှ သက်ပြင်းကြီးချမိကာ တံခါးကို ပိတ်လိုက်ရပေတော့သည်။

**ဆက်ရန်**

## တင့်တယ် ၏ ကမ္ဘဖလ အပိုင်း (၁၈)

### စနေနှင့်အင်္ဂါ

ယနေ့ကား ကျွန်ုပ်၏ အသက်ကို ဖက်နှင့်ထုပ်ရသောနေ့ဖြစ်၏။ အထက်ပါ ခေါင်းစဉ်ကလေးကိုတပ်၍ ကျွန်ုပ်၏ အဖြစ်စဉ်မှတ်တမ်းကို ရေးမည်ဟု စလိုက်ကာမျှ ရှိသေး ကျွန်ုပ်၏ ဂတ်လုံများသည် မျက်နှာပျက် နှင့် ကြိုးတိုက်သို့ ရောက်လာကြ၏။ ကျွန်ုပ်မျှော်မှန်းသည့် အတိုင်းသမ္မတကြီးထံ တင်သောအသနားခံစာ များ အပယ်ခံရပေပြီ၊ နောက်ဆုံးသုံးရက်ကြာသောအခါ၌ ကျွန်ုပ်အား ကြိုးစင်သို့တင်၍ ကြိုးပေးခြင်းကို ခံရပေတော့မည်။

ကြိုးဒဏ်ခံရတော့မည်မှန်း သေချာသော ဤအခိုက်အတန့်၌ ကျွန်ုပ်သည် များစွာတုန်လှုပ်ချောက်ချားမိ၏။ သို့သော် ဤအဖြစ်စဉ် မှတ်တမ်းမှာ တကယ်တန်း အရေးကြီးသော အဆုံးသတ်အပိုင်းသို့ ရောက်နေပြီဖြစ်သဖြင့် စိတ်တုန်လှုပ်ချောက်ချားသော်လည်း မရေးဘဲရပ်မထားခဲ့နိုင် မပြီးပြီးအောင် လူ့ဘဝ၌ နေရမည့်သုံးရက်အတွင်းတွင် ကြိုးစား၍ ရေးရပေတော့မည်။ ရှေ့ပိုင်းမှာ ကဲ့သို့ စီကာပတ်ကုံးကား ရှချင်မှရှိပေမည်။ သို့သော် ကြိုးစင်တက်ရန် သုံးရက်သာ လိုတော့သော ကျွန်ုပ်အား အရေးအသား မပြေပြစ်ပုံ ရှိခဲ့ပါသော် ခွင့်လွှတ်ကြဖို့ပင်၊ ကျွန်ုပ်၏ အဖြစ်စဉ်ကိုကား ကုန်စင်အောင် ရေး၍ ကံကြမ္မာကို သရော်ဖြစ်အောင် သရော်ခဲ့ပါရစေ။

ဆက်ရမည်ဆိုပါလျှင် ကျွန်ုပ်၏ တိုက်ခန်းမှ ဦးစိန်မောင် ဆင်းသွားသောအခါမှာ ည ၇ နာရီခန့်ပင် ရှိပေပြီ၊ ကျွန်ုပ်လည်း စိတ်ငြိမ်သက်သွားကာမှ ထမင်းဆာ၍ လာသောကြောင့် ကုလားဟော်တယ်မှ ပို့သော ထမင်း

ချိုင့်ကို ကြည့်၏။ မဆလာနှံ့ကို ရကာမျှဖြင့် စောစောက အရက်ခိုးများ ရှူမိသည့် အရှိန်ဖြင့် စားလိုစိတ် ပျောက်ကွယ်သွားပေရာ အစားအသောက်အပြောင်းအလဲ ရစေတော့ဟု တရုတ်တန်းသို့ ထွက်၍ ထမင်းစား၏။ ထိုမှတစ်ဖန် ဦးစိန်မောင် အေးအေးချမ်းချမ်း ပြန်သွားပုံကို အသန့်အား ပြောလိုသဖြင့် ချာချီလမ်းသို့ လာခဲ့၏။ အသန့်ကို အဆင်သင့်ပင် တွေ့ရပေသည်။

ကျွန်ုပ်အား မြင်သည်နှင့် တစ်ပြိုင်နက် အသန့်က "ဟော… အစ်ကို ကံကောင်း ဘယ့်နယ်လဲ … ဟိုယစ်ထုပ်ကို အခန်းမှာ သိပ်ပစ်ခဲ့ရထင်ပ့ါ" ဟု ဒေါသ မပြေသည့်တိုင် ဆယ်နှစ်ကျော် ပေါင်းသင်းခဲ့ရသော ခင်ပွန်းလူဆိုး၏ အကြောင်းကို မေး၏။

ကျွန်ုပ်လည်း ခရီးရောက်မဆိုက်ကပင် "တကယ့် လူဆန်းပဲ အသန့် ရဲ့ … အမူးနဲနဲပြေတော့ သူ့ကိုယ်သူ မှားမှန်းသိပြီး အသန့်ကို သူနောက်ထပ်ပြီး မနှောင့်ယှက်ပါဘူးတဲ့ အသန့်နဲ့ ခွဲရတော့မည့်တူတူမို့ ကြည်ကြည် သာသာပဲ နှုတ်ဆက်သွားပါပြီလို့ အသန့်ကို ပြောလိုက်ဖို့တောင်မှာပြီး ခနောင်တိုကို ပြန်သွားလေရဲ့ " ဟု ပြောလိုက်ရာ သို့ပြောလိုက်သည်နှင့် တစ်ပြိုင်နက် အသန့်မှာချက်ခြင်း မျက်လုံး မျက်ဆံပြူးလာရာက "နေပါဦး …နေပါဦး သူ ဒီစကားအတိုင်းပဲပြောပြီး နှုတ်ဆက်သလားဟင်" ဟု မေးလေရာ ကျွန်ုပ်လည်း အံ့အားသင့်ရာက "ဟုတ်တယ်လေ သူကတောင် သူ့စကားလုံးတွေအတိုင်း ပြန်ပြောလိုက်ပါလို့ သေသေချာချာမှာသွားသေးရဲ့ ဘာပြုလို့လဲ" ဟု ကမန်းကတန်း မေးလိုက်ရသည်၌ အသန့်ခမျာ ပို၍ထိတ်ထိတ်ပြာပြာ ဖြစ်လာရင်း "အမယ် လေးဒုက္ခပါပဲ အစ်ကိုကံကောင်းရယ် လိုက်… လိုက် မြန်မြန်ခနောင်တိုကိုလိုက် သူဒီစကားကို ပြောတာ ဒီအခါ ပါနဲ့ နှစ်ခါ ရှိပြီ၊ အရင်တုံးကလည်း ဆန်အိတ်တွေ ရောင်းပြီး အနီထောင် ရှုံးပစ်တုန်းက နောင်တရတဲ့အခါမှာ သူ့ မိဘလက်ငုတ် ဆန်စက်ကြီးတွေကို သူများလက်အပ်ရမှာ ရင်ထုမနာရှိလှလို့ ဆန်စက်ကြီးတွေကိုမီးရှို့ပြီးထောင် ရက်ရှည် အကျခံတော့မယ်လို့ ပြောဖူးတုန်းက (အဲဒီလိုများလုပ်မယ်ကြံရင်လေ… အသန့်နဲ့ခွဲတော့မည့် အတူတူ မို့ ကြည်ကြည်သာသာပဲ နှုတ်ဆက်သွားပ့ါမယ်ကွယ်) လို့ဆိုဖူးတယ်။

အခုလည်း ဒီစကားကို သုံးပုံထောက်တော့၊ ပြီးတော့လည်း ခနောင်တိုကို ပြန်သွားပုံ ထောက်ပြန်ရင် ဧကန္တ သူတစ်ခုခု ကြံတာနဲ့တူတာပဲ အစ်ကိုကံကောင်းရေ၊ …လာ … ခနောင်တိုကို သွားကြစို့ အသန့်လည်း လိုက်မယ် "ဟု ပြောလိုက်သဖြင့် ဦးစိန်မောင်၏ မတော်မတရား အကြံအစည်ကိုသိရကာ ကျွန်ုပ်ပင်လျှင် ထိတ်ထိတ်ပြာပြာ ကြီးဖြစ်သွားရ၏။ ပြီးမှ " ဟုတ်မှ ဟုတ်ရဲ့လား အသန့်ရယ်၊ သူ့ဒါလောက် ပက်ပက်စက်စက်" "အမယ်လေး အစ်ကိုကံကောင်း သူ့အကြောင်းကို သိတာ မဟုတ်ဘူးနော် … သူ့အကြောင်းကို အသန့်ထက်ပိုပြီး ဘယ်သူ နိုင်မှာလဲ လာသွားကြစို့ တော်တော်ကြာ မမီလိုက်ဘဲနေလိမ့်ဦးမယ်"ဟု ဆိုကာ ဖိနပ်ကိုစီးသဖြင့် ကျွန်ုပ်လည်း ကျွန်ုပ်တို့၏ ငွေရင်းငွေနှီး သွင်းထားသော ဆန်စက်ကြီးများကို ဦးစိန်မောင်မီးရှို့ပစ်မည်ဆိုခြင်းမှာ အသန့်၏ စကားအတိုင်း မမှန်ပါက အရေးမကြီး မထောင်းတာ၊ အကယ်၍သာ အသန့်ပြောသည့်အတိုင်း မှန်ကန်ပါက အကျိုးကြီးနည်းတော့မည်ဖြစ်သည်ကို တွေးမိသောကြောင့် ထိုင်မိသည့်ခဏကပင် ပြန်၍ထကာ လက်ပတ်နာရီ ကို ကြည့်လိုက်မိ၏။ အချိန်မှာ ၈ နာရီသာသာရှိနေပြီဖြစ်၏။

ဤတွင် အကယ်၍ ဦးစိန်မောင်သည် ဆန်စက်ကြီးများကို မီးတင်ရှို့မည် အမှန်ဖြစ်ပါက ညဦးပိုင်း၌ကား ရှို့မည်မဟုတ် သန်းခေါင်ကျော်လူခြေတိတ်မှသာ ရှို့မည်ဖြစ်ပေရာ အချိန်အနည်းငယ် ရသေးသောကြောင့် ကျွန်ုပ်လည်း ခနောင်တိုသို့ အသန့်လိုက်ရန် မလိုကြောင်းကို တွေးမိသဖြင့် "အသန့်နေရစ်လေ ... အစ်ကို ကံကောင်းတစ်ယောက်တည်းဆိုရင် ပိုပြီးမြန်လိမ့်မယ်၊ ပြီးတော့ ဟိုကပြန်ရင် ရန်ကုန်ကို သန်းခေါင်လောက်ကျမှ ရောက်မှာ။ ဒီတော့ နေရစ်ခဲ့၊ အစ်ကိုကံကောင်း တစ်ယောက်ထဲပဲ သွားမယ်၊ ကဲ ... ကြာတယ်သွားမယ်" ဟု ပြောပြောဆိုဆို ချက်ခြင်းထွက်ခဲ့၏။ အသန့်လည်း ခနောင်တိုကို လိုက်လိုဇော ရှိသော် လည်း ကျွန်ုပ်နှင့် နှစ်ယောက်ချင်းသန်းခေါင်သန်းလွဲအထိ သွားလာရန်မှာ မတော်ပုံကို ရိပ်မိလျက် ခြေလှမ်းတုံ့ကာ ကျန်ရစ်ပေသည်။

ရေဆန်နှင့်မိနေသဖြင့် ဆယ်နာရီနီးပါးရှိခါမှပင် ကျွန်ုပ်၏ သမ္ပန်သည် ခနောင်တိုသို့ ရောက်၏။ ဦးစိန်မောင်တို့၏ ဆန်စက်ကြီးမှာ ဆိပ်နှင့်အတော်ဝေးပေရာ ကျွန်ုပ်မှာ အပြေးကလေးလာခဲ့ရ၏။ ဆန်စက်ဝင်းမှ မီးတောက်မီးလျှံများ မြင်ရလေမည်လားဟု တထိတ်ထိတ် ရှိရ၏။ ပူပြင်းသော နွေရာသီဖြစ်၍ မီးရှို့ ထဲလိုက်လျှင် တလင်းပြောင်ပြာပုံသာ ကျန်ရစ်ပေမည်။ မီးသတ်စက်အား ကောင်းကောင်းလည်း မရှိ၊ သို့သော် ဆန်စက်ဝင်းကြီးမှာ မဲမှောင်တိတ်ဆိတ်လျက် ဆန်စက်ကြီးများမှာ သရဲတဘက်တွေ ငုတ်တုတ်ထိုင် နေသယောင်ထင်ရ၏။ ဝင်းအတွင်းသို့ ရောက်ခဲ့၍ အိမ်ကြီးဆီသို့ ပြေးခဲ့သောအခါ၌ကား အိမ်ကြီးအတွင်းတွင် မီးရောင်ရှိသေးသည်ကို မြင်ရသဖြင့် အိမ်ဝင်ပေါက်တံခါးမကြီးမှာ မဟတဟ ရှိနေသောကြောင့် " ဦးစိန်မောင် ဦးစိန်မောင် အား တစ်ယောက်တည်း စားပွဲတွင်ထိုင်ကာ တွေ့ရပေသည်။ စားပွဲပေါ်၌ကား အရက်ပုလင်းနှစ်လုံးတင်ထား၏။ တစ်လုံးမှာ အခွံသာကျန်၏။ ကျန်တစ်လုံးမှာကား တစ်ဂက်ချောပေပြီ။

ကျွန်ုပ် ဤကဲ့သို့ ဒရောသောပါး ပြေးတက်လာသည်ကို ဦးစိန်မောင် ပြုံးစေ့စေ့နှင့် ကြည့်နေ၏။ သူ၏အပြုံးမှာ ပြုံးရိုးပြုံးစဉ်မဟုတ် အရက်နာကျ၍ ဘဂတုံးသောအခါမျိုး၌ ပြုံးသော ဘဂထက်ပိုင်းကျိုး အပြုံးမျိုးသာဖြစ်သည်ကို ကျွန်ုပ် သတိထားမိ၏။ ကျွန်ုပ်အိမ်ပေါ်သို့ရောက်၍ သူ့အနားသို့ချဉ်းကပ်မိသည် ၌ ဦးစိန်မောင်က " ဟွန့် " ခနဲ ကြို့ထိုးသလို တစ်ချက်ရယ်သံပြုကာ "ကိုင်း ဆိုစမ်း ... ကိုကံကောင်း ဘာများလိုချင်ပြန်လို့ ညကြီးမင်းကြီးမှာ လိုက်လာရပြန်သလဲဗျာ"ဟု မေးလိုက်ရာ ကျွန်ုပ်မျာ အဖြေရခွကျနေ၏။ သူ့အားဆန်စက်များကို မီးရှို့ရန် ကြံသလားဟု ကျွန်ုပ်မေးလျှင် သူက (ခင်ဗျားရူးသလား)ဟု ပြန်၍ မေးပါက အတော်ခက်ပေလိမ့်မယ်။ ထို့ကြောင့် " တခြားတော့ မဟုတ်ပါဘူးဗျာ၊ မနက်ဖြန်ကျရင် ကျွန်တော်ကလည်း ခရီးထွက်မည့်ဆဲဆဲမို့ ခင်ဗျားဆီက ဆန်အိတ် ၃ဂဂ ကိစ္စကို ပြီးပြတ်အောင် စီမံချင်လို့ အခုညကိုပဲအချိန်ရလို့ လိုက်လာခဲ့တာပဲ" ဟု တစ်ဘက်က လှည့်၍ ပြောရသည်၌ ဦးစိန်မောင်လည်း ဘဂထက်ပိုင်းကျိုး အပြုံးမျိုးထပ်၍ပြုံးကာ "ဟွန့်"ခနဲကြို့ထိုးသံနှင့်ရယ်ပြန်ရင်း " ခင်ဗျာ့ဆန်အိတ် ၃ဂဂ ကို ကျွန်တော်ရောင်းစားလိုက်ပြီလေ။ ရောင်းစားလို့ အသန့်နဲ့တောင် ဒီနေ့ကွဲကြပါပကော။ ခင်ဗျာ့ဆီကို ကျွန်တော်ရောက်တော့ အိတ်ထဲမှာ ငွေတွေ ပါပါသေးရဲ့၊ ဒီငွေတွေအနီထောင်ပိုင်းကို ဝင်ပြီးအပွတင်တာမှာ မပွဘဲတစ်ချက်ထဲနဲ့ ပိန်သွားလို့ ဒိုင်ကပေးလိုက်တဲ့ အရက်ပုလင်းကို မဂမှာစိုးလို့ ကျုပ်ဘာသာကျုပ် တစ်လုံးထပ်ဂယ်ပြီး ခုနကပဲပြန်ရောက်တယ်" ဟု ပြုံးစေ့စေ့နှင့်ပင် ပြောလိုက်သဖြင့် ကျွန်ုပ် လည်း မထီလေးစားနိုင်လှပုံကို အရက်မူးသော ဘာသော နားမလည်တော့နိုင်ဘဲ ဒေါဖြစ်မိကာ

"ဒါဖြင့် ခင်ဗျား ကျုပ်ကို လိမ်တာပေါ့ ဟုတ်လား၊ ကျုပ်ကို အစိုးရဆီမှာ အချိန်မီ ဆန်မသွင်းနိုင်အောင် ချောက်ချ တာပေါ့ ဟုတ်လား ... ကိုင်း ... ဒါဖြင့် ဒီကိစ္စကို ဘယ့်နယ်လုပ်မလဲ ပြောစမ်းပါအုံး" ဟု စားပွဲကို လက်သီးနှင့် ထုကာ မေးလိုက်မိ၏။ ဦးစိန်မောင်ကား ကျွန်ုပ် ဒေါသဖြစ်နေပုံတို့ ကျေနပ်သည့်ပမာ ပြုံးစေ့စေ့ပင် ကြည့်ရာက "ဘယ့်နယ်လုပ်ရမလဲ ဆိုတာကို ပြောပါဦးလေ၊ ကျွန်တော်ကတော့ ဘယ့်နယ်မှ မလုပ်တတ်လို့ အရက်ကို တောင် ထိုင်ပြီးသောက်နေလို့ ပုလင်းတစ်လုံးတောင် ချောပါပကော" ဟု အရေးမစိုက်ဟန်ဖြင့် ပြောကာ အရက် တစ်ခွက်ပင် ထပ်၍ ငှဲ့လိုက်ချေသေးသည်။

သူက အေးစိ အေးစက် လုပ်လေလေ ကျွန်ုပ်မှာ ဒေါသ ထွက်လေလေဖြစ်ရာ သူ့လက်က အရက်ပုလင်းကို ဆွဲ၍ ဖယ်ပစ်လိုက်ရင်းက " ဘယ့်နယ်လုပ်ရမလဲဗျ ... အခုတော့အစိုးရဆီကို အပ်ဖို့ ဆန်အိတ် ၃၀၀ ကျုပ် စိုက်ရတော့မှာပေါ့။ ကိုင်းဗျာ ကြာတယ် ဒီဆန်အိတ် ၃၀၀ ဖိုးကို ခင်ဗျားကျုပ်ဆီမှာ ဘာအပေါင်ထားပေး နိုင်မလဲ ... ဆို ... " ဟု ပြတ်ပြတ်တောက်တောက် မေးလိုက်ရ၏။

ဤတွင် ဦးစိန်မောင်က အရက်ခွက်ကို မော့ချလိုက်ပြီးနောက် တဟက်ဟက်ရယ်ကာ ကျွန်ုပ်မှာ ဘာမှ ပေးစရာ မရှိတော့ဘူးဆိုတာ ခင်ဗျား အသိသားနဲ့ အပေါင်ပစ္စည်းတောင်းနေတာများဟာ သဘောကျစရာ ကောင်းလိုက် လေဗျာ၊ ဟားဟား ... ကိုင်း တွက်ကြည့်စမ်း ဆန်စက်တွေကိုလည်း ခင်ဗျာ့ကို ရောင်းပေါင် လုပ်ပေးရတယ် ...၊ အိမ်ကိုလည်း ခင်ဗျာ့ဆီမှာအရင်ဆန်အိတ် ၂၅၀ ကိစ္စတုန်းက အပေါင်ပေးထားရတယ်။ အတွင်းပစ္စည်း ဆိုတာကလည်း ကျုပ်တေလို့ပေလို့ ဖြုန်ခါပြာခါကျခဲ့ပြီလေ။ ဘာများ ပေးစရာကျန် သေးတော့လို့ လဲဗျာ ... ဟဲ ဟဲ ... ကျုပ်မိန်းမကိုတောင် ခင်ဗျာ့လက်ထဲ " ဦးစိန်မောင်၏ စကားမဆုံးတော့ပေ။ ကျွန်ုပ်၏ ပြင်းထန်လှသော လက်သီးချက်သည် ဦးစိန်မောင်၏ မေးရိုးပေါ်သို့ တအားကျရောက်သွား၏။ ဦးစိန်မောင် ထိုင်နေသော ကုလား ထိုင်ပင်လျှင် နောက်သို့ကျွမ်းပြန်သွား၏။ ကျွန်ုပ်ငုံ့၍ ကြည့်လိုက်သောအခါ အရက်မူးသည့် အရှိန်ကလည်း ရှိသောကြောင့် ဦးစိန်မောင်သည် လုံးဝသတိလစ်လျက်ရှိသည်ကို တွေ့ရ၏။

ထို့ကြောင့် ကျွန်ုပ်လည်း အဘယ်နည်းနှင့်မဆို ဦးစိန်မောင်သည် မိုးမလင်းမချင်း သတိလစ်ရာက အိပ်ပျော်သွား ပေတော့မည်ဟု အရက်မူးမေ့တာကို တွက်ဆကြည့်ရင်း တွေ့ရာသင်ဖြူးတစ်ချပ်ကို ဆွဲခင်း၍ တွေ့ရာအဝတ် တို့ကို ခေါင်းအုံးလုပ်ကာ ယာယီအိပ်ရာပေါ်၌ ဆွဲတင်ရ၏။ ထို့နောက် ခေါင်းကြီးခေါက်ကွေးနှင့် ဖြစ်နေသည်ကို သူ့ပါးသွယ်နှစ်ဖက်ကို ညှပ်ကိုင်၍ အနေကျအောင် ပြုပြင်ပေးပြီးနောက် စားပွဲပေါ်မှ ပုလင်းများကို ဖယ်၍ သက္ကလပ် စားပွဲခင်းကိုယူကာ စောင်သဖွယ် ခြုံ၍ ပေးထားခဲ့ရပေသည်။ ဦးစိန်မောင် နံနက်၌ နိုးသောအခါတွင် သူ့ကိုယ်သူ အံ့အားသင့်နေမည်ဖြစ်၏။ ဤအချိန်တွင် ကျွန်ုပ်ကား အမှိုတို့ဆီသို့ ခရီးထွက်နေပေတော့မည်။ ဦးစိန်မောင်ကို ဖွတ်အတင်း မအိပ်အိပ်အောင် ဤသို့သိပ်ထားခဲ့ရပြီးနောက် ကျွန်ုပ်သည် စက်ဂင်းထောင်ရှိ စက်ဒရဟမ် မြန်မာအဘိုးကြီး၏ တဲကုပ်ကလေးသို့ သွားကာ ဦးစိန်မောင်ကို မျက်ခြည်မပြတ် စောင့်ကြည့်ရန်နှင့် မီးထင်းကိစ္စကို ဂရုစိုက်ရန် တစ်ဆယ်တန် ငွေစက္ကူနှစ်ရွက်ပေး၍ မှာခဲ့ပြီးလျှင် အရေးရှိကရွာမီးသတ်ကိုမမေ့ဖို့ အကြောင်းများပါမှာခဲ့၏။

ထိုမျှမကသေး ခနောင်တိုမှရန်ကုန်မြို့ထဲ ကျွန်ုပ်အခန်းသို့ပြန်ရောက်သောအခါတွင် ကျွန်ုပ်၏လက်၌ ရောက်နေသော ဆန်စက်ကြီးများကို ဦးစိန်မောင်က မီးရှို့ရန် ကြံစည်နေသည့် အကြောင်းကို သက်ဆိုင်ရာ ပုလိပ်ဖက်သို့ ချက်ခြင်း အကြောင်းကြားရန်နှင့် ထိုဆန်စက်ကြီးများအတွက် မီးအာမခံစာချုပ်များ ခိုင်ခိုင်လုံလုံရှိမရှိ စစ်ဆေးရန် ကျွန်ုပ်၏ မန်နေဂျာကို စေ့စေ့စပ်စပ် မှာကြားသော စာတစ်စောင်ကို ရေးရ၏။ ထို့ နောက် စာရေးလက်စနှင့် အသန့်အားပေးရန် အကျိုးအကြောင်း စာတစ်စောင်ကိုလည်း ရေးထားခဲ့ရပေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် အမှီတို့ဆီသို့ ခရီးပြင်းစ၍ထွက်ခဲ့၏။ အသန့်လက်ထက်က ကျွန်ုပ်၏ မျက်ကွယ်တွင် စေ့စပ်သူပေါ်ခဲ့ဖူးသလို ဤအကြိမ်တွင်လည်း အမှီနှင့်ပတ်သက်၍ ဦးဒေါ်နကများ စေ့စပ်ရေး တစ်ခုခုကို လက်ခံလိုက်လေပြီလားဟု တနန့်နန့်တွေးမိ၏။ ထိုတွေးလုံးတို့ကြောင့် ကျွန်ုပ်စီးနင်းလိုက်ပါရသည့် ယာဉ်ဟူသမျှတို့ကို အသွားနှေးကန်လှသည်ဟူ၍ အသည်းယားမိပေသေးတော့သည်။

အမှီတို့ဆီသို့ ကျွန်ုပ်ရောက်ခဲ့၏။ အမှီမှာ မမြင်ရသည်မှာ ကြာပြီဖြစ်၍ မသိ ရန်ကုန်ကို လာစဉ်ကထက်ပင် အလှ တွေတိုး၍ နေသယောင်ယောင်ထင်မိ၏။ နံနက်ပိုင်းက အသားကလေးဖြူဖြူနှင့် ကြူစရာပန်းကလေးနှင့်တူ၏။ နေ့လယ်ပိုင်း နေအရင့်တွင် သွေးရည်ကလေးသမ်းကာ ပန်းရောင်အသွေးရေးရေးနှင့် မွှေးစရာပန်းကလေး နှင့်တူ၏။ ညနေပိုင်း နေအကျ၌ ကားအသားကလေးဂါဂါနှင့် ချူစရာမာလာကလေးနှင့် တူပြန်ပေသည်။ ဤသုံး ပန်လှအမှီကို ကျွန်ုပ်အားရပါးရ စကားမပြောရသေးမီပင် ဦးလေးဦးဒေါ်နက ညပိုင်းသို့အရောက်တွင် မောင်ညိမ်း အောင်နှင့်အတူ ညီလာခံခေါ်လိုက်၏။

ဦးလေးဦးဒေါ်န၏ အလုပ်ခန်းတွင် ဆုံမိကြသောအခါ၌ ဦးဒေါ်န၏ ပါးစပ်မှ ဘယ်လိုစကားများ ထွက်လေမည် လဲဟု ကျွန်ုပ်မှာ တထိတ်ထိတ်ဖြစ်နေ၏။ ကျွန်ုပ်မကြားလိုလှသော စကားကိုပင် ကြားရပေတော့သည်။

" ကိစ္စကတော့ တခြားမဟုတ်ဘူးကွဲ့၊ အမှီရဲ့ကိစ္စနဲ့ သစ်ကိစ္စပဲ...။ ငါလည်း စာရေးလိုက်သားပဲ၊ သစ်ကိစ္စကို တော့ မောင်ကံကောင်း နားလည်ပေလိမ့်မယ် ... ပြောဖို့ မလိုတော့ဘူး၊ အမှီရဲ့ ကိစ္စကတော့ ငါလည်း အသက် ကြီးပြီ၊ ပြီးတော့ အရင်တုန်းကဆိုရင် အိမ်မှာ မကျော့ရင်မရှိကတည်းက အိမ်ထောင်ကို ဦးစီးမည့် မိန်းမသား ရယ်လို့ မရှိတာနဲ့ အစစအရာရာမှာ အမှီကိုသာအားထားအားပြုနဲ့ နေခဲ့ရတယ်...၊ ခုတော့ မောင်ညိမ်းအောင် ကလည်း အိမ်ထောင်ရက်သားကျပြီး ... ငါ့မှာ သမီးမကျော့ရင်ရဲ့အစား သမီးတစ်ယောက်ရသလို ဖြစ်နေတာမို့ အမှီကို အိမ်ထောင်ပေးဖို့ စိတ်ကူးတယ်၊ မောင်မြဖေဆုံးကတည်းကအမှီဟာ စိတ်မှာထိခိုက်နေပုံရလေတော့ ငါလည်း အရင်ကတော့ ဘာမှ စိတ်မကူးပါဘူး၊ ခုတော့ဖြင့် အမှီဟာ အသက် ၃၀ ကျော်နေပြီ၊ အိမ်ထောင် ပေးဖို့ အချိန်တောင် အင်မတန်နှောင်းနေတာကို ငါသိတယ်၊

ဒီအရွယ်ဆိုတာမုဆိုးဖိုတို့တစ်ခုလပ်တို့နဲ့သာကြုံတတ်တာမျိုးပဲ၊ နို့သော်... အမှီရဲ့ ကံပဲ၊ ခု လူပျိုကြီး မိုင်းသူဌေး၊ တစ်ဦးက လာပြီး စေ့စပ်တယ်၊ အဲဒါကို ငါတော့ နေရာချထားလိုက်ချင်လို့၊ မင်းတို့နဲ့လည်း သင့်မြတ်မှ ဖြစ်မှာမို့ တိုင်ပင်တာပဲ" အစရှိသည်ဖြင့် လာရောက်စေ့စပ်သူ မိုင်းသူဌေး လူပျိုကြီး၏ အခြေအနေ ဆွေစဉ်မျိုးဆက် စာရိတ္တတွေပါမကျန် ပြောပြ၏။

မောင်ညိမ်းအောင်က သဘောတူကြောင်း ပြောပြရာတွင် ကျွန်ုပ်မှာလည်း ဦးခေါင်းခါဖို့ အခွင့်မသာပေ။ ထို့ကြောင့်ပင် "ဦးလေးတော်တယ်ထင်ရင် စီမံလေ ...၊ ကျွန်တော်တို့ကတော့ အမှီ ဟန်ကျပန်ကျ ဖြစ်သွားတာကို သာမြင်ချင်တာပါပဲ... "ဟု ပါးစပ်ဖျားက ဆိုရင် နှလုံးသားတွင်မူကား " သင်းတို့ သားအဖကို မြန်မြန်ကိစ္စတုံး လုပ်မှ၊ မလုပ်ရင်တော့ ကြံသမျှတွေတော့ပြီး လွဲရတော့မှာပဲဟု ပူပန်စွာတွေး၍ နေမိတော့သည်။

လက်စားချေရေးလမ်းစဉ်ကြီးတွင် ကျွန်ုပ် ပျင်းရိဖင့်နွဲ့ လေးကန်နေလျှင် ချောင်တစ်ချောင်ချောင်က ပေါ်လာ၍ စေ့ဆော်တတ်သော ကံတရားသည် ကျွန်ုပ်၌ လက်စားချေရေးအတွက် အကြပ်ကြုံနေလျှင် တစ်နည်းတစ်လမ်းအားဖြင့် အခွင့်အလမ်း တစ်မျိုးတဖုံ ဖွင့်ပေးကာ ကူညီလာလေ့ရှိသည်။ ထို့ကြောင့် အမှီနှင့်ပတ်သက်၍ ကျွန်ုပ်ကြိုးစားခဲ့လေသမျှ ဦးဒေါနသားအဖနစ်ယောက်သာ ကျန်တော့သော တေ့တေ့ကလေးအလိုတွင် ကံတရားသည် အမှီကို စေ့စပ်သူပေါ်စေအောင် ဖန်တီးလျက် ကျွန်ုပ်အား ကြိမ်တို့လိုက်ပြန်ပြီးမှ ဦးဒေါနသားအဖတို့ကို ကျွန်ုပ် အလွယ်တကူ လက်စားချေနိုင်စေရန် လမ်းဖွင့်ပေးပြန်လေတော့သည်။ ပေးပုံမှာကား အမှီ၏ကိစ္စကို ပြော၍ ပြီးသည့်နောက်တွင် ဦးဒေါနက -

" ကိုင်း...အမှီ့ကိစ္စက လောလောဆယ်မဟုတ်သေးလို့ ထားလိုက်ပါဦး...၊ အခု လောလောဆယ်ကိစ္စကတော့ တို့သစ်တွေသံလွင်မြစ်ဂမှာရေမျောကမ်းတင်ဖြစ်နေတာကို တို့တံဆိပ်ဟုတ်မဟုတ်လိုက်စမ်း ပြီးတော့ သိမ်းတန်သိမ်း၊ သိမ်းဖို့ ခဲယဉ်းနေတာတွေကိုလည်း ကြံရာ လွှထောင်ကိုရောင်း လုပ်ဖို့ကိစ္စပဲ၊ ဒီကိစ္စက ရက်ဆိုင်းလို့ မဖြစ်ဘူး၊ တချို့တံငါလုပ်တဲ့လူတွေက ကျွန်းတုံးတွေ ထင်းပေါက်ဆိုက်လိုဆိုက်၊ တချို့လှည်းထောင်တွေကလည်း လှည်းပုံတောင်းလုပ်ဖို့ ဖြတ်ယူတာနဲ့ မော်လမြိုင်က ငါ့ကိုယ်စားလှယ်တွေဆီက စာတွေထဲမှာ ပါလာတယ်၊ ကိုယ်စားလှယ်တွေဆိုတာကလည်း ကိုယ်ပစ္စည်းမဟုတ်တော့ လခကလေးရရင် ပြီးတမ်း လုပ်နေကြတာကပဲ၊

ဒီတော့ ... ဒီနှစ်တော့ တို့ကိုယ်တိုင် ကြပ်ကြပ်မတ်မတ်လိုက်မှ တော်လိမ့်မယ်၊ အမှီအိမ်ထောင်ကျပြီးရင် အမှီတို့ကို သတ္တုလုပ်ငန်းသတ်သတ်ခွဲပေး၊ မောင်ညိမ်းအောင်က သစ်လုပ်ငန်းကိုသီးသန့်လုပ်၊ မောင်ကံကောင်းကတော့ ရန်ကုန်ကအလုပ်ကို လုံးဝဦးစီးဖို့ ငါစိတ်ကူးတယ် ... " စသည်ဖြင့် ပြောပြကာ နောက်တစ်နေ့၌ ပင်လျှင် သံလွင်မြစ်ဂ တကြောသို့ ကျွန်ုပ်တို့ ကိုယ်ပိုင် မော်တော်ဘုတ်နှင့် ခရီးထွက်ကြဖို့ အစီအစဉ်များကိုပါ ပြောပြ၏။ ကျွန်ုပ်လည်း ငြိမ်သက်စွာ နားထောင်နေရ၏။ အသဲနှလုံးတို့ကမူ " ဒါဟာ ငါ့အကွက်ပဲ၊ အခုလို သားအဖနစ်ယောက်နဲ့ မော်တော်ဘုတ်တစ်စင်းထဲ ခရီးထွက်တုန်းမှာမှမကြံဖြစ်ရင် ဘယ်တော့မှ ငါ့အကြံအောင်တော့မယ်မဟုတ်ဘူး" ဟု အတွင်းကြိတ် အားခဲကြံစည်လျက် ရှိနေပေတော့သည်။

နောက်နှစ်ရက်ကြာသောအခါတွင် ကျွန်ုပ်တို့ပိုင်သော မော်တော်ဘုတ်ကြီး တစ်စင်းဖြင့် ခရီးထွက်ခဲ့ကြ၏။ မော်တော်ဘုတ်တွင် ကျွန်ုပ်တို့ သုံးယောက်နှင့်ပဲ့ကိုင်သူတစ်ဦး၊ ထမင်းချက်တစ်ဦး၊ စက်မောင်းသူတစ်ဦး၊ စုစုပေါင်း ခြောက်ယောက်ပါကြ၏။ သို့ခရီးထွက်ခဲ့ရာ၌ ကျွန်ုပ်သည် ကြိုတင်ကြံစည်ရင်းအတိုင်း ကျွန်ုပ်လို အပ်သော လျှို့ဝှက်ပစ္စည်းများနှင့်တကွ ကောက်ရိုးဖြင့်လုပ်ထားသော ပသျှူးခမောက်တစ်လုံးကိုပါ ဆောင်

ခဲ့ပေသည်။ ထိုပသျှူးခမောက် နှုတ်ခမ်းကျယ်ကြီးကို ကျွန်ုပ်မော်တော်ဘုတ်ပေါ်သို့ ယူခဲ့သည်၌ မောင်ညိမ်းအောင်က "ဘယ့်နယ်ကြီးလဲဗျ ကိုကံကောင်းရ" ဟု ရယ်မောကာ ဆီး၍မေးရာ ကျွန်ုပ်က " ကိုညိမ်းတို့လို သက္ကလပ်ဦးထုပ်နဲ့ ကိုက်မှာမဟုတ်ဘူးဗျ၊ အလုပ်က သောင်ခုံတကာ့ သောင်ခုံမှာ သစ်တုံးတွေလိုက်ပြီး ကြည့်ရမှာ ဆိုတော့ နေပူလုံတဲ့ ဒီခမောက်ကို ယူလာရတယ်...၊ သက္ကလပ်ဦးထုပ်နဲ့ဆိုရင် နခမ်းတိုတိုကလေးမို့ လည်ကုပ်စပ်မှာ" ဟု ရှင်းပြလိုက်ရ၏။

ကျွန်ုပ် ရှင်းပြသည့် အတိုင်းလည်း မှန်၍နေပေသည်။ ရေမျောသောင်တင် သစ်များကိုလိုက်၍စစ်သည့်အခါ ကျွန်ုပ်၏ ပသျှူးခမောက်ကို တစ်ခါတစ်ရံ၌ ဦးဒေါနကပင်ငှား၍ ဆောင်းတတ်လေသေးသည်။ သစ်လုံးများကို စစ်ကြောရွေးချယ်ရာ၌ ဆယ်ရက်ကြာခဲ့၏။ သံလွင်မြစ်ဂ တစ်လျှောက်တွင် အတော်နှံ့စပ်ခဲ့ပြီးမှ နောက်ဆုံးစခန်း အဖြစ်ဖြင့် မူးရစ်ကလေး၌ နားကြ၏။ နောက်တစ်နေ့တွင် မူးရစ်ကလေးမှ ကျွန်းတောင်ဘက်ကမ်းကို ပတ်၍ ကျိုက္ခမီအရောက် ပင်လယ်ဂကိုဖြတ်ချပြီးလျှင် ကမ်းနားအတိုင်းလျှောက်၍ မော်တော်ကို မောင်းကာ အမှီတို့ ရှိရာသို့ပြန်ကြရပေတော့မည်။ မနက်ဖြန်သည် ကျွန်ုပ်အတွက်အကွက် အကောင်းဆုံးသောနေ့ဖြစ်၏။ထို့ကြောင့် ကျွန်ုပ်မှာ လိုအပ်သမျှကို ပြင်ဆင်၍ အသင့်ထားရပေတော့သည်။

နောက်တစ်နေ့တွင် မူးရစ်ကလေးမှနေ၍ ကျိုက္ခမီသို့ ခရီးထွက်ခဲ့ကြ၏။ ခရီးတာမှာ ၁၅ မိုင်ခန့်သာရှိ၏။ သို့သော် ကျွန်းကို ပတ်နေရသည်နှင့် အချိန်အတော်ကုန်သွားသောကြောင့် ၁၁ နာရီ ထိုးခါနီးမှ ထွက်ခဲ့နိုင်ကြပေရာ ပင်လယ်ဂကို ထက်ဂက်ခန့် ဖြတ်မိသောအခါတွင် နေ့လယ် ၁ ချက်တီးခန့်ရှိ၍ နေပေပြီ။ ကျိုက္ခမီသို့ ၂-မိုင်ခွဲခန့်လိုသေး၏။ ဤအချိန်၌ဆိုလျှင် ဦးဒေါနသည် နေ့လယ်နေ့ခင်း လူကြီးပြီပြီအိပ်တတ်၏။ မောင်ညိမ်းအောင်ကမူ အိပ်ရာထဲ၌ လဲလျောင်းကာ စာဖတ်တတ်ပေသည်။ ကျွန်ုပ်မူကား မော်တော်ပေါ်၌ ပဲ့ဂင်၍ ကိုင်လျှင်ကိုင် မကိုင်လျှင်လည်း မော်တော်ပဲ့ပိုင်း၌ ပက်လက်ကုလားထိုင်တစ်လုံးဖြင့် အပျင်းထူတတ်၏။ ကျွန်ုပ်တို့ သုံးဦး၏ အလေ့အထများကို မော်တော်ဘုတ်ကိုင်သူ လူစိမ်းသုံးယောက်တို့ပင် ကောင်းစွာ သိနေကြပေသည်။
နေ့လယ်တစ်ချက်တီးခန့်အချိန် ပင်လယ်ဂ၏ တစ်ဂက်သို့ ရောက်လုတည်းကာ ရှိသောအခါတွင် ကျွန်ုပ် သည် ပသျှူးခမောက်ကြီးကိုဆောင်းကာ မော်တော်ပဲ့ပိုင်းသို့ ထွက်ခဲ့၏။ မော်တော်အတွင်းခန်း၌ကား ဦးဒေါနနှင့် မောင်ညိမ်းအောင်တို့မှာ မှိန်းသူမှိန်း စာဖတ်သူဖတ်နှင့် ရှိကြလေပြီ။

ပဲ့ပိုင်း၌ ပက်လက်ကုလားထိုင်ဖြင့် ကျွန်ုပ် အပျင်းထူနေရင်းက လက်ပတ်နာရီကို မကြာမကြာကြည့်မိ၏။ တစ်နာရီထိုးရန် ငါးမိနစ်ခန့်အလိုတွင် ထမင်းချက်သူငယ်မှာ မော်တော်ပဲ့ပိုင်း၌ ထွက်လျက် နေ့လယ်တွင် ပေးနေကျဖြစ်သော လက်ဖက်ရည်ဖျော်ရန် ရေနွေးအိုးတည်၍ နေပေသည်။

၁ နာရီထိုးရန် ၃ မိနစ်အလို၌ ကျွန်ုပ်သည် ကုလားထိုင်မှ ခါးဆန့်လိုက်ပြီးလဆင် မတ်တတ်ရပ်လိုက်ရာ ကျွန်ုပ် ဦးခေါင်း၌ စွပ်ရုံမျှသာ စွပ်ထားသော ပသျှူးခမောက်အဂကားကြီးသည် လေတိုက်သဖြင့် ခေါင်းပေါ် မှ လွင့်ကာ ပင်လယ်ထဲသို့ လွင့်ကျသွား၏။ ဤတွင် ကျွန်ုပ်လည်း "ဟာ မင့်ဖေကလွှား၊ ငါ့ခမောက် ရေထဲ ကျသွားပဟော့..."

ဟု ထမင်းချက်သူငယ်အား လှမ်း၍ပြောကာ ရယ်လိုက်ပြီးလျှင် "ကိုင်း ... တက်မကိုင်ကို သွားပြောပြီး မော်တော်နှင့် ငါ့ကိုပြန်လှည့်ပြီး ခေါ်ပါစေ..၊ ငါဘော့ကွင်းနဲ့ဆင်းပြီး ဆယ်ဦးမယ်."ဟု ပြောပြောဆိုဆို မော်တော် ပဲ့၌ အမြဲချိတ်ထားလေ့ရှိသော ဘော့ကွင်းကို ကပျာကသီဖြုတ်ယူကာ ပဲ့ပိုင်းသံလက်ရမ်းကိုကျော်၍ ရေထဲသို့ ခုန်ချလိုက်ရပေ၏။

မော်တော်သည် ကျွန်ုပ်နှင့်အတော်ဝေးသောနေရာအထိ ခုတ်မောင်းသွား၏။ ကျွန်ုပ်ကားမော်တော်နှင့် ဝေးသည် ထက်ဝေးအောင် ပေါလောပေါလော ဖြစ်နေသောခမောက်ဆီသို့သာ အားစိုက်၍ကူးခတ်သွား ရပေတော့သည်။ ခမောက်ဆီသို့ရောက်သည်၌ မော်တော်ဆီသို့ စိတ်အားထက်သန်စွာကြည့်လိုက်မိ၏။ မော်တော်သည် တဖြည်းဖြည်း အရှိန်သေ၍သွားရာမှ အရှိန်နည်းသွားသောအခါတွင် တဖြည်းဖြည်း ကျွန်ုပ်ဘက်သို့ကွေ့၍ လှည့်လာ၏။ ထို့နောက် မော်တော်ဦးလှည့်မိကာ ကျွန်ုပ်ရှိရာသို့ ခုတ်မောင်း၍လာပေရာ ကျွန်ုပ်မှာ မော်တော်ကို ကြည့်ရင်း အသည်းယား၍ နေမိ၏။

မော်တော်ဦး၌ တက်မကိုင် ထမင်း ချက်သူငယ်နှင့် စက်မောင်းသူတို့ လက်များကို ဝှေ့ရမ်းပြနေကြသည်ကို မြင်ရပေသည်။ ကိုက်ငါးရာခန့်ဝေး နေရာမှ မော်တော်သည် တဖြည်းဖြည်း နီး၍လာ၏။ မော်တော်နီး၍ လာလေ လေ ကျွန်ုပ်မှာ အသည်းယား၍နေလေလေ ဖြစ်နေခိုက်တွင် ပုန်းခနဲပေါက်ကွဲမြည်ဟီးသော အသံကြီးကို ကြား လိုက်ရပြီးနောက် ကျွန်ုပ် လည်းကြောက်အားလန့်အားနှင့် ရေထဲသို့ထိုး၍ ငုတ်လိုက်မိ၏။ ကျွန်ုပ် ရေပေါ်သို့ ပေါ်တက်လာသောအခါတွင်ကား မော်တော်ဘုတ်ကို ရေပြင်ပေါ်တွင်လုံးဝမမြင်ရတော့။ တက်မကိုင် ထမင်း ချက်နှင့် စက်မောင်းသူ သုံးယောက်တို့သာလျှင် ကျွန်ုပ်ရှိရာသို့ ကူးခတ်လာကြသည်ကို တွေ့ရပေတော့သည်။ ဂျပန်များမြန်မာနိုင်ငံကို တနင်္သာရီဘက်မှဝင်၍စီးကြသော ၁၉၄၁ ခုနှစ်က ကျွန်ုပ် လွတ်လပ်ရေး တပ်မတော်နှင့် လိုက်ခဲ့စဉ်တွင် ဂျပန်အင်ဂျင်နီယာများနှင့်ပေါင်းမိပြီးလျှင် တောထဲ၌သစ်လမ်းထွင်သော ဒိုင်းနမိုင်းကို လက်နှိပ် ဓာတ်မီးဓာတ်ခဲနှိုးစက်နာရီတို့ဖြင့် ဆက်စပ်ပူးပေါင်းကာ အချိန်ဖြင့်ပေါက်ကွဲစေနိုင်သော ဗုံးလုပ်နည်းကို တတ်ခဲ့ သည့်ပညာမှာ သည်အခါတွင် အသုံးဝင်ချေပြီ..၊ ကျွန်ုပ်၏ လက်ဆွဲ သားရေသေတ္တာထဲ၌ လျှို့ဝှက်ဆောင် ယူခဲ့သော ထိုအချိန်ဗုံး၏ စနက်ဖြင့် မော်တော်ဘုတ် နှင့်အတူ ဦးဒေါနတို့သားအဖမှာ ရေနန်းစံ ပျော်ကြလေပြီ။ ကျွန်ုပ်လည်း ဆယ်သိန်းတန် အမွေအနှစ်ကြီးကို ထက်ဝက်ဖြင့် ပိုင်ပေပြီ။ အမှီကို အရရှိုင်နိုင်ပါက သန်းကြွယ် သူဌေးကြီး ဖြစ်ရပေတော့မည်တကား။

၂-မိုင်ခန့်သာ ကွာဝေးသော ကျိုက္ခမီသို့ ကျွန်ုပ်တို့ လေးယောက်သား ဘောကွင်းကို အားပြု၍ ကူးခဲ့ကြရ၏။ ကျိုက္ခမီသို့ ရောက်သောအခါ ပုလိပ်ဘက်သို့ အကြောင်းကြားကြရပေရာ စစ်အတွင်းကချခဲ့သော ရေမြှုပ် ဗုံးတစ်ခု နှင့် မတော်တဆထိကာ မော်တော်ပျက်ရသည်ဟူ၍ တစ်မြို့လုံး ဥက္ကောဋ္ဌေးယျ ဖြစ်ရပေတော့ သည်။ ကျွန်ုပ်၏ အပေါ်၌ကား သံသယ တစ်စွန်းတစ်စရှိဖို့ ဝေးစွာ၊ ဦးကံကောင်းဟူသော အမည်နှင့် လိုက်အောင် ကံကောင်းလှသောကြောင့် ရေထဲဆင်း၍ ပသျှူးခမောက်ဆယ်ခြင်းဖြင့် သေဘေးမှ သီသီကလေးလွတ်ရ သည်ဟု ချီးကျူးအံ့သြမကုန် ဖြစ်နေကြလေသေးသည်။

ဆက်ရန်

[တင့်တယ် ၏ ကမ္ဘာဖလ အပိုင်း (၁၉) (ဇာတ်သိမ်း)]

## နောက်ဆုံးရယ်သံ

ကျွန်ုပ် ကြိုးစင်ထက်၌ သေရမည့်ရက်ကား နှစ်ရက်သာလိုပေတော့သည်။ နှစ်ရက်ဆိုသော်လည်း ကျွန်ုပ်တွင် စာရေးအားသည့်ရက် ဤယနေ့တစ်ရက်သာလျှင်ကျန်၏။ နက်ဖြန်ဆိုလျှင် ဘုန်းကြီးနှင့်တရားနာခြင်း။ အစားကောင်း အသောက်ကောင်းစားခြင်းစသော ကြိုးပေးခါနီး လူကိုပေးမြဲ အခွင့်အရေးတွေနှင့် ရှုပ်ထွေးနေ၍ ကျွန်ုပ်တွင် စာရေးနိုင်ဖို့ အချိန်ရမည်မဟုတ်။ တွေ့စရာလူတွေကိုလည်း တစ်ပုံတစ်ခေါင်းတွေ့ရပေဦးမည်။ ထို့ကြောင့် ယနေ့အချိန်ကလေးရှိခိုက်တွင် ကျွန်ုပ်ဖြစ်စဉ် သမိုင်းနောက်ဆုံးပိုင်းကို အားခဲ၍ ရေးရပေဦးမည်။ သေဘေးနှင့် နီးကပ်လှပြီဖြစ်သောကြောင့် ယနေ့ လက်ရေးများပင် မမှန်ချင်လှပေ။ သို့သော် ကံတရားကို ပြက်ချော်ချော်နှင့် သရော်ကာ နောက်ဆုံးရယ်သံဖြင့် ရယ်မောခဲ့ရပေဦးမည်။

အချိန်မရတော့ပြီ။ အတိုချုံးကြဦးစိုး။ ကျွန်ုပ် အမှီရှိရာသို့ ပြန်ရောက်သောအခါတွင် ဖခင်နှင့် မောင်အရင်း ရေမြှုပ်ပုံးထိ၍ မော်တော်ပျက်ကာ သေရပုံကို ကျွန်ုပ်မပြော။ တက်မကိုင်ကြီးကို ပြောစေရ၏။ ကျွန်ုပ်မှုကား နှလုံးကွဲအံ့ သကဲ့သို့ ပူပန်သောဟန်ဖြင့် မျက်ရေတစမ်းစမ်းထုတ်၍ စိတ်မချမ်းသာလွန်းမက မချမ်းသာသော ဟန်ကို ဆောင်ရပေသည်။ သတင်းကြားရစဉ် အမှီခများမှာ ငိုဖို့မျှအချိန်မရ ရင်ဂတွင်အလုံးဆို့လျက် တစ်မနက်လုံးပင် တက်တစ်ခါ ချက်တစ်ခါနှင့် ရှိလေတော့သည်။ မောင်ညိမ်းအောင်၏ဇနီးမှာလည်း ထို့အတူပင်ဖြစ်၏။ ကျွန်ုပ်မှာ မတော်တဆအမှီများရင်ကွဲ၍ အသက်ပျောက်သွားရှာလေမည်လားဟုပင်စိုးရိမ်မိ၏။ နေ့လယ်ပိုင်းသို့ ရောက်သောအခါမှာမှ အတက်အချက်ရပ်ကာ အိပ်ရာထဲ၌ခွေ၍မျက်ရည်တွေတွေစီးဖြာ သနားစရာ ဖြစ်နေပေတော့သည်။ ဆယ်သိန်းတန်အမှီအား ပိုင်းဂန်းပြုစုကြသော ဆွေမျိုးတွေတစ်ပုံတစ်ခေါင်းလည်း အိမ်တွင်တရုံးရုံး ဖြစ်နေ၏။ ယောက်ဖ၏၊ နမဂမ်းကွဲ၏၊ ယောင်းမ၏၊ တူသုံးဂမ်းကွဲ၏၊ မိထွေး၏ စသည်ဖြင့် အဝေးကြီးက ဆွေမျိုးစပ်ဟပ်ကာ လာရောက်ကြသူတွေကိုကြည့်ကာ ကျွန်ုပ်မှာရယ်ချင်လှပေတော့သည်။ သို့သော် ပရိယာယ်မာယာအလုပ်ကို ကမ္ဘာ့ဂါထုပ်နှင့် ယပ်တောင်ကိုထမ်းကာ သပိတ်ကိုလွယ်၍ ဖိနပ်တကိုင်ကိုင် လိုက်ခဲ့ရစဉ်ကတည်းက တတ်မြောက်ခဲ့ပြီးဖြစ်သည့်အလျောက် မည်သူ့ကိုမျှ စကားဖွင့်ဟမပြောဘဲ ချောင်တစ်ချောင်တွင် ခပ်ကုပ်ကုပ်ထိုင်ကာ ပူပုံပန်းရုပ်ကို အတွင်သားထုတ်၍ နေရပေတော့သည်။

ခုနစ်ရက်လည်သောအခါ ထုံးစံအတိုင်း သပိတ်သွတ်ကြရ၏။ "အလောင်းကိုမှ မမြင်ရပါကလား ဖေဖေတို့ ကိုကိုတို့ရေ" ဟု အသံကုန်ဟစ်ခါ ငိုရင်းတက်သွားသော အမှီ၏ဒုက္ခကို ကျွန်ုပ်မှာပွေ့ပိုက်၍ ချော့မော့ လိုက်ချင်ပါသော်လည်း လူမြင်၍ကောင်းအောင် ခပ်ဝေးဝေးကပင် မျက်ရည်စကိုတွင်တွင်ထုတ် လက်ကိုင်ပဝါနှင့် ဟန်ပါပါသုတ်ခါ ဣန္ဒြေရရ အပိုးသေသေ နေရပေ၏။ အမှီနှင့် အကြောင်းဆက်၍ ပေါင်းဖက်ရန်မှာကား အနည်းဆုံး တစ်လလောက်တော့ စောင့်ရပေဦးမည်။ ကိစ္စမရှိပါ။ စောင့်နိုင်ပါပြီ။

အကယ်တိပင် တစ်လခန့် စောင့်ရ၏။ အမှီကား စိတ်မကောင်းတိုင်း တရားဘာဝနာကိုသာ ကြပ်ကြပ်ကြီး စီးဖြန်းလျက်လူ၏ ကျန်းမာရေးကိုပင် ထိခိုက်စ ပြုလာပေတော့သည်။ ကျွန်ုပ်မှာလည်း ရန်ကုန်သို့ ရုတ်တရက် မပြန်ဖြစ်သေးဘဲ ဦးဒေါနတို့ထားပစ်ခဲ့သောလုပ်ငန်းကြီးများကို လက်ထောက်များ၊ မန်နေဂျာများ၊ ကိုယ်စား လှယ်များနှင့်စည်းရုံး၍ အလုပ်မဖြစ်သောအလုပ်များကို လုပ်ပေးနေရသေး၏။ ရန်ကုန်ရှိ မန်နေဂျာထံမှ အစီရင် ခံစာများ ရောက်ရာတွင် အစစအရာရာ ချောမောပြီး အဆင်ပြေကြောင်းများသာပါသဖြင့် ရန်ကုန်အတွက် အတန်ငယ် စိတ်အေးရပေတော့သည်။ တစ်လခန့်ကြာသောအခါတွင်ကျွန်ုပ်မှာ မပြောမပြီးမတီး မပြည်ဟူသော စကားပုံအတိုင်း အမှီ၏ယောင်းမ နောက်ဖေးဆောင်၌ ထမင်းချက်ကလေးများကို စီမံနေခိုက် အလစ်တွင် အိမ်ရှေ့၌ ဆွမ်းလောင်းရာ ပြန်ဝင်လာသူအမှီအား "ညီမလေးခဏ" ဟု ခေါ်လိုက်ရ၏။

အမှီလည်း ယောဂီရောင် တဘက်ကလေးကို လောဘက်ထိုး၍ ညှိုးငယ်သော မျက်နှာနှင့် ကျွန်ုပ်၏ မျက်နှာ ချင်းဆိုင်တွင် ဝင်၍ထိုင်ရှာပေသည်။ ကျွန်ုပ်ကား ယခင်အနှစ် နှစ်ဆယ်ကျော်က ရာရာသသဟူ၍ နှင်အချခံ ရသောဆိုဖာပေါ်တွင် ဖိမ်ရှိရှိထိုင်ရာက " အစ်ကိုကံကောင်းရန်ကုန်ပြန်ဦးမှ ဖြစ်မယ်ထင်တယ်အမှီ" ဟု စကားစ လိုက်ရာ အမှီလည်း တွေ၍နေရာက လက်တွင် ကပ်ပါလာသော ဆွမ်းလုံးကလေးများကို ထွေးခံထဲ သို့ချရင်း "ဒီကအလုပ်တွေကလည်းအစ်ကိုကံကောင်းမရှိရင်မဖြစ်တော့၊ အမှီတော့မတွေးတတ်ဘူး"ဟု ညည်းရှာပါသည်။

ဤတွင် ကျွန်ုပ်က " ဒီလိုဆိုရင်လည်း ရန်ကုန်က အလုပ်တွေကိုလက်စဖြတ်လိုက်မှ ဖြစ်မလားဘဲအမှီ၊ အစ်ကို ကံကောင်းလည်း မတွေးတတ်သလောက်ပဲ၊ ရန်ကုန်က အလုပ်ကလည်း ဆန်စက်တွေ အိမ်တွေ ရှိနေပြန်တော့ ကြိုးကြိုးစားစား ပြုစုပျိုးထောင်လာရတဲ့ အလုပ်မို့ ပြန်ဖျက်ပစ်ရမှာလည်း နမြောစရာကြီး ဖြစ်နေတယ်အမှီ။ တကယ်လို့ ရန်ကုန်အလုပ်ကို ဦးပြန်ပြီးစီးရပြန်ရင်လည်း ဒီက အလုပ်တွေက တစ်ဘက်ပဲ၊ ရန်ကုန်အလုပ်ကို ဖြုတ်ပစ်ဖို့ကလည်း မလွယ်ဘူးအမှီ" ဟု ပြောရ၏။

နောက်ဆုံးစကားတစ်ခွန်းမှာ အမှီနှင့် ကျွန်ုပ်တို့ မောင်နမဂမ်းကွဲ တစ်အိမ်ထဲ အတူတူနေကြခြင်းမှာ လူကြီး မိဘများ မရှိစမို့ တင့်တယ်သော်လည်း ကြာသောအခါတွင် အများ၏ အထင်၌ တစ်မျိုးတစ်ဖုံတွေ ဖြစ်လာမည့် အရေးကို အမှီမြော်တွေးမိစေရန် စကားရိပ်ပေးလိုက်ရခြင်းဖြစ်၏။ ကျွန်ုပ်၏ စိတ်တွင်ကား အများထင်သလို လျင်မြန်စွာဖြစ်ပါစေဟု ဆုတောင်းနေသူဖြစ်၏။ သို့သော်လည်း အမှီ၏သဘောထားကိုကား ဘာမျှ မသိရသေး။ ထို့ကြောင့်ပင်စကား ရိပ်ပေးရ၏။ အမှီက ကျွန်ုပ်အား ကြည်ဖြူသော လက္ခဏာရှိပါလျှင် ကျွန်ုပ်သည် အနုနည်း နှင့် တမျှဉ်းမျှဉ်း ဆွဲ၍ ကြံစည်ရန်သာ ကျန်တော့၏။ အကယ်၍ စိတ်မတူပါကလည်း အကြမ်းနည်းနှင့် ကိုင်လျှင် အိမ်တွင်းပုန်းအပျိုကြီး မမမှီမှာ တစ်ခါတည်း ပျော့ခွေသွားဖို့သာရှိ၏။ ထမင်းလက်သုတ်သယ်၏ သမီးလို လက်ကို ဆွဲကာမျှဖြင့် ရုပ်ရှင်ဈေးတန်း လူလယ်ခေါင် ၌ "လက်ကို ဆွဲလို့ပါတော်" ဟု မရှက်မကြောက် ခုနစ်သံ ချောက်ပေါက်နှင့် အော်ဟစ်နိုင်သူ လူတန်းစား မဟုတ်ပါပေ။

အမှီခမျာလည်း အတော်ပင် အစဉ်းစားရကြပ်၍ နေဟန်ဖြင့် "အမှီလည်း အဘက်ဘက်ကတွေးတာပါပဲ အစ်ကို ကံကောင်းရယ်၊ ဘယ်လိုမှ တွေးလို့မရဘူး။ ဒီကလုပ်ငန်းတွေကိုလည်း မိဘလက်ငုတ်မို့ မဖြုတ်ရက်ဘူး။

ရန်ကုန်က အလုပ်ကိုလည်း အစ်ကိုကံကောင်း တစ်ပင်တစ်ပန်း ကြိုးကုတ်ထားရတဲ့အပြင် ဆန်စက်တွေ အိမ်တွေနဲ့ကြိုးကုတ်ထားရတဲ့အလုပ်မို့ အဖြုတ်မခိုင်းရက်ဘူး။ ရန်ကုန်ကအလုပ်ကိုဖြုတ်ပြီး ဒီကိုသာ ဂရုစိုက်ရမယ် ဆိုပြန်ရင်လဲ... အဲ... ခက်တယ်... ခက်တယ် အမှီ မတွေးတတ်ဘူး"ဟု ခေါင်းကိုသာ တွင်တွင်ကုတ်ရာပေတော့သည်။ ဤမျှဖြင့် အမှီ ကျွန်ုပ်၏အပေါ်၌ စိတ်ထားမရှိင်းကြောင်းကို သိသာပေပြီ။ အကယ်၍သာ ကျွန်ုပ်ကိုမလိုလားပါက အပေး၌နေရန်သာပြောမည်ဖြစ်၏။ ယခုမူကားအမှီမှာ ဖခင်နှင့်အစ်ကိုတို့ အနိစ္စရောက်ပြီးနောက်တစ်လမျှသာ ရှိသေးသဖြင့် ဘာမျှ အတည်တကျ မဆုံးဖြတ်ပွံ့သလိုသာ စိတ်ဂေ၍နေရခြင်းဖြစ်ရာ ကျွန်ုပ်လည်း အားတက်သမျှ တက်မိလျက် ...

"အေးလေ ... အစ်ကိုကံကောင်း ရန်ကုန်က အလုပ်ကို အခုလုပ်နေတဲ့ မန်နေဂျာနဲ့ လက်ထောက်တစ်ယောက် ထပ်တိုးပြီး သုံးလလောက် လွှဲထားကြည့်မယ်၊ ဟန်ကျရင်လည်းကျပေါ့ ဟုတ်လား... မကျရင်လည်း တဖြည်းဖြည်းဖြုတ်ပြီး ဒီကအလုပ်ကိုပဲ ပြန်လုပ်မယ်၊ မဖြုတ်ခင်တော့ သွားချည်လာလှည့်နေရမှာပဲ၊ ဘယ့်နှယ့်လဲ" ဟု စကားတစ်ဆင့်တက်၍ အကြံပေးသလိုလိုနှင့် (အစ်ကိုကံကောင်းဒီမှာ ပြန်နေစေချင်သလား) ဟူသော အဓိပ္ပာယ်ကို ဖော်ကာမေးလိုက်၏။ အမှိလည်း ကျွန်ုပ်အား တစ်ချက်မျှကြည့်ရှုပြီးမှ " အစ်ကိုကံကောင်း သင့်သလိုသာ စီမံပါလေ ... အမှီကတော့ မိန်းမသားဆိုတော့ ဘာမျှအထူးမပြောတတ်ပါဘူး၊ အစ်ကိုကံကောင်း ပြောတဲ့ သုံးလကုန်တော့မှ တိုင်ပင်ကြသေးတာပေါ့။ ဟော ကိုယ်တော်တွေ ရပ်နေပြန်ပြီ" ဟု ပြောပြောဆိုဆို ဆွမ်းဇလုံကိုပိုက်၍ ဆွမ်းလောင်းရန် ဆင်းသွား၏။ ကျွန်ုပ်ကား သန်းထီပေါက်ပေပြီ၊ နောက်သုံးလကြာလျှင် အမှီသည် ယခုထက်ပို၍ သွားလေသူတို့အတွက် စိတ်အေးမည်။ ထိုအခါကျမှ လေချိုနှင့်နှုးကာ မြူးရမည့် နစ်ပါးသွားစခန်းကို ဖွင့်ရပေတော့မည်။ အနစ်နစ်ဆယ်ကျော် သည်းခံ၍ စောင့်ခဲ့ပြီးရာတွင် သုံးလစောင့်ရသည်မှာ ကျွန်ုပ်၌ အသို့လျှင် တာဂန် လေးပါအံ့နည်း ...

သို့သော် ကျွန်ုပ်မှာ သုံးလဂေးစွ တစ်ရက်မျှပင် စောင့်ခွင့်မရတော့ပေ။ အဘယ့်ကြောင့် ဆိုသော် အမှီဆွမ်းလောင်းပြီး၍ ပြန်တက်အလာတွင် သူ့နောက်မှ မြို့ရှိ တိုက်ပိုင်အင်စက်တော်မင်းပါ၍လာ၏။ ရန်ကုန်၌ နေစဉ်က အာဏာပိုင်သူများကို လက်ပွန်းတတီး ဖော်လံဖားကာ ပေါင်းခဲ့သော ကျွန်ုပ်သည် အင်စပက်တော် မင်းအား " ကြွပါ ... ကြွပါ ... " ဟု လောကွတ်ပျူငှာဆီး၍ ကြိုလိုက်၏။ အင်စပက်တော် မင်းလည်း ကျွန်ုပ်နှင့်ဂင်၍ ထိုင်ရာက "ဦးကံကောင်းအားလပ်ရင် ကျွန်တော့်အိမ်ကို ခေတ္တကြွပါလားခင်ဗျာ၊ ရန်ကုန်က ဧည့်သည်တစ်ယောက်ကတွေ့ချင်တယ်ဆိုလို့ ကျွန်တော်လာခဲ့ရပါတယ် ... "ဟု သာယာညင်းပျောင်းပြော၏။

ကျွန်ုပ်ကား ဤအင်စပက်တော်သည် ကျွန်ုပ်တို့ထံ၌ မင်းကတော်၏ လက်ကောက်များကို လာ၍ ပေါင်နှံထားရသူ ဖြစ်သည့်တိုင် သူ့အာဏာကို ကျွန်ုပ်၏ အကျိုးအတွက် လက်ကိုင်တုတ်လုပ်သောအခါတွင် လုပ်ရသောကြောင့် "... ဟုတ်လား၊ ဒီအိမ်ကိုပဲ ခေါ်ခဲ့ရောပေါ့ ခင်ဗျာ၊ အိမ်ကိုပါရောက်ဖူးသွားအောင် ဘယ်သူများပါလိမ့် ... " ဟု ဆိုလိုက်ရ၏။ ထိုအခါ အင်စပက်တော်မင်းက ပြုံး၍ " ဟိုရောက်တော့ တွေ့ပါလိမ့်မည်ဗျာ

ကိုင်း ... သွားကြရအောင်" ဟု ပြောသဖြင့် ကျွန်ုပ်လည်း အင်စပက်တော်မင်းနှင့် စကားတပြောပြော လိုက်ခဲ့ပြီး လှျင် ရန်ကုန်က ညေ့်သည်ကိုတွေ့ရန် ဇောသန်နေမိ၏။

ရန်ကုန်မှလာသော ညေ့်သည်ကလည်း ကျွန်ုပ်အား တွေ့ဆုံရန် အလွန်ဇောသန်၍ နေပေသည်။ အကြောင်းမူကား ထိုညေ့်သည်မှာရန်ကုန်စုံထောက်ဌာနမှဂန်ထောက်ကလေးတစ်ဦးဖြစ်နေသောကြောင့်တည်း။ထို့နောက်တွင် ဖြစ်ပျက်သမျှတို့ကား သတင်းစာကြီးများတွင် အကြီးအကျယ် ရေးသားနေကြပြီးဖြစ်၍ အသေးစိတ် မဖော်ပြလိုတော့။ ဖော်ပြရန်အချိန်လည်းမရတော့။ စုံထောက်ဌာနမှဂန်ထောက်ကလေးနှင့်အတူ၊ ကျွန်ုပ်ရန်ကုန်သို့ လိုက်ခဲ့ရ၏။ အလုပ်တိုက်သို့ကား မရောက်။ ထောင်ကြီးချုပ်သို့ ရောက်ရပေသည်။ ကျွန်ုပ်အမှီတို့ထံသို့ ထွက်ခဲ့သည့်နေ့နံနက်က စက်သူဌေး ဦးစိန်မောင်မှာ ဦးခေါင်းတွင် ပုလင်းဖြင့် အရိုက်ခံရသော ဒဏ်ရာများဖြင့် သေဆုံးနေ၏။ အလောင်းအနီးတွင်တွေ့ရသော ပုလင်းခွံ၌ လက်ရာများထင်၍ ကျန်ရစ်ခဲ့ရာ စုံထောက်ဌာနမှ ဓာတ်ပုံရိုက်၏။ ထို့နောက် စက်ဂင်းစောင့် ဒရဝမ်ကြီးကို စစ်ဆေးရာ ကျွန်ုပ်တစ်ဦးတည်းသာ ဦးစိန်မောင် သေမည့်ညက လာကြောင်း သက်သေထွက်၏။

ထို့နောက် ကျွန်ုပ်ရှိရာ အမှီ တို့မြို့ရှာ ပုလိပ်ဌာနသို့ လျှို့ဂှက်စာရေးကာ ကျွန်ုပ်၏ လက်မပုံစံကို ဖယောင်းထင်၍ ကျန်ရစ်အောင် ကြံစီ၍ ယူကြ၏။ ထိုဖန်ခွက်ကို ရန်ကုန်သို့ ပို့လိုက်ရာ ဦးစိန်မောင်၏ အလောင်းနား၌ တွေ့ရသော အရက်ပုလင်းခွံမှ လက်ရာများနှင့် တိုက်ကြည့်သည်၌ ထပ်တူ ဖြစ်နေသောကြောင့် ကျွန်ုပ်အား လူသတ်မှု ဖြင့် ဖမ်းဆီးရန် ဂါးရမ်းကို ကျွန်ုပ်ရှိရာသို့ စုံထောက် ဌာနမှ ဂန်ထောက်ကလေး လိုက်လာခြင်းဖြစ်၏။

ဤမျှ ကြာရှည်စွာ အမှုပိုင်အောင် ပုလိပ်ဘက်မှ စေ့စေ့ စပ်စပ်လိုက်နေရခြင်းကား အခြားမဟုတ်၊ ကျွန်ုပ် တွင် အာဏာပိုင် မိတ်ဆွေများရှိသဖြင့် စုံထောက်ဘက်မှ မသေချာဘဲ မဖမ်းဂုံ့ပဲ ရှိခြင်းဖြစ်ပေသည်။ ကျွန်ုပ် အား ရုံးတင်၍ စစ်ပုံကို အနည်းငယ် ဖော်ပြလိုပေသေးသည်။ အစိုးရရှေ့နေကြီးနှင့် ကျွန်ုပ်တို့ ဤသို့ မေးကြဖြေကြ၏။

(အမေး) ဦးကံကောင်းနဲ့ ဒေါ်သီလစာရီတို့ဟာ ငယ်ငယ်က အတူတူနေခဲ့ကြတာဟာ ဒေါ်သီလစာရီဟာ မသန့်ဘဂနဲ့ ဦးစိန်မောင်နဲ့ လက်ထပ်တဲ့အထိပဲ မဟုတ်လား။

(အဖြေ) ဟုတ်ပါတယ်။

(အမေး) ဘယ်အရွယ်တွေရှိကြပြီလဲ ...

(အဖြေ) ကျွန်တော်က အသက်အစိတ်၊ အသန့်က ၁၉ နှစ်ပါ။

(အမေး) ဘယ်လို အငြိအစွန်း ရှိဘူးသလဲ။

(အဖြေ) မရှိပါဘူး။

(အမေး) ကောင်းပြီ ရန်ကုန်ကို ဦးကံကောင်းရောက်လာတော့ မသန့်ဟာ ဦးကံကောင်းရဲ့တိုက်ကို လာတတ်သလား...

(အဖြေ) လာတတ်ပါတယ်။

(အမေး) အဖော်နဲ့လား၊ တစ်ယောက်တည်းလား။

(အဖြေ) တစ်ယောက်တည်းပါ။

(အမေး) ဒီတုန်းက ဘာအငြိအစွန်းရှိသလဲ။

(အဖြေ) မရှိပါဘူး။

(အမေး) ကောင်းပြီ ... ဒီနေ့ ဒီရက် တုန်းက မသန့်ဟာ ဦးကံကောင်းရဲ့ အခန်းမှာ ဦးကံကောင်းနဲ့အတူတူ ရှိနေတုန်းက တိုက်တံခါး ပိတ်ထားသလား၊ ဖွင့်ထားသလား။

(အဖြေ) ပိတ်ထားပါတယ်။

(အမေး) ဦးစိန်မောင်လိုက်လာတော့ တံခါးထုသလား၊

(အဖြေ) ထုပါတယ်။

(အမေး) ဦးစိန်မောင်နဲ့အသန့်ဟာ တစ်ယောက်တစ်ကွဲစီပြန်သွားကြတဲ့နောက်မှာ ဦးကံကောင်းဟာ ချာချီ လမ်း မသန့်ဆီကို သွားသလား။

(အဖြေ) သွားပါတယ်။

(အမေး) သည့်နောက် ချက်ခြင်းပဲ ဦးကံကောင်းဟာ ခနောင်တိုကို လိုက်သွားသလား။

(အဖြေ) လိုက်သွားပါတယ်။ ဆန်စက်တွေကို မီးရှို့မှာ စိုးလို့ပါ။

(အမေး) ကောင်းပြီ ... ဟိုရောက်တော့ ဦးစိန်မောင်ကို ဦးကံကောင်းက လက်သီးနဲ့ ထိုးတယ် မဟုတ်လား။

(အဖြေ) ထိုးမိပါတယ်၊ သည့်အပြင်တော့ ဘာမှမဟုတ်ပါဘူး။

(အမေး) နောက်တစ်နေ့ မနက်ကျတော့ ဦးစိန်မောင် သေနေတာကို တွေ့ကြရတယ်။ ခေါင်းမှာလည်း တုံး သောလက်နက်နဲ့ရတဲ့ ဒဏ်ရာတွေရှိတယ်။ အလောင်းနားကပုလင်းခွံမှာ သွေးစတွေနဲ့ ဦးကံကောင်းရဲ့ လက်ရာနဲ့ တစ်ထပ်တည်းတူနေတဲ့ လက်ရာတွေ တွေ့ရတယ်။ အဲဒါ ဘာပြုလို့ ထင်သလဲ။

(အဖြေ)   ကျွန်တော်သူ့ကို သိပ်တော့ ဇက်ကြီးခေါက်ကွေးနေတာနဲ့ သူ့ပါးသွယ်ကို ကိုင်ပြီး ပြင်ပေးရာမှာ လက်ကို သူ့ပါးက သွေးတွေ ပေပါလိမ့်မယ်။ နောက်ပြီးတော့ စားပွဲခင်းကို ခြုံပေးဖို့ ဖယ်ရာမှာ အရက် ပုလင်း အလွတ်ကို ဖယ်တော့ ကျွန်တော့်လက်ရာတွေဟာ အရက်ပုလင်းမှာ ထင်ကျန်ရစ်ခဲ့တာဖြစ်ပါလိမ့်မယ်။

(အမေး)   ကောင်းပြီ ... အနီထောင်ဒိုင်က ဦးစိန်မောင်ကို အရက်ပုလင်းတစ်လုံး ပေးလိုက်တယ်လို့ သက်သေ ခံတယ်။ အခုသက်သေတင်ထားတဲ့ အရက်ပုလင်းပါပဲလို့လည်း စစ်ခံတယ်၊ ဒါဖြင့် ဒီပုလင်းနဲ့ မရိုက် ဘယ်ပုလင်းနဲ့ ရိုက်မလဲ။

(အဖြေ)   ဦးစိန်မောင် သူ့ဖာသာသူဟယ်ခဲ့တဲ့ အရက်ပုလင်းတစ်လုံး ရှိပါသေးတယ်၊ ဂျင်ပုလင်းပါ၊

(အမေး)   အဲဒီ ပုလင်းကို အလောင်းနားမှာ မတွေ့ပါကလား၊ ဘယ်ရောက်သွားတယ်ထင်သလဲ။

(အဖြေ)   မထင်တတ်ပါဘူး။

ဤမျှဖော်ပြရုံဖြင့်ပင် ကျွန်ုပ်၏ အမှုသွားကို သိလောက်ပေပြီ၊ လူသတ်မှုဖြစ်လျှင် ဘာ့ကြောင့် သတ်သည် ဟူသော စိတ်အရင်းခံအချက်ကို ရှာရလေ့ရှိသည်။ ကျွန်ုပ်နှင့် အသန့်တို့က ဘာပဲထွက်ထွက် ဘေးလူတို့ အမြင်တွင် ကျွန်ုပ်နှင့် အသန့်မှာ ငယ်စဉ်က သမီးရီးစားဖြစ်၊ ဦးစိန်မောင်က ငွေနှင့်ပေါက်၍ ယူသော ကြောင့် ကွဲ၊ ရန်ကုန်၌ ပြန်အတွေ့တွင် အချစ် နလန်ထ၊ ဦးစိန်မောင်က လိုက်ချောင်း၍မိ၊ ဒေါပွ၍ ဦးစိန်မောင် အပြန် တွင် ကျွန်ုပ်က လိုက်၍သတ်သည်ဟု ထင်ကြပေသည်။ ကျွန်ုပ်နှင့် အသန့်တို့၏ ထွက်ချက်များကို မည်သူမျှ မယုံကြ။ ထို့ကြောင့် ကျွန်ုပ်မှာ သဘက်ခါ နံနက်တွင် ကြိုးစင်သို့ တက်ရပေတော့မည်။

နိဂုံးချုပ်ရပေတော့မည်။ ကျွန်ုပ်၏ ဆန်ခိုးမမိဖွဲခိုးမိသောအဖြစ်မှာ ရယ်စရာပင်ကောင်းလှ၏။ လူခုနစ်ယောက်၏ အသက်ကို ကျွန်ုပ်သွေးအေးအေးနှင့် သတ်ခဲ့သမျှတို့မှာ ပိပိရိရိရှိလှသဖြင့် တစ်စွန်းတစ်စ သံသယပင် အထင် မခံခဲ့ရပေ။ ယခုမှုကား ဦးစိန်မောင်သေရသည့်အမှုတွင် ကျွန်ုပ်အား အခြောက်တိုက်အမှုပတ်ခါ အသနားခံ စာပင် ပယ်ချ၍ကြိုးစင် တက်ရတော့မည်မှာ ဆန်းလှ၏။ ရယ်စရာလည်းကောင်း၏။

ဦးစိန်မောင်အား ကျွန်ုပ်သိပ်ထားခဲ့ရာတွင် တစ်ယောက်ယောက်ကဝင်၍ ပုလင်းနှင့် ရိုက်သတ်ခါပုလင်းပါ ယူ၍ ခြေရာဖျောက်သွားခြင်းမှာကား ကျွန်ုပ်တစ်ဦးတည်းသာ နားလည်၏။ အခြား မည်သူတို့ကမျှ နားမလည်ပေ။ ယုံလည်းမယုံကြပေ။ တကယ့်လက်သည် အဘယ်ဆီ၌ ရှိကြသည်ကိုကား ကျွန်ုပ်လည်း မသိ။ မည်သို့ပင် ဖြစ်စေ၊ ကျွန်ုပ်မှာမူ ကြိုးစင်သို့ တက်ရန် တန်း၍နေပေတော့ရာ ကျွန်ုပ်အမှုကို စစ်ဆေးနေစဉ် အတွင်းမှစ၍ အသန့်နှင့်တကွ ရပ်ဂေးမှလိုက်လာရှာသော အမှီတို့သည် ကျွန်ုပ်အတွက်အထူးကြိုးပမ်းကြရှာ၏။ အကောင်း ဆုံး ဂတ်လုံများကို ငှားကြ၏။ ထောင်ဝင်စာ ခံ၍ အမှီနှင့်အသန့်တို့ လာကြသောအခါများ၌ တရားအရိပ်ကို ခိုမိပါလျက်နှင့်မှ ကျွန်ုပ်အတွက် အရက်တကွဲ အကျိုးနဲဖြစ်ကာ စိတ်မချမ်းသာရရှာသော အချစ်ဦးအသန့်ကို လည်းကောင်း၊ ငွေဆယ်သိန်းနှင့်တကွ ကိုယ်ကိုပါပုံ၍အပ်ရန် စဉ်းစားချင့်ချိန် နေရှာပြီဖြစ်သော ကျွန်ုပ်၏ဇနီး လောင်းအမှီကိုလည်းကောင်း၊ ဂမ်းနည်းပန်းနည်း ကြည့်မိကာ တစ်ခါ တစ်ခါ မျက်ရည်များပင် လည်မိပေသည်။

သို့သော် ဤအချိန်ကား ဂမ်းနည်းရမည့်အချိန်မဟုတ်။ ကျွန်ုပ်အား လူခုနစ်ယောက်၏ အသက်ကို လူမသိ အောင် သတ်ဖြတ်နိုင်စိမ့်သောငှာ အရာရာ၌ ဖေးမကူညီခဲ့သော ကံတရားသည် ထမင်းလုပ်ကြီး ပါးစပ်နား သို့ နီးခါမှပုတ်၍ချလိုက်သလို... "နက်ဖြန်ရှင်ဘုရင်ဖြစ်မည်၊ ယနေ့ညသေမည်" ဟူသော ဗေဒင်ဆရာ၏ ဟောနည်း အတိုင်း လက်ပေး၍ အသတ်ကြီး သတ်လိုက်ပုံမှာကား တကယ့်တကယ်တွင် ရယ်ဖွယ်လိလိကြီး ဖြစ်လာသော ကြောင့် ကြိုးစင်သို့ အတက်တွင်ပင် ကျွန်ုပ်မှာ ကံတရား၏ ကလိထိုးခြင်း ခံရလျက် တက်ရပေတော့မည် ဖြစ်ရကား ...

" ဟား ... ဟား ... ဟား ... "

**(ပုံ)ကံကောင်း**

အထက်ပါ ရှည်လျားလှစွာသော အဖြစ်အပျက်ကြီးကို ကျွန်တော် ဖတ်ပြီးသောအခါတွင် ၁၂-နာရီခန့် ရှိနေ ပေပြီ။ ထို့ကြောင့် အညောင်းဆန့်ကာ အိမ်ပြန်ဖို့ ဟန်ပြင်ရာက " တော်တော်ဆန်းတဲ့ အဖြစ်အပျက်ပဲ" ဟု ဆိုလိုက်သည်၌ ဦးလေးက " ကိုင်း ... ဘယ်နယ့်လဲ၊ မင်း-ကံကို မယုံတဲ့အကောင်၊ ကံတရား ဆန်းကျယ်တာ ကို ယုံပြီလား" ဟုမေး၏။ ထိုအခါ ကျွန်တော်က ပြုံးရင်း " ကံတရား ဆန်းတယ်ဆိုတာကိုတော့ ကျွန်တော် လက်ခံပါတယ်၊

ဒါပေမဲ့ ဦးလေး အခုပေးတဲ့ အဖြစ်အပျက်ဟာ ဟိုတစ်လောက ကြိုးကျသွားတဲ့ သူဌေးဦးကံကောင်း ကိုယ်တိုင် ရေးခဲ့တာသာအစစ်ဆိုရင် ကျွန်တော်တော့ ကံကို ပိုပြီးတော့ မယုံတော့ဘူး "ဟု ဖြေလိုက်သည်၌ ဦးလေး၏ နှုတ်ခမ်းမွေးမှာဘေးသို့ကော့ထောင်သွားကာ "ဆိုစမ်းပါဦး...မင်းကဘာပြုလို့ မယုံတာလဲ" ဟု ဒေါ်နှင့် မေးလိုက် ၏။ ဤတွင် ကျွန်တော်က "ဘယ်မှာ ကံ ကံ၏ အကျိုးကို ယုံစားစရာရှိလို့လဲ ဦးလေးရဲ့ ဦးကံကောင်းဟာ လူခုနစ်ယောက်အသက်ကို သတ်တဲ့အတွက်တော့ မသေရ၊ ဘယ်လူက အချောင်ဂင်သတ်သွားမှန်း မသိတဲ့ ဦးစိန်မောင်အတွက်ကြားက အချောင်ဂင်ပြီး စက်တိုင်တက်ရတာကို ထောက်လိုက်ရင် တရားဥပဒေက ပတ်ဂန်း ကျင် အခြေအနေနဲ့ သက်သေထွက်ချက်စကားတွေကို ကိုးကားပြီးကြိုးဒဏ်ပေးတာကိုသာ အခြောက်တိုက်ကြီး ခံသွားရတာ ကပဲ၊ ဟို ... အသက်ခုနစ်ချောင်းကို သတ်ခဲ့တဲ့ အပြစ်ဒဏ်ကိုမှ မခံရဘဲ ဦးကံကောင်းလုပ်ခဲ့တဲ့ အကုသိုလ်ကံက တိုက်ရိုက်မှ မစူးဘဲ ကပဲဦးလေးရ... " ဟု ငြင်းချက်ထုတ်လိုက်သည်၌ ဦးလေးပြုံးလာ၏။

ပြီးလျှင် ဦးကံကောင်းဟာ သူ့မှတ်တမ်းမှာ ပါတဲ့အတိုင်း စက်တိုင်တက်ရတယ် ထင်သလားကွ" ဟု မေးလိုက် ၏။ ကျွန်တော်ကလည်း "စက်တိုင်တက်ရလို့မှ ကြိုးပေးတဲ့ သတင်းကိုတောင် ဖတ်လိုက်ရပါသေးသကော ဦးလေးရဲ့" ဟု ဆိုလိုက်ရာ ဦးလေးက " ဦးကံကောင်းဟာ ဦးစိန်မောင် သတ်တဲ့အမှုနဲ့ စက်တိုင်မတက်ရတဲ့ အပြင် ကွင်းလုံးကျွတ်တောင် လွတ်သွားသေးတယ်၊ မင်းမသိလို့ ဒါကအတွင်းရေးကွ" ဟု ဆို၏။ ကျွန်တော် လည်း ခပ်ဆန်းဆန်း ရှိသည့်အတွက် "ရှင်းပြစမ်းပါဦး ဦးလေးရယ်၊ ကျွန်တော်ဖြင့် နားမလည်ပါဘူး" ဟု တောင်းပန်လိုက်ရ၏။

ထိုအခါမှ ဦးလေးက " ဒီလိုလေ ... ဦးကံကောင်း စက်တိုင်ပေါ်ရောက်ပြီး ဒေါက်ဖြုတ်တော့မည့် ဆဲဆဲကလေးမှာ ဂန်ကြီးဆီက တယ်လီဖုန်းလာပြီး ကြိုးမပေးဘဲရပ်ထားဖို့တားလိုက်တယ်၊ တယ်လီဖုန်းသာ ဆယ်စက္ကန့်လောက်နောက်ကျရင် မင့်ဦးကံကောင်း အသေဘဲ...၊ အဲဒီလို တားလိုက်တာက တခြားမဟုတ်ဘူးကွ...၊ လက်စသတ်တော့ ဒရဂမ်အဘိုးကြီးရဲ့ သမီးစက်ထဲက ကုလီမလေးကို ဦးစိန်မောင်က အနိုင်ကျင့် နေတော့ ကိုယ်ဂန်ရှိရော ဆိုပါစို့ကွာ...၊ အဲဒါကို ဦးစိန်မောင်က သူ့အပေါ်မှာ တာဂန်မရှိအောင် တစ်ညမှာ ကောင်မလေးကို ချိန်းပြီး ဆန်စက်မောင်းတဲ့ ကုလားနဲ့ အခန်းပိတ်ပေးသတဲ့၊

အဲဒါကို အဖေဒရဂမ်ကြီးသိတော့ ဦးကံကောင်း သွားပြီး ဦးစိန်မောင်ကို ထိုးကြိတ်လုပ်တဲ့၏ညမှာ အဘိုးကြီးက အခွင့်ကောင်း ယူပြီး သတိမေ့နေတဲ့ ဦးစိန်မောင်ကို ပုလင်းနဲ့ အသေရိုက်သတ်၊ ရိုက်တဲ့ ပုလင်းကို မြေကြီးထဲ တူးမြှုပ်ပစ်လိုက် တယ်၊ ဒီအကြောင်းက ဒရဂမ်အဘိုးကြီးကို မြွေပေါက်ခံရလို့ သေခါနီးကျမှ ဖွင့်ပြောသွားတာ၊ ကိုင်း ... ဘယ်လောက်ဆန်းသလဲ၊ ဦးကံကောင်းကို တစ်ခါထဲ တရားသေလွှတ်ရတော့တာပဲဟေ့ "ဟု ရှင်းပြ၏။ သို့တိုင်အောင် ကျွန်ုပ်မှာ နားထွေးထွေးပင် ရှိနေသေး၏။ ဦးကံကောင်း တရားသေလွှတ်သည်ဟုလည်းဆို၏။ ဦးကံကောင်းအား ကြိုးပေးပြီးသော သတင်းများမှာလည်း သတင်းစာများ၌ ကျွန်တော် အသေအချာ စာလုံးမဲကြီးများနှင့် ဖတ်ခဲ့ဖူးသေး၏။ နားမရှင်းနိုင်ပါ။ ထို့ကြောင့် ...

" ဒါဖြင့် ဦးကံကောင်းကို ကြိုးပေးပြီးတဲ့အကြောင်း သတင်းစာတွေမှာ ဘာပြုလို့ ပါလာရတာလဲ ဦးလေးရယ်၊ ကဲ ... " ဟု မေးလိုက်ရာ ဦးလေးလည်း ဂါးခနဲတစ်ချက်သန်းကာ နှုတ်ခမ်းမွေးကို တစ်ချက်သလိုက် ပြီးမှ ...

" ဒီလိုလကွာ ... ကြိုးစင်ပေါ်က ဦးကံကောင်းကို ချခဲ့ပြီးတော့ အကျိုးအကြောင်းလည်း ပြောလိုက်ကရော ... ဦးကံကောင်း ဟာ ဂမ်းသာလွန်းလို့ ချက်ခြင်းထပြီး ကတာပဲဟေ့၊ ကသမှ စိန်ကတုံးကကိုကတာ၊ အဲဒီလို ကနေတုန်းမှာ ဂတ်လုံတွေကလည်း ရှန်ပိန်ပုလင်းနဲ့ဖန်ခွက်နဲ့ ရောက်လာပြီး အောင်ပါစေသော အောင်စေသော ဆိုပြီး တပျော်တပါးကြီး အရက်ခွက်ချင်း နခမ်းရိုက်ပြီး သောက်ကြသေးတယ်၊ ပြီးတော့ကာ ထောင်မှူးကြီး ကိုယ်တိုင်လည်း ဦးကံကောင်းတို့ကို သူ့ရုံးခန်းခေါ်သွားပြီး ဦးကံကောင်းကိုလွှတ်ဖို့ ချက်ခြင်းစီရင်ရတာပဲစေဟ့..။ နိုင်ငံရေးသမားတွေရဲ့ မိတ်ဆွေရင်း တကယ့်သူဌေးကိုမှားပြီး ကြိုးပေးမိမလို့၊ တားတားကလေး လိုတော့ တဲ့အဖြစ်မို့ အားလုံး မျက်လုံးပြူးကုန်ကြရတာပေါ့ကွာ ... " ဟု ဆိုကာ စကားကို ရပ်လိုက်၏။

ကျွန်ုပ်လည်း ဦးလေးတမင်စကားရပ်၍ အဖိုးတန်အောင် နားထောင်ချင်စိတ်ဖြင့် မချင့်မရဲဖြစ် အောင် လုပ်နေသည်ကို သိသဖြင့် "ကိုင်း ကျွန်တော် ပြန်တော့မယ်၊ ဦးလေး ပြောချင်လည်းပြော မပြောချင်နေ"ဟု ဖွတ်ကိုင်လိုက်ရ၏။ ဤတွင် ဦးလေးလည်း တစ်ချက်ရယ်ကာ "ခွေးမသား ဒီအရွယ်ရောက်တောင် ခွေးပုရန်လိုလုပ်တုန်းပဲကိုး၊ အဲကွာ ... ဦးကံကောင်းကို ချက်ချင်းလွှတ်လိုက်ရတော့ ဦးကံကောင်းဟာ ဂမ်းသာလုံးဆို့ပြီး ကြိုးတိုက်ထဲက သူ့ခေါင်းအုံးအောက်မှာ ဟောဒီမင်းအခုဖတ်ပြီးတဲ့ မှတ်တမ်းကြီးကို ဦးကံကောင်းဟာမေ့ပြီး ထားခဲ့သကွ၊ ကြိုးတိုက်ကို ဗာရာတွေရှင်းတော့မှတွေ့ပြီး တို့ဆီကိုလာပို့တယ်...၊ ဒီမှတ်တမ်းကြီးထက် လူသတ်မှုဖြောင့်ဆို

ချက် စစ်တာ ဘယ်မှာရှိလိမ့်လဲကွာ...၊ ဒီတော့ မှ ဦးကံကောင်းကို ပြန်ဖမ်းပြီး ထောင်ထဲမှာပင် အမှုစစ်ပြီးတော့ ကြိုးပေးလိုက်ရတာပဲ၊ ကိုင်း ... ပြန် ... ပြန် ... ခွေးမသား" ဟု ဆိုလိုက်ပါသတည်း။

**တင့်တယ်**
**ပြီးပါပြီ**